ဗုဒ္ဓါနုဿတိ အာဘုရာအမည်၏ ပြကျေး။

အနန္တဂုဏ်နှင့်ပြည့်စုံတော်မူသော
သမ္မာသမ्बုद्ध်တော်ဘုရား၏ သာသနာတော်မူသော
ရန်ကုန်မြို့၊ ကျောင်းတော်ရာ
ရွှေကျင်ဆရာတော်ဘုရားကြီး၏ သဒ္ဓိဝိဟာရိက၊
စစ်တွေမြို့အနောက်– ပေါက်တောချောင်
တောရ-နာဗီဘုန်းတော်ကြီး၏၊ သဒ္ဓိဝိဟာရိကဖြစ်ဘူးသူ
ရွှေတောင်မြို့။

ရှမ်းတန်းထိပ်၊ အမွှာရာမတိုက်ဌာသီတင်းသုံးလျက်ရှိသော

ဦးတိက္ခိန္ဒြိယ

အရှင်သည်၊ ဗုဒ္ဓါနုဿတိ ဘာဝနာပွါးများရာ
အစဉ်စသည်တို့ဌာ၊ မှောက်မှားနေမှုတို့ကိုသုဓိသင်လျက်
ဟုတ်မှန်တိုင်းကို ဆုံးဖြတ်အပ်သော

ဗုဒ္ဓါနုဿတိဘာဝနာ
အလင်းပြကျမ်း။

နှင့်

ပဌာဝျာဂရဏကျမ်း။

အသျှင်,ဦးတိက္ခိန္ဒြိယတပည့် – **ဦးဝါသ** ကြီးကြပ်ပုံနှိပ်သည်။
၁၃၁၈-ခုနှစ်၊ တော်သလင်းလအတွင်း ပြီးမြောက်သည်
ဒုတိယနှိပ်ခြင်း စာအုပ် (၁၂၅၀)
အသျှင်ဦးတိက္ခိန္ဒြိယ၏ ဝိပဿနာအဖွဲ့မှ ထုတ်ဝေသည်။
1956.

ရန်ကုန်မြို့။ ကျောင်းတော်ရာ

ဘဝနတ်ထံပြန်လွှန်တော်မူပြီးသော အသျင်သာသနာဆရာတော်ဘုရားကြီး၏

သိဒ္ဓိဝိဟာရိက စစ်တွေမြို့ အနောက် ပေါက်စောတောချောင်တောရ နာဇီဆရာတော်

အသျင်ဝိသုဒ္ဓဘို၏ သိဒ္ဓိဝိဟာရိက တပည့်ဖြစ်သူ

အသျင်ဦးတိက္ခိန္ဒြိယ၏ ပုံတော်



ဗုဒ္ဓါနုဿတိဘာဝနာအလင်းပြကျမ်း

(နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။)-

ရတနတ္တယပဏာမ။

(၁) အနန္တဂုဏာ သမ္ဘန္နံ၊ ဗုဒ္ဓံ နတ္ဝာန အာဒရံ။
ဝိသုဒ္ဓ ဒါယကံ ဝမ္မံ၊ သံဃံ သိလာဒိ အာကရံ။ ။

(၂) ဆေက ကာရုက မာစေရံ၊ နတ္ဝာ မေ သိရသာ အဟံ။
ဗာလာနံ ကာ၏ သံနာသံ၊ ဝိန္ဓာဝါဒ ဝိသောဓကံ။ ။

(၃) ဝိစိတ္တ နယာသမ္ဘန္နံ၊ ဗုဒ္ဓါနုဿတိဘာဝနံ။

(၁) အဟံ၊ ငါဟုသမုတ် နာမ်ရုပ်အစုသည်။ အနန္တဂုဏာ သမ္ဘန္နံ၊ အတိုင်းမသိသော ဂုဏ်အပေါင်းနှင့်တကွ ပြည့်စုံတော်မူသော။ ဗုဒ္ဓဠ၊ ·သစ္စာလေးပါး မြတ်တရားတို့ကို အကြွင်းမဲ့ရှိ သဗ္ဗညုတဉာဏ်တော်ဖြင့် ထိုးထွင်း၍ သိတော်မူပြီးသော ဘုရားဟူသမုတ်အပ်သော အဆက်မပြတ် စုတော့ကျသည်တိုင်အောင် ဖြစ်နေသောပရမတ္ထခန္ဓာတော်ကို။ အာဒရံ၊ ရိုသေစွာ။ နတ္ဝာန၊ သပရိယာယတစေတနာသည်သာလျှင် အကြောင်းရင်းရှိသော သုံးဖွဲ့ရတို့ဖြင့် ရှိခိုးပြီး၍။ ဝိသုဒ္ဓဒါယကံ၊ ကိလေသာတို့မှ အထူးသဖြင့် စင်ကြယ်ခြင်းကို ပေးတော်မူတတ်သော။ ဝမ္မဠ၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန် ပရိယတ္တိတည်းဟူသော ဆယ်ပါးသော တရားတော်မြတ်ကိုလည်း။အာဒရံ၊ရိုသေစွာ။နတ္ဝာန ၊သပရိယာယတစေတနာသည်သာလျှင် အကြောင်းရင်းရှိသော သုံးဖွဲ့ရတို့ဖြင့် ရှိခိုးပြီး၍။ သိလာဒိအာကရံ၊ သိလအစရှိသော ဂုဏ်တော်တို့၏ တည်ရာဖြစ်တော်မူသော။သံဃံ၊ မဂ္ဂဋ္ဌာန်လေးယောက်ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သောအရိယာသံဃာ

တော်မြတ်အပေါင်းကိုလည်း။ အာဒရံ၊ ရှိသေစွာ။ နတ္ထောနု သဟာ ဇာတစေတနာသည်သာလျှင် အကြောင်းရင်းရှိသော သုံးဖွါရတို့ ဖြင့် ရှိခိုးပြီး၍။

(၂) မေ၊ ငါဟုသမုတ် နာမ်ရုပ်အစုအား။ ဆေကကာရကံ၊ ပရိယတ်၊ ပဋိပတ်ခို လိမ္မာခြင်းကို ပြုတတ်သော။ အာစေရဋ္ဌ၊ ကျေးဇူးရှင်ဆရာအပေါင်းကိုလည်း။သိရသာ၊ဦးခေါင်းဖြင့်။နတ္ထော၊ ရှိခိုးပြီး၍။ ဗာလာနံ၊ မသိမလိမ္မာကုန်သောသူတို့၏။ ကခ်ံသံနာ သံ၊ယုံမှားသံသယကို ကောင်းစွာ ဖျက်ဆီးတတ်ထသော။ ဝိန္ဓာ ဝါဒိသောခကံ၊ ဗုဒ္ဓါနုဿတိဘာဝနာအရာခို မြောက်မှားသော အယူဟူသမျှတို့ကို အထူးသဖြင့်သုင်သင်တတ်ထသော။

(၃) သာသနဇောတကံ၊ ဘုရားရှင်၏ အဆုံးအမ စကား တော်ဟူဆိုအပ်သောသာသနာတော်၏ထွန်းလင်းတောက်ပခြင်း ကိုလည်းပြုတတ်ထသော။ ဝိစိတ္တနယသမ္ပန္နံ ၊အထူးသဖြင့် ဆန်း ကြယ်သော ဗုဒ္ဓါနုဿတိဘာဝနာကို သိကြောင်းဖြစ်သော နည်း နှင့်လည်းပြည့်စုံထသော။ဗုဒ္ဓါနုဿတိဘာဝနံ၊ဘုရားဂုဏ်တော် ကို အာရုံပြု၍ အဝန်တလဲလဲ အောက်မေ့တတ်သော သတိကို ပွားစေတတ်သောကြောင့် ဗုဒ္ဓါနုဿတိဘာဝနာ အမည်ရှိသော ကျမ်းကို။ သာသနမလသုဒ္ဓါဟ၊သာသနာတော်၏အညစ်အကြေး ကို စင်ကြယ်စေခြင်းအကျိုးငှာ။ ကာသံ-ကရိသာမိ၊ပြုလုပ်ရေး သားပေအုံ့။

ဤသို့ ဝန်ခံအပ်သည်နှင့်အညီ၊ ဗုဒ္ဓါနုဿတိဘာဝနာကို ရေး သားပေအုံ့။ ထိုသို့ပင် ဗုဒ္ဓါနုဿတိဘာဝနာကို ရေးသားသော် လည်း ဘုရားရှင်၏ အလိုတော်ဖြစ်သော ပါဠိတော်တို့၌ လာရှိ သောစကားတော်၏အရ ဘုရားရှင်၏အလိုတော်ကို ဘွင့်ပြကုန် သော အဋ္ဌကထာရှင်တို့၏ စကားတော်အရကိုသာ ဘော်ထုတ် ၍ ရေးသားပေအုံ့။ ထိုရေးသားအပ်သောစကားတော်နှစ်ပါးတို့

တွင်လည်း အဋ္ဌကထာရှင်၏ စကားတော်ထက် ဘုရားရှင်၏စကားတော်သာလျှင် ပဓါနအကြီးအကဲ ဖြစ်သောကြောင့်၊ ဘုရားရှင်၏စကားတော်အရကိုသာ ရှေးဦးစွာဘော်ပြပေအုံ့သတည်း။ ဘုရားရှင်သည် မိမိ၏တပည့်သားတို့အား၊ ဗုဒ္ဓါနုဿတိဘာဝနာကိုပွါးစေတော်မူလိုသောကြောင့်။ ဧကာဒဂ်ဥရုပါဠိတော်၊ ဧကဝမ္မဝဂ်၌။ ။ဧကဝမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓါယ ဥပသမာယ အဘိညာယ သမ္မောဓါယ နိဗ္ဗာနာယ သံဝတ္တတိ။ ကတမော ဧကဝမ္မော၊ ဗုဒ္ဓါနုဿတိ၊ အယံခေါ ဘိက္ခဝေ ဧကဝမ္မော ဘာဝိတော ဗဟုလီကတော ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓါယ ဥပသမာယ အဘိညာယ သမ္မောဓါယ နိဗ္ဗာနာယ သံဝတ္တတိ။ ။ဟူ၍ဟော တော်မူလေသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ဘိက္ခဝေ၊ ရဟန်းတို့။ဘာဝိတော၊ပွါးစေအပ်သော။ဗဟုလီကတော၊အကြိမ်များစွာပြုအပ်သော။ ဧကဝမ္မော၊တရုသောတရားသည်။ ဧကန္တနိဗ္ဗိဒါယ ၊စင်စစ်အကြောင်းအကျိုးစပ်၍မပြတ်ဖြစ်နေသောဝဋ်တရား၌ ငြီးငွေ့ဆန့်ကျင်ခြင်း အကျိုးငှာ။ ။(ဧကန္တိနဝဋ္ဋနိဗ္ဗိန္ဒနဏာယ ဥက္ကဏ္ဌနဏာယ။ ။ဟူ၍ဘွဲ့အပ်သော အဋ္ဌကထာရှင်၏ စကားတော်ကိုထောက်)။ ဝိရာဂါယ၊ အကြောင်းအကျိုးစပ်၍ မပြတ်ဖြစ်နေသော ဝဋ်တရား၌ တပ်ခြင်းကင်းခြင်းအကျိုးငှါ။ (ဝိရာဂါယာတိ ဝဋ္ဋဝိရဇ္ဈနဏာယ။ ။ဟူ၍ဘွဲ့အပ်သောအဋ္ဌကထာရှင်၏စကားကိုထောက်)။ဝါ၊ တနည်းကား။ ဝိရာဂါယ၊ရာဂအစဉ်ရှိသောကိလေသာတို့ကင်းခြင်းငှါ။(ရာဂါဒိနံဝါ ကိလေသာနံ ဝိရဇ္ဈနာယ ဝိဂမာယ။ ။ဟူ၍ဘွဲ့အပ်သောအဋ္ဌကထာရှင်၏စကားတော်ကိုထောက်) နိရောဓါယ။ ရာဂအစဉ်ရှိသော ကိလေသာ ဘို့၏နောင်တဖန်ဖြစ်မှုမရှိခြင်းအကျိုးငှာ (နိရောဓါယာတိ ရာဂါဒိနံ နိရောဓါယ အပ္ပဝတ္တိကရဏာယ။ ။ဟူ၍ ဘွဲ့အပ်သော အဋ္ဌကထာရှင်၏စကားတော်ကိုထောက်)။ဝါ၊ တနည်းကား။ နိရောဓါယ။အကြောင်းအကျိုးစပ်၍မပြတ်ဖြစ်နေသောဝဋ်တရား၏ သာလျှင်၊ နောင်တဖန်ဖြစ်မှုမရှိခြင်းကိုပြုခြင်းအကျိုးငှါ(ဝဋ္ဋသော

၀၀၊ နိဗ္ဗာန်ရှုနည်းတည်း။ ။ဟူ၍ဘွဲ့အပ်သောအဋ္ဌကထာ။ အပ္ပ၀ဏ္ဏိ ကရဏာတည်း။ ။ဟူ၍ဘွဲ့အပ်သောဋီကာ၌ဂုဏ်တို့၏စကားတော် ကိုထောက် ဥပသမာယ၊ကိလေသာတို့၏ငြိမ်းခြင်းအကျိုးငှါ(ဥပ သမာယာတိကိလေသဝုပ သမနတည်း။ ။ဟူ၍ဘွဲ့အပ်သောအ ဋ္ဌကထာဂုဏ်၏ စကားတော်ကိုထောက်) အဘိညာယ။ အနိစ္စစ သည်တို့၏အစွမ်းဖြင့်၊ လက္ခဏာခေါ်ဆိုပါး အပေါင်းသို့တင်၍ ထူးသောဉာဏ်ဖြင့်၊အနိစ္စစသည်ကိုသိခြင်းအကျိုးငှါ။ (အဘိညာ ယာတိ အနိစ္စာဒိ၀ေသေန လက္ခဏတ္တယံ အာရောပေတွာ အာဘို ဂေါနုနဲ့ဘာယာ။ ။ဟူ၍ဘွဲ့အပ်သောအဋ္ဌကထာဂုဏ်၏စကားတော် ကိုထောက်)။ သမ္ပေါ၀ါယ၊သစ္စာလေးပါးတရားတို့ကို ကောင်း စွာထိုးထွင်း၍သိခြင်းအကျိုးငှါ။(သမ္ပေါ၀ါယာတိစတုန္နံ သစ္စာနံ ဗုဇ္ဈနတ္ထာယ။ ။ဟူ၍ဘွဲ့အပ်သောအဋ္ဌကထာဂုဏ်၏စကားတော် ကိုထောက်)။ နိဗ္ဗာနာယ၊ ဒိဋ္ဌိကိုဖြစ်စေတတ်သော ဇနကအ ကြောင်းစသည်မရှိဘဲလျက်။ ဒိဋ္ဌိ၏အသင်္ခတ သဘောလက္ခဏာ အား၊ဖြင့်။အမြဲတည်ရှိနေသောအသင်္ခတ၀ါတ်နိဗ္ဗာန်ကို။ မဂ်လေး တန်ဖြင့်မျက်မှောက်ပြုခြင်းအကျိုးငှါ။ (နိဗ္ဗာနာယာတိ အ၀ဗ္ဗယ နိဗ္ဗာနသ သ ကရဏတ္ထာယ။ ။ဟူ၍ ဘွဲ့အပ်သောအဋ္ဌက ထာဂုဏ်၏စကားတော်ကိုထောက်)သံ၀ဏ္ဏတ်၊ဖြစ်၏။ကေ၀မ္မော၊ တရုသောတရားဟူသည်။ကတမော၊အဘယ်နည်း။ ဗုဒ္ဓါနုဿတိ၊ မြတ်စွာဘုရား ခန္ဓာတော်ဖြစ်စဉ်ဒ္ဒြပ်ဖြစ်သော အရဟံအစရှိသော ဂုဏ်တော်တို့ကိုအာရုံပြု၍အ၀ဇ္ဇနိ်တလဲလဲ အောက်မေ့တတ်သော သတိတရားပေတည်း။ (ဗုဒ္ဓါနုဿတိတိ ဗုဒ္ဓံအာရဗ္ဘ ဥပ္ပန္နာ အနုဿတိ ဗုဒ္ဓဂုဏာနုဿတိယာ ဟေတုအ၀ိ၀စနံ။ ဟူ၍ဘွဲ့အပ် သော အဋ္ဌကထာဂုဏ်၏ စကားတော်ကိုထောက်) ဘိက္ခု၀ေ၊ ဟို ဘာ၀ိတောပွါးစေအပ်သော၊ ဗဟုလီကတောပြား အကြိမ်များစွာ ပြုအပ်သော၊ အယံ ခေါ ကေ၀ေ၊ ဤဆိုအပ်ပြီးသော တရုသော ဘုရားဂုဏ်တော်ကို အ၀ဇ္ဇနိ်တ လဲလဲ အောက်မေ့တတ်သော သတိ တရားသည်သာလျှင်။ နိဗ္ဗိဒါယ၊ စင်စစ် အကြောင်းအကျိုးစပ်၍ မပြတ်ဖြစ်နေသော၀ဋ္ဋတရား၌၊ ငြီးငွေ့ဆန့်ကျင်ခြင်း အကျိုးငှာ။

ဝိရာဂါယာ၊ အကြောင်းအကျိုးစပ်၍ မပြတ်ဖြစ်နေသောဝဋ်တရား ၌ တပ်ခြင်းကင်းခြင်းအကျိုးငှါ။ ဝါ၊ တနည်းကား။ ဝိရာဂါယာ၊ရာဂ အစဂ္ဂါသော ကိလေသာတို့ ကင်းခြင်းငှ၊ နိရောဓာယာ၊ ရာဂအစ ဂ္ဂါသောကိလေသာတို့၏ နောင်တဖန်ဖြစ်မှုမဂ္ဂါခြင်းအကျိုးငှါ၊ ဝါ၊ ကား။ နိရောဓာယာ၊ အကြောင်းအကျိုးစပ်၍ မပြတ်ဖြစ်နေသော ဝဋ်တရား၏ သာလျှင် နောင်တဖန် ဖြစ်မှုမဂ္ဂါခြင်းကို ပြုခြင်းအ ကျိုးငှါ။ ဥပသမာယ၊ ကိုလေသာတို့၏ငြိမ်းခြင်းအကျိုးငှါ။ အ ဘိညာယ၊ အနိစ္စစသည်တို့၏အစွမ်းဖြင့် လက္ခဏာရေးသုံးပါးအ ပေါင်းသို့တင်၍ ထူးသောဉာဏ်ဖြင့် အနိစ္စစသည်တို့ကို သိခြင်း အကျိုးငှါ။ သမ္မောဓာယ၊ သစ္စာလေးပါး တရားတို့ကို ကောင်း စွာထိုးထွင်း၍ သိခြင်းအကျိုးငှါ။ နိဗ္ဗာနာယ၊ ဝိဝိဂ်ိုဖြစ်စေတတ် သော ဇနကအကြောင်း စသည်မရှိဘဲလျက်။ ဝိဝိ၏အသင်္ခတ သဘောလက္ခဏာအားဖြင့် အမြဲတည်ရှိနေသော အသင်္ခတခါတ် နိဗ္ဗာန်ကို၊ မဂ်လေးတန်ဖြင့် မျက်မှောက်ပြုခြင်း အကျိုးငှါ။ သံ ဝဏ္ဏတိ၊ ဖြစ်၏။

ထိုဟောတော်မူအပ်သော ဒေသနာတော်၏ လိုရင်းအကျဉ်း ချုပ် အဓိပ္ပါယ်ကား။ လေ့လာ ပွါးများအပ်သော တရုသော ဗုဒ္ဓါနုဿတိ ဘာဝနာတရားသည်။ စင်စစ် ဝဋ်တရား၌ ငြိုးငွေ့ ဆန့်ကျင်ခြင်းအကျိုး။ ဝဋ်၌တပ်ခြင်းကင်းခြင်း။ ဝါ၊ ကိုလေသာ ကင်းခြင်းအကျိုး။ ကိုလေသာတို့ နောင်တဖန်ဖြစ်မှုမဂ္ဂါခြင်း။ ဝါ၊ ဝဋ်တရား၏ နောင်တဖန်ဖြစ်မှုမဂ္ဂါခြင်းကို ပြုခြင်းအကျိုး။ ကိုလေ သာတို့ ငြိမ်းခြင်းအကျိုး။ အနိစ္စစသည်တို့၏ အစွမ်းဖြင့် လက္ခ ဏာရေးသုံးပါး အပေါင်းသို့တင်၍ သုံးသပ်ခြင်းကြောင့်။ အနိစ္ဓ စသည်ကို ထူးသောဉာဏ်ဖြင့် သိခြင်းအကျိုး။ သစ္စာလေးပါး တရားတို့ကို ကောင်းစွာထိုးထွင်း၍ သိခြင်းအကျိုး။ ဝိဝိဂ်ိုဖြစ် စေတတ်သော ဇနကအကြောင်းစသည်မရှိဘဲ။ ဝိဝိ၏အသင်္ခတ သဘောလက္ခဏာဖြင့် အမြဲတည်နေသော အသင်္ခတခါတ်နိဗ္ဗာန် ကို၊ မဂ်လေးတန်ဖြင့် မျက်မှောက်ပြုနိုင်ခြင်းအကျိုး။ ဤဆိုအပ်ပြီး

သော ခုနစ်ပါးသောအကျိုးကို ဖြစ်စေတတ်၏ဟူလို။ ။ဤကား။ လိုရင်းအကျဉ်းချုပ်အဓိပ္ပါယ်တည်း။ ။ထိုခုနစ်ပါးသောအကျိုး ထူးကို လိုလားတောင့်တ၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားလိုသော သူတော်ကောင်း တို့သည်။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ကာလပိမုတ် ဖြစ်သော သဗ္ဗညုတဉာဏ်ကိုဘဲ အောက်မေ့၍နေရမည်လော။ သို့မဟုတ်၊ပရမတ္ထအားဖြင့်ထင်ရှားရှိသော ဘုရားရှင်၏ခန္ဓာတော်၌ဖြစ်သော အရဟံအစရှိသော ဂုဏ်တော် ပရမတ္ထတရားကိုဘဲ၊ အာရုံပြု၍ တွေးတော အောက်မေ့၍နေရမည်လောဟု ယုံမှားမကင်းရှိကြ၏ကုန်သော ဝေနေယျသတ္တဝါတို့ကို သဗ္ဗညုတဉာဏ်တော်ဖြင့်ဖြင်တော်မူ၍ ထိုဝေနေယျသတ္တဝါတို့၏ ယုံမှားသံသယကို ဖျောက်တော်မူခြင်းအကျိုးငှါ၊ ဘုရားရှင်သည်။ ဇောဒသကၠားအင်္ဂုတ္တရပါဠိတော် အနုဿတိဝဂ်၌၊ မဟာနာမ်ကိုအကြောင်းပြု၍။ ဣဓတွံ မဟာနာမ တထာဂတံအနုဿရေယျာသိ။ ဣတိပိသောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတောလောကဝိဒူ အနုတ္တရောပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါဘဂဝါ။ ။ဟူ၍ဟောတော်မူလေသည်။ ။ထိုနည်းအတူ၊ ၎င်းဝဂ်၌၊ နဒ္ဒိယသာကိုဝင်မင်းကို အကြောင်းပြုလည်း ဟောတော်မူလေသေး၏။ ထိုနည်းအတူ၊ ဆက္ကနိပါတ်၊ အင်္ဂုတ္တရပါဠိတော်၊ အာဟုနေယျဝဂ်၊ ဒသမမြောက်သုတ်၌။ မဟာနာမ်ကို အကြောင်းပြု၍လည်း ဟောတော်မူလေသေး၏။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။မဟာနာမ၊ မဟာနာမ်။တွံ၊သင်သည်။ဣဓ၊ဤမဟာသာသနေ၊ဤငါ၏ဘုရားအဆုံးအမတော်ဖြစ်သောသာသနာတော်၌။တထာဂတံ၊ငါ၏ဘုရား၏ဂုဏ်တော်ကို။ အနုဿရေယျာသိ၊ အဖန်တလဲလဲအောံ ဝေ့နေရာ၏။ဝါ၊ အဖန်တလဲလဲအောက်မေ့၍နေလေလော့။ကိုံ အနုဿရေယျာသိ၊ အဘယ်သို့ အောက်မေ့၍ နေရာသနည်း။ သော ဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ ဣမိနာစကာရေန၊ဤသို့ ဝါသနာနှင့် တကွဖြစ်သော ကိုလေသာတရားဟူသော ရန်သူတို့ကိုအရဟာ ဗုဒ္ဓ မဂ်ဉာဏ်တော် တည်းဟူသော ထားလက်နက်ဖြင့်။

အကြွင်းမရှိ သတ်ဖြတ်တော်မူတတ်သော ဂုဏ်ထူးဟူသော အ
ကြောင်းကြောင့်လည်း။ အရဟံ၊အရဟာမည်တော်မူ၏။ ဝါ၊အရ
ဟံဟူသောအမည်တော်ကိုရတော်မူ၏။သောဘဂဝါ၊ထိုဖြတ်စွာ
ဘုရားသည်။ ဣတိပိဣမိနာစကာရေဏ၊ ဤသို့ မဘောက်မပြန်
မိမိအလိုလို သစ္စာလေးပါးတရားတို့ကို အကြွင်းမရှိအရဟာဇ္ဈာန
ဉာဏ်၊သင်္ဘည္ဥာတ ဉာဏ်တော်တို့ဖြင့် ထိုးထွင်း၍ သိတော်မူတတ်
သော ဂုဏ်ထူး ဟူသော အကြောင်း ကြောင့် လည်း။ သမ္မာ
သမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။ဝါ သမ္မာသမ္ဗုဒ္ဓဟူသော
အမည်တော်ကိုရတော်မူ၏။ ။သောဘဂဝါ ထိုဖြတ်စွာဘုရား
သည်။ဣတိပိဣမိနာစကာရေဏ၊ ဤသို့ဝိဇ္ဇာသုံးပါး၊ဝိဇ္ဇာဂုဏ်ပါး
စရဏာတဆဲ့ငါးပါးနှင့်ပြည့်စုံတော်မူသော ဂုဏ်ထူးဟူသော အ
ကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န
မည်တော်မူ၏။ ဝါ၊ဝိဇ္ဇာစရဏသမ္ပန္နဟူသောအမည်တော်ကိုရ
တော်မူ၏။ ။သောဘဂဝါ ထိုဖြတ်စွာဘုရားသည်။ ဣတိပိဣမိ
နာစကာရေဏ၊ဤသို့ကောင်းသောနိဗ္ဗာန်ကိုအရိယာမဂ်စသည်
တို့ဖြင့် အာရုံပြု၍ ရောက်တော် မူသော ဂုဏ်ထူးဟူသော အ
ကြောင်းကြောင့်လည်း။သုဂတောသုဂတမည်တော်မူ၏။ဝါ၊သု
ဂတဟူသောအမည်တော်ကို ရတော်မူ၏။ ။ဝါ၊ တနည်းကား။
သောဘဂဝါ၊ထိုဖြတ်စွာဘုရားသည်။ ဣတိပိဣမိနာစ ကာရေဏ
နာ၊ဤသို့ဟုတ်မှန်သောအတိုင်း အကျိုးစီးပွါးရှိသော စကားတော်
ကိုဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း။ သုဂတောသ
သုဂတမည်တော်မူ၏၊ ဝါ၊ သုဂတဟူသောအမည်တော်ကို ရ
တော်မူ၏။ သောဘဂဝါ၊ထိုဖြတ်စွာဘုရားသည်။ဣတိပိဣမိနာစ
ကာရေဏ၊ ဤသို့ မပြတ်မလပ် ပျက်စီးတတ်သော ခန္ဓာစသော
လောကကို ဖြစ်ကြောင်း ကွယ်ကြောင်း နှင့် တကွ အကြွင်းမရှိ
သင်္ဘည္ဥာတဉာဏ်တော်ဖြင့် ထိုးထွင်း၍သိတော်မူတတ်သော ဂုဏ်
ထူးဟူသော အကြောင်းကြောင့်လည်း။ လောကဝိဒူ၊လောကဝိဒူ
မည်တော်မူ၏။ဝါ၊လောကဝိဒူဟူသော အမည်တော်ကို ရတော်
မူ၏။ ။သောဘဂါ၊ ထိုဖြတ်စွာ ဘုရားသည်။ ဣတိပိ ဣမိနာစ

ကာရဏောနု ဤသို့ သီလအစဖြင့်သော ဂုဏ်တော်တို့ကြောင့်၊ မိမိ ထက်လွန်ပြတ်သူမရှိသည်ဖြစ်၍ အတူမရှိသော သဗ္ဗညုတညာဏ် တော်ဖြင့်၊ မယဉ်ကျေးသောသူတို့ကိုယဉ်ကျေးအောင်ဆုံးမတော် မူတတ်သော ဂုဏ်ထူးဟူသော အကြောင်းကြောင့်လည်း။ အနုတ္တ ရော ပုရိသ ဒမ္မ သာရထိ အနုတ္တရော ပုရိသ ဒမ္မ သာရထိ မည် တော်မူ၏။ ။၀၊ အနုတ္တရော ပုရိသဒမ္မသာရထိဟူသော အမည် တော်ကိုရတော်မူ၏။ ။သောဘဂ၀၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ နတ်လူတို့ကိုမျက်မှောက် အ ကျိုး၊ တမလွန်အကျိုး စသည်တို့ဖြင့် အစဉ် ဆုံးမတော် မူတတ် သော ဂုဏ်ထူးဟူသော အကြောင်းကြောင့်လည်း။ သတ္ထာဒေ၀ မနုဿာနံ၊ သတ္ထာဒေ၀မနုဿာနံမည်တော်မူ၏။ ၀၊ သတ္ထာဒေ၀ မနုဿနံဟူသော အမည်တော်ကိုရတော်မူ၏။ ။သောဘဂ၀၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့သစ္စာ လေးပါးတရားတို့ကိုအရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတညာဏ်တော် တို့ဖြင့် ကိုယ်တော်တိုင်လည်းသိ၊ သဗ္ဗညုတညာဏ်တော်ဖြင့် သူ တပါးကိုလည်းသိစေတော်မူသော ဂုဏ်ထူးဟူသော အကြောင်း ကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။ ၀၊ ဗုဒ္ဓဟူသော အမည် တော်ကိုရတော်မူ၏။ သောဘဂ၀၊ ထိုမြတ်စွာဘုရားသည်။ ဣတိ ပိ ဣမိနာစကာရဏေန၊ ဤသို့အလုံးစုံသောနတ်လူပြဟ္မာတို့သည် ရှိသေလေးမြတ်အလေးပြုအပ်သော အနုတ္တရဝိမောက္ခတို့ဖြင့်ထုံ အပ်သောသီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿန တည်း ဟူသောဂုဏ်ထူးရှိတော်မူသော အကြောင်းကြောင့်လည်း၊ ဘဂ ၀၊ ဘဂ၀မည်တော်မူ၏။ ၀၊ ဘဂ၀ဟူသော အမည်တော်ကို ရ တော်မူ၏။ ဣတိ၊ ဤသို့။ အနုဿရေယျာသိ၊ အဖန် တလဲလဲ အောက်မေ့နေရာ၏။

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်၏ လိုရင်း အ ဓိပ္ပါယ်အကျဉ်းချုပ်ကား။ ၊မဟာနာမ၊သင်သည်။ ငါဘုရားသာ သနာတော်၌ ငါဘုရားကိုအောက်မေ့လေ။ ထိုသို့ပင်အောက်မေ့

သော်လည်း၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဗုဒ္ဓအဖြစ်ကို ထွန်းပြတတ်သော အရဟံဟူသောအမည်နာမကို ရကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်စသောဂုဏ်တော်။ ။သမ္မာသမ္ဗုဒ္ဓဟူသော အမည်တော်ကို ရကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်စသော ဂုဏ်တော်။ ။ဝိဇ္ဇာစရဏာသမ္ပန္နဟူသော အမည်တော်ကိုရကြောင်းဖြစ်သော ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏာတဆဲ့ငါးပါးဟူသော ဂုဏ်တော်။ ။သုဂတဟူသော အမည်တော်ကို ရကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်၊ စိတ္တုပ္ပါဒ်တည်းဟူသောဂုဏ်တော်။ ။လောကဝိဒူ ဟူသောအမည်တော်ကိုရကြောင်းဖြစ်သောသဗ္ဗညုတဉာဏ်တော် တည်းဟူသော ဂုဏ်တော်။ ။အနုတ္တရောပုရိသဒမ္မသာရထိ၊ဟူသော အမည်တော်ကို ရကြောင်းဖြစ်သော အနုတ္တရဟုဆိုအပ်သော သီလ၊ သမာဓိ၊ ပညာ၊ဝိမုတ္တိ၊ဝိမုတ္တိဉာဏဒဿန တည်းဟူသောဂုဏ်။ ပုရိသဒမ္မသာရထိ ဟူသော ပုဒ်တို့၏ အစွမ်းဖြင့်ရအပ်သော သဗ္ဗညုတဉာဏ်တော်၊ စိတ္တုပ္ပါဒ် တည်းဟူသော ဂုဏ်တော်။ ။သတ္ထာဒေဝမနုဿာနံ၊ ဟူသော အမည်တော်ကိုရကြောင်းဖြစ်သော နတ်လူတို့ကို အစဉ်ဆုံးမခြင်းကိုဖြစ်စေနိုင်သော သဗ္ဗညုတဉာဏ်တော် စိတ္တုပ္ပါဒ် တည်းဟူသောဂုဏ်တော်။ ။ဗုဒ္ဓဟူသော အမည်တော်ကို ရကြောင်းဖြစ်သော သစ္စာလေးပါးတရားတို့ကို မိမိကိုယ်တိုင်သိခြင်းကိုဖြစ်စေနိုင်သော အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်တည်းဟူသော ဂုဏ်တော်။ သူတပါးကို သိစေခြင်းကို ဖြစ်စေနိုင်သော သဗ္ဗညုတဉာဏ်စသော ဂုဏ်တော်။ ။ဘဂဝါဟူသောအမည်တော်ကို ရကြောင်းဖြစ်သော နတ်လူတို့သည် ကျောက်ထိုးကဲ့သို့ အလေးအမြတ်ပြုအပ်သော အနုတ္တရဝိမောက္ခဖြင့် ထုံအပ်သော သူတပါးတို့၏သီလစသည်နှင့်မတူသော သီလဂုဏ်၊သမာဓိဂုဏ်၊ ပညာဂုဏ်၊အရဟတ္တဖိုလ်တည်းဟူသော ဝိမုတ္တိဂုဏ်၊ ပစ္စဝေက္ခဏာဉာဏ်တော်တည်းဟူသော ဝိမုတ္တိဉာဏဒဿန ဂုဏ်တော်။ ဤဆိုအပ်ပြီးသော ဂုဏ်တော် တို့ကို သာလျှင်၊ အဖန်တလဲလဲ

အောက်မေ့နေရမည်ဟု ဆုံးမတော်မူ၏။ ။ဤကား လိုရင်းအဓိပ္ပါယ်အကျဉ်းချုပ်တည်း။

ထို ကိုးပါးသော ဂုဏ်တော်တို့ကို သာလျှင် အဖန်တလဲလဲ အောက်မေ့နေရမည်ကို ပေါ်ထုတ်၍ဆုံးမတော်မူခြင်းသည် တခြားကြောင့်မဟုတ်။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အရဟံ အစ၊ ဘဂဝါအဆုံးရှိသော အမည်တော်တို့ကို ရကြောင်းမဟုတ်သော ဗုဒ္ဓအဖြစ်သို့ ရောက်သည်၏အဖြစ်ကို ထင်ရှားမသိစေနိုင်သော အဝေဒပသာဒဂုဏ်ကို မရှက်ဆောင်နိုင်သော ကာလဝိမုတ်ဖြစ်သော နုဂိုရ်ကဘာမျှမရှိသော အဘာဝမျှသာ ဖြစ်သော သဏ္ဌာန် ပညတ်တော်ကို။ ဤဗုဒ္ဓါနုဿတိအရာ၌ တွေးတောအောက်မေ့နေမည်ကိုဖိုး၍၊ ဂုဏ်တော်တို့ကိုသာလျှင် အဖန်တလဲလဲအောက်မေ့နေရမည်ကို ပေါ်ထုတ်၍ ဟောတော်မူအပ်လေသည်ဟုမှတ်။ထို ကြောင့်၊ဘုရားရှင်၏အလိုတော်မဟုတ်သော ပရမတ္ထအားဖြင့်ထင်ရှားမရှိသော ကာလဝိမုတ်ဖြစ်သော နုဂိုရ်ကဘာမျှမရှိသော အဘာဝမျှသာဖြစ်သော သဏ္ဌာန်ပညတ်ကို မအောက်မေ့ရဟု မှတ်ယူကြလေ။ ။အကယ်၍၊ ဤဗုဒ္ဓါနုဿတိအရာ၌ ကာလဝိမုတ်ဖြစ်သော နုဂိုရ်ကဘာမျှမရှိသော အဘာဝမျှသာဖြစ်သော သဏ္ဌာန်ပညတ်ကိုပါ အောက်မေ့စေတော်မူလို၍ ဟောတော်မူ၏။ (တထာဂတံ အနုဿရေယျာသိ) ဟူသော သာမညစကားတော်ကိုသာလျှင် ဆိုတော်မူရာ၏။ (ဣတိပိသောဘဂဝါ အရဟံ။ လ။ ဘဂဝါ) ဟူသော ဝိသေသစကားတော်ကို မဆိုပေရာ။ စင်စစ် အရဟံအစရှိသောဂုဏ်တော်တို့ကိုသာလျှင်အောက်မေ့ရမည်ဟု ဝိသေသပြု၍ ဆိုတော်မူခြင်းသည်။ ကာလဝိမုတ်ဖြစ်သော အဘာဝမျှသာ ဖြစ်သော သဏ္ဌာန် ပညတ်တော်ကို အောက်မေ့နေမှုကို၊ ဖြစ်စေတော်မူလို၍ ဆိုတော်မူလေသည်ဟု မှတ်ယူကြလေ။

ဤ ပြဆို အပ်ပြီးသော ပါဠိတော်တို့ဖြင့် သာလျှင်၊ အရဟံစသော ဂုဏ်တော်တို့ကို၊ ဤဗုဒ္ဓါနုဿတိအရာ၌ အဖန်တလဲလဲ

အောက်မေ့နေမှုကို သိအပ်မှတ်အပ်သည် မဟုတ်သေး။ သဂါ ထာဝဂ္ဂသံယုတ်ပါဠိတော၏၊ သက္ကသံယုတ်၊ ဓမ္ဓဝိသုတ်၌။ ။အ ဟာ့ဆွခေါဘိက္ခဝေ ဧဝံဝဒါမိ။ သစေတုမှာကံ ဘိက္ခဝေ အရညဂ တာနံဝါ ရုက္ခမူလဂတာနံဝါ သုညဂါရဂတာနံဝါ ဥပ္ပဇ္ဇေယျာဘ ယံဝါ ဆန္ဒိတဗ္ဗံဝါ လောမဟံသောဝါ၊ မမေဝ တာဒိံ သမယေ အနုဿရေယျာထ။ ဣတိပိသောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတောလောကဝိဒူ အနုတ္တရောပုရိသဒမ္မ သာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ။ ။ဟူ၍ဟော တော်မူအပ်သည်ကိုထောက်၍လည်း သိကြလေဦး။ ။အနက်သိ ကြောင်း မြန်မာပြန်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။ အဟာ့ဆွခေါ၊ ငါဆုရားသည်ကား။ဧဝံ၊ ဤသို့။ ဝဒါမိ၊ ဟောတော်မူ၏။ ကိံ ဝ ဒါမိ၊ အဘယ်သို့ ဟောတော်မူသနည်း။ ဘိက္ခဝေ၊ တို့။ အရည ဂတာနံဝါ၊ တောသို့ ကပ်ရောက်သည် မူလည်း ဖြစ်ကုန်သော။ ရုက္ခမူလဂတာနံဝါ၊ သစ်ပင်ရင်းသို့ ကပ်ရောက်သည်မူလည်းဖြစ် ကုန်သော။ သုညဂါရဂတာနံဝါ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက် သည်မူလည်းဖြစ်ကုန်သော။ တုမှာကံ၊ သင်တို့အား။ ယံဘယံဝါ၊ အကြင်ကြောက်ခြင်းသည် လည်းကောင်း။ ယံ ဆန္ဒိတဗ္ဗံဝါ၊ အ ကြင် ကိုယ် ခက်ဘရော် ဂိုခြင်းသည် လည်းကောင်း။ လော လောမဟံသောဝါ၊ အကြင် ကြက်သီး မွေးညှင်း ထခြင်း သည် လည်းကောင်း။ သစေ ဥပ္ပဇ္ဇေယျ၊ အကယ်၍ဖြစ်ငြားအုံ့။ တာဒိံ သမယော၊ ထိုသို့ဖြစ်သောအခါ၌။ မမေဝ၊ ငါဘုရားကိုသာလျှင်။ ဝါ၊ ငါဘုရား၏ ဂုဏ်တော်ကိုသာလျှင်။ အနုဿရေယျာထ၊ အ ဖန်တလဲလဲ အောက်မေ့ကုန်လော။ ဝါ၊ အဖန်တလဲလဲ အောက် မေ့၍နေကုန်ရာ၏။ ကိံ အနုဿရေယျာထ၊ အဘယ်သို့ အဖန်တ လဲလဲ အောက်မေ့နေကုန်ရာသနည်း ဟူမူ။ သောဘဂဝါ၊ ထို ဖြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့။ လ။ ကြောင့်လည်း။ အရဟံ၊အရဟာမည်တော်မူ၏။လ။ သောဘဂဝါ၊ သည်။ ဣတိပိ ဣမိနာစကာရဏေန၊ဤသို့။လ။ကြောင့်လည်း။ ဘဂ

ဝါမည်တော်မူ၏။ ဣတိ၊ ဤသို့။ အနုဿရေယျာထ၊ အဖန်တလဲ
လဲအောက်မေ့၍နေကုန်ရာ၏။ဣတိ၊သို့။ဝဒါမိ၊ဟောတော်မူ၏။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်အရဖြစ်သော ဂုဏ်
တော်တို့နှင့် ရှေးဦးပြုဆိုအပ်သော ဂုဏ်တော်တို့သည် အထူးမရှိ
သဘောတူသာ ဖြစ်ကြကုန်၏။ ထိုဂုဏ်တော်တို့ကိုသာလျှင် အ
ဖန်တလဲလဲ အောက်မေ့နေရမည်ဟူသော အဓိပ္ပါယ်ကို သိစေ
တော်မူ၏။ ထိုသို့သိစေတော်မူသောကြောင့် ဗုဒ္ဓါနုဿတိဘာဝ
နာကို ပွါးများလေ့လာသော သူတော်ကောင်းတို့သည်။ ဘုရား
ရှင်၏အလိုတော်အဟိုင်း ဂုဏ်တော်တို့ကို သာလျှင် အာရုံပြု၍
အောက်မေ့နေရမည်ဟုမှတ်။ထိုဂုဏ်တော်တို့မှ တပါး ကာလ၀ိ
မုတ်ဖြစ်သော နုဂိုရ်ကဘာမျှမရှိသော အဘာဝမျှသာ ဖြစ်သော
သဏ္ဌာန်ပညတ်တော်ကို အာရုံပြု၍၊ ဗုဒ္ဓါနုဿတိဘာဝနာကို မ
ပွါးအပ်ကြောင်းကို သေချာစွာမှတ်ယူကြလေ။ ။အကယ်၍၊ကာ
လ၀ိမုတ်ဖြစ်သော နုဂိုရ်ကဘာမျှမရှိသော အဘာဝမျှသာ ဖြစ်
သော သဏ္ဌာန် ပညတ်တော်ကိုသာလျှင် အောက်မေ့၍။ ဗုဒ္ဓါ
နုဿတိဘာဝနာကို ပွားများ လေ့လာခဲ့အုံ့။ စင်စစ် ဘာမျှမရှိ
သော အဘာဝမျှကိုသာလျှင်။ ဘုရားပြု၍ အောက်မေ့ ကိုးကွယ်
သောသူ၏အဖြစ်သို့လည်း ကျရောက်လေတော့၏။ စင်စစ် နုဂိုရ်
က ဘာမျှမရှိသော သဏ္ဌာန်ပညတ်ကို ငါတို့ ကိုးကွယ်သော
ဘုရားဟု ညွှန်ပြရာလည်းရောက်လေတော့၏ဟု မှတ်ယူကြလေ။

ဤပါဠိတော်ဖြင့်သာ ဂုဏ်တော်ပရမတ်တို့ကို အောက်မေ့၍
နေအပ်သည်ကို သိအပ်သည်မဟုတ်သေး။ ဆက္ကနိပါတ်၊အင်္ဂုတ္တရ
ပါဠိတော်။အနုတ္တရိယာ၀ဂ်၌။ ။ဣဓ ဘိက္ခဝေ အရိယသာ၀ကော
တထာဂတံ အနုဿရတိ၊ ဣတိပိ သော ဘဂ၀ါ အရဟံ သမ္မာ
သမ္ဗုဒ္ဓေါ။ လ။ ဘဂ၀ါတိ။ ။ဟူ၍ ရဟန်းတော်ပြုတ်တို့ကို အ
ကြောင်းပြု၍ ဟောတော်မူအပ်သည်ကိုထောက်၍လည်း သိအပ်
မှတ်အပ် သည်သာလျှင်တည်း။ ။အနက်သိကြောင်း မြန်မာပြန်

ကား။ ။ဘိက္ခဝေ၊တို့။ ဣဒဓမ္မမတ္တိ သာသနေ၊ ဤငါဘုရား၏ အ ဆုံးအမတော်ဖြစ်သော သာသနာတော်၌။ အရိယာသာဝကော၊ အရိယာဖြစ်တော်မူသော ငါဘုရား၏ တပည့်သားတော်သည်။ တထာဂတံ-တထာ'ဂတဂုဏံ၊ ခြေးဘုရားခြင်တို့ကဲ့သို့ လာခြင်း သောင်းတော်မူသော ငါဘုရား၏ဂုဏ်တော်ကို။ အနုဿရတိ၊အ ဖန်တလဲလဲ အောက်မေ့နေ၏။ ကိုဏ်အနုဿရတိ၊ အဘယ်သို့အ ဖန်တလဲလဲ အောက်မေ့နေသနည်း။ သောဘဂဝါ၊ ထိုဖြတ်စွာ ဘုရားသည်။ ဣတိပိ ဣတိပိနာဝစ ကာရဏေန၊ ဤသို့။ လ။ ကြောင့် လည်း။ အရဟံ၊အရဟာမည်တော်မူ၏။လ။သောဘဂဝါ၊ထိုဖြတ် စွာဘုရားသည်။ဣတိပိဣတိပိနာဝစကာရဏေန၊ ဤသို့။ လ။ ကြောင့် လည်း။ ဘဂဝါ၊ဘဂဝါမည်တော်မူ၏။ ဣတိ၊ဤသို့။အနုဿရတိ၊ အဖန်တလဲလဲ အောက်မေ့နေ၏။ ။ဤပြဆိုအပ်သောပါဠိတော် ကိုထောက်၍လည်း ဂုဏ်တော်ပရမတ္ထ သဘောကိုသာလျှင် အ ဖန်တလဲလဲ အောက်မေ့အပ်သည်၏ အဖြစ်။ ကာလပိမုတ်ဖြစ် သော ဘာမျှမရှိသော အဘာဝမျှသာဖြစ်သော သဏ္ဌာန်ပညတ် တော်ကို မအောက်မေ့အပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။

ဤပြဆိုအပ်ပြီးသောပါဠိတော်တို့ဖြင့်သာ ဂုဏ်တော်ပရမတ် တို့ကိုသာလျှင် အာရုံပြုအပ်သည်၏အဖြစ်၊ သဏ္ဌာန်ပညတ် တို့ ကို အာရုံမပြုအပ်သည်၏အဖြစ်ကို သိအပ်မှတ်အပ်သည် မဟုတ် သေး။ ထိုထိုပါဠိတော်၌လည်း မျှားစွာဟောတော်မူသေးသည် သာလျှင်တည်း။ ထိုသို့ဟောတော်မူအပ်သည်၏အဖြစ်ကို ထုတ် ၍ပြနေသော်လည်း အကျိုးမရှိတော့ပြီ။ ယခု ပြဆိုအပ်ပြီးသော ပါဠိတော်တို့ဖြင့်ပင်၊ တကယ်ပညာရှင်တို့ယုံကြည်ထိုက်လောက် ပြီ။ ထိုကြောင့်ထုတ်၍မပြတော့ပြီ။ ဤသို့လျှင် ဘုရားရှင်သည်ကာ လပိမုတ်ဖြစ်သော နုဂိုရ်ကဘာမျှမရှိသော အဘာဝမျှသာ ဖြစ် သော ဘုရားဟူသည့်နာမ်ပြအပ်စရာ မရှိသောသဏ္ဌာန်ပညတ်တော်ကို ဤဗုဒ္ဓါနုဿတိအရာ၌တွေးတောအောက်မေ့မှုကို မပြုစေမူ၍ ပရ မတ္ထအားဖြင့် ထင်ရှားရှိသော ဘုရားအဖြစ်ကိုထွန်းပြတတ်သော

အရေဟံ အစရှိသော ဂုဏ်တော် တို့ကို သာလျှင် အဖန်တလဲလဲ တွေးတောအောက်မေ့စေရန် ဟောတော်မူအပ်သည်၏အဖြစ်ကို ထင်ရှားသိတော်မူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင် ဗုဒ္ဓဃောသ မဟာထေရ်ဖြတ်သည်လည်း။ ဘုရားရှင်၏ အလိုတော်အားကိုင်းကို သာလျှင် ထင်ရှားပြတော်မူလိုသောကြောင့်။ဗုဒ္ဓါနုဿတိ ဘာဝနာကိုပြုဆိုရာအခါး။ ကျမ်းနံပါတ် (၁၆၇) မျက်နှာ၌။ ။ဗုဒ္ဓါနုဿတိ ံ တာဝ ဘာဝေတုကာမေန အဝေစ္စပ္ပသာဒ သမ္ပန္နာဂတေန ယောဂိနာ ပတိရူပသေနာသနေ ရဟောဂတေန ပဒိသလ္လေ ံ နေန ဣတိပိသောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသ ဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ ဧဝံ ဗုဒ္ဓဿ ဘဂဝတော ဂုဏာ အနုဿရိတဗ္ဗာ။ ။ဟူ၍ ပြဆိုတော်မူလေသည်။ ။အနက် သိကြောင်းမြန်မာပြန်ကား။ ။ဗုဒ္ဓါနုဿတိ ံ၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို။ တာဝ၊ ဝမ္မာနုဿတိစသည်တို့၏ ရှေးဦးစွာ။ ဘာဝေတုကာမေန၊ ပွါးစေခြင်းငှာအလိုရှိသော။ အဝေစ္စပ္ပသာဒ သမန္နာဂတေန၊ မတုန်မလှုပ်သက်ဝင်၍ကြည်လင်သောသဒ္ဓါ တရားနှင့်ပြည့်စုံသော။ ယောဂိနာ၊ကမ္မဋ္ဌာန်းအားထုတ်ခြင်းနှင့် ယှဉ်သော ယောဂိ ပုဂ္ဂိုလ်သည်။ ပတိရူပသေနာသနေ၊ တင့်အပ်လျောက်ပတ်သောကျောင်း၌။ ရဟောဂတေန၊ ဆိတ်ကွယ်ရာအရပ်သို့ရောက်လျက်၊ ပဒိသလ္လေ ံ နေန၊ အပ၌ အထီးထီးသော သဘောရှိသောအာရုံမှကင်းစေပြီး၍ ဘုရားဂုဏ်ဟူသောတရားသော အာရုံ၌ ကောင်းစွာငြိတွယ်စွဲကပ်စေအပ်သော စိတ်ရှိသည်ဖြစ်၍။ ဣတိပိသောဘဂဝါ အရဟံ။ လ။ ဘဂဝါတိ၊ ဣတိပိသောဘဂဝါ အရဟံ။လ။ဘဂဝါဟူသော။ဧဝံ ဣမာယယပါဠိယာ'ဤပါဠိ၌။ အာဂတနယေန၊လာရာသောနည်းဖြင့်။ဘဂဝတော၊ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ ခန္ဓာငါးပါးအပေါင်း၌ သမုတ်အပ်သောဘုရား၏။ဂုဏာ၊ခန္ဓာတော်အစဉ်၌ဖြစ်သော ဂုဏ်ကျေးဇူးတို့ကို။ အနုဿရိတဗ္ဗာ၊ အဖန်တလဲလဲအောက်မေ့အပ်ကုန်၏။ ။ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို

ထောက်၍လည်း ဘာမျှမရှိသော သဏ္ဌာန်ပညတ်ကိုမခံ့အောက်မေ့ဘဲ၊ ဘုရားရှင်၏ အလိုတော်ကျဖြစ်သော ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဂုဏ်တော်တို့ကိုသာလျှင်။ အဖန်တလဲလဲအောက်မေ့နေအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။ ထိုဂုဏ်တော်တို့ကိုသာလျှင် အာရုံပြု၍အောက်မေ့အပ်သောနည်းကို ထင်ရှားသိစေတော်မူလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်သည်။ ။တတြာယံ အနုဿရဏနယော။ သောဘဂဝါ ဣတိပိ အရဟံ။ ဣတိပိသမ္မာသမ္ဗုဒ္ဓေါ။လ။ဣတိပိ ဘဂဝါတိ အနုဿရတိ။ ။ဟူ၍ ဘုရားရှင်.၏အလိုတော်ကျအတိုင်း ပြဆိုတော်မူလေသည်။ ။မြန်မာပြန်ကား။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိဣမိနာစကာရဏေန၊ ဤသို့အရဟတ္တမဂ် ဉာဏ်တော်တည်းဟူသောသံလျက်ဖြင့် ကိလေသာတည်းဟူသော ရန်သူတို့ကို အကြွင်းမရှိ သတ်ဖြတ်တော်မူတတ်သော ဂုဏ်ထူးဟူသော အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟာမည်တော်မူ၏။ ။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစကာရဏေန၊ ဤသို့ မဘောက်မပြန် မိမိ အလိုလို သစ္စာလေးပါး တရားတို့ကို အကြွင်းမရှိ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်တို့ဖြင့်ထိုးထွင်း၍ သိတော်မူတတ်သော ဂုဏ်ထူးဟူသော အကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။လ။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစကာရဏေန၊ ဤသို့နတ်လူတို့သည် ကျေးကန်ထိုးကဲ့သို့ အလေးဂရု ပြုအပ်သော အနုတ္တရဝိမောက္ခ ဖြင့်ထုံအပ်သော သီလ၊သမာဓိ၊ပညာ၊ဝိမုတ္တိ၊ဝိမုတ္တိဉာဏဒဿနတည်းဟူသောဂုဏ်ထူးရှိတော်မူသောအကြောင်းကြောင့်လည်း ဘဂဝါ၊ ဘဂဝါမည်တော်မူ၏။ ဣတိ၊ ဤသို့။ အနုဿတိ၊ အဖန်တလဲလဲအောက်မေ့နေ၏။ ။ဤကား အဓိပ္ပာယ်မြန်မာပြန်တည်း။

အဓိပ္ပါယ်ကား။ ။ကိလေသာတည်းဟူသော ရန်သူတို့ကို အကြွင်းမရှိ ဖျက်ဆီးတော်မူတတ်သော အရဟတ္တ မဂ်ဉာဏ်တော်စသော ဂုဏ်ထူးကြောင့် သာလျှင်၊ ဘုရားဟု သမုတ်အပ်သော

ခန္ဓာတော် အစဉ်သည် အရဟံဟူသော အမည်တော်ကို ရလေသည်။ သမ္ဘာလေးပါးတရားတို့ကိုမဘောက်မပြန်အကြွင်းမရှိထိုးထွင်း၍ သိတော်မူတတ်သော အရဟာတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော် တည်းဟူသော ဂုဏ်ထူး ကြောင့်သာလျှင်၊ ဘုရားဟူသမျှတ်အပ်သော ပရမတ္ထခန္ဓာတော်အစဉ်သည်။သမ္ဘာသမ္ဗုဒ္ဓဟူသော အ မည် တော် ကို ရ လေ သည်။ လ။ နတ် လူ တို့ သည် ကျောက်ထီးကဲ့သို့အလေးပြုအပ်သော အလွန်ရှိသေထိုက်သော အနုတ္တရ ဝိမောက္ခဖြင့် ထုံအပ်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ဝိမုတ္တိဂုဏ်၊ဝိမုတ္တိဉာဏဒဿနဂုဏ်တော်တို့ကြောင့် သာလျှင် ဘုရားဟု သမုတ်အပ်သော ပရမတ္ထ ခန္ဓာတော်အစဉ် သည်၊ဘဂဝါဟူသောအမည်တော်ကိုရလေသည်။ ထိုဆိုအပ်ပြီးသော ဂုဏ်တော်တို့ မရှိလျှင်၊ ထိုအရဟံဟူသော အမည်တော် သမ္ဘာသမ္ဗုဒ္ဓဟူသော အမည်တော်။ လ။ ဘဂဝါဟူသောအမည်တော်တို့ကို စင်စစ်မရလေပြီ။ ထိုကြောင့် ထိုအရဟံစသော အမည်တော်တို့ကိုရစေတတ်သော အရဟာတ္တမဂ်ဉာဏ်အစရှိသော ပရမတ္ထတရားတို့သည်သာလျှင်။ စင်စစ်အရဟံဂုဏ်စသည် မည်လေကုန်တော့၏။ ထိုကြောင့်၊ထိုဆိုအပ်ပြီးသောဂုဏ်တော်တို့ကို သာလျှင် အဖန်တလဲလဲ အောက်မေ့နေရမည်ဟူလို။ ။ဤကား ဗုဒ္ဓါနုဿတိဘာဝနာအရာ၌ပွါးများအပ်သောနည်းကို၊ဘုရားရှင် အလိုတော်အတိုင်းပြဆိုအပ်သောအမြွက်မျှဖြစ်သောအဋ္ဌကထာ ရှင်၏ စကားရပ်ပေတည်း။ ။ထိုပြဆိုအပ်ခဲ့ပြီးသော ဘုရားရှင်၏အလိုတော်၊အဋ္ဌကထာရှင်၏အလိုတော်အားဖြင့် ဘုရားဂုဏ်တော်တို့ကို အဖန်တလဲလဲအောက်မေ့နေသော သတိတရားကို သာလျှင်၊ ဗုဒ္ဓါနုဿတိဟုဆိုအပ်လေသည်။ ထိုသို့ဆိုအပ်သည်၏ အဖြစ်ကိုလည်း။ ဂင်းဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ဗုဒ္ဓါနုဿတိ အာဘွင့် စာမျက်နှာနံပါတ် (၁၆၇) ၌။ ။ဗုဒ္ဓံအာရဗ္ဘ ဥပ္ပန္နာ အနုဿတိ ဗုဒ္ဓါနုဿတိ။ ဗုဒ္ဓဂုဏာ ရမ္မဏာယ သတိယာ ဇောမဝိ ဝစနံ။ ။ဟူ၍ ပိန့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ။ ဇကေနိပါတ် အဂ်ုတ္တရအဋ္ဌကထာရှင်သည်။ ဇကမ္မဝဂ်၊ဗုဒ္ဓါနုဿ

စိတ်အဘွင့်၌။ ၊ဗုဒ္ဓါနုဿတိတိ ဗုဒ္ဓံအာရဗ္ဘ ဥပ္ပန္နော အနုဿတိ။ ဗုဒ္ဓဂုဏာနုဿတိယာ ဇောတံအဓိဝစနံ။ ။ဟူ၍မိန့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း။ ။ထိုမှတပါး။ ဆဏ္ဏနိပါတ်၊ အဂ်ုတ္တရအဋ္ဌကထာ၌ရှင်သည်။ အာဟုနေယျဝဂ်အဘွင့် (၈၂) မျက်နှာ၌။ ။ဗုဒ္ဓါနုဿတိတိ ဗုဒ္ဓဂုဏာ ရမ္မဏာ နုဿတိ။ ။ဟူ၍ မိန့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ။ထိုမှတပါး။ လယ်တိပရမတ္ထ ဒီပနီဋီကာ၊ စာမျက်နှာနံပါတ် (၄၄၈) ၌။ ။ပုနပ္ပုနံ နိရုန္ဓံရံ သရဏံ အနုဿတိ။ ဗုဒ္ဓဂုဏာသ အနုဿတိ ဗုဒ္ဓါနုဿတိ။ ။ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း။ ။ ထိုမှတပါး။ ဋီကာကျော်နံပါတ် (၁၉၆) မျက်နှာ၌။ ။အနုအနု သရဏံ အနုဿတိ။ အရဟတာဒိ ဗုဒ္ဓဂုဏာ ရမ္မဏာ နုဿတိ ဗုဒ္ဓါနုဿတိ။ ။ဟူ၍ မိန့်ဆို အပ် သည်ကို ထောက်၍ လည်းကောင်း။ ။ထိုမှတပါး'ပေါရာဏဋီကာ၊စာမျက်နှာနံပါတ်(၃၅၃) ၌။ ။အနုအနု သရဏံ အနုဿတိ။ အရဟတာဒိ ဗုဒ္ဓဂုဏာ ရမ္မဏာ နုဿတိ ဗုဒ္ဓါနုဿတိ။ ။ဟူ၍ မိန့် ဆို အပ် သည် ကို ထောက်၍လည်းကောင်း သိကြလေ။

အစဉ်အတိုင်းမြန်မာပြန်ကိုပြဆိုပေအုံ့။ ။ဗုဒ္ဓံ၊ ဘုရားဟုသမုတ်အပ်သော ပရမတ္ထခန္ဓာတော်အစဉ်၌ဖြစ်သော အရဟံအစဘဝဝါအဆုံးရှိသောဂုဏ်တော်ကို။ အာရုဏ္ဍ-အာရမ္မဏ်ကတွာ အာရုံပြု၍ဥပ္ပန္နာ၊ဖြစ်သော။အနုဿတိ၊အဖန်တလဲလဲအောက်မေ့တတ်သောသတိတည်း။ ဗုဒ္ဓါနုဿတိ၊ဘုရားဟုသမုတ်အပ်သော ပရမတ္ထခန္ဓာတော်အစဉ်၌ဖြစ်သော အရဟံအစ၊ဘဝဝါအဆုံးရှိသောဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့တတ်သောသတိ။ ဇောတံ၊ ဤဗုဒ္ဓါနုဿတိဟူသောအမည်သည်။ ဗုဒ္ဓဂုဏာရမ္မဏာဟု၊ ဘုရားဂုဏ်တော်သာလျှင် အာရုံရှိသော။ သတိယာ၊သတိတရား၏။ အဓိဝစနံ၊အမည်တည်း။ ။ဤကားဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ ။ဗုဒ္ဓါနုဿတိတိ၊ ဗုဒ္ဓါနုဿတိ ဟူသည်ကား။ ဗုဒ္ဓံ၊ဘုရားဟုသမုတ်အပ်သော ပရမတ္ထခန္ဓာတော်အစဉ်၌

ဖြစ်သော။အရဟံအစ၊ဘဂဝါအဆုံးရှိသောဂုဏ်တော်ကို။ အာ
ရုဗ္ဘ-အာရုမ္မဏံကတွေ၊အာရုံပြု၍။ ဥပ္ပန္နော ဖြစ်သော။အနုဿတိ၊
အဖနိတလဲလဲ အောက်မေ့တတ်သောသတိတည်း။ဧတံ၊ ဤဗုဒ္ဓါ
နုဿတိဟူသော အမည်သည်။ ဗုဒ္ဓဂုဏာနုဿတိယာ၊ ဘုရား
ဂုဏ်တော်ကိုသာလျှင် အဖနိတလဲလဲ အောက်မေ့တတ်သောသတိ
၏။အဓိဝစနံ၊အမည်တည်း။ ဤကား၊ဧကနိပါတ်၊ အဂ်ုတ္တရအဋ္ဌ
ကထာပါဠိ၏မြန်မာပြန်တည်း။ ။ဗုဒ္ဓါနုဿတိတိ၊ ဗုဒ္ဓါနုဿတိ
ဟူသည်ကား။ ဗုဒ္ဓဂုဏာရုမ္မဏာနုဿတိ၊ဘုရားဂုဏ်တော်တည်း
ဟူသောအာရုံကို အဖနိတလဲလဲ အောက်မေ့နေသော သတိတရား
ပေတည်း။ ။ဤကား၊ဆဋ္ဌနိပါတ်၊အဋ္ဌကထာပါဠိ၏ မြန်မာပြန်
တည်း။ ။ပုနပ္ပုနံ၊အဖနိတလဲလဲ။ နိရန္တရံ၊မပြတ်။ သရဏံ အောံ
မေ့ခြင်းသည်။ အနုဿတိ၊အနုဿတိမည်၏။ ဗုဒ္ဓဂုဏာသ၊ဘုရား
ဂုဏ်တော်ကို၊အနုဿတိ၊ အဖနိတလဲလဲအောက်မေ့ခြင်းသည်
ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓါနုဿတိမည်၏။ ။ဤကား လယ်တီပရမတ္ထဒီ
ပနိပါဠိ၏မြန်မာပြန်တည်း။ ။အနုအနု၊အဖနိတလဲလဲ။ သရဏံ၊
အောက်မေ့ခြင်းသည်။ အနုဿတိ၊ အနုဿတိမည်၏။ အရဟ
တာဒိ၊အရဟတာအစရှိသော။ဗုဒ္ဓဂုဏာရုမ္မဏာနုဿ တိ၊ဘုရား
ဂုဏ်တော်တည်းဟူသော အရုံကို အဖနိတလဲလဲ အောံမေ့တတ်
သောသတိသည်။ ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓါနုဿတိမည်၏။ ။ဤကား
ဋီကာကျော်ပါဠိ၏ မြန်မာပြန်တည်း။ ။ပေါရာဏဋီကာပါဠိ၏
မြန်မာပြန်သည်လည်း ထိုနည်းအာဘူသာလျှင်တည်း။ ။ဤသို့ပြ
ဆိုအပ်သော အဋ္ဌကထာ၊ ဋီကာတို့ကိုထောက်၍။ ဘုရားဂုဏ်
တော်တို့ကို အဖနိတလဲလဲအောက်မေ့တတ်သော သတိကိုသာ။
ဗုဒ္ဓါနုဿတိဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။
ဤသို့လျှင်ဘုရားရှင်နှင့်တကွ၊အဋ္ဌကထာရှင်တို့သည်။ဗုဒ္ဓါနုဿတိ
ကိုပွါးရာ၌။ အရဟံအစ ဘဂဝါအဆုံးရှိသော ဂုဏ်တော်တို့ကို
သာလျှင်အာရုံပြု၍ အဖနိတလဲလဲအောက်မေ့တတ်သော သတိ
ကို ပွါးစေအပ်ကြောင်းကို သာလျှင် တိုက်ရိုက် ပြဆိုတော်မူကြ
လေသည်။ စင်စစ် ဖြစ်ပြီး ဖြစ်ဆဲ၊ဖြစ်လတ္တံ့မဟုတ်သော နုဂိုရ်က

ဘာမျှမရှိသော အဘာဝမျှသာဖြစ်သော သဏ္ဌာန်ပညတ်တော်ကိုအာရုံပြု၍၊ ဇုဒ္ဓါနုဿတိဘာဝနာကို ပွါးစေအပ်သည်၏အဖြစ်ကိုမပြုမဆိုတော်မူကြကုန်။ အဘယ်ကြောင့်၊ ၎င်းသဏ္ဌာန်ပညတ်တော်ကိုအာရုံပြု၍ ဇုဒ္ဓါနုဿတိဘာဝနာကို ပွါးစေအပ်သည်၏အဖြစ်ကို ဘုရားရှင်နှင့်တကွ အဋ္ဌကထာရှင်တို့သည် မပြုမဆိုအပ်ကုန်သနည်းဟူမူ၊ ၎င်းသဏ္ဌာန်ပညတ်တော်သည်၊ မူလကိုကပင် ဘာမျှမရှိသော အဘာဝတရားသာလျှင် ဖြစ်၏။ ထိုသို့ဖြစ်ကြောင်းကို။ ပုဂ္ဂလပညတ်အဋ္ဌကထာရှင်သည်။ ပုဂ္ဂလပညတ်မာတိကာ အဘွင့်၌။ ။ကိသော ထူလော ပရိမဏ္ဍလော စတုရဿောတိအာဒိကာ သဏ္ဌာနဝေသေနပညာပနာ သဏ္ဌာနပညတ္တိနာမ။လ။တတ္ထ ဧကမ္ပိဘူမိ ပညတ္တိ အသမ်တပညတ္တိစ ဝိဇ္ဇမာနပညတ္တိယော ဝ။ ကိမ္ပိပညတ္တိ ဝိဇ္ဇမာနေန အဝိဇ္ဇာမနပက္ခံ ဘဇတိ။ သေသာအဝိဇ္ဇမာနပညတ္တိယောနာမ။ဟူ၍ပြဆိုအပ်သောအဋ္ဌကထာပါဠိတို့တွင်။ (ပရိမဏ္ဍလော စတုရဿော) ဟူသော ပါဠိတို့ကိုထောက်၍။ အဝန်းလေးထောင့်စသည်ဟူသမျှသည်။ သဏ္ဌာန်ပညတ်ဖြစ်၏။ အာဒိသဒ္ဒါဖြင့်၊ အရှည်၊ အတို၊ အနိမ့် အမြင့်သဏ္ဌာန်ဟူသမျှကိုယူလေ။ ။ထိုဆိုအပ်ပြီးသော သဏ္ဌာန်ဟူသမျှသည်။ စင်စစ်ပရမတ္ထသဘောကဲ့သို့ ထင်ရှားရှိသောတရားမဟုတ်။ စင်စင် ထင်ရှားမရှိသော အဝိဇ္ဇမာန၊ အာဘာဝတရားမျှသာဖြစ်၏။ ထိုကြောင့် ၎င်းအဋ္ဌကထာရှင်သည် (အဝိဇ္ဇမာန ပညတ္တိယော)ဟု ပြဆိုလေသည်ဟုမှတ်။ ထိုကြောင့် ၎င်းအရှည် အတို၊ အဝန်း၊ လေးထောင့်စသည်ဟူသမျှသဏ္ဌာန်သည်၊ မရှေ့အားဖြင့်ထင်ရှားရှိသောတရားမဟုတ်။ ထင်ရှားရှိသော ရူပ်ကလာပ် ပရမတ်တရားတို့၏ စုဝေးဆက်စပ်သောအခြင်းအရာ အာကာရမျှသာတည်း။

ထိုဆိုအပ်ပြီးသော ပရမတ္ထတရားတို့၏ စုဝေးသော အခြင်းအရာအာကာရတည်းဟူသော သဏ္ဌာန်ပညတ်ကိုမယူဘဲ၊ ဘုရားရှင်သည်၊ မြေသင်္ဘောပါဠိတော်၊ ရူပကလာပ်။ အရှည်၊ အတို၊ အဝန်းလေးမြောင့်၊ ရှစ်မြောင့်၊ တဆဲ့ခြောက်မြောင့် တို့ကို ဖြင်သည်ဟု

လောကဌ ပြောဆိုကြသမျှသည်။ စင်စစ် အရှည်၊ အတို၊ အဝန်း လေးမြှောင့်စသည်တို့ကိုမြင်သည်မဟုတ်။ အရှည်၊အတို၊အဝန်း၊ လေးမြှောင့်စသော အခြင်းအရာအားဖြင့်ဆက်စပ်၍တည်ရှိသော အဆင်းအပေါင်းကိုသာလျှင်မြင်အပ်သည်။စင်စစ်အရှည်၊အတို စသောသဏ္ဌာန်ကို မြင်အပ်သည်မဟုတ်ဟု သိစေတော်မူလို၍။ (ဒီဃံရဿံ အဏုံထူလံ ဝဋ္ဋံ ပရိမဏ္ဍလံ စတုရဿံ ဆဋ္ဌံသံအဋ္ဌံသံ သောဋ္ဌသံသံ) စသည်ဖြင့် ဟောတော်မူအပ်သည်ကို။ ဟုတ်မှန်တိုင်းမယူဘဲ။အဆင်းပရမတ်သည်။ အရှည်၊ အတို၊အဝန်း လေး မြှောင့်၊ရှစ်မြှောင့်စသော သဏ္ဌာန်ပင်။ တကယ်ဟုတ်၏ဟုစွဲယူခဲ့အုံ့။ ထိုအယူသည် စင်စစ်အဋ္ဌကထာဘွင့်ချက်နှင့်မညီသောအယူ ဖြစ်၏။ ဖြစ်ကြောင်းကို ၎င်းပါဠိတော်ကို ဘွင့်သော အဋ္ဌကထာ စာမျက်နှာနံပါတ်(၃၁၆)၌။ ။ဒီဃာဒီနိ ဋ္ဌါဒသာ ဝေါဟာရတော ဒဿိတာနိ။ လ။ တဿ နိပ္ပရိယာယေန ဒီဃံ ရူပါယတနံ။ တထာရဿာဒီနိ။ တံတံနိဿာယပန တထာတထာဋ္ဌိတံ ဒီဃံ ရဿန္တိ တေနတေနဝေါဟာရေန ရူပါရတနမေဝေတ္ထ ဘာသိတန္တိ ဝေဒိတဗ္ဗံ။ ။ဟူ၍မိန့်ဆိုအပ်သည်ကိုထောက်၍သိလော။ ။ အနက်သိကြောင်းမြန်မာပြန်ကား။ ။ဒီဃာဒီနိ၊အရှည်၊အစရှိကုန်သော။ ဋ္ဌါဒသ၊တဆဲ့နှစ်ပုဒ်တို့ကို။ ဝေါဟာရတော၊ လောကအခေါ်အဝေါ်အားဖြင့်။ဘဂဝတာ၊မြတ်စွာဘုရားသည်။ဒဿိတာနိ၊ ပြတော်မူအပ်ကုန်၏။လ။ တဿ၊ထိုကြောင့်။နိပ္ပရိယာယေန၊မရှေ့အားဖြင့်။ဒီဃံ၊ ရှည်ရှိသောသဏ္ဌာန်သည်။ ရူပါယတနံ။ စက္ခုဒ္ဒါရိကစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သော အဆင်းပရမတ်သည်။ နှ၊ မဟုတ်။ရဿာဒီနိ အတိုစသောသဏ္ဌာန်တို့သည်။တထာ ထိုအတူ နိပ္ပရိယာယေန၊ မရှေ့အားဖြင့်။ ရူပါယတနံ၊စက္ခုဒ္ဒါရိကစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သော အဆင်းပရမတ်သည်။ နှ၊ မဟုတ်။ ပန၊အလျှောက်ကိုဆိုဦးအုံ့။ တံတံဒီဃာဒီသန္နိဿိတ်ဝေသဘူတသမုဒါယံ၊ ထိုထို အရှည်အစရှိသော သဏ္ဌာန်အခြင်းအရာဖြင့် စုဝေးနေသောမဟာ ဘုတ်အပေါင်းကို။ နိဿာယ၊အမှီပြု၍။ တထာတထာ၊ထိုထိုမှီရာ ဘုတ်အခြင်းအရာအားဖြင့်။ ဋ္ဌိတံ၊တည်သော။ ဝဏ္ဏသမုဒါယဘူ

တံ၊ အဆင်းပရမတ်အပေါင်းဖြစ်၍ ဖြစ်သော။ ရူပါယတနမေဝ၊ စက္ခုဒ္ဓါရိုကစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သော အဆင်းပရမတ် သဘောကိုသာလျှင်။ ဒီဃ ရဿန္တိ၊အဂ္ဂည်၊အတိုဟူ၍။ တေနတေန ဝေါဟာရေန၊ထိုထိုသို့သော လောကဝေါဟာရဖြင့်။ ဣဏ၊ဤရူပါ ယတနနိဗ္ဗေသဒ္ဒါ၊ဘဂဝတာ ဖြတ်စွာဘုရားသည်။ဘာသိတံ၊ဟော တော်မူအပ်၏။ ။ဤသို့အဋ္ဌကထာရှင်ပြုအပ်သောစကားကိုထော်၍ စင်စစ်အဆင်းပရမတ်သည်။ အဂ္ဂည်၊အတိုစသော သဏ္ဌာန်မ ဟုတ်သည်၏ အဖြစ်ကိုလည်းကောင်း။ လောကဝေါဟာရဖြင့် သာ။ အဂ္ဂည်၊အတိုစသော သဏ္ဌာန်အမြင်းအရာအားဖြင့် တည် သောအဆင်းအပေါင်းကိုသာ မြင်အပ်သည်၏အဖြစ်ကို သိစေ တော်မူလို၍။ လောကဝေါဟာရဖြင့် အဂ္ဂည်၊ အတို စသည်ဖြင့် ဟောတော်မူအပ်သည်၏ အဖြစ်ကို လည်းကောင်း။ ထင်ရှားသိ ကြလေ။ ထိုသို့သိကြလျှင်လည်း။အဆင်းပရမတ်သည်။ စင်စစ်အ ဂ္ဂည်၊အတိုစသော သဏ္ဌာန်မဟုတ်။အကယ်၍အဆင်းကို အဂ္ဂည် အတိုစသောသဏ္ဌာန်ပင်ဟု ယူအပ်သောအယူဟူသမျှတို့သည်။ စင်စစ် အဋ္ဌကထာဘွင့်ချက်နှင့်မညီသော အယူဝါဒသာလျှင် ဖြစ် တော့၏။ ထိုကြောင့် ထိုသို့သောအယူဝါဒမျိုးကို မယူအပ်သာ လျှင်တည်း။ အကယ်၍ ထိုကဲ့သို့သဘောရှိသော အယူဝါဒတို့ကို ယူခဲ့သော်၊ အဋ္ဌကထာနှင့်သားမညီသည်မဟုတ်သေး။ဝမ္မသင်္ဂါ ပါဠိတော်၊နိက္ခေပကဏ္ဍ၌။ ။ကတမေဝမ္မာ သနိဒဿနသပ္ပဋိဃာ ရူပါယတနံ။ ဣမေဝမ္မာ သနိဒဿနာ သပ္ပဋိဃာ။ ။ဟူ၍ဟောတော် မူအပ်သော ပါဠိတော်နှင့်လည်း မညီသာလျှင်တည်း။ ။အနက် သိကြောင်းမြန်မာပြန်ကား။ ။ကတမေ၊အဘယ်မည်ကုန်သော။ ဝမ္မာ နိဿဋ္ဌ နိဋ္ဌိ ဝ သဘာဝါ၊ သဏ္ဌ ဝါ၊ အသက် မဟုတ်ကုန် သောသဘောတရားတို့သည်။ သ နိဒဿန သပ္ပဋိဃာ၊ မြင်အပ် သည်နှင့်တကွ ထိခိုက်အပ်သည်နှင့်တကွ ဖြစ်ကုန်သနည်း။ ရူပါ ယတနံ၊ အဆင်းဟု ဆိုအပ်သော စက္ခုဒ္ဓါရိုက စိတ်တို့၏ ဖြစ် ကြောင်းသဘောပေတည်း။ ဣမေ၊ဤဆိုအပ်ကုန်ပြီးသော။ ဝမ္မာ သဏ္ဌ ဝါ၊ အသက် မဟုတ်သော သဘောတရား တို့သည်။ သနိ

ဒဿနနှင့် သပ္ပဒိုဃာ၊ ဖြင်အပ်သည်နှင့်တကွ။ ထိုခိုက်အပ်သည်နှင့် တကွဖြစ်ကုန်သော သဘောတရားတို့တည်း၊

ဤသို့ဟောတော်မူအပ်သော ပါဠိတော်တို့တွင်(ဓမ္မာဒေရ)ကို (နိဿဋ္ဌ၊နိဗ္ဗိဝသဘာဝါ)ဟူ၍အဋ္ဌကထာတွင်အပ်သောကြောင့် ရူပါရုံအဆင်းသည် စင်စစ်အရှည်၊အတိုစသောသဏ္ဌာန်မဟုတ်။ စက္ခုဒ္ဒိ ရှေ့ရှု ထိခိုက်တတ်သော သဘောဟူ၍ သာလျှင် မှတ်ကြောင်း လက္ခဏာရှိသော သဘောတရားဟူ၍သာလျှင် သိစေအပ်သည်။ထိုကြောင့်၊အဆင်းပရမတ်သည်။စင်စစ်အရှည်၊အတို စသော သဏ္ဌာန်ဖြစ်သည်ဟုယူခဲ့လျှင်။ ထိုအယူသည်။ပဋိပုဒ်ဆို အပ်သောပါဠိတော်၊အဋ္ဌကထာတို့နှင့်လည်း မညီညွတ်သောအယူဖြစ်လေ၏ဟုမှတ်။ဤပြဿနာအပ်သောပါဠိတော် အဋ္ဌကထာတို့နှင့်သာ မညီညွတ်သည် မဟုတ်သေး။ ဝါတုဝိဘင်းဌ။ ။အဋ္ဌာရသဝါတုယော။ စက္ခုဝါတု၊ ရူပဝါတု၊ စက္ခုဝိညာဏဝါတု။ လ။ ဓမ္မဝါတု၊မနောဝိညာဏဝါတု။ ။ဟူ၍ဟောတော်မူအပ်ရာ၌။အလုံးစုံသောဝါတုသဒ္ဒါ၏အနက်ကို(ဝါတွဏ္ဍောနာမသဘာဝဏ္ဍော) ဟူ၍အဋ္ဌကထာတွင်အပ်သောကြောင့်အလုံးစုံသောဝါတ်အမည် ရသောပရမတ္ထတရားတို့သည်။စင်စစ်မိမိ,မိမိတို့၏မှတ်ကြောင်း သဘော လက္ခဏာမျှသာ ဖြစ်ကြောင်းကို။ အဋ္ဌကထာရှင်သည် သိစေအပ်၏။ထိုကြောင့် ရူပါရုံအဆင်းသည်လည်း။ အရှည်၊အတို သဏ္ဌာန် မရှိသော ပရမတ္ထသဘော သက်သက်သာ ဖြစ်၏။ ထိုကြောင့်အဆင်းပရမတ်ကို အရှည်၊အတိုစသော သဏ္ဌာန်ဟုယူခဲ့လျှင်။ ဤပယာရုပြဆိုအပ်သော ဝါတုဝိဘင်းပါဠိတော်၊အဋ္ဌကထာတို့နှင့်လည်းမညီညွတ်လေပြီ။ ။ဤပြဿနာအပ်ပြီးသော ပါဠိတော် အဋ္ဌကထာတို့နှင့်သာ မညီမညွတ်သည် မဟုတ်သေး။ ဓမ္မသင်္ဂဏီ ပါဠိတော်၌လာသော(ကုသလာဓမ္မာ၊အကုသလာဓမ္မာ အဗျာကတာဓမ္မာ)ဟူ၍ ဟောတော်မူအပ်သောစကားတို့တွင်။ ဓမ္မာအရုကို (နိဿဋ္ဌ၊နိဗ္ဗိဝသဘာဝါ) ဟူ၍ သာလျှင်။ အဋ္ဌကထာရှင်တို့ဘွင့်အပ်သောကြောင့်။အလုံးစုံသော ကုသိုလ်တရား၊အကုသိုလ်

တရား၊ အဗျာကတ တရားတို့သည်။ သတ္တဝါ၊ အသက်မဟုတ်သော ပရမတ္ထသဘော တရားတို့သာလျှင် ဖြစ်၏ဟု သိစေအပ်သည်။စင်စစ်ရင်းတရားတို့တွင် အဆင်းသဘောကား။ အဂ္ဂညှိ၊အတိုသဏ္ဌာန်။ ကျန်သောတရားတို့ကား သဘောတရားသက်သက်သာဖြစ်၏ဟုမသိစေ။အလုံးစုံသောတရားသည်ပင်စင်စစ်သဏ္ဌာန်မရှိသော သဘောတရား သက်သက်သာ ဖြစ်၏ဟု သိစေတော်မူအပ်၏။ ထိုသို့သိစေတော်မူအပ်သောကြောင့်။ အဆင်း၌ အဂ္ဂညှိ အတိုသဏ္ဌာန်ရှိသည်ဟု ယူခဲ့လျှင်။ ဤပြဆိုအပ်ပြီးသော ပါဠိတော်၊အဋ္ဌကထာစကားရပ်တို့နှင့်လည်း မညီညွတ်သည်သာဖြစ်လေ၏။ ထိုသို့ ပါဠိတော်၊ အဋ္ဌကထာတို့နှင့်မညီ မညွတ်သော အယူဟူသမျှတို့ကို မယူမိအောင် အထူးသတိ ပြုကြလေ။ စင်စစ် အမှန်မှာ၊ ၎င်းအဆင်းပရမတ်သည် သဏ္ဌာန်မဟုတ်။ သက်သက်ပရမတ္ထသဘောတရားပေတည်းဟု မှတ်ယူကြလေ။ ။အကယ်၍ အဆင်းပရမတ်သည် အဂ္ဂညှိ၊အတိုသဏ္ဌာန် ဖြစ်ခဲ့ပါမူ။ ၎င်းတို့၏ဖြစ်ရာ မဟာဘုတ်တို့လည်း။ အဂ္ဂညှိ၊ အတို၊သဏ္ဌာန်ဖြစ်လေရာ၏။ ထိုအဆင်းနှင့် အတူတကွဖြစ်သော အနံ့၊ အရသာ၊ သြဇာစသော ပရမတ်တရားတို့လည်း။အဂ္ဂညှိ၊အတိုသဏ္ဌာန်ဖြစ်လေရာ၏။ အဘယ်ကြောင့်ဆိုသော် အတူတကွဖြစ်သောပရမတ္ထသဘောတရားခြင်း တူသောကြောင့်တည်း။ ထိုကြောင့်၊ အဆင်းသည် သဏ္ဌာန်မဟုတ်။ ပရမတ္ထသဘော သက်သက်သာဟုမှတ်။

အဂ္ဂညှိ၊အတိုစသော သဏ္ဌာန်ဆိုသည်မှာ။ မူလကိုကဘာမျှ မရှိသော ပရမတ္ထတရားတို့၏စုဝေးသောအခြင်းအရာအဓိကာရမျှသာဖြစ်၏။ထိုကြောင့် အဂ္ဂညှိ၊အတိုစသောသဏ္ဌာန်သည်။ထင်ရှားမရှိသော အဘာဝတရားဖြစ်၏ဟုမှတ်၊ ။ထိုအဘာဝတရားဖြစ်သော သဏ္ဌာန်ပညတ် တော်သည်။ သစ္စာလေးပါးတရားတို့ကိုလည်း ထိုးတွင်း၍မသိတတ်။ ထိုးထွင်း၍သိတတ်သော ဉာဏ်တော်၏အကြောင်းခံဖြစ်သော ထင်ရှားရှိသော ရုပ်တရား၊ နာမ်တရားလည်းမဟုတ်။ ထိုသဏ္ဌာန်ပညတ်တော်သည် ကိုလေသာ

တို့ကိုလည်းအကြွင်းမရှိမသတ်တတ်။ကိလေသာတို့ကိုအကြွင်းမ
ရှိသတ်တတ်သောအရဟာဒ္ဒမဂ်ဉာဏ်တော်၏ အကြောင်းခံ ဖြစ်
သော ထင်ရှားရှိသော ရုပ်တရား၊ နာမ်တရားလည်းမဟုတ်။ ထို
သဏ္ဌာန်ပညတ်တော်သည်။ မူလကိုကပင်ဘာမျှမရှိသောအဘာ
ဝတရားသာလျှင် ဖြစ်သောကြောင့်။ဂင်းသဏ္ဌာန်ပညတ်တော်ကို
ဝိဇ္ဇာစရဏ စသော ဂုဏ်တော်တို့နှင့် ပြည့်စုံသော ဘုရားဟူ၍
လည်း ညွှန်ပြအပ်စရာမရှိ။ ထိုသဏ္ဌာန်ပညတ်တော်သည်။ ဖြည့်
ဆည်းဘူးအပ်သောပါရမီတော်ကုသိုလ်အစွမ်းကြောင့်။ ဖြစ်ပေါ်
လာသော(၃၂) ပါးသော **လက္ခဏာ**တော်ကြီး၊ ရှစ်ဆယ်သော
လက္ခဏာတော်ငယ်တို့၏ဖြိုရာတည်ရာလည်းမဟုတ် ထိုသဏ္ဌာန်
ပညတ်တော်သည် ရောင်ခြည်တော်ခြောက်သွယ်ဟူသမျှတ်အပ်
သော ဆန်းကြယ်သောအဆင်းတော်တို့၏ တည်ရာဖြိုရာဖြစ်၏ဟူ
၍လည်းညွှန်ပြအပ်စရာမရှိ၊အဘယ်ကြောင့်မရှိလေသနည်းဟူမူ၊
အဆင်းတော်ဟူသမျှတို့သည်။ ဗိမိတို့၏ဖြိုရာဖြစ်သော ထင်ရှားရှိ
သော မဟာဘုတ်တို့ကိုသာလျှင် မှီ၍ ဖြစ်ကြကုန်၏။ ထိုဘာမျှမရှိ
သော အဘာဝဟု ဆိုအပ်သော သဏ္ဌာန်ပညတ်ကိုမှီ၍ ဖြစ်မှုမရှိ
ကုန်။ ထိုကြောင့်အဆင်းတော်တို့၏တည်ရာဖြိုရာဟူ၍လည်း ညွှန်
ပြအပ်စရာမရှိ။ထိုအဘာဝမျှဖြစ်သော သဏ္ဌာန်ပညတ်တော်ကို။
ဤပုဂ္ဂိုလ်သည်လောကဌ် တစုံတယောက်သောသူနှင့်လည်းမတူ။
စင်စစ်သီလဂုဏ်၊သမာဓိဂုဏ်၊ပညာဂုဏ်စသော ‘များစွာသော
ဂုဏ်တို့ဖြင့်လည်း။ တူးကဲလွန်ကဲ၏ဟူ၍လည်းညွှန်ပြအပ်စရာ မ
ရှိ ထိုထူးကဲလွန်ကဲသောဂုဏ်တော်တို့ကြောင့်။စင်စစ်ရှိသေလေး
ဖြတ် ရှိခိုးပူဇော်ထိုက်၏ ဟူ၍လည်း ညွှန်ပြအပ်စရာမရှိ။ အဘယ်
ကြောင့်ညွှန်ပြအပ်စရာမရှိလေသနည်းဟူမူ။ မူလကိုကပင်ဘာမျှ
မရှိသော အဘာဝ တရားမျှသာ ဖြစ်သောကြောင့် တည်း။ ထို
ကြောင့် ညွှန်ပြအပ်စရာမရှိဟုမှတ်။ ထိုဆိုအပ်ပြီးသောအခြင်းအ
ရာတို့ဖြင့် ညွှန်ပြအပ်စရာမရှိသော ကာလပိမုတ်ဖြစ်သော မူလ
ကိုကဘာမျှမရှိသောအဘာဝမျှသာဖြစ်သောဂင်းသဏ္ဌာန်ပညတ်
တော်ကို။ထင်ရှားရှိသော ဗုဒ္ဓအဖြစ်ကိုပြုလုပ်၍ အောက်မေ့နေရ

မည်ဟု ဘုရားအစရှိသောသူတော်ကောင်းတို့သည်။ အဘယ်မှာ ပြဆိုဆုံးမပါအံ့နည်း။စင်စစ်မပြဆိုမဆုံးမဟုမှတ်ပါလေ။ ထိုသို့မ ပြမဆိုဆုံးမသောကြောင့်ရှိရှိသမျှသောသင်္ခါယနာတင်ပါဋ္ဌိတော် တို့၌။ ။ဣဒေါဘိက္ခု တ ဃောဂတံ အနုဿရေယျာသိ။ ဇုဒ္ဓသဏ္ဌာန ပညတ္တိ။ ။ဟုမလာမရှိ။ ဘုရားဟောပါဋ္ဌိတော်တို့၌သာလျှင် မလာမရှိသည် မဟုတ်သေး။ ဇုဒ္ဓါနုဿတိကို ဘွင့်ဆိုအပ်သော အဋ္ဌကထာတို့တွင်။ တစုံဘုရားသောအဋ္ဌကထာတို့၌ သော်လည်း။ ဇုဒ္ဓါနုဿတိ ံဘာဝေတုကာမေန ယောဂိနာ ဇုဒ္ဓသဏ္ဌာနပညတ္တိ အနုဿရိတဗ္ဗာ။ ။ဟူ၍ပြဆိုမှုသည်အလျဉ်းပင်မလာမရှိ။ ထို သို့ကျမ်းဂန်တို့၌ ဟိုက်ရိုက်ပြဆိုမှုမရှိသည်ကို စင်စစ်စွန့်ပစ်အပ် ထိုက်သည်သာတည်း။ အဂယ်၍မစွန့်ပစ်ဘဲ ဘာမျှမရှိသော အ ဘာဝဖြစ်သော သဏ္ဌာန်ပညတ်တော်ကို။ ဇုဒ္ဓပြု၍ အောက်မေ့ခဲ့ လျှင်။ မူလကိုက ဘာမျှမရှိသည်ကို။ သဠာလေးပါးကို သိတတ် သောဘုရားပြု၍ ကိုးကွယ်ကြသော သူတို့၏ အဖြစ်သို့သာ ကျ ရောက်တတ်ကြ၏။ထိုကြောင့်အထူးဆင်ခြင်စဉ်းစားကြလေကုန်။

ဇုဒ္ဓအစစ်မှာ၊ စင်စစ်ဘာမျှမရှိသော သဏ္ဌာန်ပညတ်မဟုတ်။ ပရမတ္ထသဘောတရားစုသာ ဇကန်ဖြစ်ပေ၏။ ဖြစ်ပုံကိုထင်ရှားပြ ဦးအံ့။သိဒ္ဓတ်မင်းသားဟုခေါ်ဝေါ်သမုတ်အပ်သောဘုရားလောင်း သည်။တုသိတာနတ်ပြည်၌ဖြစ်သော ခဏ္ဍာအစဉ်၏ စုတိစိတ် ချုပ် သည်ရှိသော်။ထိုစုတိစိတ်၏ အနန္တရ'သမနန္တရ၊အနန္တရ၊ဥပနိဿ ယ၊ နတ္ထိ၊ ဝိဂတ၊ တည်းဟူသော ငါးပစ္စယသတ္တိကို ခံယူလျက်။ မယ်တော်မာယာဝမ်းခွဲ သောမနုဿ သဟဂုတ် ဉာဏသမ္ပယုတ် သသခါရိကစိတ်ဖြင့် ပဋိသန္ဓေနေ၏။ ထိုပဋိသန္ဓေစိတ် နှင့် အတူ အာရုံကို တွေ့ဘတ်သော သဘောဖသ။ အာရုံကို ခံစား တတ် သောသဘောဝေဒနာ။ အာရုံသို့မှတ်တတ်သောသဘောသညာ။ အာရုံ၌သမ္ပယုတ်တရားတို့ကိုစေ့ဆော်ပြုလုပ်တတ်သောသဘော စေတနာ။အာရုံ၌သမ္ပယုတ်တရားတို့ကို မပျံ့မလွင့်တည်စေတတ် သောသဘော ဇကဂ္ဂတာ။ အာရုံ၌ဖြစ်သော သမ္ပယုတ်တရားတို့

ကို စောင့်ရှောက်တတ်၊ အစိုးရတတ်သော သဘော ဇီဝိတိန္ဒြေ။ အာရုံသို့ သဖွယ်တတ်ရားတို့ကိုရှေ့ရှုဖြစ်စေတတ်သော သဘော မနသိကာရ။ အာရုံသို့သဖွယ်တတ်ရားတို့ကို ရောက်အောင်တင်တတ်သောသဘော ဝိတက်၊ အာရုံ၌ သမ္ပယုတ်တရားတို့ကို သုံးသပ်စေတတ်သော သဘောဝိစာရ။ အာရုံကိုဆုံးဖြတ်တတ်သော သဘောအဓိမောက္ခ။ အားထုတ်သောသဘော ဝိရိယ။ နှစ်သက်တတ်သောသဘောပီတိ။ ပြိုလုပ်လိုသောသဘောဆန္ဒ။ ယုံကြည်တတ်သောသဘောသद्ধा။ အောက်မေ့တတ်သောသဘောသတိ။ ရှက်တတ်သောသဘောဟိရိ။ ထိတ်လန့်သောသဘောဩတ္တပ္ပ။ မလိုချင်သောသဘောအလောဘ။ မမုန်းတတ်သောသဘောအဒေါသ။ သမ္ပယုတ်တရားတို့ကို အယုတ်အလွန်သို့မရောက်စေဘဲ အမျှဆောင်တတ်သော သဘော တတ္တ မဇ္ဈတ္တတာ။ စေတသိက် အပေါင်း၏ ငြိမ်းခြင်းသဘော ကာယပဿद္ধိ။ စိတ်၏ ငြိမ်းခြင်းသဘောစိတ္တပဿद္ধိ။ စေတသိက်အပေါင်း၏ ပေါ့ပါးလျင်မြန်သည်၏အဖြစ်သဘော ကာယလဟုတာ။ စိတ်၏ပေါ့ပါးလျင်မြန်သည်၏အဖြစ်သဘော စိတ္တလဟုတာ။ စေတသိက် အပေါင်း၏ နူးညံ့သည်၏အဖြစ်သဘော ကာယမုဒုတာ။စိတ်၏နူးညံ့သည်၏အဖြစ်သဘော စိတ္တမုဒုတာ။စေတသိက်အပေါင်း၏ခွံ့သည်၏ အဖြစ်သဘောကာယကမ္မညတာ။စိတ်၏ခွံ့သည်၏အဖြစ်သဘောစိတ္တကမ္မညတာ။ စေတသိက်အပေါင်း၏ မနောကျင်သည်၏အဖြစ်သဘော ကာယပါဂုညတာ။စိတ်၏မနောကျင်သည်၏အဖြစ်သဘောစိတ္တပါဂုညတာ။ စေတသိက်အပေါင်း၏ ဖြောင့်မတ်သည်၏ အဖြစ်သဘော ကာယုဇုကတာ။စိတ်၏ဖြောင့်မတ်သည်၏အဖြစ်သဘော စိတ္တုဇုကတာ။အာရုံကိုဟုတ်မှန်သောအတိုင်း သိတတ်သောသဘော ပညာ။ ဤဆိုအပ်သော စိတ်နှင့်အညီအညွတ် အပြားအားဖြင့် ယှဉ်၍ ဖြစ်ကုန်သော စေတသိက်ဟု ဆိုအပ်ကုန်သော နုမနလက္ခဏာ ရှိကုန်သော နာမ်တရားတို့လည်း။ တပြိုင်နက်တချက်တည်းဖြစ်ပေါ် ကြကုန်၏။ ထိုမှတပါး၊ ဝတ္ထုဒသက ကလာပ်။ ကာယဒသက ကလာပ်၊ ဘာဝဒသက ကလာပ်ဟု ဆိုအပ်ကုန်

သော ရုပ်ကလာပ်သုံးစည်းတို့သည်လည်း။ ၎င်းပဋိသန္ဓေစိတ်နှင့် အတူတကွ မရှေးမနှောင်း တပြိုင်နက် တချက်တည်း ဖြစ်ပေါ် ကြကုန်သေး၏။

ထိုသို့ဖြစ်ပေါ် ကြကုန်သော ပရမတ္ထသဘောတရား တို့တွင်။ ပဋိသန္ဓေ စိတ်လည်း သဏ္ဌာန်ပညတ် မဟုတ်။ သဏ္ဌာန်မှ လွတ်သော ပရမတ္ထသဘောသာလျှင်ဖြစ်၏။၎င်းပဋိသန္ဓေစိတ်နှင့် ယှဉ်သော စေတသိက် (၃၃)ပါးလည်း သဏ္ဌာန် ပညတ် မဟုတ်။ သဏ္ဌာန်မှလွတ်သောပရမတ္ထသဘောသာလျှင်ဖြစ်၏။ရုပ်ကလာပ်သုံးစည်းတို့တွင်။တစည်းတစည်းခ္ဍာ်ရှိသောတည်ရာသဘောပထဝီလည်းအမှုံ၊အမ္ဗား၊သဏ္ဌာန်မဟုတ်။အာပေါခေါ်အပ်သောအတူဖြစ်သော ကလာပ်ရုပ်တို့ကို ဖွဲ့ကပ်တတ်သောသဘောလည်း အမှုံ၊အမ္ဗားစသော သဏ္ဌာန်မဟုတ်။တေဇောဟုခေါ်အပ်သော အပူသဘောလည်း သဏ္ဌာန်မဟုတ်။ ကလာပ်တို့ကို အချင်းချင်း ထိအောင်တွန်းကန်တတ်သော ဝါယောဟုဆိုအပ်သောသဘောလည်း သဏ္ဌာန်မဟုတ်။ ၎င်းဘုတ်တို့ကို မှီ၍ဖြစ်သော အဆင်းသဘော၊အနံ့သဘော၊အရသာသဘော၊အာဟာရဇရုပ်တို့ကို တိုးပွါးစေတတ်သော ဩဇာသဘော တို့လည်း။ အမှုံ၊အမ္ဗားစသောသဏ္ဌာန်မဟုတ်ကုန်။အတူဖြစ်သောရုပ်တို့ကိုစောင့်ရှောက်တတ်သော ဇီဝိတခေါ်အပ်သော သဘောလည်း သဏ္ဌာန်မဟုတ် ပဋိသန္ဓေစိတ်၏ တည်ရာဖြစ်သော ဟာဒယဝတ္ထုလည်း သဏ္ဌာန်မဟုတ်။ကာယာအကြည် ဘာဝရုပ်တို့လည်း သဏ္ဌာန်မဟုတ်ကုန် စင်စစ် ထင်ရှားရှိသော ပရမတ္ထသဘောတရားတို့ သာလျှင် ဖြစ်ကုန်၏။ ထိုပရမတ္ထ သဘောတရားစု ဖြစ်ပေါ်သည်ကို ပင်လျှင်။ ဘုရားလောင်း သိद्ध တ်မင်းသား ပဋိသန္ဓေ နေသည်ဟု လောကဝေါဟာရဖြင့် ခေါ်ဝေါ် ကြကုန်၏။ ထိုပဋိသန္ဓေစိတ်သည် ဒ္ဋိသို့ရောက်သောအခါ။ ဆက်လက်၍ကမ္မဇလောပ်သုံးစည်း။ ရှေ့ဥပါဒ်အခါကဖြစ်သော ကမ္မဇကလောပ်သုံးစည်းခ္ဍ ပါရှိသော တေဇောခါတ်သုံးခုသည် ဒ္ဋိသို့ရောက်သဖြင့်။ ၎င်းတေဇောခါတ် သုံးခုတို့

ကြောင့် ဥတုဇကလာပ်သုံးစည်းဖြစ်ပြန်၏။ ပဋိသန္ဓေစိတ်သည် ဘင်သို့ရောက်သောအခါဆက်လက်၍ ကမ္မဇသုံးစည်း၊ ဥတုဇခြောက်စည်းဖြစ်ပြန်၏။ ဤသို့လျှင် ပဋိသန္ဓေစိတ်၏ခဏတွင်ယခု။ကမ္မဇကလာပ်(၉)စည်း၊ဥတုဇကလာပ်(၉)စည်း၊ ပေါင်း(၁၈)စည်းဖြစ်၏။ ထို(၁۸)စည်းသော ကလာပ်တို့သည်။ အချင်းချင်း ထိစပ်ဖွဲ့ယှက်စုပေါင်း၍ ဖြစ်ကြကုန်၏။ ထိုသို့ပင် ရုပေါင်း၍ ဖြစ်ကြကုန်သော်လည်း။ဂင်းကလာပ်ရုပ်တို့စုပေါင်းကြကုန်သည်မှတပါး။အလွတ်သက်သက်အမှုံ၊အမှား၊အလုံး၊အပြားစသော သဏ္ဌာန်တရုမရှိဟုမှတ်။ဤနည်းကိုမှီ၍ မွေးဖွါးသည်တိုင်အောင်။ ကမ္မဇ၊စိတ္တဇ ဥတုဇ၊အာဟာရဇကလာပ်တို့သည်သာလျှင်။ အချင်းချင်းထိစပ်ဖွဲ့ယှက်စုပေါင်း၍ ဖြစ်ကြကုန်၏။ ထိုသို့ပင် အချင်းချင်း ထိစပ်ဖွဲ့ယှက်စုပေါင်း၍ ဖြစ်ကြ ကုန်သော်လည်း။ ဂင်းကလာပ်ရုပ်တို့ စုပေါင်းသည်မှတပါး။ အဂ္ဂရည်၊ဒေတို၊ဒေဝန်းစသော သဏ္ဌာန်တရုဖြစ်ပေါ်၍မရှိဟုသိကြလေ။ ထိုရုပေါင်း၍ဖြစ်ပေါ်နေသောရုပ်ကလာပ်ဟုဆိုအပ်သော ပရမတ္ထတရားတို့သည်။ စိတ္တဇကွဏ (၁۷) ချက်ခန့်တည်၍ချုပ်ကွယ်ကြကုန်၏။ သဏ္ဌာန်ပညတ်သည်ကား။ မူလကိုကပင် ဘာမျှမရှိသောကြောင့် ဖြစ်စရာလည်းမရှိ၊ ချုပ်စရာလည်းမရှိသော အဘာဝမျှသာဖြစ်၏။ဤသို့လျှင်မွေးဖွါးသည်ကစ၍ ဗေဒါပင်ရင်းသို့ ရောက်သည်တိုင်အောင်၊ အစဉ်မပြတ်ရုပ်ကလာပ်တို့သည်သာလျှင် ဆက်စပ်စုပေါင်း၍ ဖြစ်နေကြကုန်၏။ ထိုဖြစ်နေကုန်သော ကလာပ်တို့တွင် တစုံတရုသောကလာပ်ကသော်လည်း။ သဏ္ဌာန်တရုဖြစ်၍မလာနိုင်။ စင်စစ်ရုပ်ကလာပ်ဟုခေါ်ဆိုအပ်သော ပရမတ္ထတရားအစုအပေါင်းမျှသာ ဖြစ်၏ဟုသိကြလေ။

နာမ်တရားမူကား:စိတ်နှစ်ခုပြိုင်၍ဖြစ်ရိုးမရှိ။ တရုချုပ်မှတရုဖြစ်ပေါ်မြဲ မွေတာရှိ၏။ ထိုနာမ်တရား တို့သည်လည်း စင်စစ်သဏ္ဌာန်မဟုတ်။ထင်ရှားရှိသော ပရမတ္ထသဘောတရားတို့သာလျှင်တည်း။ ထိုပရမတ္ထဖြစ်သော ထင်ရှားရှိသော နာမ်တရားတို့

တွင် ခံစားတတ်သောသဘောဝေဒနာသည် ဝေဒနာဂုဏ်မည်၏။ မှတ်တတ်သောသညာသဘောသည်သညာဂုဏ်မည်၏။ ဝေဒနာသညာမှ ကြွင်းသော ဖဿစသော စေတသိက်တရား အပေါင်းသည်သင်္ခါရဂုဏ်မည် ၏။ စိတ်ဝိညာဏ်သည် ဝိညာဏဂုဏ်မည်၏။ ရှေးဦးပြဆိုခဲ့ပြီးသော ဆက်စပ်စုပေါင်း၍ဖြစ်သော ရုပ်ကလာပ်အစုသည် ရူပဂုဏ်မည်၏။ ထိုဆိုအပ်ပြီးသောပရမတ္ထခန္ဓာ အပေါင်းအစုကိုသာလျှင်အဲ့ပြု၍။ သတ္တဝါပုဂ္ဂိုလ်၊ဘုရားလောင်းစသည်ဖြင့်သမုတ်အပ်လေသည်။ ထိုသို့ သမုတ်အပ်ကြောင်းကို လည်း။ သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်၌။ ။ယထာပိ အင်္ဂသမ္ဘာရာ။ဟောတိ သဒ္ဒေါရထောဇာတိ၊ဧवံခန္ဓေသု သန္တေသု။ ဟောတိ သတ္တောတိ သမ္မုတိ။ ။ဟူ၍ ဟောတော်မူအပ်သော ဒေသနာတော်ကို ထောက်၍သိလေ။ ။အင်္ဂ သမ္ဘာရာ၊ ဝင်ရိုး၊ လှည်းဘီးအစရှိသော အစိတ်သမ္ဘာရရှိသောကြောင့်။ သဒ္ဒေါရထောဇာတိ၊ လှည်း၊ရထားဟူသော။ ဝေါဟာရော၊ အခေါ်အဝေါ်သည်။ ဟောတိယထာပိ၊ဖြစ်သကဲ့သို့။ ဧवံတထာ၊ထိုအတူ။ ခန္ဓေသု၊ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ သန္တေသု၊ထင်ရှားရှိကုန်သည်ရှိသော်။သတ္တောတိ သတ္တဝါဟူသော။ သမ္မုတိ၊သမုတ်ခြင်းသည်။ဟောတိ၊ဖြစ်၏။ ။ဤသို့ဟောတော်မူအပ်သောဒေသနာတော်ကိုထောံ၍။ ပရမတ္ထခန္ဓာငါးပါး အစုပေါင်းကိုသာလျှင် အစွဲပြု၍၊ သတ္တဝါ ပုဂ္ဂိုလ် ဘုရားလောင်းစသည်ဖြင့် သမုတ်အပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။ ။ဗောဓိပင်သို့ ရောက်ပြီးသော ထိုဘုရားလောင်းဟုသမုတ်အပ်သောပရမတ္ထခန္ဓာတော်ကို အကြင်မျှလောက် အရဟတ္တမဂ်ဉာဏ်တော်ဖြင့်၊ သစ္စာလေးပါးတရားတို့ကိုထိုးတွင်း၍မသိသော။ထိုမျှလောက်ကာလပတ်လုံး ဗုဒ္ဓအဖြစ်သို့ရောက်ပြီဟု မဆိုရသေး၊ အကြင်အခါ အရဟတ္တမဂ်ဉာဏ်တော်ဖြင့်၊ နိဗ္ဗာန်သစ္စာ တည်းဟူသော အသင်္ခတဓါတ် နိဗ္ဗာန်ကိုမျက်မှောက်ပြု၍ သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိပြီးလျှင်၊ ဝါသနာနှင့်တကွဖြစ်သော ကိလေသာတို့ကို အကြွင်းမရှိကုန်ခန်းစေ၏။ထိုအခါကစ၍ ဗုဒ္ဓအဖြစ်သို့ရောက်ဆဲဖြစ်၏။ထို

နောက် အရဟာ ဘုရားဖြစ်သို့ရောက်၏။ ထိုအခါဗုဒ္ဓအဖြစ်သို့ ရောက်ပြီးဖြစ်လေတော့၏ဟုမှတ်။ ထိုသို့ မှတ်စေလိုကောင်မူသော ဤကအာဂုံတွေရအဋ္ဌကထာရှင်သည်။ ဤကပုဂ္ဂလကထာအဘွင့်၌။ ။အရဟာတ္တမဂ္ဂကွဲကောပန၊ ဥပ္ပဇ္ဇတိနာမ။ ။ဟူ၍လည်းကောင်း။ ။အရဟာတ္တဖလကွဲကော. ဥပ္ပန္နောနာမ။ ။ဟူ၍လည်းကောင်းမိန့်ဆိုတော်မူလေပြီ။ ။အနုက်သိကြောင်း မြန်မာပြန်ကား။ ။ပန၊ ဗုဒ္ဓအဖြစ်သို့ ရောက်လတ္တံ့သည်မှ တပါး ဗုဒ္ဓအဖြစ်သို့ရောက်ဆဲကိုဆိုဦးအံ့။ ၀၊ ဘုရားအဖြစ်သို့ ရောက်လတ္တံ့သည်မှတပါး ဘုရားအဖြစ်သို့ ရောက်ဆဲကိုဆိုဦးအံ့။ အရဟာတ္တမဂ္ဂကွဲကော၊ အရဟာတ္တမဂ်ဉာဏ် ဖြစ်ဆဲခဏ၌၊ ဥပ္ပဇ္ဇတိနာမ၊ ဘုရားဖြစ်ဆဲမည်၏။ ၀၊ ဗုဒ္ဓအဖြစ်သို့ ရောက်ဆဲမည်၏။ ။အရဟာတ္တဖလကွဲကော၊ အရဟာတ္တဖိုလ်ဖြစ်ဆဲခဏ၌၊ ဥပ္ပန္နောနာမ၊ ဘုရားဖြစ်ပြီးသည်မည်၏။ ၀၊ ဗုဒ္ဓအဖြစ်သို့ ရောက်ပြီးသည်မည်၏။ ။ဤသို့ပြုဆိုအပ်သော အဋ္ဌကထာကိုထောက်၍။ အရဟာတ္တ မဂ္ဂကွဲကဟုပင် ဗုဒ္ဓအဖြစ်သို့ ရောက်သည်ကိုလည်းကောင်း။ အရဟတ္တဖိုလ်ခဏ၌ဗုဒ္ဓအဖြစ်သို့ ရောက်ပြီးသည်ကိုလည်းကောင်း။ ထင်ရှားသိကြလေ။

ထိုဘုရားအဖြစ်သို့ရောက်ပြီးသောဘုရားဟုသမုတ်အပ်သော ခန္ဓာတော်အစုအပေါင်းခွဲကား။ အရဟာတ္တမဂ်ဉာဏ်တော်နှင့် တကွသာလျှင်။ အလုံးစုံသော သဗ္ဗညုတဉာဏ်တော်စသော ဂုဏ်တော်အပေါင်းသည် လာရောက်ပြည့်စုံလေတော့သည်သာတည်း။ ထိုသို့လာရောက်ပြည့်စုံတော်မူသည်၏အဖြစ်ကို သိစေတော်မူလိုသောအဋ္ဌကထာရှင်သည်။ ဤကအာဂုံတွေရအဋ္ဌကထာကျမ်းနံပါတ် (၇၉)မျက်နှာ၌။ ။သဟောပန အရဟာတ္တမဂ္ဂေန သကလောပိ သဗ္ဗညုတညာဏာဒိဂုဏာရာသိ အာဂတောဝနာမ ပေါတိ။ ။ဟူ၍မိန့်ဆိုအပ်သည်ကိုထောက်၍သိလေ။ ။မြန်မာပြန်ကား။ ။ပန၊ စင်စစ်သော်ကား။အရဟာတ္တမဂ္ဂေန၊အရဟာတ္တမဂ်နှင့်။သဟော ၀၊တကွသာလျှင်။သကလောပိ၊အလုံးစုံလည်းဖြစ်သော။ သဗ္ဗညုတညာဏာဒိဂုဏရာသိ၊ သဗ္ဗညုတဉာဏ်တော်အစရှိသော ဂုဏ်

တော်အစုသည်။ဝါ ဂုဏ်တော်အပေါင်းသည်။ အာဂတောဝနာ မ၊လာရောက်သည်မည်သည်သာလျှင်။ ဟောတိ၊ဖြစ်၏။ ။ဤသို့ ပြဆိုတော်မူအပ်သော အဋ္ဌကထာ စကားတော်ကို ထောက်၍ လည်း၊အရဟတ္တမဂ်ဉာဏ်တော်နှင့်တကွသာလျှင်။အလုံးစုံသော သဗ္ဗညုတဉာဏ်တော်စသော ဘုရားဂုဏ်တော်ဟူသမျှတို့ လာ ရောက် ပြည့်စုံသည်၏အဖြစ်ကို ထင်ရှားသိကြလေ။ ။ဤအဋ္ဌ ကထာဖြင့်သာ သိရသည်မဟုတ်သေး။ ။ပုဂ္ဂလပညတ် အဋ္ဌက ထာရှင်သည်။ ကျမ်းနံပါတ် (၃၅)မျက်နှာ၌။ ။ဗုဒ္ဓါနံ အရဟတ္တ မဂ္ဂသ အာဂမနတော ပထာယ အယံနာမဂုဏော နအာဂတော နဲ ပဋိပိဒ္ဓါ နပဋ္ဌကော့ဘိ နဝတ္ထဗ္ဗော။ သဗ္ဗေပိ သဗ္ဗညုဂုဏာ အာဂတာ ပဋိပိဒ္ဓါ ပဋ္ဌကတာဝ ဟောန္တိ။ ။ဟူ၍ပိန့်ဆိုအပ် သည်ကိုထောက်၍လည်းသိလေဦး။ ။မြန်မာပြန်ကား။ ။ဗုဒ္ဓါနုံ၊ ဘုရားရှင်တို့အား။ အရဟတ္တမဂ္ဂသ၊ အရဟတ္တမဂ်၏။ အာဂမန တော လာရောက်သည်မှ။ ပဋ္ဌာယ၊စ၍။ အယံနာမ ဤအမည်ရှိ သော၊ဂုဏော၊ ဂုဏ်ကျေးဇူးတရားတော်သည်။ နအာဂတော၊မ လာမရောက်သေးသည်။ နပဋိပိဒ္ဓါ၊ ထိုးထွင်း၍ မသိအပ်သေး သည်။နပဋ္ဌကော၊မျက်မှောက်မပြုအပ်သေးသည်။ဟောတိ၊ဖြစ်၏ ဇုတိ၊သို့။ နဝတ္ထဗ္ဗော၊ မဆိုအပ်။ ဝါ၊ မဆိုသင့်။ သဗ္ဗေပိ၊ အလုံးစုံ လည်းဖြစ်ကုန်သော။ သဗ္ဗညုဂုဏာ၊ သဗ္ဗညုတဉာဏ်တော်အစ ရှိကုန်သော ဂုဏ်ကျေးဇူးတော်တို့သည်။ အာဂတာ၊ ရှေရှုလာ ရောက်ကုန်သည်။ ပဋိပိဒ္ဓါ၊ထိုးထွင်း၍သိအပ်ကုန်သည်။ ပဋ္ဌကတာ ဝ၊မျက်မှောက်ပြုအပ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန် ၏။ ။ဤသို့ပြဆိုအပ်သောအဋ္ဌကထာရှင်၏စကားတော်ကိုထေမံ ၍လည်း။အရဟတ္တမဂ်ဉာဏ်တော်နှင့်အတူကကွသာလျှင် အလုံး စုံသောသဗ္ဗညုတဉာဏ်တော် အစရှိသော ဘုရားရှင်တို့၏ ဂုဏ် တော်ဟူသမျှတို့သည်။ စင်စစ် လာရောက်ပြည့်စုံကုန်သည်၏ အ ဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပြဆိုအပ်ပြီးသော အရဟတ္တမဂ် ဉာဏ်တော်နှင့်တကွ အလုံးစုံသောသဗ္ဗညုတဉာဏ်တော်အစရှိ သော အတိုင်းမသိသော ဘုရားဂုဏ်တော်တို့ နှင့် ပြည့်စုံတော်မူ

သော သိဒ္ဓတ်မင်းသား၏ ပရမတ္ထခန္ဓာတော်၏ဖြစ်စဉ်ကိုသာလျှင်။ ဝါ အစဉ်မပြတ်ဖြစ်နေသော ပရမတ္ထခန္ဓာတော်ကိုသာလျှင်။ ဗုဒ္ဓ ဟုခေါ်ဆိုအပ်သည်ဟု မှတ်ကြလေ။ထိုသို့မှတ်စေတော်မူလိုသော သိလက္ခန်ဒီကာရှင်သည်။ ။အတ္ထတောပန ပါရမိတာ ပရိဘာဝိ တော သယမ္ဘူ။ဉာဏေန သဟဝါသနာယ ဝိဟာတဝိဒ္ဓံသတ နိရ ဝသေသကိလေသော မဟာကရုဏာ သဗ္ဗညုတညာဏာဒိ အပ ရိမေယျ ဂုဏာဂဏာဝါရော ခန္ဓိသန္တာနော ဗုဒ္ဓေါ။ ။ဟူ၍မိန့်ဆို လေသည်။

မြန်မာပြန်ကား။ ။အတ္ထတောပန၊ သဘောသရုပ်အားဖြင့် ကား။ ပါရမိတာပရိဘာဝိတော၊ပါရမိတော်တို့ဖြင့်ထုံအပ်သော သယမ္ဘူ။ဉာဏနေန၊ သယမ္ဘူ။ဉာဏ်တော်ဖြင့်။ ဝါသနာယ၊ ဝါသ နာနှင့်။ သဟ၊တကွ။ ဝိဟာတဝိဒ္ဓံသတနိရ ဝသေသ ကိလေသော၊ ပယ်ဖျောက်ဖျက်ဆီးအပ်ပြီးသော ကိလေသာရှိတော်မူသော။ မ ဟာကရုဏာ သဗ္ဗညုတ ညာဏာဒိ အပရိမေ ယျ ဂုဏာဂဏာဝါ ရော၊မဟာကရုဏာဉာဏ်၊ သဗ္ဗညုတဉာဏ်တော် အစရှိသော မနှိုင်းယှဉ်အပ်သောဂုဏ်တော်အပေါင်းတို့၏ တည်ရာဖြစ်သော ခန္ဓသန္တာနော၊ ပရမတ္ထခန္ဓာတို့၏ ဖြစ်စဉ်သည်။ ဝါ၊ အစဉ်မပြတ် ဖြစ်နေသော ပရမတ္ထခန္ဓာတော်သည်။ဗုဒ္ဓေါ၊ဗုဒ္ဓမည်၏။ဝါ၊သစ္စာ လေးပါးတရားတို့ကို အကြွင်းမရှိထိုးထွင်း၍သိတတ်သော ဘုရား မည်၏။ ။ဤသို့ ပြဆိုအပ်သော သိလက္ခန် ဒီကာကို ထောက် ၍လည်းကောင်း။ ။ထိုမှတပါး။အာပဒါနိအဋ္ဌကထာ၌။ ။အထ ဝါ ဗောဓိဝုစ္ဆတိ စတ္တာသုမဂ္ဂေသု ဉာဏံ။ တေနဉာဏေန သဂ္ဂ လ ဒိယာဒုသဟာသကိလေသာဒိ ဂဏော ခေပေတ္မာ နိဗ္ဗာနာဓိဂမနေ တောဉာဏံ ဗောဓိတိ ဝုစ္စတိ။ တေနသမ္မယုတ္တော သမဂ္ဂီဘူတော ပုဂ္ဂလောဗုဒ္ဓေါ။ ။ဟူ၍လည်းမိန့်ဆိုသေး၏။ ။မြန်မာပြန်ကား။ ။ အထဝါ၊တနည်းဟူသား။ စတ္တာသု၊လေးပါးကုန်သော။ မဂ္ဂေသု၊မဂ် တို့၌။ဉာဏံ၊ဉာဏ်တော်ကို။ ဗောဓိ၊ဗောဓိဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ ကသ္မာ၊အဘယ်ကြောင့်။ဗောဓိ ဗောဓိဟူ၍။ဝုစ္စတိ၊ဆိုအပ်သနည်း။

တေနဉာဏေန၊ ထိုဉာဏ်တော်ဖြင့်။ သကလဒိယဖုသဟာသ ကိ လေသာဒိုဂဏေ၊ အလုံးစုံသော တထောင့်ငါးရာ ကိလေသာစ သည်တို့၏အပေါင်းတို့ကို။ ခေပေတွာ၊ကုန်စေ၍။ နိဗ္ဗာနာဓိဂမနေ တော၊ နိဗ္ဗာန်ကိုထိုးထွင်း၍သိစေတတ်သောကြောင့်။ ဉာဏံ၊မဂ် ဉာဏ်တော်ကို။ဗောဓိ၊ဗောဓိဟူ၍။ဗုဇ္ဈတိ၊ဆိုအပ်၏။တေန၊ထိုမဂ် ဉာဏ်တော်နှင့်။ သမ္ပယုတ္တေဟိ အညီအညွတ်အပြားအားဖြင့်ယှဉ် သော။ သမဂ္ဂီဘူတော၊ ပြည့်စုံသည်ဖြစ်၍ဖြစ်သော။ ပုဂ္ဂလော၊သ မုတ်အပ်သောပုဂ္ဂိုလ်သည်။ ဝါ၊ပုဂ္ဂိုလ်ဟူသမုတ်အပ်သော ပရ မတ္ထခန္ဓာတော်သည်။ ဗုဒ္ဓေါ၊ဗုဒ္ဓမည်၏။ ။ဤသို့ပြဆိုအပ်သော အဋ္ဌကထာကိုထောက်၍လည်းကောင်း။ ထိုမှတပါး၊ ခုဒ္ဒကပါဋ္ဌ အဋ္ဌကထာဈာပျက်နှာနံပါတ် (၆)၌။ ။သဗ္ဗဒမ္မေသု အပ္ပဋိဟတ ဉာဏနိမိတ္တာ နုတ္တရိပမောက္ခာဓိဂမ ပရိဘာဝိတ ခန္ဓသန္တာနမ္ပ ပါဒါယ ပဏ္ဏတ္တိတော သဗ္ဗညုတညာဏ ပဒဋ္ဌာနံ၀ါ သစ္စာဘိ သမ္ဗောဓိမ္ပ ပါဒါယ ပဏ္ဏတ္တိတော သတ္တုဝိသေသော ဗုဒ္ဓေါနာမ။ ။ ဟူ၍လည်းမိန့်ဆိုသေး၏။ ။မြန်မာပြန်ကား။ ။သဗ္ဗဒမ္မေသု၊အ လုံးစုံသော တရားတို့၌။ ။အပ္ပဋိဟတဉာဏ နိမိတ္တာ နုတ္တရ ဝိ မောက္ခဓိဂမ ပရိဘာဝိတခန္ဓသန္တာန်၊ ပိတ်ပင် တားဆီးခြင်းမရှိ ဘဲ ကြွင်းမဲ့ကုန်စင် သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်၏ အ ကြောင်းဖြစ်သောပိပိထက်လွန်ကဲသောတပါးသောမဂ်မရှိသည် ၏အဖြစ်ကြောင့် အနုတ္တရမည်သော ကိလေသာတို့မှ ကင်းလွတ် ခြင်းသို့ ရောက်စေတတ်သော အရဟတ္တမဂ်ဉာဏ်တော်ဖြင့် ထုံ အပ်သော ပရမတ္ထခန္ဓာတော်ဖြစ်စဉ်ကို။ ဥပါဒါယ၊စွဲ၍။ ပဏ္ဏတ္တိ တော၊အပြားအားဖြင့်သိစေအပ်သော။ သတ္တုဝိသေသော၊သမုတိ သစ္စာမျှဖြစ်သော သတ္တဝါအထူးသည်။ ဗုဒ္ဓေါနာမ၊ဗုဒ္ဓမည်၏။ဝါ၊ တနည်းကား။ သဗ္ဗညုတညာဏပဒဋ္ဌာန်'သဗ္ဗညုတဉာဏ်တော် ၏နိုးစွာသောအကြောင်းဖြစ်သော၊သစ္စာဘိသမ္ဗောဓိ'၊သစ္စာလေး ပါးတရားတို့ကို ထိုးထွင်း၍ သိတတ်သော အရဟတ္တမဂ်ဉာဏ် တော်ကို။ဥပါဒါယ၊စွဲ၍။ပဏ္ဏတ္တိတော၊အပြားအားဖြစ်သိစေအပ် သော။သတ္တုဝိသေသော'သမုတိသစ္စာမျှဖြစ်သော သတ္တဝါအထူး

သည်၊ဗုဒ္ဓေါနာမ၊ဗုဒ္ဓမည်၏၊ ။ဤသို့ပြဆိုအပ်သော အင်္ဂုကထာ စကားတော်ကို ထောက်၍ လည်းကောင်း။ အရဟတ္တမဂ်ဉာဏ် တော်နှင့်တကွ။ အလုံးစုံသောသဗ္ဗညုတဉာဏ်တော်အစရှိသော အတိုင်းမသိသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော သမ္ဘတိ သစ္စာအားဖြင့် သိဒ္ဓတ်မင်းသားဟု ခေါ်ဝေါ်အပ်သော ပရမတ္ထ ခန္ဓာတော်ဖြစ်စဉ်ကိုသာလျှင် ဗုဒ္ဓဟူ၍ မှတ်ယူကြလေ။

ထိုသိဒ္ဓတ်မင်းသားဟုခေါ်ဝေါ်သမုတ်အပ်သော ပရမတ္ထခန္ဓာ တော်ဖြစ်စဉ်ကိုသားလျှင်။ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ် တော်စသော အတိုင်းမသိသော ဂုဏ်တော်တို့နှင့် ပြည့်စုံခြင်း ကြောင့်။ ထိုထိုသို့သောဂုဏ် တော်တို့ကိုအစွဲပြု၍။ အရဟံ၊သမ္မာ သမ္ဗုဒ္ဓေါစသည်ဖြင့်မျှားစွာ နာမည်တပ်၍ ဘုရားအစရှိသော သူ တော်ကောင်းတို့ခေါ်ဝေါ်သမုတ်အပ်လေသည် ထိုဂုဏ်တော်တို့ မရှိလျှင်။အရဟံ၊သမ္မာသမ္ဗုဒ္ဓေါစသည်ဖြင့်လည်းမခေါ်ဝေါ်အပ် ပြီ။နတ်လူတို့လည်း။ ပူဇော်ခြင်းစသည်ကိုမပြုအပ်လေပြီ။ စင်စစ် ပူဇော်ခြင်းစသည်တို့ကို ပြုလုပ်အပ်သည်မှာ။ ထိုဆိုအပ်ပြီးသော ဂုဏ်တော်တို့ကြောင့်ပင်ဖြစ်၏ဟု မှတ်ကြလေ။ ထိုကြောင့်ဘုရား ရှင်နှင့်တကွ အင်္ဂုကထာရှင်တို့သည်။ဤဗုဒ္ဓါနုဿတိအရာ၌။ ဂုဏ် တော်တို့ကိုသိရန်အလွန်အရေးကြီးသောကြောင့်။အရဟံစသော ဂုဏ်တော်တို့ကိုသားလျှင်တွေးတောအောက်မေ့တတ်သောသတိ ကိုပွါးများစေရန်၊ဟောပြောပြသတော်မူကြလေသည်ဟုမှတ်။

ထိုအောက်မေ့အပ်သော အရဟံစသော ဂုဏ်တော်တို့တွင်။ အရဟံ ဂုဏ်တော်သည် အဘယ်နည်းဟုမေးငြားအံ့။ ဗေဒင်ပင် ရင်းခို။ ဝါသနာနှင့်တကွဖြစ်သော ကိလေသာတည်းဟူသော ရန် သူတို့ကို အကြွင်းမရှိသတ်တတ်သော ထားလက်နက်နှင့်တူသော အရဟတ္တမဂ်ဉာဏ်တော်သည်။ စင်စစ်အရဟံဂုဏ်တော်မည်၏ ဟုဖြေဆိုရာ၏ ထိုသို့ဖြေဆိုအပ်သော အရဟတ္တမဂ်ဉာဏ်တော် သည်သာလျှင်။ အရဟံဂုဏ်တော်ဖြစ်ကြောင်းကို။ ။ပဝတ္တာ ရာ

ဂါဒိသခ်ိတာ။ သဒ္ဓေပိအရယောဟတာ။ ပညာသင္ဆေနု နာထေ
နု။ တသ္မာပိအရဟံမတော။ ။ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမိန့်ဆို
အပ်သောပါဠိတို့တွင် (ပညာသင္ဆေနု)ဟူသောပါဠိကိုထောက်၍
သိကြလေ။ ။မြန်မာပြန်ကား။ ။ယသ္မာ၊ အကြင်ကြောင့်။ နာ
ထေနု၊ မြတ်စွာဘုရားသည်။ ရဂါဒိသခ်ိတာ၊ ရာဂ အစရှိသည်
ဟုဆိုအပ်ကုန်သော။ သဒ္ဓေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော၊ အရ
ယော၊ကိလေသာတည်းဟူသောရန်သူတို့ကို။ ပညာသင္ဆေနု၊ အရ
ဟတ္တမဂ်ဉာဏ်တော်တည်းဟူသောထားလက်နက်ဖြင့်။ ဟတာ၊
သတ်ဖြတ်တော်မူလေပြီ။ တသ္မာပိ၊ ထိုထိုကိလေသာ တည်းဟူ
သောရန်သူတို့ကို အရဟတ္တမဂ်ဉာဏ်တော်တည်းဟူသော ထား
လက်နက်ဖြင့် သတ်ဖြတ်တော်မူသောကြောင့်လည်း။ နာထော၊
မြတ်စွာဘုရားကို။အရဟံ၊အရဟာမည်တော်မူ၏ဟူ၍။မတော၊သိ
အပ်၏။ဤပြဆိုအပ်သောအဋ္ဌကထာပါဠိတို့တွင်(ပညာသင္ဆေနု)
ဟူသောပါဠိဖြင့်။အရဟတ္တမဂ်ဉာဏ်တော်တည်းဟူသော ဂုဏ်
ထူးကိုပြ၏။ ထိုကြောင့်၊ အရဟတ္တမဂ်ဉာဏ်တော်သည် အရဟံ
ဂုဏ်တော်မည်၏ဟုမှတ်။ ထိုအရဟံဂုဏ်တော်ဟု ဆိုအပ်သော
သက်တော်ထင်ရှား ဘုရားခန္ဓာတော်၌ ဖြစ်သော အရဟတ္တမဂ်
ဉာဏ်တော်သည်။စင်စစ် ပညိန္ဒြေစေတသိက်တည်းဟူသော ပရ
မတ္ထတရား ဖြစ်၏။ ထိုပညိန္ဒြေ စေတသိက် တည်းဟူသော အရ
ဟတ္တမဂ်ဉာဏ်တော်ကိုသာလျှင် အာရုံပြု၍ အပေနတ်လဲလဲအော်
မြဲနေအပ်၏။ထိုအရဟတ္တမဂ်ဉာဏ်တော်ကိုသာ အပေနတ်လဲ
အောက်မြဲနေအပ်၏ဟု ဆိုသေ၏လည်း။ဘုရားခန္ဓာတော်၌ ဖြစ်
ပေါ်ရှိသော အရဟတ္တမဂ်ဉာဏ်တော်ကို ဘောက်ထွင်း၍ ဒိဋ္ဌသိ
မြင်မှုကိုမဆို။ ထိုကဲ့သို့ သိမြင်မှုကား။ အဘိညာဏ်၏ အရာ
တည်း။အဘိညာဏ်ကိုမရသောသုက္ခဝိပဿကရဟန္တာပင်ဖြစ်
သေ၏လည်း။ ဘုရားခန္ဓာတော်၌ ဖြစ်သော အရဟတ္တမဂ်ဉာဏ်
တော်ကိုထားဘိဦး။ သောတာပန်ဖြစ်သောသူ၏ သောတာပတ္တိ
မဂ်ကိုသေ၏လည်းဘောက်ထွင်း၍မသိမမြင်နိုင်။သောတာပတ္တိမဂ်
ကိုသာလျှင်မသိမမြင်နိုင်သည်မဟုတ်သေး။ ဗျာနစ်သောလောကီ

စိတ်နှင့်ပြည့်စုံနေမှုကိုလည်း ဘောက်ထွင်း၍မသိမမြင်နိုင်ဟုမှတ်။ ထိုသို့မသိမမြင်နိုင်လျှင်။ဘုရားခန္ဓာတော်၌ဖြစ်သောအရေဟာတွေမဂ် ဥာဏ်စသော လောကုတ္တရာဂုဏ်တော်တို့ကို ယောဂါဝစရဖြစ်သော ပုထုဇဉ်နိတ္တိသည်၊အာရုံမပြုနိုင်သည်မဟုတ်ပါ၊လောဟုမေးပြေားအုံ့။အာရုံပြုနိုင်၏ဟု ဖြေဆိုရာ၏။ အဘယ်သို့အာရုံပြုလေသနည်းဟုမေးပြေားအုံ့။ဤဂုဏ်တော်တို့သည် ဤဘုရားခန္ဓာတော်အစည်၌ ဂေါနိ၏။ ဂေါနိဖြစ်၏ဟုယုံကြည်သော သဒ္ဓါ၏အစွမ်းဖြင့် အာရုံပြုနိုင်သည်ဟုဖြေဆိုရာ၏၊ ထိုသို့ယုံကြည်သောသဒ္ဓါ၏ အစွမ်းဖြင့်သာအာရုံပြုနိုင်သည်၏အဖြစ်ကြောင့်သာ။မောရဇာတ်၌ ဘုရားလောင်းဥဒေါင်းမင်းသည်။ လောကုတ္တရာတရားဖြစ်သော မဂ်ဖိုလ်တို့ကိုအာရုံပြု၍ ဂိုဒိုးလေသည်။အာရုံပြု၍ဂိုဒိုးကြောင်းကို လည်း။ဒုဂေနိပါတ်ဇာတ်ပါဠိတော်၊မောရဇာတ်၌။ ။ယေဗြာဟ္မဏာ ဝေဒဂု သဗ္ဗဝမ္မေ။ တေမေ နမော တေစ မံပါလယန္တု။ နမက္ကာ ဗုဒ္ဓါနံ နမက္ကာ ဗောဓိယာ။ နမောဝိမုတ္တာနံ နမောဝိမုတ္တိယာ ဇုမံသော ပရိတ္တံ ကတ္တာ မောရောစရတိ ဇေသနာ။ ။ဟူ၍ဟောတော်မူအပ်သော ပါဠိတို့တွင် (ဗောဓိယာ) ဟူသော ပါဠိဖြင့်။ လောကုတ္တရာဖြစ်သော မဂ် ဖိုလ်တရားကိုပြ၏။(နမက္ကာ) ဟူသော ပါဠိဖြင့်။မောရဥဒေါင်းမင်း၏ခန္ဓာ၌ဖြစ်သော အရေမွှေးက ကာမ ကုသိုလ်စိတ္တုပ္ပါဒ်ကိုပြ၏။ ထိုကြောင့်ပုထုဇဉ်နိတ္တိသည်။ ယုံကြည်သဒ္ဓါအားဖြင့် လောကုတ္တရာတရားကို အာရုံပြုနိုင် လေသည်ဟုမှတ်ယူကြလေ။ ။ဤ ပါဠိတော်ကို ထောက်၍သာ ပုထုဇဉ်နိတ္တိသည်ယုံကြည်သဒ္ဓါ အားဖြင့်။လောကုတ္တရာတရားကိုအာရုံပြုနိုင်သည်၏အဖြစ်ကို သိအပ်သည်မဟုတ်သေး ၎င်းပါဠိတော်ကိုဘွင့် အပ်သော ဒုကနိပါတ်၊မေးရဇာတ်အဋ္ဌကထာ၌လည်း။ ။နမက္ကာ ဗုဒ္ဓါနံ နမက္ကာ ဗောဓိယာ။နမောဝိမုတ္တာနံ နမောဝိမုတ္တိယာတိ အယံ မမ နမက္ကာရော အတီတာနံ ပရိနိဗ္ဗုတာနံ ဗုဒ္ဓါနံ အဏ္ဍ။ တေ သညော စတ္ဌသုစ မဂ္ဂေသု စတ္ဌသု ဖလေသု ဥာဏသင်္ခါတာယ ဗောဓိယာအဏ္ဍ။ ။ဟူ၍ဘွင့်ပြအပ်သောပါဠိတို့တွင်(စတ္ဌသုစ မဂ္ဂေသု စတ္ဌသု ဖလေသု ဉာဏသင်္ခါတာယ ဗောဓိယာ) ဟူ

သောပါဠိတို့ဖြင့်၊လွန်လေပြီးသောပရိနိဗ္ဗာန်ပြုတော်မူလေကုန်ပြီး သောဘုရားရှင်တို့၏ ခန္ဓာတော်ဖြစ်သော မဂ်ဉာဏ်း၊ဖိုလ်ဉာဏ် တည်းဟူသော အာရုံတရားကိုပြု၏၊ (အ:သံ မမ နမက္ကာရော)ဟူ သောပါဠိတို့ဖြင့်။ ထိုဘုရားရှင်တို့၏ ခန္ဓာတော်ဖြစ်သော မဂ် ဉာဏ် ဖိုလ်ဉာဏ်တော်ကို။ယုံကြည်သောသဒ္ဓါဖြင့် အာရုံပြု၍ ဂိ ဒိုးခြင်း ကြီယာတည်းဟူသော ကာမာဝစရကုသိုလ် စိတ္တုပ္ပါဒ်ကို ပြု၏။ထိုသို့ပြုဆိုအပ်သည်ကိုထောက်၍ စင်စစ် ပုထုဇဉ်တို့သည်။ သဒ္ဓါယုံကြည်သောအားဖြင့်။ ဘုရားခန္ဓာတော်ဖြစ်သော လော ကုတ္တရာဖြစ်သော ဂုဏ်တော်တို့ကို။ အာရုံပြု၍ အောက်မေ့နိုင် သည်၏အဖြစ်ကို သိကြလေ။

ဤမောရဇာတ်ပါဠိတော် အဌကထာဖြင့်သာ။ ယုံကြည်သဒ္ဓါ ဖြင့် အာရုံပြုအပ်သည်၏အဖြစ်ကို။ သိအပ်သည်မဟုတ်သေး။ဝေ ရဠာပြည်၌ ဘုရားရှင်သည်။ နဋ္ဌေရုအမည်ရှိသော ဘိလူးသည် စောင့်အပ်သော တမာပင်ရင်း၌ သိတင်းသုံးတော်မူသောအခါ ဝေရဠုပုဏ္ဏားကြီးသည်။ဘုရားရှင်ထံသို့ရောက်သည်ကစ၍(အရ သရူပေါ ဘဝံဂေါတမော)စသည်ဖြင့်။ အပြစ်တင်လျက်၊မလျော်ံ ပတ်သောစကားတို့ဖြင့် ပြောဆိုနေသည်ကို သည်းခံတော်မူပြီး လျှင် အမျိုးမျိုးသောပရိယာယ်ဖြင့်ပြောဆိုဖြေတော်မူပြီး၍။ နော်ံ ဆုံးအခါ၊မိမိသာလျှင်လောကဓိဗျအကြီးအမြတ်ဖြစ်ကြောင်းကို သိ စေတော်မူလို၍။ဝိဇ္ဇာသုံးပါး၊နှင့်ပြည့်စုံမှုကို ထုတ်ဟော၍ ဟော ပြောတော်မူ၏။ ထိုသို့ဟောပြောသံကိုကြားရသောအခါ၌ သာ လျှင်၊ဝေရဠာပုဏ္ဏားကြီးသည်၊ဘုရားရှင်၏ခန္ဓာတော်၌ထိုဆိုအပ် ပြီးသောဂုဏ်တော်တို့ရှိမှန်းကို ယုံကြည်သောသဒ္ဓါဖြစ်၍၊ အထူး သက်ဝင် ယုံကြည်၍ အာရုံ ပြုကြောင်းကိုလည်း၊ ပါရာဇိကဏ် အဌကထာ၊ ဝေရဉ္ဇကဏ္ဍ၊ အဋ္ဌသာလိနီ၊ စာမျက်နှာနံပါတ် (၁၃၀)၌။ ။ဘဂဝတာ လောကနုကမ္ပကေနပြာဟူဏံ အနုကမ္ပ မာနေန ဝိနိဂ္ဂဟိတဗ္ဗေါ အတ္ထနော အရိယာယဇာတိယာ ဇေ၌ သေ၌ဘာဝေ ဝိဇ္ဇတ္တယပကာသိတာယ ဝမ္မဒေသနာယ ဂုဏ္ဍေ

ဒိတိဝိပ္ပါရ ပရိပုဏ္ဏာဂတ္တိစိတ္တော ဝေရဇ္ဇော ဗြာဟ္မဏော တံဘဂဝ တော အရိယာယ ဇာတိယာ ဇေဋ္ဌသေဋ္ဌာဘာဝံ ဝိဒိတ္မာ။လ။အယံ ဒါနိ လောကေ အရိယာယ ဇာတိယာ ပုရေဇာတာဋ္ဌေန ဇေဋ္ဌော သဗ္ဗဂုဏေဟိ အပ္ပဋိသမနဋ္ဌေန သေဋ္ဌောဘိ နိဋ္ဌံဂတ္တာ။ ။ဟူ၍ ပိန္ဒိုဆိုအပ်သောပါဠိတို့တွင် (တံဘဂဝတော အရိယာယ ဇာတိ ယာ ဇေဋ္ဌ သေဋ္ဌဘာဝံ ဝိဒိတ္မာ) ဟူသော ပါဠိ တို့ ဖြင့် လည်း ကောင်း။ (အယံဒါနိ လေ:ကေ အရိယာယဇာတိယာ ပုရေဇာ တာဋ္ဌေန ဇေဋ္ဌော။ သဗ္ဗဂုဏေဟိ အပ္ပဋိသမနဋ္ဌေန သေဋ္ဌောတိ နိဋ္ဌံဂတ္တာ) ဟူသောပါဠိတို့ဖြင့်လည်းကောင်း။ဝေရဇ္ဇပုဏ္ဏားသည် ဘုရားရှင်ထံမှလျှို့ဝှက်အပ်သော ဝိဇ္ဇာသုံးပါးတည်းဟူသောဂုဏ် တော်တို့နှင့်စပ်သောတရားတော်ကိုနာရ၍။လောကုတ္တရာစသော အလုံးစုံသောဂုဏ်တော်တို့နှင့် ဘုရားရှင်၏ပြည့်စုံမှုကို သက်ဝင် ယုံကြည်၍ အလွန်နှစ်သက်အပ်သော စိတ်အစဉ် ဖြစ်လေသည် ၏အဖြစ်၊ထိုသို့ဖြစ်သောပုဏ္ဏားကြီး၏စိတ်အစဉ်သည်ဘုရားခန္ဓာ ဌာဖြစ်သော လောကုတ္တရာစသောဂုဏ်တော်တို့ကိုအာရုံပြု၍၊ စင် စစ် သက်ဝင်ယုံကြည်သော သဒ္ဓါပြဋ္ဌာန်းသောကုသိုလ်စိတ္တုပ္ပါဒ် ဖြစ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူ၏။ ထိုသို့သိစေအပ် သောအဋ္ဌကထာရှင်တို့၏စကားတော်ကိုထောက်၍လည်း၊ဘုရား ခန္ဓာဌာဖြစ်သော အာရဟတ္တမဂ်ဉာဏ်စသော လောကုတ္တရာဂုဏ် တော်တို့ကို။ပုထုဇဉ်နိတို့ယုံကြည်သော သဒ္ဓါစိတ်ဖြင့် အာရုံပြုနိုင် သည်၏အဖြစ်ကို ထင်ရှားသိလေ။

ဤပြဆိုအပ်ပြီးသောပါဠိတော်၊အဋ္ဌကထာတို့ဖြင့်သာ။ ဘုရား ရှင်၏ အာရဟတ္တမဂ်ဉာဏ်စသော လောကုတ္တရာဂုဏ်တော်တို့ကို ယုံကြည်သဒ္ဓါဖြင့် အာရုံပြုအပ်သည်၏ အဖြစ်ကို။ သိအပ်သည်မ ဟုတ်သေး။ပဋ္ဌာကဒဂ်ိတ္တရပါဠိတော်၊ရာဇဝဂ်၊ပဋ္ဌမသုတ်၌။ ။ ဣဒေဘိက္ခဝေ ဘိက္ခု သဒ္ဓေါဟောတိ သဒ္ဓဟာတိ တထာဂတ သဒ္ဓေ။ ဣတိပိသောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ

သဗ္ဗညူဒေဝမနုဿာနံ ဗုဒ္ဓေါဘဂဝါတိ။ ။ဟူ၍ဟောတော်မူအပ်သောပါဠိ တို့တွင် (သဒ္ဒဟတိတထာဂတသဒ္ဒေါ) ဟူသောပါဠိတို့ကိုထောက်၍လည်း သိအပ်သေး၏။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ဘိက္ခဝေ၊ရဟန်းတို့။ ဣ၊ဤသာသနာတော်၌။ ဘိက္ခု၊ရဟန်းသည်။သဒ္ဓေါ၊သဒ္ဓါတရား၊ရှိသည်။ဟောတိ၊ဖြစ်၏။ တထာဂတသော ဂုဏ်ဘုရားရှင်တို့ကဲ့သို့ လာခြင်းကောင်းတော်မူသောဂါဘုရား၏။ ဗောဓိ၊သစ္စာလေးပါးတရားတို့ကိုထိုးထွင်း၍သိတတ်သော အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတ ဉာဏ်တော်ကို။ သဒ္ဒဟတိ၊ ယုံကြည်၏၊ ကိုသဒ္ဒဟတိ. အဘယ်သို့ ယုံကြည်သနည်း။သောဘဂဝါ ထိုမြတ်စွာဘုရားသည်။ဣတိပိ ဣမိနာစကာရေ၊ဤသို့အရဟတ္တမဂ်ဉာဏ်တော်တည်းဟူသော ထားလက်နက်ဖြင့် ဂ်ာလေသာတည်းဟူသောရန်သူတို့ကို အကြွင်းမရှိသတ်ဖြတ်တော် မူတတ်သော ဂုဏ်ထူးဟူသော အကြောင်း ကြောင့်လည်း။ အရဟံ၊အရဟမည်တော်မူ၏။လ။သောဘဂဝါ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစ ကာရေ၊ ဤသို့ နတ် လူ တို့သည် ကျေးဇူးထင်းကဲ့သို့အလေးဂရုပြုအပ်သော အနုတ္တရဝိမောက္ခဖြင့်ထိုးအပ်သော သိလ သမာဓိ၊ပညာ၊ဝိမုတ္တိ၊ဝိမုတ္တိဉာဏ ဒဿနတည်းဟူသော ဂုဏ်ထူး ရှိတော်မူသော အကြောင်း ကြောင့်လည်း။ဘဂဝါ ဘဂဝါမည်တော်မူ၏။ဣတိ၊ဤသို့။တထာဂတသဒ္ဒေါ၊ဘုရားတို့ကဲ့သို့လာတော်မူတတ်သောဂါဘုရား၏။ဗောဓိ ၊အရဟတ္တ မဂ်ဉာဏ်။ သဗ္ဗညုတဉာဏ်တော်ကို။ သဒ္ဒဟတိ၊ ယုံကြည်၏။ ။ဤသို့ဟောတော်မူအပ်သောပါဠိတို့တွင် (တထာဂတသဒ္ဒေါ ဗောဓိ) ဟူသောပါဠိ။ (အရဟံသမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော پုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ) ဟူသော ပါဠိတို့ဖြင့်။ ဘုရားရှင်၏ခန္ဓာတော်ရှိဖြစ်သောအရဟတ္တမဂ်ဉာဏ်အစရှိသော လောကုတ္တရာစသော ဂုဏ်တော်အပေါင်းတည်းဟူသော အာရုံတရားကိုပြုတော်မူအပ်၏(သဒ္ဒဟတိ)ဟူသော ပါဠိဖြင့်၊ ထိုဘုရားခန္ဓာရှိဖြစ်သောအရဟတ္တမဂ်ဉာဏ်စသည်တို့ကို။ ယုံကြည်သော

အားဖြင့် အာရုံ ပြုအပ်သည်၏ အဖြစ်ကို ပြတော်မူအပ်၏။ ထို ကြောင့် ဘုရားရှင်၏ အရဟံစသော လောကီ၊ လောကုတ် ဂုဏ်တော်ဟူသမျှကို အာရုံပြု၍ အောက်မေ့နေရာတို့၌။ ဤအမည်ရှိ သော ဂုဏ်တော်သည်ရှိ၏။ဤအမည်ရှိသောဂုဏ်တော်သည်ရှိ၏ ဟု၊ ယုံကြည်သောသဒ္ဓါ၏အစွမ်းအားဖြင့်သာ အာရုံပြုအပ်သည် ၏အဖြစ်ကို ထင်ရှားသိကြလေ။

ထိုသို့ အရဟာဒိုဂုဏ်စသော အလုံးစုံသော လောကုတ္တ ရာဂုဏ်တို့ကိုအာရုံပြုနိုင်သည်၏အဖြစ်ကို၊ ဘုရားရှင်နှင့်တကွ၊အ ဋ္ဌကထာရှင်တို့သည်ပြဆိုပါသော်လည်း။မိမိတို့ဥာဏ်အမြင် မရှိ သောကြောင့်။လောကုတ္တရာဂုဏ်တို့ကို၊ ဗုဒ္ဓါနုဿတိဘာဝနာကို ပွါးသော ယောဂါဝစရပုဂ္ဂိုလ်သည်အာရုံမပြုနိုင်။ လောကီဂုဏ် ကိုသာ အာရုံပြုနိုင်သည်ဟု အကယ်၍ယူခဲ့အုံ့။ ထိုအယူသည် အ လွန်ချော်လွဲတ်သော အယူပေတည်း။ အဘယ်ကြောင့်ဆိုသော်။ အကယ်၍ ယုံကြည်သဒ္ဓါဖြင့် လောကုတ္တရာကို အာရုံမပြုနိုင်ခဲ့ သည်ဖြစ်အုံ့။ အဘယ်မှာ အတုမရှိသောပုဂ္ဂိုလ်၏ အဖြစ်ကိုပြု၍။ ကိုးကွယ်ဆည်းကပ်ခြင်းကို ပြုနိုင်ပါတော့အုံ့နည်း။စင်စစ်မပြုနိုင် တော့ပြီ။ အကယ်၍ လောကုတ္တရာ ဖြစ်သော အရဟာဒိုဂုဏ် ဥာဏ်တော်နှင့် ပြည့်စုံမှုကို ယုံကြည် သဒ္ဓါအားဖြင့် အာရုံမပြု နိုင်ခဲ့အုံ့။ အဘယ်မှာဝါသနာနှင့်တကွ ကိုးလေသာတရားတို့ကုန် ပြီးသော ပုဂ္ဂိုလ်ထူးကိုပြု၍။ ဆည်းကပ် ကိုးကွယ် နိုင်တော့အုံ့။ နည်း။ စင်စစ် မကိုးကွယ်နိုင်ကြလေပြီဟုမှတ်။ ထိုကြောင့် ထိုအ ယူမျိုးသည်။ အလွန်ချော်လွဲတ်သောအယူမျိုးသာ ဖြစ်လေတော့ ၏။ ထိုကြောင့် ထိုအယူမျိုးကိုမယူမိကြစေရန် အထူးသတိပြုကြ လေ။ ။ဤဗုဒ္ဓါနုဿတိဘာဝနာအရာ၌၊ဂုဏ်တော်တို့ကို အာရုံ ပြုမှုသည်။စင်စစ် ယုံကြည်သောအားဖြင့် အာရုံပြုမှုကိုသာ၊ဘုရား ရှင်တို့ဟောတော်မူအပ်လေသည်ဟုမှတ်။ ဘုရားရှင်သာမဟုတ်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်လည်း။ ။ဗုဒ္ဓါနုဿတိ ံ တာဝ ဘာဝေတု ကာမေန အဝေစ္စပ္ပသာဒသမန္နာဂတေန ယောဂိနာ။လ။ ဣတိပိ သောဘဂဝါ အရဟံ။လ။ဘဂဝါတိ ဇေါ်ဗုဒ္ဓသ ဘဂဝတော

ဂုဏာ အနုဿရိတဗ္ဗာ။ ။ဟူ၍ပြဆိုအပ်သော ပါဠိတို့တွင် (အ ဝေဠုပ္ပသာဒေန) ဟူသောပါဠိဖြင့်။ မတုန်မလှုပ်သက်ဝင်ယုံကြည် သောသဒ္ဓါဖြင့်သာ အာရုံပြုအပ်သည်၏အဖြစ်ကိုပြတော်မူ၏။စင် စစ် ဘောက်ထွင်း၍သိမြင်မှုကို မပြုဟုမှတ်။ အဘယ်ကြောင့် မပြု အပ်သနည်း ဟူမူ။ ဘောက်ထွင်း၍ သိမြင်မှုသည်။ စင်စစ် အ ဘိညာဏ်အရာသာဖြစ်၏။ ဗုဒ္ဓါနုဿတိဘာဝနာအရာ မဟုတ်ဟု မှတ်။ ထိုကြောင့် ယုံကြည်သဒ္ဓါအားဖြင့်သာ။အရဟံစသောဂုဏ် တော်တို့ကို အာရုံပြု၍ပွါးအပ်၏။ ထိုသို့ ပွားအပ်သည်၏ အဖြစ် ကြောင့်။ ပုထုဇဉ်နှင့်တို့သည် ဘုရားဂုဏ်၏ခန္ဓာ၌ဖြစ်သော အရဟာတ္တ မဂ်ဉာဏ်စသော လောကုတ္တရာဂုဏ်တို့ကိုလည်း အာရုံပြုနိုင်လေ သည်။ထိုကြောင့်ဘုရားဂုဏ်နှင့်တကွ အဋ္ဌကထာဂုဏ်တို့သည်။ ၅၂ ဗုဒ္ဓါနုဿတိဘာဝနာကိုပွါးရာ၌။ အရဟံအစ၊ ဘဂဝါ အဆုံးရှိ သော ဂုဏ်တော်တို့ကိုအာရုံပြု၍၊အလုံးစုံသောအရိယာ၊ပုထုဇဉ် ဖြစ်ကုန်သော တပည့်သားတို့ကိုပင်ပွါးများစေရန်အလို၌။ဟော ပြောပြသတော်မူကြလေသည်။ထိုကြောင့်ဘုရားခန္ဓာတော်၌ဖြစ် သော အရဟာတ္တ မဂ်ဉာဏ်တော်ကို အာရုံပြု၍။ အဝန်တလဲလဲ အောက်မေ့နေရမည်။

ထိုသို့အောက်မေ့ဟိုင်း၊အော်မေ့ဟိုင်း။ ယောဂါဝစရပုဂ္ဂိုလ် ၏စိတ်အစဉ်သည်။ သက်တော်ထင်ရှားရှိသော ဘုရားဟုသမုတ် အပ်သော ခန္ဓာတော်၌ဖြစ်သော အရဟာတ္တမဂ်ဉာဏ်တော်တည်း ဟူသော ဂုဏ်တော်တရားခံ၍သာလျှင်။ အစဉ်မပြတ်တည်နေ၏ ထိုသို့ စိတ်အစဉ်ကို တည်စေတတ်သော ဇကေ္ခတာစေတသိက် ကိုသာလျှင်။ ပြုအပ်သော အာရုံဟုဆိုအပ်သော အရဟာတ္တမဂ် ဉာဏ်တည်းဟူသော အရဟံဂုဏ်တော်၌။ မပျံ့မလွင့် တည်စေ တတ်သော သဘောကြောင့် (သမာဓိ) ဟု ခေါ်ဝေါ်ဆိုအပ်သည်။ ထိုသမာဓိကိုသာလျှင်၊ယောဂါဝစရစိတ်အစဉ်၌နိဝရဏာစသော ကိုလေသာတို့ကို ငြိမ်းစေတတ်သောကြောင့်(သမထ)ဟု ခေါ်ဆို အပ်သည်။ထိုသမထဟုဆိုအပ်သော သမာဓိကိုသာလျှင်။ အစဉ်

မပြတ် လေ့လာပွါးများ အပ်သည်ကို (သမထဘာဝနာ ပွါးအပ်သည်) ဟူ၍လည်းကောင်း။ (သမာဓိဘာဝနာကို ပွါးအပ်သည်) ဟူ၍လည်းကောင်း။ခေါ်ဆိုအပ်လေသည်။ ၊ဤတွင် အရဟံဂုဏ်တော်ကိုအာရုံပြု၍၊ သမထဘာဝနာပွါးပုံကို။ အကျဉ်းအားဖြင့် တနည်းပြပြီး၏။

တနည်းကား။ ဘုရားရှင်သည် အဝိဇ္ဇာသာလျှင် အခြေအမြစ်ချက်ပုံတောင်းရှိသောသင်္ခါရ၊ ဝိညာဏ်၊ နာမ်ရูပ်၊ သင်္ဠာယတန၊ ဖဿ၊ဝေဒနာ၊ တဏှာ၊ဥပါဒါန်၊ဘဝ၊ဇာတိဟူဆိုအပ်သော အကန့်၊ဇရာမရဏာတည်းဟူသော အကွပ်ရှိသော မပြတ်လည်တတ်သော သံသရာစက်၏ အကန့်တို့ကို၊ အရဟတ္တ မဂ်ဉာဏ်တော်တည်းဟူသောသံလျက်ဖြင့်၊အကြွင်းမရှိဖျက်ဆီးတော်မူလေပြီ။ထိုသို့ဖျက်ဆီးတော်မူခြင်းကို အထူးသဖြင့် ပြီးစေတတ်သော အရဟတ္တမဂ်ဉာဏ်တော်သည် သာလျှင်။ စင်စစ် အရေဟံဂုဏ်တော်မည်၏။ ထိုသို့ မည်တော်မူကြောင်းကိုလည်း။ ။အရာ သံသာရ စက္ကသ။ဟတာဉာဏာသိနာ ယတော။လောကနာထေနတေနေသ။ အရဟန္တိ ပဝုစ္စတိ။ ။ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပိန့်ဆိုအပ်သောပါဠိတို့တွင် (ဉာဏာသိနာ)ဟူသောကရိုဏ်းပါဠိကို ထေဝံ၍သိလော။ အနက်သိခြောင်းမြန်မာပြန်ကား။ ။လောကနာထေန၊ လူသုံးပါးတို့၏ကိုးကွယ်ရာဖြစ်တော်မူသော၊ ဖြတ်စွာဘုရားသည် ယတော၊အကြင်ကြောင့်။ သံသာရစက္ကသ၊ မပြတ်လည်၍ ဖြစ်တတ်သော သံသရာစက်၏ အရာ၊အကန့်တို့ကို။ ဉာဏားသိနာ၊အရဟတ္တမဂ်ဉာဏ်တော် တည်းဟူသောသံလျက်ဖြင့်။ ဟတာ၊အကြွင်းမရှိဖျက်ဆီးတော်မူအပ်ပြီ။ တေန၊ ထိုသို့ အကြွင်းမရှိဖျက်ဆီးတော်မူပြီးသောကြောင့်။ ၎သ ၎သော နာထော၊ ထိုဖြတ်စွာဘုရားကို။ အရဟန္တိ၊အရဟာဟူ၍။ ပဝုစ္စတိ၊ အပြားအားဖြင့်ဆိုအပ်၏။ ။ဤဝိသုဒ္ဓိမဂ် အဋ္ဌကထာပြဆိုအပ်သော ပါဠိတို့တွင် (ဉာဏာသိနာ)ဟူသောကရိုဏ်းပါဠိ၏အရဖြစ်သော အရဟတ္တမဂ်ဉာဏ်တော်သည်။ စင်စစ် အရေဟံဂုဏ်တော် မည်တော်မူ၏။

ထိုအရဟာတ္တမဂ်ဉာဏ်တော် တည်းဟူသော အရဟံဂုဏ်တော် ကိုသာလျှင် အာရုံပြု၍ အဖန်တလဲလဲအောက်မေ့နေရမည်။ထိုသို့ အောက်မေ့နေတိုင်း,နေတိုင်း၊ယောဂါဝစရပုဂ္ဂိုလ်၏ စိတ်အစဉ် သည်'သက်တော်ထင်ရှားရှိသောဘုရားဟုသမုတ်အပ်သောခန္ဓာ တော်အစဉ်၌ဖြစ်ခဲ့ဘူးသော အရဟတ္တမဂ်ဉာဏ်တော် တည်းဟူ သော ဂုဏ်တော်တရား၌သာလျှင်။ အစဉ်မပြတ်တည်နေလေ၏။ ထိုသို့စိတ်အစဉ်ကို တည်စေတတ်သော ဇကာဋ္ဌတာစေတသိက်ကို သာလျှင်ပြုအပ်သောအာရုံဟုဆိုအပ်သော အရဟတ္တမဂ်ဉာဏ် တော်တည်းဟူသော အရဟံဂုဏ်တော်၌။ မပျံ့မလွင့် တည်စေ တတ်သောသတ္တိကြောင့်(သမာဓိ)ဟု ခေါ်ဆိုအပ်သည်။ထိုသမာ ဓိကိုသာလျှင်။ ယောဂါဝစရ၏စိတ်အစဉ်၌ နိဝရဏာစသော ကို လေ'သာတို့ကို ငြိမ်းစေတတ်သောကြောင့် (သမထ) ဟု ခေါ်ဆို အပ်သည်။ ထိုသမထဟု ခေါ်ဆိုအပ်သော သမာဓိကိုသာလျှင် အစဉ်မပြတ် လေ့လာပွါးများ အပ်သည်ကို (သမထဘာဝနာကို ပွါးအပ်သည်)ဟူ၍လည်းကောင်း။ (သမာဓိဘာဝနာကိုပွါးအပ် သည်)ဟူ၍လည်းကောင်း။ ခေါ်ဆိုအပ်လေသည်။ ။ဤတွင် အ . ရဟံဂုဏ်တော်ကိုအာရုံပြု၍။ ဗုဒ္ဓါနုဿတိဘာဝနာပွါးအပ်သော နည်းတနည်းပြီး၏။

တနည်းကား။ သက်တော်ထင်ရှားရှိသော ဘုရားရှင်၏ ခန္ဓာ တော်အစဉ်အား။ လူနတ်တို့၏ ပူဇော်အထူးကိုခံထိုက်သည်၏အ ဖြစ်ကို ပြုတတ်သော အနှတ္တရိပမောက္ခဖြင့် ထုံအပ်သော သီလ ဂုဏ်။ သမာဓိဂုဏ်၊ ပညာဂုဏ်၊ အရဟတ္တဖိုလ် တည်းဟူသော ဝိမုတ္တိဂုဏ်၊ထိုဝိမုတ္တိကိုဆင်ခြင်တတ်သောပစ္စဝေက္ခဏာဉာဏ် တည်းဟူသော ဝိမုတ္တိဉာဏဒဿနစသော ဂုဏ်တော်တို့သည်။ စင်စစ်အရဟံဂုဏ်တော်မည်တော်မူ၏။ထိုဂုဏ်တော်တို့ကိုလည်း ကာ'လည်းကာအဖန်တလဲလဲတွေးကောအောက်မေ့နေအပ်၏။ထို သို့အောက်မေ့နေတိုင်း,နေတိုင်း၊ ယောဂါဝစရပုဂ္ဂိုလ်၏စိတ်အ စဉ်သည်။ ထိုအရဟံဂုဏ်တော်ဖြစ်သော သီလ၊ သမာဓိ၊ ပညာ၊

ဝိမုတ္တိ၊ဝိမုတ္တိဉာဏဒဿနစသော ဂုဏ်တော်တို့၌သာလျှင်အစဉ်မပြတ်တည်နေလေ၏။ ထိုသို့စိတ်အစဉ်ကို တည်စေတတ်သော ဇောဂ္ဂတာစေတသိက်ကိုသာလျှင်၊ ပြုအပ်သောအာရုံဟု ဆိုအပ်သော သီလအစရှိသော အရဟံဂုဏ်တော်၌သာ။ မပျံ့မလွင့်တည်စေတတ်သောသတ္တိကြောင့် (သမာဓိ)ဟုခေါ်ဆိုအပ်သည်။ ထိုသမာဓိကိုသာလျှင်။ ယောဂါဝစရ၏ စိတ်အစဉ်၌ နိဝရဏစသော ကိုလေသာတို့ကိုငြိမ်းစေတတ်သောကြောင့် (သမထ) ဟုခေါ်ဆိုအပ်သည်၊ ထိုသမထဟုခေါ်ဆိုအပ်သော သမာဓိကိုသာလျှင် အစဉ်မပြတ် လေ့လာပွါးများအပ်သည်ကို (သမထဘာဝနာကိုပွါးအပ်သည်)ဟူ၍လည်းကောင်း။(သမာဓိဘာဝနာကိုပွါးအပ်သည်)ဟူ၍လည်းကောင်း ခေါ်ဆိုအပ်လေသည်။ ။ဤတွင် အရဟံဂုဏ်တော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာ ပွါးအပ်သောနည်းကို အကျဉ်းပြခြင်းပြီး၏။ အကျယ်ကို ဝိသုဒ္ဓိမဂ်၌ယူလေ။ ။ဤအရဟံဂုဏ်ကို အာရုံပြု၍ပွါးအပ်ရာ၌။ ပြုအပ်သောအရဟတ္တမဂ်ဉာဏ်စသော ပရမတ္ထဂုဏ်တော်အာရုံမှတပါး အရိုးရ၊ အသုဘကောင်၊ဇရပ်၊ တန်ဆောင်း၊ စေတီ၊ ဆင်းထုတော်စသော အထူးထူးအထွေထွေအာရုံနှိမ်တိမ်မထင်ကောင်း။အာဘယ်ကြောင့် မထင်ကောင်း လေသနည်းဟူမူ။ ၎င်းအရိုးစု၊ အသုဘကောင်စသော အာရုံသည်။ ပြုအပ်သော အရဟံဂုဏ်တော် မဟုတ်သောကြောင့်တည်း။ ထိုကြောင့် အရဟံဂုဏ်တော် တည်းဟူသောအရဟတ္တမဂ်ဉာဏ်စသောဂုဏ်တို့ကိုအာရုံပြု၍အောက်ခွဲအပ်လျှင်၊ ထိုအောက်ခွဲအပ်သောအာရုံသာထင်ရသည်၊ ထိုအာရုံမှတပါးထင်ခဲ့လျှင်။ ဝိမိတ္တိ၏စိတ်သည် ဘုရားခန္ဓာတော်၌ဖြစ်သောအရဟံဂုဏ်တော်ကိုလွှတ်၍၊ ထိုမထင်အပ်သော ဇရပ်တန်ဆောင်းစသောအာရုံသို့ ရောက်သွားသည်ဟု မှတ်လေ။ ။ ၎င်းကား အမှာစကားတည်း။

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကိုအာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကိုပွါးလိုသောပေါဂါဝစရပုဂ္ဂိုလ်သည်။မတောက်မပြန် ဆရာ

မရှိဘဲမိမိအလိုလိုသဗ္ဗညုတဉာဏ်လေးပါးတရားတော်တို့ကို၊ အကြွင်းမရှိ ထိုးထွင်း၍ သိမြင်ဘော်မူတတ်သော သမ္မာသမ္ဗုद္ဓအမည်တော် ကိုရကြောင်းဖြစ်သော ဘုရားခန္ဓာတော်၌ဖြစ်သောအရဟတ္တမဂ် ဉာဏ်၊သင့်ညီတဉာဏ်တော်တည်းဟူသော သမ္မာသမ္ဗုद္ဓဂုဏ် တော်ကိုသာ အဖန်တလဲလဲအာရုံပြု၍ အောက်မေ့နေအပ်၏။ အ ဘယ်ကြောင့် ၎င်းအရဟတ္တမဂ်ဉာဏ်၊ သင့်ညီတဉာဏ်တော် ကိုသာလျှင်။ အဖန်တလဲလဲ အောက်မေ့အပ်လေသနည်း ဟူမူ။ ၎င်းဉာဏ်တော်တို့သည်သာလျှင်ဘုရားဟုသမုတ်အပ်သောခန္ဓာ တော်၌။ သဗ္ဗညုတဉာဏ်လေးပါး တရားတို့ကို အကြွင်းမရှိ ထိုးထွင်း၍သိ တတ်သော ဂုဏ်ထူးတို့ဖြစ်သောကြောင့်တည်း။ ထိုကြောင့် ထို အရဟတ္တ မဂ်ဉာဏ်၊ သင့်ညီတ ဉာဏ်တော် တည်းဟူသော ဂုဏ်တော်တို့ကိုသာလျှင်။ အဖန်တလဲလဲ အောက်မေ့နေအပ်၏ ဟုမှတ်။

ထို အဖန်တလဲလဲ အောက်မေ့နေအပ်သော အရဟတ္တမဂ် ဉာဏ်၊သင့်ညီတဉာဏ်တော် တို့သည်သာလျှင်။ စင်စစ် သမ္မာ သမ္ဗုद္ဓဂုဏ် ဖြစ်သည်၏အဖြစ်ကိုလည်း။ ။သမ္မာ သာမဉ္စ ဝမ္မာ နံပန ဗုဒ္ဓဿာ သမ္မာသမ္ဗုद္ဓော။ ။ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဝင် မိန့်ဆိုအပ်သောပါဠိတို့တွင် (ဗုဒ္ဓဿာ) ဟူသော ပါဠိကိုထောက် ၍သိအပ်၏၊ ။မြန်မာပြန်ကား။ ။ပန၊ အရဟံဂုဏ်တော်မှတ ပါး၊ သမ္မာသမ္ဗုद္ဓဂုဏ်တော်ကိုဆိုဦးအံ့။ သမ္မာ၊မဘော်မပြန်။ သာမဉ္စ၊ကိုယ်တော်တိုင်လည်း။ သင့်ဝမ္မာနံ။အလုံးစုံသော တရား တို့ကို။ ဗုဒ္ဓဿာ၊ အရဟတ္တမဂ်ဉာဏ်၊ သင့်ညီတ ဉာဏ်တော်တို့ ဖြင့် သိတော်မူပြီးသည်၏ အဖြစ်ကြောင့်။ သမ္မာသမ္ဗုद္ဓော၊သမ္မာ သမ္ဗုद္ဓ မည်တော်မူ၏။ ။ဤသို့ အဋ္ဌကထာ၌ ပြဆိုအပ်သော ပါဠိတို့တွင် (ဗုဒ္ဓဿာ) ဟူသောကြိယာပုဒ်၏အရဖြစ်သော ဘုရား ခန္ဓာတော်၌ဖြစ်သော အလုံးစုံသော သဗ္ဗညုတဉာဏ်လေးပါး တရားတို့ကို ထိုးထွင်း၍ သိပြီးသော အရဟတ္တ မဂ်ဉာဏ်၊ သင့်ညီတဉာဏ် တော်တည်းဟူသော ဂုဏ်တော်တို့ကိုသာလျှင်၊ အဖန်တလဲလဲ

အာရုံပြု၍အောံမေ့နေအပ်၏။ဘုရားသခင်္ဂြာန်တော်ပညတ်ကိုအာ
ရုံပြု၍အောံမေ့မနေအပ်။အဘယ်ကြောင့်ဘုရားသခင်္ဂြာန်တော်ကို
အောက်မေ့၍ မနေအပ်သနည်း ဟူမူ။ ထိုဘုရား သခင်္ဂြာန်တော်
ပညတ်သည်။ သမ္မာ သမ္ဗုဒ္ဓ ဂုဏ်တော် မဟုတ် သောကြောင့်
တည်း။ထိုကြောင့် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကိုအာရုံပြု၍ ဗုဒ္ဓါနုဿ
တိ ဘာဝနာကိုပွါးလိုသော ယောဂါဝစရပုဂ္ဂိုလ်သည်။ ဘုရား
သခင်္ဂြာန်တော်ကို မအောက်မေ့ဘဲ ရှေးဦးပြုဆိုအပ်ခဲ့ပြီးသော အရ
ဟတ္တမဂ်ဉာဏ်၊သဗ္ဗညုတဉာဏ်တော်တို့ကိုသာလျှင်။ အဖန်တ
လဲလဲအောက်မေ့နေရမည်။ထိုသို့အောက်မေ့နေတိုင်း၊အောက်မေ့
နေတိုင်း။ထိုယောဂါဝစရ၏သတိပြဋ္ဌာန်းသောစိတ်အစဉ်သည်။
ထို အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော် တည်းဟူသော
သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဖြစ်သာ တည်နေ၏။ ထိုသို့ စိတ်အစဉ်ကို
တည်စေတတ်သော ဇောဝတ္ထုတာ၏စေတသိက်ကိုသာလျှင်။ ပြုအပ်
သော အာရုံဟုဆိုအပ်သော အရဟတ္တ မဂ်ဉာဏ်၊ သဗ္ဗညုတ
ဉာဏ်တော်တည်းဟူသော သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဖြစ်သာ။ မယုံ
မလွင့်တည်စေတတ်သောသတ္တိကြောင့် (သမာဓိ)ဟု ခေါ်ဆိုအပ်
သည်။ထိုသမာဓိကိုသာလျှင်။ ယောဂါဝစရ၏စိတ်အစဉ်ဖြစ်။ နိဝရ
ဏာစသောကိလေသာတို့ကို ငြိမ်းစေတတ်သောကြောင့် (သမထ)
ဟုခေါ်ဆိုအပ်သည်။ ထိုသမထဟု ခေါ်ဆိုအပ်သော သမာဓိကို
သာလျှင်။အစဉ်မပြတ် လေ့လာပွားများအပ်သည်ကို(သမထဘာ
ဝနာကိုပွါးအပ်သည်) ဟူ၍လည်းကောင်း။ (သမာဓိဘာဝနာကို
ပွါးအပ်သည်)ဟူ၍လည်းကောင်း ခေါ်ဆိုအပ်လေသည်။ ။ဤ
တွင် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာ
ပွါးအပ်သောနည်း အကျဉ်းပြပြီး၏။

ဝိဇ္ဇာစရဏသမ္ပန္နဟူသော အမည်တော်ကို ရကြောင်း ဖြစ်
သော သက်တော်ထင်ရှား ဘုရားခန္ဓာတော်ဖြစ်သောဝိဇ္ဇာဂုဏ်
စရဏဂုဏ်တော်တို့ကိုအာရုံပြု၍။ ဗုဒ္ဓါနုဿတိဘာဝနာကို ပွါး
များလိုသော ယောဂါဝစရ ပုဂ္ဂိုလ်သည်။ ဘုရားဟုသမုတ်အပ်

သော ခန္ဓာတော်ရှိဖြစ်သော ဝိဇ္ဇာဂုဏ်၊ စရဏ ဂုဏ်တော်တို့ကို အာရုံပြု၍အဖန်တလဲလဲ အောက်မေ့နေရာ၏။ထိုသို့အောက်မေ့ နေအပ်သော ဝိဇ္ဇာဂုဏ်၊စရဏဂုဏ်တော်တို့တွင်။ ဝိဇ္ဇာဂုဏ်ဆို သည်မှာ။သိတတ်သောဉာဏ်တော်ကိုဆိုသည်။ထိုသိတတ်သော ဉာဏ်တော်တရားလည်း ရှစ်ပါးအပြား၏။ ရှစ်ပါးဟူသည်ကား။ (က) ရှေးရှေးဦးဖြစ်ဘူးသော ခန္ဓာအစဉ်ကို။အမည်နာမ၊အမျိုး၊အ နွယ်'အဆင်း၊အာဟာရ၊သုခ ဒုက္ခစသည်တို့၏အစွမ်းဖြင့်။ အော်ဝ် မေ့သိစွမ်းနိုင်သော ပုဗ္ဗေနိဝါသာနုဿတိဝိဇ္ဇာဉာဏ်တော်လည်း တပါး။ (ခ) အဝေး၊ အနီးဌိုရ်သောအဆင်းဟူသမျှကို ဖြင်စွမ်းနိုင် သော ဒိဗ္ဗစက္ခုဝိဇ္ဇာဉာဏ်တော်လည်းတပါး။ (ဂ)အနီး၊အဝေးဌို ရ်သော်ပြောဆိုသံကို ကြားစွမ်းနိုင်သော ဒိဗ္ဗသောတဝိဇ္ဇာဉာဏ် တော်လည်းတပါး။(ဃ)မိမိကိုယ်ကိုအခေါင်းပြု၍၊ထိုအခေါင်းအ တွင်းဌိုပြည့်စုံသောဇုန်ဒြိုရ်သော လုလင်စသည်တို့ကိုဖန်ဆင်း၍ပြ ခြင်းဌါစွမ်းနိုင်သော မနောမယိဒ္ဓိဝိဇ္ဇာဉာဏ်တော်လည်း တပါး။ (င) တောင်ကို လည်းကောင်း။ တိုက်နံရံ စသည် တို့ကို လည်း - ကောင်း။ ထုတ်ခြင်းပေါက်၍သွားလာနိုင်ခြင်း'ကောင်းကင်သို့ပျံ တက် သွားလာခြင်း၊ ပြေလျှိုးသွားလာခြင်းကို ပြုလုပ်နိုင်ခြင်း၊တ ပေါက်ကို တရာ၊တထောင်။ တရာ၊တထောင်ကို တပေါက်ပြု လုပ်၍ပြနိုင်ခြင်း၊ ရေကိုမြေ၊မြေကိုရေပြုလုပ်၍ပြနိုင်ခြင်း။ နေ၊လ ကို မိမိနေရာအရပ်ဌိုနေလျက် ခြေတင်ခြင်း။ ကိုင်ဆွဲခြင်းတို့ကို ပြု လုပ်နိုင်ခြင်း။ မိမိကိုယ်ကို နဂါး၊ဂဠုန်ပြု၍ ပြနိုင်ခြင်းအစရှိသော အထူးထူးအပြားပြားသော အမှုအရာတို့ကို။ အလိုတော်ရှိတိုင်း ပြုလုပ်၍ပြနိုင်ခြင်းဌါစွမ်းနိုင်သောဇုဒ္ဓိဝိဝိဇ္ဇာဉာဏ်တော်လည်း တပါး။ (စ) လွန်ခဲ့ပြီးသော ခုနစ်ရက်၊ လာလတ္တံ့သော ခုနှစ်ရက်အ တွင်းဌိ၊ကြုံခဲ့သမျှ၊ဖြစ်ခဲ့သမျှသော ကြုံလတ္တံ့၊ဖြစ်လတ္တံ့သော သူတ ပါးတို့၏ စိတ်အစဉ်ကို သိစွမ်းနိုင်သော စေတောပရိယ ဝိဇ္ဇာ ဉာဏ်တော်လည်းတပါး။ (ဆ) အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဆိုအပ် သော လက္ခဏာရေးသုံးပါးတို့ကို ထိုးထွင်း၍ သိမြင်နိုင်သော ဝိ ပဿနာဝိဇ္ဇာဉာဏ်တော်လည်းတပါး၊(ဇ)အသင်္ခတဓါတ်တည်း

ဟူသော မဖြစ်မပျက်ဘဲ အမြဲတည်ရှိသောသဘော နိဗ္ဗာန်ကို မျက်မှောက်ပြု၍၊အာသဝေါတရားတို့ကို အကြွင်းမရှိကုန်ခန်းစေ တတ်သော အရဟတ္တမဂ်ဉာဏ် တည်းဟူသော အာသဝက္ခယ ဝိဇ္ဇာဉာဏ်တော်လည်းတပါး။ ဤသို့လျှင် ဝိဇ္ဇာရှစ်ပါးဖြစ်၏။ ဆို အပ်ပြီးသောဝိဇ္ဇာရှစ်ပါးတည်းဟူသောဂုဏ်ထူးနှင့်ပြည့်စုံတော်မူ သောကြောင့်သာလျှင်။ ဘုရားရှင်၏ခန္ဓာတော်ကို ဝိဇ္ဇာသမ္ပန္နဟု သမုတ်အပ်လေသည်။ ထိုကြောင့် ၎င်းဝိဇ္ဇာဉာဏ်ရှစ်ပါးသည်၊ ဝိဇ္ဇာသမ္ပန္နဟုသမုတ်အပ်ကြောင်း။ ဝိဇ္ဇာသမ္ပန္နဟူသော အမည် နာမတော်ကိုရအပ်သောအကြောင်းတရားဂုဏ်ထူးဖြစ်ပေ၏။ထို ဝိဇ္ဇာသမ္ပန္နဟူသော အမည်တော်ကို ရကြောင်းဖြစ်သော ဂုဏ် တော်ရှစ်ပါးတို့သည်။စင်စစ် သဗ္ဗညုတ်တရားမဟုတ်။ ပရ မတ္ထအားဖြင့် ထင်ရှားရှိသော ပညာနှစ်စေတသိက်သာလျှင်တည်း ထိုပညာနှစ်စေတသိက်တည်းဟူသော ဝိဇ္ဇာရှစ်ပါးကိုသာလျှင်။ အ အပေနိတလဲလဲအာရုံပြု၍အောက်မေ့နေမှုကို။ ဝိဇ္ဇာဂုဏ်တော်ကို အာရုံပြု၍။ ဗုဒ္ဓါနုဿတိဘာဝနာကို ပွါးများလေ့လာနေသည်ဟု ဆိုအပ်လေသည်။

စရဏာဂုဏ်တော်ဆိုသည်မှာ၊တခြားကိုမဆို။ နိဗ္ဗာန်ကိုအာရုံ ပြု၍ရောက်ကြောင်း၊ရောက်စေတတ်'ရောက်တတ်သောတရားကို ဆိုလိုသည်။ ထိုစရဏာတရားသည်လည်းတဆဲငါးပါးအပြားရှိ၏ တဆဲငါးပါးဟူသည်ကား။ (က) ကာယက်၊ဝစီကံတို့ကိုကောင်း စွာသိမ်းဆည်း၍ထားတတ်သော ပညာ၊ပြဋ္ဌာန်းသောဝိရတိ။ စေ တနာဟုဆိုအပ်သောပါတိမောက္ခသံဝရသီလဂုဏ်။(ခ)စက္ခုန္ဒြေ စသည်တို့ကို သိမ်းဆည်းစောင့်ရှောက်တတ်သော သတိတရား တည်းဟူသော ဣန္ဒြိယသံဝရသီလဂုဏ်။ (ဂ) သုံးဆောင် စား သောက်အပ်သော အာဟာရ၌။အတိုင်းအရှည်ကို သိတတ်သော ပညာတည်းဟူသော ဘောဇနေ မတ္တညုတာဂုဏ်။ (ဃ)နိုးကြား ခြင်း၌ မပြတ်ဖြစ်စေတတ်သော ဝိရိယတည်းဟူသောဇာဂရိယာ နုယောဂဂုဏ်။(င)ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ဧကဂ္ဂတာတည်းဟူ

သော ဈာန်အင်္ဂါငါးပါးနှင့် တကွဖြစ်သော ပဋ္ဌမဈာနသမာပတ္တိ ဂုဏ်။ (စ)ဒိတိယသုခဝေဒနာတည်းဟူသော ဈာန်အင်္ဂါသုံးပါး နှင့်တကွဖြစ်သော ဒုတိယဈာနသမာပတ္တိဂုဏ်။ (ဆ) သုခဝေဒနာ တည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သော တတိယ ဈာနသမာပတ္တိဂုဏ်။ (ဇ) ဥပေက္ခာ၊ ဝေဒနာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သော စတုတ္ထဈာနသမာပတ္တိဂုဏ်။ (စျ) ဘုရားရှင်တို့၏ အနုဗုဒ္ဓရဟေတုဟုဆိုအပ်သော အရဟတ္တမဂ် ဉာဏ်တော်၊သဗ္ဗညုတဉာဏ်တော်တို့ကိုလည်းကောင်း။ အရဟံ အစ၊ဘဂဝါအဆုံးရှိသော ဂုဏ်တော်တို့ကိုလည်းကောင်း။ တ ကယ်စင်စစ် ယုံကြည်သက်ဝင်တတ်သောသဒ္ဓါဂုဏ်။ (ဌ)အစဉ် မပြတ်မဆုတ်မနှစ် အားထုတ်တတ်သော ဝိရိယဂုဏ်။ (ဍ)ကြာ မြင့်စွာပြုအပ်ပြီးသော အမှုမျိုးစသည်တို့ကို အလိုရှိသောအခါ၌ အောံမေ့နိုင်သော ရင့်ကျက်သောဉာဏ်တော်နှင့်ယှဉ်သောသတိ ဂုဏ်၊(ဎ)ကာယဒုစရိုက်အစရှိသောအကုသိုလ်ဒုစရိုက်တို့ကို။ မ ပြတ်မလပ်စက်ဆုပ်တပ်သောဟိရိဂုဏ်။(ဏ)ထိတ်လန့်အပ်သော ကာယဒုစရိုက်စသော တရားတို့ကြောင့် မပြတ်မလပ် ထိတ်လန့် တတ်သော သြတ္တပ္ပဂုဏ်။(တ)အလုံးစုံသိအပ်မြင်အပ်သောတရား တော်တို့ကို သိမြင်ခြင်းရှိတော်မူသော သုတဂုဏ်။ (ထ) ဖြစ်ခြင်း ပျက်ခြင်းကို သိတတ်သော ကိလေသာတို့ကို ဘောက်ခွဲတတ် သောကိလေသာတို့မှ ဖြူစင်စေတတ်သော ဝဋ်ဒုက္ခတို့ကို ကုန်စေ ခြင်းသို့ရောက်စေတတ်သော ပညာဂုဏ်။ ဤသို့လျှင်စရဏဂုဏ် တော်(၁၅)ပါးဖြစ်သတည်း။ထိုဆိုအပ်ပြီးသောစရဏဂုဏ်(၁၅) ပါးနှင့် ပြည့်စုံတော်မူသောကြောင့်သာလျှင်။ ဘုရားရှင်၏ ခန္ဓာ တော်ကို စရဏသမ္ပန္နဟုခေါ်တွင်အပ်လေသည်။ ထိုကြောင့် ထို ဆိုအပ်ပြီးသော စရဏဂုဏ်တော် (၁၅)ပါးသည်။ ဘုရားရှင်၏ ခန္ဓာတော်ကိုစရဏသမ္ပန္နဟုသရုတ်အပ်ကြောင်း၊စရဏသမ္ပန္နဟု သောအမည်နာမတော်ကိုရအပ်သောအကြောင်းတရားဂုဏ်ထူး ဖြစ်ပေ၏။ ထိုစရဏသမ္ပန္နဟူသော အမည်တော်ကိုရကြောင်းဖြစ် သော ဂုဏ်တော် (၁၅)ပါးတို့သည်။ စင်စစ် သဏ္ဌာန်ပညတ်တ

ရားမဟုတ်။ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပြဆိုအပ်ပြီးသော ပရမတ္ထသဘောတရားတို့သာလျှင်တည်း။ ထိုပရမတ္ထသဘောတရားဖြစ်သော ရှေးဦးဘော်ပြအပ်ခဲ့ပြီးသော စရဏာဂုဏ်တော် တို့ကိုသာလျှင်။အဖန်တလဲလဲအာရုံပြု၍ အောက်မေ့တွေးတောနေမှုကို၊ စရဏာဂုဏ်တော်ကိုအာရုံပြု၍။ ဗုဒ္ဓါနုဿတိဘာဝနာကို ပွါးများလေ့လာနေသည်ဟု ဆိုအပ်လေသည်။ ထိုသို့အဖန်တလဲလဲ အောက်မေ့အပ်သော ဆိုအပ်ခဲ့ပြီးသော ဝိဇ္ဇာရှစ်ပါး၊စရဏာတဆဲ့ငါးပါးနှင့် ပြည့်စုံတော်မူသောကြောင့်သာလျှင်။ ဘုရားရှင်၏ ပရမတ္ထခန္ဓာတော်ကို ဝိဇ္ဇာစရဏာသမ္ပန္နဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်ကြောင်းကိုလည်း။ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ဂုဏ်းအဘွင့်၌။ ။ဝိဇ္ဇာဟိပန စရဏေနစ သမ္ပန္နတ္တာ ဝိဇ္ဇာစရဏသမ္ပန္နော။ ။ဟူ၍မိန့်ဆိုအပ်လေသည်ကိုတောက်၍ပင်ကြလေ။ ။ မြန်မာပြန်ကား။ ။ပန၊ သမ္ပာသမ္ပုဒ္ဓဂုဏ်မှတပါး ဝိဇ္ဇာစရဏာဂုဏ်တော်ကိုဆိုဦးအုံ့။ ဝိဇ္ဇာဟိစ၊ဝိဇ္ဇာသုံးပါး၊ဝိဇ္ဇာရှစ်ပါးတို့နှင့်လည်းကောင်း။စရဏေနစ၊စရဏာတဆဲ့ငါးပါးနှင့်လည်းကောင်း။ သမ္ပန္နတ္တာ ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့်။ ဝိဇ္ဇာစရဏာသမ္ပန္နော ဝိဇ္ဇာစရဏာသမ္ပန္နမည်တော်မူ၏။ ။ဤဆိုအပ်ပြီးသောအဋ္ဌကထာရှင်၏စကားတော်ကိုထောက်၍၊ ဘုရားရှင်၏ခန္ဓာတော်ကို ဝိဇ္ဇာရှစ်ပါး၊ စရဏာတဆဲ့ငါးပါးနှင့် ပြည့်စုံတော်မူသည်၏ အဖြစ်ကြောင့်သာလျှင် ဝိဇ္ဇာစရဏာ သမ္ပန္နမည်တော်မူသည်၏ အဖြစ်ကို သိကြလေ။

ထိုဆိုအပ်ပြီးသော ဘုရားခန္ဓာတော်၌ဖြစ်သော ဝိဇ္ဇာဂုဏ်၊စရဏာဂုဏ်တော်တို့ကို လှည့်ကာလှည့်ကာအာရုံပြု၍ အဖန်တလဲလဲတွေးတောအောက်မေ့နေအပ်၏။ ဘုရားသဏ္ဌာန်တော်ပညတ်ကို အာရုံပြု၍အောက်မေ့၍မနေအပ်။အဘယ်ကြောင့်ဘုရားသဏ္ဌာန်တော်ကိုအောက်မေ့၍မနေအပ်သနည်းဟူမူ။ ထိုဘုရားသဏ္ဌာန်တော်ပညတ်သည်။ ဝိဇ္ဇာစရဏာဂုဏ်တော် မဟုတ်သောကြောင့်တည်း။ထိုကြောင့်ဝိဇ္ဇာစရဏာဂုဏ်တော်ကိုအာရုံပြု၍။ ဗုဒ္ဓါနုဿ

တိဘာဝနာကိုပွါးများလိုသောယောဂါဝစရပုဂ္ဂိုလ်သည်ဘုရား သက္ချာန်တော်ကိုမအောက်မေ့ဘဲ။ဂေါးခ္ခပြဆိုအပ်ပြီးသော ဝိဇ္ဇာဂုဏ်၊ စရဏာဂုဏ်တော်တည်းဟူသော ပရမတ္ထတရား တို့ကိုသာ လျှင်။ အဟန်တလဲလဲအောက်မေ့နေရမည်။ထိုသို့အောက်မေ့နေ တိုင်း၊အောက်မေ့နေတိုင်း၊ယောဂါဝစရပုဂ္ဂိုလ်၏သတ်ပြဋ္ဌာန်း သောဗိတ်အစဉ်သည်။ ထိုထိုအာရုံပြုဒေါ်သော ဝိဇ္ဇာဂုဏ်၊စရဏာ ဂုဏ်တော်တို့ခ္ခိသာလျှင်။အစဉ်မပြတ်တည်နေလေ၏။ ထိုသို့ဗိတ် အစဉ်ကိုတည်စေတတ်သော ဇကင္ဂတာ စေတသိက်ကိုသာလျှင်။ ပြုအပ်သောအာရုံဟုဆိုအပ်သောဝိဇ္ဇာဂုဏ်စရဏာဂုဏ်တော်တို့ ခ္ခိသာလျှင်။မ၀ျုံ့မလွင့်တည်စေတတ်သောသတ္တိကြောင့်။ (သမာ ဓိ)ဟု ခေါ်ဆိုအပ်သည်။ ထိုသမာဓိကိုသာလျှင်။ ယောဂါဝစရ ပုဂ္ဂိုလ်၏ဗိတ်အစဉ်ခ္ခိ။ နိဝရဏစသောကိလေသာတို့ကို ငြိမ်းစေ တတ်သောကြောင့်(သမထ)ဟု ခေါ်ဆိုအင်သည်။ ထိုသမထဟု ခေါ်ဆိုအပ်သော သမာဓိကိုသာလျှင်။ အစဉ်မပြတ်လေ့လာပွါး များအပ်သည်ကို (သမထဘာဝနာကိုပွါးအပ်သည်) ဟူ၍ လည်း ကောင်း၊(သမာဓိဘာဝနာကိုပွါးအပ်သည်)ဟူ၍လည်းကောင်း။ ခေါ်ဆိုအပ်လေသည်။ ။ဤတွင်ဝိဇ္ဇာစရဏာဂုဏ်တော်ကို အာရုံ ပြု၍ ဇုဒ္ဓါနုသ္သတိဘာဝနာပွါးအပ်သောနည်းအကျဉ်းပြပြီး၏။

သုဂတဟူသော အမည်တော်ကိုရကြောင်းဖြစ်သော ဘုရား ခန္ဓာတော်ခ္ခိဖြစ်သောသုဂတဂုဏ်တော်ကိုအာရုံပြု၍။ ဇုဒ္ဓါနုသ္သ တိဘာဝနာကိုပွါးများလိုသောယောဂါဝစရပုဂ္ဂိုလ်သည်။ဘုရား ဟုသမုတ်အပ်သော ပရမတ္ထခန္ဓာတော်ခ္ခိဖြစ်သော သုဂတဂုဏ် တော်ကိုအာရုံပြု၍။ အဟန်တလဲလဲအောက်မေ့နေအပ်၏။ ထိုသို့ အဟန်တလဲလဲအောက်မေ့နေအပ်သော သုဂတဂုဏ်တော်သည် အဘယ်နည်းဟု မေးပြောအံ့။ တင့်တယ်စွာသွားခြင်းကို ဖြစ်စေ တတ်သော အရိယာမဂ်သည်လည်းကောင်း။ကောင်းသောနိဗ္ဗာန် သို့ အာရုံပြု၍ရောက်တတ်သော မဂ်စိတ္တုပ္ပါဒ်၊ဖိုလ်စိတ္တုပ္ပါဒ်၊သင်္ဃ ညူတဉာဏ်တော်စိတ္တုပ္ပါဒ်တို့သည်လည်းကောင်း။ ဝိမိပယ်အပ်

ပြီးသော ကိလေသာတို့ကို။ တဖန်ပြန်မလာစေတော်သော သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်သည်လည်းကောင်း။ ကောင်းစွာ အပြစ်မရှိသောစကားတော်ကို ဆိုတော်မူတတ်သော သင်္ဃာ့တဘာဂ်တော် စိတ္တုပ္ပါဒ်သည်လည်းကောင်း။ သုဂတာဂုဏ်တော်မည်၏ဟု ဖြေဆိုရာ၏။ ထိုသို့ဖြေဆိုအပ်ပြီးသောဂုဏ်တော်တို့ကိုသာလျှင်။ စင်စစ် သုဂတာဂုဏ်တော်မည်သည်၏ အဖြစ်ကိုလည်း၊ ဂင်းဝိသုဒ္ဓိမဂ် အဋ္ဌကထာသုဂတာဂုဏ်တော်အဘွင့်၌။ ။သောဘဏ္ဍာဂမနုတ္တာ သုန္ဒရံ ဌာနံ ဂတတ္တာ သမ္မာဂတတ္တာ သမ္မာစဂဒတ္တာ သုဂတော။ ။ဟူ၍ ဘွင့်ပြအပ်သည်ကိုထောက်၍ သိကြလေ။ ။အကျယ်ကို ဂင်းအဋ္ဌကထာ၌ယူလေ။

မြန်မာပြန်ကား။ ။သောဘဏ္ဍာ ဂမနုတ္တာစ၊ တင့်တယ်သော အရိယာမဂ်ဖြင့် သွားခြင်းရှိတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။ သုန္ဒရံ၊ကောင်းသော။ဌာနံ အသင်္ခေတမိုဇ္ဈာန်တည်း ဟူသောမဂ္ဂင်ကိုမစီးရာဌာနသို့။ဂတတ္တာစ၊ အဝရုံပြုသောအားဖြင့် ရောက်တော်မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ သမ္မာ ဂတတ္တာစ၊ပယ်အပ်ပြီးသောကိလေသာတို့ကိုတဖန်ပြန်မလာစေသောအားဖြင့်ကောင်းစွာသွားတော်မူတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း။ သမ္မာ အသင့်အားဖြင့်။ ဂဒတ္တာစ၊ဟုတ်မှန်သော အတိုင်းအကျိုးစီးပွါးနှင့်စပ်သောစကားတော်ကိုဆိုတော်မူတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ သုဂတော၊ သုဂတမည်တော်မူ၏။ ။ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကား၌ထောက်၍။ ရှေးဦးပြဆိုအပ်ပြီးသော ပရမတ္ထသဘောတရားတို့သည်သာလျှင်။ စင်စစ် သုဂတ ဂုဏ်တော်ဖြစ်ကြောင်းကို ထင်ရှား သိကြလေ။ ။ထိုဆိုအပ်ပြီးသော အရိယာမဂ်စသော ပရမတ္ထသဘောတရားဖြစ်သော သုဂတဂုဏ်တော်တို့ကို၊ အဝန်တလဲလဲ တွေးတောအောက်မေ့နေရမည်။ထိုသို့အောက်မေ့နေတိုင်း၊ အောက်မေ့နေတိုင်း၊ယောဂါဝစရ၏သတိပြဋ္ဌာန်းသော စိတ်အစဉ်သည်

သဗ္ဗညုဉာန်ပညာတ်စသော အာရုံတပါးသို့မရောက်ဘဲ။ မိမိပြုအပ်သော အရိယာမဂ်စသော သုဂတဘဝုဏ်တော်၌သာလျှင်။အစဉ်မပြတ်ရောက်၍ တည်နေလေ၏။ ထိုဘုရားရှင်ဝိုရပုဂ္ဂိုလ်၏ စိတ်အစဉ်ကို။ အစဉ်မပြတ်ရောက်၍ တည်စေတတ်သော ဇကာရှုတာစေတသိက်ကိုသာလျှင်။ ထိုအာရုံပြုအပ်သောသုဂတဘဝုဏ်တော်၌ မမျှ့ မလွင့်တည်စေတတ်သောသတ္တိကြောင့် (သမာဓိ)ဟု ခေါ်ဆိုအပ်သည် ထိုသမာဓိကိုသာလျှင် ယောဂါဝစရပုဂ္ဂိုလ်၏ စိတ်အစဉ်၌။ နိဝရဏစသော ကိလေသာတို့ကို ငြိမ်းစေတတ်သောကြောင့် (သမထ) ဟုခေါ်ဆိုအပ်သည်။ ထိုသမထဟုခေါ်ဆိုအပ်သောသမာဓိကိုသားလျှင်။အစဉ်မပြတ်လေ့လာပွါးများအပ်သည်ကို (သမထဘာဝနာကိုပွါးအပ်သည်)ဟူ၍လည်းကောင်း။ (သမာဓိဘာဝနာကိုပွါးအပ်သည်)ဟူ၍ လည်းကောင်း ခေါ်ဆိုအပ်လေသည်။ ။ဤတွင်သုဂတဘဝုဏ်တော်ကိုအာရုံပြု၍။ဗုဒ္ဓါနုဿတိဘာဝနာပွါးအပ်သောနည်းအကျဉ်းပြပြီး၏။

လောကဝိဒူဟူသော အမည်တော်ကိုရကြောင်းဖြစ်သော ဘုရားခန္ဓာတော်၌ဖြစ်သောလောကဝိဒူဝုဏ်တော်ကိုအာရုံပြု၍ဗုဒ္ဓါနုဿတိဘာဝနာကိုပွါးများလိုသော ယောဂါဝစရပုဂ္ဂိုလ်သည်။ ဘုရားဟူသမျှတ်အပ်သောပရမတ္ထခန္ဓာတော်၌ဖြစ်သောလောကဝိဒူဝုဏ်တော်ကိုအာရုံပြု၍။အဖန်တလဲလဲအောက်မေ့နေအပ်၏ ထိုသို့ အဖန်တလဲလဲ အောက်မေ့နေအပ်သော လောကဝိဒူဝုဏ်တော်သည် အဘယ်နည်းဟု မေးငြားအုံ့။ ဒုက္ခသစ္စာ တည်းဟူသော လောက၊ သမုဒယသစ္စာ တည်းဟူသော လောက၏ ဖြစ်ကြောင်းတရား၊ နိရောဓသစ္စာတည်းဟူသော နောင်တဖန် ဒုက္ခဟူသောလောက၏ဖြစ်မှုမရှိခြင်း အကြောင်း တရား၊ မဂ္ဂသစ္စာ တည်းဟူသော လောကနိရောဓသို့ အာရုံပြု၍ ရောက်ကြောင်းတရား။ ဤဆိုအပ်ပြီးသောလောကနှင့်စပ်၍ သိအပ်သိထိုက်သော တရားဟူသမျှတို့ကို။ အကြွင်းမရှိ သိတော်မူတတ်သော သဗ္ဗညူ၊ တဉာဏ်တော်သည်သာလျှင်။ စင်စစ် လောကဝိဒူဝုဏ်တော်မည်၏

ဟု ဖြေဆိုရာ၏။ ထိုသို့ ဖြေဆိုအပ်သော သဗ္ဗညုတညာဏ်တော် သည်သာလျှင်။ စင်စစ် လောကဝိဒူ ဂုဏ်တော် ဖြစ်ကြောင်းကို လည်း။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ရှင်သည်။ လောကဝိဒူဂုဏ်တော်အ ဘွင့်၌။ ။သဗ္ဗထာပိ ဝိဒိတလောကတ္တာ ပန လောကဝိဒူ။ သော ဟိဘဂဝါ သဘာဝတော သမုဒယတော နိရောဓတော နိရောဓူ ပါ ယတောတိ သဗ္ဗထာ လောကံ အဝေဒိ အညာသိ ပဋိဝိဒ္ဓါ။ ။ ဟူ၍မိန့်ဆိုတော်မူလေသည်။ ။မြန်မာပြန်ကား။ ။ပန၊သုဂတ ဂုဏ်တော်ပုဒ်၏ အဘွင့်မှတပါး၊ လောကဝိဒူဂုဏ်တော်ပုဒ်၏ အ ဘွင့်ကိုဆိုဦးအုံ့။ သဗ္ဗထာပိ သဗ္ဗပကာရေနာပိ၊ ခပ်သိမ်းသော အပြားအားဖြင့်လည်း။ဝိဒိတလောကတ္တာ၊သိအပ်ပြီးသော လော ကဓိတော်မူသည်၏ အဖြစ်ကြောင့်။ လောကဝိဒူ၊ လောကဝိဒူမည် တော်မူ၏။ ဟိ၊ ထိုစကားကို ထင်စွာပြဦးအုံ့။ သောဘဂဝါ၊ ထို ဖြတ်စွာဘုရားသည်။ သဘာဝတော၊ဒုက္ခသဘောအားဖြင့်လည်း ကောင်း။ သမုဒယတော၊ ဒုက္ခ၏ ဖြစ်ကြောင်းအားဖြင့်လည်း ကောင်း။ နိရောဓတော၊ ဒုက္ခ၏ နောင်တဖန် ဖြစ်မှုမဂ္ဂိုဗ္ဗင်း၏ အ ကြောင်းအားဖြင့် လည်းကောင်း။ နိရောဓူပါယတော။ လောက နိရောဓသို့ ရောက်ကြောင်း ဖြစ်သောအရိယာမဂ်အားဖြင့်လည်း ကောင်း။ ဤတို၊ ဤသို့၊ သဗ္ဗထာ သဗ္ဗပကာရေန၊ ခပ်သိမ်းသော အပြားအားဖြင့်၊ လောကံ၊ လောကကို။ အဝေဒိ အညာသိ သဗ္ဗ ညုတညာဏ်တော်ဖြင့် သိတော်မူပြီ။ ပဋိဝိဒ္ဓါ ထိုးထွင်းမြင်သိတော် မူပြီ။ ။ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍။ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ လောကကို ထိုးထွင်း၍ သိပြီးသော သဗ္ဗညုတညာဏ်တော်သည် သာလျှင်။ စင်စစ် လောကဝိဒူမည်ကြောင်းကိုထင်ရှားသိကြလေ။ ။ထိုလော ကဝိဒူ ဂုဏ်တော်ဖြစ်သော သဗ္ဗညုတညာဏ်တော်သည်၊ စင်စစ် ပညိန္ဒြေစေတသိက်သာလျှင်ဖြစ်သောကြောင့် ပရမတ္ထသဘောတ ရားဖြစ်၏။ ထိုပရမတ္ထသဘောတရားဖြစ်သော သဗ္ဗညုတဉာဏ် တော်တည်းဟူသော လောကဝိဒူဂုဏ်တော်ကိုသာ၊ အဖန်တလ ဲ အာရုံပြု၍ တွေးတောအောက်မေ့နေရမည်။ထိုသို့တွေးတော

အောက်မေ့နေတိုင်း၊အောက်မေ့နေတိုင်း။ ပေါဂါဝစရပုဂ္ဂိုလ်၏ သတိပြဋ္ဌာန်းသော စိတ်အစဉ်သည်။ သဏ္ဌာန်ပညတ်စသော အာရုံတပါးသို့ မရောက်ဘဲ။ မိမိပြုအပ်သော သဗ္ဗညုတညာဏ်တော်တည်းဟူသော လောကဝိဒူဂုဏ်တော်အာရုံ၌သာလျှင် အစဉ်မပြတ်ရောက်၍ ဘည့်နေလေ၏ ထိုသို့ပေါဂါဝစရပုဂ္ဂိုလ်၏ စိတ်အစဉ်ကို အစဉ်မပြတ်ရောက်၍တည်စေတတ်သော ဇကဋ္ဌတာ စေတသိက်ကိုသာလျှင်။ ထိုအာရုံပြုအပ်သော လောကဝိဒူဂုဏ်တော်၌ မပျံ့မလွင့်တည်စေတတ်သောသတ္တိကြောင့် (သမာဓိ)ဟု ခေါ်ဆိုအပ်သည်။ ထိုသမာဓိကိုသာလျှင် ပေါဂါဝစရပုဂ္ဂိုလ်၏စိတ်အစဉ်၌။ နိဝရဏစသောဘေးလေးသွားတို့ကို ငြိမ်းစေတတ်သောကြောင့် (သမထ)ဟု ခေါ်ဆိုအပ်သည်။ ထိုသမထဟု ခေါ်ဆိုအပ်သော သမာဓိကိုသာလျှင် အစဉ်မပြတ် လေ့လာပွါးများ အပ်သည်ကို (သမထဘာဝနာကို ပွါးအပ်သည်)ဟူ၍လည်းကောင်း။ (သမာဓိဘာဝနာကိုပွါးအပ်သည်)ဟူ၍လည်းကောင်း။ ခေါ်ဆိုအပ်လေသည်။ ။ဤတွင် လောကဝိဒူဂုဏ်တော်ကိုအာရုံပြု၍၊ဗုဒ္ဓါနုဿတိဘာဝနာပွါးအပ်သောနည်း အကျဉ်းပြပြီး၏။

အနုတ္တရော ပုရိသဒမ္မသာရထိ ဟူသော အမည်တော်ကို ရကြောင်းဖြစ်သော ဘုရားခန္ဓာတော်၌ဖြစ်သော အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်ကို အာရုံပြု၍။ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွါးလိုသော ပေါဂါဝစရပုဂ္ဂိုလ်သည်။ ဘုရားဟု သမုတ်အပ်သော ခန္ဓာတော်၌ဖြစ်သော အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်တို့ကို အဖန်တလဲလဲ အောက်မေ့နေအပ်၏။ ထိုအောက်မေ့နေအပ်သော အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်သည်။အဘာယနည်းဟုမေးငြားအံ့။ အလုံးစုံသောသတ္တလောက၌။တစုံတယောက်သောသူ၏ သီလအစရှိသည်တို့နှင့် တူခြင်းမရှိသော အနုတ္တရဝိမောက္ခဖြင့် ထုံအပ်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ အရဟတ္တမဂ်လိုတည်းဟူသော ဝိမုတ္တိဂုဏ်၊ ပစ္စဝေက္ခဏာဉာဏ်တော် တည်းဟူသော ဝိမုတ္တိဉာဏဒဿနဂုဏ်တော်တို့

သည် အနုတ္တရဂုဏ်တော်မည်၏။ထိုအနုတ္တရဂုဏ်တော်ရှိသည် ဖြစ်၍ ဆုံးမထိုက်သော မယဉ်ကျေးသော တိရစ္ဆာန်ယောက်ျား လူယောက်ျား၊ နတ်ယောက်ျားတို့ကို။ ယဉ်ကျေးအောင် ဆုံးမ တော်မူတတ်သော ဒုဋ္ဌိယပရောပရိယတ္တိဥာဏ်၊အာသယာနုသ ယဉာဏ်တို့သည် သာလျှင် ရှေးသွား အခြေအရံရှိတော်မူသော သဗ္ဗညုတ ဉာဏ်တော် စိတ္တုပ္ပါဒ်သည်။ အနုတ္တရော ပုရိသဒမ္မ သာရထိဂုဏ်တော်မည်၏ဟုဖြေဆိုရာ၏။ ထိုသို့ဖြေဆိုအပ်သော ဂုဏ်တော်တို့သည်သာလျှင်။ အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ် တော်ဖြစ်ကြောင်းကိုလည်း။ဂင်းဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်အဘွင့်၌။ ။အတ္တနောပန ဂုဏော ဟိ ဝိသိဋ္ဌတရသ ကသိဏာဒိ အဘာဝတော နတ္ထိ ဇေတသာ ဥတ္တ ရောတိ အနုတ္တရော။ တထာဟေသ သီလဂုဏေနာပိ သဗ္ဗလော ကမဟိတ္ဝါ ဘဝတိ။သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿန ဂုဏေ နာပိ။လ။ ပုရိသဒမ္မေသာရေတိတိ ပုရိသဒမ္မသာရထိ။ ဒမေတိ ဝိ နေတီတိ ဒုတ္တံဟောတိ။လ။တသ္မာ အနုတ္တရောပုရိသဒမ္မသာရထိ တိ ဝုစ္စတိ။ ။ဟူ၍မိန့်ဆိုအပ်သော ပါဠိတို့တွင် (သီလဂုဏေန သမာဓိပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿန ဂုဏေန) ဟူသော ပုဒ် တို့ကိုထောက်၍ လည်းကောင်း။ လ။ (ပုရိသဒမ္မေသာရေတိ)ဟူ သောပါဠိတို့ကို ထောက်၍လည်းကောင်း သိကြလေ။

မြန်မာပြန်ကား။ ။ပန၊ အဘို့တပါးကိုဆိုဦးအုံ့။ ဂုဏောဟိ၊ ဂုဏ်တို့ဖြင့်။အတ္တနော၊မိမိထက်။ဝိသိဋ္ဌတရသ၊အထူးသဖြင့်ထူး သော။ ကသိဏာဒိ၊တစုံတယောက်သောသူ၏။ အဘာဝတော၊မရှိ ခြင်းကြောင့်။ ဥတသဘာဂဝတော၊ ထိုမြတ်စွာဘုရားအား။ ဝါ ဘုရားဟုသမုတ်အပ်သော ခန္ဓာတော်အား။ ဥတ္တရော၊ သီလ၊ သ မာဓိ၊ပညာ၊ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနဟုဆိုအပ်သောဂုဏ်တော် တို့ဖြင့် ကိုယ်တော်ထက်လွန်ကဲသော တစုံတယောက်သော သူ သည်။နတ္ထိ၊မရှိ။မူတိတသ္မာ ထိုသို့မရှိခြင်းကြောင့်။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ဝါ၊ဘုရားဟုသမုတ်အပ်သောခန္ဓာတော်

သည်။အနုတ္တရော၊ အနုတ္တရမည်တော်မူ၏။ တထာ တံ၀ေစနံ၊ ထိ
စကားကို။ ဟိ၀ိဇ္ဇာ၀ေမိ၊ ခဲ့ပြီးအုံ့။ ဇေ၀ေသော ဘဂ၀ါ၊ ထိုဘုရား
သည်။ ၀ါ၊ဘုရားဟုသမုတ်အပ်သောပရမတ္ထခန္ဓာတော်သည်။သိ
လဂုဏော နာ၀ိ၊ သိလဟူသောဂုဏ်တော်ဖြင့်လည်း။ သဗ္ဗံ၊အလုံး
စုံသော။လောကံ၊သတ္တ္ဝလောကကို။ ၀ါ၊သတ္တ္ဝလောကဟုခေါ်ဝေါ်
အပ်သောခန္ဓာဟူသမျှကို။အဘိဘ၀တိ၊နှိပ်နှင်းလွှမ်းမိုးနိုင်၏။ သ
မာဓိပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿန ဂုဏော နာ၀ိ၊ သမာဓိဂုဏ်
တော်၊ ပညာဂုဏ်တော်၊ အရဟတ္တမဂ်လ် တည်းဟူသော ဝိမုတ္တိ
ဂုဏ်တော်၊ ပစ္စ၀েက္ခဏာဉာဏ်တော်တည်းဟူသော ဝိမုတ္တိဉာ
ဏဒဿနဂုဏ်တော်ဖြင့်လည်း။ သဗ္ဗံ၊အလုံးစုံသော။ လောကံ၊
သတ္တ္ဝလောကကို။ ၀ါ၊သတ္တ္ဝ၀ါဟုခေါ်ဝေါ်အပ်သောခန္ဓာဟူသမျှ
ကို။ အဘိဘ၀တိ၊လွှမ်းမိုးနိုင်၏။လ။ ပုရိသဒမ္မော၊ဆုံးမထိုက်သော
မယဉ်ကျေးသော တိရစ္ဆာန် ယောက်ျား၊ လူ ယောက်ျား၊ နတ်
ယောက်ျား'တို့ကို၊ ၀ါ၊ဆုံးမထိုက်သော တိရစ္ဆာန်ယောက်ျား၊ လူ
ယောက်ျား၊နတ်ယောက်ျားဟု ခေါ်ဝေါ်အပ်သော ခန္ဓာဟူသမျှ
တို့ကို။သာရေတိ ဆုံးမတော်မူတတ်၏။ ဣတိတာသ္မာ၊ ထိုကြောင့်။
ပုရိသဒမ္မသာရထိ၊ပုရိသဒမ္မသာရထိမည်၏။ဒမေတိ၀ိနေတိ၊ ဆုံး
မတတ်၏။ ဣတိ၊သို့။ဂုဏ်ဂုဏ္ဍော၊ဆိုလိုသည်။ဟောတိ၊ဖြစ်၏။လ။
တသ္မာ၊ထိုကြောင့်။ အနုတ္တရောပုရိသဒမ္မသာရထိ၊အနုတ္တရောပုရိ
သဒမ္မသာရထိဟူ၍။ဂုဏ္ဍတိ၊ဆိုအပ်၏။ ။ဤသို့ပြုဆိုအပ်သောအဌ
ကထာပါဠိတို့တွင် (သိလဂုဏော နာ) ဟူသောပါဠိဖြင့်။ ဝိရတိ၊ စေ
တနာ၊ သတိ၊ ဝိရိယ၊ပညာပြဋ္ဌာန်းသော သိလဂုဏ်ကိုယူ။ (သ
မာဓိ)ဟူသောပါဠိဖြင့်။ လောကိ၊လောကုတ္တရာ၌ ဂ္ဂါ၊သောဇောဂ
တာစေတသိက်ကိုယူ။(ပညာ)ဟူသောပါဠိဖြင့်။အရဟတ္တမဂ်လ်၌
ဂ္ဂါ၊သောပညာကိုချန်၍။ကျန်သော လောကိလောကုတ္တရာဖြစ်သော
ပညာမြဲ့ဖြစ်ကိုယူ။ (ဝိမုတ္တိ)ဟူသောပါဠိဖြင့်။ အရဟတ္တ
ဖိုလ်စိတ္တုပ္ပါဒ်ကိုယူ။(ဝိမုတ္တိဉာဏဒဿနဂုဏော)ဟူသော ပါဠိ
ဖြင့်။ ပစ္စ၀েက္ခဏာဉာဏ်တော်ကိုယူ။ ဤဆိုအပ်ပြီးသော ဂုဏ်
တော်တို့သည်။ စင်စစ် ပရမတ္ထသဘောတရားသာလျှင် ဖြစ်ကုန်

၏။(ပုရိသဒမ္မသာရထိ)ဟူသောပါဠိဖြင့်။ မယဉ်ကျေးကုန်သော ယောကျ်ားတို့ကို။ယဉ်ကျေးအောင်ဆုံးမတတ်သော ဘုရားခန္ဓာ တော်ရှိဖြစ်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊အာသယာနုသယ ဉာဏ်တော်တို့သည်သာလျှင်။ရှေ့သွားပြု၍ခြံရံအပ်သော သင့်လျှော် တဉာဏ်တော် စိတ္တုပ္ပါဒ်တည်းဟူသောဂုဏ်တော်တို့ကိုရ၏။ထို ကြောင့် အနုတ္တရောပုရိသဒမ္မသာရထိဟူဆိုအပ်သော ဂုဏ်တော် တို့ကိုအောံမေ့သောအခါ၊ ပြဆိုအပ်ခဲ့ပြီးသော ဘုရားခန္ဓာတော် အစဉ်ရှိဖြစ်သောသီလဂုဏ်၊သမာဓိဂုဏ်၊ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ အာသ ယာနုသယဉာဏ်တော်တို့သာလျှင်။ရှေ့သွားပြု၍ ခြံရံအပ်သော သင့်လျှော်တဉာဏ်တော် စိတ္တုပ္ပါဒ်တည်းဟူသောဂုဏ်တော်တို့ကို သာလျှင်။အဟန်တလဲလဲအာရုံပြု၍ လှည့်ကာ၊လှည့်ကာတွေးတော အောက်မေ့ နေရမည်။ ထိုသို့ တွေးတော အောက်မေ့နေတိုင်း၊ အောက်မေ့နေတိုင်း။ ပေါဂါဝစရပုဂ္ဂိုလ်၏ သတိပြဋ္ဌာန်းသော စိတ်အစဉ်သည်။ သဏ္ဌာန်ပညတ်စသောအာရုံတပါးသို့မရောက် ဘဲ။ မိမိပြုအပ်သော အနုတ္တရဂုဏ်၊ပုရိသဒမ္မသာရထိဂုဏ်တော် တည်းဟူသော အာရုံခံသာလျှင် အစဉ်မပြတ်ရောက်၍ တည်နေ လေ၏။ ထိုသို့ပေါဂါဝစရပုဂ္ဂိုလ်၏ စိတ်အစဉ်ကို။အစဉ်မပြတ် ရောက်၍ဘည့်စေတတ်သော ဇကဂ္ဂတာ စေတသိက်ကိုသာလျှင်။ ထိုအာရုံပြုအပ်သော အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်၌ မပျံ့မလွင့်တည်စေတတ်သောသတ္တိကြောင့် (သမာဓိ)ဟု ခေါ်ဆို အပ်သည်။ထိုသမာဓိကိုသာလျှင် ပေါဂါဝစရပုဂ္ဂိုလ်၏ စိတ်အ စဉ်၌။ နိဝရဏ စသော ကိုလေသာ တို့ကို ငြိမ်းစေ တတ်သော ကြောင့်(သမထ)ဟု ခေါ်ဆိုအပ်သည်။ ထိုသမထဟုခေါ်ဆိုအပ် သော သမာဓိကိုသာလျှင်။ အစဉ်မပြတ် လေ့လာ ပွါးများအပ် သည်ကို (သမထဘာဝနာကိုပွါးအပ်သည်)ဟူ၍ လည်းကောင်း။ (သမာဓိဘာဝနာကိုပွါးအပ်သည်) ဟူ၍လည်းကောင်း။ ခေါ်ဆို အပ်လေသည်။ ။ဤတွင် အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်

ကိုအာရုံပြု၍။ ဗုဒ္ဓါနုဿတိဘာဝနာပွါးအပ်သောနည်း အကျဉ်း ပြပြီး၏။

သင်္ဃာဒေဝမနုဿာနံ ဟူသော အမည်တော်ကို ရစေတတ်သောဘုရားခန္ဓာတော်၌ဖြစ်သော သင်္ဃာဒေဝမနုဿာနံဟူသော ဂုဏ်တော်ကို အာရုံပြု၍။ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွါးများလိုသော ပေါဂဝါဝစရဝုဋ္ဌိုလိသည်။ ဘုရားဟု သမုတ် အပ်သော ခန္ဓာတော်အစဉ်၌ဖြစ်သော သင်္ဃာဒေဝ မနုဿာနံ မည်တော်မှ သောဂုဏ်တော်ကို အာရုံပြု၍ အဖန်တလဲလဲအောံမ့ေနအပ်၏။ ထိုအောံမ့ေနအပ်သော သင်္ဃာဒေဝမနုဿာနံဂုဏ်တော်သည် အဘယ်နည်းဟုမေးငြားအုံ။နတ်လူဟုသမုတ်အပ်သော ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော သင်္ခဝါတို့ကို။ မျက်မှောက်၌ ဖြစ်သော အကျိုးစီးပွါး၊ တမလွန်၌ဖြစ်သော အကျိုးစီးပွါး တို့ဖြင့်။ ထိုက်သည်အားလျော်စွာ။ ဆုံးမတော်မူတတ်သော ဘုရားခန္ဓာတော်၌ဖြစ်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ အာသယာနုသယဉာဏ်တော်တို့သည်သာလျှင်။ရှေသွားပြု၍ခြံရံအပ်သော သဗ္ဗညုတဉာဏ်တော် စိတ္တုပ္ပါဒ်သည်။ အစဉ်ဆုံးမခြင်းကို ဖြစ်စေတတ်သော သင်္ဃာဒေဝမနုဿနံ ဂုဏ်တော်မည်၏ဟု ဖြေဆိုရာ၏။ ထိုသို့ဖြေဆိုအပ်သော ဂုဏ်တော် သည်သာလျှင်။ သင်္ဃာဒေဝ မနုဿာနံဂုဏ်တော်ဖြစ်ကြောင်းကိုလည်း။ ဂင်းဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ သင်္ဃာဒေဝမနုဿာနံ ဂုဏ်တော်ကို ဘွင့်ရာ၌။ ။ဒိဋ္ဌဓမ္မိက သမ္ပရာယိက ပရမတ္ထေဟိ ယထာရဟံ အနုသာသတိတိ သင်္ဃာ။ ။ဟူ၍ မိန့်ဆိုအပ်သောပါဠိတို့တွင်(အနုသာသတိ)ဟူသောကြိယာပုဒ်ကို ထောက်၍သိအပ်၏။ ။မြန်မာပြန်ကား။ ။ ယောဘဂဝါ၊ အကြင်ခန္ဓာငါးပါးအပေါင်း၌ သမုတ်အပ်သော ဘုရားသည်။ ဒေဝမနုဿသမ္မတိတော၊နတ်လူဟု ဆိုအပ်ကုန်သော။ သင်္ဃော၊ခန္ဓာငါးပါးအပေါင်း၌ သမုတ်အပ်သော သင်္ခဝါတို့ကို။ (ထည့်သည်) ဒိဋ္ဌဓမ္မိက သမ္ပရာယိက ပရမတ္ထေဟိ မျက်မှောက်၌ဖြစ်သောမြတ်သောအကျိုး၊တမလွန်၌ဖြစ်သော မြတ်သောအကျိုး

တို့ဖြင့်။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ အနုသာသတိ၊ ဣန္ဒြေနှုန်းရင့်ကိုသိတော်မူ၍ စရိုက်အားလျော်စွာ သဗ္ဗညုတညာဏ်တော်စိတ္တုပ္ပါဒ်ဖြင့် အစဉ်ဆုံးမတော်မူတတ်၏။ ဣတိတသ္မာ၊ ထိုသို့စရိုက်အားလျော်စွာအစဉ်ဆုံးမတော်မူတတ်သောသဘိုကြောင့် သောဘဂဝါ၊ ထိုခန္ဓာငါးပါးအပေါင်းခွဲ သမုတ်အပ်သော ဘုရားသည်။ သတ္ထာ၊ သတ္ထဝမည်တော်မူ၏။

ဤသို့ပြဆိုအပ်သော အဌကထာပါဠိတို့တွင် (ယတာရဟံ) ဟူသောပါဠိဖြင့်။ ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ အာသယာနုသယဉာဏ်တော်တို့ဖြင့်။ ဣန္ဒြေနှုန်းရင့်စရိုက်စသည်တို့ကို။ ရှေးဦးစွာသိတော်မူသည်၏အဖြစ်ကို သိစေတော်မူ၏။ (အနုသာသတိ) ဟူသောပါဠိဖြင့်။ အစဉ်ဆုံးမခြင်းကိုဖြစ်စေတတ်သော သဗ္ဗညုတဉာဏ်တော်စိတ္တုပ္ပါဒ်တည်းဟူသော ဂုဏ်တော်ကိုသိစေတော်မူ၏။ ထိုသို့ သိစေတော်မူသောကြောင့်။ ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်၊ အာသယာနုသယဉာဏ်တော်တို့သည်လျှင်။ ရှေ့သွားပြု၍ခြုံငုံအပ်သောသဗ္ဗညုတဉာဏ်တော်စိတ္တုပ္ပါဒ်သည်သာလျှင် စင်စစ်နတ်လူတို့ကို အစဉ်ဆုံးမတတ်သောဘုရားခန္ဓာတော်ခွဲဖြစ်သော ဂုဏ်ထူးမည်၏ဟုသိကြလေ။ ထိုဂုဏ်တော်သည်လည်း။ စင်စစ် ပရမတ္ထသဘောတရားဖြစ်၏။ ထိုပရမတ္ထသဘောတရားဖြစ်သော သဗ္ဗညုတဉာဏ်တော်စိတ္တုပ္ပါဒ်တည်းဟူသော ဂုဏ်တော်ကိုသာလျှင်။ အပန်တလဲလ အာရုံပြု၍တွေးတောအော်မေ့နေရမည်။ ထိုသို့အောက်မေ့နေတိုင်း၊ အောက်မေ့နေတိုင်း။ ယောဂါဝစရ၏ သတိပြဋ္ဌာန်းသောစိတ်အစဉ်သည်။ သဏ္ဌာန်ပညတ်စသောအာရုံတပါးသို့မရောက်ဘဲ။ ဖိမိပြုအပ်သော သဗ္ဗညုတဉာဏ်တော်စိတ္တုပ္ပါဒ်စသော သတ္တဝေါဒေဝမနုဿာနုံ ဂုဏ်တော်တည်းဟူသောအာရုံခွဲသာလျှင်။ အစဉ်မပြတ်ရောက်၍ တည်နေလေ၏။ ထိုသို့ယောဂါဝစရပုဂ္ဂိုလ်၏စိတ်အစဉ်ကို။ အစဉ်မပြတ်ရောက်၍ တည်စေတတ်သော ဂေဟ္ဌတာစေတသိက်ကိုသာလျှင်။ ထိုအာရုံပြုအပ်သော သတ္တဝေါဒေဝ မနုဿနုံဂုဏ်တော်ခွဲ မပျံ့မ

လွှင့်တည်စေတတ်သောသတ္တိကြောင့် (သမာဓိ)ဟု ခေါ်ဆိုအပ်သည်။ထိုသမာဓိကိုသာလျှင် ယောဂါဝစရပုဂ္ဂိုလ်၏စိတ်အစဉ်၌ နိဝရဏစသောကိလေသာတို့ကင်းငြိမ်းစေတတ်သောကြောင့် (သမထ)ဟုခေါ်ဆိုအပ်သည်။ထိုသမထဟုခေါ်ဆိုအပ်သော သမာဓိကိုသာလျှင်။အစဉ်မပြတ်လေ့လာပွါးများအပ်သည်ကို (သမထဘာဝနာကိုပွါးအပ်သည်)ဟူ၍လည်းကောင်း။ (သမာဓိဘာဝနာကိုပွါးအပ်သည်)ဟူ၍လည်း၊ကောင်း။ခေါ်ဆိုအပ်လေသည်။ ။ဤတွင် သဒ္ဓာဒေဝမနုဿာနံဂုဏ်တော်ကိုအာရုံပြု၍။ ဗုဒ္ဓါနုဿတိ ဘာဝနာပွါးအပ်သောနည်း အကျဉ်းပြပြီး၏။

. ဗုဒ္ဓဟူသော အမည်တော်ကိုရကြောင်းဖြစ်သော ဘုရားခန္ဓာတော်၌ဖြစ်သောဗုဒ္ဓဂုဏ်တော်ကိုအာရုံပြု၍။ ဗုဒ္ဓါနုဿတိဘာဝနာကိုပွါးများလိုသောယောဂါဝစရပုဂ္ဂိုလ်သည်ဘုရားဟုသမုတ်အပ်သော ခန္ဓာတော်အစဉ်၌ဖြစ်သောဗုဒ္ဓဟူသောဂုဏ်တော်ကို အာရုံပြု၍ အဖန်တလဲလဲအောက်မေ့နေအပ်၏။ထိုအောက်မေ့နေအပ်သောဗုဒ္ဓဟူသောဂုဏ်တော်သည်။အာဘယ်နည်းဟုမေးငြားအုံ့။သစ္စာလေးပါးတရားတော်တို့ကို မိမိအလိုလိုကိုယ်တော်တိုင်သာလျှင်၊ အကြွင်းမရှိသိခြင်းကို ဖြစ်စေနိုင်သော အရဟတ္တမဂ်ဉာဏ်တော် သဗ္ဗညုတဉာဏ်တော်။မိမိသိသလိုသူဘေးပါးတို့အားသိစေခြင်းကိုဖြစ်စေနိုင်သော သဗ္ဗညုတဉာဏ်တော်စိတ္တုပ္ပါဒ်တို့သည်။စင်စစ်ဗုဒ္ဓအမည်တော်ကိုရစေတတ်ကုန်သောဂုဏ်ထူးတို့မည်ကုန်၏ဟု ဖြေဆိုရာ၏။ ထိုသို့ ဖြေဆိုအပ်သော ပြဆိုအပ်ပြီးသော အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော် စိတ္တုပ္ပါဒ်တို့သည်သာလျှင်။ စင်စစ် ဗုဒ္ဓဂုဏ်တော်ဖြစ်ကြောင်းကိုလည်း။ ၎င်းဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ရှင်သည်။ ဗုဒ္ဓဂုဏ်တော်အဘွင့်၌။ ။ဗုဒ္ဓိတာ သစ္စာနိတိ ဗုဒ္ဓေါ။ ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ။ ။ဟူ၍ ပြဆိုအပ်သည်ကိုထောက်၍သိကြလေ။ ။မြန်မာပြန်ကား။ ။ယောဘဂဝါ၊ အကြင် ခန္ဓာငါးပါးအပေါင်း၌ သမုတ်အပ်သော ဘုရားသည်။ သံသစ္စာနိ၊ အမှန်တရား၊တို့ကို။ ဗုဒ္ဓိတာ၊အရဟတ္တမဂ်

ဥာဏ်၊ သဗ္ဗညုတဥာဏ်တော်ဖြင့်သိတော်မူပြီ။ ဣတိတသ္မာ၊ထို သို့အမှန်တရားတို့ကို အရဟတ္တမဂ်ဥာဏ်၊သဗ္ဗညုတဉာဏ်တော် တို့ဖြင့် သိတော်မူပြီးသော သတ္တိကြောင့်။ သောဘဂဝါ၊ ထိုခန္ဓာ ငါးပါးအပေါင်းခို သမုတ်အပ်သော ဘုရားသည်။ဗုဒ္ဓေါ၊ဗုဒ္ဓမည် တော်မူ၏။ ယောဘဂဝါ၊ အကြင်ခန္ဓာငါးပါးအပေါင်းခို သမုတ် အပ်သောဘုရားသည်။ ပဇာပယာ၊ ခန္ဓာငါးပါးအပေါင်းခိုသမုတ် အပ်သော သတ္တဝါအပေါင်းအား။ သစ္စာနိ၊ အမှန်တရားတို့ကို။ ဗောဓေတာ၊အနာဝရဏဉာဏ်တော်ဖြင့်တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်တော်ဖြင့် သိစေတော်မူလေပြီ။ဣတိတသ္မာ။ ထို သို့သတ္တဝါအပေါင်းအား အမှန်တရားတို့ကို သိစေတော်မူတတ် သော သတ္တိကြောင့်။ သောဘဂဝါ၊ထိုခန္ဓာငါးပါးအပေါင်းခို သ မုတ်အပ်သောဘုရားသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။ ။ဤသို့ ပြဆိုအပ်သောပါဠိတို့တွင် (ဗုဒ္ဓါတာသစ္စာနိ) ဟူသောပါဠိဖြင့်။ မိမိကိုယ်တိုင် အရဟတ္တမဂ်ဥာဏ်၊သဗ္ဗညုတဉာဏ်တော်တို့ဖြင့် အမှန်တရားတို့ကိုထိုးထွင်းမြင်သိပြီးရှိသည်ကိုပြ၏။ (ဗောဓေတာ ပဇာယ)ဟူသောပါဠိဖြင့်။မိမိသိအပ်ပြီးသော အမှန်တရားတို့ကို သူတပါးတို့အားအပိတ်အပင်မရှိမူ၍အလုံးစုံကိုဖြင်စွမ်းနိုင်သော သဗ္ဗညုတ ဉာဏ်တော်ဖြင့်၊ သိစေတော်မူသည်၏ အဖြစ်ကို ပြ တော်မူ၏။ ထိုသို့ပြဆိုအပ်သည်ကိုထောက်၍ စင်စစ် အရဟတ္တ မဂ်ဉာဏ်၊သဗ္ဗညုတဉာဏ်တော်တို့သည်။ဗုဒ္ဓအမည်တော်ကို ရ စေတတ်သော ဂုဏ်ထူးဖြစ်ကြောင်းကို။ ရှေးခို့ပြဆိုအပ်ပြီးသည် အတိုင်းသိကြလေ။ ။ထိုဆိုအပ်ပြီးသောဗုဒ္ဓအမည်တော်ကိုရစေ တတ်သောအရဟတ္တမဂ်ဉာဏ်၊သဗ္ဗညုတဉာဏ်တော်တို့ကိုသာ လျှင်၊အဖန်တလဲလဲအာရုံပြု၍ တွေးတောအောက်မေ့နေရမည်။ ထိုသို့တွေးတောအောက်မေ့နေတိုင်း၊ အောက်မေ့နေတိုင်း ယော ဂါဝစရပုဂ္ဂိုလ်၏ စိတ်အစဉ်သည်။သဏ္ဌာန်ပညတ်စသောအာရုံ တပါးသို့မရောက်မူ၍။ မိမိပြုအပ်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗ ညုတဉာဏ်တော်ဟုဆိုအပ်သော ဗုဒ္ဓဂုဏ်တော်တည်းဟူသော အာရုံ၌သာလျှင်၊အစဉ်မပြတ်ရောက်၍တည်စေတတ်သော ဇောဂုဏ

တာစေတာ သိက်ကိုသာလျှင် ထိုအာရုံပြုအပ်သော ဗုဒ္ဓဂုဏ်တော်၌ မပျံ့မလွင့်တည်စေတတ်သောသဘော်ကြောင့် (သမာဓိ)ဟုခေါ်ဆိုအပ်သည်။ထိုသမာဓိကိုသာလျှင်။ယောဂါဝစရပုဂ္ဂိုလ်၏စိတ်အစဉ်၌။ နိဝရဏစသော ဣလေသာတို့ကို ငြိမ်းစေတတ်သောကြောင့်။(သမထ)ဟုခေါ်ဆိုအပ်သည်။ ထိုသမထဟုခေါ်ဆိုအပ်သော သမာဓိကိုသာလျှင်။ အစဉ်မပြတ် လေ့လာ ပွါးများအပ်သည်ကို (သမထဘာဝနာကိုပွါးအပ်သည်) ဟူ၍လည်းကောင်း။ (သမာဓိဘာဝနာကိုပွါးအပ်သည်) ဟူ၍လည်းကောင်း။ ခေါ်ဆိုအပ်လေသည်။ ။ဤတွင်ဗုဒ္ဓဂုဏ်တော်ကိုအာရုံပြု၍။ဗုဒ္ဓါနုဿတိဘာဝနာပွါးအပ်သောနည်း အကျဉ်းပြပြီး၏။

ဘဂဝါဟူသော အမည်တော်ကို ရကြောင်းဖြစ်သော ဘုရားမန္တာပတော်၌ဖြစ်သော ဘဂဝါဂုဏ်တော်ကိုအာရုံပြု၍။ဗုဒ္ဓါနုဿတိ ဘာဝနာကိုပွါးများလိုသော ယောဂါဝစရပုဂ္ဂိုလ်သည်။ဘုရားဟု သမုတ်အပ်သော ခန္ဓာတော်အစဉ်၌ ဖြစ်သော ဘဂဝါဂုဏ်တော်ကိုအာရုံပြု၍ အဝန်တလဲလဲအောက်မေ့နေအပ်၏။ထိုအော့ဝံမေ့နေအပ်သောဘဂဝါဂုဏ်တော်သည်အဘယ်နည်းဟုမေးငြားအုံ့။ အလုံးစုံသောနတ်လူတို့သည် ကျေနပ်ထိုးကဲ့သို့ အလေးအမြတ်ပြုအပ်သော ဘုရားခန္ဓာတော်၌ဖြစ်သောဒေဝတမဂ္ဂါမြတ်သော အနုတ္တရဝိမောက္ခဖြင့်ထုံအပ်သော သီလ၊သမာဓိ။ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿန စသော ဂုဏ်တော်အပေါင်းသည်။ ဘဂဝါဂုဏ်မည်၏ဟု ဖြေဆိုရာ၏။ ထိုသို့ ဖြေဆိုအပ်သော ပြဆိုအပ်ပြီးသော သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿန စသော ဂုဏ်တော်တို့သည်သာလျှင်။ စင်စစ် အလေးအမြတ်ပြုအပ်သော ဘဂဝါဂုဏ်တော် မည်ကြောင်းကိုလည်း။ ၎င်းဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ရှင်သည်။ ၎င်းဘဂဝါဂုဏ်တော် အဘွင့်၌ပင်။ ။ဘဂဝါတိ ဣဒံ ပနသသ ဂုဏ ဝိသိဋ္ဌသဗ္ဗသတ္တုတ္တမ ဂရုဂါရဝါဓိဝစနံ။တေနာဟုပေါရာဏာ။ ။ဘဂဝါတိ ဝစနံသေဋ္ဌံ။ ဘဂဝါတိ ဝစနမုတ္တမံ။ ဂရုဂါရဝယုတ္တော သော။ ဘဂဝါတေန ဝုစ္စတီတိ။ ။ဟူ၍ ပိဋ်ခိုဆိုအပ်သည်ကိုထောက်၍ သိကြလေ။

ပန်၊ဗုဒ္ဓဂုဏ်တော်မှတပါး၊ဘဂဝါဂုဏ်တော်ကိုဆိုဦးအုံ့။ဘဂဝါတိဇ္ဈာနံ၊ ဘဂဝါဟူသော ဤစကားသည်။ တဿဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ ဂုဏာဝိသိဋ္ဌ သဗ္ဗညုတ္တ၊ဗြဟ္မ ဂရုဂါရုဝါဒိ ဝစနံ၊ သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနစသော ဂုဏ်တို့ဖြင့်ထူးသောကြောင့်အလုံးစုံသောသတ္တဝါတို့ထက် မြတ်သော အလေးပြုအပ်၊ ရိုသေအပ်၊ ရိုသေရာဖြစ်သောဘုရားအား ရိုသေလေးမြတ်သောအားဖြင့် ဆိုအပ်သော အမည်တော်တည်း။ တေန၊ထိုကြောင့်။ပေါ ရာဏာ၊ရှေးဆရာတို့သည်။ ဘဂဝါတိ ဝစနံ သေဋ္ဌံ၊လ။ဝုစ္စတိ၊ဘဂဝါတိ ဝစနံ သေဋ္ဌံ။လ။ဝုစ္စတိဟူ၍ အာဟု၊ ဆိုကုန်ပြီ။ ။ဘဂဝါတိ ဝစနံ'ဘဂဝါဟူသောသဒ္ဒါသည်။သေဋ္ဌ၊ မြတ်၏။ ဝါ၊ကား။ဘဂ္ဂ ဝါတိ ဝစနံ ဘဂဝါတိ ဝစနိယော၊ဘ.ဂ ဝါ သဒ္ဒါသည် ဟောအပ်သောအနက်သည်။သေဋ္ဌ သေဋ္ဌော မြတ်၏။ ဘဂဝါတိ ဝစနံ၊ ဘဂဝါဟူသောသဒ္ဒါသည်။ ဥတ္တမံ၊မြတ်၏။ ဝါ၊ ကား။ ဘဂဝါတိ ဝစနံ-ဘဂဝါတိ ဝစနိယော၊ ဘဂဝါဟူသော သဒ္ဒါသည်ဟောအပ်သောအနက်သည်။ ဥတ္တမံ ဥတ္တမော၊မြတ်၏။ ဂရု၊ကျောက်သီးကဲ့သို့ အလေးအမြတ်ပြုအပ်၏။ ဂါရဝယုတ္တော၊ အလုံးစုံသောနတ်လူဗြဟ္မာတို့သည် အရိုအသေအလေးအမြတ်ပြု အပ်သောသီလ၊သမာဓိ၊ပညာ၊ဝိမုတ္တိ၊ဝိမုတ္တိဉာဏဒဿနစသော ဂုဏ်ထူးတို့နှင့်ယှဉ်တော်မူ၏။တေန ထိုကြောင့်။ သောဗုဒ္ဓေါ၊ထို ဘုရားကို။ ဘဂဝါဘိ၊ဘဂဝါဟူ၍။ဝုစ္စတိ.ဆိုအပ်၏။

ဤပြဆိုအပ်သောပါဠိတို့တွင် (ဂုဏာဝိသိဋ္ဌ)ဟူသောပါဠိ (ဂါရဝယုတ္တော)ဟူသောပါဠိတို့ဖြင့်။ အလုံးစုံသောနတ်လူဗြဟ္မာတို့ သည် အရိုအသေ အလေးအမြတ်ပြုအပ်သော အနုတ္တရဝိမောက္ခ ဖြင့်ထုံအပ်သော အတုမရှိမြတ်သော သီလ၊သမာဓိ၊ ပညာ အရဟာတ္တမဂ်လိပ်ဟု ဆိုအပ်သော ဝိမုတ္တိ။ ပစ္စဝေက္ခဏာ ဉာဏ်တော် တည်းဟူသော ဝိမုတ္တိဉာဏဒဿနစသော ဂုဏ်ထူးတို့ကိုပြ၏။ ထိုဘိုးပြအပ်သည်ကိုထောက်၍၊ ပြဆိုအပ်ပြီးသော သီလ၊သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ဝိမုတ္တိဉာဏဒဿနစသော ဂုဏ်တော်တို့သည်သာ

လျှင် စင်စစ်ဘဂဝါဟူသော အမည်ကိုရကြောင်းဖြစ်သော ဂုဏ်ထူး ဖြစ်ကြောင်းကို ထင်ရှားသိကြလေ။ ။ထိုဆိုအပ် ပြီးသော ဘဂဝါဂုဏ်တော်ကိုသာလျှင်အဖန်တလဲလဲအာရုံပြု၍တွေးတောအောက်မေ့နေရမည်။ထိုသို့အဖန်တလဲလဲတွေးတောအောက်မေ့နေတိုင်း၊အောက်မေ့နေတိုင်း။ ထိုယောဂါဘစရပုဂ္ဂိုလ်၏စိတ်အစဉ်သည်။သဏ္ဌာန်ပညတ်စသော အာရုံတပါးသို့မရောက်မူ၍။မိမိအာရုံပြုအပ်သောသိလအစရှိသော ဘဂဝါဂုဏ်တော်တည်းဟူသောအာရုံ၌သာလျှင်။ အစဉ်မပြတ်ရောက်၍တည်နေလေ၏။ ထိုယောဂါဝစရ ပုဂ္ဂိုလ်၏စိတ်အစဉ်ကို မဃ့်.မလွင့် တည်စေတတ်သောဇကွတာစေတသိက်ကိုပင်။ ထိုမိမိအာရုံပြုအပ်သော ဘဂဝ့ါ ဂုဏ်တည်းဟူသော အာရုံ၌ မဃ့်.မလွင့် တည်စေတတ်သော သဒ္ဓါကြောင့် (သမဓိ)ဟုခေါ်ဆိုအပ်သည်။ထိုသမာဓိကိုသာလျှင် ယောဂါဝစရပုဂ္ဂိုလ်၏စိတ်အစဉ်၌။ နိဝရဏစသောကိလေသာတို့ကိုငြိမ်းစေတတ်သောကြောင့် (သမထ) ဟု ခေါ်ဆိုအပ်သည်။ ထိုသမထဟုခေါ်ဆိုအပ်သော သမာဓိကိုသာလျှင်။ အစဉ်မပြတ်ဖြစ်စေရန် ပွါးများလေ့လာနေမှုကို (သမထဘာဝနာကိုပွါးအပ်သည် ဟူ၍ လည်းကောင်း။ (သမာဓိဘာဝနာကို ပွါးအပ်သည်) ဟူ၍လည်းကောင်း။ခေါ်ဆိုအပ်လေသည်။ ။ဤတွင်ဘဂဝါဂုဏ်တော်ကိုအာရုံပြု၍။ဗုဒ္ဓါနုဿတိဘာဝနာ ပွါးအပ်သောနည်း အကျဉ်းပြပြီး၏။

ထိုသို့ ဂြိုးဒ္ဓိရေးသားဘော်ပြခဲ့ပြီးသော သက်တော်ထင်ရှားရှိသော ဘုရားခန္ဓာတော်၌ ရှိသော အရဟံအစ၊ဘဂဝါ အဆုံးရှိသော ကိုးပါးသောဂုဏ်တော်တို့ကိုသာလျှင်။ လှည့်.ကာ၊ လှည့်.ကာအာရုံပြု၍။အဖန်တလဲလဲကြံဆလျက်နှလုံးသွင်းပြီးလျှင်။တွေးတောအောက်မေ့နေသောယောဂါဝစရပုဂ္ဂိုလ်အား။ထိုအောက်မေ့.နေတိုင်း၊ နေတိုင်း အခိုက်၌။ ရာဂထိုးကျင်၊ ဒေါသထိုးကျင်၊ မောဟထိုးကျင်သောစိတ်မရှိမူ၍။ဘုရားဂုဏ်တော်တို့၌သာလျှင် အာရုံပြု၍ဖြောင့်မတ်စွာရှေ့ဆိုက်နေသောစိတ်အစဉ်သာရှိနေလေ၏။

ထိုသို့ရှိနေသည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော ဝိ သုဒ္ဓိမဂ်အဋ္ဌကထာရှင်သည်။ဗုဒ္ဓါနုဿတိဘာဝနာပွါးများမှုကိုပြ ဆိုရာအခက်း၊စာမျက်နှာနံပါတ်(၁၈၀)၌။ ။တသေ့ဝံ ဣမိနာ စ ဣမိနာစ ကာရဏေန သောဘဂဝါအရဟံ။လ၊ ဣမိနာစ ဣမနာ စ ကာရဏေန ဘဂဝါတိ ဗုဒ္ဓဂုဏော အနုဿရတော နေဝတာသ္မိ သမယော ရာဂပရိယုဋ္ဌိတံ စိတ္တံဟောတိ။ နဒေါသပရိယုဋ္ဌိတံ စိတ္တံ ဟောတိ၊ နမောဟပရိယုဋ္ဌိတံ စိတ္တံဟောတိ။ ဥဇုဂတမေဝသာ တသ္မိံ သမယော စိတ္တံဟောတိ တထာဂတမာရဗ္ဘ။ ။ဟူ၍မိန့်ဆို တော်မူလေပြီ။ ။မြန်မာပြန်ကား။ ။ဤဝံ တတြာယံနယောတိ အာ ဒိနာ ဂုဏ္ဍပ္ပကာရေန၊တတြာ ယံ နယောစသည်ဖြင့်ဆိုအပ်ပြီးသော အပြားအားဖြင့်။ ဣမိနာစ ကာရဏေန၊ ဤသို့သောအကြောင်း ကြောင့်လည်း။ ဣမိနာစ ကာရဏေန၊ ဤသို့သော အကြောင်း ကြောင့်လည်း။ သောဘဂဝါ၊ ထိုခန္ဓာအပေါင်း၌ သမုတ်အပ် ကာမျှဖြစ်သောဘုရားသည်။ အရဟံ၊အရဟာမည်တော်မူ၏။ လ။ ဣမိနာစကာရဏေန၊ ဤသို့သောအကြောင်းကြောင့်လည်း။ ဣမိ နာစကာရဏေန၊ ဤသို့သောအကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါမည်တော်မူ၏။ ဣတိ ဤသို့။ ဗုဒ္ဓဂုဏော၊ဘုရားဟုသမုတ် အပ်သော ခန္ဓာတော်အစဉ်၌ဖြစ်သော အရဟတ္တမဂ်ဉာဏ်အစရှိ သော အလုံးစုံသောဂုဏ်တော်တို့ကို။ အနုဿရတော အဟန်တ လဲ လဲအောက်မေ့သုံးသပ်နေသော။ တသ္မိဗုဒ္ဓါနုဿတိကမ္မဋ္ဌာန် ကသယောဂိနော၊ထိုဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းရှိသောယောဂိအား တသ္မိံ သမယော ထိုသို့ဘုရားဂုဏ်တော်ကို အဟန်တလဲလဲဆင်ခြင် အောက်မေ့နေသောကာလ၌။ရာဂပရိယုဋ္ဌိတံ၊ရာဂသည်ထိုးကျင် အပ်သော။ ဝါ၊ရာဂသည်ထကြွ၍ယူအပ်သော။ စိတ္တံ၊စိတ်သည်။ နေဝဟောတိ၊ ဖြစ်မှုမရှိတည့်သာလျှင်တည်း။ ဒေါသပရိယုဋ္ဌိတံ၊ ဒေါသသည်ထိုးကျင်အပ်သော။ ဝါ၊ဒေါသသည် ထကြွ၍ယူအပ် သော။ စိတ္တံ စိတ်သည်။နဟောတိ ဖြစ်မှုမရှိသည်သာလျှင်တည်း။ မောဟပရိယုဋ္ဌိတံ၊ မောဟသည်ထိုးကျင်အပ်သော၊ ဝါ၊မောဟ သည်တကြွ၍ယူအပ်သော။ စိတ္တံ စိတ်သည်။ နဟောတိ၊ဖြစ်မှုမရှိ

သည် သာသျှင်တည်း။ တသို့သမယော၊ ထိုဘုရားဂုဏ်တော်ကို အဖန်တလဲလဲ ဆင်ခြင်အောက်မေ့၍နေသောကာလ၌။ တသဖုဒ္ဓါနုဿတိ ကမ္မဋ္ဌာနိကဿ ယောဂိနော၊ ထိုဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းရှိသောယောဂိအား။ တထာဂတံ၊ ဘုရားဟုခေါ်ဝေါ်အပ်သော ခန္ဓာအစဉ်၌ဖြစ်သော အရဟံအစ၊ ဘဂဝါအဆုံးရှိသော ဂုဏ်တော်ကို။အာရုဏ္ဇအရမ္မဏံ.ကတွာ၊အာရုံပြု၍။ဥဒုဂတမေဝ ဖြောင့်မတ်ခြင်းသို့ရောက်သည်သာလျှင်ဖြစ်သော။စိတ္တံ စိတ်သည် ဟောတိ၊ဖြစ်၏။ ။ဤသို့ပြုဆိုအပ်သောအဋ္ဌကထာစကားတော်ကိုထောက်၍ ဘုရားဂုဏ်တော်ကိုအာရုံပြု၍ ပွါးများနေသောသူအား၊ရာဂ ဒေါသ၊မောဟ ထိုးကျင်အပ်သောစိတ်ဖြစ်မှုမရှိသည်၏အဖြစ်ကို လည်းကောင်း။ ထိုတရားဂုဏ်တော်တို့ကို သာလျှင် အာရုံပြု၍။ ဖြောင့်မတ်စွာ ရောက်နေသော စိတ်ရှိသည်၏အဖြစ်ကို လည်း ကောင်း။ ထင်ရှားသိကြလေ။

ဤအဋ္ဌကထာဖြင့်သာ ထိုဆိုအပ်ခဲ့ပြီးသော ရာဂထိုးကျင်မှုစသည်မရှိခြင်း၏အကြောင်းကို သိအပ်သည်မဟုတ်သေး။ ဧကာဒသကအင်္ဂုတ္တရပါဠိတော်၊ အနုဿတိဝဂ်၊မဟာနာမ်ကို ဟောရာ၌။ ။ယသ္မိံ မဟာနာမသမယော အရိယသာဝကော တထာဂတံ အနုဿရတိ။ နော သတ္တိ သမယော ရာဂပရိယုဋ္ဌိတံ စိတ္တံ ဟောတိ။နဒေါသပရိယုဋ္ဌိတံ စိတ္တံဟောတိ။ နမောဟပရိယုဋ္ဌိတံ စိတ္တံ ဟောတိ။ ဥဇုဂတမေဝ သ တသ္မိံ သမယော စိတ္တံ ဟောတိ ကထာဂတံအာရဗ္ဘ။ ။ဟူ၍ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း။ ထိုနည်းအတူ၎င်းအနုဿတိဝဂ်၌။နဒ္ဒိယသာကိ ဝင်မင်းကို အကြောင်းပြု၍ ဟောတော်မူအပ်သည်ကို ထောက်၍ လည်းကောင်း၊ သိကြလေဦး။ ။ဖြန်မာပြန်ကား။ ။မဟာနာမ၊မဟာနာမ်။ယသ္မိံ သမယော အကြင်အခါ၌။အရိယသာဝကော၊ အရိယာဖြစ်တော်မူသောငါဘုရား၏တပည့်သားသည်။တထာဂတံ တထာဂတဟုဂုဏ်၊ ငါဘုရား၏ အရဟံ အစ၊ ဘဂဝါအဆုံးရှိသောဂုဏ်တော်ကို။အနုဿရတိ၊အဖန်တလဲလဲအောက်မေ့နေ

ဏ်။တသို့သမယော၊ထိုသို့ငါဘုရားဂုဏ်တော်ကိုအောက်မေ့၍နေ သောအခါ၌။အသ၊ထိုငါဘုရား၏တပည့်သားဖြစ်သောသူအား။ ရာဂပရိယုဋ္ဌိတံ၊ ရာဂသည်ထိုးကျင်အပ်သော။ ဝါ ရာဂသည်ထ ကြွ၍ယူအပ်သော။စိတ္တံ၊စိတ်သည်။နေ ဟောတိ၊ဖြစ်မှုမရှိသည် သာလျှင်တည်း၊ ဒေါသပရိယုဋ္ဌိတံ ဒေါသသည် ထိုးကျင် အပ် သော။ ဝါ၊ဒေါသသည်ထကြွ၍ယူအပ်သော။ စိတ္တံ၊စိတ်သည်။ နဟောတိ၊ဖြစ်မှုမရှိသည်သာလျှင်တည်း။ မောဟပရိယုဋ္ဌိတံ၊မော ဟသည် ထိုးကျင်အပ်သော။ ဝါ၊ မောဟသည် ထကြွ၍ ယူအပ် သော။ စိတ္တံ၊ စိတ်လည်။ နဟောတိ၊ ဖြစ်မှုမရှိသည် သာလျှင် တည်း။တသို့သမယော၊ ထိုငါဘုရား၏ဂုဏ်တော်ကိုအောက်မေ့ ၍နေသောအခါ၌။ အသ၊ထိုငါဘုရား၏တပည့်သားဖြစ်သော သူ အား။ တဿာဂတံ တထာဂတဂုဏံ၊ ငါဘုရား၏ ဂုဏ်တော်ကို။ အာရဗ္ဘ အာရမ္မဏံကတွာ၊ အာရုံပြု၍။ ဥဒုဂတမေဝ၊ပြောင့်မတ် ခြင်းသို့ရောက်သည်သာလျှင် ဖြစ်သော။ စိတ္တံ၊စိတ်သည်။ ဟော တိ၊ ဖြစ်၏။ ။ဤသို့ဟောတော်မူအပ်သည်ကို ထောက်၍လည်း။ ဘုရားဂုဏ်တော်ကိုအာရုံပြု၍ပွါးများသောသူအား။ရာဂ၊ဒေါသ မောဟတရားတို့သည်။ ထိုးကျင်အပ်သောစိတ်မရှိသည်၏အဖြစ် ကိုလည်းကောင်း၊ ထိုဘုရားဂုဏ်တော်ကို သောလျှင်။ အာရုံပြု၍ ပြောင့်မတ်သောစိတ်ရှိနေသည်၏ အဖြစ်ကိုလည်းကောင်း။ ထင် ရှားသိကြလေ။

ထိုဘုရားဂုဏ်တော်တို့ကိုအာရုံပြု၍ ရာဂထိုးကျင်ခြင်းစသည် မှကင်းလျက်။တပြောင့်တည့်း စိတ်ရောက်နေသော ပေါ်ဝဂါဝစရ ပုဂ္ဂိုလ်သည်။ဘုရား၏ခန္ဓာတော်အစဉ်၌ဖြစ်သောအရဟံအစ၊ဘဂ ဝါအဆုံးရှိသော ဂုဏ်တော်တို့ကို။ရှေးရှုအာရုံပြု၍ အဝန်တလဲလဲ ကြံဆတိုင်း ကြံဆတိုင်း။ ဝိတက်တည်းဟူသော ဈာန်အင်္ဂါသည် လည်းကောင်း။ အဝန်တလဲလဲ သုံးသပ်တိုင်း သုံးသပ်တိုင်း။ ဝိစာ ရတည်းဟူသော ဈာန်အင်္ဂါသည်လည်း ကောင်း၊ ထိုသို့ကြံဆ၍ သုံးသပ်ခြင်းကြောင့်။ဘုရားရှင်၏ဂုဏ်တော်တို့ကိုထိုးထွင်း၍ သိ တိုင်း သိတိုင်း။နှစ်သက်တတ်သောဝိတိတည်းဟူသောဈာန်အင်္ဂါ

သည်လည်းကောင်း။ ထိုနှစ်သက်ခြင်းကိုအကြောင်းပြု၍ စိတ်၏ ချမ်းသာခြင်းသည်ဖြစ်၏။ထိုစိတ်၏ချမ်းသာခြင်း တည်းဟူသော သုခဟူဆိုအပ်သော ဈာန်အင်္ဂါသည်လည်းကောင်း။ ထိုသို့စိတ်၏ ချမ်းသာခြင်းကြောင့်။ယောဂါဝစရပုဂ္ဂိုလ်၏စိတ်သည် ထိုဘုရား ဂုဏ်တော်တည်းဟူသောအာရုံ၌မ ကျ့ွမလွင့်တည်၏။ထိုသို့ယောဂါဝစရပုဂ္ဂိုလ်၏ စိတ်ကို တည်စေတတ်သော ၎င်းချမ်းသာခြင်းနှင့်ယှဉ်သော ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါသည်လည်းကောင်း။ အာဘူကွတပေါင်းတည်းဖြစ်ကြလေ၏။ ထိုတပေါင်းတည်းဖြစ်သောဈာန်အင်္ဂါတို့ကြောင့်။ ၎င်းဈာန်အင်္ဂါတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ကုန်သော နိဝရဏာစသော ကိလေသာတို့သည်။ အုံ့ကိုင်းထက်အလွန် ကင်းကွာလေ၍။ အဝန်တလဲလဲသုံးသပ်ဖန် မျှားလတ်သော်၊ဥပစာရ ဈာန်အဖြစ်သို့ရောက်လေ၏။ထိုသို့ရောက်ကြောင်းကိုထင်ရှားသိစေလိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ဟု။ ရင်းဗဒ္ဓါနှုသတိအာဘွင့်၊ ကျမ်းနံပါတ် (၁၇၀)၌။ ။ဣဒ္ဓသ ဇေဝ ရာဂါဒိပရိယုဋ္ဌာနာဘာဝေန ဝိကွမ္ဘ တနိဝရဏသ ကမ္မဋ္ဌာနာ ဘိမုခတာယ ဥဒ္ဓဂတစိတ္တသ ဗုဒ္ဓဂုဏပေါဏာ ဝိတက္ကဝိစာရာ ပဝတ္တန္တိ၊ ဗုဒ္ဓဂုဏေ အာရဗ္ဘ ဝိတက္ကယတော အနုဝိစာရယတောပိတိ ဥပ္ပဇ္ဇတိ၊ ပီတိမနသ ပီတိပဒဋ္ဌာနာယ ပဿဒ္ဓိယာ ကာယစိတ္တ ဒရထာပဋိပဿမ္ဘန္တိ၊ ပဿဒ္ဓိဒရထသ ကာယိကဋ္ဌိ စေတသိကဋ္ဌိ သုခံဥပ္ပဇ္ဇတိ။ သုခိနော ဗုဒ္ဓဂုဏာရမ္မဏံဟုတ္တာ စိတ္တံသမာဓိယတိတိ အနုက္ကမေနဇောကွဏေ ဈာနင်္ဂါနိ ဥပ္ပဇ္ဇန္တိ၊ ဗုဒ္ဓဂုဏာနုံ ပန ဂန္ဘီရတာယ နာနုပ္ပကာရ ဂုဏာနုသရဏာ ဝိမုတ္တတာယ ဝါ အပ္ပနုံအပ္ပတ္တာ ဥပစာရမတ္တမေဝ ဈာနံဟောတိ။ ။ဟူ၍မိန့်ဆို လေသည်။ ။မြန်မာပြန်ကား။ ။ဇေဝံနေဝတာသ္မိံ သမယေ ဣာ အာ ဒိနာ ဝုတ္တာနယေန၊ ဣ၊ နေဝတာသ္မိံ သမယေ ဣ၊သို့ အစ၊ဒိ၊သော ဆိုအပ်ပြီးသောနည်းဖြင့်။ရာဂါဒိ ပရိယုဋ္ဌာနာဘာဝေန၊ ရာဂ အစ၊ဒိ၊ သည်တို့သည် ထိုးကျင်ခြင်းမရှိသည်၏ အဖြစ်ကြောင့်။ဝါ၊ရာဂအစ၊ဒိ၊သည် တို့သည် ထကြွ၍ ယူခြင်း မရှိသည်၏ အဖြစ်ကြောင့်။ ဝိကွမ္ဘိတ နိဝရဏာသ၊ ခွါအပ်သော နိဝရဏ တရား ရှိသော။

ကမ္မဋ္ဌာနဘိုမရခတာပယာ၊ ကမ္မဋ္ဌာန်းသို့ရှေ့ရှုသည်၏အဖြစ်ဖြင့်။ ဥဒ္ဓ
စ္စတစိတ္တသ၊ဖြောင့်မတ်ခြင်းသို့ရောက်သောစိတ်ရှိထသော၊ဣတိ
ဝုတ္တပ္ပကာရေန၊ သောဘဂဝါဣတိပိအရဟံ ဤသို့အစရှိသည်ဖြင့်
ရှေးဦး ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်၊ ဗုဒ္ဓဂုဏော၊ဘုရားဂုဏ်
တော်တို့ကို အနုပိတဏ္ဏသ၊တော၊အဖန်တလဲလဲကြံဆသော။ အနု
ပိစာရတော၊အဖန်တလဲလဲသုံးသပ်သော။အသ၊ထိုဗုဒ္ဓါနုဿတိ
ကမ္မဋ္ဌာန်းယောဂိအား၊ဗုဒ္ဓဂုဏပေါဏာ၊ဘုရားဂုဏ်တော်တို့သို့
ညွှတ် ကုန်သော။ ဝိတက္ကပိစာရာ၊ ဝိတက်၊ ဝိစာရတို့သည်။ ပ
ဝတ္တနဿ၊ဖြစ်ကုန်၏၊ဝိတိ၊ဘာဝနာ၏အစွမ်းဖြင့်ဥပစာရဈာန်ကိုပြီး
စေတတ်သောဝိတိသည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဝိတိမနသ၊ ဆိုအပ်ပြီး
သော အပြားရှိသော ဝိတိနှင့်တကွဖြစ်သော စိတ်ရှိသောသူအား
ဝိတိပဒဋ္ဌာနာပယာ၊ဝိတိသာလျှင်နိုးသောအကြောင်းရှိသော။ပသဒ္ဓိ
ယာ၊ပသဒ္ဓိဖြင့်။ကာယာစိတ္တာဒရထာ ကာယာပသဒ္ဓိ၊ စိတ္တပသဒ္ဓိ
၏ဆန့်ကျင်ဘက်ဖြစ်ကုန်သောကုဋ္ဌမ္ဘပ်ဥဒ္ဓစ္စနှင့်တကွဖြစ်ကုန်သော
ကိလေသာအပူအလောင်တို့သည်။ပဋိပသဒ္ဓိယာ၊ငြိမ်းလေကုန်၏
ပသဒ္ဓိဒရထသ၊ငြိမ်းပြီးသော**ကိ**လေသာအပူ**အ**လောင်ရှိသော
သူအား။ ကာယိကဒ္ဒိ ကိုယ်ဒုဋ္ဌလည်းဖြစ်သော။ စေတသိကဒ္ဒိ၊ စိတ်
ဒုဋ္ဌလည်းဖြစ်သော။ သုခံ၊သာယာချမ်းမြေ့တတ်သော သုခဝေဒနာ
သည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။သုခိနော၊သာယာချမ်းမြေ့သော သုခဝေဒနာ
ရှိသောသူအား။ဗုဒ္ဓဂုဏာဂုဏမ္ဘဝံ၊ဘုရားဂုဏ်တော်သာလျှင်အာရုံ
ရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ စိတ္တံ စိတ်သည်။ သမာဓိယတိ၊ တည်၏။
ဣတိအနုက္ကမေန ဤသို့ဆိုအပ်ပြီးသောအစဉ်ဖြင့်။ ဧကဂ္ဂဏော၊တ
ဂသောစိတ္တဂုဏ်ဟု။ ဈာနဂ်ါနိ၊ဈာန်အင်္ဂါတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်
ကုန်၏။ ပန၊ ထိုစကားကိုဆက်၍ ဆိုဦးအံ့။ ဗုဒ္ဓဂုဏာနုံ၊ဘုရားဂုဏ်
တော်တို့၏။ ဂန္ဓိရတာယ ပရမတ္ထ သဘော တရားဖြစ်၍ နက်နဲ
သည်၏ အဖြစ်ကြောင့်လည်းကောင်း။ (သဘာဝဓမ္မောဟိ ဂန္ဓိ
ရော။ နပညတ္တိ။ဟုဘွင့်အပ်သောမဟာဋီကာကိုထောက်)။ နာနပ္ပ
ကာရဂုဏာနုဿရဏာဘိမုခ္ခတာယ ဝါ၊ အထူးထူး အပြားပြား
မျှားသော ဂုဏ်တော်တို့ကို အောက်မေ့ နေခြင်းဖြင့် စုပ်စုပ်နစ်နစ်

ဆုံးဖြတ်၍လေးမြတ်ယုံကြည်ရသည်၏ အဖြစ်ကြောင့်ဌင်း။ အပ္ပနံ အပ္ပနာသို့။ အပ္ပတ္ထာ၊မရောက်မူ၍ ဥပစာရမတ္တမေဝ၊ ဥပစာရမျှ သာလျှင် ဖြစ်သော။ ဈာနံ ဈာန်သည်။ ဟောတိ၊ဖြစ်၏။ ။ဤသို့ ပြဆို အပ်သည်ကိုထောက်၍။ ဘုရားဂုဏ်ကို အာဂုံပြု၍ပွါးမျှား သောပေသာဂါဝစရပုဂ္ဂိုလ်အား၊ဝိတက် ဝိစာရ၊ပီတိ၊သုခ၊ဧကဂ္ဂတာ တာတည်းဟူသော ဈာန်အင်္ဂါတို့သည်။ စိတ်တရုတည်း၌ တပေါင်းတည်းဖြစ်ကုန်၍။ ဥပစာရဈာန်သို့ရောက်သည်၏အဖြစ်ကို။ ရှေး၌ပြဆိုအပ်ပြီးသောအတိုင်း ထင်ရှားသိကြလေ။ ။အဘယ်ကြောင့် ဗုဒ္ဓါနုဿတိဘာဝနာကိုပွါးရာ၌။ ဥပစာရဈာန်မျှသာဖြစ်၍ အပ္ပနာဈာန်သို့ မရောက်လေသနည်းဟူမူ။ ဘုရားဂုဏ်တော်တို့သည် ပရမတ္ထတရားဖြစ်၍ နက်နဲသည်၏ အဖြစ်ကြောင့်လည်း ကောင်း။အထူးထူးအပြားပြားမျှားသောဂုဏ်တော်တို့ကို အာဂုံပြု၍အောက်မေ့နေရသည်၏ အဖြစ်ကြောင့်လည် ကောင်း။ဥပစာရဈာန်မျှသာဖြစ်၍ အပ္ပနာဈာန်သို့မရောက်နိုင်ဟူမတ်။ ထိုသို့မတ် အပ်ကြောင်းကိုလည်း။ ရှေးဦးပြဆိုခဲ့ပြီးသောပါဠိတို့တွင် (ဂန္ဓိရ တာယ)ဟူသောပါဠိကို ထောက်၍လည်းကောင်း။(နာနပ္ပကာရ ဂုဏာနုဿရဏာဝိမုတ္တာယ)ဟူသောပါဠိတို့ကိုထောက်၍ လည်းကောင်း။ အပ္ပနာဈာန်သို့မရောက်နိုင်ကြောင်းသိကြလေ။

ထိုဘုရားဂုဏ်တော်ကို အာဂုံပြု၍ဖြစ်သော ဥပစာရဈာန်ကို လည်း။ ဗုဒ္ဓါနုဿတိဟူ၍ပင်ခေါ်ဆိုအပ်သည်။ အဘယ်ကြောင့် ခေါ်ဆိုအပ်သနည်းဟူမူ။ ဗုဒ္ဓဟုခေါ်ဆိုအပ်သော ခန္ဓာတော်အာ စည်း၌ဖြစ်သော အရဟတ္တမဂ်ဉာဏ်စသောဂုဏ်တော်တို့ကို။အာဂုံ ပြု၍အဖန်တလဲလဲအောက်မေ့တတ်သောသတိတရားနှင့်အတူတ ကွ ဖြစ်သောကြောင့်။ ဥပစာရနည်းဖြင့် ခေါ်ဆိုအပ်လေသည်ဟု မှတ်။ ထိုသို့ခေါ်ဆိုအပ်ကြောင်းကိုလည်း။ ဂင်းဝိသုဒ္ဓိမဂ်အင်္ဂုက ထာရှင်သည်။ ဂင်းဗုဒ္ဓါနုဿတိအဘွင့်၊ ကျမ်းနံပါတ်(၁၇၀)မျက် နှာ၌။ ။တဒေဝံ ဗုဒ္ဓါဂုဏာ နုဿရဏာဝသေန ဥပ္ပန္နတ္တာ ဗုဒ္ဓါ နုဿတိတ္တေဝ သင်္ခံ ဂစ္ဆတိ။ ။ ဟူ၍ မိန့်ဆိုအပ်သော စကား

တော်ကိုထောက်၍သိလေ။ ။မြန်မာပြန်ကား။ ။တဒေတံ တံ ဇေတံဗျာနုံ၊ ထိုဥစာရ ဗျာနိသည်။ ဗုဒ္ဓဂုဏာနုဿရဏာဝသေန၊ ဘုရားဟုသမျတ်အပ်သောခန္ဓာတော်အစဉ်ဖြစ်သောဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့သည်၏အစွမ်းဖြင့်။ ဥပဋ္ဌာန်ကား၊ဖြစ်သည်၏အဖြစ်ကြောင့်။ ဗုဒ္ဓါနုဿတိတွေဝ၊ဗုဒ္ဓါနုဿတိဟူ၍သာလျှင်။ သင်္ခေ၊ ရေတွက်ခြင်းသို့။ ဂဏ္ဍတိ၊ရောက်၏။ ။ဤသို့ပြဆိုအပ်သောအဋ္ဌကထာစကားကိုထောက်၍။ဘုရားခန္ဓာတော်ဖြစ်သောဂုဏ်တော်တို့ကို။ အာရုံပြု၍ရအပ်သော ဥပစာရဈာန်ကိုလည်း။ ဗုဒ္ဓါနုဿတိဟုခေါ်ဆိုအပ်သည်၏ အဖြစ်ကိုထင်ရှားစွာသိကြလေ။ ။ဤဥပစာရဈာန်ကို ရွက်ဆောင်နိုင်သော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကိုပွါးရာ၌။ ထိုထိုသို့သော အရေဟံစသောဂုဏ်တော်တို့ကို။ လှည့်ကာ၊လှည့်ကာ အာရုံပြုတိုင်း။ ထိုထိုသို့သောဂုဏ်တော်အာရုံတို့သည် သာလျှင်။ ဆိုင်ရာဆိုင်ရာထင်လေ၏။ထိုဂုဏ်တော်ပရမတ်ထင်နေသော ယောဂါဝစရပုဂ္ဂိုလ်၏ စိတ်အစဉ်၌။ ထိုအာရုံပြုအပ်သောဂုဏ်တော်ပရမတ်မှတပါး။ သဏ္ဌာန်ပညတ်၊ ဆင်းထုတော်၊ စေတီတော်၊ အရိုးစု၊ အသုဘကောင် စသော တပါးသောအာရုံသည်။ စင်စစ်ထင်ခြင်းမရှိနိုင်။ အဘယ်ကြောင့် ထင်ခြင်းမရှိနိုင်သနည်းဟူမူ။ ဂုဏ်တော်တို့ကိုအာရုံပြုသော စိတ်အစဉ်သည်။ ထိုသဏ္ဌာန်ပညတ်၊ ဆင်းထု၊စေတီ၊ အရိုးစု၊ အသုဘကောင်စသော အာရုံကို။ အာရုံမပြုအပ်သောကြောင့်တည်း။ ထိုကြောင့် မထင်နိုင်ဟုမှတ်ကြလေ။

ဤဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းအရာ၌။အရေဟံအစ၊ဘဂဝါ အဆုံးရှိသော ဂုဏ်တော်ကိုသာလျှင်။ အာရုံပြု၍ အဖန်တလဲလဲ အောက်မေ့ပွါးများအပ်ကြောင်းကို။ ဘုရားရှင်သည်လည်း မျှားစွာဟောပြောအပ်၏။ အဋ္ဌကထာ ဆရာတို့လည်း ဘွဲ့ပြုတော်မူအပ်၏။ သဏ္ဌာန်ပညတ်ကိုအာရုံပြု၍။ ဗုဒ္ဓ နုဿတိဘာဝနာကိုပွါးများလေ့လာအပ်ကြောင်းကိုမူကား။ ဘုရားရှင်လည်းမဟောအပ်။အဋ္ဌကထာရှင်တို့လည်းစင်စစ်မပြုမဆိုအပ်။ပြုဆိုအပ်သော

ပါဠိတော် အဋ္ဌကထာတို့သည် စင်စစ်မရှိဟုမှတ်ယူကြလေ။ ။အ ဘယ်ကြောင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွါးများ လေ့လာရာ၌ သဏ္ဌာန်ပညတ်ကိုအာရုံပြုအပ်ကြောင်းကို။ဘုရားရှင်သည်လည်း ကောင်း။အဋ္ဌကထာရှင်သည်လည်းကောင်း။ မဟောမပြုလေသ နည်းဟူမူ။ ထိုသဏ္ဌာန်တော်ပညတ်သည်၊ ပရမတ္ထအားဖြင့်ထင် ရှားမရှိသောကြောင့်လည်းကောင်း၊ သစ္စာလေးပါး တရားတို့ကို ထိုးထွင်း၍သိတတ်သောဗုဒ္ဓ၏အဖြစ်ကိုထွန်းပြတတ်သောအနုဗုဒ္ဓ ရဟေတမိဟုဆိုအပ်သောအရဟတ္တမဂ်ဉာဏ်၊ အလုံးစုံသောတရား တို့ကို သိတတ်သော ဗုဒ္ဓ၏အဖြစ်ကိုထွန်းပြတတ်သော သဗ္ဗညုတ ဉာဏ်တော်စသော ဂုဏ်တော်တို့၏ မိုရာတရားလည်း မဟုတ် သောကြောင့်လည်းကောင်း။ ဗုဒ္ဓအဖြစ်ကို အောက်မေ့ရာ၌ မ သက်ဆိုင်။ ထိုကြောင့် သဏ္ဌာန်ပညတ်ကို အာရုံပြုအပ်ကြောင်း ကိုမဟောမပြဟုမှတ်လေ၊စင်စစ်ဟောပြောအပ်သည်မှာ။အရဟံ အစ၊ ဘဂဝါအဆုံးရှိသော လောကီလောကုတ်ဖြစ်သော ဂုဏ် တော်တို့ကိုသာလျှင်။ အဖနံတလဲလဲအောံမ့ေနမှုကိုဟောတော် မူအပ်လေသည်ဟုမှတ်ယူကြလေ။ ထိုသို့ဟောတော်မူအပ်သော နည်းအတိုင်းပွါးများ၍။ ဘုရားခန္ဓာတော်၌ဖြစ်သော ဂုဏ်တော် တို့ကို။တကယ်စင်စစ် ထိုးထွင်း၍သိကြလျှင်။ ဗုဒ္ဓအဖြစ်၌ယုံမှား ကင်း၍။ စင်စစ်မတုန်မလှုပ်ကြည်ညိုခြင်းတည်းဟူသော အဝေ္စ ပသာဒဂုဏ်နှင့်ပြည့်စုံလေတော့၏ဟုမှတ်ကြလေ။ ။ဤတွင်သမ ထ၏အခေါ်းဖြင့် ဗုဒ္ဓါနုဿတိဘာဝနာပွါးပုံကို အကျဉ်းပြပြီး၏။

ဤသမထအခေါ်းဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာကို။ပွါးများ အားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည်။ သဏ္ဌာန်ပညတ် ဒြဗ္ဗိပေါ်သို့ ဘုရားဂုဏ်တော်ကိုတင်၍ အောက်မ့ေတတ်သောသ တိကိုပွါးများအပ်သည်မဟုတ်။ ထိုကဲ့သို့သဏ္ဌာန်ပညတ်ဒြဗ္ဗိပေါ် သို့ ဂုဏ်တော်ကိုတင်၍ ပွါးများအပ်မှုကို။ ပိဋကတ်သုံးပုံ ပါဠိ တော်တို့တွင်၊တစုံတခုသောပါဠိတော်၌သော်လည်း။ ဣဓဘိက္ခ၊ တထာဂတံ အနုဿရေယျာသိ သဏ္ဌာနဒဗ္ဗေ မမဂုဏံ အာရော

ပေတွေ့၊ ။ဟူ၍ပြဆိုဆုံးမတော်မူအပ်မူသည်။ အလျှဉ်းပင်မလာ မရှိဟုမှတ်။ ထိုဆိုအပ်ပြီးသော ပါဠိတော်တို့၌သာလျှင်။ ဘုရား ဆုံးမမှုသည် မလာမရှိသည် မဟုတ်သေး။ ၎င်းပါဠိတော်တို့ကို ဘွဲ့အပ်သောရှိရှိသမျှသော အဋ္ဌကထာတို့တွင်လည်း၊ တစုံတရာ သောအဋ္ဌကထာ၌သော်လည်း။ဗုဒ္ဓါနုဿတိ ဘာဝေတု ကာမေနု ယောဂိနာ ဗုဒ္ဓသဏ္ဌာနဒဗ္ဗေ ဗုဒ္ဓဂုဏံ အာရောပေတွာ ဘာဝေ တဗ္ဗာ။ ။ဟူ၍ပြဆိုမှုသည်လည်း။ အလျှဉ်းပင်မလာမရှိဟုမှတ်။ အတယ်ကြောင့်ပါဠိတော်၊အဋ္ဌကထာတို့၌။ သဏ္ဌာန်ပညတ် ဒြဗ္ဗ ပေါ်သို့ဂုဏ်တော်ကိုတင်၍။ဗုဒ္ဓါနုဿတိဘာဝနာကိုပွါးများအပ် မှုသည် မလာမရှိလေသနည်း ဟူမူ။ ဘုရားဟု သမုတ်အပ်သော ပရမတ္ထဖြစ်သောခန္ဓာတော်တည်းဟူသောဒြဗ္ဗတော်၌။ ထိုဘုရား ဂုဏ်တော်တို့သည် ထင်ရှားရှိပြီးဖြစ်၍။ သူတပါးတင်ရန် မလို သည်၏အဖြစ်ကြောင့်လည်းကောင်း။ ထိုဘုရားခန္ဓာတော်၌ ရှိပြီး ဖြစ်သော ဂုဏ်တော်တို့ကိုသာလျှင် အဝန်တလဲလဲ တွေးတော ဇောက်မေ့အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ မလာမရှိ ဟုမှတ်။ ။ထိုစကားကိုထင်စွာပြဦးအံ့။ အကြင်အခါဗုဒ္ဓါနုဿတိ ဘာဝနာကိုအားထုတ်လိုသောပေါဂါဝစရပုဂ္ဂိုလ်သည်။ဘုရား ခန္ဓာတော်၌ရှိသောအဆင်းတော်သည်။သူတပါး၌ရှိသောအဆင်း နှင့်မတူသော အလွန်ပင်ကြီးစည်နိုင်သော အစိန္တေယျဖြစ်သော အဆင်းတော်သာလျှင်ကောနိုဖြစ်ပေ၏ဟု ဘုရား၏အစိန္တေယျ ဖြစ်သော အဆင်းတော်တည်းဟူသော သိရိဂုဏ်တော်ကိုအာရုံ ပြု၍၊ဗုဒ္ဓါနုဿတိဘာဝနာကိုပွါးများခဲ့သည်ဖြစ်အံ့။ထိုအခါပေါ ဂါဝစရပုဂ္ဂိုလ်၏ သတိတရားသည်။ အာရမ္မဏိကတရားဖြစ်၏။ ထိုအာရမ္မဏိကဖြစ်သော သတိတရား၏ အာရုံဖြစ်သော ဘုရား ရှင်၏ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာတော်ဦးဖြစ်သောအ ဆင်းတော်သည် ဂုဏ်တော်ဖြစ်၏။ထိုအဆင်းတော်မှ ကြွင်းသော ဘုရားရှင်၏ ပရမတ္ထခန္ဓာတော်အပေါင်းသည်။ ထိုအဆင်းတော် တည်းဟူသော ဂုဏ်တော်၏ဒိုရုဖြစ်သော ဒြဗ္ဗဖြစ်ပေ၏။ ထိုသို့ ဖြစ်ခြင်းကြောင့်။ဘုရားရှင်၏အဆင်းဂုဏ်တော်ကိုအာရုံပြု၍ဗုဒ္ဓါ

နှုသတိဘာဝနာကိုပွါးသောအခါ။ ဘုရားရှင်၏ခန္ဓာတော်ဖြိုဖိခဲ့ရှိရင်းဖြစ်သော အဆင်း ဂုဏ်တော်ကိုသာလျှင် အာရုံပြု၍ ဗုဒ္ဓါနှုသတိဘာဝနာကို ပွါးများအပ်သည်။ ဘာမျှမရှိသောသဏ္ဌာန်ပညတ်တည်းဟူသောဖြစ်ပေါ်သို့။ ယောဂါဝစရပုဂ္ဂိုလ်က။ ထိုအဆင်းဂုဏ်တော်ကိုတင်၍ ကြည့်ရှု ပွါးများအပ်သည့် မဟုတ်ဟု မှတ်။ ဤပြဆိုအပ်သော စကားအဓိပ္ပါယ်တို့ကို။ဥာဏ် ဖြင့် တွေးတောဆင်ခြင်စဉ်းစားကြလျှင်။ပညာရှင်တို့သည်သဏ္ဌာန်ပညတ်ဖြစ်ပေါ်သို့။ အဆင်းဂုဏ်တော်ကို တင်၍။ ဗုဒ္ဓါနှုသတိဘာဝနာကို မပွါးအပ်ကြောင်း။ ဘုရားခန္ဓာတော်၌ ရှိရင်းဖြစ်သော အဆင်းဂုဏ်တော်ကိုသာလျှင်။ ဤကနဲတွေးတော အောက်မေ့အပ်ကြောင်းဂျိ။ ထင်ရှားသိကုန်လတ္တံ့သတည်း။

အကယ်၍တရားဟောတော်မူဟိုင်းမူတိုင်း၌ဖြစ်သောဘုရားရှင်၏အသံတော်သည်၊အလွန်ဆန်းကြယ်သောအသံတော်ဖြစ်၏။ ထိုအသံတော်ကို ကြားနာရကုန်သော နတ်လူအပေါင်းတို့သည်။စင်စစ် မရောင့်ရဲနိုင်ဖြစ်ကြကုန်၏ဟု။ ဘုရားရှင်၏ အသံတော်တည်းဟူသော ဂုဏ်တော်ကိုသာ အာရုံပြု၍။ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွါးများခဲ့အုံ့။ထိုသို့ပွါးများခိုက်၌ဖြစ်သောယောဂါဝစရပုဂ္ဂိုလ်၏ သတိတရားသည် အာရမ္မဏာကာ တရားဖြစ်၏။ ထိုအာရမ္မဏာကာ တရားဖြစ်သော သတိတရား၏ အာရုံဖြစ်သော ဘုရားရှင်၏ ပရမတ္ထ ခန္ဓာတော်၌ ဖြစ်သော ဆန်းကြယ်သော အသံ တော်သည် ဂုဏ်တော်ဖြစ်၏။ထိုအသံတော်မှကြွင်းသောဘုရားရှင်၏ပရမတ္ထ ခန္ဓာတော် အပေါင်းသည်။ ထိုအသံတော် တည်းဟူသော ဂုဏ်တော်၏ဒိုရာဖြစ်သောဒြဗျတော်ဖြစ်ပေ၏။ ထိုသို့ဖြစ်ခြင်းကြောင့်။ ဘုရားရှင်၏ အသံတော်တည်းဟူသော ဂုဏ်တော်ကိုအာရုံပြု၍။ ဗုဒ္ဓါနုဿတိဘာဝနာကို ပွါးသောအခါ။ ဘုရားရှင်၏ခန္ဓာတော် ဒြဗျ၌ရှိရင်းဖြစ်သော အသံတော်ကို သာလျှင် အာရုံပြု၍။ ဗုဒ္ဓါနုဿတိဘာဝနာကို ပွါးအပ်သည်၏အဖြစ်ကိုလည်းကောင်း၊ဘာမျှမရှိ သောသဏ္ဌာန်ပညတ်တည်းဟူသောဒြဗျဖစ်ပေါ်သို့။ယောဂါဝ

စရုပဂ္ဂိုလ်က။ထိုအာသံကျယ်တောင်ကိုတင်၍။မကြည့်ရှုအပ်သည်၏အဖြစ်ကိုလည်းကောင်း။ ထင်ရှားသိကြလေ။ ။အကယ်၍ဘုရားရှင်၏ ကာယဗလတည်းဟူသော အားအစွမ်းတော်သည်၊ သူတပါးနှင့်မတူသော အားအစွမ်းတော်ပေတည်းဟု။ ဘုရားရှင်၏ပရမတ္ထခန္ဓာတော်၌ ဖြစ်သော အားအစွမ်းတော် တည်းဟူသော ဝါယောဓါတ်ကိုသာလျှင် အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကိုပွါးများခဲ့သည်ဖြစ်အံ့။ ထိုသို့ ပွါးများခိုက်၌ ဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်၏ သတိတရားသည်။ အာဃရမ္မဏိကတရားဖြစ်၏။ ထိုအာဃရမ္မဏိကတရားဖြစ်သောသတိတရား၏အာရုံဖြစ်သောဘုရားရှင်၏ပရမတ္ထခန္ဓာတော်၌ဖြစ်သော အတုမရှိသော ကာယဗလဟူဆိုအပ်သော အားအစွမ်းတော် တည်းဟူသော ဝါယောဓါတ်သည် ဂုဏ်တော်ဖြစ်၏ ထိုအားအစွမ်းတော် တည်းဟူသော ဝါယောဓါတ်မှကြွင်းသောဘုရားရှင်၏ ပရမတ္ထခန္ဓာတော်အပေါင်းသည်။ ထိုဝါယောဓါတ်တည်းဟူသောအားအစွမ်းတော်ဖြစ်သော ဂုဏ်တော်၏မှီရာဖြစ်သော ဒြဗျတော်ဖြစ်ပေ၏။ ထိုသို့ဖြစ်ခြင်းကြောင့် ဘုရားရှင်၏အားအစွမ်းတော်တည်းဟူသော ဂုဏ်တော်ကိုအာရုံပြု၍။ ဗုဒ္ဓါနုဿတိဘာဝနာကို ပွါးသောအခါ။ဘုရားရှင်၏ခန္ဓာတော်ဒြဗျ၌ရှိရင်းဖြစ်သောအားအစွမ်းတော်တည်းဟူသောဂုဏ်တော်ကိုသာလျှင် အာရုံပြု၍၊ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွါးအပ်သည်၏အဖြစ်ကိုလည်းကောင်း၊မူလက ဘာမျှမရှိသော သဏ္ဌာန်ပညတ်တည်းဟူသော ဒြဗျပေါ်သို့။ ယောဂါဝစရပုဂ္ဂိုလ်က။ ထိုအားအစွမ်းတော်ကိုတင်၍ မကြည့်ရှုအပ်သည်၏အဖြစ်ကိုလည်းကောင်း ထင်ရှားသိကြလေ။ ။ဤနည်းကိုမှီ၍ ဘုရားရှင်၏ ရူပကာယ၌ရှိသော ဂုဏ်တော် အားလုံးကို။ဆိုင်ရာ ဆိုင်ရာ အာရုံပြု၍ ကြည့်ရှုအပ်သည်၏ အဖြစ်ကို သိကြလေ။ ။အဂေယ်၍ နာမကာယ၌ ရှိသော **လောကီ လောကုတ္တရာ** ဖြစ်သော သူတပါးနှင့်မတူသော ဉာဏ်တော် ဟူသမျှတို့ကိုသာလျှင်။ လည့်ကာ၊ လည့်ကာအာရုံပြု၍။ ဗုဒ္ဓါနုဿတိဘာဝနာကို ပွါးများခဲ့သည်ဖြစ်အံ့။ ထိုသို့ပွါးများခိုက်၌ ဖြစ်သော ယောဂါဝစရ ပုဂ္ဂိုလ်၏ သတိတရား

သည်။ အာရမ္မဏိက တရားဖြစ်၏။ ထိုအာရမ္မဏိက တရားဖြစ်သော သတိတရား၏ အာရုံဖြစ်သော ဘုရားရှင်၏ ပရမတ္ထခန္ဓာတော်ဖြစ်သော လောကီလောကုတ္တရာဖြစ်သော ဉာဏ်တော်ဟူသမျှသည် ဂုဏ်တော်ဖြစ်၏။ထိုဉာဏ်တော်တည်းဟူသော ဂုဏ်တော်မှကြွင်းသော ပရမတ္ထခန္ဓာတော် အပေါင်းသည်။ ထိုဉာဏ်တော်တည်းဟူသောဂုဏ်တော်၏ဒိုရာဖြစ်သောဒြဗ္ဗတော်ဖြစ်ပေ၏။ ထိုသို့ ဖြစ်ခြင်းကြောင့်။ ဘုရားရှင်၏ ဉာဏ်တော် တည်းဟူသော ဂုဏ်တော်ကိုအာရုံပြု၍။ဗုဒ္ဓါနုဿတိဘာဝနာကိုပွါးသော အခါ။ဘုရားရှင်၏ခန္ဓာတော်ဒြဗ္ဗ၌ ဂိုရင်းဖြစ်သော လောကီလောကုတ္တရာဖြစ်သော ဉာဏ်တော် ဟူသမျှသော ဂုဏ်တော်ကိုသာ။ လှည့်ကာ၊လှည့်ကာ အာရုံပြု၍။ ဗုဒ္ဓါနုဿတိဘာဝနာကို ပွါးအပ်သည်၏အဖြစ်ကိုလည်းကောင်း။ မူလကဘာဝမျှမရှိသော သဏ္ဌာန်ပညတ်တည်းဟူသောဒြဗ္ဗပေါ်သို့။ယောဂါဝစရပုဂ္ဂိုလ်က။လောကီလောကုတ္တရာဖြစ်သောဉာဏ်တော်တည်းဟူသောဂုဏ်တော်ကိုတင်၍ မကြည့်ရှုအပ်သည်၏အဖြစ်ကိုလည်းကောင်း။ထင်ရှားသိကြလေ။ ။ဤ ပြဆိုအပ်ပြီးသော နည်းကိုမှီ၍။ အလုံးစုံသော ဘုရားဂုဏ်တော်တို့ကို အာရုံပြု၍။ ဗုဒ္ဓါနုဿတိဘာဝနာကို ပွါးမျှားအပ်ရာတိုင်းဌာပင်။ ဘုရားရှင်၏ ပရမတ္ထခန္ဓာတော်ဌာနရှိသော ဂုဏ်တော်တို့ကို သာလျှင်အာရုံပြု၍။ ပွါးအပ်သည်၏ အဖြစ်ကိုလည်းကောင်း။ ဘာမျှမရှိသော သဏ္ဌာန်ပညတ် တည်းဟူသော ဒြဗ္ဗပေါ်သို့ ယောဂါဝစရပုဂ္ဂိုလ်က။ အာရုံပြုလိုသောဂုဏ်တော်ကိုတင်၍ မကြည့်ရှုအပ်သည်၏ အဖြစ်ကိုလည်းကောင်း။ ထိုဘာမျှမရှိသော သဏ္ဌာန်ပညတ်သည်။ စင်စစ် ထိုထိုသို့သော ဘုရားဂုဏ်တော်၏မှီရာ ဒြဗ္ဗမဟုတ်။ စင်စစ်ဂုဏ်တော်၏မှီရာဒြဗ္ဗသည်ကား။ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါး တရားသာလျှင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော်။ ထိုပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါး တရားတို့ကိုသာလျှင်။ ဘုရားဟုသမုတ်အပ်သောကြောင့်တည်း။ ခန္ဓာငါးပါး တရားတော်ကို သာလျှင် ဘုရားဟု သမုတ်အပ်သည်၏အဖြစ်ကို။ ရှေးဌပြဆိုအပ်ခဲ့ပြီ။ပြန်၍

ကြည့်ကြလေ။ ထိုကြောင့်ဘုရားဟု သမုတ်အပ်သော ပရမတ္ထ အားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်းဌာနရှိသော အစိတ် အစိတ်ဖြစ်သော အရဟံအစ၊ဘဂဝါအဆုံးရှိသော အတိုင်းမသိ သောဂုဏ်တော်တို့ကို သာလျှင် အာရုံပြု၍။ ဗုဒ္ဓါနုဿတိဘာဝနာ ကို ပွါးများအပ်သည်၏ အဖြစ်ကိုလည်းကောင်း။ ရှေးဌာပြုဆိုအပ် ပြီးသော မဟာနာမ်ကို ဟောတော်မူအပ်သော အဂ္ဂိတ္ထရပါဠိ တော်၊သဂါထာဝဋ္ဌသံယုတ်၌ လာရှိသော ဓမ္ဓဂါသုတ်ပါဠိတော် တို့ကိုထောက်၍ပင်၊ သိအပ်သည်သာတည်းဟု မှတ်ကြလေ။ ။ဤ ကား။ ဗုဒ္ဓါနုဿတိဘာဝနာတည်းဟူသော သမထဘာဝနာ၌။ အ ထူးသတိထား၍ စဉ်းစားကြရန်အချက်တည်း။ ။

သမထခေါ်းပြီး၏။

ဝိပဿနာခေါ်း။

ထိုဆိုအပ်ပြီးသော အရဟံအစ၊ ဘဂဝါ အဆုံးရှိသော ဂုဏ် တော်ကိုးပါးတို့ကို။ လှည့်ကာ၊လှည့်ကာ အာရုံပြု၍ဖြစ်သော ဗုဒ္ဓါ နုဿတိဘာဝနာကို အဖန်တလဲလဲ လေ့လာပွါးများခြင်းကြောင့် ပြုဆို အပ်ပြီးသော ဥပစာရဈာန်ကို သာလျှင် ဖြစ်စေနိုင်သည် မ ဟုတ်သေး။ ၎င်းပွါးများအပ်သော ဗုဒ္ဓါနုဿတိဘာဝနာနှင့် ယှဉ် သောစိတ္တုပ္ပါဒ်အစဉ်ကို။လက္ခဏာရေးသို့တင်၍။ဝိပဿနာဉာဏ် ဖြင့် အဖန်တလဲလဲရှုပြီးလျှင်။ ဝဋ်ကို ပြိုင်ဌေ့၍ ဝဋ်မှကင်းလွတ်၍ တည်သောအသင်္ခတဓါတ်နိဗ္ဗာန်ကိုအာရုံပြု၍ထိုးထွင်း၍သိနိုင်ကြ လျှင်လည်း။ စင်စစ်မဂ်ဖိုလ်ကိန္ဓာကို ဖြစ်စေနိုင်သေး သည်သာလျှင် တည်း။ ထိုသို့ဖြစ်စေနိုင်မှုကိုလည်း။ အကျဉ်းအားဖြင့် သိသာရန် ပြုဆိုပြီးအုံ့။ ။ရှေးကပြုဆို အပ်ပြီးသော အရဟံအစ၊ ဘဂဝါ အ ဆုံးရှိသောဂုဏ်တော် ကိုးပါးတို့တွင်၊တပါးပါးသော ဂုဏ်တော် ကိုအာရုံပြု၍။ဒေါစိတ္တုပ္ပါဒ်ဖြစ်တိုင်း၊ ဖြစ်တိုင်း။ဂုဏ်ဂုဏ်တော်ကို

ရှေ့သွားပြု၍သိတတ်သောသဘောသည်စင်စစ်ဖြစ်ပေါ်၏။ထိုဖြစ်ပေါ်သော အာရုံကိုသိတတ်သောသဘောကိုပင်(စိတ်)ဟုခေါ်ဆိုအပ်သည်။ထိုစိတ်ဟုခေါ်ဆိုအပ်သော အာရုံကိုသိတတ်သော သဘောသည်လည်း။ အထည်ခြောက် သဏ္ဌာန်၊ နိမိတ်၊ အရိပ်၊ အရောင်မရှိသော အာရုံကို သိတတ်သော သဘောဟူ၍ သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သဘော၀၊ အသက်မဟုတ်သော(စိတ်)ဟုခေါ်ဆိုအပ်သော ပရမတ္ထသဘော တရားပေတည်း။ ။ထိုစိတ်ဟုခေါ်ဆိုအပ်သော အာရုံကိုသိတတ်သော ပရမတ္ထသဘောတရားဖြစ်ပေါ်တိုင်း၊ ဖြစ်ပေါ်တိုင်း၌။ ၎င်းသိတတ်သော သဘောနှင့် ယှဉ်၍အတူတကွဖြစ်ကုန်သော သမ္ပယုတ်တရားတို့သည်လည်း။ ပါရှိကုန်သည် သာတည်း။ထိုပါရှိကုန်သော သမ္ပယုတ်တရားတို့ကိုအစဉ်အတိုင်းဘေဒပြုပေအုံ့။

(၁) ထိုဘုရားဂုဏ်တော်ကိုအာရုံပြု၍သိတိုင်းသိတိုင်း၌။စိတ်နှင့်အာရုံကို ပေါင်းဆုံစေတတ်၊အာရုံကိုတွေ့တတ်သောသဘောသည်လည်း။ ထိုစိတ်နှင့်အတူတကွဖြစ်၍ ပါရှိသည်သာတည်း။ ထိုသဘောသည်လည်း။ စင်စစ်အထည်ခြောက်၊ သဏ္ဌာန် နိမိတ်။အရိပ်၊အရောင်မရှိသောအာရုံကို တွေ့တတ်သောသဘောဟူ၍သာ လျှင် မှတ်ကြောင်း လက္ခဏာရှိသော သဘော၀၊ အသက်မဟုတ်သော (ဝေဒနာ)ဟု ခေါ်ဆိုအပ်သော ပရမတ္ထ သဘောတရားပေတည်း။ (၂) ထိုမှတပါး။ ထိုဘုရားဂုဏ်တော်ကိုအာရုံပြု၍ သိတိုင်းသိတိုင်း၌။ ရှင်လန်း၍ခံစားတတ်သောသဘော၊ တရုံတခါမရှင်လန်းသောအားဖြင့် ခံစားတတ်သောသဘောသည်လည်း ထိုစိတ်နှင့် အတူတကွဖြစ်၍ ပါရှိသည်သာတည်း။ ထိုသဘောသည်လည်း။ စင်စစ်အထည်ခြောက်၊သဏ္ဌာန်၊နိမိတ်၊ အရိပ်အရောင်မရှိသောအာရုံကို ခံစားတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာရှိသော သဘော၀၊ အသက်မဟုတ်သော(ဝေဒနာ)ဟုခေါ်ဆိုအပ်သောပရမတ္ထသဘောတရားပေတည်း။ (၃) ထိုမှတပါး။ ထိုဘုရားဂုဏ်တော်ကို အာရုံပြု၍မှတ်တတ်သောသ

ဘောသည်လည်း။ ထိုစိတ်နှင့်အတူဖြစ်၍ပါရှိသည်သာတည်း။ထို သဘောသည်လည်း။ စင်စစ်အထည်ခြုံမ်ိ၊ သဏ္ဌာန်၊နိမိတ်၊အရိပ် အရောင်မရှိသောအာရုံကိုမှတ်သောတတ်သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သင်္ဘာဝ၊ အသက်မဟုတ်သော (သညာ) ဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားပေတည်း။ (၄) ထိုမှတပါး။ ထိုဘုရားဂုဏ်တော်ကို အာရုံပြု၍ သမ္မယုတ် တရားတို့ကိုဖြစ်စေရန်။ စေ့ဆော်ပြုလုပ်တတ်သောသဘောသည် လည်း။ ထိုစိတ်နှင့်အတူတကွဖြစ်၍ပါရှိသည်သာတည်း။ ထိုသ ဘောသည်လည်း။စင်စစ်အထည်ခြုံ၌၊ သဏ္ဌာန်၊နိမိတ်၊အရိပ်၊အ ရောင်မရှိသော အာရုံ၌ သမ္မယုတ်တရားတို့ကို စေ့ဆော်ပြုလုပ် တတ်သောသဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သင်္ဘာဝ၊ အသက်မဟုတ်သော (စေတနာ)ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားပေတည်း။(၅)ထိုမှတပါး။ ထိုဘုရားဂုဏ် တော်ကို အာရုံပြု၍ သမ္မယုတ်တရားတို့ကို မပျံ့မလွင့် တည်စေ တတ်သောသဘောသည်လည်း။ ထိုစိတ်နှင့်အတူတကွဖြစ်၍ ပါ ရှိသည်သာတည်း။ ထိုသဘောသည်လည်း။ စင်စစ်အထည်ခြုံ၌၊ သဏ္ဌာန်၊နိမိတ်၊အရိပ်၊အရောင်မရှိသောအာရုံ၌သမ္မယုတ်တရား တို့ကိုမပျံ့မလွင့် တည်စေတတ်သောသဘောဟူ၍သာလျှင် မှတ် ကြောင်းလက္ခဏာရှိသောသင်္ဘာဝ၊အသက်မဟုတ်သော (ဇကဂ္ဂ တာ)ဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားပေတည်း။(၆) ထိုမှတပါး။ထိုဘုရားဂုဏ်တော်ကိုအာရုံပြု၍ သမ္မယုတ်တရားတို့ ကိုစောင့်ရှောက်တတ်၊ အစိုးရတတ်သော သဘောသည်လည်း။ ထိုစိတ်နှင့် အတူတကွဖြစ်၍ ပါရှိသည်သာတည်း။ ထိုသဘော သည်လည်း။ စင်စစ်အထည်ခြုံ၌၊သဏ္ဌာန်၊နိမိတ်၊ အရိပ်၊ အရောင် မရှိသောသမ္မယုတ်တရားတို့ကို စောင့်ရှောက်တတ်၊အစိုးရတတ် သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာရှိသော သင်္ဘာဝ၊ အသက်မဟုတ်သော (ဇီဝိတိန္ဒြေ)ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားပေတည်း။ (၇) ထိုမှတပါး။ ထိုဘုရား ဂုဏ်တော်ကိုအာရုံပြု၍ သမ္မယုတ်တရားတို့ကို အာရုံသို့ရှေ့ရှုဖြစ်

စေတတ်သော သဘောသည်လည်း။ ထိုစိတ်နှင့်တကွတကွ ဖြစ်၍ ပါ၀ိုရှိသည်သာတည်း။ ထိုသဘောသည်လည်း။ စင်စစ်အထည်ဒြိဗ် သဏ္ဌာန် နိမိတ်၊ဒေ၊ရိပ်၊ အရောင်မရှိသော သမ္မယုတ်တရားတို့ကို အာရုံသို့ ရှေ့ရှု ဖြစ်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သင်္ဘော၀ါ၊အသက်မဟုတ်သော (မနုသိ ကာရ)ဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားပေတည်း။

(ဂ) ထိုမှတပါး၊ ထိုဘုရားဂုဏ်တော်ကိုအာရုံပြု၍ သမ္မယုတ် တရားတို့ကို ၎င်းအာရုံသို့ရောက်အောင် တင်ဆောင်တတ်သော သဘောသည်လည်း။ ထိုစိတ်နှင့် အတူတကွဖြစ်၍ ပါ၀ိုရှိသည်သာ တည်း။ ထိုသဘောသည်လည်း။ စင်စစ် အထည်ဒြိဗ်။လ။အရောင် မရှိသော သမ္မယုတ်တရား တို့ကို အာရုံသို့ရောက်အောင် တင် ဆောင်တတ်သောသဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ ရှိသော သင်္ဘော၀ါ၊အသက်မဟုတ်သော (ဝိတက်)ဟု ခေါ်ဆိုအပ် သော ပရမတ္ထ သဘောတရားပေတည်း။ (၉) ထိုမှတပါး။ ထို ဘုရားဂုဏ်တော်ကိုအာရုံပြု၍ သမ္မယုတ်တရားတို့ကို ၎င်းအာရုံ၌ တရစ်ဝဲဝဲသုံးသပ်စေတတ်သောသဘောသည်လည်း။ ထိုစိတ်နှင့် အတူတကွ ဖြစ်၍ပါ၀ိုရှိသည်သာတည်း။ ထိုသဘောသည်လည်း။ စင်စစ် အထည်ဒြိဗ်။လ။ အရောင်မရှိသော သမ္မယုတ်တရားတို့ကို အာရုံ၌တရစ်ဝဲဝဲသုံးသပ်စေတပ်သောသဘောဟူ၍သာလျှင်မှတ် ကြောင်းလက္ခဏာရှိသောသင်္ဘော၀ါ၊အသက်မဟုတ်သော(ဝိစာရ) ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောတရား ပေတည်း။ (၁၀) ထိုမှတပါး၊ ထိုဘုရားဂုဏ်တော်ကို အာရုံပြု၍၊ အာရုံကိုဆုံးဖြတ် တတ်သော သဘောသည်လည်း။ ထိုစိတ်နှင့်အတူတကွဖြစ်၍ ပါ ရှိသည်သာတည်း။ထိုသဘောသည်လည်း။ စင်စစ် အထည်ဒြိဗ်။ လ။ အရောင်မရှိသောအာရုံကို ဆုံးဖြတ်ဟတ်သော သဘောဟူ၍ သာလျှင် မှတ်ကြောင်းလက္ခဏာရှိသောသင်္ဘော၀ါ၊အသက်မဟုတ် သော (အဓိမောက္ခ)ဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရား ပေတည်း။ (၁၁) ထိုမှတပါး။ ထိုဘုရားဂုဏ်တော်ကိုအာရုံပြု၍

သမ္ဗယုတ်တရားတို့ကို မဆုတ်မနစ် စေတတ်သော အားထုတ်တတ်သောသဘောသည်လည်း။ ထိုစိတ်နှင့်တကွတကွဖြစ်၍ ပါ၊ ရှိသည်သာလျှင်တည်း။ ထိုသဘောသည်လည်း။ စင်စစ်အထည်ဖြစ်။လ။ အရောင်မရှိသောသမ္ဗယုတ်တရားတို့ကို မဆုတ်မနစ်စေတတ်သော အားထုတ်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သဒ္ဓာဝါ၊ အသက်မဟုတ်သော (ဝိရိယ) ဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားပေတည်း။ (၁၂) ထိုမှတပါး။ ထိုဘုရားဂုဏ်တော်ကိုအာရုံပြု၍သမ္ဗယုတ်တရားတို့ကို နှစ်သက်စေတတ်၊ ပျို့စေတတ်သောသဘောသည်လည်း။ထိုစိတ်နှင့်အတူတကွဖြစ်၍ပါ၊ ရှိသည်သာတည်း။ ထိုသဘောသည်လည်း စင်စစ် အထည်ဖြစ်။လ။ အရောင်မရှိသော သမ္ဗယုတ်တရားတို့ကို နှစ်သက်စေတတ် ပျို့စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သဒ္ဓာဝါ၊ အသက်မဟုတ်သော (ဝိတိ) ဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားပေတည်း။ (၁၃) ထိုမှတပါး။ ထိုဘုရားဂုဏ်တော်ကို အာရုံပြု၍ ပြုလုပ်လိုကာမတ္တမျှသာဖြစ်သော သဘောသည်လည်း။ ထိုစိတ်နှင့် အတူတကွဖြစ်၍ ပါ၊ ရှိသည်သာတည်း။ ထိုသဘောသည်လည်း။ စင်စစ် အထည်ဖြစ်။လ။အရောင်မရှိသော ပြုလုပ်လိုကာမတ္တမျှသာဖြစ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သဒ္ဓာဝါ၊ အသက်မဟုတ်သော (ဆန္ဒ)ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားပေတည်း။

(၁၄) ထိုမှတပါး။ ထိုဘုရားဂုဏ်တော်ကို အာရုံပြု၍ သမ္ဗယုတ်တရားတို့ကို ကြည်စေတတ်၊ ယုံကြည်တတ်သော သဘောသည်လည်း။ထိုမှတ်နှင့်အတူတကွဖြစ်၍ပါ၊ ရှိသည်သာတည်း။ ထိုသဘောသည်လည်း။ စင်စစ် အထည်ဖြစ်။လ။ အရောင် မရှိသော သမ္ဗယုတ်တရားတို့ကို ကြည်စေတတ်၊ ဘုရားဂုဏ်တော်ကို ယုံကြည်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သဒ္ဓာဝါ၊ အသက်မဟုတ်သော (သဒ္ဓါ)ဟု ခေါ်ဆိုအပ်

သော ပရမတ္ထသဘောတရားပေတည်း၊ (၁၅) ထိုမှတပါး။ ထိုဘုရားဂုဏ်တော်ကိုအာရုံပြု၍ သမ္မယုတ်တရားတို့ကိုအာရုံတပါး သို့ မျှောမသွားစေတတ်၊မိမိပြုအပ်သောအာရုံ၌ သက်ဝင်နစ်မြုပ်စေတတ်သော အာရုံကို အောက်မေ့တတ်သော သဘောသည်လည်း။ ထိုစိတ်နှင့်အတူတကွဖြစ်၍ ပါရှိသည်သာတည်း။ ထိုသဘောသည်လည်း။စင်စစ် အထည်ဒြိဗိ။လ။အရောင်မရှိသောသမ္မယုတ်တရားတို့ကိုအာရုံတပါးသို့မျှောမသွားစေတတ်၊မိမိပြုအပ်သောအာရုံ၌ သက်ဝင်နစ်မြုပ်စေတတ်သော အာရုံကိုအောက်မေ့တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သတ္တဝါ၊အသက်မဟုတ်သော(သတိ)ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားပေတည်း။ (၁၆) ထိုမှတပါး။ ထိုဘုရားဂုဏ်တော်ကို အာရုံပြု၍မကောင်းသော ဒုစရိုက်တို့ကို စက်ဆုပ်တတ်သောသဘောသည်လည်း။ ထိုစိတ်နှင့်အတူတကွဖြစ်၍ ပါရှိသည် သာတည်း။ ထိုသဘော သည်လည်း။ စင်စစ် အထည်ဒြိဗိ၊ လ။ အရောင်မရှိသော မကောင်းမှု ဒုစရိုက်တို့ကို စက်ဆုပ်တတ်သော သဘောဟူ၍ သာလျှင် မှတ်ကြောင်း လက္ခဏာရှိသော သတ္တဝါ၊ အသက်မဟုတ်သော (ဟိရိ)ဟု ခေါ်ဆို အပ်သော ပရမတ္ထ သဘောတရား ပေတည်း။ (၁၇) ထိုမှတပါး။ ထိုဘုရားဂုဏ်တော်ကို အာရုံပြု၍မကောင်းသော ဒုစရိုက်တရားတို့ကြောင့် ထိတ်လန့်တတ်သော သဘောသည်လည်း။ ထိုစိတ်နှင့် အတူတကွ ဖြစ်၍ပါရှိသည်သာ တည်း။ ထိုသဘောသည်လည်း။စင်စစ်အထည်ဒြိဗိ။လ။အရောင်မရှိသောမကောင်းသော ဒုစရိုက်တရားတို့ကြောင့် ထိတ်လန့်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ ရှိသော သတ္တဝါ၊ အသက်မဟုတ်သော (ဩတ္တပ္ပ)ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘော တရားပေတည်း။ (၁၈) ထိုမှတပါး။ ထိုဘုရား ဂုဏ်တော်ကို အာရုံပြု၍ မမက်မောတတ်၊ မလိုချင်တတ်သော သဘောသည်လည်း။ ထိုစိတ်နှင့်အတူတကွဖြစ်၍ ပါရှိသည်သာတည်း။ ထိုသဘောသည်လည်း။စင်စစ်အထည်ဒြိဗိ။လ။အရောင်မရှိသော မမက်မောတတ်

မလိုချင်တတ်သော သဘောဟူ၍ သာလျှင် မှတ်ကြောင်း လက္ခဏာရှိသော သင်္ဘာဝါ၊အသက်မဟုတ်သော အလောဘ ဟုခေါ်ဆိုအပ်သော ပရမတ္ထ သဘောတရားပေတည်း။

(၁၉) ထိုမှတပါး။ထိုဘုရားဂုဏ်တော်ကို အာရုံပြု၍ မမုန်းတတ်၊ မပြစ်မှား တတ်သော သဘောသည်လည်း၊ ထိုစိတ်နှင့် အတူတကွဖြစ်၍ ပါရှိသည်သာတည်း။ ထိုသဘောသည်လည်း။ စင်စစ် အထည်ဒြိဗိ။လ။ အရောင်မရှိသော မမုန်းတတ်၊မပြစ်မှား တတ်သောသဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သင်္ဘာဝါ၊အသက်မဟုတ်သော (အဒေါသ)ဟု ခေါ်ဆိုအပ်သော ပရမတ္ထ သဘောတရား ပေတည်း။ (၂၀) ထိုမှတပါး။ ထိုဘုရားဂုဏ်တော်ကို အာရုံပြု၍။ သမ္မယုတ်တရားတို့ကို ထိန်မိခြင်းတည်းဟူသော အယုတ်၊ ဥဒ္ဓစ္စတည်းဟူသော အလွန်နှစ်ပါးတို့သို့ မရောက်စေမူ၍။ အလယ်အလတ် အားဖြင့် တည်ကြောင့်တည်း အညီအမျှ ကျရောက်အောင် ရွက်ဆောင်တတ်သော သဘောသည်လည်း။ ထိုစိတ်နှင့် အတူတကွဖြစ်၍ ပါရှိသည်သာတည်း။ ထိုသဘောသည်လည်း။ စင်စစ် အထည်ဒြိဗိ။လ။ အရောင်မရှိသော သမ္မယုတ်တရားတို့ကို။ အယုတ်၊အလွန်နှစ်ပါးတို့သို့ မရောက်စေမူ၍။ အလယ်အလတ် အားဖြင့် တည်ကြောင့်တည်း အညီအမျှ ကျရောက်အောင် ရွက်ဆောင် တတ်သော သဘောဟူ၍ သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သင်္ဘာဝါ၊ အသက် မဟုတ်သော (တတ္တြမဇ္ဈတ္တတာ ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောတရား ပေတည်း။ (၂၁) ထိုမှတပါး။ ထိုဘုရားဂုဏ်တော်ကို အာရုံပြု၍။ ဝိမိနှင့်သမ္မယုတ်ဖြစ်သော စေတသိက်တရားအပေါင်းကို။ ပူလောင် စေတတ်သော ကိလေသာ တရားတို့ကို။ ငြိမ်းစေတတ်သောသဘောသည်လည်း။ထိုစိတ်နှင့်အတူတကွဖြစ်၍ ပါရှိသည်သာတည်း။ ထိုသဘောသည်လည်း။ စင်စစ် အထည်ဒြိဗိ။လ။ အရောင်မရှိသော ဝိမိနှင့်သမ္မယုတ်ဖြစ်သော စေတသိက်တရား အပေါင်းကို ပူလောင်စေတတ်သော ကိလေသာတို့ကိုငြိမ်းစေတတ်

သောသဘောဟူ၍သာလျှင်မှတ်ကြောင်းလက္ခဏာရှိသော သင်္ဂ
ဝါ၊အသက်မဟုတ်သော (ကာယပဿဒ္ဓိ)ဟု ခေါ်ဆိုအပ်သော
ပရမတ္ထသဘောတရားပေတည်း။ (၂၂) ထိုမှတပါး။ ထိုဘုရား
ဂုဏ်တော်ကို အာရုံပြု၍။ မိမိနှင့်သမ္ပယုတ်ဖြစ်သော စိတ်ကို။ ပူ
လောင်စေတတ်သော ကိလေသာတို့ကို ငြိမ်းစေတတ်သော သ
သောသည်လည်း။ ထိုစိတ်နှင့် အဒုကတကွ ဖြစ်၍ ပါရှိသည်သာ
တည်း။ထိုသဘောသည်လည်း စင်စစ် အထည်ဒြပ်။လ။ အရောင်
မရှိသော မိမိနှင့်သမ္ပယုတ်ဖြစ်သော စိတ်ကို။ ပူလောင်စေတတ်
သော ကိုလေသာတို့ကို။ ငြိမ်းစေတတ်သော သဘောဟူ၍သာ
လျှင် မှတ်ကြောင်း လက္ခဏာရှိသော သင်္ဂဝါ၊ အသက်မဟုတ်
သော စိတ္တပဿဒ္ဓိ;ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောတရား
ပေတည်း။ (၂၃) ထိုမှတပါး။ ထိုဘုရားဂုဏ်တော်ကို အာရုံပြု
၍။ မိမိသမ္ပယုတ်ဖြစ်သော စေတသိက်တရား အပေါင်း၏ လေး
လံထိုင်းမှိုင်းသည်၏ အဖြစ်ကို ပြုတတ်သော ကိုလေသာတို့ကို။
ငြိမ်းစေတတ်သော သမ္ပယုတ် ဖြစ်သော စေတသိက် တရားအ
ပေါင်း၏ပေါ့ပါးသည်၏အဖြစ်သဘောသည်လည်း။ထိုစိတ်နှင့်အ
တူတကွဖြစ်၍ပါရှိသည်သာတည်း။ ထိုသဘောသည်လည်း။ စင်
စစ် အထည်ဒြပ်။လ။အရောင်မရှိသော မိမိနှင့်သမ္ပယုတ်ဖြစ်သော
စေတသိက်တရားအပေါင်း၏ လေးလံထိုင်းမှိုင်းသည်၏ အဖြစ်ကို
ပြုတတ်သော ကိုလေသာတို့ကို ငြိမ်းစေတတ်သော သမ္ပယုတ်
ဖြစ်သော စေတသိက်တရားအပေါင်း၏ ပေါ့ပါးသည်၏အဖြစ်သ
ဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သင်္ဂဝါ၊ အ
သက် မဟုတ်သော(ကာယလဟုတာ)ဟု ခေါ်ဆိုအပ်သော ပရ
မတ္ထ သဘောတရား ပေတည်း။ (၂၄) ထိုမှတပါး။ ထိုဘုရား
ဂုဏ်တော်ကိုအာရုံပြု၍။ မိမိနှင့်သမ္ပယုတ်ဖြစ်သောစိတ်၏ လေး
လံထိုင်းမှိုင်း သည်၏အဖြစ်ကို ပြုတတ်သော ကိုလေသာတို့ကို။
ငြိမ်းစေတတ်သော သမ္ပယုတ်ဖြစ်သောစိတ်၏ ပေါ့ပါးသည်၏အ
ဖြစ်သဘောသည်လည်း။ ထိုစိတ်နှင့်အတူတကွဖြစ်၍ ပါရှိသည်
သာတည်း။ ထိုသဘောသည်လည်း။ စင်စစ် အထည်ဒြပ်။လ။အ

ရောင် မရှိသော မိမိနှင့်သမ္ပယုတ် ဖြစ်သောစိတ်၏ လေးလံ ထိုင်းမှိုင်းသည်၏အဖြစ်ကို ပြုတတ်သော ကိုလေသာ တို့ကို။ ငြိမ်းစေတတ်သော သမ္ပယုတ်ဖြစ်သောစိတ်၏ ပေါ့ပါးသည်၏ အဖြစ်သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သဏ္ဌာဝါ။ အသက်မဟုတ်သော (စိတ္တလဟုတာ)ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘော တရားပေတည်း။ (၂၅) ထိုမှတပါး။ ထိုဘုရား ဂုဏ်တော်ကိုအာရုံပြု၍။ မိမိနှင့်သမ္ပယုတ်ဖြစ်သော စေတသိက်တရား အပေါင်း၏ကြမ်းတန်းသည်၏အဖြစ်ကိုပြုတတ်သောကိုလေသာ တို့ကို။ ငြိမ်းစေတတ်သော သမ္ပယုတ်ဖြစ်သောစေတသိက်တရား အပေါင်း၏နှုးညံ့သည်၏အဖြစ်သဘောသည်လည်း။ထိုစိတ်နှင့်အတူတကွဖြစ်၍ပါ၀ိရှိသည်သာတည်း။ ထိုသဘောသည်လည်း။ စင်စစ် အထည်ဒြပ်။ လ။ အရောင်မရှိသော မိမိနှင့်သမ္ပယုတ်ဖြစ်သောစိတ်၏ ကြမ်းတန်းသည်၏ အဖြစ်ကို ပြုတတ်သော ကိုလေသာတို့ကို။ ငြိမ်းစေတတ်သော သမ္ပယုတ်ဖြစ်သော စေတသိက်တရားအပေါင်း၏ နှုးညံ့သည်၏ အဖြစ်သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သဏ္ဌာဝါ။ အသက်မဟုတ်သော (ကာယလဟုတာ)ဟု ခေါ်ဆိုအပ်သော ပရမတ္ထ သဘောတရားပေတည်း။ (၂၆) ထိုမှတပါး။ ထိုဘုရားဂုဏ်တော်ကိုအာရုံပြု၍။မိမိနှင့်သမ္ပယုတ်ဖြစ်သောစိတ်၏ကြမ်းတန်းသည်၏ အဖြစ်ကိုပြုတတ်သော ကိုလေသာ တို့ကို ငြိမ်းစေတတ်သောသမ္ပယုတ်ဖြစ်သောစိတ်၏နှုးညံ့သည်၏အဖြစ်ဟုဆိုအပ်သောသဘောသည်လည်း။ ထိုစိတ်နှင့်အတူတကွဖြစ်၍ ပါ၀ိရှိသည်သာတည်း။ထိုသဘောသည်လည်း။ စင်စစ် အထည်ဒြပ်။ လ။ အရောင်မရှိသော မိမိနှင့်သမ္ပယုတ်ဖြစ်သောစိတ်၏ ကြမ်းတန်းသည်၏ အဖြစ်ကို ပြုတတ်သော ကိုလေသာတို့ကို။ ငြိမ်းစေတတ်သော သမ္ပယုတ်ဖြစ်သောစိတ်၏ နှုးညံ့သည်၏အဖြစ်ဟု ဆိုအပ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သဏ္ဌာဝါ။အသက်မဟုတ်သော(စိတ္တသမုဋ္ဌာနတာ)ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘော တရားပေတည်း။

(၂၇) ထိုမှတပါး။ထိုဘုရားဂုဏ်တော်ကိုအာရုံပြု၍။ ဗိမိနှင့် သမ္မယုတ်ဖြစ်သော စေတသိက်တရားအပေါင်း၏ ထိုဘုရားဂုဏ် တော်အာရုံ၌ မခန့်သည်၏အဖြစ်ကိုပြုတတ်သော ကိလေသာတို့ ကို။ ငြိမ်းစေတတ်သောသမ္မယုတ်ဖြစ်သော စေတသိက်တရားအ ပေါင်း၏ ခန့်သည်၏အဖြစ်သဘောသည်လည်း။ ထိုစိတ်နှင့်အတူ တကွဖြစ်၍ပါရှိသည်သာတည်း။ ထိုသဘောသည်လည်း။ စင်စစ် အသည်ဒြိဗိ။လ။အရောင်မရှိသော ဗိမိနှင့်သမ္မယုတ်ဖြစ်သော စေ တသိက်တရားအပေါင်း၏ ထိုဘုရားဂုဏ်တော်အာရုံ၌မခန့်သည် ၏အဖြစ်ကို ပြုတတ်သောကိလေသာတို့ကို။ ငြိမ်းစေတတ်သော သမ္မယုတ်ဖြစ်သော စေတသိက်တရားအပေါင်း၏ ခန့်သည်၏အ ဖြစ်သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သဠာ ဝါ၊ အသက်မဟုတ်သော (ကာယကမ္မညတာ)ဟု ခေါ်ဆိုအပ် သောပရမတ္ထသဘောတရားပေတည်း။ (၂၈) ထိုမှတပါး။ ထို ဘုရားဂုဏ်ဟော်ကို အာရုံပြု၍။ ဗိမိနှင့်သမ္မယုတ်ဖြစ်သောစိတ်၏ ထိုဘုရားဂုဏ်တော်၌ မခန့်သည်၏အဖြစ်ကိုပြုတတ်သော ကိလေ သာတို့ကို။ငြိမ်းစေတတ်သောသမ္မယုတ်ဖြစ်သောစိတ်၏ခန့်သည် ၏အဖြစ်သဘောသည်လည်း။ ထိုစိတ်နှင့် အတူတကွဖြစ်၍ပါရှိ သည်သာတည်း။ထိုသဘောသည်လည်း။ စင်စစ်အထည်ဒြိဗိ။လ။ အရောင်မရှိသော ဗိမိနှင့်သမ္မယုတ်ဖြစ်သောစိတ်၏ထိုဘုရားဂုဏ် တော်၌မခန့်သည်၏အဖြစ်ကိုပြုတတ်သောကိလေသာတို့ကို။ ငြိမ်း စေတတ်သော သမ္မယုတ် ဖြစ်သောစိတ်၏ ;ခန့်သည်၏ အဖြစ်သ ဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာရှိသော သဠာဝါ၊ အ သက်မဟုတ်သော(စိတ္တကမ္မညတာ)ဟု ခေါ်ဆိုအပ်သော ပရမတ္ထ သဘော တရားပေတည်း။(၂၉)ထိုမှတပါး။ထိုဘုရားဂုဏ်တော် ကိုအာရုံပြု၍။ ဗိမိနှင့်သမ္မယုတ်ဖြစ်သော စေတသိက်တရားအ ပေါင်း၏နာကျင်သည်၏ အဖြစ်ဟုဆိုအပ်သော ကိလေသာတရား တို့ကိုနှိပ်နင်း၍။မနာကျင်သည်၏အဖြစ်ကိုပြုတတ်သောသဘော သည်လည်း။ထိုစိတ်နှင့်အတူတကွဖြစ်၍ပါရှိသည်သာတည်း။ထို သဘောသည်လည်း။ စင်စစ်အထည်ဒြိဗိ။လ။ အရောင်မရှိသော

မိမိနှင့်သမ္မယုတ်ဖြစ်သော စေတသိက်တရားအပေါင်း၏နာကျင်သည်၏အဖြစ်ဟုဆိုအပ်သော ကိလေသာတရားတို့ကို နှိပ်နင်း၍။ မနာကျင်သည်၏အဖြစ်ကို ပြုတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာရှိသော သင်္ဘာဝါ၊ အသက်မဟုတ်သော (ကာယပါဂုညတာ)ဟု ခေါ်ဆိုအပ်သောပရမတ္ထသဘောတရားပေတည်း။ (၃၀) ထိုမှတပါး။ ထိုဘုရားဂုဏ်တော်ကို အာရုံပြု၍။ မိမိနှင့်သမ္မယုတ်ဖြစ်သောစိတ်၏ နာကျင်သည်၏အဖြစ်ဟု ဆိုအပ်သော ကိ်လေသာတရားတို့ကို နှိပ်နင်း၍။မနာကျင်သည်၏အဖြစ်ကိုပြုတတ်သော သဘောသည်လည်း။ ထိုစိတ်နှင့်အတူတကွဖြစ်၍ ပါရှိသည်သာတည်း။ ထိုသဘောသည်လည်း။ စင်စစ်အထည်ခြုံမ်။လ။အရောင်မရှိသော မိမိနှင့်သမ္မယုတ်ဖြစ်သော စေတသိက်တရားအပေါင်း၏ ကောက်ကျစ်သည်၏အဖြစ်ဟုဆိုအပ်သော ကိ်လေသာတို့ကိုနှိပ်နင်း၍။ ဖြောင့်မတ်သည်၏အဖြစ်ကိုပြုတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သင်္ဘာဝါ၊ အသက်မဟုတ်သော(စိတ္တပါဂုညတာ)ဟု ခေါ်ဆိုအပ်သောပရမတ္ထသဘော တရားပေတည်း။ (၃၁) ထိုမှတပါး၊ ထိုဘုရားဂုဏ်တော်ကို အာရုံပြု၍။ မိမိနှင့်သမ္မယုတ်ဖြစ်သော စေတသိက်တရားအပေါင်း၏။ ကောက်ကျစ်သည်၏ အဖြစ်ဟုဆိုအပ်သောကိ်လေသာတို့ကိုနှိပ်နင်း၍။ ဖြောင့်မတ်သည်၏အဖြစ်ကိုပြုတတ်သော သဘောသည်လည်း။ ထိုစိတ်နှင့်အတူတကွဖြစ်၍ပါရှိသည်သာတည်း။ ထိုသဘောသည်လည်း။ စင်စစ်အထည်ခြုံမ်။လ။အရောင်မရှိသော မိမိနှင့်သမ္မယုတ်ဖြစ်သော စေတသိက်တရားအပေါင်း၏ ကော်ကျစ်သည်၏အဖြစ်ဟုဆိုအပ်သော ကိ်လေသာတို့ကိုနှိပ်နင်း၍။ ဖြောင့်မတ်သည်၏အဖြစ်

ကိုပြုတတ်သော သဘောသည်လည်း။ ထိုစိတ်နှင့်အတူတကွဖြစ်၍ပါရှိသည်သာတည်း။ ထိုသဘောသည်လည်း။ စင်စစ် အထည့်ဖြစ်။ လ။ အရောင်မရှိသော ဓိမိနှင့် သမ္မယုတ် ဖြစ်သော စိတ်၏ကောက်ကျစ်သည်၏ အဖြစ်ဟု ဆိုအပ်သော ဂ်ီလေသာ တို့ကို နှိပ်နင်း၍ ဖြောင့်မတ်သည်၏အဖြစ်ကို ပြုတတ်သော သဘောဟူ၍ သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သဒ္ဓေါ။ အသက် မဟုတ်သော (စိတ္တုဇ္ဇုကာဘာ)ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောဘာရားပေတည်း။ (၃၄) ထိုမှတပါး။ ထိုဘုရားဂုဏ်တော်ကို အာရုံပြု၍။ ဟုတ်တိုင်းမှန်စွာ မတွေ့မဝေ အပြားအားဖြင့် သိတတ်သော သဘောသည်လည်း။ ထိုစိတ်နှင့်အတူတကွဖြစ်၍ ပါရှိသည်သာတည်း။ ထိုသဘောသည်လည်း။ စင်စစ် အထည့်ဖြစ်။ သဒ္ဓေါန်၊ ဒိမိတ်၊ အရိပ်၊ အရောင်မရှိသော ဘုရားဂုဏ်တော်ကို ဟုတ်တိုင်းမှန်စွာ မတွေ့မဝေ အပြားအားဖြင့်သိတတ်သော သဘောဟူ၍ သာလျှင် မှတ်ကြောင်း လက္ခဏာ ရှိသော သဒ္ဓေါ၊ အသက်မဟုတ်သော (ပညာ) ဟု ခေါ်ဆို အပ်သော ပရမတ္ထ သဘောတရားပေတည်း။

ဤပြဆိုအပ်ပြီးသောသုံးဆယ့်သုံးပါးကုန်သောစေတသိက်ဟု ဆိုအပ်ကုန်သော ပရမတ္ထသဘောတရားတို့သည်၊ ထိုဘုရားဂုဏ်တော်ကိုအာရုံပြု၍ သိတိုင်းသိတိုင်း။ ရှင်လန်း၍ခံစားတတ်သော သောမနဿဝေဒနာနှင့်ယှဉ်သော ဇောစိတ်တို့၌။ အတူတကွ မရှေးမနှောင်းတပြိုင်နက်ဖြစ်၍ ပါရှိကုန်သည်သာတည်း။ အလယ်အလတ်အားဖြင့်ခံစားတတ်သော ဥပေက္ခာဝေဒနာနှင့်ယှဉ်သော ဇောစိတ်ဘို့၌ကား။ ဒိတိယပါဠိ (၃၂)ပါးကုန်သောစေတသိက်ဟု ဆိုအပ်ကုန်သော ပရမတ္ထသဘောတရားတို့သည် သာလျှင်။ ဂုဏ်းစိတ်နှင့်အတူတကွ မရှေးမနှောင်းတပြိုင်နက်ဖြစ်၍ပါကြကုန်၏။ ထိုဆိုအပ်ကုန်ပြီးသော စိတ်၊စေတသိက်ဟု ခေါ်ဆိုအပ်ကုန်သောပရမတ္ထသဘောတရားတို့သည်သာလျှင်၊ ဘုရားဂုဏ်တော်ကို အာရုံပြုတိုင်းပြုတိုင်း။ မရှေးမနှောင်းတပြိုင်နက် အတူတကွ ဖြစ်ပေါ်ကြကုန်၏။

ထိုသို့ ဖြစ်ပေါ်ကုန်သော စိတ်၊စေတသိက်ဟု ခေါ်ဆိုအပ်ကုန်သော ပရမတ္ထသဘောတရားတို့တွင်၊ အဘယ်သဘော၌ငါဟုဆိုအပ်သော သတ္တဝါ အတ္တသည် ပါရှိလေသနည်းဟု။ အတွင်း၌လည်းကောင်း။နံဘေး၌လည်းကောင်း။ အောက်၊အထက်၌လည်းကောင်း။ ရှာမှေ့၍ဉာဏ်ဖြင့် ရှုကြလော။ ထိုသို့ရှာမှေ့၍ ဉာဏ်ဖြင့် ရှုကြလျှင်။စင်စစ်ငါဟုဆိုအပ်သော သတ္တဝါအတ္တကို မတွေ့မမြင်ဘဲ၊ ထိုဆိုအပ်ခဲ့ပြီးသော စိတ်၊စေတသိက်ဟု ခေါ်ဆိုအပ်သော ၎င်းပရမတ္ထသဘောတရားတို့ကိုသာလျှင်။ အာရုံပြုတိုင်းပြုတိုင်း ဖြစ်ပေါ်လျက်ရှိကြကုန်သည်တို့ကို စင်စစ်တွေ့မြင်ကြရကုန်လတ္တံ့။ ထိုပရမတ္ထသဘောတရားတို့မှတပါး။အာရုံပြုတတ်သောသတ္တဝါ အတ္တတရုကိုမတွေ့မမြင်လေပြီ။ ထိုအခါ(အနတ္တချက်)ကို ထင်ရှားမြင်သည်မည်၏။ ။ထိုအနတ္တဖြစ်ကုန်သော စိတ်၊စေတသိက်ဟုခေါ်ဆိုအပ်ကုန်သောပရမတ္ထသဘောတရားတို့သည်။ ထိုထိုသို့သော ဂုဏ်တော်ကိုအာရုံပြု၍ ဖြစ်ပေါ်ကုန်သောအခါ။ မိမိတို့၏ မှတ်ကြောင်းလက္ခဏာသဘောသည်။ အလွန်ထင်ရှားခြင်းသို့ရောက်၏။ ထိုသို့ထင်ရှားခြင်းသို့ရောက်၍။ ဖြစ်ပေါ်သောခဏကို လွန်၍တည်ခဲ့လျှင်။ ဇရာသည် ၎င်းသဘောတရားတို့ကို နှိပ်စက်လေ၏။ ထိုသို့ ဇရာနှိပ်စက်သောအခါ၌။ ၎င်းသဘောတရားတို့သည် ဖြစ်ပေါ်စနှင့်မတူဘဲ။ အားနည်းခြင်းသို့ရောက်လေကုန်၏။ထိုသို့ဇရာနှိပ်စက်အပ်သည်၏အဖြစ်ကြောင့်။ အားနည်းခြင်းသို့ ရောက်ကုန်ပြီးသောဧ၎င်းသဘောတရားတို့ကို။ အပျက်တည်းဟူသော မရဏာသည်။ ကပ်၍တဖန်နှိပ်စက်ပြန်လေ၏။ ထိုသို့ နှိပ်စက်ခြင်းကြောင့် ၎င်းစိတ်၊ စေတသိက်ဟု ခေါ်ဆိုအပ်ကုန်သော ပရမတ္ထသဘောတရားတို့သည်။ သက်သာခွင့်ကိုမရကုန်ဘဲလျက်။ စင်စစ်ဒုက္ခအဖြစ်သို့ရောက်လေကုန်ပြီးလျှင်။ ကွယ်ပျောက်ကြလေကုန်၏။ထိုသို့ ကွယ်ပျောက်ကုန်သော ၎င်းပရမတ္ထသဘောတရားတို့၏ မကွယ်ပျောက်ခင်ကဖြစ်ခဲ့ရသော ဲ မသက်သာမှုဒုက္ခချက်ကို။ ဉာဏ်ဖြင့်ကြည့်ရှု၍မြင်လျှင်။ စင်စစ် (ဒုက္ခချက်) ကို မြင်သည်မည်၏။ ။ဤ၎င်းမသက်မသာ ဒုက္ခဖြစ်ကုန်သော စိတ် စေတသိက်ဟု ဆိုအပ်ကုန်

သော ပရမတ္ထသဘောတရားတို့၏ ကွယ်ပျောက်မှုကို ဉာဏ်ဖြင့် ကြည့်ရှု၍မြင်လျှင်။ စင်စစ် (အနိစ္စချက်) ကို မြင်သည်မည်၏။ ထိုသို့မြင်ပြီးနောက်။တဖန်ထိုထိုဘုရားဂုဏ်တော်ကိုအားရုံပြု၍။ အသိသဘောဟုဆိုအပ်သော ဇောစိတ်ဖြစ်ပေါ်ဖြစ်ပေါ် လာသောအခါတိုင်း၌လည်း။ရှေးနည်းအတူသာလျှင်။ စေတသိက် (၃၃) ပါး။ သို့မဟုတ်(၃၂)ပါးတို့သည်သာလျှင်။ ထိုစိတ်နှင့်အတူ ဖြစ်ပေါ်ကုန်၍။ဇရာ၏အနှိပ်စက်၊အပျက်၏အနှိပ်စက်တို့ကိုသာခံရကုန်ပြီးလျှင်။ ကွယ်ပျောံကွယ်ပျောံကြကုန်၏။ ထိုသို့ဇရာ၏ အနှိပ်စက်၊ အပျက်၏အနှိပ်စက်တို့ကိုသာလျှင်ခံရကုန်၍။ ကွယ်ပျောက်ကွယ်ပျောက်ကြသည်တို့ကို၊အဖန်တလဲလဲဉာဏ်ဖြင့်ထင်မြင်နေအောင်ရှုနေကြရမည်။ထိုသို့ထင်မြင်အောင်ရှုဖန်များလျှင်။ ၎င်းဝိပဿနာဉာဏ်သည်၊ ရင့်သန်ခြင်းသို့ရောက်ပြီးလျှင်။ စင်စစ် ၎င်းပရမတ္ထသဘောတရားတို့၌။ သတ္တဝါ အတ္တကိုလည်းကောင်း။ ချမ်းသာခြင်းသုခကိုလည်းကောင်း။ မြဲခြင်းနိစ္စကိုလည်းကောင်း။ မဖြင်မတွေ့လေပြီ။စင်စစ်၎င်းသဘောတရားတို့သည်။ သတ္တဝါအတ္တ မဟုတ်သောအနတ္တတရားတွေသာဖြစ်ကုန်၏။ စင်စစ်၎င်းသဘောတရားတို့သည်။ သုခတရားမဟုတ်သော ဒုက္ခတရားတွေသာဖြစ်ကုန်၏။စင်စစ်၎င်းသဘောတရားတို့သည်။နိစ္စတရားမဟုတ်သော အနိစ္စတရား၊တွေသာဖြစ်ကုန်၏ဟူ၍။ ဉာဏ်ဖြင့် ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်၍ယူလေတော့၏။ ထိုအခါ၊အနတ္တချက်၊ဒုက္ခချက်၊အနိစ္စချက်တို့ကိုကောင်းစွာပိုင်၍။ အတ္တဟူသောမိန္ဆွာအယူ၊ သုခဟူသောမိန္ဆွာအယူ၊နိစ္စဟူသောမိန္ဆွာအယူတို့ကိုစွန့်လေတော့၏။ ထိုသို့စွန့်သောအခါ။ ၎င်းသဘောတရားတို့၏ အပြစ်ဒေါသကိုကောင်းစွာမြင်အပ်သည်မည်၏။

ထိုသို့မြင်အပ်ပြီးသော အနတ္တတည်းဟူသော ပြစ်ချက်၊ ဒုက္ခတည်းဟူသောပြစ်ချက်၊အနိစ္စတည်းဟူသောပြစ်ချက်တို့နှင့်။ အမြဲဆက်ဆံနေသောဂုဏ်တော်ကိုအာရုံပြု၍ဖြစ်ကုန်သောဇင်းစိတ်စေတသိက်ဟု ဆိုအပ်ကုန်သော ပရမတ္ထ သဘောတရားတို့ကို။

နာမ်တရားဟုခေါ်ဆိုအပ်ကုန်သည်။ အဘယ်ကြောင့် ၎င်းတရား တို့ကို၊နာမ်တရားဟု ခေါ်ဆိုအပ်ကုန်သနည်းဟူမူ။ ၎င်းတရားတို့ သည်။ ဘုရားဂုဏ်တော်ဟူသော အာရုံသို့ ရှေ့ရှု အာရုံပြုသော အားဖြင့်။ ညွှတ်လည်းညွှတ်တတ်ကုန်၏။ အချင်းချင်းလည်းညွှတ် စေတတ်ကုန်၏။ထိုကြောင့်၎င်းသဘောတရားတို့ကို။ နာမ်တရား ဟုခေါ်ဆိုအပ်ကုန်သည်။ ထိုဆိုအပ်ပြီးသောဂုဏ်တော်ကိုအာရုံ ပြု၍ညွှတ်တတ်၊ အချင်းချင်းညွှတ်စေတတ်ကုန်သော စိတ် စေတ သိုက်ဟုဆိုအပ်ကုန်သော ပရမတ္ထသဘောတရားတို့ကို။ ရှေးဦးပြ ဆိုအပ်ပြီးသောနည်းအတိုင်း။ ဥာဏ်ဖြင့် သိမ်းဆည်းသောအခါ။ ပြိုးပြိုးပြက်ပြက် လင်းလင်းပြောင်ပြောင်၊ ဝင်းဝင်းဝါဝါ ညိုညို၊ ရှေ့ရှေ့စသော အရောင်အဆင်းတို့ဖြင့် မဖြင်အပ်ကုန်။စင်စစ်ရှင်းပ ရမတ္ထသဘောတရားတို့၏ မှတ်ကြောင်းလက္ခဏာတို့ကိုသာလျှင်၊ ရှေးဦး ဘေဝ်ပြုဆိုအပ်ခဲ့ပြီးသောအားတိုင်း ဖြင်အပ်ကုန်၏။ အဘယ် ကြောင့်အရောင်အဆင်းတို့ဖြင့် မဖြင်အပ်ကုန်ဘဲ။ သဘောလက္ခ ဏာတို့ကိုသာလျှင် ဖြင်အပ်ကုန်သနည်းဟူမူ။ ၎င်းသဘောတရား တို့ဌ။ပြုဆိုအပ်ပြီးသောမှတ်ကြောင်းလက္ခဏာမှတပါး။ ဝင်းဝင်း ဝါဝါစသောအရောင်အဆင်းမရှိသောကြောင့်တည်း။ ဘိုကြောင့် ဝင်းဝင်းဝါဝါစသော အရောင်အဆင်းဖြင့်မဖြင်အပ်ဘဲ။ ၎င်းသ ဘောတို့၏ မှတ်ကြောင်းလက္ခဏာတို့ကိုသာလျှင်။ စင်စစ်ဖြင်အပ် ကုန်၏ဟူမှတ်ကြလေ။ ၎င်းသဘောတရားတို့ဌ၊ ဝင်းဝင်းဝါဝါစ သော အရောင်အဆင်းမရှိသည်၏ အဖြစ်ကိုလည်း။ ဓမ္မပဒပါဠိ တော်၊စိတ္တဝဂ်ဌပေါတော်မှအပ်သော (အသရိုရံ)ဟူသော ပုဒ် ကို။စိတ္တသဿသရိုရသဏ္ဌာနံဝါ နိုလာဒိပ္ပကာရော ဝဏ္ဏဘေဒေါ ဝါ နတ္ထိတိ အသရိုရံနာမဇာတံ။ ။ဟူ၍ဘွဲ့ပြုအပ်သော ဓမ္မပဒအဋ္ဌ ကထာဂျင်၏ စကားတော်ကိုထောက်၍ သိကြလေ။ ။အနက်သိ ကြောင်း ဖြန်ပေပြန်ကား။ ။စိတ္တသ၊အာရုံကိုသိတတ်သောသ ဘောစိတ်၏။ ဝါ အား၊ သရိုရသဏ္ဌာနံဝါ၊ ကိုယ်ထည်သဏ္ဌာန် သည်လည်းကောင်း။ နိုလာဒိပ္ပကာရော၊အညိုအစက်ရှိသည် အပြား ရှိသော ဝါ အညို အဖြူ အနီစသည် အပြားရှိသော။ ဝဏ္ဏ

ဘာဒေါ၀ါ၊ အရောင်အဆင်း အပြားသည်လည်းကောင်း။ နတ်ကို၊ မရှိ။ ဣတာသ္မာ၊ထိုသို့မရှိခြင်းကြောင့်။အသရိုးနှာမ၊ အသရိုးရမည်သည်၊ဟောတံ ဖြစ်၏။ ။ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကိုထောက်၍၊စိတ်၌အရောင်အဆင်းမရှိသည်ကိုသိကြလေ။ ထိုသို့ စိတ်၌ အရောင်အဆင်းမရှိသည်ကို သိကြလျှင်လည်း စိတ်နှင့် အတူတကွဖြစ်သော ဝေဒနာတိုက်တရားတို့၌လည်း။ အရောင်အဆင်း မရှိသည်ကို သိအပ်သိထိုက် ကြတော့သည် သာတည်းဟု မှတ်လေ။ ။ဤအဋ္ဌကထာဖြင့်သာ၊ စိတ်၌ အရောင်အဆင်းမရှိသည်ကိုသိအပ်သည်မဟုတ်သေး။ ဂေါအဂ်ုတ္တရ အဋ္ဌကထာ၊ကျမ်းနံပါတ်(၄၆)မျက်နှာ၌။ ။ပဘာသရန္တိ ပဏ္ဍာရံ ပရိသုဒ္ဓံ။ ။ဘိက္ခဝေ နိဘဝင်စိတ္တံ။ ကံ့ပန စိတ္တသဝေ္ဍာနာမ အတ္ထိ နတ္ထိ။ နိလာဒိနဒ္ဒိအညတရဝ ဘုံ၀ါ ဟောတု သုဝဏ္ဏံ၀ါ။ယံကိဉ္စိ ပရိသုဒ္ဓတာယ ပဘာသရန္တိ ၀ုစ္စတိ၊ ဣဒဓိ နိရုပက္ကိ လေ သတာယ ပရိသုဒ္ဓန္တိ ပဘာသရံ။ ။ဟူ၍မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။ ။မြန်မာပြန်ကား။ ။ပဘာသရန္တိ၊ပဘာသရံဟူသည်ကား၊ ပဏ္ဍာရံ၊ဖြူစင်၏။ ပရိသုဒ္ဓံ စင်ကြယ်၏။ စိတ္တန္တိ၊စိတ်ဟူသည်ကား။ဘဝင်စိတ် ဘဝင်စိတ်တည်း။ကံ့ ၊အသို့နည်း။စိတ္တသဝ အာရုံကို သိတတ်သော သဘော လက္ခဏာရှိသော စိတ်အား။ ဝေဒနာနာမ၊အရောင်အဆင်းမည်သည်။ အတ္ထိပန၊ရှိပါသ်လော။ နတ္ထိ၊မရှိ။ဟိသစ္စံ ၊ ထိုစကားသည်မှန်၏။ နိလာဒိနံ၊အညှိုအစရှိကုန်သော အဆင်းတို့တွင်။ အညတရ၀ဏ္ဏံ ၀ါ၊တပါးပါးသောအဆင်းသည်မူလည်း။ ဟောတု၊ဖြစ်စေ။ သု၀ဏ္ဏံ ၀ါ၊ရွှေသည်မူလည်း။ ဟောတု၊ဖြစ်စေ။ ယံကိဉ္စိ အမှတ်မရှိသောတစုံတခုသော၀ဏ္ဏကို။ပရိသုဒ္ဓတာယ၊ စင်ကြယ်သည်၏ အဖြစ်ကြောင့်။ ပဘာသရန္တိ၊ ပဘာသရံဟူ၍။ ၀ုစ္စတိ၊ဆိုအပ်၏။ဣဒဓိ၊ဤဘဝင်စိတ်သည်လည်း။ နိရုပက္ကိ လေသတာယ၊ညစ်ညူးကြောင်းဖြစ်သော ကိလေသာမရှိသည်၏ အဖြစ်ကြောင့်။ပရိသုဒ္ဓံ စင်ကြယ်၏။ တသ္မာ၊ထိုသို့စင်ကြယ်ခြင်းကြောင့် ပဘာသရံ၊ ပဘာသရမည်၏။

အဓိပ္ပါယ်ကား။ဘုရားရှင်သည်(ပဘာသရမိုဒ် ဘိက္ခဝေစိတ္တံ) ဟူ၍ ဟောတော်မူအပ်သောကြောင့်။ မသိမလိမ္မာသော သူတို့သည်။ စိတ်၌ လက်လက်ပြောင်ပြောင် ဝင်းဝင်းဝါဝါ၊အညိုရောင်၊အရွှေစသော အရောင်အဆင်းရှိ၍သာလျှင် (ပဘာသရံ)ဟူ၍ ဟောတော်မူအပ်လေသည်ဟု၊ ဘောက်ပြန်သော ပိန္ဓာသဘောဖြင့် နှုတ်လုံးသွင်းပြီးလျှင်။ စိတ်ကိုအရောင်အဆင်းနှင့်တကွ၊ကြည့်ရှုထင်မြင်ရမည်ဟု ဘောက်ပြန်၍ ယူကြပြောဆိုကြမည်ကိုစိုးတော်မူ၍ ဘုရားရှင်၏အလိုတော်ကိုသိသော ဗုဒ္ဓမတည်၊ ဖြစ်တော်မူသော အဋ္ဌကထာရှင်သည် (ကိ ံပနစိတ္တသဝဏ္ဏောနာမအတ္ထိတိ။နုတ္ထိ) ဟူ၍ ပြဆိုတော် မူပြီးလျှင်။ စိတ်၌ အရောင်အဆင်း ရှိသည်ဟု၊ ဘောက်ပြန်၍ရှုသောသူတို့၏ အယူဝါဒကိုပယ်တော်မူလေသည်။ ထိုသို့ပယ်တော်မူပြီးမှ၊ ဘုရားရှင်၏အလိုတော်ကို ထုတ်ဘော်၍ ပြတော်မူလိုသောကြောင့်။ (နိုလာဒိနဋ္ဌိ။လ။ပဘာသရံ) ဟူသော စကားတော်တို့ကို ထုတ်ဘော်၍ ဆိုတော်မူလေသည်။ ။ထိုဆိုအပ်ပြီးသောစကားတော်တို့၏အရကား။ စင်စစ် စိတ်၌အရောင်အဆင်းရှိ၍။ထိုအရောင်အဆင်းဖြင့်ထွန်းတောက်နေသည်ကိုရည်၍(ပဘာသရံ)ဟူ၍ဟောတော်မူလေသည်မဟုတ်။လောကခ္ဓာတ်စုံတရသော ဝတ္ထုသည် စင်ကြယ်သန့်ရှင်းနေ၏။ ထိုသို့စင်ကြယ်သန့်ရှင်းသောဝတ္ထု ကိုပင်။ စင်ကြယ်သန့်ရှင်းသော ဂုဏ်ကိုစွဲ၍ (ပဘာသရ)ဟုခေါ်ဆိုအပ်သကဲ့သို့၊ ထိုနည်းအတူ၊ သတ္တဝါတို့၏ သန္တာန်၌ဖြစ်သော ကံ၏အကျိုးဖြစ်သော ဘဝင်စိတ်ကိုလည်း။ ကိုလေသာ တည်းဟူသော အညစ်အကြေးတို့မှ စင်ကြယ်ခြင်းကြောင့်(ပဘာသရ)ဟူ၍ဟောတော်မူအပ်လေသည်။စင်စစ်စိတ်၌အရောင်အဆင်းဖြင့် တောက်ပနေခြင်းကြောင့် (ပဘာသရ)ဟု ဟောတော်မူအပ်သည်မဟုတ်ဟူလို။ ။ဤကား အဋ္ဌကထာရှင်၏ ဘုရားအလိုတော်အတိုင်းကို၊ ဘော်ပြအပ်သော အဓိပ္ပါယ်တော်တည်း။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင်၏စကားတော်ကိုထောက်၍လည်း။ စိတ်၌အရောင်အဆင်းမရှိသည်ကိုထင်ရှားသိကြလေ။ ။ထိုသို့စိတ်၌အရောင်အဆင်း မရှိသည်ကိုသိကြလျှင်

လည်း။စိတ်နှင့်အတူတကွဖြစ်သောစေတသိက်တရားတို့ခွဲလည်း။ အရောင်အဆင်း မရှိသည်ကို။ စင်စစ် သိအပ် သိထိုက်ကြတော့ သည်သာလျှင်တည်းဟု မှတ်ကြလေ။ ။ထိုသို့ အရောင်အဆင်း မရှိသည်၏အဖြစ်ကြောင့်။ စိတ်၊စေတသိက်ဟူဆိုအပ်သော နာမ် တရားတို့ကို သိမ်းဆည်းရာတို့ခွဲ။ ပြိုးပြိုးပြက်ပြက်၊ဝင်းဝင်းဝါဝါ စသောအရောင်အဆင်းတို့ကိုမမြင်အပ်ကုန်။စင်စစ်ရှေးခွဲဘော်ပြ အပ်ခဲ့ပြီးကုန်သော ဆိုင်ရာ ဆိုင်ရာ အသီးသီးသော သဘော လက္ခဏာတို့ကိုသာလျှင်၊စင်စစ် မြင်အပ်သိအပ်ကုန်၏ဟုမှတ်ကြ လေ။ ။ထိုပြဆိုအပ်ကုန်ပြီးသော သဘောလက္ခဏာတို့ကို သာ လျှင်၊ တရေးရေးမြင်နေအောင်ရှုကြပြီး၍၊ ၎င်းသဘောတရားတို့ သည်သာလျှင်။ ထိုထိုဘုရားဂုဏ်တော်တို့ကို။ အာရုံပြုတိုင်း ပြု တိုင်း ဖြစ်ပေါ်ခြင်းသို့ရောက်ကုန်ပြီးလျှင်။ ဇရာ၊မရဏာတို့ အနိုပ် စက်ကိုခံရကုန်ပြီး၍ ကွယ်ပျောက်ကြကုန်၏။ ထိုသို့ကွယ်ပျောက် ကြကုန်သည်တို့ကိုသာလျှင်တရေးရေးမြင်နေအောင်၊ ရှေးခွဲပြဆို အပ်ပြီးသောနည်းအတိုင်း ရှုကြည့်နေကြရမည်။ထိုသို့ရှုကြည့်နေ ၍ကောင်းစွာမြင်ကြလျှင် နာမ်ဟုခေါ်ဆိုအပ်သော ၎င်းပရမတ္ထ သဘောတရားတို့၏အပြစ်ကို ကောင်းစွာမြင်သည်မည်၏။

ထိုဆိုအပ်ပြီးသော နာမ်ဟုဆိုအပ်သော ပရမတ္ထသဘော တ ရားတို့၏ အပြစ်ကို မြင်ပြီးနောက်။ တဖန် ရူပ်ဟု ဆိုအပ်သော ပရမတ္ထသဘောတရားတို့၏ အပြစ်ကိုမြင်အောင် သိမ်းဆည်းရာ ၏။ အဘယ်သို့သိမ်းဆည်းရာသနည်းဟူမူ။ ၎င်းဘုရားဂုဏ်တော် တို့ကိုအာရုံပြု၍ဖြစ်ကုန်သောနာမ်တရားတို့သည်။ အဘယ်ကိုမှီ၍ ဖြစ်ကုန်သနည်းဟု၊ ၎င်းတို့၏မှီရာကို ဂ္ဂါမ္ဗေလတ်သော်။ စင်စစ် ဟာဒယဝတ္ထုကိုသာတွေ့မြင်လေ၏။ ထိုဟာဒယဝတ္ထုသည် စင်စစ် ရူပ်တရားဖြစ်၏။ ထိုရူပ်တရား ဖြစ်သော ဟာဒယဝတ္ထုကို။ အ ထည်ခြုံ၊ သဏ္ဌာန်၊ နိမိတ်၊အရိပ်၊အရောင်အားဖြင့် ဂ္ဂါမ္ဗေလတ် သော်၊စင်စစ် အထည်ခြုံ သဏ္ဌာန်၊ နိမိတ်၊ အရိပ်၊အရောင်ပြစရာ မရှိသည်၏ အဖြစ်ကိုသာလျှင် ဉာဏ်ဖြင့် တွေ့မြင်လေ၏၊ ထိုသို့

တွေ့မြင်ပြီးနောက်တဖန်။ ဂင်းအထည်ခြုံ၏၊သဏ္ဌာန် နှစ်ပိတ် အရိယာ၊ အရောင်မရှိသော ဂင်းဟာဒယာဝဏ္ဍ၊ကို။ ဘယ်လို မှတ်သားရမည် နည်းဟု စုံစမ်းရှာဖွေလတ်သော်။ စင်စစ်ဘုရားဂုဏ်,ကို အာရုံပြု၍ဖြစ်ကုန်သော ဇောကိစ္စ တပ်ကုန်သော မနောဝိညာဏဓါတ်ဟု ဆိုအပ်သော စိတ်၊စေတသိက်တရားတို့၏ တည်ရာမှီရာ သဘော ဟူ၍သာလျှင်။ မှတ်ကြောင်းလက္ခဏာရှိသည်၏အဖြစ်ကို။ စင်စစ် ဉာဏ်ဖြင့်တွေ့မြင်လေတော့၏။ထိုသို့ဉာဏ်ဖြင့် တွေ့မြင်အပ်သော မှတ်ကြောင်းလက္ခဏာ ရှိသည်၏အဖြစ်ကိုလည်း။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ဒုတိယအုပ်၊ ခန္ဓနိဒ္ဒေသ၊စာမျက်နှာနံပါတ်(၆၇)၌လည်း ကောင်း။ အဘိဓမ္မာဝတာရ လက်သန်း အဋ္ဌကထာ၊ ရူပဝိဘာဂ စာမျက်နှာနံပါတ် (၅၉) ၌လည်းကောင်း။ ။မနောဓါတု မဉ္ဇနော ဝိညာဏဓါတုနှုံ့ နိဿယာလက္ခဏံ ဟာဒယာဝဏ္ဍ။ ။ဟူ၍မိန့်ဆို တော်မူကြသည်ကိုထောက်၍သိလေ။ ။အနက်သိကြောင်းမြန်မာပြန် ကား။ ။ဟာဒယာဝဏ္ဍ ၊ဟာဒယာဝဏ္ဍ၊ရုပ်သည်။ မနောဓါတုမနော ဝိညာဏဓါတုနှုံ့၊မနောဓါတ်၊မနောဝိညာဏဓါတ်တို့၏။ နိဿယ လက္ခဏံ၊ ဖြစ်ရာဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာရှိ၏။ ။ဤ သို့ပြုဆိုတော် မူအပ်ကုန်သော အဋ္ဌကထာရှင်တို့၏ စကားတော် ကိုထောက်၍။ ဟာဒယာဝဏ္ဍ၊ရုပ်သည်။ စင်စစ် မနောဓါတ်၊ မနော ဝိညာဏ ဓါတ်တို့၏ ဖြစ်ရာသဘော ဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာရှိသည်၏အဖြစ်ကို သိကြလေ၊ထိုဆိုအပ်ပြီးသော ဟာဒ ယာဝဏ္ဍ၊ရုပ်၏ဖြစ်ရာဟူသော မှတ်ကြောင်းလက္ခဏာကိုဉာဏ်ဖြင့် တွေ့မြင်လျှင်။ ဂင်းဟာဒယာဝဏ္ဍ၊ရုပ်၏ သဘောလက္ခဏာကို ပိုင် သည်မည်၏။ ။ထိုဟာဒယာဝဏ္ဍ၊ရုပ်၏ သဘောလက္ခဏာကိုပိုင် ပြီးနော်။တဖန်ဂင်းဟာဒယာဝဏ္ဍ၊ရုပ်သည်အဘယ်ကိုမှီ၍ဖြစ်လေသ နည်းဟု ဉာဏ်ဖြင့်ရှာဖွေ လတ်သော်၊စင်စစ် မဟာဘုတ်ဟု ခေါ် ဆိုအပ်သောဓါတ်(၄)ပါးကိုသာတွေ့မြင်လေတော့၏။ ထိုသို့တွေ့ မြင်အပ်သော မဟာဘုတ်ဟုခေါ်ဆိုအပ်သော ဓါတ်(၄)ပါးသည် အဘယ်နည်းဟူမူ။ ပထဝီဟု ခေါ်ဆိုအပ်သောဓါတ်၊ အာပေါဟု ခေါ်ဆိုအပ်သော ဓါတ်၊ တေဇောဟု ခေါ်ဆို အပ်သော ဓါတ်၊

ဝါယောဟုခေါ်ဆိုအပ် သောခါတ်။ဤဆိုအပ်ပြီးသောခါတ်သည် ခါတ်(၄)ပါးမည်၏။ထိုခါတ်(၄)ပါးတို့တွင်။ပထဝီဟုခေါ်ဆိုအပ် သောခါတ်သည် အဘယ်နည်းဟူမူ။ မိမိနှင့်အတူ ဖြစ်ကုန်သော သဟဇာတ်ရုပ်တို့၏တည်ရာသဘောခါတ်ပေတည်း။ ထိုကြောင့် သမ္မောဟာဝိနောဒနီ အဋ္ဌကထာ ၅ဝင်သည်၊ ခါတုဝိဘင်း အဘွင့် ၌။ ။ပထဝီခါတူဘိ ပဘိဒ္ဓာနခါတု။ ။ဟူ၍ဘွင့်ပြတော်မူအပ်လေသည်။ မြန်မာပြန်ကား။ ။ပ ထ ဝီ ခါ တူ တိ၊ ပထဝီ ခါတ်ဟူသည်ကား။ ပဘိဒ္ဓာနခါတု၊သဟဇာတ် ဖြစ်ကုန်သောရုပ် တို့၏ တည်ရာသဘောခါတ်ပေတည်း။ ။ဤသို့ ပြဆိုအပ်သော အဋ္ဌကထာ၄ဝင်၏ စကားတော်ကိုထောက်၍။ သဟဇာတ် ရုပ်တို့ ၏တည်ရာသဘောခါတ် ကိုသာလျှင်။ ပထဝီခါတ်ဟုခေါ်ဆိုအပ် ကြောင်းကိုထင်ရှားသိကြလေ။ အဘယ်ကြောင့် သဟဇာတ်ရုပ် တို့၏တည်ရာ ပထဝီသဘောကို ခါတ်ဟုခေါ်ဆိုအပ် သနည်းဟူ မူ။ ၎င်းသဟဇာတ်ရုပ်တို့၏တည်ရာပထဝီသဘောသည်။ စင်စစ် အမှန်၊အခဲ၊အလုံး၊ အပြားစသော သဏ္ဌာန်ဒြဗျမှ လည်းကောင်း၊ ပုဂ္ဂိုလ် သဏ္ဌာဝါစသည်မှ လည်းကောင်း။ ဆိတ်ကင်း နေသော ပရမတ္ထသဘော တရားဖြစ်၏။ ထိုသို့အမှန်၊ အခဲ၊ အလုံး၊အပြားစ သောသဏ္ဌာန်ဒြဗျ၊ပုဂ္ဂိုလ် သဏ္ဌာဝါစသည်မှ ဆိတ်ကင်းနေသော ပရမတ္ထသဘောတရား၏အဖြစ်ကြောင့်သာလျှင်။၎င်းသဟဇာတ် ရုပ်တို့၏ တည်ရာပထဝီ သဘောကို။ ခါတ်ဟု ခေါ်ဆို အပ်လေ သည်။ထိုကြောင့် သမ္မောဟာဝိနောဒနီအဋ္ဌကထာ၄ဝင်သည်။ ခါတု ဝိဘင်းအဘွင့် ကျမ်းနံပါတ် (၄၇) မျက်နှာ၌။ ။ခါတ္ထုဇ္ဇောနာမ သဘာဝဇ္ဇော။သဘာဝဇ္ဇောနာမသုညတဇ္ဇော။ သုညတဇ္ဇောနာမ နိဿတ္ထဇ္ဇောတိ ဧဝံသဘာဝ သုညတ နိဿတ္ထဇ္ဇေန ပထဝီယော ခါတု ပထဝီခါတု။ ။ဟူ၍မိန့်ဆိုတော်မူအပ်လေသည်။

အနက်သိကြောင်းမြန်မာပြန်ကား။ ။ခါတ္ထုဇ္ဇောနာမ၊ ခါတု သဒ္ဒါ၏အနက်မည်သည်ကား။သဘာဝဇ္ဇော၊ မိမိ၏မှတ်ကြောင်း လက္ခဏာမျှရှိသော ပရမတ္ထသဘောဟူသောအနက်တည်း။ သ

ဘာဝ၀ဋ္ဋောနာမ၊မိမိ၏ မှတ်ကြောင်းလက္ခဏာမျှရှိသော ပရမတ္ထ သဘောဟူသောအနုက်မည်သည်ကား။သုညတဋ္ဌော၊အမှုန့်၊အခဲ အလုံး အပြားစသော သဏ္ဌာန်၊ ပုဂ္ဂိုလ်သတ္တ၀ါစသော အတ္တမှ ဆိတ်ကင်းသောအနုက်တည်း။ သုညတဋ္ဌောနာမ၊ အမှုန့်၊အခဲ၊အ လုံး၊အပြားစသော သဏ္ဌာန်။ပုဂ္ဂိုလ်သတ္တ၀ါစသောအတ္တမှ ဆိတ် ကင်းသော အနုက်မည်သည်ကား။ နိသတ္တဋ္ဌော၊သတ္တ၀ါမဟုတ် သောအနုက်တည်း။ဤတိဏ်း၊ဤသို့။သဘာ၀သုညတနိသတ္တဋ္ဌေန၊ မိမိ၏ မှတ်ကြောင်းလက္ခဏာမျှရှိသော ပရမတ္ထသဘောဟူသော အနုက် အမှုန့်၊အခဲ၊အလုံးအပြားစသောသဏ္ဌာန်၊ ပုဂ္ဂိုလ်သတ္တ၀ါ စသောအတ္တမှ ဆိတ်ခြင်း ဟူသောအနုက်၊ သတ္တ၀ါ မဟုတ်ဟူ သောအနုက်ကြောင့်။ ပထ၀ိပေါ၀၊သဟဇာတ်ဖြစ်သောရုပ်တို့၏ တည်ရာသဘော၊သည်သာလျှင်။ခါတု၊ခါတ်လည်း။ ပထ၀ိခါတု၊ သဟဇာတ်ဖြစ်သော ရုပ်တို့၏ တည်ရာ သဘော သည်သာလျှင် ခါတ်။ ။ဤပြဆိုအပ်ပြီးသော အဋ္ဌကထာရှင်၏ စကာ ကို ထောက်၍။ စင်စစ် အမှုန့်၊အခဲ၊အလုံးအပြားစသောသဏ္ဌာန်ဒြဗျ မှလည်းကောင်း။ ပုဂ္ဂိုလ်သတ္တ၀ါစသော အတ္တမှလည်းကောင်း။ ဆိတ်ကင်းနေသောအနုက်ကြောင့်၊ဌင်းသဟဇာတ်ရုပ်တို့၏တည် ရာသဘောကိုပင်။ ပထ၀ိခါတ်ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေ။ ။ထိုဆိုအပ်ပြီးသော ပထ၀ိခါတ်မှ တပါး သော အားပေါ်၊ တောင့်၊ ၀ါယောစသော ရုပ်သဘောတို့ကို ခါတ်ဟူ၍ခေါ်ဆိုအပ်သည်တို့ဖြစ်လည်း။ ဤပထ၀ိကိုခါတ်ဟူ၍ခေါ် ဆိုအပ်သောနည်းကို အစဉ်မြဲ၍။ အမှုန့်၊ အခဲ၊ အလုံး၊ အပြား စ သောသဏ္ဌာန်ဒြဗျမှလည်းကောင်း။ပုဂ္ဂိုလ်သတ္တ၀ါစသောအတ္တမှ လည်းကောင်း။ဆိတ်ကင်းနေသော အနုက်ကြောင့်သာလျှင်။ ဌင်း အာပေါစသော သဘောတို့ကို။ ခါတ်ဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ။နောင်ကိုထပ်မံ၍ မပြုမဆိုတော့ပြီ။ ။အာပေါ ခါတ်ဆိုသည်မှာ၊တခြားကိုမဆို။မိမိနှင့်သဟဇာတ်ဖြစ်သော ရုပ် တို့ကို၊ တလုံးတစည်းတည်း မကွေမကွာစေခြင်းငှါ၊ ဖွဲ့ကပ်တတ် သော အစေးသဘောဟုဆိုအပ်သော ပရမဋ္ဌသဘောကို ဆိုသည်။

ထိစကားကို လောကဥပမာဖြင့် ထင်ရှားစွာပြဆိုဦးအုံ့။ လောကခ္ဓာ ထိုထိုသို့သောစက္ကူ။ မျှားကို အချင်းချင်း ကပ်စေလိုသော်။ ကော်ရည်စေးဖြင့်သုတ်လိမ်း၍ကပ်လိုက်သည်ရှိ၊သော်။ စင်စစ် တခုနှင့် တခုတပေါင်းတည်းကပ်ခြင်းသို့ ရောက်လေ၏။ထိုသို့တခုနှင့်တခု တပေါင်းတည်း ကပ်ခြင်းသို့ ရောက်ခြင်းသည်။ စင်စစ်ကပ်စေ တတ်သော ကော်ရည်စေးသဘ္ဘာ ကြောင့်သာလျှင်ဖြစ်၏။ ထိုနည်း တူစွာ တခုတခုသော ရုပ်ကလာပ်ခ္ဓာ တည်ရှိကုန်သော ပထဝီစ သောရုပ်သဘောတို့သည်လည်း။ အချင်းချင်း တခုနှင့်တခု မကွေ မကွာစည်းလုံးပေါင်းကပ်၍ နေခြင်းသည်၊ ကော်ရည်စေးနှင့် တူ သော စည်းလုံးပေါင်းကပ်စေတတ်သော အာဗဇ္ဇန သဘောသဘ္ဘာ ပါရှိခြင်းကြောင့်သာလျှင် ဧကနှံဖြစ်၏။ထိုသို့ဖြစ်ခြင်းကြောင့်၊ရင်း တခုတခုသော ကလာပ်ခ္ဓာတည်ရှိသော အတူတကွဖြစ်ကုန်သော သဟဇာတ်ရုပ်ကို။ တလုံးတစည်းတည်းမကွေမကွာရအောင် ဖွဲ့ကပ်တတ်သောကော်ရည်စေးနှင့်တူသော အစေးသဘ္ဘာ ပရမတ္ထ သဘောကိုသာလျှင်။ အာပေါဓါတ်ဟု ခေါ်ဆို အပ်လေ သည်။ ထိုကြောင့် ဘုရားရှင်သည်။ ဓမ္မသင်္ဂဏီပါဠိတော်၊ရူပကဏ္ဍာ၌။ ။ ကတမဉ္စ ရူပံ အာပေါဓါတု။ ယံ။လ။သိနေဟောသိနေဟဂတံ ဗဟု နဝိဓံရူပသ။ဣဒဉ္စ ရူပံ အာပေါဓါတု။ ။ဟူ၍ဟောတော်မူအပ် လေသည်။ ။ထိုမှတပါး၊ ရင်းပါဠိတော်ကို ဘွင့်ဆိုတော်မူအပ် သော အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည်လည်း။ ။အာပေါဓါတု နိဒ္ဒေသေအာပေါတိသဘာဝနိဒ္ဒေသော။ လ။ သိနေဟဝေသေန သိ နေဟော၊ သိနေဟောဝ သိနေဟဂတံ၊ဗဟုနဝိဓံ ရူပသဘာတိ ပထဝီ ဓါတုအာဒိကသ ဘူတရူပသ ဗဟုနဘာဝေါ။ ။ဟူ၍ရူပကဏ္ဍာ အာဘွင့်၊စာမျက်နှာနံပါတ်(၃၃၁)၌ ဘွင့်ဆိုတော်မူအပ်လေသည် ဟုမှတ်ကြလေ။ ။မြန်မာပြန်ကား။ ။အာပေါဓါတု အာပေါ ဓါတ်မည်သော။ တံရူပံ၊ ထိုရုပ်သည်။ ကတမံ၊ အဘယ်သည်။ ဟောတိ၊ဖြစ်လေသနည်း။လ။ ယောသိနေဟော အကြင်ပရမတ္ထ သဘော အစေးသဘ္ဘာသည်သာလျှင်။ ရူပသ၊ ဓါတုနှင့်အတူတကွ ဖြစ်သောပထဝီစသောရုပ်ကို။ ယံဗဟုနဝိဓံ၊အကြင်တလုံးအပေါင်း

တည်း မကွေမကွာရအောင် ဖွဲ့ကပ်သည်၏အဖြစ်သည်။ ဟောတိ၊ဖြစ်၏။ဣဒံ၊ဤသို့သဘောရှိသော။ တံရူပံ၊ထိုသို့အတူဖြစ်သော ရူပ်ကို တလုံးတပေါင်းတည်း မကွေမကွာရအောင် ဖွဲ့ကပ်တတ်သောအစေးသဖွယ်ဟု ဆိုအပ်သော ပရမတ္ထသဘောဖြစ်သောရူပ်သည်။အာပေါ၀ါတု၊ အာပေါ၀ါတ်မည်သည်။ ဟောတိ၊ဖြစ်၏။ ။ ဤကားပါဠိတော်၏အနက်သိကြောင်း မြန်မာပြန်တည်း။ ။အာပေါ၀ါတုနိဒ္ဒေသေ အာပေါ၀ါတ်ကို ညွှန်ပြရာ၌။ ဝိနိစ္ဆယော အဆုံးအဖြတ်ကို။ဝေဒိတဗ္ဗော သိအပ်၏။အာပေါ၀ါတိသဒ္ဒေါ၊အာပေါဟူသော ဤသဒ္ဒါသည်။ သဘာ၀နိဒ္ဒေသော၊ ပရမတ္ထသဘောကို ညွှန်ပြကြောင်းဖြစ်သော သဒ္ဒါတည်း။ လ။ သိနေဟာ၀သေနု ' စေးကပ်ဟတ်သည်၏ အစွမ်းကြောင့်။ သိနေဟော၊ သိနေဟာမည်၏။ သိနေဟော၀၊စေးကပ်တတ်သောအစွမ်းသည်သာလျှင်။သိနေဟာ ဂတံ၊ သိနေဟာဂတမည်၏။ဗဟုနိုဂ်ံ ရူပသာတိ၊ ဗဟုနိုဂ်ံ ရူပသဟူသည်ကား။ပထ၀ိ၀ါတုအာဒိကဿ၊ပထ၀ိ၀ါတ်အစရှိသော။ ဘူတရူပဿ၊ဘူတရုပ်၏။ ဗဟုနဘာ၀ေါ၊ ဖွဲ့ကပ်တတ်သည်၏အဖြစ်သည်။ ဟောတိ၊ဖြစ်၏။ ။ဤကားအဋ္ဌကထာပါဠိ၏ အနက်သိကြောင်းမြန်မာပြန်တည်း။ ။ဤသို့ပြဆိုအပ်ပြီးသောပါဠိတော်အဋ္ဌကထာတို့၌လာရှိသောစကားရပ်တို့၏ အဓိပ္ပါယ်ကိုထောက်၍ ဝိပိနှင့်အတူတကွဖြစ်သောရူပ်တို့ကို။တလုံးတစည်းတည်းမကွေမကွာစေခြင်းငှါ၊ ဖွဲ့ကပ်တတ်သောအစေးသဖွယ် ဆိုအပ်သော ပရမတ္ထသဘောကိုသာလျှင်။ အာပေါ၀ါတ်ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို။ ရှေးဦးပြဆိုအပ်ခဲ့သည်အတိုင်းထင်ရှားသိကြလေ။

တောဇောဝါတ်ဆိုသည်မှာ၊တခြားကိုမဆို။ ဝိပိနှင့်အတူတကွဖြစ်သောရူပ်တို့၏ရင့်ကျက်ခြင်းကို ပြုလုပ်တတ်သောကံဗီဇရှိသော ပူနေးသည်၏အဖြစ်ဟူ၍သာလျှင်မှတ်ကြောင်းလက္ခဏာရှိသော ပရမတ္ထ သဘောတရားကို ဆိုသည်။ ထိုသို့ ဆိုအပ် ကြောင်းကိုလည်း။ အဋ္ဌသာလိနီအဋ္ဌကထာ၊ ရူပကဏ္ဍအဘွင့်၊ စာမျက်နှာနံပါတ် (၃၂၀)၌။ ။တေဇောဂါ၀ုဥဏ္ဍဇ္ဇလက္ခဏာ။ ။ဟူ၍

မိန့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း၊ထိုနည်းအတူ ဝိသုद्ध
မဂ်အဋ္ဌကထာ၊ သမာဓိနိဒ္ဒေသ၌ မိန့်ဆိုအပ်သည်ကို ထောက်၍
လည်းကောင်းသိအပ်၏၊ ။မြန်မာပြန်ကား၊ ။တေဘောဓါတု၊
တေဘောဓါတ်သည်။ ဥဏ္ဏတ္တလက္ခဏာ၊ ပူနွေးသည်၏အဖြစ်သာ
လျှင် မှတ်ကြောင်း လက္ခဏာရှိ၏။ ။ဤသို့ပြဆိုအပ်သော အဋ္ဌ
ကထာရှင်တို့၏စကားတော်ကိုထောက်၍၊ ပူနွေးသည်၏အဖြစ်ဟူ
၍သာလျှင် မှတ်ကြောင်းလက္ခဏာမျှရှိသော ပရမတ္ထသဘောတ
ရားကိုသာလျှင်။ တေဘောဓါတ်ဟု ခေါ်ဆိုအပ်ကြောင်းကို ထင်
ရှားသိကြလေ။ ။ဝါယောဓါတ်ဆိုသည်မှာ၊တခြားကိုမဆို၊မိမိ
နှင့်အဘူတကွဖြစ်သော ရုပ်တို့ကို သောက်ပုံတတ်၊ တွန်းတတ်၊
ကန်တတ်၊ တောင့်တင်းခိုင်စေတတ်သော သဘောဟူ၍သာလျှင်။
မှတ်ကြောင်း လက္ခဏာရှိသော ပရမတ္ထ သဘောတရားကို ဆို
သည်။ ထိုဆိုအပ်ကြောင်းကိုလည်း။ အဋ္ဌသာလိနီ အဋ္ဌကထာ
ရှင်သည်။ ရူပကဏ္ဍအဘွင့်၊ စာမျက်နှာနံပါတ် (၃၂၁)၌လည်း
ကောင်း။ဝိသုद्ध်မဂ်အထဋ္ဌကထာ၊ပထမအုပ်၊သမာဓိနိဒ္ဒေသ၊ စာ
မျက်နှာနံပါတ်(၃၁၈)၌လည်းကောင်း။ ။ဝါယောဓါတုဝိဇ္ဇမာ
နလက္ခဏာ။ ။ဟူ၍မိန့်ဆိုတော်မူအပ်သည်ကိုထောက်၍သိကြ
လေ။ ။မြန်မာပြန်ကား။ ။ဝါယောဓါတု၊ဝါယောဓါတ်သည်။
ဝိဇ္ဇမာနလက္ခဏာ လက္ခဏာ၊ မိမိနှင့် အဘူတကွ ဖြစ်သော ရုပ် တို့ကို
ထောက်ပံ့တတ်၊ တွန်းတတ်၊ ကန်တတ်၊ တောင့်တင်း ခိုင်မာစေ
တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ ရှိပေ
၏။ ။ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်ကို
ထောက်၍။မိမိနှင့်အဘူတကွဖြစ်သောရုပ်တို့ကို။ထောက်ပံ့တတ်
တွန်းတတ်၊ကန်တတ်၊ တောင့်တင်းခိုင်မာစေတတ်သောသဘော
ဟူ၍သာလျှင်မှတ်ကြောင်းလက္ခဏာရှိသော ပရမတ္ထသဘောတ
ရားကို၊စင်စစ်ဝါယောဓါတ်ဟုခေါ်ဆိုအပ်ကြောင်းကိုထင်ရှားသိ
ကြလေ။ ။ဤသို့ပြဆိုအပ်ပြီးသော မဟာဘုတ်ဟု ခေါ်ဆိုအပ်
သောပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတည်းဟူသော ဓါတ်
(၄)ပါးတို့ကို သာလျှင်။ ရှေးဦးပြဆိုအပ်ခဲ့ပြီးသော ဟာဒယဝတ္ထု

ရုပ်သည်ဇကေနမှီ၍ဖြစ်ပေါ်ရ၏ဟုမှတ်။ ။ထိုဟာဒယာဝဏ္ဏ၊ရုပ်၏မှီရာဖြစ်သောမဟာဘုတ်ဟုခေါ်ဆိုအပ်သောဓါတ်လေးပါးတို့ဖြစ်ပေါ်လာလျှင်။ ၎င်းဓါတ်(၄)ပါးတို့ကိုမှီ၍၊အဆင်းဟုခေါ်ဆိုအပ်သောရူပဓါတ် အနံ့ဟုခေါ်ဆိုအပ်သောဂန္ဓဓါတ်၊အရသာဟုခေါ်ဆိုအပ်သော ရသဓါတ်၊ အာဟာရဇရုပ်တို့ကို ဖြစ်ပွါးစေတတ်သောဩဇာဟုခေါ်ဆိုအပ်သော ဓမ္မဓါတ် မိမိနှင့်အတူတကွ ဖြစ်ကုန်သောရုပ်တို့ကို စောင့်ရှောက်တတ်၊ အစိုးရတတ်သော သဘောဇီဝိတိန္ဒြေဟုခေါ်ဆိုအပ်သောဓမ္မဓါတ်။ဤဆိုအပ်သောဥပါဒါရုပ်တို့သည်လည်း၊ တပြိုင်နက်တချက်တည်း အတူတကွဖြစ်၍ ပါရှိကုန်သည်သာတည်း။

ထိုဓါတ်တို့တွင်၊ ရူပဓါတ်ဆိုသည်မှာ၊တခြားကိုမဆို။ မျက်စိအကြည်ဟုဆိုအပ်သော စက္ခုပသာဒဒ္ဓိ။ ရှေ့ရှုထိုခိုက်ခြင်းကို ပြုလုပ်တတ်သောသဘောဟူ၍သာလျှင်၊ မှတ်ကြောင်းလက္ခဏာရှိသော အဆင်းဟုခေါ်ဆိုအပ်သော ပရမတ္ထတရားကိုဆိုသည်။ ထိုသို့ ဆိုအပ်ကြောင်းကိုလည်း။ အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည်။ရူပကဏ္ဍအတွင်း၊စာမျက်နှာနံပါတ်(၃၁၇)၌လည်းကောင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ခန္ဓနိဒ္ဒေသအတွင်း(၆၇) မျက်နှာ၌ လည်းကောင်း။ ။စက္ခုပဒီဟာနနလက္ခဏံ ရူပံ။ ။ဟူ၍ မိန့်ဆိုအပ်သည်ကိုထောက်၍လည်းသိကြလေ။ ။မြန်မာပြန်ကား။ ။ရူပံ၊ အဆင်းဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားသည်။ စက္ခုပဒီဟာနနလက္ခဏံ၊ မျက်စိအကြည်ဟုဆိုအပ်သောစက္ခုပသာဒဒ္ဓိ ရှေ့ရှု ထိခိုက်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိပေ၏။ ။ဤသို့ မိန့်ဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်ကိုထောက်၍၊ မျက်စိအကြည်ဟု ဆိုအပ်သောစက္ခုပသာဒဒ္ဓိ။ ရှေ့ရှုထိခိုက်တတ်သောသဘောဟူ၍ သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော အဆင်းဟုခေါ်ဆိုအပ်သော ပရမတ္ထတရားကိုသာလျှင်။ ရူပဓါတ်ဟုခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ။ ။ဂန္ဓဓါတ်ဆိုသည်မှာ၊ တခြားကိုမဆိုနှာခေါင်းအ

ကြည်ဟုဆိုအပ်သော ဃာနပသာဒ၌ ရှေရှုထိုခိုက်ခြင်းကိုပြုလုပ်တတ်သောသဘောဟူ၍သာလျှင်၊မှတ်ကြောင်းလက္ခဏာရှိသော အနုံဟုခေါ်ဆိုအပ်သော ပရမတ္ထတရားကိုဆိုသည်။ထိုသို့ဆိုအပ်ကြောင်းကိုလည်း။ အဋ္ဌသာလိနီအဋ္ဌကထာ၌ရှင်သည်။ ရူပကဏ္ဍအဘွင့်၊စာမျက်နှာနံပါတ်(၃၁၈)၌လည်းကောင်း။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ရှင်သည်။ ခန္ဓနိဒ္ဒေသ၊ စာမျက်နှာနံပါတ် (၆၈) ၌လည်းကောင်း။ ။ဃာနပဒိုဟနနလက္ခဏော ဂန္ဓော။ ။ဟူ၍ မိန့်ဆိုတော်မူအပ်သည်ကိုထောက်၍သိကြလေ။ ။မြန်မာပြန်ကား။ ။ဂန္ဓော၊ အနုံ့ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားသည်။ ဃာနပဒိုဟနနလက္ခဏော၊ နှာခေါင်းအကြည်ဟု ဆိုအပ်သော ဃာနပသာဒ၌ ရှေ့ရှုထိုခိုက်တတ်သော သဘောဟူ၍ သာလျှင် မှတ်ကြောင်းလက္ခဏာရှိပေ၏။ ။ဤသို့မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာရှင်တို့ စကားတော်ကိုထောက်၍။ နှာခေါင်းအကြည်ဟုဆိုအပ်သော ဃာနပသာဒ၌။ ရှေ့ရှုထိုခိုက်တတ်သော သဘောဟူ၍သာလျှင်။ မှတ်ကြောင်းလက္ခဏာရှိသော အနုံ့ဟုခေါ်ဆိုအပ်သော ပရမတ္ထတရားကိုသာလျှင်။ ဂန္ဓဝေါတ်ဟုခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ။ ။ရသဝေါတ် ဆိုသည်မှာ။ တခြားကိုမဆို။လျှာအကြည်ဟုခေါ်ဆိုအပ်သောဇိဝှါပသာဒ၌။ ရှေ့ရှုထိုခိုက်ခြင်းကိုပြုလုပ်တတ်သော သဘောဟူ၍သာလျှင်။ မှတ်ကြောင်း လက္ခဏာရှိသော ပရမတ္ထတရားကိုဆိုသည်။ ထိုသို့ဆိုအပ်ကြောင်းကိုလည်း။ အဋ္ဌသာလိနီအဋ္ဌကထာ၌ရှင်သည်။ ရူပကဏ္ဍအဘွင့်စာမျက်နှာနံပါတ်(၃၁၉)၌လည်းကောင်း။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ရှင်သည်။ ခန္ဓနိဒ္ဒေသ၊ စာမျက်နှာနံပါတ်(၆၈)၌လည်းကောင်း။ ။ဇိဝှါပဒိုဟနနလက္ခဏော ရသော။ ။ဟူ၍မိန့်ဆိုတော်မူအပ်လေသည်ကိုထောက်၍သိကြလေ။ ။မြန်မာပြန်ကား။ ရသော၊ အရသာဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားသည်။ ဇိဝှါပဒိုဟနနလက္ခဏော၊ လျှာအကြည်ဟုဆိုအပ်သော ဇိဝှါပသာဒ၌ရှေ့ရှုထိုခိုက်တတ်သော သဘောဟူ၍သာလျှင်မှတ်ကြောင်းလက္ခဏာရှိပေ၏။ ။ဤသို့မိန့်ဆိုတော်မူအပ်သော အဋ္ဌ

ကထောရှင်တို့၏ စကားတော်ကိုထောက်၍။ လျှာအကြည်ဟု ဆိုအပ်သော ဓိဝှါပသာဒမည်။ ရှေ့ရှုထိုခိုက်တွင်သော သဘောဟူ၍ သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော အရသာဟုခေါ်ဆိုအပ်သော ပရမတ္ထ တရားကိုသာလျှင်။ ရသဝါတ်ဟု ခေါ်ဆိုအပ်ကြောင်းကိုထင်ရှားသိကြလေ။

ဝမ္မဝါတ်ဖြစ်သောသြဇာဆိုသည်မှာ။ တခြားကိုမဆို။ မျှိုအပ်သောအာဟာရကြောင့်ဖြစ်သော သြဇာသာလျှင်ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ရုပ်ကလာပ်တို့ကို ဖြစ်ပွါးစေတတ်သော ပရမတ္ထသဘောတရားကိုဆိုသည်။ ထိုသို့ဆိုအပ်ကြောင်းကိုလည်း။ ပရမတ္ထဒီပနီဋီကာရှင်သည်။ ရူပပရိစ္ဆေဒအဘွင့်၊ ကျမ်းနံပါတ် (၂၃၂)မျက်နှာ၌။ ။ဥဒယာတိ ပသဝတိ သြဇာ။လ။ဇနေတိ အာဟာရသမုဋ္ဌာနရူပံ ဥဒယာနန္တံ ရူပံဇနေတိ ကိုပိ သြဇာတိပိ ဝဒန္တိ။ ။ဟူ၍ပိန့်ဆိုတော်မူအပ်သည်ကိုထောက်၍သိလေ။ ။မြန်မာပြန်ကား။ ။ယာရူပဝါတု၊အကြင်ရုပ်ဝါတ်သည်။ အာဟာရဇရူပံ၊(ထည့်) အာဟာရကြောင့်ဖြစ်သောရုပ်ကို။ ဥဒယတိ-ပသဝတိ၊ပွါးစေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ အာဟာရကြောင့် ဖြစ်သောရုပ်ကိုပွါးစေတတ်သောသတ်တို့ကြောင့်။ သာရူပဝါတု ထိုရုပ်ဝါတ်သည်။သြဇာ၊သြဇာမည်၏။ လ။ သာ၊ ထိုသြဇာသည်။ အာဟာရသမုဋ္ဌာနရူပံ၊မျှိုအပ်သော အာဟာရကြောင့်ဖြစ်သော ရုပ်ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဥဒယာနန္တံ၊ဥပါဒ်သည်၏အခြားမဲ့၌။ ရူပံ အာဟာရကြောင့်ဖြစ်သော သြဇာသာလျှင်ရှစ်ခမြောက်သောရုပ်ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ။ ထိုကြောင့်။ သြဇာ၊သြဇာမည်၏။ဣတိပိ၊ဤသို့လည်း။ ဝဒန္တိ၊ဆိုကြကုန်၏။ ။ ဤသို့ ပိန့်ဆိုတော်မူအပ်သော ပရမတ္ထဒီပနီဋီကာရှင်၏ စကားတော်ကိုထောံ၍မျှိုအပ်သောအာဟာရကြောင့်ဖြစ်သော သြဇာသာလျှင်ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သောရုပ်ကလာပ်တို့ကို။ ဖြစ်ပွါးစေတတ်သော ပရမတ္ထ သဘောတရားကို သာလျှင်။ သြဇာဟုခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ။ ။ဝမ္မဝါတ်ဖြစ်

သောဇိုဝိတိန္ဒြေရှစ်ဆိုသည်မှာ။ တခြားကိုမဆို။ မိမိနှင့်အတူဖြစ်သောသဟဇာတ်ရှစ်တို့ကို။ ဥပါဒ်အခိုက်၌လည်းကောင်း။ ဋ္ဌိအခိုက်၌ လည်းကောင်း။ စောင့်ရှောက် တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော ပရိမဏ္ဍသဘောတရားကိုဆိုသည်။ ထိုသို့ဆိုအပ်ကြောင်းကိုလည်း။ အဠသာလိနီအဋ္ဌကထာရှင်သည်။ ရူပကလာပအတွင်း၊ မျက်နှာနံပါတ်(၃၂)၌လည်းကောင်း။ ဝိသုद्ध်မဂ်အဋ္ဌကထာရှင်သည်။ ခန္ဓနိဒ္ဒေသ၊ စာမျက်နှာနံပါတ်(၆၇)၌လည်းကောင်း။ ။သဟဇာတရူပါနူပါလနလက္ခဏံ ဇိုဝိတိန္ဒြိယံ။ ။ဟူ၍မိန့်ဆိုအပ်သည်ကိုထောက်၍သိကြလေ။ ။ပြန်မာပြန်ကား။ ။ဇိုဝိတိန္ဒြိယံ၊ ဇိုဝိတိန္ဒြိယရှစ်သည်။သဟဇာတရူပါ နူပါလနလက္ခဏံ မိမိနှင့်အတူဖြစ်သော သဟဇာတ်ရှစ်တို့ကို အစဉ်စောင့်ရှောက်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိပေ၏။ ။ဤသို့မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်ကိုထောက်၍။ မိမိနှင့်အတူသဟဇာတ်ဖြစ်သောရှစ်တို့ကို။အစဉ်စောင့်ရှောက်တတ်သော သဘောဟူ၍သာလျှင်မှတ်ကြောင်းလက္ခဏာရှိသော ပရိမဏ္ဍတရားကိုသာလျှင်။ ဇိုဝိတိန္ဒြေရှစ်ဟုခေါ်ဆိုအပ်ကြောင်းကိုထင်ရှားသိကြလေ။ ဤပြဿနာဆိုအပ်ပြီးသော ရူပခါတ်၊ဂန္ဓခါတ်၊ရသခါတ်၊ ဩဇာဟုဆိုအပ်သောဓမ္မခါတ် ဇိုဝိတိန္ဒြေဟုဆိုအပ်သောဓမ္မခါတ်၊ ရှေးဦးဆိုအပ်သောဟဒယဝတ္ထုရှစ်၊ ဤဆိုအပ်ပြီးသော ခြောက်ပါးကုန်သောရှစ်ခါတ်တို့ကို။ ရှေးဦး ပြဿဒိုအပ်ပြီးသော မဟာဘုတ်တို့ကို ဖြိ၍ဖြစ်ကုန် သောကြောင့်။ ဥပါဒါရှစ်ဟု ခေါ်ဆိုအပ်ကုန်သည်။ အဘာယ်ကြောင့် ၎င်းရှစ်တို့ကို ဥပါဒါရှစ်ဟုခေါ်ဆိုအပ်လေသနည်းဟူမူ။ ပြဿဒိုအပ်ခဲ့ပြီးသော မဟာဘုတ်တို့ကိုဖြိ၍ ဖြစ်ခြင်းကြောင့် ဥပါဒါရှစ်ဟု ခေါ်ဆိုအပ်ကုန်သည်ဟု မှတ်ကြလေ။

ထိုပြဿဒိုအပ်ကုန်ပြီးသော မဟာဘုတ်(၄)ပါး။ ဥပါဒါရှစ်(၆)ပါး။ပေါင်း(ဆယ်ပါး)ကုန်သောရှစ်တို့သည်။ဖြစ်ပေါ်လျှင်လည်း အတူတကွ မကွေမကွာ ဖြစ်ပေါ်ကုန်၏။ ကွယ်ချုပ်သော အခါ၌

လည်း အတူတကွ ကွယ်ချုပ်ကြကုန်၏။ထိုသို့အတူတကွမကွေ
မကွာဖြစ်ကြ၊ချုပ်ကြကုန်သော ၎င်းရုပ်(ဆယ်ခု)တို့၏ အပေါင်း
ကိုကလာပ်ဟုခေါ်ဆိုအပ်သည်။ထိုကလာပ်ကို ဓိရာဟဒယဝတ္ထု
ရုပ်ကို အမှီးပြု၍(ဝတ္ထုဒသကကလာပ်)ဟု ခေါ်ဆိုအပ်သည်။ ထို
ဝတ္ထုဒသက ကလာပ်ဟုခေါ်ဆိုအပ်သော ရုပ်သဘောတို့ကို။ အ
ဘယ်ကြောင့်ပရမတ္ထတရားဟု ခေါ်ဆိုအပ်ကုန်သနည်းဟူမူ။ ၎င်း
ရုပ်သဘော(ဆယ်ခု တို့တွင် တခုတခုသော်ရုပ်သဘောခု၊ စင်စစ်
ပြစရာအမှုနှင့် အခဲ၊အလုံး၊အပြားစသော သဏ္ဌာန်ဖြစ် လည်းမရှိ။
ထိုသို့ပင်ပြစရာ အမှုနှင့်၊အခဲ၊အလုံး၊အပြားစသော သဏ္ဌာန်ဖြစ်ပင်
မရှိသော်လည်း။ဘာသဘောမျှမရှိ ဟုသိအပ်စရာအဘာဝပညတ်
လည်းမဟုတ်။ စင်စစ် ဉာဏ်ဖြင့် ဒိဋ္ဌမျက်မှောက်သိအပ်စရာ သ
ဘောလက္ခဏာမူကား ထင်ရှားရှိနေသည်သာတည်း။ ထိုသို့ထင်
ရှားရှိနေသော သဘောလက္ခဏာကို။ အမှုနှစ်စသော (သဏ္ဌာန်
ပညတ်)မှလည်းကောင်း ဘာသဘောမျှ မရှိဟူသော (အဘာဝ
ပ်ညတ်)မှလည်းကောင်း။ အမည်နာမ ဝေါဟာရပညတ်မဟုတ်
သောကြောင့် (နာမပညတ်) မှလည်းကောင်း။ ထိုဆိုအပ်ပြီးသော
ပညတ်သုံးပါးမှ လွတ်ပြီးလျှင်။ သင်္ဘာဝါ၊ အသက် မဟုတ်ပါဘဲ
လျက်၊ မဘောက်မပြန် ဖြတ်သောဉာဏ်၏ ကျက်စားရာအာရုံဖြစ်
သောသဘော၏အဖြစ်ကြောင့်။ပရမတ္ထတရားဟုခေါ်ဆိုအပ်လေ
သည်။ ။ထိုပရမတ္ထတရားဖြစ်သော ဝတ္ထုဒသက ကလာပ်ဟု
ဆိုအပ်သော ရုပ်(ဆယ်ခု)တို့ကို။ ကံ စိတ်၊ဥတု၊အာဟာရတည်း
ဟူသော အကြောင်းတရားလေးပါးတို့တွင်။အတိတ်ဖြစ်သောကု
သိုလ်စေတနာကံသည်သာလျှင်။ စင်စစ် ဖြစ်ပေါ်စေ၏။ ထိုသို့ဖြစ်
ပေါ် စေခြင်းကြောင့်။ ၎င်းဝတ္ထုဒသက ကလာပ်ကို (ကမ္မဇက
လာပ်)ဟု ခေါ်ဆိုအပ်သည်။ ။ထိုအတိတ်ဖြစ်သော ကုသိုလ်စေ
တနာကံသည်။ ထိုဟဒယဝတ္ထုဒသက ကလာပ်ကို ဖြစ်စေခိုက်။
၎င်းကလာပ်နှင့်အတူတကွ တကိုယ်လုံးခု ထိုက်သည်အားလျှော်
စွာ။ ကာယဒသကကလာပ်၊ဘာဝဒသကကလာပ်၊ဥဒ္ဓသဟုခေါ်
ဆိုအပ်သော တေဇောဓါတ်နှင့် တကွဖြစ်သော ဓိရိတနုဝက က

လာပ် တို့ကိုလည်း။ အနှီ့အပြား ဖြစ်စေသေးသည် သာလျှင်တည်း။ ။ထိုမှတပါး၊ စက္ခုဒ္ဒသက ကလာပ်၊ သောတဒသက ကလာပ်၊ ဃာန ဒသက ကလာပ်၊ ဇိဝှါဒသက ကလာပ် တို့ကိုလည်း။ ဆိုင်ရာဆိုင်ရာ ဖြစ်သင့်သောဌာနတို့၌ ဖြစ်စေသေးသည် သာလျှင်တည်း။ ။ထိုသို့ဖြစ်ကုန်သော ကမ္မဇကလာပ် တို့တွင်၊ ကာယဒသက ကလာပ်ဆိုသည်မှာ။ ပေါ်ဦးဗွာရုံတို့၏ ရှေ့ဂူထိ ခိုက်ခြင်းဌါဆိုက်သော ကာယအကြည်၊ထိုကာယအကြည်၏မှီရာ ဖြစ်သော သဟဇာတ်ရုပ်တို့၏ တည်ရာဖြစ်သော ပထဝီဓါတ်သ ဟဇာတ် ရုပ်တို့ကို တလုံး တပေါင်းတည်း ကပ်ဖွဲ့တတ်သော အာပေါဓါတ် သဟဇာတ်ရုပ်တို့ကိုရင့်ကျက်စေတတ်သောပူနွေး တတ်သော တေဇောဓါတ်၊ သဟဇာတ် ရုပ်တို့ကို ထောက်ပံ့ တတ်၊တွန်းကန်တတ်၊တောင့်တင်းစေတတ်သော ဝါယောဓါတ် ဤဆိုအပ်ပြီးသော မဟာဘုတ်(၄)ပါး၊ ထိုမဟာဘုတ်(၄)ပါးကို မှီ၍ အတူတကွဖြစ်လျက်ပါရှိသော အဆင်းသဘောရူပဓါတ်၊အ နှံ့သဘော ဂန္ဓဓါတ်၊အရသာသဘောရသဓါတ်၊ အာဟာ ရဇရုပ် ကိုဖြစ်စေတတ်သောသဘောဩဇာဓါတ်၊ ထိုရုပ်တို့ကိုစောင့်ရှောက် တတ်သော ဇီဝိတရုပ်။ ဤဆိုအပ်ပြီးသောရုပ် (ဆယ်ခု) တို့၏ အ ပေါင်းအစုကို(ကာယဒသကကလာပ်)ဟုခေါ်ဆိုအပ်သည်။ ထို ကာယဒသက ကလာပ်၌ရှိသောရုပ်(ဆယ်ခု)တို့သည်လည်း။ စင် စစ် အမှုန့်စသော သဏ္ဌာန်စသည်မရှိသော သက်သက်သော ပရ မတ္ထ သဘော တရားတို့သည် သာလျှင်တည်း။ ။ဘာဝဒသက ကလာပ်ဆိုသည်မှာ။ ဤကားမိန်းမ၊ ဤကားယောကျ်ားဟု ခေါ် ဝေါ်သမုတ်စေရန်၊ အသွင်အပြင်အမူအရာ အပြုအမူတို့၏ မတူ ကွဲပြားခြင်း၏ အကြောင်းဖြစ်သော မိန်းမ၊ယောကျ်ား၏ အဖြစ် သာ်လျှင် မှတ်ကြောင်းလက္ခဏာရှိသော ပရမတ္ထသဘောတရား တည်းဟူသော ဘာဝရုပ်၊ ထိုဘာဝရုပ်၏ မှီရာဖြစ်သော သဟ ဇာတ်ရုပ်တို့၏တည်ရာဖြစ်သောသဘောပထဝီဓါတ်၊သဟဇာတ် ရုပ်တို့ကို တလုံးတပေါင်းတည်း ကပ်ဖွဲ့တတ်သော သဘော အာ ပေါဓါတ်၊ သဟဇာတ်ရုပ်တို့ကို ရင့်ကျက်စေတတ်သော ပူနွေး

တတ်သောသဘော တေဇောခါတ်၊ သဟဇာတ်ရုပ်တို့ကိုထေနှံ့ပံ့တတ်၊တွန်းကန်တတ်၊တောင့်တင်းစေတတ်သောသဘော ဝါယောခါတ်။ ဤဆိုအပ်ပြီးသောမဟာဘုတ်(၄)ပါး။ထိုမဟာဘုတ်(၄)ပါးတို့ကိုမှီ၍အတူတကွဖြစ်လျက်ပါရှိသောအဆင်းသဘောရူပခါတ်၊အနံ့သဘောဂန္ဓခါတ်၊အရသာသဘောရသခါတ်၊အာဟာရဇရုပ်တို့ကိုဖြစ်စေတတ်သောသဘောဩဇာခါတ်၊ ၎င်းရုပ်တို့ကို စောင့်ရှောက်တတ်သောသဘော ဇီဝိတရုပ်၊ ဤဆိုအပ်ပြီးသောရုပ်(ဆယ်ခု)တို့၏ အပေါင်းအစုကို(ဘာဝဒသကကလာပ်)ဟုခေါ်ဆိုအပ်သည်။ ။ဇီဝိတနဝကကလာပ်ဆိုသည်မှာ အစာအိမ်၌အစာကို ကျက်စေတတ်သော တေဇောခါတ်၊အစာအိမ်မှအပ ဖြစ်သော ကိုယ်ကာယ၌ ပူနွေးခြင်းကို ဖြစ်စေတတ်သော ဥသ္မာဟုခေါ်ဆိုအပ်သောကမ္မဇတေဇောခါတ်၊ထိုတေဇောခါတ်၏တည်ရာ ဖြစ်သော သဘော ပထဝီခါတ်၊ သဟဇာတ်ရုပ်တို့ကို တလုံးတပေါင်းတည်း ကပ်ဖွဲ့တတ်သောသဘော အာပေါခါတ် ၎င်းသဟဇာတ်ရုပ်တို့ကိုထောက်ပံ့တတ်၊တွန်းကန်တတ်၊ တောင့်တင်း စေတတ်သောသဘော ဝါယောခါတ်။ ဤဆိုအပ်ပြီးသော မဟာဘုတ်(၄)ပါး ထိုမဟာဘုတ်(၄)ပါးတို့ကိုမှီ၍ဖြစ်သော အဆင်းသဘောရူပခါတ် အနံ့သဘောဂန္ဓခါတ်၊ အရသာသဘောရသခါတ် အာဟာရဇရုပ်ကို ဖြစ်စေတတ်သောသဘော ဩဇာခါတ်။၎င်းရုပ်တို့ကို စောင့်ရှောက်တတ်သောသဘော ဇီဝိတရုပ်။ ဤဆိုအပ်ပြီးသောရုပ်(ကိုးခု)တို့၏အပေါင်းအစုကို(ဇီဝိတနဝကကလာပ်)ဟု ခေါ်ဆိုအပ်သည်။

စက္ခုဒသကကလာပ်ဆိုသည်မှာ။ ရူပါရုံနှင့်ဧ့ရှထိခိုက်ခြင်းငါ့ထိုက်သောဘုတ်တို့ကို ကြည်လင်စေတတ်သော သဘောဟူ၍သာလျှင်၊ မှတ်ကြောင်းလက္ခဏာရှိသောစက္ခုပသာဒ၊ထိုပသာဒ၏မှီရာဖြစ်သော သဟဇာတ်ရုပ်တို့၏တည်ရာဖြစ်သောသဘော ပထဝီခါတ်၊ သဟဇာတ်ရုပ်တို့ကို တလုံးတပေါင်းတည်း ဖွဲ့ကပ်တတ်သောသဘောအာပေါခါတ် သဟဇာတ်ရုပ်တို့ကိုရှင့်ကျက်

စေတာ်သော ပူနွေးတတ်သောသဘော တေဇောခါတ်၊ သဟာဇာတ်ရုပ်တို့ကိုထောက်ပံ့တတ်၊ တွန်းကန်တတ်၊ တောင့်တင်းစေတတ်သောသဘောဝါယောဓာတ်။ ဤဆိုအပ်ပြီးသောမဟာဘုတ် (၄)ပါး၊ ထိုမဟာဘုတ် (၄)ပါးတို့ကိုမှီ၍ ဖြစ်သော အဆင်းသဘောရူပဓာတ်၊ အနံ့သဘောဂန္ဓဓာတ်၊ အရသာသဘော ရသဓာတ်၊အာဟာရဇရုပ်ကို ဖြစ်စေတတ်သော ဩဇာဓာတ်၊ ၎င်းရုပ်တို့ကိုစောင့်ရှောက်တတ်သော သဘော ဇီဝိတရုပ်၊ ဤဆိုအပ်ပြီးသောရုပ်(ဆယ်ခု)တို့၏ အပေါင်းအစုကို(စက္ခုဒသကကလာပ်) ဟုခေါ်ဆိုအပ်သည်။ ။သောတဒသက ကလာပ် ဆိုသည်မှာ။ သဒ္ဒါရုံတို့မှရှေ့ရှုထိုခိုက်ခြင်းဌာထိုက်သောဘုတ်တို့ကိုကြည်လင်စေတတ်သောသဘော သောတပသာဒ၊ ထိုသောတပသာဒ၏ မှီရာဖြစ်သောသဟဇာတ်ရုပ်တို့၏တည်ရာဖြစ်သောသဘောပထဝီဓာတ်၊ သဟဇာတ်ရုပ်တို့ကို တလုံးတပေါင်းတည်း ဖွဲ့ကပ်တတ်သောသဘောအာပေါဓာတ်၊သဟဇာတ်ရုပ်တို့ကို ရင့်ကျက်စေတတ်သော ပူနွေးတတ်သောသဘော တေဇောခါတ်၊သဟဇာတ်ရုပ်တို့ကို ထောက်ပံ့တတ်၊ တွန်းကန်တတ်၊ တောင့်တင်းစေတတ်သောသဘော ဝါယောဓာတ်၊ ဤဆိုအပ်ပြီးသောမဟာဘုတ် (၄)ပါး၊ထိုမဟာဘုတ်လေးပါးကိုမှီ၍ အတူတကွဖြစ်၍ပါဝိုရိသော အဆင်းသဘောရူပဓာတ်၊အနံ့သဘော ဂန္ဓဓာတ်၊အရသာသံသဘော ရသဓာတ်၊အာဟာရဇရုပ်ဘို့ကိုဖြစ်စေတတ်သောသဘောဩဇာဓာတ်၊ရင်းရုပ်တို့ကို စောင့်ရှောက်တတ်သောသဘော ဇီဝိတရုပ်။ ဤဆိုအပ်ပြီးသောရုပ် (ဆယ်ခု)တို့၏ အပေါင်းအစုကို (သောတဒသကကလာပ်)ဟု ခေါ်ဆိုအပ်သည်။ ။ဃာနဒသကကလာပ် ဆိုသည်မှာ၊ ဂန္ဓာရုံတို့၏ရှေ့ရှုထိုခိုက်ခြင်းဌာထိုက်သောဘုတ်တို့ကိုကြည်စေတတ်သောဃာနပသာဒ၊ ထိုဃာနပသာဒ၏ မှီရာဖြစ်သောသဟဇာတ်ရုပ်တို့၏တည်ရာဖြစ်သောသဘော ပထဝီဓာတ် သဟဇာတ်ရုပ်တို့ကို တလုံးတပေါင်းတည်းဖွဲ့ကပ်တတ်သော သဘောအာပေါဓာတ် သဟဇာတ်ရုပ်တို့ကိုရင့်ကျက်စေတတ်သော ပူနွေးတတ်သောသဘော တေဇောခါတ်၊ သဟဇာတ်ရုပ်တို့ကို

ထောက်ပံ့တတ်၊ တွန်းကန်တတ်၊ တောင့်တင်းစေတတ်သော သ
ဘော ဝါယောဓါတ်။ ဤဆိုအပ်ပြီးသောမဟာဘုတ်(၄)ပါး၊ထိုမ
ဟာဘုတ်(၄)ပါးကိုမှီ၍ အတူတကွဖြစ်၍ ပါရှိသော အဆင်းသ
ဘောရူပဓါတ်၊အနံ့သဘောဂန္ဓဓါတ်၊အရသာသဘောရသဓါတ်
အာဟာရဇရူပ်တို့ကို ဖြစ်စေတတ်သောသဘော ဩဇာဓါတ်၊ထို
ရူပ်တို့ကို စောင့်ရှောက်တတ်သောသဘော ဇီဝိတရူပ်၊ ဤဆိုအပ်ပြီး
သောရူပ်(ဆယ်ခု)တို့၏အပေါင်းအစုကို(ဃာနဒသကကလာပ်)
ဟုခေါ်ဆိုအပ်သည်။ ဇိဝှါဒသကကလာပ်ဆိုသည်မှာ၊ ရသာရုံတို့
၏ရှေ့ရှုထိုခိုက်ခြင်းဌါထိုက်သောဘုတ်တို့ကို ကြည့်လင်စေတတ်
သောသဘောဇိဝှါပသာဒ၊ထိုဇိဝှါပသာဒ၏မှီရာဖြစ်သော သဟ
ဇာတ်ရူပ်တို့၏ ဟည်ရာဖြစ်သော ပထဝီဓါတ်၊ သဟဇာတ်ရူပ်တို့
ကိုတလုံးတပေါင်းတည်းဖွဲ့ကပ်တတ်သောသဘောအာပေါဓါတ်
သဟဇာတ်ရူပ်တို့ကိုရင့်ကျက်စေတတ်သောဟူနွေးတတ်သော သ
ဘောတေဇောဓါတ်၊သဟဇာတ်ရူပ်တို့ကိုထောက်ပံ့တတ်၊တွန်းကန်
တတ်.တောင့်တင်းစေတတ်သော သဘောဝါယောဓါတ်၊ ဤဆို
အပ်ပြီးသောမဟာဘုတ်(၄)ပါး၊ ထိုမဟာဘုတ်(၄)ပါးတို့ကိုမှီ၍
အတူတကွ ဖြစ်၍ပါရှိသော အဆင်းသဘောရူပဓါတ်၊ အနံ့သ
ဘော ဂန္ဓဓါတ်၊အရသာသဘော ရသဓါတ်၊ အာဟာရဇရူပ်ကို
ဖြစ်စေတတ်သောသဘော ဩဇာဓါတ်၊ဇီဝိတရူပ်တို့ကို စောင့်ရှောက်
တတ်သောသဘောဇီဝိတရူပ်။ ဤဆိုအပ်ပြီးသောရူပ်(ဆယ်ခု)တို့
၏အပေါင်းအစုကို(ဇိဝှါဒသကကလာပ်) ဟု ခေါ်ဆိုအပ်သည်။
ထိုပြဆိုအပ်ခဲ့ပြီးသော ကမ္မဇကလာပ်ဟူသမျှတို့၌ ပါရှိသောရူပ်
တို့သည်လည်း။ စင်စစ် အမှန်စသော သဘာဝနှစ်သည် မရှိသော
သက်သက်သော ပရမတ္ထသဘောတို့သည်သာလျှင်တည်း။

ဤပြဆိုအပ်ကုန်ပြီးသော ကမ္မဇကလာပ်တို့ကို။ ရှေးအတိတ်
ကံသည် ဟာဒယဝတ္ထုရူပ်ကလာပ်ကို ဖြစ်စေသည်၊တပြိုင်နက်တ
ချက်တည်း။ အတူတကွ ဆိုင်ရာဆိုင်ရာ ဌာနတို့၌ ဖြစ်သင့်သည်
အားလျော်စွာ ဖြစ်စေသည်သာတည်း။ထိုအတိတ်ကံသည်။ ဂင်း
ပြဆို အပ်ပြီးသော ရူပ်ကလာပ်တို့ကို။ ဂင်းဟာဒယဝတ္ထု ရူပ်က

လာပ်ကို ဖြစ်စေခိုက်၌သာ ဖြစ်စေတတ်သည် မဟုတ်သေး။ ပဋိသန္ဓေခဏကစ၍ စုတ်စိတ်မှပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏတိုင်အောင် ဖြစ်တိုင်း ဖြစ်တိုင်းသော စိတ်၏ ဥပါဒ်ခဏ၊ဌိခဏ၊ဘင်ခဏတိုင်း၌ပင်။ ထိုက်သည်အားလျော်စွာ ဖြစ်စေလေသည် သာတည်း။ ထိုဖြစ်ကြကုန်သော ရူပ်ကလာပ်တို့သည်။ စိတ္တဇကွဏ(၁၇)ချက် စေ့သောအခါ တိုင်း၌ပင် ချုပ်ကွယ်ပျောက်ကြကုန်၏ဟု မှတ်ယူနှုလုံးသွင်းကြလေ။ ။ထိုဘုရားဂုဏ်တော်ကိုအာရုံပြု၍ဖြစ်သော နာဝ်တရား၏ ဒိုရာ ဟာဒယဝတ္ထုရူပ်ဖြစ်ခိုက်၌။ ထိုပြဆိုအပ်ပြီးသော ကမ္မဇရူပ်တို့သည်သာလျှင်၊ အတိတ်ဘဝ်ကြောင့် ဖြစ်သည်မဟုတ်သေး။ ထို ဟာဒယဝတ္ထုရူပ်ဖြစ်ခိုက်၌ ဖြစ်ဆဲဖြစ်သော စိတ်သည်လည်း။ မိမိ ဥပါဒ်ခဏ၌ တကိုယ်လုံး၌ ဖြစ်သင့်သည်အားလျော်စွာ ဩဇာသာလျှင် ဂုစ်ခုမြောက်သော စိတ္တဇကလာပ်တို့ကို ဖြစ်စေသေးသည် သာလျှင်တည်း။ထိုစိတ်သည်သာလျှင်စိတ္တဇရူပ်ဖြစ်စေသေးသည် မဟုတ်သေး။ဒွေပဋ္ဌာနိညာဏ်တဆယ်၊အရူပဝိပါက်လေးခု၊ အလုံးစုံသောသူတို့၏ပဋိသန္ဓေစိတ်၊ရဟန္တာတို့၏စုတိစိတ်၊ဤတဆယ့်ခြောက်ပါးသော စိတ်ကိုကြည့်၍။ ကျန်သော စိတ်တို့သည်လည်း ပဋ္ဌမဘဝင်ကစ၍ စုတိစိတ် ကျသည်တိုင်အောင်။ မိမိ,မိမိတို့၏ ဥပါဒ်တိုင်း၊ဥပါဒ်တိုင်း၌။ထိုက်သည်အားလျော်စွာ။ စိတ္တဇရူပ်တို့ကိုဖြစ်စေလေသည်သာတည်းဟု မှတ်ယူနှုလုံးသွင်းကြလေ။ ။ထိုဟာဒယဝတ္ထုရူပ်ဖြစ်ခိုက်၊ ထိုစိတ်သည်သာလျှင် စိတ္တဇရူပ်ကို ဖြစ်စေသေးသည်မဟုတ်လေး။ဒ္ဒိသို့ရောက်ရှိသောသိတာ၊ ဥဏ္ဍဟုဆိုအပ်သောဥတု ဩဇာဟုဆိုအပ်သောအာဟာရသည်လည်း။ ထိုဟာဒယဝတ္ထုရူပ်ဖြစ်သည်တပြိုင်နက်။ တကိုယ်လုံး၌ဖြစ်သင့်သည်အားလျော်စွာ၊ဩဇာသားလျှင်ဂုစ်ခုမြောက်သော ဥတုဇရူပ်၊ အာဟာရဇရူပ်တို့ကိုလည်း ဖြစ်စေသေးသည် သာလျှင်တည်း။ ဤပြဆိုအပ်ပြီးသော ဥတု၊အာဟာရတို့သည်။မိမိတို့ဒ္ဒိသို့ရောက်၍။ ဥတုဇကလာပ်၊အာဟာရဇကလာပ်တို့ကို ဖြစ်စေသောနည်းကိုမှီ၍၊ ကျန်သောဥတု၊ အာဟာရတို့သည်။ မိမိ မိမိတို့ ဒ္ဒိသို့ ရောက်

ဘုရားရှင်တိုင်း၊ရောက်တိုင်း၊ပရိသန်းကစ၍ စုတ်စိတ်ကျသည်တိုင်အောင် ခုနှင့်ပြီး—ဆိုင်ရာဆိုင်ရာ ထိုက်သင့်သည် အားလျော်စွာ၊ ဖြစ်သင့်ဖြစ်ထိုက်သောကာလတို့၌။ ဥတုဇကလာပ်၊ အာဟာရဇ ကလာပ်တို့ကို ဖြစ်စေမှုတို့ကိုလည်း။ ပညာရှင်တို့ သိကြပါလေ။ ။ဂင်းပြဆိုအပ်ကုန်ပြီးသောစိတ္တဇ၊ဥတုဇ အာဟာရဇဖြစ်ကုန်သောရူပ်ကလာပ်တို့၌ထင်ရှားရှိနေသော ရူပ်တို့တွင်၊ တခုတခုသော ရူပ်သဘောသည်လည်း။စင်စစ် အထည်ခြုံ၊အမှုန့်၊ သဏ္ဌာန်စသည်မရှိသော သက်သက်သော ပရမတ္ထ သဘော သာလျှင် တည်း။ ထိုရူပ်ကလာပ်တို့သည်လည်း။ အကြာဆုံး စိတ္တကွဓာ(၁၇)ချက်ခန့်မျှသာ ဖြစ်သက်ရှိကြကုန်၍၊ မိမိတို့ဖြစ်ပေါ်သောနေရာ၌ပင် ချုပ်ကြကုန်၏။ထိုပြဆိုအပ်ကုန်ပြီးသော ကမ္မဇ၊စိတ္တဇ၊ဥတုဇ၊အာဟာရဇကလာပ်တို့သည်သာလျှင်။ တကိုယ်လုံး၌ ဖြစ်ပေါ် ကြကုန်ပြီး၍။ အစဉ့်ဖွဲယှက်စပ်ကြပြီးလျှင်၊ဖြစ်မစဲ ပျက်မစဲ နေကြကုန်၏။ ဖွဲယှက်စပ်လျက် အစဉ် ဖြစ်ပျက်နေကြကုန်သော ရူပ်ကလာပ်၌ ရှိသော ရူပ်ဟူဆိုအပ်သော ပရမတ္ထသဘောတွေကို။ ရှေးဦးပြဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း။ အမှုန့်စသော (သဏ္ဌာန်ပညတ်) ဘာမျှမရှိသော(အဘာဝပညတ်)အမည်နှာမတည်းဟူသော(နာမပညတ်) မှလွဲတပ်လျက်၊ မိမိ မိမိတို့၏ မှတ်ကြောင်း လက္ခဏာမျှသာ ထင်ရှားရှိနေသည်ကိုမြင်အောင်၊ ဉာဏ်ဖြင့်ကြည့်ရှု၍မြင်လျှင်။ ကိုယ်ဟူသမျှတ်အပ်သော ရူပ်ကာယ၌။ကိုယ်ထည်၊ ကိုယ်ကောင်ဟူ၍ စင်စစ်မရှိသည်ကိုလည်းကောင်း။ ပြဆိုအပ်ပြီးသော ပရမတ္ထသဘောတရားသာလျှင် စင်စစ်ရှိနေသည်ကိုလည်းကောင်း။ စင်စစ်သိမြင်လေတော့၏။ ထိုသို့သိမြင်သောအခါ။အလုံးစုံသော ရူပ်ကလာပ်တို့၌ ထင်ရှားရှိနေသောရူပ်ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားတို့ကိုပိုင်သည်မည်၏။ ထိုသို့ပိုင်အောင် သိမ်းဆည်း၍ ကြည့်ရှုသည်ကိုသာလျှင်၊ ရူပ်ကိုသိမ်းဆည်းသည်ဟု ခေါ်ဆိုအပ်သည်။

ထိုရူပ်ကလာပ်တို့၌ရှိသော ရူပ်တို့၏ သဘောလက္ခဏာတို့ကို သိမ်းဆည်းပြီးမှတာဝန် ၎င်းရူပ်ကလာပ်တို့၌ရှိသောရူပ်သဘောတို့

တွင်၊ အဘယ်ရုပ်သဘောသည် ငါဟုဆိုအပ်သော သတ္တဝါအတွက် ဖြစ်လေသနည်းဟုဉာဏ်ဖြင့်ရှာမှေတြဲလေ။ ထိုသို့ရှာမှေတြဲလျှင်။ စင်စစ်သတ္တဝါအတွက်မတွေ့မမြင်ဘဲ။ ရင်းပြုဆိုအပ်ပြီးသော်ရုပ်သဘောတွေကိုသာလျှင်တွေ့မြင်လေတော့၏။ ထိုသို့တွေ့မြင်၍ အဓိပ္ပာယ်လဲလဲသိုးသပ်ဆင်ခြင်လတ်သော်။ ငါဟူသောအတ္တပျောက်၍ ရုပ်ဟူခေါ်ဝေါ်အပ်သောပရမတ္ထသဘောတရားစုမျှသာ ကေနှိုင်သည်ဟု ဆုံးဖြတ်ယူပြီးလျှင်။ ငါဟူသော အတ္တအယူ ပျောက်ကင်းလေ၏။ ထိုအခါ (အနုတ္တဝုက်)ကို ကောင်းစွာပိုင်သည်မည်၏။ ။ထိုအနုတ္တဝုက်ကို ကောင်းစွာပိုင်ပြီးသော ယောဂိပုဂ္ဂိုလ်သည်။ ရင်းအနုတ္တတရားဖြစ်သော ရုပ်အစုတို့သည်။ ကံ စိတ်၊ဥတု အာဟာရတည်းဟူသော အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်ပြီးလျှင်။ ဒုဿိုရောက်တိုင်းရောက်တိုင်း။ ဇရာသည်နှိပ်စက်၍။ တဝန်အပျက်မရှိဘဲသည် နှိပ်စက်ခြင်းကြောင့်။ သက်သာခွင့်ကိုမရကုန်ဘဲ၊ ဒုက္ခဖြစ်၍ဖြစ်၍သာလျှင်ကွယ်ကြလေကုန်၏။ ထိုသို့ကွယ်ကြကုန်သော ရင်းရုပ်တရားစုတို့၏ မသက်သာမှုကို ဉာဏ်ဖြင့် ရှု၍ကြည့်၍ဖြင်လျှင်။ စင်စစ် (ဒုက္ခဝုက်) ကိုဖြင်သည်မည်၏။ ။ရင်းမသက်သာသော ရုပ်တရားစုတို့၏ ကွယ်ပျောက်မရှိမှုကို ဉာဏ်ဖြင့်ကြည့်ရှု၍ဖြင်လျှင်။ စင်စစ် (အနိစ္စဝုက်)ကိုဖြင်သည်မည်၏။ ထိုသို့ဖြင်ပြီး၍ အဝန်တလဲလဲဉာဏ်ဖြင့် ရှုဆင်ခြင်လေလေ။ ထိုရုပ်တရားစုတို့၌ စင်စစ်သုခ၊ နိစ္စကိုမဖြင်လေလေဖြစ်လေတော့၏။ ထိုသို့သုခ၊ နိစ္စတို့ကို မဖြင်ပြီးနောက်တဝန်။ ရင်းရုပ်သဘောတရားစုတို့ကို စင်စစ် မဆေးမကြော မသုခ်သင်ဘဲထားခဲ့လျှင်။ စင်စစ် မကောင်းသောအနှံ့တို့ဖြင့်သာလျှင်လိုင်နေသည်၏အဖြစ်ကိုလည်းကောင်း။ ရင်းရုပ်တရားစုတို့ကို။ ပြင်ပကာဘယ်လိုပင် ပြုပြင်အပ်သေ၏လည်း။ အတွင်းဌာနိသောရုပ်တရားစုတို့၏အနှံ့မှာ။ စဋ္ဌစစ် နှံစော်သည်၏အဖြစ်ကိုလည်းကောင်း။ ဉာဏ်ဖြင့်ဖြင်အောင်ကြည့်၍ထင်ဖြင်လျှင်၊ စင်စစ် (အသုဘဝုက်)ကိုဖြင်သည်မည်၏။ ။ ထိုသို့ဖြင်၍ရှုဖန်များလတ်သော်၊ ရင်းရုပ်တို့ဌာတင့်တယ်ခြင်းကို မဖြင်။ စင်စစ် မတင့်တယ်ခြင်းကိုသာ တရေးရေးဖြင်နေလေတော့

၏။ထိုသို့ဖြင်နေခြင်းကြောင့်။ ၎င်းရုပ်တရားစုတို့သည် စင်စစ် သုဘမဟုတ်။ အသုဘတရားတို့သည်သာတည်းဟု ဥဿာဏာဖြင့် ဆုံးဖြတ်လျက်ယူလေတော့၏။ ထိုသို့ယူသောဇနဟု။ ၎င်းရုပ်တို့၏ အသုဘချက်ကို ကောင်းစွာဝိုင်နှိုင်သည်မည်၏။

ထိုသို့ဝိုင်နှိုင်ပြီးနောက်တဖန်။ စင်စစ် အင်္ဂ၊သုခ၊နိဗ္ဗာ၊သုဘမရှိသော ၎င်းရုပ်သဘောတရားစုတို့ကို။ ဧရားနည်းအတိုင်း အနတ္တ အားဖြင့်လည်းကောင်း။ ဒုက္ခအားဖြင့်လည်းကောင်း။ အနိစ္စအားဖြင့်လည်းကောင်း။အသုဘအားဖြင့်လည်းကောင်း။အဖန်တလဲလဲ ရှုနေရမည်။ ထိုသို့ရှုလေလေ စင်စစ် မိမိဟုခေါ်ဆိုအပ်သော ရုပ်တရားစုတို့၌ သင်္ဘောဝါဟူသောအင်္ဂ၊မျှမ်းသာခြင်းတည်းဟူသော သုခ၊မြဲခြင်းတည်းဟူသောနိဗ္ဗာ၊တင့်တယ်ခြင်းတည်းဟူသော သုဘတို့ကိုမမြင်လေလေသာဖြစ်၏။ထိုသို့မမြင်လေလေ။စင်စစ်သင်္ဘောဝါမဟုတ်သောအနတ္တ၊စင်စစ်သက်သာခွင့်မရှိသောဒုက္ခ၊ စင်စစ်မမြဲခြင်းတည်းဟူသောအနိစ္စ၊ စင်စစ် ကောင်းတင့်တယ်ခြင်းတည်းဟူသောအသုဘတို့ကို။တရေးရေးမြင်လေလေသာဖြစ်၏။ ထိုသို့ဖြင်ပြီးမှတဖန်။ တပါးသောသင်္ဘောဝါဟုဆိုအပ်သော အောက်အဝိစိအသက်အာဟနိဗ္ဗာဘုံကိုင်၊ အနုတ္တ စကြာဝဠာတို့၌။ ရှိရှိသမျှသော သင်္ဘောဝါဟုခေါ်ဆိုအပ်သော ခန္ဓာအစဉ်၌ဖြစ်သောရုပ်တရားစုတို့ကိုလည်း။ဒီဒီ၏ရုပ်ဘဝများစုကိုရှုသည်။ ဧရားနည်းအဘိုင်း အနတ္တသဘော၏အဖြစ်၊ ဒုက္ခသဘော၏အဖြစ် အနိစ္စသဘော၏အဖြစ်၊ အသုဘသဘော၏အဖြစ်တို့ကို တရေးရေးမြင်အောင်ရှုနေရမည် ထိုသို့ရှု၍ အနတ္တသဘော၊ဒုက္ခသဘော၊အနိစ္စသဘော၊ အသုဘသဘောတို့ကိုတရေးရေးဉာဏ်ဖြင့်ရှုမြင်လျှင် စင်စစ်သူတပါးတို့၏ရုပ်တရားစုတို့၌လည်း။ အနတ္တ၊ ဒုက္ခ၊အနိစ္စ၊ အသုဘချက်တို့ကို ဆောင်းစွာဝိုင်သည်မည်၏။ထိုသို့ဝိုင်ပြီး၍ ဂုံခါမိမိ၏ရုပ်တရားစုတို့ကို။ ဂုံခါသူတပါးတို့၏ ရုပ်တရားစုတို့ကို။ လှည့်ကာလှည့်ကာ ဧရားနည်းအတိုင်း သုံးသပ်ဆင်ခြင်နေလျှင်။စင်စစ်မိမိ၏ရုပ်၊သူတပါးတို့၏ရုပ်တရားစုတို့၌။အင်္ဂ၊သုခ၊နိဗ္ဗာ၊သုဘတို့ကိုမြင်ဘဲ စင်စစ်အနတ္တ ဒုက္ခ၊အနိစ္စ၊အသုဘချက်တို့ကိုသာ တရေးရေးမြင်နေ

လေ၏။ထိုသို့မြင်နေလျှင်ရုပ်သဘောစုတို့၌အာဒီနဝအပြစ်တွေကို ကောင်းစွာ မြင်နေသည်မည်၏။ ထိုအာဒီနဝ အပြစ်တွေကိုသာ တရေးရေးမြင်အောင် ရှုဖန်မျှားလတ်သော်။ဂင်းရုပ်တရားစုတို့၌ မပျော်ပိုက်ဘဲ၊ စင်စစ် စက်ဆုပ်ဩဇာ ဆန့်ကျင်ခြင်းသို့ ရောက်လေတော့၏။ ။ထိုသို့စက်ဆုပ်ဩဇာ ဆန့်ကျင်ခြင်းသို့ ရောက်ပြီးနောက်တဖန်။ ဂြိုးဒ္ဓဘော်ပြ အပ်ခဲ့ပြီးသော ဂုဏ်တော် တို့ကို အာရုံပြု၍ဖြစ်သော နာမ်တရားတို့၏ သဘာဝါအတ္တ မဟုတ်သော အပြစ်၊ဖြစ်ပေါ်လာတိုင်း ဖြစ်ပေါ်လာတိုင်း။ဇာတိသဘောလက္ခဏာကိုလွန်လျှင်။ စင်စစ် ဇရာသည် နှိပ်စက်ခြင်း ထိုနောက်တဖန် အပျက်မရဏာသည် နှိပ်စက်ခြင်း တို့ကြောင့်။ မသက်သာခြင်း ဒုက္ခ၊အနှိုင်စက်ခံပြီးမှ ကွယ်ပျောက်ရခြင်း အနိစ္စ။ ဤဆိုအပ်ပြီး သောမိမိ၏သန္တာန်၊သူတပါး၏သန္တာန်၌ဖြစ်သောနာမ်တရားတို့၏ အပြစ်ဇတွေကိုလည်း။ ရုံခါရုံခါလှည့်၍ ကြည့်ရှုရမည်။ ထိုသို့ ကြည့်ရှုနေလျှင်၊ နာမ်သဘောတို့၌ အတ္တ၊ သုခ၊နိစ္စဟူ၍ စိုးစဉ်းမျှ မရှိသည်၏အဖြစ်ကိုလည်းကောင်း။ စင်စစ် အနတ္တသဘော။ ဒုက္ခ သဘော၊ အနိစ္စသဘော သာလျှင်။ ဇကန်ဖြစ်သည်၏ အဖြစ်ကို လည်းကောင်း ဉာဏ်ဖြင့်တရေးရေးမြင်၍။ နာမ်တရား တို့အား လည်း စင်စစ် စက်ဆုပ်ဩဇာ ဆန့်ကျင်လေတော့၏။ ။ထိုသို့ ဩဇာ စက်ဆုပ်ဆန့်ကျင်ပြီးလျှင်။ ရုံခါရုပ်တရားတို့၏ အပြစ်ကို ရုံခါနာမ်တရားတို့၏အပြစ်ကို။ လှည့်ခါလှည့်ခါ အဖန်တလဲလဲ ရှု နေကြရမည်။ ထိုသို့ရှုနေဖန်များလျှင်။ ဂင်းရုပ်တရား၊နာမ်တရား တို့၌။စင်စစ် အတ္တ၊သုခ၊နိစ္စ၊သုဘဟူ၍ ယူဝင်စရာအနှစ်သာရမရှိ သောစက်ဆုပ်အပ်သော အချည်းနှီးတရားသာ၊အမှန်စင်စစ် ဖြစ် သည်၏ အဖြစ်ကိုသာလျှင်။ တရေးရေး ဉာဏ်ဖြင့် တွေ့မြင်လေ တော့၏။ ထိုအခါ ရုပ်တရား၊ နာမ်တရားတို့၏ ဒုက္ခသစ္စာချက်ကို ဝိုင်သည်မည်၏။

ဒုက္ခသစ္စာဆိုသည်မှာ၊စင်စစ်စက်ဆုပ်အပ်သောအချည်းနှီးတ ရားအမှန်ဟုဆိုလိုသည်။ ထိုသို့ဆိုအပ်ကြောင်းကိုလည်း။ သမ္မော ဟာဝိနောဒနီအဋ္ဌကထာ၊ဒုက္ခသစ္စာအဘွင့်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊

ဒုက္ခသစ္စာအာဘွင့်တို့၌။ ဣဝ ဒုက္ခတိ အယံသဒ္ဒေါ ကုန်တော ဒိသတိ။ ကုန်တတ္ထိ ပုတ္တံ ဒုပ္ပုဇ္ဇောတိ ဝဒန္တိ။ ခံသဒ္ဒေါပန တုဇ္ဇော။ တုန်ထိ အာကာသံ ခန္တိပုဗ္ဗတိ။ ဣဒဠ္ဠပဠ္ဠမသစ္စံ ကုန်တံ အနေကဥပဒ္ဒပါ ဝိဠ္ဠာနတော။ တုန်ဆံ ဗာလဇနေ ပရိကင်္ခိတ ဝေ ဝသုဘ သုခတ္တာဘာဝ ဝိရဟိတတော။ တသ္မာကုန်တတ္ထာ တုန်ဆတ္ထာစ ဒုက္ခန္တိ ဝုစ္စတိ။ ။ဟူ၍မိန့်ဆိုအပ်လေသည်။ ။မြန်မာပြန်ကား။ ။ဣဝ၊ဤဒုက္ခသစ္စာဟူသောပါဠိ၌။ ဒုက္ခတိအယံသဒ္ဒေါ၊ ဒုဟူသော ဤသဒ္ဒါသည်။ ကုန်တော စက်ဆုပ်အပ်သော အနက်၌။ ဒိသတိ ထင်၏။ ဟိသစ္စံ ထိုစကားသည်မှန်၏။ ကုန်တံ၊စက်ဆုပ်အပ်သော။ပုတ္တံ၊သားကို။ဒုပ္ပုဇ္ဇောတိ၊ဒုပ္ပုဇ္ဇဟူ၍၊ ဝဒန္တိ၊ဆိုကုန်၏။ ပန၊ဒုသဒ္ဒါ၏အနက်မှတပါး။ ခံသဒ္ဒါ၏အနက်ကိုဆင်ခြင်အံ့။ခံသဒ္ဒေါ၊ ခံသဒ္ဒါသည်။ တုဇ္ဇော၊အချည်းနှီးဟူသောအနက်၌။ ဒိသတိ၊ ထင်၏။ ဟိသစ္စံ ၊မှန်၏။ တုန်ဆံ အချည်းနှီးသော။ အာကာသံ ကောင်းကင်ကို။ခန္တိ ၊ခံဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏၊ဣဒဠ္ဠပဠ္ဠမသစ္စံ ၊ ဤပဠ္ဠမသစ္စာ သည်လည်း။ အနေကဥပဒ္ဒဝါ ဝိဠ္ဠာနတော၊ များစွာသော ဥပဒ္ဒဝေါတို့၏ တည်ရာ၏အဖြစ်ကြောင့်။ ကုန်တံ စက်ဆုပ်အပ် သည်လည်း။ဟောတိ ဖြစ်၏။ဗာလဇနပရိကင်္ခိတဝေ ဝသုဘသုခတ္တာ ဘာဝ ဝိရဟိတတော၊ မိုက်ရှာသောဆက်ဆံ ဉာဏ်မသန်သူ လူမိုက်တို့ သည်ကြံဆအပ်သော မြဲခြင်းနှင့်၊တင့်တယ်ခြင်း သုဘ၊ ချမ်းသာ ခြင်းသုခ၊ သတ္တဝါ ဟူသောအတ္တ အဖြစ်မှ ကင်းသည်၏ အဖြစ် ကြောင့်။ တုန်ဆံ၊အချည်းနှီးသည်လည်း။ ဟောတိ၊ဖြစ်၏။ တသ္မာ ကုန်တတ္ထာ၊ ထိုသို့စက်ဆုပ်အပ်သည်၏ အဖြစ်ကြောင့် လည်း ကောင်း။ တသ္မာတုန်ဆတ္ထာ၊ထိုသို့အချည်းနှီးဖြစ်သည်၏ အဖြစ် ကြောင့်လည်းကောင်း။ဒုက္ခန္တိ ၊ဒုက္ခဟူ၍။ ဘဂဝတာ၊မြတ်စွာဘုရား သည်။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤသို့ပြုဆိုအပ်သော အဠကထာ တို့ကိုထောက်၍။စက်ဆုပ်အပ်သောအချည်းနှီးတရားအမှန်ကိုပင် (ဒုက္ခသစ္စာ) ဟု ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှား သိကြ လေကုန်။

(ဤတွင်ဒုက္ခသစ္စာကိုအကျဉ်းပြပြီး၏။)

ထိုဒုက္ခသစ္စာဖြစ်သောရုပ်၊ နာမ် တ ရား တို့သည် အဘယ်ကြောင့်ဖြစ်ပေါ်လာသနည်းဟု အကြောင်းကိုရှာကြလေ။ ထိုသို့ရှာကြလေလျှင်။ ထိုရုပ်နာမ်တရားတို့၏ သဘာဝါ အဖြာမဟုတ်သော အနုဖြာ တရားတည်းဟူသောပြစ်ချက်၊ သုခမဟုတ်သော ဒုက္ခ တရား တည်းဟူသော ပြစ်ချက်၊ နိစ္စမဟုတ်သော အနိစ္စ တရားတည်းဟူသော ပြစ်ချက်၊ နှစ်လိုတင့်တယ်အပ်သော သုဘ တရားမဟုတ်သော အသုဘတရားဟူသောပြစ်ချက်။ ဤဆိုအပ်ပြီးသောဒုက္ခသစ္စာ၏ပြစ်ချက်တွေကို။ မသိမမြင်ခဲ့၍သာလျှင်။ ရှေးရှေးသောဘဝတို့၌။ ငါ၊ငါ၏ဥစ္စာဟု ထင်မှတ်ပြီးလျှင်။ တွယ်တာခင်မင်ခဲ့သော ချုပ်လေခဲ့ပြီးသော ရှေးပုရိမတဏှာကြောင့်သာလျှင်။ အတိတ်ကံသည်ဖြစ်စေအပ်သည်၏အဖြစ်ကြောင့်။ ဌေကန် ရုပ်နာမ်တရားဒုက္ခသစ္စာကိုသည် ဖြစ်ကြရကုန်သည်။ ။အကယ်၍ တွယ်ငဝခင်မင်မှု တည်းဟူသော ရှေးပုရိမတဏှာ မရှိလျှင်။ကံတို့လည်းပြစ်ချစရာမရှိ၍။ ၎င်းရုပ်၊နာမ်တရား ဒုက္ခသစ္စာတို့သည်။ ဌေကန်ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ကြကုန်လတ္တံ့။ ထိုကဲ့သို့ ကွယ်ခြင်းမရှိဘဲ၊ ယခုထက်ထိ ဆက်သွယ်၍ ဖြစ်နေရခြင်းသည် စင်စစ် ရှေးတဏှာနှုသယ အကြောင်းခံရှိ၍သာ ဖြစ်ရပေသည်ဟု အကြောင်းခံတဏှာကိုမြင်လေ၏။ ထိုအခါ (သမုဒယသစ္စာ) ကို မြင်သည်မည်၏။ ။ထိုသို့ မြင်ပြီးနောက် တဖန် စဉ်းစားကြရန်မှာ။ ရှေးဖြစ်သော တဏှာနှုသယ တည်းဟူသော ပုရိမတဏှာကြောင့်သာလျှင်။ ၎ယခုမျက်မှောက်ဖြစ်ဆဲဘဝ၌။ ရုပ်၊ နာမ်တရားနှစ်ပါး တည်းဟူသော ဒုက္ခသစ္စာသည်။စင်စစ်ဖြစ်၏။ ။ယခုတဖန်ထပ်မံ၍ ဖြစ်ဆဲဖြစ်သောရုပ်၊နာမ်တရားဒုက္ခသစ္စာကို။ဟုတ်တိုင်းမှန်စွာမသိ၍ နှစ်သက်တွယ်တာ၍ပြန်လျှင်၊ နောင်တဖန်ဆက်သွယ်၍ အနာဂတ်ဘဝ၌ဖြစ်ပေါ်လတ္တံ့သည်၏အဖြစ်ကို။အဖန်တလဲလဲစဉ်းစားဆင်ခြင်၍ကြည့်ကြလေ။ ထိုသို့ စဉ်းစားဆင်ခြင်၍ ကြည့်ကြလျှင် နောင်ဆက်သွယ်၍ဖြစ်ပေါ်လတ္တံ့သော ဒုက္ခသစ္စာ၏အကြောင်းခံဖြစ်သော ယခုဘဝ၌တွယ်တာတတ်သောတဏှာ သာလျှင်၊သမုဒယသစ္စာဖြစ်ကြောင်းကို ထင်ရှားသိကြလေ။ ။ဤ

သို့သိကြပြီးနောက်တဖန်။ ထိုအကြောင်းသမုဒယ ဖြစ်သော တဏှာ၊အကျိုးဒုက္ခဖြစ်သောခုပ်၊နာမ်တရားတို့သည်သာလျှင်။သတ္တဝါ၊အသက်။သုခစသည့်မဟုတ်ပါဘဲလျက်သံသရာအဆက်ဆက် ဒုက္ခမပြတ်မလပ်ဇကနဲဖြစ်ကြကုန်၏ဟု။ ဝိပဿနာဉာဏ်ဖြင့် အဖန်တလဲလဲကြည့်ရှုနေကြရမည်။ ။ထိုသို့ ကြည့်ရှု၍နေကြလျှင် ၎င်းအကြောင်း၊အကျိုး၊တရားနှစ်ပါးတို့သည်။ စင်စစ် လူနတ် ဗြဟ္မာသတ္တဝါစသည် မဟုတ်။ သံသရာဝဋ်ဆင်းရဲ တရားစုသာ ဇကနဲဖြစ်သည်၏အဖြစ်ကို။တရေးရေးဉာဏ်ဖြင့်မြင်ကြလေ၏။ ။ထိုသို့ သံသရာဝဋ်ဆင်းရဲ၏အဖြစ်ကိုတရေးရေးမြင်ကြလျှင်။စင်စစ် ၎င်းအကြောင်းသမုဒယ၊ အကျိုးဒုက္ခတရားတို့ကို ထပ်မံ၍ရလိုသော ဆန္ဒမရှိဘဲ။ ၎င်းတို့မှလွတ်လိုသောဆန္ဒသာလျှင် ဇကနဲဖြစ်ကြလေတော့၏။

ထိုသို့လွတ်လိုသောဆန္ဒဖြစ်၍။ တစတစ အားကြီး၍လာကြလျှင်။ ၎င်းအကြောင်း၊အကျိုး၊ ဒုက္ခ၊ သမုဒယနှစ်ပါးတို့မှ။ လွန်မြောက်ရာသဘောကို သာလျှင် အဖန်တလဲလဲ ရှာလေတော့၏။ ထိုသို့လွန်မြောက်ရာသဘောကို အဖန်တလဲလဲဉာဏ်ဖြင့်ရှာလတ်သော်၊ စင်စစ်မဖြစ်မပေါ်သော သဘောတရားတပါးကိုသာ စင်စစ် တွေ့မြင်လေတော့၏။ အဘယ်ကြောင့်တွေ့မြင်လေသနည်းဟူမူ။၎င်းဒုက္ခ၊သမုဒယတရားနှစ်ပါးတို့သည်။ စင်စစ်ဖြစ်ပေါ်သော သဘောလက္ခဏာနှင့်စပ်ကြကုန်၏။ ထိုဖြစ်ပေါ်သောလက္ခဏာသို့ရောက်မှသာလျှင်။ ၎င်းဒုက္ခ၊သမုဒယတို့သည် ထင်ရှားကုန်၍။ တဖန်ဇရာ၊မရဏာ၏လက်တွင်းသို့သာရောက်၍ကွယ်ကြလေကုန်၏။တဖန်ဖြစ်ပေါ် ခြင်းသို့ရောက်လျှင်ထင်ရှားကြပြန်၏။ထိုနောက် ဇရာ၊မရဏာသို့ရောက်၍ ကွယ်ကြပြန်ကုန်၏။ ဤသို့လျှင် ၎င်းဒုက္ခ သမုဒယနှစ်ပါးတို့သည်။ ဖြစ်ပေါ် ခြင်းသဘောဇာတိကိုမလွန်ဘဲ ဇာတိ၏လက္ခဏာဖြစ်သောဖြစ်ပေါ် ခြင်းနှင့်သာစပ်ကြကုန်၏။ ။ ထိုသို့စပ်ခြင်းကြောင့်။ ဇာတိတည်းဟူသော ဖြစ်ပေါ် ခြင်းလက္ခဏာရှိသ၍။ ၎င်းဒုက္ခ၊ သမုဒယတရားတို့သည် ရှိကြသည် သာ

ဟာသည်း။ ဖြစ်ပေါ် ခြင်းမရှိလျှင်ရင်းတရားတို့လည်းမရှိကြကုန်ပြီ။ ထို ကြောင့် ဖြစ်ပေါ် ခြင်းမှလွတ်မြောက်သော တရားသည်။ ထိုဒုက္ခ၊ သမုဒယတရားတို့မှ လွန်မြောက်သောတရားဖြစ်၏။ ထိုကြောင့် ဒုက္ခ၊သမုဒယမှ လွန်မြောက်ရာကိုရှာလေလျှင်။ စင်စစ် ဒုက္ခ၊သမုဒယတို့၏ ဖြစ်ပေါ် ခြင်းလက္ခဏာမှ လွန်မြောက်နေသော မဖြစ်ပေါ်သောသဘောတရားကိုသာ တွေ့လေတော့၏ဟုမှတ်။ ။ထို မဖြစ်ပေါ်သော သဘောလက္ခဏာ တပါးသည်သာလျှင်။ စင်စစ် ဖြစ်ပေါ် ခြင်းမှကင်းခြင်းကြောင့်။ ရင့်ရော်ပေါက်ပြန်သည်၏ အ ဖြစ်မှလည်း ကင်း၏။ ပျက်စီးခြင်း တည်းဟူသော ဘင်မရောဂမှ လည်းကင်း၏။ ထိုသို့ကင်းခြင်းကြောင့် (နိုစ္စတရား) လည်းဖြစ်၏။ ဇရာ၊မရဏာတို့၏ အနိုပ်စက်ကို မခံရခြင်းကြောင့် (သုခတရား) လည်းဖြစ်၏။ ထိုသို့နိုင်၊ သုခဖြစ်သောတရားသဘောသည်။ စင်စစ် အသင်္ခတဓါတ် နိဗ္ဗာန်ဖြစ်၏။ ထိုအသင်္ခတဓါတ်နိဗ္ဗာန် ဖြစ်သော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အဇာတိတရားသည် လည်း။ စင်စစ် သင်္ခဇဓါတည်းဟူသောအဖွဲ့မဟုတ်၊ မြွေသဘော သက်သက် သာလျှင် ဖြစ်ခြင်းကြောင့် (အနုဇ္ဇတရား) သာလျှင် ဇကာနှ်ဖြစ်ပေ၏။ ။ထိုသို့ဖြစ်ကြောင်းကိုလည်း။ ဝိနည်း ပရိဝါပါဠိ တော်၌။ ။နိဗ္ဗာနပ္ဖော ပညတ္တိ။ အနုဇ္ဇာ ဣတိနိ ခ္ခဏ္ဍ ယာ။ ။ဟူ၍ လာရှိသည်ကိုထောက်၍သိကြလေ။ ။မြန်မာပြန်ကား။ ။နိဗ္ဗာ နပ္ဖော၊နိဗ္ဗာန်တရားကိုသာလျှင်လည်းကောင်း။ ပညတ္တိ၊ ပညတ် တရားကိုလည်းကောင်း။ အနုဇ္ဇာဣတိ၊ အနုဇ္ဇတရားဟူ၍။ နိ ခ္ခ ယာ၊ဆုံးဖြတ်အပ်၏။ ။ဤသို့လာရှိသော ဝိနည်းပရိဝါပါဠိတော် စကားကိုထောက်၍။ အသင်္ခတဓါတ်နိဗ္ဗာန်သည် (အနုဇ္ဇတရား) ဖြစ်ကြောင်းကိုထင်ရှားသိကြလေ။ ထိုအနုဇ္ဇတရားဖြစ်သော အ သင်္ခတဓါတ်နိဗ္ဗာန်၏ နိဗ္ဗု၊ သုခအဖြစ်ကို ဉာဏ်ဖြင့် ထောက်ဆ၍ သိကုန်သော ယောဂိပုဂ္ဂိုလ်တို့သည်၊ သင်္ခဇဓါ၊ အသက်၊ သုခ စ သည်နှင့်မရောသောသက်သက်သောအကြောင်းတရားမျှသာလျှင် ဖြစ်သောအတိတ် ဖြစ်သော ပုရိမတဏှာတည်းဟူသောသမုဒယ ဖြစ်ဆဲဖြစ်သောအကျိုး ရုပ်၊နာမ်တရားတည်းဟူသော ဒုက္ခသစ္စာ

တရားတို့၏ မပြတ်မလပ် ဖြစ်ပေါ်၍၊ ကွယ်ချုပ်ခြင်း တည်းဟူသော အနိစ္စချက်၊ မပြတ်မလပ် ဇရာ၊မရဏာ၏ အနှိပ်စက်ကို ခံရခြင်းကြောင့် ဖြစ်သော ဒုက္ခချက် တို့ကို။ တရေးရေး ဉာဏ်ဖြင့် ကြည့်၍မြင်လေလေ။ ၎င်းတရားတို့မှ လွန်မြောက်၍ တည်သော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အသင်္ခတတရား၏ နိစ္စသုခအဖြစ်ကို သိလေလေသာဖြစ်၏။ ထိုသို့ နိစ္စ၊သုခ၏ အဖြစ်ကို သိလေလေ။ ၎င်းအသင်္ခတခါတ် နိဗ္ဗာန် သဘောသို့ အဝန် တလဲလဲ ဉာဏ်ဖြင့်စိတ်ကို စေလွှတ်လေလေသာ ဖြစ်၏။ ထိုသို့စေလွှတ်ဖန် မျှားလတ်သော်။ အကြင်အခါ ဉာဏ်သည် ရင့်ခြင်းသို့ရောက်၍ မဂ်ဖြစ်လိုသည်ဖြစ်အံ့။ ထိုအခါ ၎င်းသင်္ခတခါတ် တည်းဟူသောနိဗ္ဗာန်သဘောကို ထင်ထင်လင်းလင်းသဘောကျ၍ ပိုင်ပိုင်နှိုင်နှိုင် သိမြင်လေတော့၏။ ထိုသို့ပိုင်ပိုင်နှိုင်နှိုင် သိမြင်သည်ကို ပင် နိဗ္ဗာန်ရောဝသစ္စာကိုမျက်မှောက်ပြုသည်ဟုခေါ်ဆိုအပ်လေသည်၊

ထိုနိဗ္ဗာန်ရောဝ သစ္စာ တည်းဟူသော အသင်္ခတခါတ် နိဗ္ဗာန်ကို။ မျက်မှောက် ပြုသည်ဟု ဆိုအပ်သော ပိုင်ပိုင်နှိုင်နှိုင် သိမြင်ခိုက် သစ္စာလေးပါးလုံးကို တပြိုင်နက်တချက်တည်းထိုးထွင်း၍ သိမြင်သည်သာလျှင်တည်း။ သိမြင်ပုံကိုထင်စွာပြုဆိုဦးအံ့။ ။အကြင်မျှလောက်လောက်မဂ်ဖြင့် အကြောင်းသဖုဒပာ၊ အကျိုးဒုက္ခတရားတို့ကို။ မရုပ်မစဲတသဲသဲဖြစ်ပျက်ခြင်းသည် နှိပ်စက်နှိပ်စက်အပ်သည်ကိုမြင်နေ၍။နိစ္စ၊သုခဖြစ်သောသဘောတရားကိုရှာ့ဖွေလတ်သော်။ ၎င်းတို့မှလွန်မြောက်၍တည်သော မဖြစ်၊မပျက်သော သဘောလက္ခဏာ ရှိသော နိဗ္ဗာန်ရောဝသစ္စာ အသင်္ခတခါတ် သဘောနိဗ္ဗာန်ကိုထောက်ဆ၍မသိသေး။ထိုမျှလောက်အသင်္ခတဖြစ်သော တရားတို့တွင် တပါးပါးကို သော်လည်းကောင်း။ ၎င်းအသင်္ခတတရားတို့၏မရှိခြင်း အဘာဝပညတ်ကိုသော်လည်းကောင်း၊ နိစ္စသုခ သဘောအဖြစ်ဖြင့် တကယ်စွဲယူလေရာ၏။ထိုသို့ယူသမျှကာလပတ်လုံး။ နိစ္စ၊သုခသဘောစစ်မဟုတ်သည်ကို။ နိစ္စ၊သုခသဘောစစ်ဟုစွဲယူသောအယူသည် မိစ္ဆာသဘောသာလျှင်ဖြစ်၍။ မဂ်ကို

လည်းမဖြစ်စေနိုင်။ မိန္တ္တာအယူကိုလည်း မကင်းစေနိုင်ဟုမှတ်ကြ
လေ။ ။အကြင်အခါ သင်တခါတ်၏ ဆန္ဒကျင်ဘက် ဖြစ်သော
အသင်တခါတ်တည်းဟူသောပရမတ္ထသဘောအားဖြင့် ထင်ရှား
ရှိနေသော မဖြစ်မပျက်သောသဘော နိရောဓသစ္စာနိဗ္ဗာန်ကို ပိုင်
ပိုင်နိုင်နိုင်မသိသေးဘဲ။ ထောက်ဆ၍သာအကယ်၍ သိသည်ဖြစ်ခဲ့
အုံ့။ထိုမျှလောက်သောကာလပတ်လုံး။မိမိသန္တာန်၌လောကုတ္တရာ
မဂ်ဖြစ်ပြီဟုမဆုံးဖြတ်နိုင်ဘဲ၊ မဂ်၌လည်းယုံမှားမကင်း။ နိရောဓ
သစ္စာနိဗ္ဗာန်ကိုလည်းတကယ်ဖြင်ပြီဟု ပိုင်ပိုင်နိုင်နိုင် မဆိုနိုင်ဘဲရှိ
လေတော့၏။ထိုကဲ့သို့ရှိနေသမျှကာလပတ်လုံး။ဝိစိကိစ္ဆာဗစသော
ကိလေသာနုသယသည် မကင်းဘဲရှိလေတော့သည်ဟုမှတ်။

အကြင်အခါဖြစ်ပေါ်ပြီး၍ ကွယ်ကွယ်ပြီးသော အကြောင်း၊အ
ကျိုးအဆက်ဆက်၊ နောင်ဖြစ်ပေါ်လတ္တံ့သောအကြောင်း၊ အကျိုး
အဆက်ဆက်တည်းဟူသော ဒုက္ခပရားတို့မှ လွန်မြောက်၍။ နိဗ္ဗာ
သုခအဖြစ်ဖြင့်တည်နေသော မဖြစ်ပေါ်သော သဘောလက္ခဏာ
ရှိသောအသင်တခါတ်နိရောဓသစ္စာနိဗ္ဗာန်ကို၊ထင်ထင်လင်းလင်း
ထိုးထွင်း ၍သိမြင်ခဲ့သည်ဖြစ်အုံ့။ ထိုသို့သိမြင်ခိုက်။ နိရောဓသစ္စာ
တည်းဟူသော နိဗ္ဗာ၊သုခတရားစစ်ကိုလည်း။ အာရုံပြုသောအား
ဖြင့်ထိုးထွင်း၍သိမြင်ခြင်းကြောင့်။ ယုံမှားသံသယစသော တရား
ဟူသမျှသည်လည်းကင်းလေ၍။ မြင်အပ်သောတရား၌ တွေဝေစ
ရာမရှိဖြစ်လေတော့၏။ ။ထိုနိရောဓသစ္စာ၌ သာလျှင် တွေဝေ
ခြင်း ကင်းသည်မဟုတ်သေး။ ၎င်းတရားနှင့် ဆန့်ကျင်ဘက် ဖြစ်
သော သင်တတရားတည်းဟူသောနိဗ္ဗာ၊သုခမရှိသောအကြောင်း
အကျိုးအဆက်ဆက်ဖြစ်ခြင်းဟူဆိုအပ်သော အနိဗ္ဗာ၊ ဒုက္ခစသော
တရားသဘောကိုလည်း။အာရုံမပြုဘဲ။ ပဋိပက္ခသဘောအားဖြင့်။
အနိဗ္ဗာ၊ဒုက္ခသဘော စသည်သာ အမှန်ဟုတ်တော့သည်ဟု။ ပိုင်း
ခြားခြား၍ သိခြင်းကိစ္စသည်လည်း။ ၎င်းနိရောဓသစ္စာကိုမြင်ခိုက် ဂ
ပြိုင်နက်ပြီးလေ၏။ နောင်တဖန် နိဗ္ဗလေလော၊ သုခလေလောဟု
တွေးတောစရာ၊ တွေဝေစရာမရှိလေပြီ။ တပြိုင်နက်တွေဝေခြင်း

ကင်းလေတော့၏။ ။ရင်းနှီရောဓသစ္စာနှီဇ္ဈာန်ကိုပိုင်ပိုင်နှိုင်နှိုင်ထင်ထင်လင်းလင်းထိုးထွင်း၍ သိမြင်သောဉာဏ်သည်။ ဘာဝနာအစွမ်းဖြင့်ဖြစ်သောလောကုတ္တရာမဂ်ဉာဏ်ဖြစ်၏။ထိုမဂ်ဉာဏ်သည် မိမိဖြစ်ခိုက်၊မိမိတည်းဟူသောမဂ်ကိုဖုံးလွှမ်းတတ်သော အဝိဇ္ဇာသဘောကိုလည်း။ တပြိုင်နက်ဖျက်ဆီး၍။ မိမိတည်းဟူသောမဂ်ဉာဏ်သည်ဖြစ်ပေါ်မှုရှိလေသလော၊ဖြစ်ပေါ်မှုမရှိလေသလောဟူတွေးတောယုံမှားခြင်းစသည်ကို။ တပြိုင်နက် တချက်တည်းပြတ်တောက်စေပြီးလျှင်။ မတွေ့မဝေသော အသမ္မောဟကိစ္စအားဖြင့် မိမိကို ထင်လင်းသိမှု ကိစ္စကိုလည်း။ တပြိုင်နက် တချက် တည်းပြီးစေ၏။ ။ရင်းနှီရောဓသစ္စာနှီဇ္ဈာန်သဘောကို မြင်ခိုက်။ မဂ်၌လည်းကောင်း။ နှီရောဓသစ္စာနှီဇ္ဈာန်၌လည်းကောင်း၊ သင်္ခတဖြစ်သော ဖြစ်ပျက်နေသော ဒုက္ခသစ္စာတရားတို့၌လည်းကောင်း။ အယူမှားမှု ယုံမှားမှုစသော ကိလေသာ တရားတို့ကိုလည်း တပြိုင်နှက်တချက်တည်း။ အကြွင်းမရှိ ပြတ်တောက်စေသည် အပြင်။ ပြတ်လေပြီးသော ကိလေသာတို့၌လည်း။ ပြတ်ကင်းလေ သလော မပြတ်ကင်းလေသလောဟု။ တဖန်တွေးတောယုံမှားမရှိအောင် တွေ့ဝေစေတတ်သော မောဟတရားကိုလည်း။အကြွင်းမရှိမျက်ဆီး၍။ ရင်းမဂ်ပယ်၍ ပြတ်ကင်းသော ကိလေသာတည်းဟူသော သမုဒယသစ္စာ၌။ မတွေ့မဝေသော အသမ္မောဟကိစ္စဟု ဆိုအပ်သောသိခြင်းကိစ္စကိုလည်း။တပြိုင်နက်တချက်တည်းပြီးစေ၏။ ။ ဤသို့လျှင် နှီရောဓသစ္စာနှီဇ္ဈာန်ကို ထိုးထွင်း၍ သိမြင်တတ်သော လောကုတ္တရာမဂ်ဖြစ်ခိုက်။ရင်းမဂ်ဉာဏ်တပါးတည်းသည်။သစ္စာလေးပါး တရားတို့ကို။ တပြိုင်နက် တချက်တည်း ထိုးထွင်း၍သိခြင်းကိစ္စကို ပြီးစေ၏ဟု မှတ်ကြလေ။ ထိုသို့ မှတ်စေတော်မူလိုသော သမ္မောဟပိနောဒနီအဋ္ဌကထာ၌ရှင်သည်။ သင်္ဂပိတင်း၊ မဂ္ဂသစ္စာအဘွင့်၊ ကျမ်းနံပါတ် (၁၀၀) ၌။ ။သောဝေ်ကမ္ပံ ကရောနော်ဘော်ဝစ္ဆာရိသဒ္ဒါနိ ဇကေနပဒိုဝေ်ခေန ပဒိုဝိဇ္ဇတိ။ ။ဟူ၍ ပါနိုဆိုလေပြီ။ ။မြန်မာပြန် အနက်သိကြောင်းကား။ ။သော၊ ထိုယောဂါ၀စရပုဂ္ဂိုလ်သည်။ ဇဝံ၊ ဤသို့။ ကမ္ပံ' သင်္ခတဖြစ်သော

ဒုက္ခသစ္စာတရားတို့ကို လောကီဉာဏ်ဖြင့် ပိုင်းခြားသိ၍ နိုရောဓ သစ္စာနိဗ္ဗာန်သို့ စေလွှတ်သောအမှုကို။ ဂဟောနွှောဟ၊ ပြုသည်ဂို သော်။ စဏ္ဍာဝရိ၊ လေးပါးကုန်သော။ သစ္စာနှိ အမှန်တရားတို့ကို၊ ဧကေန၊တပါး၊ဘည်းသော။ ပဋိဝေဓေန၊ ထိုးထွင်း၍သိတတ်သော မဂ်ဉာဏ်ဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ ။ဤသို့ ပြဆိုအပ် သည်ကိုထောက်၍။ နိုရောဓသစ္စာကို အာရုံပြု၍ ထိုးထွင်း၍ သိ တတ်သောမဂ်ဉာဏ်အဟုတ်။ ၎င်းမဂ်ဉာဏ်သည် သစ္စာလေးပါး တရားတို့ကို။ တပြိုင်နက်ထိုးထွင်း၍သိသည်၏အဖြစ်ကို ထင်ရှား သိကြလေ။

၎င်းမဂ်သည်သစ္စာလေးပါးတို့ကို တပြိုင်နက်သိရာဌာနလည်း။ နိ ရောဓသစ္စာကို မျက်မှောက်ပြုခြင်း တည်းဟူသော သိခြင်းဖြင့်သိ ၏၊ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းတည်းဟူသော သိခြင်းဖြင့်သိ ၏။ သမုဒယသစ္စာကို ပယ်ခြင်း တည်းဟူသော သိခြင်းဖြင့်သိ၏။ ဝိ ဝိတည်းဟူသောမဂ်ကို ပွါးခြင်းဟုဆိုအပ်သောဘာဝနာတည်း ဟူသောသိခြင်းဖြင့်သိ၏။ ။ထိုသို့သိခြင်းကိုထင်ရှားသိစေတော် မူလိုသော သမ္မောဟာပိနောဒနီအဋ္ဌကထာရှင်သည်။ သဋ္ဌိဘင်း မဋ္ဌသစ္စာအဘွင့်၊မျက်နှာနုံပါတ် (၁၀၀)၌။ ။ဒုက္ခံ ပရိညာပဋိဝေ ဓေန ပဋိဝိဇ္ဈတိ၊သမုဒယံ ပဟာနပဋိဝေဓေန။ နိုရောဓံသစ္ဆိကိရိ ယပဋိဝေဓေန။ မဂ္ဂံ ဘာဝနာပဋိဝေဓေန ပဋိဝိဇ္ဈတိ။ ။ဟူ၍မိန့် ဆိုတော်မူလေပြီ။ ။မြန်မာပြန်ကား။ ။ဒုက္ခ ၊ဒုက္ခသစ္စာကို၊ပ ရိညာပဋိဝေဓေန၊ပိုင်းခြား၍သိခြင်းတည်းဟူသော သိခြင်းဖြင့်။ပ ဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ သမုဒယံ ၊သမုဒယသစ္စာကို၊ ပဟာန ပဋိဝေဓေန၊ပယ်ခြင်းတည်းဟူသော သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ ထိုး ထွင်း၍သိ၏။ နိုရောဓံ၊နိုရောဓသစ္စာနိဗ္ဗာန်ကို၊သစ္ဆိကိရိယပဋိဝေ ဓေန၊ မျက်မှောက်ပြုခြင်းတည်းဟူသော သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ မဂ္ဂံ ၊မဂ္ဂသစ္စာကို၊ ဘာဝနာပဋိဝေဓေန၊ပွါးခြင်း တည်းဟူသောသိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ ။ဤသို့ ပြဆိုအပ်သည်ကို ထောက်၍။ နိုရောဓသစ္စာကို မျက်မှောက် ပြု

ခြင်းတည်းဟူသော သိခြင်းဖြင့်။ ဒုက္ခသစ္စာကိုပိုင်းခြား၍ သိခြင်းတည်းဟူသောသိခြင်းဖြင့်။ သမုဒယသစ္စာကို ပယ်ခြင်းတည်းဟူသော သိခြင်းဖြင့်။ နိဗိုဓတည်းဟူသောမဂ်ကို ပွါးခြင်း တည်းဟူသောသိခြင်းဖြင့်။ တပြိုင်နက်သိပုံကို ထင်ရှားသိကြလေကုန်။ ။ ထိုသို့မဂ်ဉာဏ်တပါးတည်းသည်၊သစ္စာလေးချက်တို့ကို။ တပြိုင်နက်တချက်တည်း သိခြင်းကိစ္စတို့ကို ပြီးပုံကို။ ဥပမာဆိုသည်ရှိသော်၊ ဆိမ်းသည်တပြိုင်နက်တချက်တည်း၊မီးစာကိုလည်းကျမ်းစေ၏။ အမိုက်ကိုလည်းပယ်ဖျောက်၏။ အလင်းကိုလည်း ဖြစ်စေ၏။ဆိကိုလည်းကုန်ခန်းစေ၏။ ဤဆိုအပါပြီးသော ကိစ္စလေးပါးကို တပြိုင်နက်ပြုသကဲ့သို့။ {ဤကားဥပမာ။} ထိုနည်းအတူ။ လောကုတ္တရာ မဂ်ဉာဏ်သည်လည်း။ နိရောဓသစ္စာကို အာရုံပြု၍ ဖြစ်ခိုက်။ မရှေးမနှောင်း ဖြစ်လျက်။ ဒုက္ခသစ္စာကိုပိုင်းခြား၍ သိခြင်းတည်းဟူသော သိခြင်းဖြင့် သိခြင်းကိစ္စ။ သမုဒယသစ္စာကို ပယ်ခြင်းတည်းဟူသောသိခြင်းဖြင့်သိခြင်းကိစ္စ။ နိရောဓသစ္စာကိုမျက်မှောက်ပြုခြင်းတည်းဟူသောသိခြင်းဖြင့် သိခြင်းကိစ္စ။ မဂ္ဂသစ္စာကိုပွါးခြင်းတည်းဟူသော သိခြင်းဖြင့် သိခြင်းကိစ္စ။ ဤဆိုအပါပြီးသော ကိစ္စလေးချက်တို့ကို တပြိုင်နက်ဘချက်တည်း ပြီးစေ၏ဟု မှတ်။ထိုသို့မှတ်စေလိုတော်မူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ဉာဏဒဿနဝိသုဒ္ဓိအဘွင့် (၂၇၅) မျက်နှာ၌။

ယထာ ပဒီပေါ အပုဇ္ဇံ အစရိမံ ဧကဗ္ဗေဏ စတ္တာရိကိစ္စာနိ ကရောတိ။ဝဋ္ဋိံ ဈာပေတိ။အန္ဓကာရံ ဝိဓမတိ။ အလောကံ ပရိဝိဒံသေတိ။ သိနေဟံ ပရိယာဒိယတိ။ ဧဝမေव မဂ္ဂဉာဏံ အပုဇ္ဇံ အစရိမံ ဧကဗ္ဗေဏ စတ္တာရိသစ္စာနိ အဘိသမေတိ။ ဒုက္ခံ ပရိညာဘိသမယေန အဘိသမေတိ။ သမုဒယံ ပဟာနာဘိသမယေန အဘိသမေတိ။ မဂ္ဂံ ဘာဝနာဘိသမယေန အဘိသမေတိ။ နိရောဓံ သစ္ဆိကိရိယာ ဘိသမယေန အဘိသမေတိ။ ။ဟူ၍မိန့်ဆိုလေပြီ။ပြန်မဟာပြန်အနက်သိကြောင်းကား။ ။ပဒီပေါ၊ဆိမီးသည် ဝဋ္ဋိံ ၊မီးစာကို၊ ဈာပေတိ၊လောင်ကျွမ်းစေ၏။ အန္ဓကာရံ၊ အမိုက်မှောင်ကို၊ဝိဓမတိ၊ဖျောက်လွင့်စေ၏။အာလောကံ၊အလင်းကို၊ပရိ

ဝိဒ်သေတိ၊ဖြစ်စေ၏။ သိနေဘံ၊ဆိုကို။ ပရိယာဒိယတိ၊ကုန်စေ၏။ ဤတို၊ဤသို့။ စက္ခာရိ၊လေးပါးကုန်သော၊ကိန္နာနို၊ကိန္နာတို့ကို။ ဝါ၊ ပြုအပ်သောအမှုတို့ကို။ အပုဗ္ဗံ အစရိမံ၊မရှေးမနှောင်း။ ဧကဂ္ဂစေတနာ တပြိုင်နက်တချက်တည်းဖြင့်။ ကရောတိယ ဆာ၊ ပြုသကဲ့သို့ ဝေမေ၀၊ ဤဆိုဒီးဥပမာအတူသာလျှင်။ မဂ္ဂဉာဏ်၊လောကုတ္တရာ မဂ်ဉာဏ်သည်လည်း၊ဒုက္ခံ၊ဒုက္ခသစ္စာကို။ ပရိညာဘိသမယေန၊ ဖိုင်းခြား၍သိခြင်းတည်းဟူသောသိခြင်းဖြင့်။ အဘိသမေတိ၊ ထိုးထွင်း၍သိ၏။ သမုဒယံ၊သမုဒယသစ္စာကို၊ပဟာနာဘိသမယေန ပယ်ခြင်းတည်းဟူသောသိခြင်းဖြင့်။အဘိသမေတိ၊ထိုးထွင်း၍သိ ၏။ မဂ္ဂံ၊မဂ္ဂသစ္စာကို။ ဘာဝနာဘိသမယေန၊ ပွါးခြင်းတည်းဟူ သော သိခြင်းဖြင့်။အဘိသမေတိ၊ထိုးထွင်း၍သိ၏။ နိရောဓံ နိရောဓ သစ္စာ နိဗ္ဗာန်ကို။ သစ္ဆိကိရိယာဘိသမယေန၊ မျက်မှောက်ပြုခြင်း တည်းဟူသော သိခြင်းဖြင့်။အဘိသမေတိ၊ထိုးထွင်း၍သိ၏။ ဤတို၊ ဤသို့။ အပုဗ္ဗံ အစရိမံ၊မရှေးမနှောင်း။ ဧကဂ္ဂစေတနာ၊တပြိုင်နက် တချက်တည်းဖြင့်။ စက္ခာရိ၊လေးပါးကုန်သော။ သစ္စာနို၊ အမှန်တ ရားတို့ကို။အဘိသမေတိ၊ထိုးထွင်း၍သိ၏။ ။ဤသို့ပြဆိုအပ်သည် ကိုထောက်၍။ လောကုတ္တရာမဂ်ဉာဏ်သည် မိမိဖြစ်ခိုက်။ မရှေး မနှောင်းပြုလျက် သစ္စာလေးပါးတို့ကို။တပြိုင်နက်တချက်တည်းသိ ပုံကိုထင်ရှားသိကြလေ။ ။ရင်းလောကုတ္တရာမဂ်သည်မိမိဖြစ်ခိုက် ၌။ သစ္စာလေးပါးတို့ကို တပြိုင်နက် တချက်တည်းထိုးထွင်း၍ သိ ခြင်းကိုပြီးစေသော်လည်း။အလုံးစုံသော သစ္စာလေးပါးတရားတို့ ကိုပင်။အာရုံပြု၍သိခြင်းကိစ္စကိုပြီးစေသည်မဟုတ်။ နိရောဓသစ္စာ တပါးကိုသာလျှင်အာရုံပြု၍ သိခြင်းကိစ္စကို ပြီးစေလေသည်။ကျန် သော သစ္စာသုံးပါးကိုမူကား။ ကိစ္စအား၊ဖြင့်သာ ပြီးစေသည်ဟု မှတ်။ ထိုသို့မှတ်စေတော်မူလိုသော သမ္မောဟဝိနောဒနီ အဋ္ဌက ထာရှင်သည်၊ သစ္စဝိဘင်း၊ မဂ္ဂသစ္စာအဘွင့် စာမျက်နှာနံပါတ် (၁၀၀)၌။ ။တိသုကိစ္စတော ပဋိ၀ေဓေါ ဟောတိ။ နိရောဓေ ခဏာ ရမ္မဏာပဋိ၀ေဓေါ။ ။ဟူ၍မိန့်ပြီ။ ။အနက်သိကြောင်း မြန်မာပြန် ကား။ ။တိသု၊သုံးပါးကုန်သော ဒုက္ခ၊ သမုဒယ၊ မဂ္ဂသစ္စာတို့၌။

ကိုယ်တော၊ဒုက္ခသစ္စာကိုပိုင်းခြား၍သိခြင်းကို၊ သမုဒယသစ္စာကို ပယ်ခြင်းတည်းဟူသော သိခြင်းကို၊မဂ္ဂသစ္စာကို ပွါးခြင်းတည်း ဟူသော သိခြင်းကိုယ်အားဖြင့်။ ပဋိဝေဓေါ မတွေ့မဝေထိုးထွင်း၍ သိသည်။ ဟောတိ၊ဖြစ်၏။ နိရောဓော နိရောဓသစ္စာ နိဗ္ဗာန်၌။ အာ ရမ္မဏာပဋိဝေဓော၊ အာရုံပြုသော အားဖြင့် ထိုးထွင်း၍သိသည်။ ဟောတိ၊ဖြစ်၏။ ။ဤသို့ ပြဆိုအပ်သည်ကိုထောက်၍၊ နိရောဓ သစ္စာတပါးကိုသာ အာရုံပြု၍သိ၏၊ ကျန်သော သစ္စာသုံးပါးကို အာရုံမပြုဘဲ ကိုယ်အားဖြင့် သိ၏ကိုထင်ရှားသိကြလေ။

ဤသို့လျှင် လောကုတ္တရာမဂ်သည်။ နိရောဓသစ္စာကို အာရုံပြု ခိုက်၊ မျက်မှောက်ပြုအပ်သောကိန္နကိုမျက်မှောက်ပြု၍၊ပိုင်းခြား၍ သိအပ်သောကိန္နကိုပိုင်းခြားသိ၍။ ပယ်အပ်သောကိန္နကို ပယ်မှ ကိုပြု၍။ ပွါးအပ်သောမဂ္ဂသစ္စာ ဘာဝနာကိန္နကိုပွါးဆဲပြု၍ တ ပြိုင်နက်တချက်တည်း။ ကိုယ်အားဖြင့် သစ္စာလေးချက်တို့ကို ထိုး ထွင်း၍သိ၏။ ထိုသို့သိခြင်းကိုထင်ရှားပြလိုသော သမ္မောဟာဝိနော ဒနိအာဌကထာရှင်သည်။သမ္ပဓိဘင်းအာဘွဲ့ (၇၅) မျက်နှာ။ ဝိသုဒ္ဓိ မဂ်အာဌကထာရှင်သည်၊ သစ္စနိဒ္ဒေသစာမျက်နှာ (၁၂၄) ဥာဏ ကိုယ်အာဘွဲ့ဖြင့်။ ။ပဋိဝေဓော်ဝေ လောကုတ္တရံ နိရောဓမာရမ္မဏံ ကတွာ ကိုယ်တော စတ္တာရိပိသစ္စာနိ ပဋိဝိဇ္ဈတိ။ ။ဟူ၍ ပါဠိလေ ပြီ။ ။မြန်မာပြန်အနက်သိကြောင်းကား။ ။ပဋိဝေဓော်။သစ္စာ လေးပါးတို့ကို ထိုးထွင်း၍သိသော ဥာဏ်သည်။ လောကုတ္တရံ၊ လောကုတ္တရာတရားဖြစ်၏။ နိရောဓံ၊နိရောဓသစ္စာနိဗ္ဗာန်ကို။ အာ ရမ္မဏံ၊အာရုံကို။ကတွာပြု၍။ ကိုယ်တော၊ ပိုင်းခြား၍သိခြင်းကိုယ်၊ ပယ်ခြင်းကိုယ်၊ မျက်မှောက်ပြုခြင်း ကိုယ်၊ ပွါးခြင်းကိုယ် အားဖြင့်။ စတ္တာရိပိ လေးပါးလည်းဖြစ်ကုန်သော၊ သစ္စာနိ၊အမှန်တရားတို့ ကို။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိ၏။ ။ဤသို့ ပြဆိုအပ် သည်ကို ထောက်၍၊ နိရောဓသစ္စာကိုအာရုံပြု၍ တပြိုင်နက် တချက်တည်း။ ကိုယ်အားဖြင့် သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍သိပုံကို ထင် ရှားသိကြလေ။ ။ဤအဌကထာရှင်တို့၏စကားဖြင့်သာ သိရသည်

မဟုတ်သေး။ ဘုရားရှင်သည်လည်း၊ ထိုလောကုတ္တရာမဂ်ခဏာ၌။ ၎င်းမဂ်သည် သစ္စာလေးပါးလုံးကို တပြိုင်နက် သိမြင်ပုံကို။ ။ ယောဘိက္ခဝေ ဒုက္ခံပဿတိ။ဒုက္ခသမုဒယဉ္စ သောပဿတိ။ဒုက္ခနိရောဓဉ္စ ပဿတိ။ ဒုက္ခနိရောဓဂါမိနိ ပဋိပဒဉ္စ ပဿတိ။ ။စသည်ဖြင့်။ မဟာဝဂ္ဂ သံယုတ်ပါဠိတော်၊ သစ္စသံယုတ်၌ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။ ။အနက်သိကြောင်းကား။ ။ဘိက္ခဝေ၊ရဟန်းတို့။ ယောဝုဋ္ဌလော၊အကြင်ပုဂ္ဂိုလ်သည်။ ဒုက္ခံ'ဒုက္ခသစ္စာကို။ ပဿတိ၊လောကုတ္တရာမဂ်ဖြင့် ပိုင်းခြားသည်၏ အစွမ်းအားဖြင့် ထိုးထွင်း၍သိမြင်၏၊ သောပုဂ္ဂလော၊ ထိုဒုက္ခသစ္စာကို လောကုတ္တရာမဂ်ဖြင့် ထိုးထွင်း၍ သိမြင်သောပုဂ္ဂိုလ်သည်။ ဒုက္ခသမုဒယဉ်'ဒုက္ခဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာကိုလည်း။ ပဿတိ၊ပယ်စွန့်သည်၏ အစွမ်းအားဖြင့် ထိုးထွင်း၍သိမြင်၏။ ဒုက္ခနိရောဓဉ်'ဝဋ်ဒုက္ခတို့၏ နောင်တဖန်ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ကြောင်းဖြစ်သော အသင်္ခတဓါတ် နိုဗ္ဗာန်သစ္စာနိဗ္ဗာန်ကိုလည်း။ပဿတိ၊မျက်မှောက်ပြုသည်၏အစွမ်းအားဖြင့် ထိုးထွင်း၍သိမြင်၏။ ဒုက္ခနိရောဓဂါမိနိပဋိပဒဉ်'ဒုက္ခ၏နောင်တဖန်ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ကြောင်းဖြစ်သော အသင်္ခတဓါတ် နိုဗ္ဗာန်သစ္စာကို အာရုံပြု၍ရောက်တတ်သော မဂ်တည်းဟူသော အကျင့်တရားကိုလည်း။ပဿတိ၊ ဘာဝနာ၏အစွမ်းအားဖြင့် ထိုးထွင်းသိမြင်၏။ ။ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်စကားတော်ကို ထောက်၍လည်း။ နိုဗ္ဗာန်သစ္စာကို အာရုံပြု၍ ဖြင်သော လောကုတ္တရာမဂ်ခဏာ၌၊ၛင်းမဂ်သည်သစ္စာလေးပါးလုံးကိုဆိုင်ရာ ကိစ္စကိုပြီးမျက်၊တပြိုင်နက် တချက်တည်း ထိုးထွင်း၍သိမြင်ပုံကို ထင်ရှားသိကြလေ။

ထိုသစ္စာ လေးပါးတို့ကို တပြိုင်နက် ထိုးထွင်း၍ သိမြင်တတ်သော လောကုတ္တရာ မဂ်ဉာဏ်သည်။ မိမိချည်းသာဖြစ်သည့် မဟုတ်။ယှဉ်ဖော် ယှဉ်ဘက်ဖြစ်ကုန်သော သမ္ပယုတ်တရားတို့နှင့်လည်း။အတူတကွဖြစ်သည်သာတည်း။ ။ဖြစ်ပုံကို ထင်စွာပြဦး

အံ့။ ၎င်းနိုရောဓသစ္စာ နိဗ္ဗာန်ကို ရှေ့သွားအာရုံပြု၍ သိသော သဘောသည်။ စင်စစ် မဂ်ဉာဏ်နှင့်ယှဉ်၍ ဖြစ်သော(စိတ်)ဟုခေါ်အပ်သောပရမတ္ထ သဘောတရားဖြစ်၏။ ၎င်းစိတ်ခေါ်အပ်သော ပရမတ္ထတရားသို့ကို။ နိဗ္ဗာန်အာရုံနှင့် တွေ့ဆုံစေတတ်သော သဘောသည်(ဗဟု)ဟုခေါ်အပ်သော ပရမတ္ထသဘောဖြစ်၏။ ၎င်းနိုရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်၊ ရှင်လန်းသောအခြင်းအရာဖြင့်ဖြစ်သောသဘောသည် (ဝေဒနာ) ခေါ်အပ်သော ပရမတ္ထ သဘောဖြစ်၏။ ၎င်းနိုရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။ ၎င်းအာရုံကို မှတ်တတ်သောသဘောသည် (သညာ) ခေါ်အပ်သော ပရမတ္ထသဘောဖြစ်၏။ ၎င်းနိုရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက်'သိအောင်စေ့ဆော်တတ်သောသဘောသည် စေတနာ)ခေါ်အပ်သော ပရမတ္ထသဘောဖြစ်၏။ ၎င်းနိုရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍သိခိုက်၊၎င်းအာရုံတရုတည်းခို သိမှုစသည်တို့ကို မပျံ့မလွင့်တည်စေတတ်သော သဘောသည် (ဧကဂ္ဂတာ) ခေါ်အပ်သော ပရမတ္ထ သဘောတရားဖြစ်၏။ ၎င်းနိုရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍သိခိုက်၊သိမှုစသောသဘောတရားတို့ကို စောင့်ရှောက်တတ်သော သဘောသည် (ဇီဝိတိန္ဒြေ)ဟုခေါ်အပ်သောပရမတ္ထ သဘောတရားဖြစ်၏။၎င်းနိုရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက် ၎င်းသိမှုစသောသဘောကို ၎င်းအာရုံနှင့်ယှဉ်စေတတ်၊ ၎င်းအာရုံ သို့သက်ဝင်စေတတ်သောသဘောသည် (မနသိကာရ) ခေါ်အပ်သော ပရမတ္ထသဘောတရားဖြစ်၏။၎င်းနိုဝသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။ ၎င်းသိမှုစသောသဘောတို့ကို။ ၎င်းအာရုံသို့ရောက်အောင်တင်တတ်သော သဘောသည် (ဖိုဿ) ခေါ်အပ်သော ပရမတ္ထသဘောတရားဖြစ်၏ ၎င်းနိုရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍သိခိုက်၊ ၎င်းသိမှုစသည်တို့ကို။ ၎င်းအာရုံ၌ သုံးသပ်စေတတ်၊ ယှဉ်စေတတ်သောသဘောသည်(ဝိစာရ)ခေါ်အပ်သောပရမတ္ထ သဘောတရားဖြစ်၏။၎င်းနိုရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက် ၎င်းအာရုံကိုဆုံးဖြတ်တတ်သောသဘောသည်(အဓိမောက္ခ)ခေါ်အပ်သော ပရမတ္ထသဘောတရားဖြစ်၏။ ၎င်းနိုရောဓသစ္စာနိဗ္ဗာန်

ကိုအာရုံပြု၍သိခိုက်။ ၎င်းသိမှု စသည်တို့ကို။ ၎င်းအာရုံ၌ ဖြစ်အောင်အားထုတ်တတ်သော သဘောသည် (ဝိရိယ) ခေါ်အပ်သော ပရမတ္ထ သဘောတရားဖြစ်၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍သိခိုက်။ ၎င်းအာရုံကိုနှစ်သက်တတ်သောသဘောသည် (ဒိဘိ)ခေါ်အပ်သော ပရမတ္ထသဘောတရားဖြစ်၏။ ၎င်းနိရောဓ သစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။ ၎င်းအာရုံကိုအလိုရှိတတ်၊ ၎င်းအာရုံ၌ဖြစ်အောင်ပြုလုပ်လိုတတ်သောသဘောသည် (ဆန္ဒ)ခေါ်အပ်သော ပရမတ္ထတရားဖြစ်၏။

၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍သိခိုက်။ သိမှုစသည်တို့ကိုကြည်လင်စေတတ်၊ ၎င်းအာရုံဖြစ်သောနိဗ္ဗာန်၏ သဘောလက္ခဏာ၊ စသည်တို့ကို ယုံကြည် တတ်သော သဘောသည် (သဒ္ဓါ) ခေါ်အပ်သော ပရမတ္ထ သဘောတရားဖြစ်၏။ ၎င်းနိရောဓသစ္စာ နိဗ္ဗာန်ကိုအာရုံပြုသိခိုက်။ ၎င်းအာရုံကို အောက်မေ့ တွေးတောတတ်သောသဘော သည်(သတိ)ခေါ်အပ်သောပရမတ္ထသဘောတရားဖြစ်၏။ ၎င်းနိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍ သိခိုက်။ မကောင်းမှုမှစက်ဆုပ်တတ်သောသဘော၊ မကောင်းမှုမလုန့်တတ်သောသဘောတို့သည်ပါရှိ၏။ ထိုပါရှိသောသဘောတို့တွင်။ မကောင်းမှု စက်ဆုပ်တတ်သောသဘောသည် (ဟိရိ) ခေါ်အပ်သော ပရမတ္ထသဘောဖြစ်၏။ မကောင်းမှု လုန့်တတ်သော သဘောသည်(ဩတ္တပ္ပ)ခေါ်အပ်သောပရမတ္ထသဘောတရားဖြစ်၏ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍သိခိုက်။ ၎င်းအာရုံ၌မကပ်ငြိတတ်သောသဘောသည်(အလောဘ)ခေါ်အပ်သောပရမတ္ထသ ဘောဖြစ်၏။ ၎င်းအာရုံကို မပြစ်မှား တတ်သော သဘောသည် (အဒေါသ)ခေါ်အပ်သောပရမတ္ထသဘောတရားဖြစ်၏။ ၎င်းနိရော ဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။ ၎င်းသိမှုစသောသဘောတရား တို့ကို။ ယုတ်မှုတည်းဟူသော ထိန မိဒ္ဓကိလေသာ၊ လွန်မှုတည်း ဟူသောဥဒ္ဓစ္စစသော ကိလေသာတို့သို့ မရောက်စေမူ၍။ ၎င်းကိ လေသာတို့မှ လွတ်မှုဟူဆိုအပ်သော အလယ်၌ တည်စေတတ်

သောသဘောသည် (တကြွမဋ္ဌတ္တာ)ခေါ်အပ်သောပရမတ္ထသ ဘောတရားဖြစ်၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍သိခိုက်။ ပူပန်စေတတ်သော ကိလေသာတို့သည်ကင်းလေခြင်းကြောင့်။သိ တတ်သောသဘော၏ ငြိမ်းချမ်းမှုလည်းထင်၏။ ၎င်းသိမှုနှင့်အတူ ဖြစ်ကုန်သောတွေ့မှု ခံစားမှုစသောသမ္ပယုတ်တရားခေါ်အပ်သော စေတသိက်တို့၏ ငြိမ်းချမ်းမှုလည်းထင်၏။ ထိုသို့ထင်သော ငြိမ်း ချမ်းမှု နှစ်ပါးတို့တွင်၊ သိမှု၏ ငြိမ်းချမ်းမှု သဘောသည် (စိတ္တ ပဿဒ္ဓိ) ခေါ်အပ်သော ပရမတ္ထသဘောဖြစ်၏။ တွေ့မှု၊ ခံစား မှုစသည်တို့၏ငြိမ်းချမ်းမှုသဘောသည်(ကာယပဿဒ္ဓိ)ခေါ်အပ် သော ပရမတ္ထသဘောတရားဖြစ်၏။ ၎င်းနိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍သိခိုက်။ လေးလံတတ်သော ကိလေသာတရား ဟူသမျှ သည် ကင်းလေ၏။ ထိုသို့ လေးလံတတ်သော ကိလေသာ တို့မှ ကင်းခြင်းကြောင့်။သိမှု၏ပေါ့ပါးသည်၏အဖြစ်သည်လည်းထင်၏ သိမှုနှင့်အတူဖြစ်သောတွေ့မှု၊ခံစားမှုစသည်တို့၏ ပေါ့ပါးသည်၏ အဖြစ်သည်လည်းထင်၏။ထိုထင်သောပေါ့ပါးသည်၏ အဖြစ်သ ဘော နှစ်ခုတို့တွင်။ သိမှု၏ပေါ့ပါးသည်၏ အဖြစ်သဘောသည် (စိတ္တလဟုတာ)ခေါ်အပ်သောပရမတ္ထသဘောဖြစ်၏။ တွေ့မှု၊ ခံ စားမှုစသော စေတသိက်တို့၏ပေါ့ပါးသည်၏အဖြစ်သဘောသည် (ကာယလဟုတာ)ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။ ၎င်းနိ ရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။ ကြမ်းတန်းသောသဘော ရှိသော ကိလေသာဟူသမျှသည်ကင်းလေ၏။ ထိုကြမ်းတန်းသော ကိလေ သာတို့ကင်းလေခြင်းကြောင့်စိတ်ခေါ်အပ်သော သိမှု၏နူး ညံ့သည်၏ အဖြစ်သဘောသည်လည်းထင်၏။စေတသိက်ခေါ်အပ် သောတွေ့မှု ခံစားမှုစသည်တို့၏နူးညံ့သည်၏အဖြစ်သဘောသည် လည်းထင်၍။ ထိုထင်သောသဘောနှစ်ပါးတို့တွင် စိတ်ခေါ်အပ် သောသိမှု၏နူးညံ့သည်၏အဖြစ်သဘောသည် (စိတ္တမုဒုတာ)ခေါ် အပ်သော ပရမတ္ထသဘောဖြစ်၏။စေတသိက်ခေါ်အပ်သောတွေ့ မှု၊ခံစားမှုစသည်တို့၏နူးညံ့သည်၏အဖြစ်သဘောသည် (ကာယ မုဒုတာ)ခေါ်အပ်သောပရမတ္ထသဘောတရားဖြစ်၏။ ၎င်းနိရောဓ

သစ္စာနိဗ္ဗာန်ကိုအာရုံပြု၍ သိခိုက်။ကောင်းသောအာရုံကို အာရုံပြုခြင်းတည်းဟူသော အမှု၌။ မခန့်စေတတ်သော ကိလေသာဟူသမျှသည်လည်းကင်း၍။ထိုသို့ကင်းလေခြင်းကြောင့်။စိတ်ခေါ်အပ်သောသိမှု၏ကောင်းသောအာရုံကိုအာရုံပြုမှု၌။ခန့်သည်၏အဖြစ်သည်လည်းထင်၏။ စေတသိက်ခေါ်အပ်သောတွေ့မှု၊ ခံစားမှု စသည်တို့၏ကောင်းသော အာရုံကိုအာရုံပြုမှု၌။ ခန့်သည်၏အဖြစ်သည်လည်းထင်၏။ ထိုသို့ထင်သောခန့်မှု၏ အဖြစ်နှစ်ပါးတို့တွင် စိတ်ခေါ်အပ်သော သိမှု၏ ခန့်မှုအဖြစ်သဘောသည် (စိတ္တကမ္မညတာ)ခေါ်အပ်သော ပရမတ္ထသဘောဖြစ်၏။ စေတသိက်ခေါ်အပ်သောတွေ့မှု၊ခံစားမှုစသည်တို့၏ခန့်မှု၏အဖြစ်သည် (ကာယကမ္မညတာ)ခေါ်အပ်သော ပရမတ္ထသဘောဖြစ်၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။ စိတ်၊စေတသိက်၊ခေါ်အပ်သောအာရမ္မဏိကသဘောတို့ကို။ နာကျင်စေတတ်သော ကိလေသာဟူသမျှသည် ကင်း၏။ ထိုသို့နာကျင်စေတတ်သော ကိလေသာကင်းခြင်းကြောင့်။ စိတ်ဟုခေါ်အပ်သော သိမှုကို။ မနာကျင်စေတတ်သောသဘော၏အဖြစ်သည်လည်းထင်၏။ တွေ့မှု၊ခံစားမှုစသည်တို့ကို။မနာကျင်စေတတ်သောသဘော၏အဖြစ်သည်လည်းထင်၏။ ထိုထင်သောသဘော နှစ်ပါးတို့တွင်။ စိတ်ဟုခေါ်အပ်သောသိမှုကို။ မနာကျင်စေတတ်သော သဘော၏ အဖြစ်သည် (စိတ္တပါဂုညတာ)ခေါ်အပ်သော ပရမတ္ထသဘောဖြစ်၏။ စေတသိက်ခေါ်အပ်သော တွေ့မှု၊ ခံစားမှုစသည်တို့ကို။ မနာကျင်စေတတ်သော သဘောအဖြစ်သည် (ကာယပါဂုညတာ) ခေါ်အပ်သော ပရမတ္ထသဘောဖြစ်၏။

၎င်းနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။စိတ်၊စေတသိက်ဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတို့မှ။ကောက်ကျစ်စေတတ်သော ကိလေသာဟူသမျှသည်လည်း ကင်းလေ၏။ ထိုသို့ကောက်ကျစ်စေတတ်သောကိလေသာဟူသမျှတို့ကင်းခြင်းကြောင့်။စိတ်ခေါ်အပ်သော သိမှု၏မကောက်ကျစ်ဖြောင့်မတ်သည်၏အဖြစ်သ

ဘောသည်လည်းထင်၏။စေတသိက်ခေါ်အပ်သောတွေ့မှု ခံစားမှု စသည်တို့၏ မကောက်ကျစ် ဖြောင့်မတ်သည်၏ အဖြစ် သဘော သည်လည်းထင်၏။ ထိုသို့ထင်သောသဘောနှစ်ပါးတို့တွင်။ စိတ် ခေါ်အပ်သော သိမှု၏မကောက်ကျစ်ဖြောင့်မတ်သည်၏အဖြစ်သ ဘောသည် (စိတ္တုဇုကတာ)ခေါ်အပ်သော ပရမတ္ထသဘောဖြစ် ၏။ စေတသိက်ခေါ်အပ်သောတွေ့မှု၊ခံစားမှုစသည်တို့၏ မကော့ ကျစ် ဖြောင့်မတ်သည်၏အဖြစ်သဘောသည် (ကာယဇုကတာ) ခေါ်အပ်သောပရမတ္ထသဘောဖြစ်၏။ဂင်းနှိုရောဓသစ္စာနှိုဗ္ဗာန်ကို အာရုံပြု၍သိခိုက်၊ အပါယ်ကျကြောင်းဖြစ်သောမိစ္ဆာဝါစာတို့ကို အကြွင်းမရှိပယ်၍။ သမ္မယုတ် တရားတို့ကို ဝစီကံ၏အစွမ်းဖြင့် ကောင်းစွာသိမ်းဆည်းတတ်သောသဘောသည်လည်းပါရှိ၏။ထို သဘောသည်(သမ္မာဝါစာ)ခေါ်အပ်သောပရမတ္ထသဘောဖြစ်၏ ဂင်းနှိုရောဓသစ္စာနှိုဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။ အပါယ်ကျကြောင်း ဖြစ်သော မိစ္ဆာကမ္မန္တတို့ကိုအကြွင်းမရှိပယ်၍။ သမ္မယုတ်တရား တို့ကို ကာယကံ၏အစွမ်းဖြင့် ကောင်းစွာဖြစ်စေတတ်သော သ ဘောသည်လည်းပါရှိ၏။ ထိုသဘောသည် (သမ္မာကမ္မန္တ) ခေါ် အပ်သော ပရမတ္ထသဘောဖြစ်၏။ ဂင်းနှိုရောဓသစ္စာနှိုဗ္ဗာန်ကိုအာ ရုံပြု၍သိခိုက်။အပါယ်ကျကြောင်းဖြစ်သော မိစ္ဆာအာဇီဝတရား တို့ကို အကြွင်းမရှိပယ်၍။ သမ္မယုတ်တရားတို့ကို အသက်မွေးမှု နှင့်စပ်၍ဖြစ်သော ကာယကံမှု၊ဝစီကံမှုအစွမ်းအားဖြင့်။ပြုစင်စေ တတ်သော သဘောသည်လည်းပါရှိ၏။ထိုသဘောသည် (သမ္မာ အာဇီဝ) ဟု ခေါ်ဆိုအပ်သော ပရမတ္ထ သဘောတရား ဖြစ်၏။ ဤသို့လျှင် နှိုရောဓသစ္စာ နှိုဗ္ဗာန်ကို အာရုံပြု၍။ ထင်ထင် လင်း လင်း သိတတ် သော.လော ကုတ္တ ရာ မဂ် ဉာဏ် သည်။ ပြ ဆို အပ်ခဲ့ပြီးသောအာရုံကို ရှေ့သွားပြု၍ သိတတ်သော စိတ်ခေါ်အပ် သောပရမတ္ထတရားတပါး၊မိမိမှကြွင်းသော စေတသိက်ခေါ်အပ် သောဗဟု၊ဝေဒနာစသော စေတသိက် (၃၅)ပါး။ ပေါင်း(၃၆) ပါးသော သမ္မယုတ်တရားနှင့်လည်း အတူတကွ ဖြစ်ပေ၏။ ထို ကြောင့်မဂ်ဉာဏ်ဖြစ်ခိုက်။ ဂင်းလောကုတ္တရာဖြစ်သော မဂ်ဉာဏ်

ပါ။ တပ္ပြိုင်နက်တချက်တည်း (၃၇)ပါးသော သဘောတရားတို့သည်။ ဆိုင်ရာဆိုင်ရာ မိမိမိမိတို့၏ကိုယ်ကိုပြုလျက်ပါကြပေ၏။ ထို(၃၇)ပါးတို့တွင်။ စိတ်ခေါ်အပ်သော ပရမတ္ထသဘောသည်ကား တပါးတည်းသာဖြစ်၏။ ကျန်သော (၃၆)ပါးသော သဘောတို့သည်ကား။ ထိုစိတ်နှင့်အတူဖြစ်လျက် သမ္မယုတ္တလက္ခဏာ အားဖြင့်သာ ဥကုန်သော စေတသိက်ခေါ်အပ်သော သဘောတို့သည် သာလျှင် ဖြစ်ကုန်၏။

ထို(၃၆)ပါးကုန်သောစေတသိက်တို့တွင်။ နိဗ္ဗာန်ကိုထိုးထွင်း၍သိမြင်တတ်သော လောကုတ္တရာမဂ်ဉာဏ်သည်။ သမ္မာဒိဋ္ဌိမဂ္ဂင်ကိုယ်ကို လည်း ကောင်း၊ ဓမ္မဝိစယ သမ္ဗောဇ္झင် ကိုယ် ကိုလည်းကောင်း၊ ပညိန္ဒြေကိုယ်ကိုလည်းကောင်း၊ ပညာဗလကိုယ်ကိုလည်းကောင်း၊ဝိမံသိဒ္ဓိပဒါန်ကိုယ်ကိုလည်းကောင်း။ ၅၂ဆိုအပ်ပြီးသော ၎င်းကိုယ်တို့ကိုတပ္ပြိုင်နက်တချက်တည်းပြီးစေ၏။ အာဘယ်သို့ပြီးစေသနည်းဟူမူ။ ၎င်းလောကုတ္တရာဖြစ်သော မဂ်ဉာဏ်သည်။ နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကို ကောင်းစွာမြင်ခြင်းကိုပြီးစေ၏။ ထိုကြောင့်၎င်းမဂ်ဉာဏ်ကိုပင် (သမ္မာဒိဋ္ဌိ)ဟူ၍လည်း ခေါ်အပ်လေသည်။ ၎င်းမဂ်ဉာဏ်ကိုပင်။ ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ရှာဖွေးအပ်သောကြောင့်လည်းကောင်း။ ၎င်းမဂ်ဉာဏ်သည်ပင်။ နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကို ရှာဖွေးတတ်သောကြောင့် လည်းကောင်း ၎င်းမဂ်ဉာဏ်သည်ပင်။ နိဗ္ဗာန်သစ္စာကို အာရုံပြုသောအားဖြင့် ရောက်၍ဒိဋ္ဌိစသော ကိလေသာတို့ကို အကြွင်းမရှိသတ်ပြီးလျှင်။ ဝဋ်ဒုက္ခမှထုတ်ဆောင်တတ်သောကြောင့်လည်းကောင်း။ (မဂ္ဂ) လည်းမည်၏။ ဤပြဆိုခဲ့ပြီးသော အကြောင်းတို့ကြောင့်။ ၎င်းလောကုတ္တရာမဂ်ဉာဏ်သည်(သမ္မာဒိဋ္ဌိမဂ္ဂင်ကိုယ်)ကိုလည်း ပြီးစေလေသည်။ ။ ၎င်းမဂ်ဉာဏ်သည်ပင်။ နိဗ္ဗာန်သစ္စာတည်းဟူသော သတ္တဝါ အသက်မဟုတ်သော သဘောတရား တည်းဟူသော ဇမ္ဗူကို။ ဟုတ်တိုင်းမှန်စွာ သိတတ်သောကြောင့် (ဓမ္မဝိစယ) လည်း မည်၏။ ဟုတ်မှန်သော တရား သ ဘော ကို ထိုးထွင်း၍ သိတတ်သော

ပုဂ္ဂိုလ်၏အကြောင်းအင်္ဂါဖြစ်သောကြောင့်လည်းကောင်း ဟုတ်မှန်သော တရားသဘောကို ထိုးထွင်း၍ သိကြောင်းဖြစ်သော ညီညွတ်သောတရားအပေါင်း၏ အကြောင်းအင်္ဂါဖြစ်သောကြောင့်လည်းကောင်း။ (ဗောဇ္ဈင်)လည်းမည်၏။ ဤပြဆိုအပ်ပြီးသော အကြောင်းတို့ကြောင့်၎င်းလောကုတ္တရာမဂ်ဉာဏ်သည် (ဝမ္မဝိစယသမ္ဗောဇ္ဈင်ကိစ္စ)ကိုလည်း ပြီးစေ၏။ ။၎င်းလောကုတ္တရာဖြစ်သောမဂ်ဉာဏ်သည်။ နိရောဓသစ္စာ နိဗ္ဗာန်သဘောကို မတွေ့မဝေအပြားအားဖြင့်ထိုးထွင်း၍သိ၏။ထိုသို့သိသောကြောင့်(ပညာ)လည်းမည်၏။မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော တွေဝေတတ်သော မောဟစသောကိလေသာတို့ကို နှိပ်နင်းခြင်းကိုလည်းပြု၏။ဟုတ်မှန်သောတရားကိုမြင်ခြင်းဌ အစိုးရခြင်းကိုလည်းပြု၏။ ဤသို့နှိပ်နင်းခြင်း၊အစိုးရခြင်းကိုပြုသောကြောင့်။ ၎င်းမဂ်ဉာဏ်သည်သာလျှင်(ဣဒ္ဓိ)၏အဖြစ်သို့လည်းရောက်ပေ၏။ဤပြဆိုအပ်ခဲ့ပြီးသော မတွေ့မဝေသိမှု၊နှိပ်နင်းခြင်း အစိုးရခြင်းတို့ကိုပြုမှုတို့ကြောင့်၊၎င်းလောကုတ္တရာမဂ်ဉာဏ်သည်(ပညိန္ဒြေကိစ္စ)ကိုလည်းပြီးစေ၏။ ။ ၎င်း လောကုတ္တရာမဂ်ဉာဏ်သည်။ နိရောဓသစ္စာ နိဗ္ဗာန်သဘောကိုမတွေ့မဝေအပြားအားဖြင့် ထိုးထွင်း၍သိခြင်းကြောင့် (ပညာ)လည်းမည်၏။ ဆန့်ကျင်ဘက် ကိလေသာတို့သည် မတုန်မလှုပ်စေနိုင်ခြင်းကြောင့်။အားတည်းဟူသော (ဗလ)လည်းမည်၏။ထိုသို့ အပြားအားဖြင့် သိဘတ်၊ မတုန်လှုပ်တတ်သော သဘောနှစ်ပါးကြောင့်သာလျှင်။ ၎င်းလောကုတ္တရာမဂ်ဉာဏ်ကိုပင်လျှင် (ပညာ)ဗလ)ဟုခေါ်ဆိုအပ်လေသည်။ ထိုကြောင့် (ပညာဗလကိစ္စ)ကိုလည်း ပြီးစေ၏။ ။၎င်းလောကုတ္တရာ မဂ်ဉာဏ်သည်။ နိရောဓသစ္စာနိဗ္ဗာန်သဘောကို စုံစမ်းသောအားဖြင့် မတွေ့မဝေသိတတ်၏။ထိုကြောင့်(ဝိမံသ)လည်းခေါ်အပ်၏။ အလိုရှိအပ်သောမဂ်ကုသိုလ်ကိုပြည့်စုံစေတတ်သောအကြောင်းတရား ဖြစ်သောကြောင့် (ဣဒ္ဓိပါဒ) လည်းမည်၏။ ဤသို့လျှင် ၎င်းလောကုတ္တရာ မဂ်ဉာဏ်ကိုပင် စုံစမ်းသောအားဖြင့်မတွေ့မဝေသိတတ်၊အလိုရှိအပ်သော မဂ်ကုသိုလ်ကို ပြည့်စုံစေတတ်သော အကြောင်းတရား၏ အဖြစ်

ကြောင့် ဝိမံသိန္ဒိပါဒ)ဟု ခေါ်ဆိုအပ်လေသည်။ ထိုကြောင့် ဝိမံသိဒ္ဓပါဒ်ကိုလေး)ကိုလည်းပြီးစေ၏။ ။ဤသို့လျှင် လောကုတ္တရာမဂ်ဉာဏ်တပါး တည်းသည်။ ဆိုအပ်ပြီးတော သမ္မာဒိဋ္ဌိမဂ္ဂင် ကိုစွ၊ မမှိုစယ သမ္မောဇ္ဈင်ကစွ၊ ပညိန္ဒြေ ကိုစွ၊ ပညာဗလကိုစွ၊ ဝိမံသိဒ္ဓပါဒ်ကို၊ ဤဆိုအပ်ပြီးသော ငါးပါးသောကိုးကို။ တပြိုင်နက် တချက်တည်း ပြီးစေလေသည်ဟုမှတ်ကြလေ။

ရင်းလောကုတ္တရာ မဂ်စိတ်ဖြစ်ခိုက်၌ ပါရှိသော စေတသိက် (၃၆)ပါးတို့တွင်။ သတိခေါ်အပ်သော ပရမတ္ထ သဘောသည်။ ရင်း နိရောဓသစ္စာကို အာရုံပြု၍ဖြစ်ခိုက်။ သမ္မာသတိကိုစွ၊ သတိသမ္မောဇ္ဈင်ကိုစွ၊ သတိန္ဒြေကိုစွ၊ သတိဗလကိုစွ၊ သတိပဋ္ဌာန် (၄) ပါးကိုစွ။ဤဆိုအပ်ပြီးသောကိုးရစ်ပါးကိုတပြိုင်နက်ပြီးစေ၏။ ။ ပြီးစေပုံကိုထင်ရှားပြဦးအုံ။ ရင်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ အောက်မေ့တတ်သော သတိကိုပင်။ကောင်းစွာအောက်မေ့တတ်သည်၏အဖြစ်ကြောင့် (သမ္မာသတိ)ဟု၍လည်း ခေါ်ဆိုအပ်လေသည်။ရင်းသမ္မာသတိကိုပင်။ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ရှာဖွေးအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း။ ရင်းသတိသည် နိရောဓသစ္စာနိဗ္ဗာန်ကို ရှာဖွေးတတ်သော ကြောင့်လည်းကောင်း၊ ရင်းသတိသည် နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြုသော အားဖြင့်ရောက်၍။ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော ကိုယ်လေသာတို့ကိုအကြွင်းမရှိ သတ်ပြီးလျှင်။ ဝဋ္ဋဒုက္ခမှထုတ်ဆောင်တတ်သည်၏အဖြစ်ကြောင့်လည်းကောင်း။ ဤဆိုအပ်ပြီးသောအကြောင်းတို့ကြောင့်။ ရင်းသတိကိုပင်(မဂ္ဂ)ဟူ၍လည်းခေါ်ဆိုအပ်လေသည်။ ဤသို့လျှင် ရင်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍မဂ်ဖြစ်ခိုက်၌ ပါသောသတိသည်။ သမ္မာသတိဟူသော အမည်၊ မဂ္ဂဟူသော အမည်။ဤဆိုအပ်ပြီးသော အမည်နှစ်ပါးကို ရအပ်သည်၏ အဖြစ်ကြောင့် (သမ္မာသတိမဂ္ဂင် ကိုစွ) ကိုလည်း ပြီးစေ၏။ ။ရင်းသတိသည်ပင်။ နိရောဓ သစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိတတ်သော ပဂ္ဂိုလ်၏အကြောင်းအာဟာလည်းဖြစ်၏။ ရင်းနိရောဓသစ္စာကို ထိုး

ထွင်း၍ သိကြောင်း ဖြစ်သော ညိုညွတ်သော တရားအပေါင်း၏ အကြောင်းအင်္ဂါလည်းဖြစ်ပေ၏။ ထိုသို့ဖြစ်ခြင်းကြောင့်။ ၎င်းသတိကိုပင်(သတိသမ္ဗောဇ္ဈင်)ဟု ခေါ်ဆိုအပ်လေသည်။ထိုကြောင့် (သတိသမ္ဗောဇ္ဈင်ကိစ္စ) ကိုလည်း ပြီးစေ၏။ ။၎င်းသတိ သည်ပင်၊မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော မိန္ဒာသတိကိစ္စတပ်သော ကိလေသာတရားတို့ကို နှိပ်လည်းနှိပ်နင်းတတ်၏။ သမ္မယုတ်တရားတို့ကို။၎င်းနိဗ္ဗာန်အာရုံ၌ထင်စေတတ်သည်၏အဖြစ်၌ အစိုးလည်းရ၏။ ထိုသို့ နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ အောက်မေ့တတ်၊ ဆန့်ကျင်ဘက်၊ကိလေသာတို့ကိုနှိပ်နင်းတတ်၊ အစိုးရတတ်သော သတ္တိကြောင့်။ ၎င်းလောကုတ္တရာမဂ်နှင့် ယှဉ်သော သတိကိုပင် (သတိန္ဒြေ)ဟု ခေါ်ဆိုအပ်လေသည်။ ထိုကြောင့် (သတိန္ဒြေကိစ္စ) ကိုလည်းပြီးစေ၏။ ။၎င်းနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍အောက်မေ့တတ်သော သတိကို ဆန့်ကျင်ဘက် ဖြစ်သော ကိလေသာတို့သည်။စင်စစ် မတုန်မလှုပ်စေအပ်သည်၏ အဖြစ်ကြောင့်(ဗလ)ဟု ခေါ်အပ်လေသည်။ ထိုကြောင့် (သတိဗလကိစ္စ)ကိုလည်း ပြီးစေ၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍အောက်မေ့တတ်သော လောကုတ္တရာ သတိတပါးတည်းသည်သာလျှင်။ စင်စစ်ရုပ်ကာယ၌သုဘဟူ၍ စွဲလမ်းအောက်မေ့မှု ဝေဒနာတရား၌ သုခဟူ၍တကယ်ထင်မှတ် အောက်မေ့မှု၊သညာ၊သင်္ခါရစသော ဓမ္မသဘောအပေါင်း၌ အတ္တဟူ၍ တကယ်ထင်မှတ် အောက်မေ့မှုဟုဆိုအပ်သောမိန္ဒာသတိတို့ကို။ အကြွင်းမရှိပယ်စွန့်သော အခြင်းအရာ အားဖြင့်ဖြစ်သောကြောင့်။ လေးပါးသောသတိပဋ္ဌာန်ကိစ္စကို တပြိုင်နက်တချက်တည်းပြီးစေ၏။ ထိုကြောင့် (သတိပဋ္ဌာန်လေးပါး၏ကိစ္စ)ကိုလည်း ပြီးစေလေသည်။ ။ဤသို့လျှင် လောကုတ္တရာမဂ်ဖြစ်ခိုက်၌ပါသော သတိတရားတပါးတည်းသည်။ ပြဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း ၅စ်ပါးသော ကိစ္စကို တပြိုင်နက် တချက်တည်းပြီးစေတတ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။

၎င်းလောကုတ္တရာမဂ်ဖြစ်ခိုက်၌ဖြစ်ပေါ် ရှိကြကုန်သော စေတသိက်(၃၆)ပါးတို့တွင်၊ဝိရိယခေါ်အပ်သော စေတသိက်သည်ပါ

ရှိလေ၏။ထိုဝိရိယခေါ်အပ်သောသဘော တရားသည်၊ ရှင်းနိရောဓ သစ္စာနိဗ္ဗာန်ကိုအာရုံပြု၍အားထုတ်ခိုက်။သမ္မာဝါယာမမဂ္ဂင်္ဂစု ဝိရိယသမ္ဗောဇ္ဈင်္ဂစု၊ ဝိရိယိန္ဒြေစု၊ ဝိရိယဗလစု၊ ဝိရိယိဒ္ဓိ ပါဒ်စု၊သမ္မပ္ပဓာန်(၄)စု။ဤဆိုအပ်ပြီးသော ၉,ပါးသောတို့စု ကို တပြိုင်နက် တချက်တည်းပြီးစေ၏။ ။ပြီးပုံကို ထင်ရှားပြဦး အုံ့။ရှင်းနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။ သမ္ဗယုတ်တရား တို့ကိုရှင်းအာရုံ၌ဖြစ်စေရန်။အားထုတ်သောဝိရိယခေါ်အပ်သော ပရမတ္ထ သဘောကို။ ကောင်းစွာ အားထုတ်တတ်သောကြောင့် (သမ္မာဝါယာမ)ဟူ၍သည်းခေါ်အပ်၏။ရှင်းဝိရိယသဘောကိုပင် ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ရှာဖွေ အပ်သော ကြောင့်လည်းကောင်း၊ ရှင်းဝိရိယသည်ပင်။ နိရောဓသစ္စာနိဗ္ဗာန် ကို ရှာဖွေတတ်သောကြောင့်လည်းကောင်း ။ရှင်းဝိရိယသည်ပင် နိဗ္ဗာန်ကိုအာရုံပြုသော အားဖြင့်ရောက်၍၊ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာဝါယာမနှင့် တကွဖြစ်သော ကိလေသာတို့ကို အကြွင်းမဲ့ သတ်၍၊ဝန်ဒုက္ခမှထုတ်ဆောင်တတ်သောကြောင့်လည်းကောင်း ရှင်းလောကုတ္တရာမဂ်ဌိုရှိသောဝိရိယကို(မဂ္ဂ)ဟု ခေါ်ဆိုအပ်လေ သည်။ ဤပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ သမ္မာဝါယာမ၊ မဂ္ဂဟူ သောအမည်နှစ်ပါးကို ရအပ်သည်၏ အကြစ်ကြောင့်။ ရှင်းဝိရိယ သည်(သမ္မာ ဝါယာမမဂ္ဂင်ကိုစု)ကိုလည်းပြီးစေ၏။ ။ရှင်းနိရော ဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍။လ။ အားထုတ်တတ်သော ဝိရိယခေါ်အပ်သော ပရမတ္ထသဘောသည်သာလျှင်။နိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍သိတတ်သောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါလည်းဖြစ်၏။ နိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိကြောင်းဖြစ်သော ညီညွှတ် သောတရားအပေါင်း၏အကြောင်းအင်္ဂါလည်းဖြစ်၏။ထိုကြောင့် (ဝိရိယသမ္ဗောဇ္ဈင်ကိုစု)ကိုလည်းပြီးစေ၏။ ။ရှင်းနိရောဓသစ္စာ နိဗ္ဗာန်ကိုအာရုံ၍။လ။ အားထုတ်တတ်သောဝိရိယခေါ်အပ်သော ပရမတ္ထသဘောသည်။ဆန့်ကျင်ဘက်ဖြစ်သောအားမထုတ်တတ် ပျင်းရိတတ်သော ကိလေသာတို့ကို နှိပ်နှင်းတတ်သည်၏ အကြစ် ကြောင့်လည်းကောင်း၊ သမ္ဗယုတ်တရားတို့ကို ချီးပင့်တတ်သည်

၏အဖြစ်၌အစိုးရသည်၏အဖြစ်ကြောင့်လည်းကောင်း။(ဝိရိယဟိုဇ္ဈ
ကိစ္စ)ကိုလည်းပြီးစေ၏။ရင်းနှီးရောဝသစ္စာနှိုင့်ဒုဗာန်ကို အာရုံပြု၍။လ။
အားထုတ်တတ်သော ဝိရိယခေါ်အပ်သော ပရမတ္ထသဘောကို
ပျင်းရိခြင်းကိုဖြစ်စေတတ်သောကိလေသာတို့သည် စင်စစ်မလှုပ်
ရှားနိုင်။ထိုသို့မလှုပ်ရှားအပ်သည်၏အဖြစ်၌ တည်သည်၏ အဖြစ်
ကြောင့်။ရင်းဝိရိယကို (ဗလ)ဟု ခေါ်အပ်သည်။ ထိုကြောင့် ရင်း
ဝိရိယသည် (ဝိရိယဗလကိစ္စ) ကိုလည်းပြီးစေ၏။ ။ရင်း ဝိရိယ
သည်သာလျှင်။ အလိုရှိအပ်သော လောကုတ္တရာ မဂ်ကုသိုလ်ကို
ပြည့်စုံစေတတ်သော အကြောင်းတရားလည်းဖြစ်၏။ ထိုကြောင့်
(ဝိရိယိဒ္ဓိပါဒ်ကိစ္စ)ကိုလည်းပြီးစေ၏။ ။ရင်းနှီးရောဝသစ္စာနှိုင့်ဒုဗာန်
ကိုအာရုံပြု၍ဖြစ်သော။လ။ဝိရိယခေါ်အပ်သော ပရမတ္ထသဘော
တရားသည်သာလျှင်။ ဖြစ်ခဲ့ပြီးသောကိလေသာတို့၏ သတ္တိဟုဆို
အပ်သော နောင်ဖြစ်ပေါ်လတ္တံ့သောကိလေသာတရားတို့၏ ဖြစ်
ပေါ်ရန် အကြောင်းခံဖြစ်သော အနုသယာကိလေသာ တည်းဟူ
သော ဥပ္ပန္နအကုသိုလ်ကိုလည်းပယ်သတ်ခြင်းကိစ္စ၊ရင်းအနုသယာ
ကိလေသာတို့ကြောင့် ဖြစ်ပေါ်လတ္တံ့သော အကုသိုလ်တရားတို့
သည်လည်း။ အကြောင်းခံသတ္တိကုန်လေခြင်းကြောင့်။ တဖန်ဖြစ်
ပေါ်ရန်မရှိလေတော့ပြီ။ထိုသို့မရှိလေခြင်းကြောင့်။ဖြစ်ပေါ်မှုမရှိ
သေးသောအနုပ္ပန္နအကုသိုလ်ကိုလည်း။နောင်တဖန်ဖြစ်ပေါ်မှုမရှိ
အောင်ပြုလုပ်ခြင်းကိစ္စ။ သံသရာအဆက်ဆက်က။ ဖြစ်ပေါ်မှုမရှိ
စဘူးသော လောကုတ္တရာ မဂ်တည်းဟူသော အနုပ္ပန္နကုသိုလ်ကို
လည်းဖြစ်ပေါ်အောင်ပြုလုပ်အားထုတ်ခြင်းကိစ္စ၊သံသရာအဆက်
ဆက်က ဖြစ်ခဲ့ပြီးသော ဥပ္ပန္နကုသိုလ် ဟူ သမျှတို့ကို။ ရင်းမဂ်
ကုသိုလ်နှင့်ပေါင်းစပ်စေပြီးလျှင်။ ပွါးများစေခြင်းကို ပြုလုပ်ခြင်း
ကိစ္စ၊ တနည်း။ ဖြစ်ပေါ်သောမဂ်သည် တည်ခြင်းတည်းဟူသော
ဋ္ဌိတိကိစ္စ။ ။ဤဆိုအပ်ပြီးသော လေးပါးသော ကိစ္စတို့ကို တပြိုင်
နက်တချက်တည်းပြီးအောင် အားထုတ်တတ်သောကြောင့်။ ရင်း
ဝိရိယခေါ်အပ်သောပရမတ္ထသဘောသည်ပင်။စင်စစ် သမ္မပ္ပဓါန်
(၄)ကိစ္စကိုလည်း ပြီးစေ၏။ ။ဤသို့လျှင် လောကုတ္တရာမဂ် အ

ခိုက်ခ္ခပါရှိသော ဝိရိယသည်။ သမ္မာဝါယာမ မဂ္ဂင်ကိုစ္ခ၊ ဝိရိယ သမ္ဘောဇ္ဈင်ကိုစ္ခ ဝိရိယိဒ္ဓိပါဒ်ကိုန္ဒ၊ ဝိရိယဗလကိုစ္ခ၊ဝိရိယိန္ဒြေပါဒ်ကိုစ္ခ၊ သမ္မပ္ပဓာန် (၄) ကိုစ္ခ။ဤဆိုအပ်ပြီးသော (၉) ပါးသောကိုစ္ခကို။ တ ပြိုင်နက်တချက်တည်းပြီးစေသည်ဟုမှတ်ကြလေ။

ရင်းလောကုဗ္ဗာရာမဂိုဖြစ်ခိုက်။ ဖြစ်ပေါ် ကြကုန်သော စေတ သိက်(၃၆)ပါးတို့တွင်။ ဇကဋ္ဌတာဟုခေါ်အပ်သော စေတသိက် သဘောသည်လည်းပါရှိ၏။ ရင်းစေတသိက်ဖြစ်သော ဇကဋ္ဌတာ ဟုခေါ်ဝေါ်အပ်သော ပရမတ္ထသဘောသည်။ သမ္မာသမာဓိမဂ္ဂင် ကိုစ္ခ၊ သမာဓိသမ္ဘောဇ္ဈင်ကိုစ္ခ၊ သမာဓိန္ဒြေကိုစ္ခ။ သမာဓိဗလကိုစ္ခ။ ဤဆိုအပ်ပြီးသော ကိုစ္ခ (၄) ပါးကို တပြိုင်နက်တချက်တည်း ပြီး စေ၏။ ပြီးစေပုံကိုထင်ရှားပြဦးအုံ့။ရင်းဇကဋ္ဌတာဟုခေါ်အပ်သော ပရမတ္ထသဘောသည်။ နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍။ သမ္ပ ယုတ်တရားတို့ကို မပျံ့မလွင့်စေဘဲ ကောင်းစွာတည်စေတတ်၏ ထိုသို့မပျံ့မလွင့်ကောင်းစွာတည်စေတတ်သည်၏အဖြစ်ကြောင့် (သမ္မာသမာဓိ)ဟူသောအမည်ကိုလည်းရ၏။ ရှေးကပြဆိုအပ်ခဲ့ သောနည်းအတိုင်း။ ရာဂိုးအပ်၊ ရာဂိုးတတ်၊ ဝဋ္ဋမှထုတ်ဆောင် တတ်သည်၏အဖြစ်ကြောင့် (မဂ္ဂ)ဟူသော အမည်ကိုလည်းရ၏။ ထိုကြောင့်(သမ္မာသမာဓိမဂ္ဂင်ကိုစ္ခ)ကိုလည်းပြီးစေ၏။ ။သမာ ဓိဟူသောအမည်ကိုရသော ရင်းဇကဋ္ဌတာခေါ်အပ်သောပရမတ္ထ သဘောသည်။ ရင်း နိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိတတ် သောပုဂ္ဂိုလ်၏အကြောင်းအင်္ဂါဖြစ်သောကြောင်းလည်းကောင်း။ ရင်းနိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိကြောင်းဖြစ်သော ညှိ ညှပ်သောတရားအပေါင်း၏ဖြစ်ကြောင်းအင်္ဂါဖြစ်သည်၏အဖြစ် ကြောင့်လည်းကောင်း (သမာဓိသမ္ဘောဇ္ဈင်ကိုစ္ခ)ကိုလည်း ပြီးစေ ၏။ ။ရင်းသမာဓိအမည်ကိုရသော နိရောဓသစ္စာကို အာရုံပြု၍ ဖြစ်သောဇကဋ္ဌတာဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောသည်။ ဆန့်ကျင်ဘက်ဖြစ်သော ပျံ့လွင့်တတ်သောကိလေသာတို့ကို။ နှိပ် နင်းတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊သမ္ပယုတ်တရားတို့

ကိုမပျံ့မလွင့်တည်စေခြင်းခို အစိုးရသည်၏အဖြစ်ကြောင့်လည်း ကောင်း။ (သမာဓိနှေ့ကိစ္စ)ကိုလည်းပြီးစေ၏။ ။ရင်းသမာဓိအ မည်ကိုရသောနိုရောဓသစ္စာကိုအာရုံပြု၍ဖြစ်သော ရင်းဇောဇာ ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောကိုပင်။ ဆန့်ကျင်ဘက်ဖြစ် သော ပျံ့လွင့်စေတတ်သော ကိလေသာတရားတို့သည်။ စင်စစ် မတုန်မလှုပ်စေအပ်သည်၏ အဖြစ်ကြောင့် (ဗလ)ဟုခေါ်ဆိုအ ပ်လေသည်။ထိုကြောင့်(သမာဓိဗလ ကိစ္စ)ကိုလည်းပြီးစေ၏၊ ။ဤ သို့လျှင် လောကုတ္တရာမဂ်ခို့ရှိသောဇောဇာဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောသည်။ ပြဆိုအပ်ပြီးသော သမ္မာသမာဓိမဂ္ဂင်ကိစ္စ၊ သမာဓိသမ္မာဇာဉ်ကိစ္စ၊ သမာဓိနှေ့ကိစ္စ၊သမာဓိဗလက်စ္စ။ ဤဆို အပ်ပြီးသော (၄)ပါးသော ကိစ္စတို့ကို-တပြိုင်နက် တချက်တည်း ပြီးစေသည်၏အဖြစ်ကို ထင်ရှားသိကြလေ။ ။ရင်းနိုရောဓသစ္စာ နိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်သော လောကုတ္တရာမဂ်အခိုက်ခို့ပါရှိသော သဒ္ဓါခေါ်အပ်သော ပရမတ္ထ သဘော သည်လည်း။ မယုံကြည် တတ်သော ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့ကို။ နှိပ်နင်း တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ သမ္မယုတ်တရားတို့ ကို ကြည်လင် စေခြင်းခို အဓိုးရသည်၏ အဖြစ်ကြောင့် လည်း ကောင်း။ (သဒ္ဓိနှေ့ကိစ္စ)။ ရင်းသဒ္ဓါခေါ်အပ်သောသဘောသည် သာလျှင်။ ဆန့်ကျင်ဘက်ဖြစ်သော မကြည်ညို မယုံကြည်တတ် သောကိလေသာတို့ဖြင့်။ တုန်လှုပ်ခြင်းမရှိသည်၏ အဖြစ်ကြောင့် (သဒ္ဓါဗလကိစ္စ)။ ဤဆိုအပ်ပြီးသောကိစ္စနှစ်ပါးကိုတပြိုင်နက် တ ချက်တည်းပြီးစေ၏။

ရင်းနိုရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်သောရင်းလောကုတ္တ ရာမဂ်အခိုက်ခို့ပါရှိသော သမ္မာဝါစာခေါ်အပ်သော ဝိရတိတည်း ဟူသော ပရမတ္ထသဘောသည်။ နိုရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု သောအားဖြင့်ရောက်၍၊ နိဗ္ဗာဝါစာကိုဖြစ်စေတတ်သော ကိလေ သာတို့ကို အကြွင်းမရှိ ပယ်သတ်၍။ ဝန့်မှ ထုတ်ဆောင်တတ် သည်၏ အဖြစ်ကြောင့် (သမ္မာဝါစာမဂ္ဂင်ကိစ္စ) ကိုလည်း ပြီးစေ

ပေလသည်။ ။ရင်းမဂ်အခိုက်၌ ပါရှိသော သမ္မာကမ္မန္တ ခေါ်ဆိုအပ်သော ဝိရတိတည်း.ဟူသော ပရမတ္တ သဘောသည်လည်း။ နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရောက်၍။ မိန္ဓာကမ္မန္တအမှုကို ဖြစ်စေတတ်သော ကိလေသာတို့ကို အကြွင်းမရှိပယ်သတ်ပြီးလျှင်၊ ဝဋ်မှထုတ်ဆောင်တတ်သည်၏အဖြစ်ကြောင့် (သမ္မာကမ္မန္တမဂ္ဂင်ကိုပ)ကိုလည်းပြီးစေလေသည်။ ။ရင်းလောကုတ္တရာမဂ်အခိုက်၌ပါရှိသောသမ္မာအာဇီဝခေါ်ဆိုအပ်သောပရမတ္တသဘောသည်။ရင်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုသောအားဖြင့်ရောက်၍။ မိန္ဓာအာဇီဝကိုဖြစ်စေတတ်သော ကိလေသာတို့ကို အကြွင်းမရှိပယ်သတ်ပြီးလျှင်။ ဝဋ်မှထုတ်ဆောင်တတ်သည်၏အဖြစ်ကြောင့် (သမ္မာအာဇီဝမဂ္ဂင်ကိုပ)ကို ပြီးစေလေသည်။ ။ရင်းလောကုတ္တရာမဂ်အခိုက်၌ပါရှိသော ဝိတိခေါ်အပ်သော ပရမတ္တသဘောသည်လည်းကောင်း၊စိတ္တပဿဒ္ဓိ ကာယပဿဒ္ဓိခေါ်ဆိုအပ်သောပရမတ္တသဘောတို့သည်လည်းကောင်း။ရင်းနိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိတတ်သော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါဖြစ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ ရင်းနိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍သိကြောင်းဖြစ်သော ညိုညွတ်သောတရားအပေါင်း၏ ဖြစ်ကြောင်း အင်္ဂါ ဖြစ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ ဒိဘိ သမ္ဘောဇ္ဈင်ကိုပ၊ ပဿဒ္ဓိသမ္ဘောဇ္ဈင်ကိုပ် တို့ကို လည်း။ ဆိုင်ရာဆိုင်ရာပြီးစေကြလေသည်။ ။ရင်းလောကုတ္တရာမဂ်ဖြစ်ခိုက်၌ပါရှိသော တာ၀ေါမဇ္ဈိမတာ ခေါ်အပ်သောပရမတ္တသဘောသည်။ ရင်းနိရောဓသစ္စာနိဗ္ဗာန်အာရုံ၌၊ သမ္ပယုတ်တရား တို့ကို ယုတ်သောကိလေသာ လွန်သောကိလေသာတို့သို့ မကျမရောက်စေဘဲ။ရင်းကိလေသာတို့မှလွတ်ကင်းစေပြီးလျှင်။တဖြောင့်တည်း တည့်မတ်စွာ ကျရောက်စေတတ်သည်၏ အဖြစ်ကြောင့် (ဥပေက္ခာ)ဟူသောအမည်ကိုလည်းရ၏။ရင်းနိရောဓသစ္စာနိဗ္ဗာန်ကိုထိုးထွင်း၍သိတတ်သောအရိယာပုဂ္ဂိုလ်၏အကြောင်းအင်္ဂါ၏ အဖြစ်ကြောင့် လည်းကောင်း၊ ထိုးထွင်း၍ သိကြောင်းဖြစ်သော ညိုညွတ်သောတရားအပေါင်း၏ဖြစ်ကြောင်းအင်္ဂါ၏အဖြစ်ကြောင့်

လည်းကောင်း။ (ဗောဇ္ဈင်)ဟူသောအမည်တော်ကိုရလေသည်။ ထိုဆိုအပ်ပြီးသောအမည်နှစ်ပါးကိုရလေခြင်းကြောင့်။ရင်းတည်ဟု မဏ္ဍိုဟာ စေတသိက်သည် (ဥပေက္ခာ သမ္ဗောဇ္ဈင်ကိုပ) ကိုပြီး စေလေသည်။ ။ရင်းလောကုတ္တရာမဂ်ဖြစ်ခိုက်၌ ပါရှိသော ဆန္ဒခေါ်အပ်သော ပရမတ္ထသဘော၊ စိတ်ခေါ်အပ်သော ပရမတ္ထသဘောတို့သည်။ အလိုရှိအပ်သော လောကုတ္တရာမဂ်ကုသိုလ်ကို ပြည့်စုံစေတတ်ကုန်သော အကြောင်းတရားတို့ ဖြစ်ကုန်၏။ ထိုကြောင့် ရင်းတရားသဘောတို့သည်။ ဆိုင်ရာဆိုင်ရာ ဆန္ဒဒုပါဒ် စိတ္တိဒ္ဓိပါဒ်ကိုပ္စတို့ကိုပြီးစေကုန်၏။ ။ရင်းနှိုရောဝသစ္စာနှိဗ္ဗာန်ကို အာရုံပြု၍ လောကုတ္တရာမဂ်ဉာဏ်ဖြစ်ခိုက်၌ပါရှိသောပိတက်ခေါ်ဆိုအပ်သော ပရမတ္ထသဘောသည်၊ ရင်းနှိုရောဝသစ္စာနှိဗ္ဗာန်သို့။ သမ္ပယုတ်တရားတို့ကို ကောင်းစွာရောက်အောင် တင်တတ်သည်၏အဖြစ်ကြောင့် (သမ္ပာသက်ပ) ဟူသော အမည်ကိုလည်းရ၏။ ရှေးကပြုဆိုခဲ့ပြီးသောနည်းအတိုင်း။ ဂ္ဂါမ်းအပ်၊ဂ္ဂါမ်းတတ်၊ဝန္ဒမ္ဘထုတ်ဆောင်တတ်သည်၏ အဖြစ်ကြောင့် (မဂ္ဂ)ဟူသော အမည်ကိုလည်းရ၏။ ထိုဆိုအပ်ပြီးသော အမည်နှစ်ပါးတို့ကိုရသည်၏ အဖြစ်ကြောင့်။ ရင်းပိတက်သည် (သမ္ပာသက်ပမဂ္ဂင်ကိုပ) ကို ပြီးစေလေသည်။ ။ဤသို့လျှင်နှိုရောဝသစ္စာနှိဗ္ဗာန်ကိုအာရုံပြု၍ လောကုတ္တရာ မဂ်ဉာဏ်ဖြစ်ခိုက်။ ရင်းမဂ်ဉာဏ်သည်။ ပြဆိုအပ်ခဲ့ပြီးသော(၄၇)ပါးကုန်သော ဗောဓိပက္ခိယ တရားရတနာ တို့ဖြင့် ဆန်းကြယ်စွာတပ်ပြင်နက်တချက်တည်းဖြစ်လေ၏။

ရင်းရှေးဦးစွာဖြစ်သောမဂ်ကို သောတာပတ္တိမဂ်ဟု ခေါ်အပ်သည်။ ရင်းသောတာပတ္တိမဂ်သည် တကြိမ်တည်းသာလျှင် ဖြစ်၍ချုပ်၏။ ထိုမဂ်ချုပ်ပြီးသည်နောက်။ ရင်းမဂ်သည် မြင်အပ်သောနှိုရောဝသစ္စာနှိဗ္ဗာန်ကိုပင် အာရုံပြု၍။ ရင်းမဂ်၏အကျိုးဖြစ်သော ဖိုလ်စိတ္တုပ္ပါဒ်(၃၇)ပါးသည်၊ ဖိုလ်ဧကဝိဇ္ဇနှစ်ကြိမ်သော်လည်းကောင်း သုံးကြိမ်သော်လည်းကောင်း၊ ဖြစ်၍ချုပ်ကွယ်လေ၏။ ။ အာဘယ်ကြောင့်ဖိုလ်ဧကဝိဇ္ဇနှစ်ကြိမ်သော်လည်းကောင်း၊ သုံး

ကြောင်သော် လည်းကောင်း။ ဖြစ်လေသနည်းဟူမူ။ ရင်းမဂ္ဂဝိထိဒ္ဓ။ ရင်းမဂ်စိတ်မဖြစ်မှီ ရှေးအာဘိုက။ရင်းနှိုရောဓသစ္စာကို အာရုံပြု၍။ ဂေါတြဘူဧာတကြောင်၊ ရင်းဂေါတြဘူ၏ရှေက၊ သခါရကိုအာရုံပြု၍ မနွှယ်ပုဂ္ဂိုလ်ဖြစ်အုံ့။ ပရိတ်ဥပစာ၊အနုလုံဟူ၍ ကာမဧာသုံးကြောင်။ အကယ်၍ တိကဋ္ဌပုဂ္ဂိုလ်ဖြစ်အုံ့။ ဥပစာ၊ အနုလုံဟူ၍ ကာမဧာနှစ်ကြောင်ဖြစ်၍ချုပ်ခဲ့၏။ ထိုကြောင့် မနွှယ်ပုဂ္ဂိုလ်အား ပရိကံ၊ဥပစာ အနုလုံခေါ်အပ်သောသခါရအာရုံရှိသောကာမဧာသုံးကြောင်နှိုရောဓသစ္စာနှိုဗ္ဗာန်ကိုအာရုံပြုသောဂေါတြဘူခေါ်အပ်သောကာမဧာတကြောင်၊ ရင်းနှိုရောဓသစ္စာနှိုဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သော လောကုတ္တရာမဂ်ဧာတကြောင်၊ ဤသို့လျှင် ဧာဝေါ်ကြောင်ပြည့်လေသောကြောင့်။ဧာဝနှစ်ကြောင်ပြည့်ရန် နှစ်ကြောင်သာလျှင် လိုတော့သည်ဖြစ်၍၊ ဖိလ်ဧာနှစ်ကြောင်ဖြစ်လေသည်။ ။တိကဋ္ဌ ပုဂ္ဂိုလ်ဌမူကား။ပရိကံခေါ်အပ်သောကာမဧာတကြောင်ယုတ်သည်၏အကြောင်း။ ဖိလ်ဧာသုံးကြောင်ဖြစ်ရလေသည်။ ထိုကြောင့် ဖိလ်ဧာနှစ်ကြောင်သော်ရင်း။သုံးကြောင်သော်ရင်း။ဖြစ်၍ချုပ်လေ၏ဟုဆိုလေသည်။ထိုဖိလ်ဧာတို့ချုပ်ပြီးနောက်။ရင်းနှိုရောဓသစ္စာကိုအာရုံပြုတတ်သော လောကုတ္တရာ စိတ်အစဉ်သည်ကွယ်လေ၏။ ဘဝင်စိတ်အစဉ်သာဖြစ်လေတော့၏။ ထိုဘဝင်စိတ်အစဉ်ဖြစ်ပြီးနေ၌။ ပဋ္ဌဝေဒနာဧာတို့သည် ကျကုန်၏။ ။ကျပုံကိုထင်စွာပြဦးအုံ့။ မဂ်ဖြင့်မြင်အပ်ပြီးသော နှိုရောဓသစ္စာနှိုဗ္ဗာန်ကိုပင်အာရုံပြု၍။ ဤမြင်အပ်ပြီးသော သဘောတရားသည်။ စင်စစ် မဖြစ်၊ မပျက်ဘဲ တည်ရှိသော သဘောတရားပေတည်းဟု အောက်မေ့တွေးတော ဆင်ခြင်လိုက်၏။ ထိုအခါနှိုဗ္ဗာန်ကို အာရုံပြု၍ ဆင်ခြင်သော ပဋ္ဌဝေဒနာဝိထိဧာဖြစ်၏။ ။ဩော်ရှေးရှေးဘ မမြင်စဘူး၊ မသိစဘူးသော မဖြစ်၊မပျက်သောသဘောကို။ ထင်လင်းစွာမြင်တတ်သောဉာဏ်အမြင်သို့ရောက်ပေပြီဟု ဆင်ခြင်အောက်မေ့လိုက်၏။ ထိုအခါမဂ်ကိုဆင်ခြင်သောပဋ္ဌဝေဒနာဝိထိဧာဖြစ်၏။ ။ယခုမူကား ရှေးရှေးကမမြင်စဘူး၊ မသိစဘူးသော မဖြစ်၊ မပျက်သော သဘောနှိုဗ္ဗာန်ကို။ မြင်ပြီး၊သိပြီးသော ဉာဏ်အမြစ်ကို ရပေပြီဟု

တွေးတောအော်မေ့ဆင်ခြင်လိုက်၏။ ထိုအခါ မဂ်၏အကျိုး ဖိုလ်ကိုဆင်ခြင်သော ပဋိပေကွာဏာဝိထိဧာဖြစ်၏။ ။ယခုအခါ အခြင်မှားမှု၊ ယုံမှားမှုစသော တရားတို့သည် မရှိလေပြီ၊ ကုန်လေပြီဟု တွေးတောဆင်ခြင်လိုက်၏။ ထိုအခါပယ်သောကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝိထိဧာဖြစ်၏။ ။ထိုမှတပါးသော ကိလေသာတို့သည် ကျန်သေး၏ဟု တွေးတောဆင်ခြင်လိုက်၏။ ထိုအခါ ကျန်သောကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝိထိဧာဖြစ်၏။ ။ဤသို့ဆင်ခြင်ပြီးသော သောတာပန်အဖြစ်သို့ရောက်ပြီးသော ပုဂ္ဂိုလ်သည်။ ဘယ်အခါကာလ၌မဆို။ နိဗ္ဗာန်သစ္စာနိဗ္ဗာန်၌လည်းကောင်း၊ မိမိရအပ်ပြီးသောမဂ်၌လည်းကောင်း ဖိုလ်၌လည်းကောင်း၊ တွေးတောယုံမှားခြင်းမရှိလေပြီ။ မကြာမကြာ။ ၎င်းရအပ်ပြီးသော မဂ်တရား၊ ဖိုလ်တရားတို့ကို ဆင်ခြင်၍ ရှင်လန်း ဝမ်းမြောက်သော စိတ်အစဉ် သည်သာလျှင် ဖြစ်လေတော့၏။ ၎င်းမဂ်ဖြစ်ခိုက်၌နိဗ္ဗာန်သစ္စာနိဗ္ဗာန်သဘောကိုမြင်တွေ့ရပုံကိုလည်း။ သူတပါးတို့အား ပြန်၍မပြောတတ်သလောက် နေ၏။ ထင်လင်းစွာတွေ့ကြုံလိုက်ရသည်ဟူ၍သာ ပြောရလေတော့၏ဟုမှတ်ကြလေ။

၎င်းနိဗ္ဗာန်သစ္စာကိုရှေးဦးစွာမြင်သောမဂ်ကို(သောတာပတ္တိမဂ်)ဟုခေါ်ဆိုအပ်လေသည်။ ၎င်းမဂ်အခိုက်၌။ နိဗ္ဗာန် ၀ိစိကိစ္ဆာစသော ကိလေသာတို့သည် ကုန်ဆဲဖြစ်၍။ ဖိုလ်အခိုက်သို့ ရောက်လျှင်။ ၎င်းကိလေသာတို့သည်ကုန်ပြီး၍။ မရှိခြင်းဟုဆို အပ်သော အဘာဝ၀ပညတ်အဖြစ်သို့သာရောက်လေတော့၏။ ထိုကိလေသာတည်းဟူသောအကြောင်းတရားတို့မရှိလေခြင်းကြောင့်။ အပါယ်၌ဖြစ်လတံ့သော ခန္ဓာတည်းဟူသော၀ဋ်ဒုက္ခ၊ကာမသုဂတိ ခုနစ်ကုံ၌ခုနစ်ဘ၀အထက်၌ ဖြစ်လတံ့သော ၀ဋ်ဒုက္ခဟူသမျှတို့သည်လည်းအကြွင်းအကျန်မရှိကုန်ခန်းလေ၍။ နေ၀င်တဝန်ဖြစ်ပေါ်ခြင်းသို့မရောက်တဲ့ ကွယ်လေတော့၏။ ထိုသို့ ကွယ်လေခြင်းကြောင့်။ အခါခပ်သိမ်း ၎င်းခန္ဓာ၀ဋ်ဒုက္ခတို့သည်မရှိသည်၏အဖြစ်ဟု ဆို

အပ်သော အဘာဝပညတ်သို့သာ ရောက်လေတော့၏ဟုမှတ်ကြ လေ။ ။ဂုဏ်းကိလေသာခန္ဓာတို့၏မရှိခြင်းတည်းဟူသော အဘာဝပညတ်သည်၊စင်စစ်မဂ်၏အာရုံဖြစ်သောနိဗ္ဗာန်မဟုတ်အဘာဝပညတ်သာလျှင်တည်း။မဂ်၏အာရုံဖြစ်သောနိဗ္ဗာန်မူကား။ မဖြစ်ပေါ်သောလက္ခဏာ၊မပျက်စီးသော သဘောလက္ခဏာအားဖြင့် ထင်ရှားတည်ရှိသော ကိလေသာ၊ခန္ဓာတို့မှ လွတ်နေသော ပရမတ္ထအားဖြင့်ထင်ရှားရှိနေသော သဘောပေတည်းဟု သေချာစွာ မှတ်သား၍ အာရုံပြုကြလေ။ ။ဤတွင် ဘုရားဂုဏ်တော် တို့ကို အကြောင်းခံပြီးလျှင်။ အကြောင်းသမုဒယ၊ အကျိုးဒုက္ခတရားတို့ကို သုံးသပ်ဆင်ခြင်ပြီးလျှင်။နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍မြင်ခြင်းကြောင့်။သောတာပန်ဖြစ်ပုံကို ပြဆိုအပ်သောအခေါ်းပြီး၏။

သောတာပန်ဖြစ်ပြီးသောပုဂ္ဂိုလ်သည် ရှေးဦးပြဆိုအပ်ပြီးသော နည်းအတိုင်း။ အကြောင်းသမုဒယ၊အကျိုးဒုက္ခတရားတို့ကို သုံးသပ်ပြန်၍၊ နိရောဓသစ္စာနိဗ္ဗာန်သို့ စေလွှတ်ဖန်မျှားလတ်သော်၊ ဒုတိယတာကြိမ် ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို ထင်ထင်လင်းလင်းဒိဋ္ဌမျက်မှောက်တွေ့ကြုံဆိုက်ရောက်ပြန်လေ၏။ ထိုသို့ဆိုက်ရောက်သောအခါ သကဒါဂါမိမဂ်သို့ရောက်ပြန်လေ၏။ ၎င်းမဂ်ကြောင့် ရုန်းရင်းသော ကာမရာဂ၊ဗျာပါဒတရားတို့သည် ကုန်ခန်း၍။သကဒါဂါမိဖိုလ်သို့ရောက်သောအခါ။ဘာမျှမရှိသည်၏အဖြစ်ဟူဆိုအပ်သောအဘာဝပညတ်သို့ရောက်လေ၏။ ။ထိုနောက်တဖန် သုံးသပ်ပြန်၍၊ နိရောဓသစ္စာနိဗ္ဗာန်သို့စေလွှတ်ဖန်မျှားလတ်သော်။တတိယတာကြိမ်၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို၊ ထင်ထင်လင်းလင်းဒိဋ္ဌမျက်မှောက်တွေ့ကြုံဆိုက်ရောက်ပြန်လေ၏။ ထိုသို့ဆိုက်ရောက်သောအခါ။ အနာဂါမိမဂ်သို့ရောက်ပြန်လေ၏။ ၎င်းအနာဂါမိ မဂ်ကြောင့် သိမ်မွေ့သော ကာမရာဂ၊ ဗျာပါဒတရားတို့သည် ကုန်ခန်း၍၊ အနာဂါမိဖိုလ်သို့ရောက်သောအခါ။။ဘာမျှမရှိသည်၏အဖြစ်ဟူဆိုအပ်သောအဘာဝပညတ်သို့ရောက်လေ၏။ ။ထိုနောက်တဖန် ၎င်းအကြောင်းသမုဒယ၊အကျိုးဒုက္ခတရားတို့ကို။ ရှေးနည်းအတိုင်း သုံးသပ်ပြန်၍

နိရောဓ သစ္စာနိဗ္ဗာန်သို့ စေလွှတ်ဖန် မျှားလတ်သော်။စတုတ္ထ ဘာ ကြောင့် ၎င်းနိရောဓ သစ္စာနိဗ္ဗာန်ကို ထင်ထင် လင်းလင်း ဒိဋ္ဌမျက် မြောက်ဝေ့ကြုံဆိုက်ရောက် မြင်ပြန်လေ၏။ ထိုသို့ဆိုက်ရောက်၍ မြင်သောအခါ၊အရဟတ္တမဂ်သို့ရောက်လေ၏၊ ၎င်းအရဟတ္တမဂ် ကြောင့်။ ရူပရာဂ၊အရူပရာဂ၊မာန ဥဒ္ဓစ္စ၊အဝိဇ္ဇာစသော ကိလေ သာ ဟူသမျှဘို့သည်။ အကြွင်း အကျန်မရှိဘဲ ကုန်ခန်းဆဲဖြစ်ပြီး လျှင်။အရဟတ္တဖိုလ်သို့ ရောက်သောအခါ။ ဘာမျှမရှိသည်၏အ ဖြစ်ဟု ဆိုအပ်သောအဘာဝပညတ်သို့သာ ရောက်လေတော့၏။

၎င်း အဘာဝ အဖြစ်သို့ ရောက်သော ကိလေသာ ဟူသမျှ သည်။ကိန္တအားဖြင့်ပယ်အပ်သောပဟာတဇ္ဇကိန္နဖြစ်၏။ ၎င်းကို ကုန်ခန်းစေတတ်သောမဂ်သည်။ ဂ်စ္စအားဖြင့်ပွါးအပ်သောဘာ ဝိတဇ္ဇကိန္နဖြစ်၏။ ၎င်းပဟာ၊တဇ္ဇကိန္နဖြစ်သော ကိလေသာတို့ကို ကုန်ခန်းစေတတ်သော ဘာဝိတဇ္ဇကိန္နဖြစ်သောမဂ်၏ အာရုံဖြစ် သော အသင်္ခတဓါတ်ဟု ဆိုအပ်သော နိရောဓသစ္စာနိဗ္ဗာန်သည် ကိန္နအားဖြင့် ဒိဋ္ဌမျက်မြောက် မြင်အပ်သော သန္ဓိကာတဇ္ဇကိန္ဓ ဖြစ်၏။ သံသရာ၊အဆက်ဆက်၌ ပြေတ်ပယ်ပ ဖြစ် ပျက်နေသော ဒုက္ခသစ္စာတရားသည်။ ကိန္နအားဖြင့် ပိုင်းခြား၍သိအပ်သော ပ ရိညေယျကိန္နဖြစ်၏။ ။ထိုကြောင့် ရှေးဦးစွာ ပရိညေယျကိန္နဖြစ် သောဒုက္ခသစ္စာတရားကို။အနိန္ဒစသောအခြင်းအရာအားဖြင့်။အ ဝန်ဝန်သုံးသပ်ဖန် မျှားလတ်သော်။ ၎င်းတရားဟို့၏ အပြစ်ကိုမြင် လေ၏။ ။ထိုသို့ မြင်ပြီးမှ၊ ၎င်းတို့၏ ဖြစ်ကြောင်းကို ရှာလတ် သော်၊ ဖြစ်ကြောင်းဖြစ်သော သမုဒယာသစ္စာကိုမြင်လေ၏။ ။ထို ဖြစ်ကြောင်း ဖြစ်သော သမုဒယသစ္စာနှင့်။ အကျိုးဖြစ်သော ဒုက္ခ သစ္စာတရားတို့သည်သာလျှင်။ အစ္ဆရိယသန္ဓာန်ဌာနလည်း မပြတ်မ လပ်ဖြစ်ပေါ်၍၊ ပျက်စီးခြင်းတရား၏ အနိုင်စက်ကိုသာလျှင် ခံရ ကြပြီးလျှင် ကွယ်ကြ လေကုန်၏။ ။သူတပါးဟု ဆိုအပ်သော ဗဟိဒ္ဓ သန္ဓာန်ဌာလည်း။ ၎င်းအကြောင်း၊ အကျိုးဖြစ်သော သမု ဒယာ၊ဒုက္ခတရားတို့သည်သာလျှင်။ ဖြစ်ပေါ်ကြ၍ပျက်စီးခြင်း တ

ရား၏ အနိုင်စက်ကိုသားလျှင် ခံကြရပြီးလျှင်။ ကွယ်ကြလေကုန်၏။ ။အစမထင်သံသရာ အဆက်ဆက်ခ္ခဖြစ်ပြီး၍။ ပျက်စီးခြင်းတရား၏ အနိုင်စက်ကို ခံပြီးလျှင်။ ကွယ် ကြ ကုန် သော တရားရုလည်း။ ၎င်းအကြောင်း၊ အကျိုးဖြစ်သော သမုဒယ၊ဒုက္ခတရားရုသာဖြစ်၏။ ။ယခုဖြစ်ဆဲဘဝခ္ခ်ိန်လည်း။ ၎င်းအကြောင်း၊ အကျိုးဖြစ်သော သမုဒယ ဒုက္ခတရားရုသာလျှင်ဖြစ်ပေါ်၍။ ပျက်စီးခြင်းတရား၏ အနိုင်စက်ကိုခံရပြီးလျှင် ကွယ်ပျောက်ဆဲဖြစ်ပေ၏။ ။ နောင်ကိုဆက်သွယ်၍ဖြစ်ပေါ်လတ္တံ့သောတရားရုလည်း။ တခြားမဟုတ်။ ၎င်းအကြောင်း၊အကျိုးဖြစ်သောသမုဒယ၊ဒုက္ခတရားတို့သာလျှင်ကတည်းဟု။ ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်ပေါ်လတံ့သော အကြောင်း၊အကျိုးအဆက်ဆက်ဝဋ်ဒုက္ခတရားတို့ကို။ အဖန်ဖန်သုံးသပ်၍ ၎င်းတို့၏အပြစ်တွေ့ကိုမြင်ပြီးလျှင်။ ၎င်းတရားတို့၌အလွန်ငြီးငွေ့လျက်။ သွတ်လိုသောဆန္ဒဖြင့်။ ၎င်းတို့မှလွတ်ရာသဘောကိုရှာလတ်သော်။တခြားတရားကိုမမြင်ဘဲ၎င်းဖြစ်ပေါ်မှုမရှိသော အကြောင်း၊အကျိုး ဝဋ်ဒုက္ခတို့နှင့် ဆန့်ကျင်ဘက်ဖြစ်လျက်တည်သောမဖြစ်ပေါ်သော လက္ခဏာရှိသောအသင်္ခါတခါတ်ဖြစ်သော မပျက်မစီးသောသဘောကိုအာရုံပြု၍။လောကိဉာဏ်ဖြင့်ထောက်ဆသောအားဖြင့်သိလေ၏။ ။ထိုသို့ လောကိဉာဏ်ဖြင့်သိ၍ အဖန်ဖန်အာရုံပြုလတ်သော်၊ဉာဏ်သည်ရင့်၍မဂ်ဖြစ်ထိုက်သောအခါ။၎င်းနိဗ္ဗာန်ကိုမျက်မှောက်ဒိဋ္ဌထင်ထင်လင်းလင်းတွေ့မြင်ခြင်းသို့ ရောက်လေ၏။

ထိုသို့တွေ့မြင်သောအခါ၊ အာရုံဖြစ်သော မဖြစ်၊မပျက်သော သဘောအသင်္ခါတခါတ်သည် နိဗ္ဗာန်ဖြစ်၏။ ။၎င်းနိဗ္ဗာန်သည်ရှိခြင်းချိသိအပ်သော ဒုက္ခကိုလည်း ရှိခြင်းချိသိ၏။ ပယ်အပ်သောကိုးဖြစ်သော ကိလေသာကိုလည်း။ ပယ်စွန့်ခြင်းကို ပြု၏။ ၎င်းပယ်စွန့်အပ်သော ကိလေသာကိုလည်း။ ပယ်စွန့်ဆဲ၌ပင် သိခြင်းကိုးကိုလည်းပြီးစေ၏။ မျက်မှောက် ပြုအပ်သော သန္တိကာ

တဘွဲဖြစ်သော နိရောဓသစ္စာကိုလည်း။ မျက်မှောက်ပြုသောအားဖြင့် မတွေ့မဝေသိ၏။ ဘာဝိတဘွဲက်စ္ဆ ဖြစ်သော မဂ္ဂဘာဝနာကိုလည်း။ဖြစ်လည်းဖြစ်စေ၏။ သိလည်းသိ၏။ ဤသို့လျှင်လောကုတ္တရာမဂ်သည် တကြိမ်တည်း ဖြစ်လျက်။ ကိစ္စလေးချက်စလုံးတို့ကို တပြိုင်နက် တချက်တည်းပြီးစေပြီးလျှင် ချုပ်ကွယ် လေတော့၏။ ထိုမဂ်သည်ကွယ်လေငြားသော်လည်း။ဂင်းမဂ်ပြုအပ်သောကိစ္စမှ ကား။ အခါခပ်သိမ်းထင်ရှားသည်သာတည်း။ ထင်ရှားပုံကို ထင်စွာပြဦးအုံ့။ ဂင်းမဂ်ရှိင်းခြားမ၊ သိအပ်ပြီးသော ဒုက္ခသစ္စာတရားသည်လည်း။ထိုမဂ်ဖြစ်ပြီးသောပုဂ္ဂိုလ်ဏဿ ဘဝနိဗ္ဗာန်။ အာရုံပြုတိုင်းပြုတိုင်း ထင်ရှားလေတော့သည်သာလျှင်တည်း။ အာရုံဖြစ်သော နိရောဓသစ္စာ၌လည်း တွေ့ဝေမှုကင်းလျက်၊ အခါခပ်သိမ်းအလိုရှိတိုင်းရှိတိုင်းအာရုံပြု၍ မတွေ့မဝေ သိလေတော့၏။ ဖြစ်ပြီးသော မဂ်ကိုလည်းအာရုံပြု၍ ဆင်ခြင်အပ်တိုင်း ဆင်ခြင်အပ်တိုင်း ၆၆ သန္တာန်၌ဖြစ်ဘူးသည်ကို မတွေ့မပေသိလေတော့၏။ ဂင်းမဂ်ပယ်ပြီးသော ကိလေသာ ဟူသမျှတို့သည်လည်း။ ဘယ်နံရောအခါမှ ပေါ်လာတော့သည်မဟုတ်။ စင်စစ်ပေါ် ခြင်းမရှိဘဲ ကုန်ခန်းလေပြီးလျှင်။အဘာဝအဖြစ်သို့သာရောက်လေတော့၏။ ဤသို့လျှင်မဂ်သည် ကွယ်လေငြားသော်လည်း။ဂင်းမဂ်ပြုအပ်သော ကိစ္စတို့မှ ကား ထင်ရှားလေသည်သာတည်းဟုမှတ်ကြလေ။ ။ဂင်းမဂ်ပယ်အပ်သောကိုလေသာတို့သည်။စင်စစ်မရှိခြင်းအဘာဝသို့ရောက်သည်၏ အဖြစ်ကို။ ဤတိုဝတ် အဋ္ဌကထာရှင်သည်။ ။ရာ ဂ ကွ ယောတိ ရာဂသာ ခယော ဒိဏာကာရော အဘာဝေါ။ ။ဟူ၍ ဓိဋ္ဌာန်ပြု။ ။ရာဂကွယောတိ ရာဂကွယောဟူသည်ကား။ ရာဂသာ၊ တပ်မက်မောတတ်သော သဘောဖြစ်သောရာဂ၏။ ခယော၊ကုန်ခြင်းသည်။ ဒိဏာကာရော၊ကုန်သောအခြင်းအရာသည်။ အဘာဝေါ၊မရှိခြင်းသည်။ဟောတိ၊ဖြစ်၏။ ။ဤသို့ပြုဆိုအပ်သောပါဠိတို့တွင်(အဘာဝေါ)ဟူသောပါဠိကိုထောက်၍။ကုန်သောကိုလေသာတို့၏ စင်စစ် မရှိခြင်းအဘာဝသို့ရောက်သည်ကို ထင်ရှားသိကြလေ။ ။ဤ(ရာဂကွယော)ဟူသောပါဠိသည်။ ဒိုဗ္ဘာန်ကိုလည်း

ဟောဂ္ဂါ။ အရဟာဇ္ဇာဖိုလ်ကိုလည်းဟောဂ္ဂါ။ ရာဂ တည်းဟူသော ကိလေသာတို့၏ကုန်ကာမတ္တာ၊ မရှိကားမတ္တာကိုလည်းဟောဂ္ဂါ။ ထိုသို့ဟောရာတွင်။ အကယ်၍(ရာဂကင္ခယော) ဟူသော ပါဠိသည် အသင်္ခတခါတ်နိဗ္ဗာန်ကိုသာ ဟောခဲ့သည်ဖြစ်အုံ့။(ရာဂကင္ခယော၊ ရာဂကုန်ကြောင်း)ဟုအနက်သိအောင်မြန်မာပြန်ဆိုရာ၏။ (ရာဂ ကုန်ခြင်း)ဟူ၍မြန်မာပြန်ဆိုမှုကိုမပြုရာ။ အဘယ်ကြောင့်နည်းဆို သော်။အသင်္ခတခါတ်၌ ပြကတော့မူလကိုက။ သင်္ခတခါတ်နှင့် မ ရောမယှက် သက်သက်လွတ်နေသောတရားမျိုး၏ အဖြစ်ကြောင့် လည်းကောင်း။ သင်္ခတတည်းဟူသောကိလေသာတို့သည်။ မူလ နဂိုရင်းကမရှိသည်၏အဖြစ်ကြောင့်လည်းကောင်း။ကုန်စရာမရှိလေ ပြီ။ ထိုကြောင့်(ကိ)လေသာကုန်ခြင်း)ဟူ၍ မြန်မာပြန်ကို မပြုအပ် လေ ပြီ ဟု မှတ် ကြ လေ။ ။စင်စစ် (ကိလေသာ ကုန်ကြောင်း) ဟူ၍သာပြန်ရာ၏။ ထိုသို့ပြန်မှ အသင်္ခတ၏ အနက်သဘာဝဆွဲကို ဟုတ်တိုင်းမှန်စွာသိလိမ့်မည်။ အဘယ်ကြောင့်ဆိုသော်။ ဂင်းအ သင်္ခတခါတ် နိဗ္ဗာန်သဘောကို။ သင်္ခတသဘော ဖြစ်သော မဂ် သည် မြိုစွာအာဂုံပြု၍။ သင်္ခတ သဘောဖြစ်သော ကိလေသာတို့ ကို ကုန်ခန်းစေလေသည်။ထိုမဂ်ကြောင့် ကုန်ခန်းသော သင်္ခတကိ လေသာတို့မရှိမှုသည်၊မဂ်၏အာဂုံဖြစ်သော သဒ္ဓါကာတဇ္ဇတရား နိရောဓသစ္စာ နိဗ္ဗာန် သဘောမဟုတ်ပေ။ ဂင်းနိရောဓသစ္စာကိုအ ကြောင်းခံ၍ကုန်ခန်းရသော ကိလေသာတည်းဟူသော သမုဒယ သစ္စာ ပဟာတဇ္ဇတရားသာလျှင် ဇကနဖြစ်လေသည်။ ။ထိုကိ လေသာတို့၏ကုန်ခန်းမှုသည် ပရမတ္ထသဘောလည်းမဟုတ်။ စစ် စစ် ကိလေသာတို့၏မရှိမှု အဘာဝပညတ် သာလျှင်တည်း။ ထို ကြောင့် ဂင်းကိလေသာတို့၏ မရှိမှုသည်။ နိရောဓသစ္စာနိဗ္ဗာန် မ ဟုတ်။စင်စစ်နိရောဓသစ္စာနိဗ္ဗာန်သည်၊ပရမတ္ထအားဖြင့်ထင်ရှားရှိ နေသောဖြစ်ပေါ်နှင့်ဆန့်ကျင်ဘက်ဖြစ်သောမဖြစ်ပေါ်မှုလက္ခဏာ ရှိသောမပျက်စီးသောသဘောပေတည်း။ ။ထိုတရားသည်သင်္ခ တတရားတို့ရှိစဉ်ကပင်။ပဋိပက္ခအားဖြင့် ထင်ရှားရှိနေသည်သာ တည်း ထိုသို့ရှိနေခြင်းကြောင့်၊ သင်္ခတဒေါသကိုဖြင်လျှင်။ ဂင်း၏

ဆန့်ကျင်ဘက်ဖြစ်သောအသံတဝါတ်ကိုအာရုံပြု၍မဂ်ဉာဏ်ဖြင့် ရောက်ကြရလေသည်။ ထိုသို့ရောက်ခြင်းကြောင့် ကိလေသာတို့ သည်ကုန်ခန်းရလေသည်။ထိုကြောင့်အသံတဝါတ်နိုရောဓသစ္စာ နိုဇ္ဇာန်သည်။ကိလေသာတို့၏ ကုန်ကြောင်းသာ ဂေါနိအမှန်ဖြစ်ပေ၏။ထိုကြောင့် (ရာဂကုန်ကြောင်း)ဟူ၍သာလျှင် မြန်မာပြန် ရာ၏။ (ရာဂကုန်ခြင်း)ဟူ၍မြန်မာမပြန်ရာ။ (ရာဂကုန်ကြောင်း)ဟုမြန်မာ ပြန်မှသာလျှင်။ ပါဠိတော၏ အဋ္ဌကထာဂျင်တို့၏ အယူနှင့်လည်း လျော်ညီ၍။ ဟုတ်မှန်သောအနက်သဘာဝဆိုကို ဂေါနိသိကြလိမ့် မည်။ထိုကြောင့်(ရာဂကုန်ကြောင်း)ဟူ၍ မြန်မာပြန်ဆိုရာ၏။ရာဂ ကုန်ကြောင်း ဖြစ်သော သဘောတရားသည် သာလျှင်။ ဂေါနိ နိုရောဓသစ္စာနိုဇ္ဇာန် ဖြစ်၏ဟုမှတ်။ ။ထိုသို့ မှတ်စေလိုတော် မူ သော သမ္မောဟာပိနောဒနီအဋ္ဌကထာဂျင်သည်။အာယာတနုပိဘင်း အာဘွင့် နံပါတ်(၄၄)မျက်နှာ၌။ ။ယသ္မာပနေတံ အာဂမ္မရာဂါဒ ယောဒိယန္တိ။တသ္မာ ရာဂဗ္ဗယော ဒေါသဗ္ဗယော မောဟဗ္ဗ ယောတိဝုတ္တံ။ အယမေတ္ထ အာစရိယာနံ သမာနဇ္ဈာကထာ။ ။ဟူ ၍မိန့်ဆိုလေပြီ။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ယသ္မာ ပန၊ အကြင်ကြောင့်ကား။ ဂေတံ၊ ထိုအသံတဝါတ် နိုရောဓ သစ္စာ နိုဇ္ဇာန်ကို။ အာဂမ္မ၊ စွဲ၍။ ဝါ၊မဂ်ဖြင့်ရောက်၍။ ရာဂါဒယော၊ရာဂ အစရှိသော ကိလေသာတို့သည်။ဒိယန္တိ၊ကုန်လေကုန်၏။ တသ္မာ ထိုသို့ရာဂအစရှိသည်ဘို့၏ကုန်ကြောင်း၏ အဖြစ်ကြောင့်၊ရာဂဗ္ဗ ယော ဒေါသဗ္ဗယော မောဟဗ္ဗယောတိ၊ ရာဂဗ္ဗယော၊ ဒေါ သဗ္ဗယော၊ မောဟဗ္ဗယောဟူ၍။ ဝါ၊ ရာဂကုန်ကြောင်း၊ ဒေါ သ ကုန်ကြောင်း၊ မောဟ ကုန်ကြောင်း ဟူ၍။ ဝုတ္တံ ဆိုအပ် သည်။ဟောတိ၊ဖြစ်၏။အယံ၊ဤဆိုအပ်ပြီးသည်ကား။ ဇ္ဈေ၊ ဤအ သံတဝါတ်နိုဇ္ဇာန်ကိုဆိုရာ၌။ အာစရိယာနံ၊အဋ္ဌကထာဆရာတို့ ၏။သမာနဇ္ဈာကထာ၊တူသည်သာလျှင်ဖြစ်သော အဆိုးအဖြတ် စ ကားပေတည်း။ဤသို့ပြုဆိုအပ်သော အဋ္ဌကထာကိုထောံ၍လည်း ရာဂစသောကိလေသာတို့၏ကုန်ကြောင်းတရားကို သာလျှင်။စင် စစ်နိုရောဓသစ္စာနိုဇ္ဇာန်ဟုပြုဆိုအပ်သည်ကိုထင်ရှားသိကြလေ။

ဤအဋ္ဌကထာဖြင့်သာသိရသည်မဟုတ်သေး။ ဘုရားရှင်သည်လည်း။ ။ဧဝံ အရိဋ္ဌာဝစ တဏှာဝစ ဟံအာဂမ္မ တမ္ပိဒိဏံ တမ္ပိ ဘဂ္ဂံ။ ။ဟူ၍ဟောတော်မူသည်ကိုထောံ၍လည်း သိလေဦး။ ။ဧဝံ၊ ဤသို့။ အရိဋ္ဌာဝစ၊ ဟုတ်မှန်သောသဘောကို မသိတတ်သော အရိဋ္ဌာသည်လည်းကောင်း။ တဏှာဝစ၊တွယ်တာတတ်သော တဏှာသည်လည်းကောင်း။ တံ၊ ထိုအသင်္ခါတ် နိုရောဓ သစ္စာ နိဗ္ဗာန်ကို။အာဂမ္မ ခွဲ၍။ဝါ အာရုံပြုသောအားဖြင့်ရောက်၍။ တမ္ပိ၊ ထိုနိဗ္ဗာန်ကြောင့်။ဒိဏံ ကုန်လေပြီ။တမ္ပိ ထိုနိဗ္ဗာန်ကြောင့်။ ဘဂ္ဂံ ။ ကျိုးပျက်လေပြီ။ ။ဤသို့ဟောတော်မူသည်ကိုထောက်၍ အဝိဇ္ဇာစသော ဘိလေသာတို့၏ ကုန်ကြောင်း ဖြစ်သော သဘောကိုသာ လျှင်။စင်စစ်နိုရောဓသစ္စာအသင်္ခါတ်ဟုသိစေတော်မူသည်၏ အဖြစ်၊ရာဂစသည်တို့၏ကုန်ခြင်းသည်။စင်စစ်နိုရောဓသစ္စာနိဗ္ဗာန် မဟုတ် ဟူသောအနက်ကို သိစေတော်မူသည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ။ရင်း(ရာဂကျွမယော)ဟူသော ပါဠိသည်။ အဘယ်၍အရဟတ္တမဂ်လိုက်သာလျှင် ဟောခဲ့သည်ဖြစ်အံ့။ ထိုအခါ(ရာဂကျွမယော)ဟူသောပါဠိ၏ အနက်သိကြောင်းမြန်မာပြန်ကို (ရာဂကုန်ရာ)ဟူ၍ပြန်ဆိုရာ၏။ထိုသို့ပြန်ဆိုမှလည်း။ အဋ္ဌကထာနှင့်ညီညွတ်၍ ဟုတ်မှန်သော အနက်သဘာဝဆွကို ဂေါ့နိသိကြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော်။ ရာဂတို့၏ ကုန်ရာသဘောသည်သာလျှင် စင်စစ်အရဟတ္တမဂ်ဖြစ်ခြင်းကြောင့်တည်း။ထိုသို့ဖြစ်ကြောင်းကို ထင်ရှား သိစေတော်မူလိုသော အဋ္ဌကထာရှင်သည်။အာယတနုပါဘင်းအဘွင့်၌။ ။ရာဂါဒိနံ ခိဏာနေ ဥပ္ပန္နတ္တာ အရဟတ္တံ ရာဂကျွယော ဒေါသကျွယော မောဟကျွ ယောတိ ဝုစ္စတိ။ ။ဟူ၍ မိန့်ဆိုလေပြီ။ ။မြန်မာပြန် အနက်သိကြောင်းကား။ ။ရာဂါဒိနံ၊ တပ်တတ်သော ရာဂ အစ ရှိသည်တို့၏။ ခိဏာနေ၊ ကုန် သော အခိုး၌။ ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ အရဟတ္တံ၊ အရဟတ္တမဂ်လိုက်။ရာဂကျွယော၊ဒေါသကျွ ယော မောဟကျွယောတိ၊ရာဂကုန်ရာ၊ဒေါသကုန်ရာ။မောဟကုန်ရာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤပြဆိုအပ်သော အဋ္ဌကထာကို

ထောက်၍လည်း။ ရာဂကုန်ရာ၊ ဒေါသကုန်ရာ၊ မောဟကုန်ရာသ ဘောသည်။ စင်စစ်အရဟတ္တဖိုလ်ဖြစ်ကြောင်းကို ထင်ရှားသိကြ လေ။ ။ဤအဋ္ဌကထာဖြင့်သာသိရသည်မဟုတ်သေး။ ။ယော ခေါ်အာဝုသော ရာဂကွယော၊ဒေါသကွယော၊မောဟကွယော။ ဣဒံဝုစ္စတိအရဟတ္တံ။ ။ဟူ၍အရှင်သာရိပုတ္တရာဟောတော်မူအပ် သောဇမ္ဗုခါဒကသုတ်ကိုထောက်၍လည်း သိကြလေဦး။ ။ဖြန်မာ ပြန် အနက်သိကြောင်းကား။ အာဝုသော၊ ငါ့ရှင်။ ယောရာဂကွ ယော အကြင်ရာဂ၏ကုန်ရာသည်လည်းကောင်း။ယောဒေါသကွ ယော၊အကြင်ဒေါသ၏ကုန်ရာသည်လည်းကောင်း။ ယောမော ဟကွယော၊အကြင်မောဟ၏ ကုန်ရာသည်လည်းကောင်း။အတ္ထိ၊ ရှိ၏။ဣဒံ၊ဤရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာသဘောကို။ အရဟတ္တံ၊ အရဟတ္တဖိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤပြဆိုအပ် သည်ကိုထောံ့၍။ ရာဂတို့၏ကုန်ရာသဘောကိုသာလျှင်အရဟတ္တ ဖိုလ်ဟုခေါ်ဆိုအပ်ကြောင်းကိုထင်ရှားသိကြလေကုန်။ ဤသို့လျှင် (ရာဂကွယော) ဟူသောပါဠိသည်။ ရာဂကုန်ရာဖြစ်သော အရ ဟတ္တဖိုလ်ကိုလည်းပေါ၏။ရာဂကုန်ကြောင်းဖြစ်သော နိဗ္ဗာန သစ္စာနိဗ္ဗာန်ကိုလည်းပေါ၏။ ရာဂ၏ကုန်ခြင်း၊ ရာဂ၏မရှိခြင်း တည်းဟူသော အဘာဝကိုလည်းပေါ၏ဟုမှတ်။ ။ထိုကြောင့် (ရာဂကွယော)ဟုအမည်ပင်တူသော်လည်း။တရားကိုယ်အရမှာ တခြားစီသာဖြစ်ကြပေ၏။ ထိုသို့ဖြစ်ခြင်းကြောင့်။ ဝိဂြိုဟ်ပြုရာ၌ လည်း ကွဲလွဲကြလေသည်သာတည်း။ကွဲလွဲပုံကိုထင်စွာပြဦးအုံ့။

အကယ်၍ အရဟတ္တဖိုလ်ကိုဟောသော (ရာဂကွယော) ဟူ သောပါဠိကို ဝိဂြိုဟ် ပြုလုပ်လိုသော်။ ။ရာဂါဒိယန္တိ ဇေါ်တိ ရာဂကွယော။ ။ဟူ၍ဝိဂြိုဟ်ပြုလုပ်ရာ၏။ အကယ်၍နိဗ္ဗာန်ဟော ဖြစ်သော (ရာဂကွယော)ဟူသောပါဠိကို ဝိဂြိုဟ်ပြုလုပ်လိုသော်။ ရာဂါ ဒိယန္တိ ဇေတေနာတိ ရာဂကွယော။ ။ဟူ၍ပြုလုပ်ရာ၏။အ ကယ်၍ရာဂကုန်ခြင်းကိုသာဝိဂြိုဟ်ပြုလုပ်လိုသော်။ ခယနံခယော ရာဂသဒ္ဒေယော ရာဂကွယော။ ။ဟူ၍ ဝိဂြိုဟ်ပြုလုပ်ရာ၏။ ထို

ဝိဂြိဟ်၏တို့၏အနက်သိကြောင်းမြန်မာပြန်ကို အစဉ်အတိုင်းပြဆို ဦးအုံ့၊ ။ကြွေ၊ ဤအရှင်ဗုဒ္ဓမိတ်စိတ္တုပ္ပါဒ်ခဲ့။ ရာဂါ၊ တပ်တတ်သော ရာဂတို့သည်။ ဒိယန္တိ ကုန်ကုန်၏။ ဣဘိတသ္မာ၊ ထိုသို့ရာဂတို့၏ ကုန်ရာသဘောဟု၏အဖြစ်ကြောင့်။ သောစိတ္တုပ္ပါဒေါ၊ထိုအရှင်ဗုဒ္ဓ မိတ်စိတ္တုပ္ပါဒ်သည်။ ရာဂက္ခယော ရာဂက္ခယမည်၏။ ။ရာဂါ ဒိယန္တိဇောတိကား၊ အဓိကရဏာသာဓနကိတ် ဝိဂြိဟ်။ ရာဂက္ခ ယောကားကိတ်ပုဒ်။ရာဂသဒ္ဒ၊ ပဝဒ ဒိဓါတ်။ခယအနက်ဟော။ အ ပစ္စည်း။ ။ဒိယန္တိဟူသော ကတ္တုဏ္ဍကြိယာ၏အရကား။ ရာဂတို့ ၏ကုန်ခြင်း၊ရာဂတို့၏မရှိခြင်း အဘာဝပညတ်သည်မေ့ချရ၏။ ။ အဓိကရဏဏ္ဍကြိယာ၏အရကား။အရဟတ္တဖုလိတ်စိတ္တုပ္ပါဒ်တို့၏ ရာဂစသောကိလေသာတို့မလွတ်သော ဝိမုတ္တိသတ္တိသည်။ ဌာန၊ ပစာရအားဖြင့်ရ၏။ အပစ္စည်း၏အရကား။ထိုမေ့ချ၊ဥပစာရအား ဖြင့်မှတ်အပ်သော အရဟတ္တဖုလိတ်စိတ္တုပ္ပါဒ်ရ၏။ ။ဤတွင်အရ ဟတ္တဖုလိတ်ကိုဟောသော(ရာဂက္ခယော)ဟူသောပုဒ်၏ပဌမဝိဂြိဟ် ၏အရကိုဘော်ပြချက်ပြီး၏။ ။ဇေတေန ထိုအသင်္ခတဓါတ်နိဗ္ဗာန် ကြောင့်။ ရာဂါ။ တပ်တတ်သောသဘောရာဂတို့သည်။ ဒိယန္တိ၊ ကုန်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ရာဂတို့၏ ကုန်ကြောင်းဖြစ်သော သတ္တိကြောင့်။ သောအသင်္ခတဓေါ၊ ထိုအသင်္ခတဓါတ်ဖြစ်သော နိဗ္ဗာန်သဘောသည်။ ရာဂက္ခယော၊ရာဂက္ခယမည်၏။ ။ရာဂါ ဒိယန္တိဇေတေနာတိကား။ ကာရဏာသာဓနကိတ်ဝိဂြိဟ်။ ရာဂက္ခ ယောကားကိတ်ပုဒ်။ရာဂသဒ္ဒ၊ ပဝဒ ဒိဓါတ်။အပစ္စည်း။ ။ဒိယန္တိ ဟူသော ကတ္တုဏ္ဍကြိယာ၏အရကား။ ရာဂတို့၏ကုန်ခြင်း၊ ရာဂ တို့၏မရှိခြင်းတည်းဟူသော အဘာဝပညတ်သည်မေ့ချရ၏။ ။က ရဏာဏ္ဍကြိယာ၏အရကား။ ရာဂကုန်ခြင်း၏အကြောင်းဖြစ်သော အသင်္ခတဓါတ်နိဗ္ဗာန်၏ပကတူပနိဿယသတ္တိသည်။ ဗလုပစာရ အားဖြင့်ရ၏။ ။အပစ္စည်း၏အရကား။ ထိုမေ့ချဥပစာရအားဖြင့် မှတ်အပ်သော အသင်္ခတဓါတ် နိဗ္ဗာန်တည်းဟူသော ပရမတ္ထသ ဘောတရားရ၏။ ။ဤတွင်အသင်္ခတဓါတ်နိဗ္ဗာန်ကိုဟောသော (ရာဂက္ခယော)ဟူသောပုဒ်၏ ဒုတိယ ဝိဂြိဟ်၏အရကို ဘော်ပြ

ချက်ပြီး၏။ ။ခယာနံ၊ကုန်ခြင်း။ခယော၊ကုန်ခြင်း။ ။ခယာနံကား ဘာဝသာခန ကိတ်ပြုဟ်။ ခယောကား၊ ဘာဝသာခန ကိတ်ပုဒ်။ ဒိဓါတ်။အပစ္စည်း။ ။ပဉ္စည်း၏အရ၊ဓါတ်အရသည် အထူးမရှိ လေရကား။ကုန်ခြင်းသာမည်ဟုဆိုအပ်သော ဘာမျှမရှိသော အ ဘာဝပညတ်ရ၏။ ။ရာဂဿ တပ်တတ်သော သဘောရာဂ၏။ ခယောကုန်ခြင်းတည်း။ရာဂက္ခယော၊တပ်တတ်သောသဘောရာ ဂ၏ကုန်ခြင်း။ ။ရာဂဿ ခယောကားတပ္ပုရိသမာသ်ဝိဂြုဟ်။ ရာ ဂက္ခယောကားတပ္ပုရိသမာသ်ပုဒ်။ ။ရာဂဿဟူသော ရှေ့ပုဒ်၏ အရကား။ရာဂဟုခေါ်ဆိုအပ်သောလောဘစေတသိက်သည်ရချ ရ၏။ ၊ထိုလောဘတည်းဟူသောရာဂ၏ ကုန်ခြင်းတည်း ဟူသော အဘာဝပညတ်နှင့် နိဿယ နိဿိတအဖြစ်ဖြင့် စပ်ခြင်းတည်းဟူ သောသမ္ဗန်သည်။ ဌာနျူပစာရ အားဖြင့်ရ၏။ ။ရာဂက္ခယော ဟူသောသမာသ်ပုဒ်လုံး၏အရကား။ ရာဂ၏ကုန်ခြင်းဟု ဆိုအပ် သော အဘာဝပညတ်သာလျှင်ရ၏။ ။ဤတွင်ရာဂ၏ကုန်ခြင်း အ ဘာဝကိုဟောသော(ရာဂက္ခယော)ဟူသောပုဒ်၏တဒ်ိယာဝိဂြုဟ် ရကို ဆော်ပြချက်ပြီး၏။ ၊ဤသို့ ပြဆိုအပ်သော ဝိဂြိုဟ် အရကို ထောက်၍ (ရာဂက္ခယော)ဟု အမည်ပင်တူသော်လည်း။ တရား ကိုယ်အရမှာ တခြားတပါးစီသာ ဖြောကန်ဖြစ်ကြသည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။ ။ထိုသို့ သိကြလျှင်လည်း။ ရာဂကုန် ခြင်းတည်းဟူသော အဘာဝပညတ်သည်။ အဘယ်မှာ နိရောဓ သစ္စာဖြစ်နိုင်အံ့နည်း။စင်စစ် မဖြစ်နိုင်ကြောင်းကို ပညာရှိတို့ ထင် ရှားသိအပ်သည်သာလျှင်ကတည်း။

ဤင်းအဘာဝပညတ်မျှသာဖြစ်သော ရာဂစသော ကိလေသာ တို့၏ကုန်ခြင်းသည်လည်း။ ဖြစ်ပေါ်ပြီး၍ ကုန်မှုတမျိုး၊ဖြစ်ပေါ်မှု လာဘွယ်မရှိဘဲကုန်မှုတမျိုး။ ဤသို့လျှင်နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့ တွင်၊ အကြင်အကြင်ကိလေသာတို့သည်။ အကြောင်းကိုစွဲ၍ဖြစ် ပြီးလျှင်။ချုပ်ကွယ်ခြင်းသို့ရောက်၍ ကုန်သည်ကို (ကိလေသာတို့ သည်ချုပ်ပျောက်လေပြီ)ဟူ၍ (ချုပ်)ဟူသောစကားဖြင့်ပြောဆို

သုံးရာ၏။ အကြင်အကြင်ကိုလေသာတို့သည်။ ဖြစ်ပေါ်သောသ
ဘောလက္ခဏာသို့မရောက်သေး။ဖြစ်ပေါ်လတ္တံ့သောအနေမျိုးဖြင့်
နေ၏။ထိုသို့ဖြစ်ပေါ်လတ္တံ့သောအနေမျိုးဖြင့်နေသော ကိုလေသာ
တို့၏ဖြစ်ပေါ်ကြောင်းတည်းဟူသော အနုသယသန္တာန်တို့ကို။ အ
ကြင်အခါ လောကုတ္တရာမဂ်သည်အကြွင်းမရှိကုန်ခန်းစေ၏။ ထို
အခါရင်းကိုလေသါနုသယတို့မရှိလေခြင်းကြောင့်။ရင်းတို့ကြောင့်
ဖြစ်ပေါ်လတ္တံ့သောကိုလေသာတို့သည်။ စင်စစ် ဖြစ်ပေါ်မှုမရှိဘဲ
ကွယ်ပျောက်ကုန်လေ၏။ ထိုသို့ကွယ်ပျောက်ကုန်လေသော ကို
လေသာတို့ကို။ဖြစ်ပေါ်မှုမရှိဘဲလျက် ကွယ်ပျောက်ကုန်လေခြင်း
ကြောင့် (ကိုလေသာတို့ဖြစ်ပေါ်မှုမရှိပြီ)ဟူ၍သာလျှင်ပြောဆိုရာ
၏။(ချုပ်လေပြီ)ဟူ၍ မပြောမဆိုအပ်။ အဘာယ်ကြောင့်ဆိုသော်။
ဖြစ်ပေါ်မှုရှိမှသာလျှင်ချုပ်ကွယ်ရခြင်းကြောင့်တည်း။ထိုကြောင့်
ချုပ်လေပြီးဟူ၍ မပြောမဆိုဘဲ၊ဖြစ်ပေါ်မှုမရှိဘဲ ကုန်လေပြီဟူ၍
လည်းကောင်း။ဖြစ်ပေါ်မှုမရှိလေတော့ပြီဟူ၍လည်းကောင်းပြော
ဆိုသုံးစွဲအာရုံပြုရာ၏။ ဤသို့ပြောဆိုသုံးစွဲအာရုံပြုအပ်ကြောင်းကို
ထင်ရှား သိစေတော်မူလိုသော သုတ်သိလက္ခန် အဋ္ဌကထာရှင်
သည်။ ကေဝဋ္ဋသုတ်အာဘွင့်၌။ ။နိဗ္ဗာနံ အာဂမ္မ သဗ္ဗမေတံ။လ။
နိရုဇ္ဈတိ အပ္ပဝတ္တံ ဟောတိ။ ။ဟူ၍ ပိန့်ဆိုလေပြီ။ ဤသို့ပိန့်ဆို
သောပါဠိတော်တွင် (နိရုဇ္ဈတိ)ဟူသော သံဝဏ္ဏနာတဗ္ဗပုဒ်ကို (အပ္ပ
ဝတ္တံ ဟောတိ)ဟူ၍ သံဝဏ္ဏနာပြုတော်မူအပ်သည်ကိုထောက်၍
လည်းကောင်း။ ။ဣတိဝုတ်အဋ္ဌကထာရှင်သည်။ ။ယဒါနိရုဇ္ဈန္တိ
ဘဝါနိ သဗ္ဗသော။ ။ဟူ၍ ပါဠိတော်၌လာသော ပါဠိတော်တွင်
(နိရုဇ္ဈန္တိ)ဟူသောပါဠိတော်ပါဠိကို(နုပဝတ္တန္တိ)ဟု ဘွင့်ပြအပ်
သည်ကိုထောက်၍လည်းကောင်း။ထင်ရှားသိကြလေ။ ။ဤအဋ္ဌ
ကထာဖြင့်သာ သိရသည်မဟုတ်သေး။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဉာ
ဏဒဿနဝိသုဒ္ဓိအာဘွင့်၊ နံပါတ်(၅၉၅)မျက်နှာ၌။ ။ဥပ္ပါဒေ အာ
ဒိနဝံ ဒိသ္မာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတိ။ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတ္တာ။
လ။ ယေ အာယူဟနုပစ္ဆေဒယာ ကိလေသာ နိဗ္ဗုတ္တေယျုံ၊ တေ အ
ဇာတာယေ ဝနဇာယန္တိ။ ။ဟူ၍ ပြဆိုသည်ကိုထောက်၍လည်း

သိကြလေဦး။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ဥပ္ပါဒေ၊ ဖြစ်ပေါ်ခြင်းလက္ခဏာရှိသောသခိတတရားခု၊ အာဒိနဝံ၊အပြစ် ကို။ဒီသွား၊မြင်သည်ရှိသော်။ဝါ မြင်လေခြင်းကြောင့်။ အနုပ္ပါဒေ၊ ဖြစ်ပေါ်ခြင်းလက္ခဏာမရှိသော။ဝါ၊ဖြစ်ပေါ်မှုလက္ခဏာရှိသော သခိတတရားနှင့်ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်မပေါ်သော လက္ခ ဏာရှိသောအသင်္ခတဓါတ်နိဗ္ဗာန်၌။ စိတ္တံ၊လောကုတ္တရာမဂ်စိတ် သည်။ပဋ္ဌန်တိ၊ပြေးဝင်ရောက်လေ၏။ အနုပ္ပါဒေ ဖြစ်ပေါ် ခြင်း လက္ခဏာမရှိသော။ဝါ၊ဖြစ်ပေါ်မှုလက္ခဏာရှိသောသခိတတရား နှင့်ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ပေါ်သောလက္ခဏာရှိသော အ သခိတဓါတ်နိဗ္ဗာန်၌။စိတ္တံ၊လောကုတ္တရာမဂ်စိတ်သည်။ ပဋ္ဌန်တော ပြေးဝင်သည်၏အဖြစ်ကြောင့်။လ။အာယူဟနပစ္စယာ၊အားထုတ် ခြင်းဟူသောအကြောင်းကြောင့်။ယေကိုလေသာ၊အကြင်ကိလေ သာတို့သည်။ နိဗ္ဗာနေ့ယူ၊ဖြစ်ကုန်ရာ၏။ တေကိုလေသာ၊ ထိုကိ လေသာတို့သည်။အဇာဟာယေဝ၊ဖြစ်ပေါ်မှုမရှိသေးကုန်မူ၍သာ လျှင်။နဇာယန္တိ၊ဖြစ်ပေါ်မှုမရှိကုန်။ ဤသို့ပြဆိုအပ်သော အဌက ထာပါဠိတို့ကွင်(အဇာတာယေဝနဇာယန္တိ)ဟူသောပါဠိတို့ကို ထောက်၍။စင်စစ် ဖြစ်ပေါ်မှုမရှိသေးသော ကိလေသာတို့သည် နိဗ္ဗာန်ကိုအာရုံပြု၍ရောက်သောမဂ်ကြောင့်၊ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိလေပြီဟူ၍။ သိအပ်ကြောင်း၊အာရုံပြုအပ်ကြောင်း၊ ပြောဆို အပ်ကြောင်းကို ထင်ရှားသိကြလေ။ ။ထိုကိုလေသာ၊ တို့၏ဖြစ်ပေါ်မှုမရှိဘဲ ကုန်မှု၊မရှိမှုတည်းဟူသောအာဘာဝပညတ် သဘောကိုလည်း။ နိရောဓသမာပတ် ဝင်စားသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့၏သန္တာန်၌။ ခုနစ်ရက်ပတ်လုံး။ စိတ်၊စေတ သိက်ခေါ်အပ်သော ပရမတ္ထသဘောတရားတို့။ ဖြစ်ပေါ်မှုမရှိဘဲ ကွယ်လေခြင်းကြောင့်။ရင်းတရားတို့၏ဘာဝမျှမရှိမှုတည်းဟူသော အာဘာဝသဘောကို။ပြဆိုအပ်သောနည်းကိုမှီ၍သိအပ်၏။သိပုံကို ထင်ရှားပြဦးအုံ၊

အကြင်အခါ အကြင်ပုဂ္ဂိုလ်သည်။ နိရောဓသမာပတ်ကို ဝင် စား၏။ထိုအခါထိုပုဂ္ဂိုလ်၏သန္တာန်၌။စိတ်၊စေတသိက်ဟူခေါ်ဆို

အပ်သော ပရမတ္ထသဘောတရားတို့သည်။ခုနစ်ရက်လုံးလုံး ဖြစ်ပေါ်မှုမရှိလေပြီ။ထိုသို့ဖြစ်ပေါ်မှုမရှိခြင်းသည်။ စိတ်စေတသိက်ခေါ်အပ်သောပရမတ္ထသဘောတရားတို့၏မရှိကာမတ္တဖြစ်သော အဘာဝပညတ်မျှသာဖြစ်၏။ထိုသို့အဘာဝပညတ်မျှသာဖြစ်ခြင်းကြောင့်။ရင်းနှီးရောဝသမာပတ်ကို။ သင်္ခါတတရားလည်းမဆိုအပ်။ အသင်္ခါတတရားလည်း မဆိုအပ်။ အဘယ်ကြောင့်မဆိုအပ်လေသနည်းဟူမူ။ပရမတ္ထသဘောအားဖြင့်မရှိလေခြင်းကြောင့် မဆိုအပ်လေသည်ဟုမှတ်။ထိုသို့မှတ်စေလိုတော်မူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်သည်၊ကျမ်းနံပါတ်(၆၁၅)မျက်နှာ၌။ ၊နှီးရောဝသမာပတ္တိ။လ။သင်္ခါတာတိပိအသင်္ခါတာတိပိလောကိယာတိပိလောကုတ္တရာတိပိ နဝတ္တဗ္ဗာ။ ကတ္ထာ သဘာဝတော နတ္ထိတာယ။ ။ ဟူ၍မိန့်ဆိုလေပြီ။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။နှီးရောဝသမာပတ္တိ၊ နှီးရောဝသမာပတ်ကို။ လ။သင်္ခါတာတိပိ သင်္ခါတတရားတို့ဟူ၍လည်းကောင်း။ အသင်္ခါတာတိပိ၊ အသင်္ခါတတရားတို့ဟူ၍လည်းကောင်း။ လောကိယာတိပိ၊လောကိတရားတို့ဟူ၍လည်းကောင်း။ လောကုတ္တရာတိပိ၊လောကုတ္တရာ တရားတို့ဟူ၍လည်းကောင်း။ နဝတ္တဗ္ဗာ၊မဆိုအပ်။ ကတ္ထာ၊အဘယ်ကြောင့် မဆိုအပ်လေသနည်းဟူမူ။သဘာဝတော'ပရမတ္ထသဘောအားဖြင့်။ နတ္ထိတာယ၊မရှိသည်၏အဖြစ်ကြောင့်။နဝတဗ္ဗာ၊မဆိုအပ်။ ။ဤသို့ပြဆိုအပ်သောပါဠိတို့တွင်(သဘာဝတောနတ္ထိတာယ)ဟူသောဟိတ်ပါဠိကိုထောက်၍၊ အဘာဝပညတ်ဖြစ်ကြောင်းကို ထင်ရှားသိအပ်သကဲ့သို့။ ထိုနည်းအတူ မဂ်ဖြင့်ပယ်အပ်ပြီးသော ကိလေသာတို့၏မရှိခြင်းသည်လည်း။ ပရမတ္ထသဘောအားဖြင့် တစုံတရာရှိတော့သည်မဟုတ်။စင်စစ် ဘာမျှမရှိ.ကာမတ္တသာလျှင်ဖြစ်၏။ ထိုမရှိကာမတ္တသည် ပရမတ္ထ သဘော မဟုတ်မူ၍။ ပရမတ္ထသဘောမှလွတ်နေသောပညတ်တရားမျှသာဖြစ်၏။ ထိုကြောင့်'ကိလေသာတို့၏ ကုန်ခန်း၍မရှိကာမတ္တမျှကိုလည်း။ အဘာဝပညတ်ဟုခေါ်ဆိုအပ်လေသည်ဟုမှတ်ကြလေ။ ။ထိုကိလေသာ တို့၏ ကုန်ခန်းမှုဟု ဆိုအပ်သော ဘာမျှမရှိသော အဘာဝ ပညတ်သို့

ရောက်ရခြင်းသည်။ စင်စစ် နိုရောဓသစ္စာနိဗ္ဗာန်ကို လောကုတ္တရာ မဂ်ဖြင့်ဒိဋ္ဌမြင်ခြင်းကြောင့်သာလျှင်။ဂင်းကဲ့လေသာတို့ ကုန်ခန်း၍ ရောက်ရလေသည်။ထိုကြောင့် ဂင်းဒိဋ္ဌမျက်မှောက်ပြုခဲ့သော မဂ်၏ အာဝုံ ဖြစ်သော နိုရောဓသစ္စာနိဗ္ဗာန်သည်။ စင်စစ် သန္တိ ကာတဇ္ဇ ကိစ္စဖြစ်၏။ ဂင်းနိဗ္ဗာန်ကို ဒိဋ္ဌမြင်တတ်သော မဂ်ဉာဏ်သည်။ စင်စစ်ပွါးအပ်သော ဘာဝိတဇ္ဇကိစ္စဖြစ်၏။ ကုန်ခန်းသော ကိလေသာတရားသည်။စင်စစ်ပယ်အပ်သော ပဟာတဇ္ဇကိစ္စဖြစ်၏ဟူ၍ရှေးကပြဆိုခဲ့ပြီးသည်အတိုင်း။ယုံကြည်လေးမြတ်စွာသိကြလေ။ ။ထိုသို့ ယုံကြည်လေးမြတ်စွာသိကြပြီးလျှင်။ အကြောင်းအကျိုး သမုဒယ၊ဒုက္ခတရားတို့ကို။ အဝန်တလဲလဲ ရှေးကပြဆိုခဲ့ပြီးသောနည်းအတိုင်း။ သုံးသပ်ဆင်ခြင်ကြ၍။ ဂင်းတရားတို့၏အပြစ်တွေကို ကောင်းစွာ မြင်လတ်သော်။ ငြီးငွေ့စက်ဆုပ်ခြင်းသို့ ရောက်လေ၏။ထိုသို့ငြီးငွေ့စက်ဆုပ်ပြီးလျှင်။ ဂင်းအကြောင်းသမုဒယတရား၊ အကျိုးဒုက္ခတရားအဆက်ဆက်တို့၏ ဖြစ်ပေါ်မှု သဘောမှ၊ ဆန့်ကျင်ဘက် ဖြစ်လျက်တည်သော မဖြစ် မပျက်သော သဘောလက္ခဏာရှိသော် အသင်္ခတဓါတ်ဟုခေါ်အပ်သောနိုရောဓသစ္စာနိဗ္ဗာန်သို့။ရောက်လိုသောဆန္ဒဖြင့် အဝန်တလဲလဲ စိတ်ကို စေလွှတ်ကြလေ။ထိုသို့စိတ်ကိုစေလွှတ်ကြသော်၊အကြင်အခါ အရဟတ္တ မဂ်ဉာဏ်သည်။ ဂင်းနိုရောဓသစ္စာဖြစ်သော အသင်္ခတဓါတ်သဘောဟု ဆိုအပ်သော နိဗ္ဗာန်ကိုအာဝုံပြု၍။ ထင်ရှားဖြစ်ပေါ်လာခဲ့သည်ဖြစ်အံ့။ထိုအခါပဟာတဇ္ဇကိစ္စဖြစ်သော သမုဒယကိလေသာတရားသည်။အကြွင်းမရှိကုန်ခန်း၍ အခါခပ်သိမ်းဖြစ်ပေါ်မှုမရှိခြင်းသို့ရောက်လေ၏။ ထိုသမုဒယကိလေသာတည်းဟူသောအကြောင်းတရားအကြွင်းမရှိကုန်လေလျှင်၊အကျိုးဖြစ်သော ဒုက္ခတရားအဆက်ဆက်တို့သည်လည်း။နောင်အခါဖြစ်ပေါ်မှုမရှိဘဲ အကြွင်းမရှိ ကွယ်ကြလေကုန်၏။ ထိုဒုက္ခတရားအဆက်ဆက် ကွယ်ကြလေလျှင်။ ဂင်းတရားတို့၏ မရှိခြင်းဟုဆိုအပ်သော အဘာဝပညတ်၏ အဖြစ်သည်သာလျှင် ထင်မြင်စရာ ရှိလေတော့၏။ ထိုသို့ထင်မြင်စရာရှိလေပြီးနောက်။ ဖြစ်မှုအဆက်ဆက်ဟုဆို

အပ်သောသံသရာစက်သည်လည်းပြတ်လေတော့၏။ တဖန်လည် စရာမရှိလေတော့ပြီ။ ထိုသို့သံသရာစက်ပြတ်ရခြင်းသည် တခြား တရားကြောင့် မဟုတ်။ နိုရောဓ သစ္စာ နိဗ္ဗာန်ကို ဒိဋ္ဌ မြင် တတ်သော လောကုဘာရ မဂ်ကြောင့်ပင် ဖြစ်၏။ ထို လောကုတ္တရာ မဂ် သည် လည်း။ ဂင်းနိုရောဓ သစ္စာ နိဗ္ဗာန် ကို ဒိဋ္ဌ မျက်မှောက် အာရုံပြု၍မြင်မှသာလျှင် ဖြစ်ပေါ်နိုင်၏။ ထိုနိုရောဓသစ္စာ နိဗ္ဗာန် ကို ဒိဋ္ဌမျက်မှောက် အာရုံပြု၍ မြင်မှ သည်လည်း။ ရှေးအာဠိက တင်ကူး၍ လောကီဖြစ်သော သန္ဓိပဒဉာဏ်ဖြင့်ထောက်ဆ၍ သိ ပြီးလျှင်။ အဖန်တလဲလဲအားရုံပြုနိုင်မှသာလျှင် ဖြစ်နိုင်လေသည်။ ။ ထိုကြောင့်နိုရောဓသစ္စာနိဗ္ဗာန်ကို ဟုတ်တိုင်းမှန်စွာ သိရန်အချက် သည်။အလွန်ပင်အရေးကြီးသောအချက်ဖြစ်ပေ၏။ထိုအရေးကြီး သောအချက်ဖြစ်သော နိုရောဓသစ္စာနိဗ္ဗာန်သဘောကို။ လောကီ ဖြစ်သော သန္ဓိပဒဉာဏ်ဖြင့်ထောက်ဆ၍သိအောင် ပြုလုပ်ကြ၍ အကြောင်း၊ အကျိုးအဆက်ဆက်ဖြစ်ပေါ်နေမှုဟု ဆိုအပ်သော တဏှာသမုဒယ၊ရုပ် နာမ်ဒုက္ခတရားတို့ကို။ရှေးကပြုဆိုခဲ့ပြီးသော နည်းအတိုင်းသုံးသပ်ကြ၍။ ဂင်းတရားတို့၏အပြစ်ကိုမြင်ပြီးလျှင်။ လွတ်လိုသောဆန္ဒဖြင့်။ ဂင်းနိုရောဓသစ္စာ နိဗ္ဗာန်သဘောသို့ စေ လွှတ်ဖန်များးလတ်သော်။ ရှေးကပါရမီခါတ်ခံကောင်း၍ မဂ်ဖြစ် ထိုက်သော ပုဂ္ဂိုလ်မျိုးဖြစ်ခဲ့ဆုံ။ ဂင်းနိုရောဓသစ္စာနိဗ္ဗာန်ကို ဒိဋ္ဌ မျက်မှောက်တွေ့ကြုံဆိုက်ရောက်မြင်ကြရလေတော့၏။ ထိုသို့မြင် ကြရခြင်းကြောင့်။ စင်စစ်လောကုတ္တရာမဂ်သို့ရောက်ပြီးလျှင် ဝဋ် ဒုက္ခမှလွတ်ကြရလေ၏။

ဤတွင်ဗုဒ္ဓါနုဿတိဘာဝနာကိုအကြောင်းရင်းခံ၍။သမထ၊ဝိ ပဿနာတို့ကိုပွါးခြင်းကြောင့်။ မဂ်၊ဖိုလ်တို့သို့ရောက်၍ ဝဋ်ဒုက္ခ တို့မှ လွတ်ပုံကိုပြဆိုချက်ပြီး၏။

ထို ပြဆို အပ်ခဲ့ပြီးသော အကျိုးထူး တို့ကို မြင်တော်မူခြင်း ကြောင့်သာလျှင်။ ဘုရားဖြစ်သည်။ ဇကအာဠိတ္တရပါဠိတော်၊ ဇက

ဓမ္မဝဂ်၌။ ။ကေဝမ္မောဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ကေန္ဒ္ရိဒ္ဓိဒါယ ဝိရာဂါယ နိရောဓါယ ဥပသမာယ အဘိညာယ သမ္မောဓါယ နိဗ္ဗာနာယ သံဝတ္တတိ။ ကတမောကေဝမ္မော။ ဗုဒ္ဓါနုဿတိ။ အယံခေါဘိက္ခဝေ ကေဝမ္မောဘာဝိတော ဗဟုလီကတော ဣကန္ဒ္ရိဒ္ဓိဒါယ ဝိရာဂါယ နိရောဓါယ ဥပသမာယ အဘိညာယ သမ္မောဓါယ နိဗ္ဗာနာယ သံဝတ္တတိ။ ။ဟူ၍ ဟောတော်မူလေသည်ဟုမှတ်ကြလေ။ မြန်မာပြန်အနက်အဓိပ္ပါယ်ကို။ ရှေးဦးပြဆိုအပ်ပြီ။ပြန်ကြည့်ကြလေ။ ။ဤဆိုအပ်ပြီးသောအကျိုးထူးတို့ကို။လိုလားတောင့်တကြကုန်သောအမျိုးကောင်းသား တို့သည်။ဤဗုဒ္ဓါနုဿတိဘာဝနာအကျယ်ဦးဘော်ပြအပ်ခဲ့သောနည်းအတိုင်း။ဗုဒ္ဓါနုဿတိဘာဝနာကို ပွါးများအားထုတ်ကြလေကုန်။

ဤတွင်ဗုဒ္ဓါနုဿတိဘာဝနာနှင့်စပ်လျဉ်း၍။သမထ၊ဝိပဿနာ အခေါ်းတို့ကို ပြဆိုချက်ပြီး၏။

(အထူးသတိပြုရန်အချက်ကြီး။)

ဤဗုဒ္ဓါနှင့် သတိဘာဝနာအရာ၌။အချို့ကားဂုဏ်တော်ကိုအာ
ရုံပြု၍ပွါးရမည်။ အချို့ကား သဗ္ဗညုတဉာန်ပညာတ်ကိုအာရုံပြု၍ပွါးရ
မည်၊ဂုဏ်တော်ပရမတ်ကိုအာရုံပြုရာ၌။သဗ္ဗညုတဉာန်ပညာတ်ထင်နိုင်၊
မထင်နိုင်ကို။ မျှားစွာအယူဝါဒကွဲပြားနေကြရာတို့တွင်။ ဘယ်ဝါ
ဒသည်မှန်၏။ ဘယ်ဝါဒသည်မမှန်ကို။ သေချာစွာ သိလိုကြကုန်
သောပညာရှင်တို့၏စစ်တမ်းမှတ်ချက်ကြီးသည်။ ဘုရားရှင်ဟော
တော်မူအပ်သော မဟာပဒေသတရား (၄) ပါးနှင့် အဋ္ဌကထာ
ဆရာတို့ထုတ်ပြတော်မူအပ်သော မဟာပဒေသတရား (၄) ပါး
တို့ပေတည်း။ ။ထိုမဟာပဒေသတရား (၄) ပါးကို။ လက်ကိုင်
ထား၍။စိစစ်မေးမြန်းနှိုင်းချိန်ကြလျှင်။ ဧကန်မှန်၊မမှန်ကို အဟုတ်
အဟတ်သိနိုင်ကြကုန်သည်သာတည်း။ ထိုသို့မှန်၊မမှန်ကို အဟုတ်
အပာတ်သိစေနိုင်သော မဟာပဒေသတရားတော်ကြီးကိုထုတ်ပြ
ပေတော့အုံ့။ ။မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံခါနီး၌။ဘောဂမြို
လူတို့ပူဇော်အပ်သော အာနန္ဒာအမည်ရှိသောဘိလူး၏နေ့ရာ၌ ပြု
လုပ်အပ်သောကျောင်း၌နေတော်မူ၏။ ထိုသို့နေတော်မူသော အ
ခါ၌။ ဘုရားရှင်သည် ရဟန်းတို့ကိုခေါ်တော်မူ၍။ မဟာပဒေသ
တရား (၄) ပါးကို ဟောတော်မူ၏။ ဟောတော်မူကြောင်းကို။
သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်၌။

စတ္တာရောမေ ဘိက္ခဝေ မဟာပဒေသေ ဒေသိဿာမိ။ တံသု
ဏာထ။ သာဓုကံ မနသိကရောထ။ ဘာသိဿာမီတိ။ ဧवं ဘန္တေ
တိခေါ တေဘိက္ခု။ ဘဂဝတော ပစ္စဿောသုံ။ဘဂဝါ ဧတေဒဝေါ
စ။ ။(၁) ဣဓဘိက္ခဝေ ဘိက္ခု ဧကံဝေဒေယျ သံမုခါမေတံ အာဝု
သော ဘဂဝတော သုတံ သံမုခါ ပဋိဂ္ဂဟိတံ အယံ ဓမ္မော အယံ
ဝိနယော ဣဒံ သတ္ထု သာသနန္တိ။ တသ္သ ဘိက္ခဝေ ဘိက္ခုနော
ဘာသိတံ နေव အภินန္ဒိတဗ္ဗံ ။နပ္ပဋိက္ခေါသိတဗ္ဗံ ။အနภินန္ဒိတ္ဝာ

အပ္ပဋိကြောသိတွေ့ တာနိ ပဒ ဗျဉ္ဇနာနိ သာရကံ ဥဋ္ဌဟေတွေ့ သုဏောတြသားရေတဗ္ဗာနိ။ဝိနယော သန္ဓေသေတဗ္ဗာနိ။ ။တာနိစေ သုဏော တြသားဂိယ မာနာနိ ဝိနယော သန္ဓသိယမာနာနိ နစေ၀ သုဏော တြသရန်။ နစ ဝိနယော သန္ဒိသန်။ နိဗ္ဗမေတ္တဂန်ဗျ ံအဒ္ဓါ ဣဒံ နစေ၀ တသဘာဂ၀တောဝစနံ။ဣမသ္မိ သစ္စိကဋ္ဌေနော ဒုဋ္ဌိ တန်။ ဣတိဟေဟံ ဘိက္ခဝေ ဆန္ဒေယျာထ။ ။တာနိစေသုဏော တြသာဂိယမာနာနိ ဝိနယော သန္ဓသိယမာနာနိ သုဏောစေ၀ တြ သရန်။ဝိနယောစ သန္ဒိသန်။ နိဗ္ဗမေတ္တဂန်ဗျ ံအဒ္ဓါဣဒံ တသ ဘာဂ၀တောဝစနံ။ ဣမသ္မိ သစ္စိကဋ္ဌေနော သုဋ္ဌိတန်။ ဣဒံဘိက္ခ ဝေ ပဋ္ဌမံမဟာပဒေသံ ဓါရေယျာထ။

(၂) ဣဓပနဘိက္ခဝေ ဘိက္ခု ဇေဝံဝေယျ အမုကသ္မိံနာမ အာ၀ါသေ သံဃောဝိဟရတိ သထေရော သပါမောက္ခော။ တ သသမေသံဃသ သံမုခါသုတံ သံမုခါ ပဋ္ဌိဋ္ဌဟိတံ အယံ ဝမ္မော အယံဝိနယော ဣဒံသတ္ထုသာသနန်။ တသ္မာ ဘိက္ခဝေ ဘိက္ခုနော ဘာသိတံ နေ၀အဘိနန္ဒိတဗ္ဗံ။ နပ္ပဋိကြောသိတဗ္ဗံ။ အနဘိနန္ဒိတွေ့ အပ္ပဋိကြောသိတွေ့ တာနိပဒဗျဉ္ဇနာနိ သာရကံ ဥဋ္ဌဟေတွေ့ သုဏော တြသာရေတဗ္ဗာနိ။ဝိနယော သန္ဓသေသတဗ္ဗာနိ။ ။တာနိစေ သုဏော တြသာဂိယမာနာနိ ဝိနယော သန္ဓသိယမာနာနိ နစေ၀ သုဏော တြသရန်။ နစဝိနယော သန္ဒိသန်။ နိဗ္ဗမေတ္တဂန်ဗျ ံ အဒ္ဓါဣဒံ နစေ၀ တသဘာဂ၀တော ၀စနံ။တသ္မာစသံဃသ ဒုဋ္ဌ ဟိတန်။ဣဘိဟေတံ ဘိက္ခဝေ ဆန္ဒေယျာထ။ ။တာနိစေ သုဏော တြသာဂိယ မာနာနိ ဝိနယော သန္ဓသိယမာနာနိ သုဏောစေ၀ တြသရန်။ ဝိနယောစသန္ဒိသန်။ နိဗ္ဗမေတ္ထ ဂန်ဗျ ံ အဒ္ဓါဣဒံ တသဘာဂ၀တော ၀စနံ။ တသ္မာစသံဃသ သုဋ္ဌိတန်။ ဣဒံ ဘိက္ခဝေ ဒုတိယံ မဟာပဒေသံ ဓါရေယျာထ။

(၃) ဣဓပနဘိက္ခဝေ ဘိက္ခု ဇေဝံဝေယျ အမုကသ္မိံနာမ အာ၀ါသေ သမ္ဗဟုလာထေရာ ဘိက္ခူ ဝိဟာရန်။ ဗဟုဿုတာ

အာဂတာဂမော ဖြစ်ရော ဝိနယခရော မာတိကာခရော၊ တော်သံမေထေ ရာနံ သံမုခါသုတံ သံမုခါပင်္ဂုဟိတံ အယံခဗ္ဗော အယံဝိနယော ဇုန်းသဏ္ဌာသာသနန္တိ။ တာသတိက္ခဝေ ဘိက္ခုနော ဘာသိတံ နေ ဝအာဘိနန္ဒိတဗ္ဗံ။ နပ္ပဋိက္ကောသိတဗ္ဗံ။ အနာဘိနန္ဒိတ္ဝာ အပ္ပဋိက္ကော သိတ္ဝာ တာနိပဒဗျဉ္ဇနာနိ သာဓုကံ ဥဂ္ဂဟေတ္ဝာ သုတ္တေ သြသာ ရေတဗ္ဗာနိ။ ဝိနယေသန္ဒဿေသေတဗ္ဗာနိ။ တာနိစေသုတ္တေ သြသာဂိ ယမာနာနိ ဝိနယေ သန္ဒဿယိယမာနာနိ နစေဝသုတ္တေ သြသရန္တိ။ နစဝိနယေသန္ဒိဿန္တိ။ နိဒ္ဒမေတ္တ ဂန္တုဗ္ဗံ အဒ္ဓါ ဇုန်း နစေဝ တသ ဘဂဝတော ဝစနံ။ တေသဉ္စ ထေရာနံ ဒုဂ္ဂဟိတန္တိ။ ဣတိဟေတံ ဘိက္ခဝေ ဆန္ဒေယျာထ။ ။တာနိစေသုတ္တေ သြသာဂိယမာနာနိ ဝိနယေ သန္ဒဿယိယမာနာနိ သုတ္တေစေဝ သြသရန္တိ။ ဝိနယေစ သန္ဒိဿန္တိ။ နိဒ္ဒမေတ္တ ဂန္တုဗ္ဗံ အဒ္ဓါ ဇုန်း နစေဝ တသ ဘဂဝတော ဝစနံ။ တသ္မာ ထေရာနံ ဒုဂ္ဂဟိတန္တိ။ ဣတိဟေတံ ဘိက္ခဝေ ဆန္ဒေယျာထ။ ။တာနိစေသုတ္တေ သြသာဂိယ မာနာနိ ဝိနယေ သန္ဒဿယိယမာနာနိ သုတ္တေစေဝ သြသရန္တိ။ ဝိနယေစ သန္ဒိဿန္တိ။ နိဒ္ဒမေတ္တ ဂန္တုဗ္ဗံ အဒ္ဓါ ဇုန်း နစေဝ တသ ဘဂဝတော ဝစနံ။ ဣတိ ဟေတံ ဘိက္ခဝေ ဆန္ဒေယျာထ။

(၄) ဇုန်းပနဘိက္ခဝေ ဘိက္ခု ဇဝံ ဝဒေယျ အမုကသ္မိံ နာမ အာဝါသေ ဇကောထေရော ဘိက္ခု ဝိဟရတိ ဗဟုဿုတော အာ ဂတာဂမော ဖြစ်ရော ဝိနယခရော မာတိကာခရော။ တသ္မာ သမေ ထေရဿ သံမုခါသုတံ သံမုခါပင်္ဂုဟိတံ အယံခဗ္ဗော အယံဝိန ယော ဇုန်းသဏ္ဌာသာသနန္တိ။ တာသတိက္ခဝေ ဘိက္ခုနော ဘာသိ တံ နေ ဝအာဘိနန်ဒိတဗ္ဗံ။ နပ္ပဋိက္ကောသိတဗ္ဗံ။ အနာဘိနန်ဒိတ္ဝာ အပ္ပ ဋိက္ကောသိတ္ဝာ တာနိပဒဗျဉ္ဇနာနိ သာဓုကံ ဥဂ္ဂဟေတ္ဝာ သုတ္တေ သြသာရေတဗ္ဗာနိ။ ဝိနယေသန္ဒဿေသေတဗ္ဗာနိ။ တာနိစေသုတ္တေ သြ သာဂိယမာနာနိ ဝိနယေ သန္ဒဿယိယမာနာနိ နစေဝသုတ္တေသြသ ရန္တိ။ နစဝိနယေ သန္ဒိဿန္တိ။ နိဒ္ဒမေတ္တ ဂန္တုဗ္ဗံ အဒ္ဓါ ဇုန်း နစေဝ တသ ဘဂဝတော ဝစနံ။ တသ္မာ ထေရဿ ဒုဂ္ဂဟိတန္တိ။ ဣတိ ဟေတံ ဘိက္ခဝေ ဆန္ဒေယျာထ။ ။တာနိစေသုတ္တေ သြသာဂိယ မာနာနိ ဝိနယေ သန္ဒဿယိယမာနာနိ သုတ္တေစေဝ သြသရန္တိ။ ဝိန ယေစ သန္ဒိဿန္တိ။ နိဒ္ဒမေတ္တ ဂန္တုဗ္ဗံ အဒ္ဓါ ဇုန်း တသ ဘဂဝတော

ဝစနံ။ တာသစထေရသားသုဂ္ဂဟိတန္တိ။ ဣဒံဘိက္ခဝေ စတုဏ္ဏံ မ
ဟာပဒေသံ ဝါရေယျာထ။ဣမေခေါဘိက္ခဝေ စတ္တာရောမဟာပ
ဒေသေ ဝါရေယျာထာတိ။ ။ဟူ၍ ဟောတော် မူအပ်သည်ကို
ထောက်၍ မဟာပဒေသတရား(၄)ပါးကို သိမှတ်ကြလေ။

မြန်မာပြန်ကား။ ။ဘိက္ခဝေ၊ရဟန်းတို့။ စတ္တာရော၊လေးပါး
ကုန်သော။ဣမေမဟာပဒေသေ၊ဤမဟာပဒေသတို့ကို။ဝါ ဤကြီး
မြတ်ကုန်သော ဘုရားအစရှိသောပုဂ္ဂိုလ်တို့ကို ညွှန်အပ်သော အ
ကြောင်းတို့ကို။ ဒေသိသာမိ၊ ဟောပေအံ့။ တံ၊ ထိုမဟာပဒေသ
ကို။ဝါ၊ထိုကြီးမြတ်ကုန်သောဘုရားအစရှိသော ပုဂ္ဂိုလ်တို့ကိုညွှန်
အပ်သောအကြောင်းကို။ တုမှေ သင်တို့သည်။သုဏာထ၊နာလင့်
ကုန်။ သာဓုကံ၊ကောင်းစွာ။ဝါ၊မြဲမြံစွာ။ မနသိကရောထ၊နှလုံးပြု
လင့်ကုန်။ဘာသိဿာမိ ဟောပေအံ့။ဣတိ၊ဤသို့။အာမန္တေသိ မိန့်
တော်မူ၏။ဘဂဝေါ၊အရှင်ဘုရား၊ဇေဝံသာဝေ ကြောက်ကောင်းပါပြီ။ ဣ
တိခေါ၊ ဤသို့လျှင်။ တောဘိက္ခူ၊ထိုရဟန်းတို့သည်။ ဘဂဝတော၊
မြတ်စွာဘုရား၏။ဝစနံ၊စကားတော်ကို။ပဋိဿုဏိသုံ၊ ဝန်ခံကုန်၏
ဘဂဝါ၊မြတ်စွာဘုရားသည်။ ဇေတံဝစနံ၊ ဤသို့သောစကားတော်
ကို။အဝေါစ၊မိန့်တော်မူ၏။ ကိံ အဝေါစ၊အဘယ်သို့မိန့်တော်မူ
သနည်းဟူမူကား။

သိက္ခဝေ၊တို့။ ဣဓ၊ဤသာသနာတော်၌။ ဘိက္ခု၊ရဟန်းသည်။
ဇေဝံ၊ ဤသို့။ ဝဒေယျ၊ ဆိုရာ၏။ ကိံ ဝဒေယျ၊ အဘယ်သို့ ဆိုရာသ
နည်း။ အာဝုသော၊ငါ့ရှင်။ အယံ၊ ဤသည်ကား။ ဓမ္မော'သုတ်၊အ
ဘိဓမ္မာတရားတည်း။အယံ၊ ဤသည်ကား။ဝိနယော၊ဝိနည်းတည်း။
ဣဒံ၊ ဤသည်ဟာ။ သတ္ထုသာသနံ၊ ဘုရားရှင်၏ အဆုံးအမတော်
တည်း။ဣတိ ဤသို့။မေမယာ၊ငါသည်။ဘဂဝတော။မြတ်စွာဘုရား
၏။ သံမုခါ၊မျက်မှောက်တော်၌။ ဝါ၊ မျက်မှောက်တော်မှ။သုတံ၊
ကြားအပ်၏။ဝါ၊သင်အပ်၏။ဘဂဝတော၊၏။သံမုခါ၊မျက်မှောက်
တော်၌။ဝါ၊ မှ။ပဋိဂ္ဂဟိတံ၊ နာယူအပ်၏။ ဣတိ၊ဤသို့။ ဝဒေယျ၊ ဆို

ခဲ့ပြီးအံ့။ဘိုးဘွားတော်။တသဘိုကျွန်နှာ၊ထိုရဟန်း၏။ ဘာသိတံ ဆိုအပ်သောစကားကို။ နေ့ဝအာဘိနန္ဒိတဗ္ဗံ၊ မနုစ်သက်အပ်သာ လျှင်တည်း။နုပ္ပဋိကြောသိတဗ္ဗံ၊မမြစ်အပ်သာလျှင်တည်း။ အနာဘိ နန္ဒိတွာ မနုစ်သက်မူ၍။အပ္ပဋိကြောသိတွာ၊မမြစ်မူ၍။တာနိပဒဗျဉ္ဇ နာနိ ထိုပုဒ်ဟူဆိုအပ်သောဗျည်းတို့ကို။ ဝါ၊အနက်ကိုပြုတတ်ကုန် သောပုဒ်တို့ကို။ သာဓုကံ၊ကောင်းစွာ။ ဥဂ္ဂဟေတွာ သင်ယူ၍။ သုဇော၊ဘုရားရှင်သည် ဟောတော်မူအပ်သောပါဠိတော်၌။ ဩ သာရေတဗ္ဗာနိ ချသွင်းအပ်ကုန်၏။ ဝိနယေ၊ဝိနည်း၌။ သန္ဓေသေ တဗ္ဗာနိ၊ ထင်စေအပ်ကုန်၏။ ဓာနိပဒဗျဉ္ဇနာနိ၊ ထိုပုဒ်ဟူဆိုအပ် ကုန်သောဗျည်းတို့သည်။ ဝါ၊အနက်ကိုပြုတတ်ကုန်သော ထိုပုဒ် တို့သည်။ သုဇော၊ဘုရားရှင်ဟောတော်မူအပ်သောပါဠိတော်၌။ ဩသာရိယမာနာနိ၊ ချသွင်းအပ်ကုန်သည်ရှိသော်။ ဝိနယေ၊ ဝိ နည်း၌။သန္ဓေသိယမာနာနိ၊ထင်စေအပ်ကုန်သည်ရှိသော်။သုဇော၊

ဘုရားဂုဏ်ဟောတော်မူအပ်သောပါဠိတော်၌။ စေတြဿရန္တိ၊အ
ကယ်၍သက်ကုန်အုံ့။ဝိနပေယ ဝိနည်း၌။ စေသန္ဒိဿန္တိ၊ အကယ်၍
ထင်ကုန်အုံ့။ဤဒုံ၀စနံ ဤရဟန်းဆိုအပ်သော စကားသည်။တဿ
ဘဂ၀တော၊ ထိုမြတ်စွာဘုရား၏။ ၀စနံ၊ စကားတော်တည်း။
ဤမသာစဘိက္ခုနော ဤရဟန်း၏သာလျှင်။ သုဂတိတံ၊ ကောင်း
သော အခြင်းအရာဖြင့်ယူအပ်သော စကားတည်း။ ဤတိ၊ဤသို့။
ဇေဋ္ဌေတေသုပဒဗျဉ္ဇနေသု၊ဤရဟန်းပြောဆိုအပ်ကုန်သောအနက်
ကိုပြတတ်ကုန်သောပုဒ်တို့၌။ အဒ္ဓါ၊စင်စစ်။ နိဋ္ဌာ၊ဆုံးဖြတ်ခြင်းသို့
၀န္တိဗျံ၊ရောက်အပ်၏။ဘိက္ခဝေ၊တို့။ ပဋ္ဌမံ၊ရှေးဦးစွာသော။ ဤမံ
မဟာပဒေသံ၊ဤမဟာပဒေသကို။ ၀ါ၊ဤကြီးမြတ်သောဘုရားကို
ညွှန်အပ်သောအကြောင်းကို။ တုမှေ၊သင်တို့သည်။ဒါရေယျာထ၊
မှတ်လေကုန်လော။ ၀ါ၊ဆောင်လေကုန်လော။

(၂) ဘိက္ခဝေ၊တို့။ဤ၁ပန၊ဤသာသနာတော်၌ကား။ဘိက္ခု၊
ရဟန်းသည်။ဧ၀ံ ဤသို့။ ၀ဒေယျ၊ဆိုခဲ့ရာ၏။ကိံ ၀ဒေယျ၊ အဘယ်
သို့ဆိုခဲ့ရာသနည်း။ အမုကသ္မိံ နာမအာ၀ါသေ၊ ဤအမည်ရှိသော
ကျောင်း၌။ သံဃော၊သံဃာတော်သည်။ သဏေရော၊မထေရ်နှင့်
တကွ။ သပါမောက္ခော၊ အကြီးအကဲနှင့်တကွ။ ဝိဟရတိ၊နေ၏။
တဿသံဃဿ။ထိုသံဃာတော်၏။သံမုခါ၊မျက်မှောက်၌။ ၀ါ မှ။
အယံ၊ ဤသည်ကား။ဓမ္မော တရားတည်း။အယံ ဤသည်ကား။ဝိန
ယော၊ဝိနည်းတည်း။ဤဒံ၊ဤ သည်ကား။ သတ္ထု၊သာသနာ၊ဘုရား၏
၏ အဆုံးအမတည်း။ ဤတိ ဤသို့။မေမယာ၊ငါသည်။သုတံ၊ကြား
အပ်၏။သံမုခါ ၌။၀ါ၊မှ။ပဋိဂ္ဂဟိတံ၊နာယူအပ်၏။ဤတိ၊ဤသို့။၀ဒေ
ယျ ဆိုခဲ့ရာ၏။ဘိက္ခဝေ၊တို့။ တဿဘိက္ခုနော၊ထိုရဟန်း၏။ဘာ
သိတံ၊ပြောဆိုအပ်သောစကားကို။နေ၀အဘိနန္ဒိတဗ္ဗံ၊မနှစ်သက်
အပ်သာလျှင်တည်း။နပဋိက္ကောသိတဗ္ဗံ၊မမြစ်အပ်သာလျှင်တည်း
အနဘိနန္ဒိတွာ၊ မနှစ်သက်မူ၍။အပဋိက္ကောသိတွာ၊မမြစ်မူ၍။တာနိ
ပဒဗျဉ္ဇနာနိ၊ထိုပုဒ်ဟုဆိုအပ်ကုန်သောဗျည်းတို့ကို။ ၀ါ၊အနက်ကို
ပြတတ်ကုန်သောထိုပုဒ်တို့ကို။သာ၀ကံ၊ကောင်းစွာ။ဥဂ္ဂဟေတွာ၊

သင်ယူ၍။သုတ္တေ၊ဘုရားရှင်ဟောတော်မူအပ်သော ပါဠိတော်၌။ ဩသာရေတဘုဝါနိ၊ချသွင်းအပ်ကုန်၏၊ဝိနယေ၊ဝိနည်း၌။သန္ဓသေ တဘုဝါနိ၊ထင်စေအပ်ကုန်၏။တာနိပဒဗျဉ္ဇနာနိ၊ထိုပုဒ်ဗျည်းဘို့သည် သုတ္တေ၊ဘုရားရှင်ဟောတော်မူအပ်သောပါဠိတော်၌။ ဩသာရိ ယမာနာနိ၊ ချသွင်းအပ်ကုန်သည် ရှိသော်။ ဝိနယေ။ ဝိနည်း၌။ သန္ဓသယိယမာနာနိ၊ထင်စေအပ်ကုန်သည်ရှိသော်။ သုတ္တေ၊ဘုရား ဟောတော်မူအပ်သောပါဠိတော်၌။စေနဩသရန္တိ၊ အဂယ်၍မ သက်ကုန်သည်ဖြစ်အံ့။ ဝိနယေ၊ဝိနည်း၌။စေနသန္ဓိသန္တိ၊ အဂယ် ၍မထင်ကုန်သည်ဖြစ်အံ့။ဧဝံ၊ဤသို့မသက်မထင်ကုန်သည်ရှိသော်။ ဣဿ၊ဤသံဃာတော်ဆိုအပ်ကုန်သောအနက်ကိုပြုတတ်ကုန်သော ပုဒ်တို့၏။ဣဒံ၊ဤစကားသည်။ ဧတသ္မာ ဝ ဝတော၊ ထိုမြတ်စွာဘုရား၏၊ နစေဝ ဝစနံ၊စကားတော်မဟုတ်သာလျှင်တည်း တသ္မာ သံဃသ္မာ၊ထိုသံဃာတော်၏လည်း။ ဒုဋ္ဌဟိတံ မကောင်းသောအ ခြင်းအရာဖြင့်ယူအပ်သောစကားတည်း။ဣတိ၊ဤသို့။အဒ္ဓါ၊စင်စစ် နိဋ္ဌံ၊ဆုံးဖြတ်ခြင်းသို့။ဂန္တုံ ဗ္ဗံ၊ရောက်အပ်၏။ဘိက္ခဝေ၊တို့။ ဣတိမ နသိကတ္တွာ၊ဤသို့နှုလုံးသွင်းခြင်းကိုပြု၍။ဧတံ ဝစနံ၊ထိုသံဃာတော် ဆိုအပ်သောစကားတော်ကို။ တုမှေ၊သင်တို့သည်။ဆန္ဒေယျာထ၊ စွန့်ကြကုန်လော။ တာနိပဒဗျဉ္ဇနာနိ ထိုပုဒ်ဟူဆိုအပ်ကုန်သော၊ ဗျည်းတို့သည်။ ဝါ၊ အနက်ကို ပြုတတ်ကုန်သော ထိုပုဒ်တို့သည် သုတ္တေ၊ဘုရားရှင်ဟောတော်မူအပ်သောပါဠိတော်၌။ဩသာရိယ မာနာနိ၊ ချသွင်းအပ်ကုန်သည်ရှိသော်။ ဝိနယေ၊ ဝိနည်း၌။သန္ဓသယိ ယမာနာနိ၊ထင်စေအပ်ကုန်သည်ရှိသော်။သုတ္တေ၊ဘုရားရှင်ဟော တော်မူအပ်သောပါဠိတော်၌။ စေဩသရန္တိ၊အဂယ်၍သက်ကုန် အံ့။ဝိနယေ ၊ဝိနည်း၌။ စေသန္ဓိသန္တိ၊ အဂယ်၍ထင်ကုန်အံ့။ ဣဒံ ဝစနံ၊ ဤသံဃာတော်ဆိုအပ်သောစကားတော်သည်။ တသ္မာ ဝ ဝတော၊ထိုမြတ်စွာဘုရား၏။ဝစနံ၊စကားတော်တည်း။ တသ္မာ စ သံဃသ္မာ ၊ထိုသံဃာတော်၏သာလျှင်။သုဋ္ဌဟိတံ၊ ကောင်းသော အခြင်းအရာ ဖြင့် ယူအပ်သော စကားတည်း။ ဣတိ၊ဤသို့။ ဧဩ၊ ဧတေ သုပဒဗျဉ္ဇနေသု၊ထိုသံဃာတော်ပြောဆိုအပ်ကုန်သော အ

နက်ကိုပြုတတ်ကုန်သောပုဒ်တို့၌။ အဋ္ဌာ စင်စစ်။ နိဗ္ဗုံ၊ဆုံးဖြတ်ခြင်းသို့။ဂ နှုဗ္ဗုံ ရောက်အပ်၏။ ဘိက္ခဝေ၊တို့။ ဒုတိယံ၊နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော။ ဣဒံမဟာပဒေသံ၊ဤမဟာပဒေသကို။ ဝါ၊ဤကြိုးမြတ်သော သံဃာတော်ကို ညွှန်အပ်သော အကြောင်းကို။ တုမှေ၊သင်တို့သည်။ဝါရေယျာထ၊မှတ်လေကုန်လော။ဝါ၊ဆောင်လေကုန်လော။

(၃) ဘိက္ခဝေ၊တို့။ဣဓ၊ပန်၊ဤသာသနာတော်၌ကား။ ဘိက္ခု၊ ရဟန်းသည်။ဧဝံ ဤသို့။ဝဒေယျ၊ဆိုခဲ့ရာ၏။ ကိံ ဝဒေယျ၊ အဘယ်သို့ဆိုခဲ့ရာသနည်း။ အမုကသ္မိံ နာမအာဝါသေ၊ ဤအမည် ရှိသောကျောင်း၌။သမ္ဘဟုလာ၊မျှားစွာကုန်သော။ ဗဟုသုတာ၊ မျှားစွာအကြားအမြင်ရှိကုန်သော။ အာဂတာဂမာ၊ နှုတ်၌လာသောပါဠိအာဂုံရှိကုန်သော။ဓမ္မာဓရာ၊သုတ်အာဘိဓမ္မာကိုဆောင်ကုန်သော ဝိနယဓရာ၊ဝိနည်းကိုဆောင်ကုန်သော၊ မာတိကာဓရာ။မာတိကာကိုဆောင်ကုန်သော။ ထေရာ၊ မထေရ်ဖြစ်ကုန်သော၊ဘိက္ခု၊ ရဟန်းတို့သည်။ဝိဟရန္တိ၊နေကုန်၏။တေသံထေရာနံ၊ဦးမထေရ်တို့၏။သံမုခါ မျက်မှောက်၌။ဝါ၊မှ။အယံ၊ဤသည်ကား။ဓမ္မော၊တရားတည်း။အယံ၊ဤသည်ကား။ဝိနယော၊ဝိနည်းတည်း။ ဤဒံ၊ ဤသည်ကား။သတ္ထု၊သာသနံ ဖြတ်စွာဘုရား၏ အဆုံးအမပေတည်း။ဣတိ ဤသို့။မေမယာ၊ငါသည်။သုတံ၊ကြားအပ်၏။သံမုခါ၊ မျက်မှောက်တော်၌။ဝါ၊မှ။ပဋိဂ္ဂဟိတံ၊နာယူအပ်၏။ ဣတိ၊ ဤသို့။ဝဒေယျ၊ဆိုခဲ့ရာ၏။ဘိက္ခဝေ၊တို့။တ ဿ ဘိက္ခု၊ နော၊ထိုရဟန်း၏။ ဘာသိတံ၊ဆိုအပ်သောစကားကို။နေဝ အဘိနန္ဒိတဗ္ဗံ မနှစ်သက်အပ်သည်သာလျှင်တည်း။ နပ္ပဋိက္ခောသိတဗ္ဗံ၊ မဖြစ်အပ်သည် သာလျှင်တည်း။ အနဘိနန္ဒိတ္စ၊မနှစ်သက်မူ၍။အပ္ပဋိက္ခောသိတ္စ၊မဖြစ်မူ၍။ တာနိ ပဒဗျဉ္ဇနာနိ၊ ထိုပုဒ်ဟုဆိုအပ်ကုန်သောဗျည်းတို့ကို။ ဝါ၊အနက်ကိုပြုတတ်ကုန်သောထိုပုဒ်တို့ကို။သာရကံ၊ကောင်းစွာ။ဥဂ္ဂဟေတ္စ၊ သင်ယူ၍။ သုတ္တေ၊ဘုရားရှင်ဟောတော်မူအပ်သောပါဠိတော်၌။ ဩသာရေတဗ္ဗာနိ၊ချသွင်းအပ်ကုန်၏။ဝိနယေ၊ဝိနည်း၌။သန္ဒဿေ

တဘ္ဗာနှိ၊ထင်စေအပ်ကုန်၏။ တာနှိပဒဗျဥ္ဇနာနှိ၊ ထိုပုဒ်ဟုဆိုအပ်ကုန်သောဗျည်းတို့သည်။ဝါ၊အနက်ကိုပြုတတ်ကုန်သောထိုပုဒ်တို့သည်။သုတ္တေ၊ဘုရားရှင်သည်ဟောသော်မူအပ်သောပါဠိတော်၌ သြဿာရိယမာနာနှိ ချွင်းအပ်ကုန်သည်ရှိသော်။ဝိနယေ၊ဝိနည်း၌။ သန္ဓသိယမာနာနှိ၊ထင်စေအပ်ကုန်သည်ရှိသော်။ သုတ္တေ၊ ဘုရားရှင် ဟောတော်မူအပ်သောပါဠိတော်၌ စေနသြဿရန္တိ၊ အကယ်၍မသက်ကုန်အုံ့။ဝိနယေ၊ဝိနည်း၌။ စေနသန္ဓိဿန္တိ၊အကယ်၍မထင်ကုန်အုံ့။ဧဝံ ဤသို့မသက် မထင်ကုန်သည်ရှိသော်။ ဤ၊ဤမထေရ်တို့ ဆိုအပ်ကုန်သောအနက်ကို ပြုတတ်ကုန်သောပုဒ်တို့၌။ ဣဒံ၊ဤစကားသည်။ ဧတသ္မာ ဝ ဝတော၊ ထိုမြတ်စွာဘုရား၏။ နစ္ဝ ဝစနံ၊စကားတော်မဟုတ်သည်သာလျှင်တည်း။ တသ္မာ ထေရာနံ၊ထိုမထေရ်တို့၏သည်သာလျှင်။ဒုဋ္ဌဟိတံ မကောင်းသောအခြင်းအရာဖြင့်ယူအပ်သောစကားတည်း။ဣတိ ဤသို့။အဒ္ဓါ၊စင်စစ်။ နိဋ္ဌံ၊ဆုံးဖြတ်ခြင်းသို့။ဂန္တဗ္ဗံ၊ရောက်အပ်၏။ဘိက္ခဝေ၊တို့။ ဣတိ မနသိကတ္တာ၊ဤသို့နှလုံးသွင်းခြင်းကိုပြု၍။ဧတံ ဝစနံ၊ထိုမထေရ်တို့ဆိုအပ်သော့စကားကို။တုမှေ၊သင်တို့သည်။ ဆန္ဒေယျာထ၊စွန့်ကြကုန်လော။ ။တာနှိပဒဗျဥ္ဇနာနှိ ထိုပုဒ်ဟုဆိုအပ်သော ဗျည်းတို့သည်။ဝါ၊အနက်ကိုပြုတတ်ကုန်သော ထိုပုဒ်တို့သည်။ သုတ္တေ၊ ဘုရားရှင်ဟောတော်မူအပ်သောပါဠိတော်၌။သြဿာရိယမာနာနှိ ချွင်းအပ်ကုန်သည်ရှိသော်။ဝိနယေ၊ဝိနည်း၌။ သန္ဓသိယမာနာနှိ၊ထင်စေအပ်ကုန်သည်ရှိသော်။သုတ္တေ၊ဘုရားရှင် ဟောတော်မူအပ်သော ပါဠိတော်၌။ စေသြဿရန္တိ၊ အကယ်၍သက်ကုန်အုံ့။ ဝိနယေ၊ဝိနည်း၌။စေသန္ဓိဿန္တိ၊အကယ်၍ထင်ကုန်အုံ့။ ဣဒံ၊ဤမထေရ်တို့ဆိုအပ်သောစကားသည်။တသ္မာ ဝ ဝတော၊ထိုမြတ်စွာဘုရား၏။ ဝစနံ၊စကားတော်တည်း။ တသ္မာထေရာနံ၊ ထိုမထေရ်တို့၏သာလျှင်။သုဋ္ဌဟိတံ၊ကောင်းသောအခြင်းအရာဖြင့်ယူအပ်သောစကားတည်း။ဣတိ၊ဤသို့။ဣဒေ-ဧတေ သုပဒဗျဥ္ဇနေသု၊ ထိုမထေရ်တို့ဆိုအပ်ကုန်သောအနက်ကို ပြုတတ်ကုန်သောပုဒ်တို့၌။ အဒ္ဓါ စင်စစ်။ နိဋ္ဌံ၊ ဆုံးဖြတ်ခြင်းသို့။ ဂန္တဗ္ဗံ၊ ရောက်အပ်၏။

ဘိက္ခဝေ၊တို့။ တတိယံ၊သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ဣဒံမ
ဟာပဒေသံ၊ဤမဟာပဒေသကို။ဝါ၊ ဤကြီးမြတ်သောမထေရ်တို့
ကိုညွှန်အပ်သောအကြောင်းကို။ တုမ္မေ၊သင်တို့သည်။ ဝါရေယျာ
ထ၊ မှတ်လေကုန်လော။ ဝါ ဆောင်လေကုန်လော။

(၄) ဘိက္ခဝေ။တို့။ဣဓပန၊ဤသာသနာတော်၌ကား။ ဘိက္ခု
ရဟာနိုးသည်။ဧဝံ၊ဤသို့။ ဝဒေယျ၊ဆိုခဲ့ရာ၏။ ကိံ ဝဒေယျ၊ အဘာယ်
သို့ဆိုခဲ့ရာသနည်း။ အမုကသ္မိံ နာမဗာဟုဝါသေ၊ ဤအမည်ရှိသော
ကျောင်း၌။ ဗဟုသုတော၊ များသော အကြားအမြင်ရှိထသော။
အာဂတာဂမော နှုတ်၌လာသောပါဠိအာဂုံရှိထသော။ဓမ္မဓရော
သုတ်၊ အာဘိဓမ္မာကို ဆောင်ထသော။ ဝိနယဓရော၊ ဝိနည်းကို
ဆောင်ထသော။ မာတိကာဓရော၊ မာတိကာကိုဆောင်တတ်ထ
သော။ ဒုကော၊ တပေါဝက်သော။ ထေရော၊ မထေရ်ဖြစ်သော။
ဘိက္ခု၊ ရဟာနိုးသည်။ ဝိဟာရတိ၊ နေ၏။ တသ္မိံ ထေရသ္မိံ၊ ထို
မထေရ်၏။ သံမုခါ၊မျက်မှောက်၌။ဝါ၊မှ။အယံ၊ဤသည်ကား။ဓမ္မော၊
တရားတည်း။အယံ ဤသည်ကား။ဝိနယော၊ဝိနည်းတည်း။ဣဒံ၊ဤ
သည်ကား။သတ္ထု၊သာသနံ မြတ်စွာဘုရား၏အဆုံးအမပေတည်း။
ဣတိ၊ဤသို့၊မေမယာ၊ငါသည်။ သုတံ၊ကြားအပ်၏။ သံမုခါ၊မျက်
မှောက်၌၊ဝါ မှ။ ပဋိဂ္ဂဟိတံ၊နာယူအပ်၏၊ဣတိ ဤသို့။ ဝဒေယျ၊ဆို
ခဲ့ရာ၏။ ဘိက္ခဝေ၊တို့။တသ္မိံ၊ဘိက္ခု၊နော၊ထိုရဟာနိုး၏။ ဘာသိတံ၊
ဆိုအပ်သော စကားကို။ နေဝ အဘိနန္ဒိတဗ္ဗံ၊မနှစ်သက် အပ်သာ
လျှင်တည်း။ နပဋိက္ခောသိတဗ္ဗံ၊မမြစ်အပ်သာလျှင်တည်း။ အနေ
ဘိနန္ဒိတ္ဝာ၊မနှစ်သက်မူ၍။အပဋိက္ခောသိတ္ဝာ မမြစ်မူ၍။ တာနိပဒ
ဗျဉ္ဇနာနိ၊ထိုပုဒ်ဟူဆိုအပ်သောဗျည်းတို့ကို။ဝါ၊အနက်ကိုပြတတ်
ကုန်သောထိုပုဒ်တို့ကို။သာဓုကံ၊ကောင်းစွာ။ဥဂ္ဂဟေတ္ဝာ သင်ယူ
၍။ သုဏေယ္ယ ဘုရားရှင်ဟောတော်မူအပ်သောပါဠိတော်၌။ဩဂဓသာ
ရေတဗ္ဗာနိ၊ချသွင်းအပ်ကုန်၏ဝိနဲ့ယော၊ဝိနည်း၌။သန္ဓေသေတဗ္ဗာနိ
ထင်စေအပ်ကုန်၏။ တာနိပဒဗျဉ္ဇနာနိ ထိုပုဒ်ဟူဆိုအပ်ကုန်သော
ဗျည်းတို့သည်၊ ဝါ၊ အနက်ကိုပြတတ်ကုန်သော ထိုပုဒ်တို့သည်။

သုတ္တေ၊ဘုရားရှင်ဟောတော်မူအပ်သောပါဠိတော်၌။ ဩသာဂရိ ယမာနာနှိ၊ချွတ်ခြင်းအပ်ကုန်သည်ရှိသော်။ ဝိနယေ၊ဝိနည်း၌။သန္ဓသိယ ယမာနာနှိ၊ထင်စေအပ်ကုန်သည်ရှိသော် သုတ္တေ၊ဘုရားရှင်ဟော တော်မူအပ်သောပါဠိတော်၌။ စေနဩသရဏန္တိ၊အကယ်၍မသက် ကုန်အုံ့။ဝိနယေ၊ဝိနည်း၌။စေနသန္ဓိသန္တိ၊အကယ်၍မထင်ကုန်အုံ့။ ဧဝံ၊ဤသို့မသက်၊မထင်ကုန်သည်ရှိသော်။ ဣတ္ထေ၊ဤမထေရ်ဆိုအပ် သော အနက်ကိုပြုတတ်ကုန်သောပုဒ်တို့၌။ ဣဒံ၊ ဤစကားသည်။ ဧတသ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ နစေဝ ဝစနံ၊ စ ကားတော် မဟုတ် သာလျှင်တည်း။ တဿစ ထေရဿ၊ ထိုမ ထေရ်၏ သာလျှင်။ ဒုဋ္ဌဟိတံ၊ မကောင်းသော အခြင်းအရာဖြင့် ယူအပ်သောစကားတည်း။ဣတိ၊ဤသို့၊အဒ္ဓါ၊စင်စစ်။နိဋ္ဌံ၊ဆုံးဖြတ် ခြင်းသို့။ ဂန္ဓိ ဗ္ဗံ ၊ရောက်အပ်၏။ဘိက္ခဝေ တို့။ ဣတိမနသိကတွာ။ ဤသို့နှလုံးသွင်းခြင်းကိုပြု၍။ ဧတံ ဝစနံ၊ထိုမထေရ် ဆိုအပ်သော စကားကို။ တုမှေ၊သင်တို့သည်။ ဆန္ဒေယျာထ၊ စွန့်ကြကုန်လော။ တာနိပဒဗျဉ္ဇနာနိ၊ ထိုပုဒ်ဟုဆိုအပ်ကုန်သော ဗျည်းတို့သည်။ဝါ၊ အနက်ကိုပြုတတ်ကုန်သော ထိုပုဒ်တို့သည်။ သုတ္တေ၊ ဘုရားရှင် ဟောတော်မူအပ်သောပါဠိတော်၌။ဩသာဂရိယမာနာနှိ၊ ချွတ်ခြင်း အပ်ကုန်သည်ရှိသော်။ဝိနယေ၊ဝိနည်း၌။ သန္ဓသိယိယမာနာနှိ၊ထင် စေအပ်ကုန်သည်ရှိသော်။ သုတ္တေ၊ ဘုရားရှင် ဟောတော်မူအပ် သောပါဠိတော်၌။ စေဩသရဏန္တိ၊အကယ်၍သက်ကုန်အုံ့။ဝိနယေ၊ ဝိနည်း၌။ စေသန္ဓိသန္တိ၊ အကယ်၍ထင်ကုန်အုံ့။ ဣဒံဝစနံ၊ ဤမ ထေရ်ဆိုအပ်သောစကားသည်။ တဿဘဂဝတော၊ထိုမြတ်စွာ ဘုရား၏။ ဝစနံ၊ စကားတော်တည်း။ တဿစထေရဿ၊ ထိုမ ထေရ်၏သာလျှင်။ သုဋ္ဌဟိတံ၊ ကောင်းသောအခြင်းအရာဖြင့် ယူ အပ်သောစကားပေတည်း။ ဣတိ၊ဤသို့။ ဧတ္ထ-ဧတေသုပဒဗျဉ္ဇနေ သု၊ထိုမထေရ်ပြောဆိုအပ်သော အနက်ကိုပြုတတ်ကုန်သော ပုဒ် တို့၌။ အဒ္ဓါ၊စင်စစ်။ နိဋ္ဌံ၊ဆုံးဖြတ်ခြင်းသို့။ ဂန္ဓိ ဗ္ဗံ ၊ရောက်အပ်၏။ ဘိက္ခဝေ၊တို့။ စတုဏ္ဏံ၊လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ဣဒံမ ဟာပဒေသံ၊ ဤမဟာပဒေသကို။ ဝါ၊ ဤကြီးမြတ်သောထေရ်ကို

ညွှန်အပ်သောအကြောင်းကို၊ တုမ္မော၊သင်တို့သည်။ ငါရေယျာထ မှတ်လေ့ကုန်လော။ ဝါ၊ဆောင်လေ့ကုန်လော။ ဘိက္ခဝေ၊တို့၊ခေါ်၊ စင်စစ်။ စက္ခာရော၊လေးပါးကုန်သော။ ဣမေမဟာပဒေသေ။ ဤ ဆိုအပ်ပြီးကုန်သော မဟာပဒေသတို့ကို။ ဝါ၊ ဤကြီးမြတ်ကုန် သော ဘုရားအာစရိသည်တို့ကို ညွှန်အပ်ကိုန်သော အကြောင်းတ ရားတို့ကို။ ငါရေယျာထ၊ မှတ်ကြလေ့ကုန်လော။ ဝါ၊ ဆောင်ကြ လေ့ကုန်လော။ ။ဤကဲ့ဒေသနာပြန်တည်း။

ဤဟောတော်မူအပ်သော မဟာပဒေသဒေသနာတော်၏။အ ကျဉ်းမှတ်ဘွယ်ကား၊ ။(၁) အကြင်ရဟန်းသည် အကြင်တ ရားကို၊ ငါသည်ဘုရားရှင်ထံမှ သင်ယူမှတ်သားခဲ့သည်ဟု ပြော ဆိုပြီးလျှင်။ ထိုတရားကိုထုတ်ဘော်၍ ငါပြောဆိုအပ်သောတရား သည်။ သုတ် အဘိဓမ္မာ တရားတော်တည်း။ ဤငါပြောဆို အပ် သောတရားသည်၊ ဝိနည်းတရားတော်တည်း။ ဤငါပြောဆိုအပ် သောတရားသည်။ဘုရားရှင်၏အဆုံးအမ သာသနာတော်တည်း။ ဟူ၍ပြောဆိုခဲ့အံ့။ ထိုရဟန်းပြောဆိုအပ်သော တရားစကားကို ကြားနာရသော သူတို့သည်။ ရှုတ်တရက် အဆောတလျင်။ နှစ် သက်ခြင်းကိုလည်းမပြုအပ်။ သင်ရဟန်းပြောဆိုအပ်သောတရား စကားသည်။မဟုတ်မမှန်ဟုပြောဆို၍ တားမြစ်ခြင်းကိုလည်းမပြု အပ်ဘဲ။ရင်းရဟန်းပြောဆိုအပ်သောပုဒ်ပါဠိအက္ခရာ။အနက်။အ ဓိပ္ပါယ်စသည်တို့ကို။ကောင်းစွာမှတ်ယူပြီးလျှင်။ ဘုရားဟောမြစ် သော သုတ်-အဘိဓမ္မာပါဠိတော်၌။လာရှိမရှိကို ချသွင်းစိစစ်အပ် ၏၊ဝိနည်းပါဠိတော်၌လည်း။ ထင်မထင်ကိုစိစစ်အပ်၏။ ထိုသို့ချ သွင်းစိစစ်အပ်သော် အကယ်၍ သုတ်-အဘိဓမ္မာ ပါဠိတော်၌ လည်း မလာမရှိခဲ့အံ့။ ဝိနည်းပါဠိတော်၌လည်း ၎ထင်ခဲ့အံ့။ထိုသို့မ လာမရှိ၎ထင်ခဲ့သော်။စင်စစ်ထိုရဟန်းပြောဆိုအပ်သောစကား၌ ဆုံးဖြတ်ခြင်းသို့ရောက်အပ်၏။ အဘယ်သို့ရောက်အပ်သနည်းဟူ မူ။ထိုရဟန်းပြောဆိုအပ်သောတရားစကားသည်။ စင်စစ် ဘုရား ရှင်၏စကားတော်မဟုတ်၊ထိုရဟန်း၏သင်ယူခြင်းသည်လည်း။ မ

ကောင်းသောအခြင်းအရာဖြင့်သင်ယူခြင်းပေတည်းဟု။ ဆုံးဖြတ်ခြင်းသို့ရောက်အပ်၏။ ထိုသို့ရောက်ပြီးမှ။ ထိုရဟန်းပြောဆိုအပ်သောအယူဝါဒစကားကိုစွန့်ကြရမည်။အကယ်၍ထိုရဟန်းပြောဆိုအပ်သောတရားစကားကို။ ဘုရားဟောဖြစ်သော သုတ်၊အဘိဓမ္မာပါဠိတော်၌။လာရှိမရှိကိုလည်းကောင်း။ဝိနည်း၌ ထင်မထင်ကိုလည်းကောင်း။ ချွတ်ချင်းစိစစ်ကြည့်ရှုခဲ့သော်။အကယ်၍ဘုရားဟောဖြစ်သော သုတ်-အဘိဓမ္မာပါဠိတော်၌မူလည်း။ သက်ဝင်လာရှိအုံ့။ အကယ်၍ ဝိနည်းပါဠိတော်၌မူလည်းထင်ခဲ့အုံ့။ ထိုသို့သုတ်,အဘိဓမ္မာ,ဝိနည်းတို့၌ သက်ဝင်လာရှိ ထင်ခဲ့သည်ရှိသော်။ စင်စစ် ထိုရဟန်း ပြောဆိုအပ်သော စကား၌။ ဆုံးဖြတ်ခြင်းသို့ရောက်အပ်၏။အဘာ သည်သို့ဆုံးဖြတ်ခြင်းသို့ ရောက်အပ်သနည်းဟူမူ။ထိုရဟန်းပြောဆိုအပ်သောတရားစကားသည်။ စင်စစ် ဘုရားရှင်၏စကားတော်တည်း။ ထိုရဟန်း၏အယူသည် ကောင်းသောအခြင်းအရာဖြင့် ယူအပ်သော အယူတည်းဟု။ ဆုံးဖြတ်ခြင်းသို့ရောက်အပ်၏။ထိုသို့ရောက်ပြီးမှ။ ထိုစကားကို အနှစ်သာရအားဖြင့် စွဲစွဲမြဲမြဲမှတ်ယူပြီးလျှင်။နှစ်သက်ဝမ်းမြောက်အပ်၏ဟူလို။ ။ ဤကား ရှေးဦးစွာ ဟောတော်မူအပ်သော မဟာပဒေသ တရားတော်၏အဓိပ္ပါယ်အကျဉ်းတည်း။

(၂) အကြင်ရဟန်းသည် အကြင်တရားကို။ ငါသည် ဤအမည်ရှိသောကျောင်း၌။ အကြီးအမှူးဖြစ်သော မထေရ်နှင့် တကွသံဃာတော်သည်နေ၏။ ထိုသံဃာတော်ထံမှ သင်ယူမှတ်သားခဲ့သည်ဟုပြောဆိုပြီးလျှင်။ ထိုတရားကိုထုတ်ဘော်၍။ ဤငါပြောဆိုအပ်သောတရားသည်။ သုတ်-အဘိဓမ္မာတရားတည်း။ ဤငါပြောဆိုအပ်သောတရားသည်။ ဝိနည်းတရားတည်း။ ဤငါပြောဆိုအပ်သောတရားသည်။ဘုရားရှင်၏အဆုံးအမသာသနာတော်တည်းဟုပြောဆိုခဲ့အုံ့။ ထိုရဟန်းပြောဆိုအပ်သော တရားစကားကိုကြားနာရသောပညာရှိတို့သည်။ ရုတ်တရက်အဆောတလျင် နှစ်သက်ခြင်းကိုလည်းမပြုအပ်။ သင်ရဟန်းပြောဆိုအပ်သော တ

ရားစကားသည်။မဟုတ်မမှန်ဟု။ ဘားမြစ်ခြင်းကိုလည်းမပြုအပ်ဘဲ။ရင်းရဟန်းပြောဆိုအပ်သော ပုဒ်ပါဠိအဂ္ဂရာအနက်အဓိပ္ပါယ်စသည်တို့ကို ကောင်းစွာမှတ်ယူပြီးလျှင်။ ဘုရားဟော ဖြစ်သော သုတ်,အဘိဓမ္မာ ပါဠိတော်၌။ လာရှိ မရှိကို ချသွင်းစိစစ်အပ်၏။ ဝိနည်းပါဠိတော်၌လည်း။ထင်မထင်ကိုစိစစ်အပ်၏။ထိုသို့ချသွင်းစိစစ်အပ်သော်။အကယ်၍ သုတ်,အဘိဓမ္မာပါဠိတော်၌လည်း။ မလာမရှိ။ ဝိနည်းပါဠိတော်၌လည်း မထင်ခဲ့အုံ့။ ထိုသို့မလာမရှိ၊ မထင်ခဲ့သော်။ စင်စစ် ထိုသံဃာတော်ပြောဆိုအပ်သော စကားတော်၌။ဆုံးဖြတ်ခြင်းသို့ရောက်အပ်၏။ အဘယ်သို့ရောက်အပ်သနည်းဟူမူ။ထိုသံဃာတော်ပြောဆိုအပ်သော တရားစကားသည်။ စင်စစ် ဘုရားရှင်၏စကားမဟုတ်။ ထိုသံဃာတော်၏ မကောင်းသောအခြင်းအရာဖြင့်ယူအပ်သောအယူတည်းဟုဆုံးဖြတ်ခြင်းသို့ရောက်အပ်၏။ ထိုသို့ရောက်ပြီးမှ။ထိုသံဃာတော်ပြောဆိုအပ်သော အယူဝါဒကိုစွန့်ကြဲရမည်။ ။အကယ်၍ရင်းသံဃာပြောဆိုသော တရားစကားကို။ဘုရားဟောဖြစ်သောသုတ်၊အဘိဓမ္မာပါဠိတော်၌လာရှိ၊မရှိကိုလည်းကောင်း။ ဝိနည်းပါဠိတော်၌ ထင်၊ မထင်ကိုလည်းကောင်း။ချသွင်းစိစစ်ကြည့်ရှုခဲ့သော်။အကယ်၍ဘုရားဟော ဖြစ်သောသုတ်၊အဘိဓမ္မာပါဠိတော်၌မူလည်းသက်ဝင်လာရှိခဲ့အုံ့။ ဝိနည်းပါဠိတော်၌မူလည်းထင်ခဲ့အုံ့။ထိုသို့သုတ်၊အဘိဓမ္မာ၊ဝိနည်းတို့၌သက်ဝင်လာရှိ ထင်ခဲ့သည်ရှိသော်။ စင်စစ် ထိုသံဃာတော်ပြောဆိုအပ်သော စကား၌။ ဆုံးဖြတ်ခြင်းသို့ရောက်အပ်၏။ အဘယ်သို့ ရောက်အပ်သနည်းဟူမူ။ ထိုသံဃာတော် ပြောဆိုအပ်သောတရားစကားသည်။ စင်စစ်ဘုရားရှင်၏စကားတော်တည်း။ ထိုသံဃာတော်၏အယူသည်။ ကောင်းသော အခြင်းအရာဖြင့်ယူအပ်သော အယူတည်းဟု ဆုံးဖြတ်ခြင်းသို့ရောက်အပ်၏။ ထိုသို့ရောက်ပြီးမှ။ထိုသံဃာတော်၏စကားတော်ကို။ အနှစ်သာရအားဖြင့်စွဲစွဲမြဲမြဲမှတ်ယူပြီးလျှင်။နှစ်သက်ဝမ်းမြောက်အပ်၏ဟူလို။ ။ဤကား နှစ်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော မဟာပဒေသတရားတော်၏ အဓိပ္ပါယ်အကျဉ်းတည်း။

(၃) အကြင် ရဟန်းသည် အကြင်တရားကို။ ငါသည် ဤ အမည်ရှိသော ကျောင်းဌ။ မျှားစွာအကြားအမြင်ရှိကုန်သော ပိဋ္ဌကတ်သုံးပုံကိုနှုတ်တက်ဆောင်ကုန်သောမျှားစွာသော မထေရ်တို့သည်နေကြကုန်၏။ ထိုမျှားစွာကုန်သော မထေရ်တို့ထံမှ။ သင်ယူမှတ်သား ခဲ့သည်ဟု ပြောဆိုပြီးလျှင်။ ထိုတရားတော်ကို ထုတ်တော်၍။ ဤငါပြောဆိုအပ်သောတရားသည်။သုတ်၊အဘိဓမ္မာတရားတည်း။ ဤငါပြောဆိုအပ်သော တရားသည်။ ဝိနည်းတရားတည်း။ဤငါပြောဆိုအပ်သောတရားသည်။ ဘုရားရှင်၏အဆုံးအမသာသနာတော်တည်းဟု ပြောဆိုခဲ့အုံ့။ ထိုရဟန်းပြောဆိုအပ်သောတရားစကားကို။ ကြားနာရသောပညာရှိတို့သည်။ ရုတ်တရက်အုံ့ဆောတလျင်။နှစ်သက်ခြင်းကိုလည်းမပြုအပ်။သင်ရဟန်းပြောဆိုအပ်သော တရားစကားသည်။ မဟုတ်မမှန်ဟု တားဖြစ်ခြင်းကိုလည်း မပြုအပ်ဘဲ။ ၎င်းရဟန်းပြောဆိုအပ်သော ပုဒ်ပါဋ္ဌိ အက္ခရာ၊ အနက်၊ အဓိပ္ပါယ်စသည်တို့ကို ကောင်းစွာ မှတ်ယူပြီးလျှင်။ ဘုရားဟောဖြစ်သော သုတ် အဘိဓမ္မာပါ ဋ္ဌိတော်၌။လာမှ။ မရှိကို။ချသွင်းစိစစ်အပ်၏။ဝိနည်းပါဋ္ဌိတော်၌လည်း။ ထင်၊မထင်ကိုစိစစ်အပ်၏။ထိုသို့ချသွင်းစိစစ်အပ်သော်။ အဂယ်၍သုတ်၊အဘိဓမ္မာပါဋ္ဌိတော်၌လည်းမလာရှိခဲ့အုံ့။ ဝိနည်းပါဋ္ဌိတော်၌လည်း မထင်ခဲ့အုံ့။ထိုသို့မလာမရှိ၊မထင်ခဲ့သည်ရှိသော်။ ထိုမျှားစွာသော မထေရ်တို့၏ ပြောဆိုအပ်သောတရားစကား၌၊ ဆုံးဖြတ်ခြင်းသို့ ရောက်အပ်၏။ အဘယ်သို့ရောက်အပ်သနည်းဟူမူ။ မျှားစွာကုန်သော ပိဋ္ဌကတ်သုံးပုံကို နှုတ်တက်ဆောင်ကုန်သောမထေရ်တို့၏ ပြောဟောအပ်သော တရားစကားသည်။ စင်စစ် ဘုရားရှင်၏ စကားတော်မဟုတ်။ထိုမထေရ်၏မကောင်းသော အခြင်းအရာဖြင့် ယူအပ်သောအယူတည်းဟု၊ဆုံးဖြတ်ခြင်းသို့ရောက်အပ်၏။ထိုသို့ ရောက်ပြီးမှ။ ထိုပိဋ္ဌကတ်သုံးပုံဆောင်ဖြစ်ကုန်သော မျှားစွာသော မထေရ်တို့၏ပြောဆိုအပ်သောအယူဝါဒကိုစွန့်ကြရမည်။ ။အဂယ်၍ ထိုမျှားစွာသော အကြားအမြင်ရှိကုန်သော ပိဋ္ဌကတ်သုံးပုံကို နှုတ်တက်ဆောင်ကုန်သောမထေရ်တို့၏ ပြောဆိုအပ်သော

တရားစကားတော်ကို။ ဘုရားဟောတော်မူအပ်သော သုတ်၊အ ဘိဓမ္မာပါဠိတော်၌။လာရှိ၊မရှိကိုလည်းကောင်း။ဝိနည်းပါဠိတော် ၌ ထင်၊မထင်ကိုလည်းကောင်း၊ ချွင်းစီစစ် ကြည့်ရှုအပ်သော်။ အကယ်၍ဘုရားဟောဖြစ်သော သုတ် အဘိဓမ္မာ ပါဠိတော်၌မူ လည်း သက်ဝင်ခဲ့အုံ့။ ဝိနည်းပါဠိတော်၌မူလည်း ထင်ခဲ့အုံ့၊ ထိုသို့ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းပါဠိတော်တို့၌ သက်ဝင်လာရှိ၊ ထင်ခဲ့ သည်ရှိသော်။ ထိုမျှားစွာကုန်သော မထေရ်တို့၏ ပြောထိုအပ် သောတရားစကား၌။ စင်စစ်ဆုံးဖြတ်ခြင်းသို့ရောက်အပ်၏။ အ ဘယ်သို့ ရောက်အပ်သနည်းဟူမူ။ ထိုမျှားစွာသော မထေရ်တို့ ပြောဆိုအပ်သော တရားစကားသည်။စင်စစ်ဘုရားရှင်၏စကား တော်တည်း။ ထိုမျှားစွာကုန်သော မထေရ်တို့၏အယူဝါဒတော် သည်။ကောင်းသော အခြင်းအရာဖြင့်ယူအပ်သော အယူတည်း ဟု။စင်စစ် ဆုံးဖြတ်ခြင်းသို့ ရောက်အပ်၏။ ထိုသို့ဆုံးဖြတ်ခြင်းသို့ ရောက်ပြီးမှ။ထိုမျှားစွာကုန်သောမထေရ်တို့၏စကားတော်၏။ အ နှစ်သာရအားဖြင့် စွဲစွဲမြဲမြဲမှတ်ယူပြီးလျှင်။ နှစ်သက် ဝမ်းမြောက် အပ်၏ဟူလို။ ။ဤကား။သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော မဟာ ပဒေသတရားတော်၏ အဓိပ္ပါယ်အကျဉ်းတည်း။

(၄) စတုတ္ထမဟာပဒေသတရားတော်သည်။ ပိဋကတ်သုံးပုံ ကိုဆောင်သော တပါးသောမထေရ်ထံမှ။ နာယူမှတ်သားခဲ့မှုမျှ သာထူး၏။ ကျန်အဓိပ္ပါယ်သည်။ မျှားစွာကုန်သောမထေရ်တို့၏ ထံမှနာယူခဲ့၍၊ ပြောဆိုအပ်သော အချက်တို့ကို ပြဆိုအပ်သော နည်းအတိုင်းသာလျှင်တည်း။ ။ဤတွင် ဘုရားရှင်ဟောတော်မူ အပ်သော မဟာပဒေသတရားတော် (၄)ပါး၏ သရုပ်အဓိပ္ပါယ် ကိုဘော်ပြချက်အကျဉ်းပြီး၏။

ယာဝုအခါ၊သုတ်မဟာဝါ အဋ္ဌကထာ။စာမျက်နှာနံပါတ်(၁၄၂) က(၁၄၃)ထိ၌။လာရှိသော မဟာပဒေသတရားတော်ကိုထုတ်ပြ ပေဦးအုံ့။ ။ဣဟ ဘိက္ခဝေ ဘိက္ခုနာ ဓမ္မံ ပဋိစ္စ ဝေဒိတဗ္ဗံ။ သုတ္တေ

စက္ခာရော မဟာပဒေသာ၊ ခန္ဓကေ စက္ခာရော မဟာပဒေသာ။ လ။ သုတ္တံ၊ သုဿာနုလောမံ၊ အာစရိယဝါဒေါ၊ အတ္ထနောမတိ၊ တိသော သဂီတိယောတိ။ တဿ အယံ ဓမ္မော အယံ ဝိနယော တိ ဓမ္မဝိနိစ္ဆယေ ပတ္တေ ဣမေ စက္ခာရော မဟာပဒေသာ ပမာဏံ။ ယံ ဣဿ သမေတိ။ တဒေဝ ဂဟေတဗ္ဗံ။ ဣတရံ ဝိဝရိတ္တာ သဝိနပဟေတဗ္ဗံ။ လ။ သုဿာဒိသုပန သုတ္တံ နာမ တိသော သဂီတိယော အာရုဠ္ဠာနိ တိဏိပိဋကာနိ။ သုတ္တာနုလောမံ နာမ အနုလောမကထိယံ။ အာစရိယဝါဒေါ နာမ အဋ္ဌကထာ။ အတ္ထနောမတိ နာမ နယဒ္ဒါ ဟေန အနုဇ္ဇိယာ အတ္ထနော ပဒီဘာနံ၊ တဿ သုတ္တံ အပ္ပဋိဗာဟိယံ။ တံ ပဋိဗာဟေန ဇဒ္ဓေါ ပဋိဗာဟိတောဟောတိ။ အနုလောမကထိယံ ပန သုတ္တေန သမေန္တိ မေဝ ဂဟေတဗ္ဗံ။ နဣတရံ။ အာစရိယဝါဒေါ သုတ္တေန သမန္တောယေဝ ဂဟေတဗ္ဗော။ နဣတရော။ အတ္ထနောမတိ ပန သဗ္ဗဒုဗ္ဗလာ။ သာ သုတ္တေန သမေန္တောယေဝ ဂဟေတဗ္ဗာ။ နဣတရာ။ ပဋ္ဌသတိကာ၊ သတ္ဌသတိကာ၊ သဟဿသိကာတိ ဣမာ ပန တိသော သဂီတိယော။ သတ္ထိ တာသု အာဂတမေဝ ပမာဏံ။ ဣတရံ ဂါရယ္ဟသုတ္တံ နဂဟေတဗ္ဗံ။ ။ဟူ၍မိန့်ဆိုအပ်သော အဋ္ဌကထာစကားတော်ကိုထောက်၍၊ အဋ္ဌကထာ၌ရှင်တို့၏မိန့်ဆိုအပ်သော မဟာပဒေသတရားတော်ကိုသိကြလေ။ ။မြန်မာပြန်ကား၊ ။ပန၊ ထိုစကားကို ဆက်၍ဆိုဦးအံ့။ ဤမဟာပဒေသ (၄) ပါးတို့ကို ဟောတော်မူအပ်သောအရာ၌။ ဤမံပကိဏ္ဏကံ၊ ဤဆိုလတံ့သော ပြိုးပြမ်းဖြစ်သောစကားကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ သုတ္တေ၊ သုတ္တန်ပိဋကတ်၌။ အာဂတာ၊ လာကုန်သော။ စက္ခာရော၊ လေးပါးကုန်သော။ မဟာပဒေသာ၊ မဟာပဒေသတို့လည်းကောင်း။ ခန္ဓကေ၊ ဝိနည်းခန္ဓကာ၌။ အာဂတာ၊ လာကုန်သော။ စက္ခာရော၊ လေးပါးကုန်သော။ မဟာပဒေသာ၊ မဟာပဒေသတို့လည်းကောင်း။ လ။ သုတ်၊ သုတ္တလည်းကောင်း။ သုတ္တာနုလောမံ၊ သုတ္တာနုလောမလည်းကောင်း။ အာစရိယဝါဒေါ၊ အာစရိယ ဝါဒလည်းကောင်း။ အတ္ထနောမတိ၊ အတ္ထနောမတိလည်းကောင်း။ ဣတိ၊ ဣသို့။ ဣမံ ပကိဏ္ဏကံ ဣပြိုးပြမ်းဖြစ်သောစကားကို

ဝေဒိတဘဒ္ဒံ၊သိအပ်၏။ တဘ၀ဟု၊ထိုပြိုးပြမ်းဖြစ်သောစကားခု။ အယံ၊ ဤသည်ကား။ ဓမ္မောသုတ်၊ အဘိဓမ္မာတရားတည်း။ အယံ၊ ဤ သည်ကား။ဝိနယောဝ၊ဝိနည်းတည်း။ဣတိ၊ဤသို့။ဓမ္မဝိနိစ္ဆယော။ တ ရားကို ဆုံးဖြတ်ခြင်းသည်။ ဝါ၊ ဆုံးဖြတ်အပ်သော တရားသည်။ ပဘော၊ရောက်လတ်သည်ရှိသော်။စတ္တာရော လေးပါးကုန်သော။ ဣမေမဟာပဒေသာ၊ဤမဟာပဒေသတရားတို့သည်။ ပမာဏံ၊ ပ မာဏတည်း။ ဝါ၊နှိုင်းယှဉ်ဆုံးဖြတ်ကြောင်းတည်း။ ယံ၊အကြောင်စ ကားသည်။ ဣဒေ၊ ဤလေးပါးသောမဟာပဒေသတို့ခု။ သမေတိ၊ ညီညွတ်အံ့။ တဒေ၀၊ ထိုသို့ညီညွတ်သောစကားကိုသာလျှင်။ ဂ ဟေတဗ္ဗံ၊ယူအပ်၏။ဣဟ၊ဤမှတပါးသောမဟာပဒေသနှင့် မ ညီညွတ်သောစကားကို။ ဝိ၀ရိတ္တံ သပိ၊ ပြောဆိုပြည်တမ်းသော် လည်း။ နဂဟေတဗ္ဗံ၊မယူအပ်။ ။ပန၊ထိုမှတပါး။ သုတ္တာဒီသု၊ သုတ္တသစသည်တို့တွင်။ သုတ္တံနာမ၊သုဘူမည်သည်ကား။ တိသေသာ၊ ဆုံးပါးကုန်သော။ သဂ္ဂိတိယောဝ၊သဂ်ါယနာတို့သို့။ အာရုဠ္ဠာနိ၊ တင်အပ်ကုန်သော။ တိဏိ၊ဆုံးပါးကုန်သော။ ပိဋကာနိ၊ပိဋကတ် တို့တည်း။ ။သုဘူဝါနုလောမံနာမ၊သုတ္တာနုလောမမည်သည်ကား အနုလောမကပ္ပိယံ၊ ပါဠိတော်အားလျော်စွာ ကြံဆအပ်သော သဘောတည်း။ ။အာစရိယ၀ါဒေါနာမ၊ အာစရိယ၀ါဒ မည် သည်ကား။အဠကထာ၊အဋ္ဌကထာတည်း။ ။အတ္တနောမတိနာမ၊ အတ္တနောမတိမည်သည်ကား။ နယဂ္ဂါဟေန၊နည်းယူသဖြင့်။ အနု ဗုဒ္ဓိယာ၊ သုဘူအစရှိသည်တို့ကို အစဉ်လျှောက်၍ သိတတ်သော ဉာဏ်ဖြင့်။အတ္တနော၊မိမိ၏။ ဝါ ဒိဒိအား။ ပဠဘာနုံ၊ထင်ဖြင်ခြင်း တည်း။ တဘ၀၊ထိုလေးပါးကုန်သောသုတ္တအစရှိကုန်သော မဟာ ပဒေ သတို့တွင်။သုတ္တံ သုဘူကို။ဝါ၊ဘုရားဟောဖြစ်သောပိဋကတ် သုံးပုံပါဠိတော်ကို။ အပ္ပဋိဗာဟိယံ.မတားဖြစ်အပ်။ တံ၊ထိုဘုရား ဟောဖြစ်သောပိဋကတ်သုံးပုံပါဠိတော်ကို။ပဒီဗာဟာန္တိနု၊တား ဖြစ်သောသူသည်။ဗုဒ္ဓေါ ဝ။ သစ္စာလေးပါးတရားတော်တို့ကို အ ကြောင်းမရှိ သိတော်မူတတ်သော သဗ္ဗညုဘုရားကိုသာလျှင်။ပဋိဗာ ဟိတော၊တားဖြစ်အပ်သည်။ဟောတိ ဖြစ်၏။ ။ပန၊အထူးကိုဆို

ဦးအုံ့။အနုလောမကပ္ပိယံ၊ပါဠိတော်အားလျှော်စွာကြံဆအပ်သော သဘောကို။ သုဇော့နှ၊ ဘုရားဟောဖြစ်သော ပိဋကတ်သုံးပုံပါဠိ တော်နှင့်။သမေန္တမေဝ၊ညီညွတ်သည်ကိုသာလျှင်။ ဂဟောတဗ္ဗံ၊ ယူအပ်၏ ဣတိ၎င်း၊ဤမှတပါး ပါဠိတော်နှင့်မညီမညွတ်သော အနု လောမကပ္ပိယကို။ နဂဟောတဗ္ဗံ၊မယူအပ်။ အာရိယဝါဒေါ၊ အာစရိယဝါဒကိုလည်း။ ဝါ၊ ဗုဒ္ဓမတည်ဖြစ်ကုန်သော အဋ္ဌက ထာဆရာတို့သည် ဘွင့်ဆိုကြောင်း ဖြစ်သော အဋ္ဌကထာဌာ်လာ သောဝါဒကိုလည်း။ သုဇော့နှ၊ ဘုရားဟောပါဠိတော်နှင့်။ သ မေန္တောပေါ၊ညီညွတ်သည်ကိုသာလျှင်။ဂဟောတဗ္ဗော၊ယူအပ် ၏။ဣတိ၎င်း၊ဤမှတပါးသောပါဠိတော်နှင့်မညီမညွတ်သော။အာ စရိယဝါဒေါ၊ အဋ္ဌကထာဌာ် လာသောဝါဒကို။ နဂဟောတဗ္ဗော၊မ ယူအပ်။ ။ပန၊အဘို့တပါးကိုဆိုဦးအုံ့။ အတ္ထိနောမတိ၊အတ္ထိနော မတိသည်။ဝါ၊မိမိထင်ဖြင်သောအသိဉာဏ်သည်။ ဝါ၊ဋီကာဆရာ တို့၏ဝါဒသည်။သဗ္ဗဒုဗ္ဗလာ၊အလုံးစုံအောက်အားနည်း၏။ သာပိ၊ ထိုအတ္ထိနောမတိဟု ဆိုအပ်သောဋီကာဝါဒကိုလည်း။ သုဇော့နှ၊ ဘုရားဟောဖြစ်သော ပါဠိတော်နှင့်၊ သမေန္တောပေါ၊ ညီညွတ် သည်ကိုသာလျှင်။ ဂဟောတဗ္ဗာ၊ယူအပ်၏။ ဣတိ၎ရာ၊ ဤမှတ်ပါး သောပါဠိတော်နှင့်မညီမညွတ်သောဝါဒကို။နဂဟောတဗ္ဗာ၊မ်ယူ အပ်။ ။ပန၊အဘို့တပါးကိုဆိုဦးအုံ့။ ပဠဝသတိကာ၊ ငါးရာသော ရဟန္တာတို့သင်္ဂါယနာတင်ခြင်းလည်းကောင်း။ သတ္တသတိကာ၊ ခုနစ်ရာသော ရဟန္တာတို့သင်္ဂါယနာတင်ခြင်းလည်းကောင်း။ သ ဟာသိကာ' တထောင်သော ရဟန္တာတို့ သင်္ဂါယနာ တင်ခြင်း လည်းကောင်း။ဣတိဣဟ၊ဤသုံးပါးတို့သည်။ တိသော၊ သုံးပါး ကုန်သော။ သင်္ဂီတိယော၊ သင်္ဂါယနာတို့မည်ကုန်၏။ ။သုဒ္ဓမ္မ ပါဠိတော်သည်လည်း။ တာသု၊ထိုသင်္ဂါယနာသုံးပါးတို့၌။ အာဂ တမေဝ၊လာသောပါဠိတော်သာလျှင်။ပမာဏံ၊ပမာဏတည်း။ဝါ၊ ဩဠင်းယှဉ်ဆုံးဖြတ်ကြောင်းတည်း။ ။ဣတိ၎ရာ၊ ဤမှတပါးသောသင်္ဂါ ယနာသုံးတန်၌ မလာမရှိသော ပါဠိတော်သည်။ ဂါရယ္ဟသုတ္တံ၊ ကဲ့ရဲ့အပ်သော ပါဠိတော်တည်း။ နဂဟောတဗ္ဗံ၊မယူအပ်။

အဓိပ္ပါယ်အကျဉ်းချုပ်ကား။ သုဇာ၊သုဇာနုလောမ၊ အာစရိယဝါဒ၊ အဇာနေါမတိဟူ၍ မဟာပဒေသတရား (၄) ပါးသည်။ အဌကထာ၌လာ၏။ ထို (၄) ပါးသော မဟာပဒေသတို့တွင်။ သုဇာဆိုသည်ကား။ ဘုရားရှင်ဟောတော်မူအပ်သော ဝိနည်းကတ်သုံးပုံပါဠိတော်တည်း။သုဇာနုလောမဆိုသည်ကား။ ပါဠိတော်အားလျော်စွာ ကြံဆအပ်သောသဘောတည်း။အာစရိယဝါဒဆိုသည်ကား။ပါဠိတော်ကိုဘွင့်ဆိုကြောင်းဖြစ်သောအဌကထာဝါဒတည်း။အဇာနေါမတိဆိုသည်ကား။ ပါဠိတော် အဌကထာအားလျော်စွာ။ နည်းယူ၍ မိမိတို့ဉာဏ် ထင်မြင်ရာကို ပြုဆိုအပ်သော ဋီကာရှင်တို့၏ဝါဒတည်း။ ။သာသနာတော်၌။ အကြင်အကြင် ရဟန်း၊ရှင်၊လူတို့သည်။သုတ် အဘိဓမ္မာ ဝိနည်းနှင့်စပ်၍။ အချင်းချင်း အငြင်းအခုံဖြစ်ပွါးကုန်လတ်သော်။ ထိုမဟာပဒေသတရားတော်တို့နှင့်သာ၊ တိုက်ဆိုင် ကြည့်၍ ဆုံးဖြတ် ကြရသည်။ ထိုကြောင့်ထိုမဟာပဒေသတရားတော်သည်။စင်စစ်မှန်၊မမှန်ကိုဆုံးဖြတ်ကြောင်းဖြစ်သောတရားတော်ကြီးပေတည်း။ ။ထိုဆုံးဖြတ်ကြောင်းဖြစ်သော မဟာပဒေသ တရားတော်ကြီး တို့တွင်လည်း ဘုရားဟောတော်မူအပ်သော ပါဠိတော်သည်သာလျှင်၊ပဓာနအချုပ်တရားပေတည်း။ ထိုကြောင့် အငြင်းအခုံ ဖြစ်ပွါးလတ်သော် ဘုရားဟောပါဠိတော်၌လာရှိ၊မရှိကိုစိစစ်အပ်၏။အကယ်၍စိစစ်၍မလာမရှိလျှင်။ ထိုဝါဒမျှားကို သူတော်ကောင်းတို့ ပယ်စွန့်အပ်၏။ အကယ်၍ ပါဠိတော်အားလျော်သော သဘောဖြစ်သည်ဟု ပြောဆိုပြားသော်လည်း၊ ပါဠိတော်နှင့် ညီညွတ်သောသဘောဖြစ်လျှင်သာယူအပ်သည်။မညီညွတ်သောသဘောဖြစ်လျှင်။ စင်စစ် မယူအပ်၊စွန့်အပ်၏။ အကယ်၍ အဌကထာ၌လာရှိခဲ့အုံ။ ထိုလာရှိသောအဌကထာဝါဒကိုလည်း။ ဘုရားဟော ပါဠိတော်နှင့် ညီညွတ်လျှင်ယူအပ်၏။ အကယ်၍မညီညွတ်လျှင်စွန့်အပ်၏။ အကယ်၍ အဇာနေါမတိဟုဆိုအပ်သောဋီကာ၌သာလျှင်လာရှိခဲ့အုံ။ ထိုလာရှိသော ဋီကာရှင်တို့၏ အယူဝါဒစကားကိုလည်း။ ဘုရားဟောပါဠိတော်နှင့်ညီညွတ်လျှင်ယူအပ်၏။မညီညွတ်လျှင် စွန့်ပစ်

အပ်၏။ ပါဠိတော်၌လာသော အယူဝါဒစကားပင် ဖြစ်သော်လည်း။ သင်္ဂါယနာတင်ဖြစ်သော ဘုရားဟောပါဠိတော်၌ လာရှိသောစကားတော်ကိုသာယူအပ်၏။ထိုမှတပါး သောဘုရားဟောမဟုတ်သောပါဠိတော်စကားကိုမယူအပ်၊ စွန့်အပ်၏ဟု အဋ္ဌကထာဂုရင်တို့သိစေတော်မူသည်၏အဖြစ်ကို။ပညာရှင်တို့ထင်ရှားသိကြလေကုန်။ ။ဤကား အဋ္ဌကထာဂုရင်တို့ ပြဆိုတော်မူအပ်သော မဟာပဒေသတရား(၄)ပါး၏ အဓိပ္ပါယ်အကျဉ်းတည်း။

ဤပြဆိုအပ်ပြီးသော ဘုရားဟောဖြစ်သော မဟာပဒေသ တရား(၄)ပါး။အဋ္ဌကထာ၌လာရှိသောမဟာပဒေသတရား(၄)ပါး။ ထိုဆိုအပ်ပြီးသော မဟာပဒေသတရားကိုသာလျှင်။ အငြင်းအခုံ ဖြစ်ပွါးရာတိုင်း၌။ လက်ကိုင်ထား၍ စိစစ်အပ်သည်၏ အဖြစ်ကို။ ဘုရားရှင်နှင့်တကွ။ အဋ္ဌကထာဂုရင်တို့သည်။ ဆုံးမဟောပြနည်း ပေးတော်မူခဲ့ကြကုန်သည်။ထိုသို့ဆုံးမဟောပြ နည်းပေးတော်မူခဲ့ ကြကုန်သည်တို့ကိုထောက်၍။ ယသုဗုဒ္ဓါနှုသဿတိဘာဝနာ၏အာရုံ ဟုဆိုအပ်သောဂုဏ်တော်ပရမတ်၊သဗ္ဗညုဇ्ञာန်ပညတ်တို့ကို။အငြင်း အခုံဖြစ်ရာ၌လည်း။ထိုမဟာပဒေသတရားသာလျှင်။ပဓါနလိုရင်း ကြီးဖြစ်ပေ၏။ထိုကြောင့်မဟာပဒေသတရား (၄)ပါးနှင့်သာ်လျှင် တိုက်ဆိုင်၍ ကြည့်ရှုရန် လိုကြကုန်သည်။ ။ထိုကြောင့် ဤဗုဒ္ဓါ နှုသဿတိဘာဝနာကိုပွါးရာ၌။ ဂုဏ်တော်ကိုအာရုံပြု၍ပွါးရမည်။ သို့မဟုတ်သဗ္ဗညုဇ्ञာန်ပညတ်ကိုအာရုံပြု၍ပွါးရမည်ကို။ ဘုရားဟော ပါဠိတော်တို့၌စိစစ်ရှာဖွေကြလျှင်။ ဂုဏ်တော်ပရမတ်တို့ကိုသာ လျှင်အာရုံပြု၍၊ဗုဒ္ဓါနုဿတိဘာဝနာကိုပွါးအပ်သည်၏အဖြစ်ကို။ ဘုရားဟော သင်္ဂါယနာတင် ပါဠိတော်တို့၌။ တိုက်ရိုက်မျှားစွာ ပညာရှင်တို့ တွေ့ကြကုန်လတ်။ ဘုရားရှင်၏ သဗ္ဗညုဇ्ञာန်ပညတ်ကို အာရုံပြု၍။ ဗုဒ္ဓါနုဿတိဘာဝနာကို ပွါးအပ်သည်၏ အဖြစ်ကို။ ဘုရားဟောပါဠိတော်တို့၌ တိုက်ရိုက်အနည်းငယ်မျှ မတွေ့မမြင် ကြကုန်လတ်။ အဘယ်ကြောင့် တိုက်ရိုက် အနည်းငယ်မျှ မတွေ့ မမြင်ကြကုန်သနည်းဟု။တွေးတောဆင်ခြင်ကြကုန်လျှင်။ သင့်ညှဉ်

မြတ်စွာဘုရားသည်။ရင်းသဏ္ဌာန်ပညတ်ကိုအာရုံပြု၍။ ဗုဒ္ဓါနုဿ တိဘာဝနာ ပွါးများမှုကို။ စင်စစ်ဟောတော်မမူခဲ့။ ထိုသို့ဟော တော်မမူခဲ့သောကြောင့်သာလျှင်။ထိုဘုရားဟောဖြစ်သော သင်္ဂါ ယနာတင်ပါ၌တော်တို့၌မလာမရှိ။အကယ်၍ဟောတော်မူခဲ့လျှင် ပိဋကတ်သုံးပုံပါ၌တော်တို့တွင်။တစုံတခုသောပါ၌တော်၌။ ။ဣ ဓေကိဘိက္ခု တထာဂတံ အနုဿရေယျာသိ သဏ္ဌာနပညတ္တိ ။ ။ ဟူ၍ တိုက်ရိုက်လာရှိသည်ကို။ ပညာရှင်တို့ ဝေဖြင်ကြရကုန်လ တံ့သာလျှင်တည်း။ စင်စစ်မဝေဖြင်ခြင်းသည်။ဘုရားရှင် မ ဟောခဲ့၍သာလျှင် မဝေဖြင်ကြကုန်ဟု မှတ်ကြလေ။ ।ထိုသို့ ဘုရားရှင် မဟောအပ်သည်ကို သိကြလျှင်လည်း။ ရင်းသဏ္ဌာန် ပညတ်ကိုအာရုံပြု၍။ဗုဒ္ဓါနုဿတိဘာဝနာ ပွါးများမှုကို။ ဘုရား ရှင်သည်။ စင်စစ် အလိုတော်မရှိအပ်ဟု ပညာရှင်တို့ သိထိုက်ကြ ကုန်လည် သာလျှင် တည်း။ ။ဘုရား ရှင် သည် သာလျှင်။ ရင်း သဏ္ဌာန်ပညတ်ကိုအာရုံပြု၍။ဗုဒ္ဓါနုဿတိဘာဝနာပွါးများမှုကို အလိုတော်မရှိ၍။ဟောတော်မမူအပ်သည်သာမဟုတ်သေး။ ဘု ရားအလိုတော်ကိုသိကုန်သောအဋ္ဌကထာရှင်တို့သည်လည်း။ရင်း သဏ္ဌာန်ပညတ်ကိုအာရုံပြု၍။ ဗုဒ္ဓါနုဿတိဘာဝနာပွါးများမှုကို။ အလိုတော်မရှိကြကုန်၍။ ။ဗုဒ္ဓါနုဿတိ ဘာဝေတုကာမေန အ ဝေစ္စပ္ပသာဒေနယောဂိနာဗုဒ္ဓသဏ္ဌာနပညတ္တိ အနုဿရိတဗ္ဗာ။ ။ ဟူ၍တိုက်ရိုက်ပြဆိုတော်မမူကြကုန်။ ထိုသို့တိုက်ရိုတ်ပြဆိုတော် မမူသောကြောင့်သာလျှင်၊အလုံးစုံသော ဗုဒ္ဓါနုဿတိဘာဝနာအ ခဏ်းကို။ ဘွင့်ဆိုတော် မူသော အဋ္ဌကထာတို့၌ ရှာဖွေကြကုန် သည်ရှိသေး။ တစုံတခုသော အဋ္ဌကထာ၌သော်လည်း။ မတွေ့မ ဖြင်ကြကုန်လတံ့။ထိုသို့မတွေ့မဖြင်ခြင်းကိုထောက်ထားလျှင်။ စင် စစ်အဋ္ဌကထာရှင်တို့အလိုမရှိ၍။မပြမဆိုသည်၏အဖြစ်ကို။ ပညာ ရှင်တို့ စင်စစ်သိအပ်သည်သာလျှင်တည်း။ ထိုကြောင့် ဘုရားရှင် နှင့်တကွ အဋ္ဌကထာရှင်တို့။ အလိုတော် မဟုတ်သော သဏ္ဌာန် ပညတ်ကိုအာရုံပြု၍။ဗုဒ္ဓါနုဿတိဘာဝနာ ပွါးများမှုကို။ စင်စစ် ပညာရှင်တို့အလိုမရှိအပ်ဟုမှတ်။

စင်စစ်အလိုရှိအပ်သည်မှာ၊ဂုဏ်တော်ပရမတ်တို့ကိုသာလျှင် အာရုံပြု၍။ဗုဒ္ဓါနုဿတိဘာဝနာပွါးများမှုကို။ ပညာရှင်တို့ အလို ရှိအပ်၏။အဘယ်ကြောင့် အလိုရှိအပ်သနည်းဟူမူ။ ဘုရားရှင်၏ အလိုတော်၊ အဋ္ဌကထာရှင်တို့၏ အလိုတော် ဖြစ်သော ကြောင့် တည်း။ထိုသို့အလိုတော် ဖြစ်ကြောင်းကိုလည်း။ ရှေးဦးပြုဆိုအပ်ခဲ့ ပြီးသော။ ။ဣဘုဝတ္တံ မဟာနာမ တထာဂတံ အနုဿရေယျာသိ ဣတိပိသောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတောလောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ။ ။ဟူ၍ အဂ်ိတ္တရပါ ဠိတော်၌။ မ ဟာနာမ်ကိုအကြောင်းပြု၍။တိုက်ရိုက်ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း။ ။မမေဝ တသ္မိံ သမယေ အနုဿရေ ယျာထ ဣတိပိသောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။လ။ဗုဒ္ဓေါဘ ဂဝါတိ။ ။ဟူ၍ သဂါထာဝဋ္ဌသံယုတ်ပ ါဠိတော်၊ဧဂ်သုတ်၌။ရ ဟန်းများကိုအ ကြောင်းပြု၍။တိုက်ရိုက်ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း။ ။ဗုဒ္ဓံအာရဗ္ဘ ဥပ္ပန္နာ အနုဿတိ ဗုဒ္ဓါနုဿတိ။ ဗုဒ္ဓ ဂုဏာရမ္မဏာယ သတိယာ ဧတမဓိဝစနံ။ ။ဟူ၍ ဝိသုဒ္ဓိမဂ်အ ဋ္ဌကထာရှင်ပြုဆိုတော်မူအပ်သောပါဠိတို့တွင်(ဗုဒ္ဓဂုဏာရမ္မဏာ ယ သတိယာ)ဟု၍၊ တိုက်ရိုက်ပြုဆိုတော်မူအပ်သည်ကိုထောက် ၍ လည်းကောင်း။ ။ဗုဒ္ဓါနုဿတိတိ ဗုဒ္ဓံအာရဗ္ဘ ဥပ္ပန္နာ အ နုဿတိ။ ဗုဒ္ဓဂုဏာ နုဿတိယာ ဧတံအဓိဝစနံ။ ။ဟူ၍ ဧ၏ အဂ်ိတ္တရ အဋ္ဌကထာရှင် ပြုဆိုတော်မူအပ်ကုန်သော ပါဠိတို့တွင် (ဗုဒ္ဓဂုဏာနုဿတိယာ)ဟူ၍ တိုက်ရိုက်ပြုဆိုတော် မူအပ်သည် ကိုထောက်၍ လည်းကောင်း။ ။ဘုရားရှင်နှင့်တကွ အဋ္ဌကထာ

ရှင်တို့သည်။ ဤဗုဒ္ဓါနုဿတိဘာဝနာအရာ၌။ ဘုရားဂုဏ်တော်ပရမတ်ကိုသာလျှင် အာရုံပြု၍ပွါးဖေါ်သည်၏အဖြစ်ကို။စင်စစ်အလိုတော်ရှိကြကုန်၏ဟူ၍။ ပညာရှင်တို့ သိကြလေကုန်။ ။ထိုသို့သိကြကုန်လျှင်လည်း။ အဘယ်မှာပညာရှင်တို့သည်။ ဘုရားရှင်၏အလိုတော်၊အဋ္ဌကထာရှင်တို့၏ အလိုတော်ဖြစ်သောဂုဏ်တော်ပရမတ်ကိုအာရုံပြု၍။ဗုဒ္ဓါနုဿတိဘာဝနာပွါးများမှုကို အလိုမရှိဘဲနေကုန်အုံ့နည်း။စင်စစ်အလိုရှိကြကုန်သည်သာလျှင်တည်း။ စင်စင်အလိုမရှိအပ်သည်မှာ။သဏ္ဌာန်ပညတ်ကိုအာရုံပြု၍။ဗုဒ္ဓါနုဿတိ ဘာဝနာ ပွါးများမှုကို အလိုမရှိအပ် ဟုမှတ်လေ။ အဘယ်ကြောင့် အလိုမရှိအပ် သနည်းဟူမူ။ သုတ္တဟုဆိုအပ်သော ပိဋကတ်သုံးပုံပါဠိတော်၊အဘေစရိယဝါဒဟုဆိုအပ်သောပါဠိတော်ကို ဘွဲ့ကြောင်း ဖြစ်သော အဋ္ဌကထာတို့၌။ တိုက်ရိုက် မလာမရှိသောကြောင့်တည်း။ ။ထိုကြောင့်ဘုရားရှင်လည်း ဟောတော်မမူအပ်။ အဋ္ဌကထာရှင်တို့လည်း မပြုမဆိုအပ်သော သဏ္ဌာန်ပညတ်ကိုအာရုံပြု၍။ ဗုဒ္ဓါနုဿတိဘာဝနာ ပွါးများမှုကို။စင်စစ်ပညာရှင်တို့အလိုမရှိအပ်ဟု မှတ်ယူကြလေကုန်။

အဘယ်ကြောင့်ဘုရားရှင်သည်လည်းကောင်း။အဋ္ဌကထာရှင်တို့သည်လည်းကောင်း။ဤဗုဒ္ဓါနုဿတိဘာဝနာအရာ၌။ သဏ္ဌာန်ပညတ်ကို အာရုံပြု၍။ ဗုဒ္ဓါနုဿတိ ဘာဝနာ ပွါးများမှုကို။ အလိုတော်မရှိ၍ မဟောမပြကြ လေကုန်သနည်းဟူမူ။ ၎င်းသဏ္ဌာန်ပညတ်သည်။ မူလကိုကပင် ဘာမျှမရှိသော အဘာဝတရားသာလျှင်ဖြစ်၏။ ။ထိုဘာမျှမရှိသောအဘာဝတည်းဟူသောသဏ္ဌာန်ပညတ်တရားသည်။ သစ္စာလေးပါး တရားတော်ကို ထိုးထွင်း၍လည်း မသိတတ်။ ထိုးထွင်း၍ သိတတ်သော ဉာဏ်တော်၏ အကြောင်းခံဖြစ်သော ထင်ရှားရှိသော ရုပ်တရား၊နာမ်တရားလည်း မဟုတ်။ ။ထိုသဏ္ဌာန် ပညတ်သည် ကိလေသာကိုလည်း အကြွင်းမရှိမသတ်တတ်။ ကိလေသာတို့ကို အကြွင်းမရှိ သတ်တတ်သော အရဟတ္တမဂ်ဉာဏ်တော်၏အကြောင်းခံဖြစ်သောထင်ရှား

ရှိသော ရုပ်တရား၊ နာမ်တရားလည်း မဟုတ်။ ၊ထိုသဏ္ဌာန်ပညတ်သည်။ မူလကိုက ဘာမျှမရှိသောအဘာဝတရားဖြစ်သောကြောင့်။ ၎င်းသဏ္ဌာန်ပညတ်ကို ဝိဇ္ဇာစရဏာစသော ဂုဏ်တော်တို့နှင့်ပြည့်စုံသောသူဟူ၍လည်းညွှန်ပြအပ်စရာမရှိ၊ ။ဖြည့်ဆည်းဖူးအပ်သော ပါရမီတော် ကုသိုလ်အစွမ်းကြောင့်။ ဖြစ်ပေါ်လာသော(၃၂)ပါးသောလက္ခဏာတော်ကြီး၊ ၅စ်ဆယ်သော လက္ခဏာတော်ငယ်တို့၏ တည်ရာလည်းမဟုတ်။ ၎င်းသဏ္ဌာန်ပညတ်သည်။ ရောင်ခြည်တော်ခြောက်သွယ်ဟု သမုတ်အပ်သော ဆန်းကြယ်သောအဆင်းတော်တို့၏တည်ရာဒိုရာဖြစ်၏ဟူ၍လည်းညွှန်ပြအပ်စရာမရှိ။အဘယ်ကြောင့်အဆင်းတော်တို့၏ တည်ရာဒိုရာဖြစ်၏ဟုညွှန်ပြအပ်စရာမရှိလေသနည်းဟူမူ။အဆင်းတော်ဟူသမျှတို့သည်။ ဒိမိတို့၏ဒိုရာဖြစ်သော ထင်ရှားရှိသော မဟာဘုတ်တို့ကိုသာလျှင် မှီ၍ဖြစ်ကုန်၏။ ထိုဘာမျှမရှိသော အဘာဝဟုဆိုအပ်သောသဏ္ဌာန်ပညတ်ကိုမှီ၍ဖြစ်မှုမရှိကုန်။ထိုကြောင့်အဆင်းတော်တို့၏တည်ရာဒိုရာ ဟူ၍လည်း ညွှန်ပြအပ်စရာမရှိဟု မှတ်လေ။

ရင်းသဏ္ဌာန် ပညာတ်ကို။ ဤပုဂ္ဂိုလ်သည် လောကဓံ တစုံတယောက်သောသူနှင့်လည်းမတူ။ စင်စစ် သီလဂုဏ်၊သမာဓိဂုဏ်၊ ပညာဂုဏ်စသော မျိုးစွာသောဂုဏ်တို့ဖြင့်လည်း ထူးကဲလွန်ကဲ၏ဟူ၍လည်း ညွှန်ပြအပ်စရာမရှိ။ ထိုထူးကဲ လွန်ကဲသော ဂုဏ်တော်တို့ကြောင့် စင်စစ် ရိုသေလေးမြတ် ရှိခိုးပူဇော်ထိုက်၏ ဟူ၍လည်းညွှန်ပြအပ်စရာမရှိ။အဘယ်ကြောင့်ညွှန်ပြအပ်စရာမရှိလေသနည်းဟူမူ၊ မူလကိုကပင် ဘာမျှမရှိသော အဘာဝမျှသာ ဖြစ်သောကြောင့်တည်း။ ထိုကြောင့် ညွှန်ပြအပ်စရာမရှိဟု မှတ်ကြလေ။ ။စင်စစ်ညွှန်ပြအပ်စရာထိုက်သောတရားကား။ ပရမတ္ထအားဖြင့်။ထင်ရှားရှိသော်ရုပ်၊နာမ်တရားတို့တည်း။ထိုရုပ်နာမ်တရားတို့အား သာလျှင် ထင်ရှားရှိခြင်းကြောင့်။ထိုရှေးဦးပြုဆိုအပ်ပြီးသော မျိုးစွာသောညွှန်ပြအပ်ခဲ့သော အချက်တို့နှင့် ပြည့်စုံမှုကို။

ညွှန်ပြခြင်းဌါထိုက်၏။ ထိုကြောင့် ညွှန်ပြခြင်းဌါမထိုက်သော ၎င်းဘာမျှမရှိသောအာဘာဝမျှသာဖြစ်သောသဏ္ဌာန်ပညတ်ကို။သစ္စာလေးပါးတရားတော်တို့ကို အကြွင်းမရှိထိုးထွင်း၍ သိတတ်သော ဗုဒ္ဓ၏အဖြစ်ကို၊တွေးတောဆင်ခြင်အောက်မေ့ခြင်းကိုပြုရာ၌ ဘာမျှမစပ်ဆိုင်သောကြောင့်၊ ဘုရားရှင်နှင့်တကွ အဋ္ဌကထာရှင်တို့သည်၊ ဤဗုဒ္ဓါနုဿတိဘာဝနာကို ပွားများရာ အခက်အခဲ၌။ ပြောဟောရန်မသင့်သည်ကို မြင်တော်မူကြကုန်၍။ မဟာမပြောကြကုန်သည်၏အဖြစ်ကို ပညာရှင်တို့သိကြလေကုန်။

စင်စစ်ဟောပြောခြင်းဌါထိုက်သောတရားကား။ဂုဏ်တော်တို့သာလျှင်တည်း။ ထို ဂုဏ်တော်တို့ကို သာလျှင်၊ အဖန်တလဲလဲ အောက်မေ့နေမှုကို။ ဘုရားရှင်နှင့်တကွ အဋ္ဌကထာရှင်တို့သည်။ ဟောပြောဆုံးမတော်မူကြကုန်၏။အဘယ်ကြောင့်ဂုဏ်တော်တို့ကိုသာလျှင်။ အဖန်တလဲလဲအောက်မေ့နေမှုကို ဟောပြောဆုံးမတော်မူကုန်သနည်းဟူမူ။ ဘုရားဟု ခေါ်ဝေါ် သမုတ်အပ်သော ပုဂ္ဂိုလ်သည်။စင်စစ် ပရမတ္ထအားဖြင့်ထင်ရှားရှိသောအရဟံ အစရှိသောမျှားစွာသော ဂုဏ်တော်တို့နှင့်ပြည့်စုံတော်မူသောခန္ဓာငါးပါးရုပ်၊နာမ်တရားစုတည်း။ ထိုခန္ဓာငါးပါး၊ရုပ်၊နာမ်တရားစုကိုသာလျှင်။အလွန်ထူးကဲသောအရဟံအစရှိသောမျှားစွာသော အတုမရှိသော ဂုဏ်တော်တို့နှင့် ပြည့်စုံခြင်းကို။ ထင်ရှားသိကုန်သောကြောင့်။ အလုံးစုံသောလူ၊ နတ်၊ ဗြဟ္မာ သဘ္ဗဝါဟု ခေါ်ဝေါ်သမုတ်အပ်သော ပရမတ္ထအားဖြင့်ထင်ရှားရှိကုန်သောခန္ဓာငါးပါး ရုပ်၊နာမ်တရားစုတို့သည်။ စင်စစ် မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊ ကိုးကွယ်ဆည်းကပ် ရိုသေမြတ်နိုး ရှိခိုးပူဇော်ခြင်းစသည်တို့ကိုလည်း။ပြုလုပ်အပ်လေသည်။ ဤငါတို့ကိုးကွယ်အပ်သော ဗုဒ္ဓသည်။ ဤအမည်ရှိသော ဂုဏ်ထူး၊ ဤအမည်ရှိသော ဂုဏ်ထူးနှင့် ပြည့်စုံ၏ဟူ၍လည်း ချီးမွမ်း ပြောဆိုအပ်လေသည်။ အကယ်၍ ထိုဆိုအပ်ပြီးသော အရဟံအစရှိသော မျှားစွာသော ဂုဏ်ထူး ဂုဏ်မြတ်တို့မရှိလျှင်။ ထိုဗုဒ္ဓဟု ခေါ်ဝေါ်သမုတ်အပ်

သော အစဉ်မပြတ် ဆက်ခါ ဆက်ခါ ဖြစ်နေသော ခန္ဓာငါးပါး ရုပ်၊ နာမ်တရားစုကို။ တပါးသောသတ္တဝါဟု သမုတ်အပ်သော ခန္ဓာငါးပါး ရုပ်၊နာမ်တရားစုတို့သည်။ စင်စစ် ကိုးကွယ်ဆည်းကပ် ဂိုဏိုးပူဇော်ခြင်း စသည်တို့ကို။ မပြုမလုပ်အပ်လေပြီ။ ထိုကြောင့် ဂုဏ်တော်တို့ကိုသိရန် အလွန်ပင်အရေးကြီးသည်၏ အဖြစ်ကြောင့်။ ဘုရားရှင်နှင့်တကွ အဋ္ဌကထာရှင် တို့သည်။ ဤဗုद्ध ဒီသတိ ဘာဝနာအရာ၌ ဂုဏ်တော်တို့ကိုသာလျှင်။ အဝန်တလဲလဲ အောက်မေ့စေရန်ကို ညွှန်ပြဆုံးမ ဟောပြောတော်မူကြကုန်သည်ဟုမှတ်ကြလေ။

ဤတွင် ဗုद्ध ဒီသတိဘာဝနာအလင်းပြကျမ်းပြီး၏၊

နတ်လူသာဓုခေါ်စေသောင်။

သမ္ဗတ္တိဝိဒေတော

ဦးဘာချို

၏

ဗုद्ध ဒီ

ပန်းတောင်းမြို့၊

သပြေပင်နှင့် ရေယဉ်စမ်း တောရဘုန်းတော်ကြီး မေးလျှောက်၍

(ဦးတိက္ခိုဒ္ဒိယအရှင်) ပြေဆိုအပ်သော

ပဠာဗျာကရဏ ကျမ်း I

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ။

(၁) ကာလဝိမုတ္တ သင်္ခါတ ပဠာဗျာကရဏာ။

(၁) ကာလသုံးပါးမှလွတ်သော သင်္ခါတပရမတ် ရှိ မရှိကို မေးရာ၌။

ကာလသုံးပါးမှလွတ်သော သင်္ခါတပရမတ်မရှိပါဘုရား။ ။ မရှိသည်၏အဖြစ်ကို။ သိသာရန် သက်သေသာဓက သည်ကား။ ဘုရားရှင်သည်။မွေသင်္ကာပါ၊ဒွိတောဝ်၊နိဂ္ဂေါ၊ပကဏ္ဍာ၌။ ။ကတမေဝမ္မာ အတ္ထိတာ။ ယေဝမ္မာ အတ္ထိတာ နိရုဒ္ဓါ ဝိဂတာ ဝိပရိဏာတာ။လ။ ရူပံ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ။ ဣမေဝမ္မာ အတ္ထိတာ။ ။ကတမေဝမ္မာ အနာဂတာ။ ယေဝမ္မာ အဇာတာ အဘူတာ။လ။ရူပံ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ။ ဣမေဝမ္မာ အနာဂတာ။ ။ကတမေဝမ္မာ ပစ္စုပ္ပန္နာ။ယေဝမ္မာ ဇာတာ ဘူတာ၊လ။ ရူပံ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ။ ဣမေဝမ္မာ ပစ္စုပ္ပန္နာ။ ။ ဟူ၍ဟောတော်မူရာတိုက်၌၊ဘုရားရှင်သည်လည်းကောင်း။ အဋ္ဌကထာရှင်သည်လည်းကောင်း။ ၎င်းကာလသုံးပါးမှ လွတ်သော သင်္ခါတ တရားရှိသည်ကို ထုတ်ဘော်၍မပြပါ။ ထိုသို့သင်္ခါတ ပရမတ်ရှိသည်ကို ဘော်ထုတ်၍ မပြအပ်သည်ကို ထောက်၍လည်း ကာလဝိမုတ်ဖြစ်သောသင်္ခါတတရားမရှိသည်၏အဖြစ်ကို သိထိုက်

ပါသည်။ ၎င်းတိုက်ကိုဝေဘန်၍ ဟောရာ၌။ အသင်္ခတခါတ် ပရမတ္ထသဘော နိဗ္ဗာန်တရားသာလျှင် ကြွင်းကျန်၍နေပါသည်။ ထိုကြောင့် အသင်္ခတပရမတ္ထသဘောတရားတပါးသာလျှင်။ စင်စစ်ကာလရိမုတ်ဖြစ်သော ပရမတ္ထတရားဖြစ်ပါသည်ဟုမှတ်ပါ။ ။ ဤပါဠိတော်ဖြင့်သာသိအပ်သည်မဟုတ်ပါသေး။ဝိဘင်းပါဠိတော်၌လည်း။ပရမတ္ထသဘောတရားတို့ကို ကာလရိမုတ်ထုတ်၍ဟောရာတို့၌။အသင်္ခတခါတ်တပါးကိုသာ။ ကာလရိမုတ်ထုတ်၍ဟောတော်မူပါသည်။ ဟောတော်မူအပ်သည်၏အဖြစ်ကိုလည်း။ သစ္စဝိဘင်း၌။ ။ဘိက္ခိသစ္စာနိ သိယာအတီတာ။ သိယာအနာဂတာ။ သိယာပစ္စုပ္ပန္နာ။နိရောဓသစ္စံ နဝတ္တဗ္ဗံ အတီတန္တိပိ အနာဂတန္တိပိ ပစ္စုပ္ပန္နန္တိပိ။ ။ဟူ၍ဟောတော်မူအပ်သည်ကို ထောက်၍သိပါ။ ။မြန်မာပြန်ကား။ ။တိဿိသစ္စာနိ။သုံးပါးကုန်သော ဒုက္ခ၊ သမုဒယ၊မဂ္ဂဟုဆိုအပ်ကုန်သော သစ္စာတရားတို့သည်။ သိယာ၊ အချို့သော လွန်လေခဲ့ပြီးသောသစ္စာတရားတို့သည်ကား။ အတီတာ၊ အတိတ်တရားတို့မည်ကုန်သည်။ဟောတို့။ဖြစ်ကုန်၏။သိယာ အချို့သော လာလတံ့သောသစ္စာတရားတို့သည်ကား။ အနာဂတာ၊အနာဂတ်တရားတို့မည်ကုန်သည်။ ဟောတို့၊ဖြစ်ကုန်၏။ သိယာ၊ အချို့သော ဖြစ်ဆဲ ဖြစ်သော သစ္စာတရား တို့သည်ကား။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန်တရားတို့မည်ကုန်သည်။ ဟောတို့၊ ဖြစ်ကုန်၏။ နိရောဓသစ္စံ၊ နိရောဓသစ္စာဖြစ်သော အသင်္ခတခါတ် ပရမတ္ထသဘောတရားကို။ အတီတန္တိပိ၊အတိတ်တရားဟူ၍လည်းကောင်း။ အနာဂတန္တိပိ၊အနာဂတ်တရားဟူ၍လည်းကောင်း။ပစ္စုပ္ပန္နန္တိပိ ပစ္စုပ္ပန်တရားဟူ၍လည်းကောင်း။နဝတ္တဗ္ဗံ၊မဆိုအပ်မဆိုထိုက်။ ။ ဤသို့ဟောတော်မူအပ်သည်ကိုထောံ၍လည်းကောင်း။ ထိုမှတပါး အာယတနဝိဘင်း၌။ ။ဝေဒနာယတနံ သိယာအတီတံ၊သိယာအနာဂတံ:သိယာပစ္စုပ္ပန္နံ ၊သိယာနဝတ္တဗ္ဗံ အတီတန္တိပိ၊အနာဂတန္တိပိ၊ပစ္စုပ္ပန္နန္တိပိ။ ။ဟူ၍ဟောတော်မူအပ်သည်ကိုထောံ၍လည်းကောင်း သိပါလေ။ ။မြန်မာပြန်ကား။ ။သိယာ၊အချို့သော။ ဝေဒနာယတနံ၊ လွန်လေပြီးသော သင်္ခတဝေဒနာယတန တရားသည်

ကား။အတိတ်၊အတိတ်မည်သည်။ဟောတို့၊ဖြစ်၏။သိယာ၊အချို့
သော၊ဝမ္မာပယာတနှံ၊ဖြစ်ပေါ်လတံ့သောသင်္ခါတဝမ္မာယတနတရား
သည်ကား။ အနာဂတံ၊အနာဂတ်မည်သည်။ဟောတို့ ဖြစ်၏။ သိ
ယာ၊အချို့သော။ဝမ္မာယတနှံ၊ဖြစ်ဆဲဖြစ်သောသင်္ခါတဝမ္မာယတန
တရားသည်။ ပစ္စုပ္ပန္နံ၊ပစ္စုပ္ပန်မည်သည်။ ဟောကို ဖြစ်၏။သိယာ၊
အချို့သော။ဝမ္မာယတနှံ၊ အသင်္ခါတဖြစ်သောဝမ္မာယတနကို။အတိ
တန္တိ၊အတိတ်တရားဟူ၍လည်း။ နဝတ္ဗဗ္ဗံ၊မဆိုအပ်။ အနာဂ
တန္တိ၊အနာဂတ်ဟူ၍လည်း။ နဝတ္ဗဗ္ဗံ၊မဆိုအပ်။ ပစ္စုပ္ပန္နန္တိ၊
ပစ္စုပ္ပန်ဟူ၍လည်း။ နဝတ္ဗဗ္ဗံ၊မဆိုအပ်။ ။ဤသို့ ဟောတော်မူ
အပ်သောပါဠိတော်ကိုထောက်၍။ အသင်္ခါတပရမတ်တရားသည်
သာလျှင်။စင်စစ် ကာလပိမုတ်ဖြစ်သည်၏ အဖြစ်ကိုထင်ရှားသိပါ
လေ။ ။ထိုအသင်္ခါတပရမတ်မှ တပါးသော သင်္ခါတပရမတ်တို့
ကိုမူကား။ ကာလပိမုတ်ဖြစ်၏ဟူ၍ ဟောတော်မူအပ်သော ပါဠိ
တော်၊ဘွင့်ဆိုအပ်သော အဋ္ဌကထာတို့မရှိသောကြောင့်။ အခါ
ခပ်သိမ်း သင်္ခါတပရမတ်ဟူသမျှကို။ ကာလဝန္တတရားဟူ၍သာ
မှတ်ယူပါဘုရား။ ။ဤတွင်ကာလမှလွတ်သော သင်္ခါတပရမတ်
မရှိသည်၏အဖြစ်ကို ဖြေဆိုချက်ပြီး၏။

(၂) ပရမတ္ထ ပဠာ ဗျာကရဏ။

(၂) ပရမတ္ထတော၊ ဟူသောပုဒ်၏ အနက်ကိုမေးရာ၌။ ။
ဖြတ်သောသဘော၏အစွမ်းဖြင့်။ ဟူသောအနက်ကို ဖြေဆို
ရာ၏။အဘယ်ကြောင့်။ဖြတ်သောသဘော၏ အစွမ်းဖြင့်။ ဟုဖြေ
ဆိုအပ်သနည်းဟူမူ။ပရမသဒ္ဒါသည်။ ဖြတ်သောဥတ္တမ ဟူသော
အနက်ကိုဟော၏။ထိုသို့ဟောအပ်သည်၏အဖြစ်ကိုသိစေလိုတော်
မူသောကထာဝတ္ထု၊အဋ္ဌကထာရှင်သည်။ပုဂ္ဂလကထာ၊အနုလော
မပဠုကအာဘွင့်၌။ ။ပရမတ္ထောတိ၊အနုဿဝါဒိဝသေန အဂဟော
တဗ္ဗော ဥတ္တမတ္ထော။ ။ဟုဘွင့်ပြအပ်၏။ ။မြန်မာပြန်ကား။ ။
ပရမတ္ထောတိ၊ ပရမတ္ထော ဟူသည်ကား။ အနုဿဝါဒိဝသေန၊

ဟာဆင့်ကြားခြင်းစသည်တို့၏အစွမ်းဖြင့်။ အဂဟေတဗ္ဗော မယူ အပ်သော။ ဥတ္တမဿော၊ မြတ်သောသဘောတည်း။ ။ဤသို့ဘွင့် အပ်သောအဋ္ဌကထာ၌ဂုဏ်၏ပါဠိတို့တွင်။ဥတ္တမဿောဟူသောပါဠိ ၌။ဥတ္တမသဒ္ဒါကိုထောက်၍။ ပရမသဒ္ဒါသည်။ မြတ်သောအနက် ကို ဟောသည်၏ အဖြစ်ကို သိပါလေ။ ။ဤ အဋ္ဌ ကထာ ဖြင့် သာ ပရမတ္ထဋ္ဌ ပရမသဒ္ဒါသည်။ ဥတ္တမအနက်ကို ဟောအပ်သည် ၏အဖြစ်ကိုသိအပ်သည် မဟုတ်သေး။ အနုဒိုကာ၌ဂုဏ်သည်လည်း။ ပရမော ပဋ္ဌာနောအတ္ထော၊ ပရမတ္ထော။ ဉာဏသ ပစ္စက္ခဘူ တော ဓမ္မာနံ အနိဋ္ဌိသိတဗ္ဗသဘာဝေါ။တေနပုတ္တံဥတ္တမတ္ထော၊ ဟူ၍ ဘွင့်အပ်သောစကား၊တို့တွင်။ ပရမ၊ ဟူသောသံဝဏ္ဏေတဗ္ဗ ပုဒ်ကို။ပဋ္ဌာနော ဟူ၍သံဝဏ္ဏနာပြုတော်မူအပ်သည်ကိုထောက်၍ ပရမ သဒ္ဒါသည်။ စင်စစ် မြတ်သော ဥတ္တမအနက် ကိုသာ ဟော အပ်သည်ဟု သိပါလေ။ ၊ထိုမှတပါး။ လယ်ဘီ ပရမတ္ထဒိုကာ ၌ဂုဏ်လည်း။ပရမော ဥတ္တမော အတ္ထော ပရမတ္ထော၊ဟူ၍သာလျှင် ပရမသဒ္ဒါသည်။ဥတ္တမ၊ဟူသော မြတ်သောအနက်ကို ဟောအပ် သည်၏ အဖြစ်ကို ပြတော်မူ၏။ ထိုသို့ ပြဆိုအပ်သည်၏ အဖြစ် ကြောင့်။ ပရမ သဒ္ဒါသည်။ စင်စစ်၊ မြတ်သော ဥတ္တမအနက်ကို ဟော၏ဟုသိပါ။

ပရမတ္ထဋ္ဌ။ အတ္ထ သဒ္ဒါသည်။ သဘော ဟူသော အနက်ကို ဟော၏။ ထိုကြောင့် အနု ဒိုကာ၌ဂုဏ်သည်။ ပရမော ပဋ္ဌာနော အတ္ထော ပရမတ္ထော။ ဉာဏသ ပစ္စက္ခဘူတော ဓမ္မာနံအနိဋ္ဌိ သိတဗ္ဗသဘာဝေါ။ ။ဟူ၍ ပြဆိုအပ်သောပါဠိတို့တွင်။ သဘာ ဝေါ။ ဟူသောပုဒ်ကိုထောက်၍။ ပရမတ္ထဋ္ဌ အတ္ထသဒ္ဒါသည်။ သ ဘာဝဟူသောအနက်ကိုဟော၏ဟုသိပါလေ။ ။မြန်မာပြန်ကား။ ပရမောပဋ္ဌာနော မြတ်သော။အတ္ထော၊သဘောတရားသည်။ဟော တိ၊ဖြစ်၏။ဣတိတသ္မာ'ထိုသို့မြတ်သောသဘောတရားဖြစ်သည်၏ အဖြစ်ကြောင့်။ ပရမတ္ထော၊ ပရမတ္ထမည်၏။ ဉာဏသ၊ ဟုတ်မှန် သောသဘောကိုမဘောက်မပြန်သိတတ်သောဉာဏ်၏။ ပစ္စက္ခဘူ

တော။မျက်မှောက်ဖြစ်ခ၊ဖြစ်သော။ မြောနှံ့ တရားတို့၏။ အနိုဗ္ဗိသိ တဗ္ဗံသဘာဝေါ၊ ဤမည်သောတရားပဋ္ဌာန် အလိုးအခြားမည်နှင့်ပြ အပ်သော မိမိ၏မှတ်ကြောင်းလက္ခဏာမျှသာ ဖြစ်သောသဘော တည်း။ တေန၊ထိုကြောင့်။ဥဇုမဂ္ဂေါတိ ဥဇုမဂ္ဂေါဟူ၍။ ဝုစ္စတိ၊ အဋ္ဌကထာဂုရင်ဆိုအပ်၏။ ။ဤပြဆိုအပ်သော အနုဋီကာဂုရင်၏ စကားကိုထောက်၍သာ။အဏ္ဍသဒ္ဒါသည်။သဘာဝဟူသောအနက်ကို ဟောအပ်သည်၏အဖြစ်ကိုသိအပ်သည်မဟုတ်သေး။ ၎င်းကထာ ဝယ်ဆို၊ အဋ္ဌကထာဂုရင်သည်ပင်။ ။သောဘူတေန သဘာဝဠေန ဥပလက္ခိတိ။ ။ဟူ၍ ပြဆိုအပ်သောပါဠိတို့တွင်။ သဘာဝဠေန ဟူသောပါဠိကိုထောက်၍။ ပရမတ္ထဒီ အဏ္ဍသဒ္ဒါသည်။ သဘာဝ ဟူသောအနက်ကို ဟောအပ်သည်၏အဖြစ်ကို သိပါလေ။ ။ထို မှတပါး။ ပရမတ္ထဒီပနီ ဋီကာဂုရင်သည်။ ။သောစ ဇ္ဇာဒိကော အဏ္ဍောသဘာဝသိဒ္ဓေါနာမ။ ။ဟူ၍ဘွင့်အပ်သောပါဠိတို့တွင် အဏ္ဍသဒ္ဒါကို (သဘာဝ) ဟူ၍ ဘွင့်အပ်သောကြောင့်။ ပရမတ္ထဒီ အဏ္ဍသဒ္ဒါသည်။ သဘာဝဟူသောအနက်ကို ဟောအပ်သည်၏ အဖြစ်ကိုသိပါလေ။ ။ထိုကြောင့်ပရမတ္ထတောကို။ ပရမတ္ထဝေ သေနဟု ဋီကာကျော်ဘွင့်အပ်သည်ကိုထောက်၍လည်းကောင်း။ ပရမတ္ထဝေသေနဟု ပေါရာဏဋီကာ ဘွင့်အပ်သည်ကို ထောက်၍ လည်းကောင်း။ ပရမတ္ထတော၊ ဖြတ်သောသဘော၏အစွမ်းဖြင့်။ ဟူသောအနက်ကိုယူပါလေ။ ။ဤတွင် ပရမတ္ထတော ဟူသော ပုဒ်၏အနက်ကို ဖြေဆိုချက်ပြီး၏၊

ဋီကာကျော်ဌကား။ ပရမသဒ္ဒါသည်။ ဥဇုမဟူသောအနက်။ ထိုဥဇုမသဒ္ဒါသည်။အဝိပရိတ ဟူသောအနက်ကိုဟော၏ဟု သိ စေလိုသောကြောင့်။ ။ပရမော ဥဇ္ဇုမော အဝိပရိတော အဏ္ဍော ပရမဏ္ဍော။ ။ဟူ၍ဘွင့်အပ်၏။ ထိုသို့ဘွင့်အပ်သော (အဝိပရိ တော)ဟူသောအနက်ကို။ မဘောက်မပြန်သော ဟူ၍ မြန်မာပြန် ကြပါ၏။တပည့်တော်တို့၏အယူဝါဒမှာ။အဝိပရိတောကို။ အဝိ ပရိတဉာဏသ ဝိသယဘူတော။ ။ဟူ၍ယူလိုပါသည်။ ထိုသို့

ယူအပ်ကြောင်းကိုလည်း။အနုဒ္ဓိကာဒ္ဒ။ ။သောဝေအဏ္ဍော အ
ဝိပရိတ ဉာဏသ ဝိသယဘာဝေ၌။ ။ဟူ၍ဘွင့်ပြုအပ်သည်
ကိုထောက်၍သိပါလေ။ ။သောဝေအဏ္ဍော၊ ထိုဟုတ်မှန်သော
ပရမတ္ထသဘောတရားသည် သာလျှင်။ အဝိပရိတသ၊ ဘောက်
ပြန်ခြင်းမရှိသော။ ဉာဏသ၊ဟုတ်မှန်သောသဘောကို သိတတ်
သောဉာဏ်၏။ဝိသယဘာဝေ၌၊အာရုံ၏အဖြစ်ဟူသော အနက်
သဘောကြောင့်။ ။ဤကား၊မြန်မာပြန်တည်း။ ။ဤသို့ပြုဆိုအပ်
သောပါဠိတို့တွင်။ အဝိပရိတသ ဉာဏသ ဝိသယဘာဝေ၌။
ဟူသောပါဠိကိုထောံ၍ အဝိပရိတောဟူသော ဋီကာကျော်ဘွင့်
ချက်ကို။ အဝိပရိတ ဉာဏသ ဝိသယဘူသော။ ။ဟူ၍ ပြင်
ဆင်ပြီးလျှင်။ မဘောက် မပြန်သော ဉာဏ်၏ အာရုံ ဖြစ်သော။
အဏ္ဍော၊အနက်သဘောတည်း။ ပရမတ္ထော၊မဘောက်မပြန်သော
ဉာဏ်၏အာရုံဖြစ်သော အနက်သဘောဟူ၍ ယူလိုပါသည်။ တ
နည်းလည်း။အဝိပရိတောကို။အဝိပရိတဉာဏသပစ္ဆာဘူတောဟု
ပြင်၍ယူလိုပါ၏။အဘယ်ကြောင့်ဆိုသော်။အနုဒ္ဓိကာဂုဏ်သည်
ပင်။ ။ပရမော ပဠာနော အဏ္ဍောတိ ပရမတ္ထော။ ဉာဏသ
ပစ္ဆာဘူတော ဧမ္မာနံ အနိဋ္ဌိသိတဗ္ဗသဘာဝေါ။တေနဝုတ္တံ ဥဒ္ဓ
မတ္ထောတိ။ ။ဟူ၍ ဘွင့်ဆိုအပ်သော ပါဠိတို့တွင်။ ဉာဏသ
ပစ္ဆာဘူတော။ ဟူသောပါဠိကို ထောက်၍။ အဝိပရိတော။ ဟူ
သော ဋီကာကျော် ဘွင့်ချက်ကို။ အဝိပရိတဉာဏသ ပစ္ဆာဘူ
တော။ ဟုပြင်ဆင်၍ ယူပြီးလျှင်။ မဘောက် မပြန်သောဉာဏ်၏
မျက်မှောက်ဖြစ်၍ဖြစ်သော။ အဏ္ဍော၊ အနက်သဘောတည်း။ပရ
မတ္ထော၊မဘောက်မပြန်သောဉာဏ်၏ မျက်မှောက်ဖြစ်သော အ
နက်သဘောဟု ယူပါသည်။ ။ဤကား အထူးသတိထား၍စဉ်း
စားထားရန်အံ့ချက်ပါဘုရား။

(၃) ဝိပရိဏာမဝမ္မ ပဠာဗျာကရဏ။

(၃) ဝိပရိဏာမဝမ္မတော။ ဟူသောပုဒ်၏ အနက်ကို မေးရာ
၌။ ။ဝိပရိဏာမဝမ္မတော။ ဘောက်ပြန် ပျက်စီးတတ်သော သ
ဘောအားဖြင့်။ဟူသောအနက်ကိုသော်လည်းကောင်း။သို့မဟုတ်

ဝိပရိဏာမတော၊ မိမိပြကတော့ ဂိုရင်းသဘောကိုစွန့်လွှတ်တတ်သောအားဖြင့်။ဟူသောအနက်ကိုသော်လည်းကောင်းယူပါလေ။ ထိုသို့ယူအပ်ကြောင်းကိုလည်း။ သမ္မောဟာဝိနောဒနီအဋ္ဌကထာ၌ သည်။အာပယာတနုဝိဘင်း၊သုဘူတ္တဘာဇနီအဘွင့်၌။ ။ဝိဘဝဂတိဂတောဝါလ။ပကတိဘာဝ ဝိဇဟနတောစ ဝိပရိဏာမမည်။ ။ဟူဘွင့်အပ်သည်ကိုထောက်ပါလေ။ ။မြန်မာပြန်ကား။ဝိဘဝဂတိဂတောစ ပျက်စီးခြင်းသို့ရောက်ခြင်းဂိုဏသာသဘောကြောင့်လည်းကောင်း။လ။ ပကတိဘာဝဝိဇဟနတောစ၊ ပြကတော့ထင်ရှားဂိုရင်းသဘောကို စွန့်သောကြောင့်လည်းကောင်း။ ဝိပရိဏာမမည်၊ ဝိပရိဏာမမမည်ဏ်။ ။ဤသို့ပြဆိုအပ်သည်ကိုထောက်၍။ ရှေးဦးပြဆိုအပ်သောအနက်သဘောကိုယူပါလေ။ ။ဤဝိပရိဏာမမမ္ဟ သည်။အနိစ္စ၏ပရိယာယ်ဖြစ်သောစကားပင်ဖြစ်ပါ၏။ ထိုသို့ဖြစ်သည်၏ အဖြစ်ကို သိစေတော်မူလိုသော သမ္မောဟာဝိနောဒနီအဋ္ဌကထာ၌သည်။ ဣဒံ အနိစ္စဝေဝစနမေဝ။ ။ဟူ၍ဘွင့်ပြလေသည်။ ။မြန်မာပြန်ကား။ ။ဣဒံ၊ ဤဝိပရိဏာမမမ္ဟ၊ ဟူသောပုဒ်သည်။ အနိစ္စဝေဝစနမေဝ၊ အနိစ္စဟူသောပုဒ်၏ပရိယာယ်ဝေါဟာရဖြစ်သော သဒ္ဒါပေတည်း။ ။ဤသို့ပြဆိုအပ်သည်ကိုထောက်၍။ ဝိပရိဏာမမမ္ဟ။ အနိစ္စ၏ပရိယာယ်ဟုသိပါ။ အဓိပ္ပါယ်မှာ၊ အလုံးစုံသောသင်္ခါရတရပ်၊ နာမ်တရားတို့သည်။ ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း ပျက်စီးတတ်သော သဘောရှိပါသည်။ ပျက်စီးတတ်သည်ဆိုသည်မှာလည်း။ ဖြစ်ပေါ်လာသောအခါ ဂိုရင်းဖြစ်သော မိမိ၏သဘောလက္ခဏာသည်။ ဇရာသို့ရောက်သောအခါ အားနည်း၍။ ဘင်သို့ ရောက်သောအခါ ၎င်းသဘောလက္ခဏာကိုရှာ၍မရဘဲ ကွယ်ကြလေ၏။ ထိုသို့ကွယ်ကြသည်ကိုပင်။မိမိ၏သဘောကိုစွန့်သည်ဟု ဆိုပါသည်။ ထိုကြောင့်။ ဝိပရိဏာမမမ္ဟတောကို။ဘေဒံ ပြန်ပျက်စီးတတ်သော သဘောအားဖြင့်လည်းကောင်း၊ မိမိ၏ပြကတော့ထင်ရှားဂိုရိသောသဘောကို စွန့်လွှတ်တတ်သောသဘောအားဖြင့်လည်းကောင်းဟူ၍ အနက်ကိုယူပါ၊လေဘုရား။ ।ဤတွင် ဝိပရိဏာမ။မမ္ဟတောဟူသောပုဒ်၏အနက်ကိုဖြေချက်ပြီး၏။

(၄) ပညတ္တိမေ္ဒ ပဠာဗျာကရဏာ။

(၄) ပညတ်တရားသည်။ ဘောက်ပြန်ပျက်စီးမှုရှိ မရှိကိုမေး ရာ၌။ ။ပညတ်တရားဟူသမျှသည်။ အခါခပ်သိမ်း ဘောက်ပြန်ပျက်စီးမှုမရှိဟု မှတ်ပါ။ အဘယ်ကြောင့်ဆိုသော်။ ၎င်းပညတ်သည်နဂိုရိုကပင်ဘာဝမျှမရှိသောအဝိဇ္ဇမာန၊ အဘာဝမျှသာဖြစ်ပါ၏။ ထိုသို့ဖြစ်သည်၏ အဖြစ်ကိုလည်း။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း၊ ပစ္စည်းပိုင်းတွင်၊ ပညတ်ကို ပြဆိုရာ၌။ ။ဝေဝမာဒိပ္ပဘေဒါပန ပရမတ္ထတော အဝိဇ္ဇမာနာပိ။ ။ဟူ၍ မိန့်ဆိုအပ်သော ပါဠိတော်ရှိတွင်။ အဝိဇ္ဇမာနာဟူသောပါဠိကိုထောက်၍။ ဘာဝမျှမရှိသောအဝိဇ္ဇမံဘာန၊အဘာဝတရားမျှသာဖြစ်သည်၏အဖြစ်ကိုသိပါလေ။ ။ အဘိဓမ္မတ္ထသင်္ဂဟပါဠိဖြင့်သာ သိအပ်သည်မဟုတ်သေး။ပေါရာဏာဠီကာ၌ လည်း။ ။ပရမတ္ထတော သဘာဝေန အဝိဇ္ဇမာနာပိ တိ အနုပလဗ္ဘမာနာပိ။ ။ဟူ၍ ဘွင့်ပြအပ်သည်ကိုထောက်၍ လည်းသိပါလေ။ ။ပရမတ္ထတော သဘာဝေန၊ ထင်ရှားရှိသော သဘောအားဖြင့်။အဝိဇ္ဇမာနာပိအနုပလဗ္ဘမာနာပိ၊မရအပ်သော်လည်း။ ။ဤသို့ပြဆိုအပ်သောပါဠိတော်ကိုထောက်၍လည်း။ စင်စစ်သဘောအားဖြင့် ထင်ရှားမရှိသည်၏အဖြစ်၊ သဘောအားဖြင့် စင်စစ်မရအပ်သည်၏ အဖြစ်ကိုသိပါလေ။ ။ဤပြဆိုအပ်သော ကျမ်းတို့ဖြင့်သာ သိအပ်သည်မဟုတ်သေး။ ဋီကာကျော်၊ အတ္ထပေါဒနာဆရာလည်း။ ။တသ္မာအဝိဇ္ဇမာနတာဝုတ္တာ၊တိနသာ အတ္ထိတိ ဝတ္တုဗ္ဗာ။ ။ဟူ၍မိန့်ဆိုသည်ကိုထောက်၍လည်း။ ၎င်းပညတ်သည်စင်စစ်ဘာဝမျှမရှိသော၊ဘာဝတရားဖြစ်ကြောင်းကို သိပါလေ။ ။ထိုသို့ သဘောအားဖြင့်ထင်ရှားမရှိသော၎င်းပညတ်သည်။ စင်စစ် နဂိုရိုကပင် ဘာဝမျှမရှိသော အဝိဇ္ဇမာန၊ အဘာဝပညတ်မျှသာဖြစ်သောကြောင့်။ ၎င်းပညတ်တရား ဟူသမျှသည်။ ဖြစ်ပေါ် ခြင်းမှကင်းသောတရားသာဖြစ်၏။ ထိုသို့ဖြစ်ပေါ် ခြင်းမှကင်းသောသဘော၏အဖြစ်ကိုလည်း။ပရမတ္ထဒီပနီဋီကာ၌သင်ညှိ ပက်ကြောင်းပိုင်း၊အာရမ္မဏာအတွင်း၌။ ။ဥပ္ပါဒ ရဟိဘာဝနံ။ ။ဟူ၍

မိန့်ဆိုသည်ကိုထောက်၍သိပါလေ။ ။ဥပ္ပါဒရဟိတာဒီနံ ဖြစ်ပေါ်မှုဥပါဒ်မှကင်းကုန်သောနိဗ္ဗာန်၊ပညတ်တို့အား။ ။ဤသို့ပြုဆိုသည်ကိုထောက်၍ဖြစ်ပေါ်မှုမှကင်းသည်၏ အဖြစ်ကိုထင်ရှားသိပါလေ။

ထိုသို့ဖြစ်ပေါ်မှုမှကင်း၍ဘာမျှမရှိသောပညတ်သည်။အဘယ်မှာ ဘောက်ပြန်ပျက်စီးခြင်းရှိပါအံ့နည်း။ စင်စစ်ဘောက်ပြန်ပျက်စီးခြင်းမရှိပါ။ ထိုသို့ဘောက်ပြန်ပျက်စီးခြင်းမရှိသည်၏အဖြစ်ကိုရည်၍။ဘုရားရှင်သည်။သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌။ ။နာမဂေါတ္တံ နဖီရတိ။ ။ဟူ၍ဟောတော်မူပါသည်။ ။နာမဂေါတ္တံ၊ အမည်နာမဟူသောပညတ် အမျိုးအနွယ်ဟူသိအပ်သောပညတ်ဟူသမျှသည်။နဖီရတိ၊မဆွေးမြေ့။ ဝါ၊မပျက်စီး။ ဝါ၊ဘောက်ပြန်ဆွေးမြေ့ပျက်စီးခြင်းမရှိ။ ။ဤသို့ဟောတော်မူအပ်သော နာမဂေါတ္တံဟူသောပါဠိတို့တွင်။နာမဟူသောပါဠိဖြင့် နာမပညတ်ကိုပြု၏။ ဂေါတ္တံဟူသေးပါဠိဖြင့်။ အဓိပညတ်ကိုပြု၏။နဖီရတိ ဟူသောပါဠိဖြင့်။ ဘောက်ပြန်ပျက်စီးမှုမရှိသည်ကိုပြု၏။ထိုသို့ပြုဆိုအပ်သည်ကိုထောက်၍။ပညတ်ဟူသမျှသည်။ စင်စစ်ဘောက်ပြန်ပျက်စီးမှုမရှိသည်ကို ထင်ရှားသိပါလေ။ ထိုသို့ဘောက်ပြန် ပျက်စီးမှုမရှိသောကြောင့်သာလျှင်။ ၎င်းပညတ်တရားကို။ ဖြစ်ပြီးဟူ၍လည်းကောင်း၊ ဖြစ်ဆဲဟူ၍လည်းကောင်း၊ ဖြစ်လတ္တံ့ဟူ၍ လည်းကောင်း။ စင်စစ် မဆိုရလေပြီ။ ထိုသို့ မဆိုရခြင်းကြောင့်။ ၎င်းပညတ်သည် ကာလပိမုတ်တရားဖြစ်၏။ ထိုသင့်ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိစေလိုသောကြောင့်။ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာရှင်သည်။ခန္ဓပရိဘင်းပဌာပုဏ္ဏက အဘွင့်၌။ ။ပညတ္တိ ဝါ နိဗ္ဗာနံ ဝါ ပဋ္ဌဝေကွန္ဒသ နဝတ္ထုဗ္ဗာ ရမ္မဏာ ဟောန္တိ။ ။ဟူ၍မိန့်ဆိုအပ်သည်။

အနက်သိကြောင်းမြန်မာပြန်ကား။ ။ပညတ္တိ ဝါ၊ ပညတ် တရားကိုလည်းကောင်း။နိဗ္ဗာနံ ဝါ၊နိဗ္ဗာန်တရားကိုလည်းကောင်း။ပဋ္ဌဝေကွန္ဒသ၊ ဆင်ခြင်သော သူအား။ နဝတ္ထုဗ္ဗာရမ္မဏာ၊ ကာလ

သုံးပါးဖြင့် မဆိုအပ်သော အာရုံရှိကုန်သည်။ ဟောနှိုး ဖြစ်ကုန်၏။ ။ဤသို့ ပြဆိုအပ်သော ပါဠိ တို့တွင်။ နဝင်္ဂဗုဒ္ဓဝုတ္တိကို ထောက်၍။ ပညတ်တရားသည် ကာလပရိမုတ်တရားဖြစ်ကြောင်း ကိုထင်ရှားသိပါလေ။ ။ဤအဋ္ဌကထာဖြင့်သာသိအပ်သည်မဟုတ်သေး။ ပေါရာဏဋီကာ၌လည်း။ ပကိဏ္ဏကပိုင်းအတွင်း၌။ ။နိဗ္ဗာနံ ပညတ္တိစ ကာလပရိမုတ္တာနာမ။ ။ဟူ၍မိန့်ဆိုအပ်သည်ကိုထောက်၍လည်း သိပါလေဦး။ ဤသို့ပြဆိုအပ်သည်ကိုထောက်၍။ ပညတ်သည် ကာလပရိမုတ်ဖြစ်သည်၏ အဖြစ်ကိုသိပါလေ။ ။ထိုကာလပရိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ်သည်။ အခါခပ်သိမ်း ဘောက်ပြန်ပျက်စီးခြင်းမရှိ၍။အနိစ္စ ၊ဒုက္ခ ဟူ၍မဆိုထိုက်။အနတ္တတပါးသာဆိုအပ်ပါလေတော့သည်။ ထိုကြောင့်၊ပရိဝါပါဠိတော်၌။ ။အနိစ္စာ သင္ခသခါရာ၊ ဒုက္ခာနတ္တာစသမ်တာ။နိဗ္ဗာနဉ္စေဝ ပညတ္တိ။ အနတ္တာ ဇုတိနိ ဆ္ဆယာ။ ။ဟူ၍ လာရှိလေသည်။ ထိုကြောင့်နိဗ္ဗာန်နှင့် ပညတ်သည်။စင်စစ် ဘောက်ပြန်ပျက်စီးခြင်း မရှိသောတရားဟူ၍ သိပါလေ။ ။ထိုကြောင့်ပညတ်သည်။ ဘောက်ပြန်မှုမရှိဟုအမြဲမှတ်ယူပါလေ။ ။ပညတ်ဘောက်ပြန်သည်ဟုယူသောအယူမျိုးသည် မှန်၊မမှန်ကိုသိလိုသည်ဟုမေးရာ၌။မမှန်သောအယူဝါဒပင်ဖြစ်ပါ၏ဟုမှတ်ပါ။

(၅) နိဗ္ဗာန ပဏ္ဍာဗျာကရဏာ။

(၅) နိဗ္ဗာန်သည် (နာမ်) ဖြစ်ခြင်း၏ အကြောင်းကို အမိန့်ရှိပါဟု လျှောက်ထားအပ်သောအမေး၏ဖြေချက်။

(၅) နိဗ္ဗာန် တရားသည်။ စိတ်၊ စေတသိက်၊ ရူပ တည်းဟူသောသင်္ခတ တရားတို့နှင့်ဆန့်ကျင်ဘက်ဖြစ်လျက်။ မဖြစ်မပျက်သော သဘောလက္ခဏာအားဖြင့် ထင်ရှားရှိနေသော ပရမတ္ထသဘောတရားဖြစ်၏။ထိုနိဗ္ဗာန်ပရမတ်သဘောတရားကို။ မဂ်၊ဖိုလ် စိတ္တုပ္ပါဒ်တို့သည်။ သင်္ခတနယ်ကနေ၍အာရုံပြုကြကုန်၏။ ထိုသို့အာရုံပြုကြကုန်သောအခါ။မဂ် ဖိုလ်၊စိတ္တုပ္ပါဒ်တို့သည်။ အာရုံသို့

ရှေ့ရှည်ညွှတ်တတ်ကုန်သောကြောင့်။နာမတရားမည်၏။ထိုနာမ တရားကို။မြန်မာလူမျိုးတို့သည်။(နာမ်တရား)ဟု ပြောဆိုကြကုန်၏။

နိဗ္ဗာန်သည် အာဂုံတကာတို့ထက်လွန်ကဲကောင်းမြတ်ကြီးကဲ သောအာဂုံဖြစ်၏။ထိုအာဂုံသည် အာရမ္မဏာဓိပတိပစ္စည်းဖြစ်၏။ ထိုအာရမ္မဏာဓိပတိပစ္စည်းဖြစ်သော နိဗ္ဗာန်ကိုသာလျှင်။မဂ်ဖိုလ် စိတ္တုပ္ပါဒ်တို့သည်။ ရှေ့ရှည်သွတ်ကိုင်းအာဂုံပြု၍ဖြစ်ရပေ၏။ ထိုသို့ ဖြစ်ရခြင်းကြောင့်။ဂင်းနိဗ္ဗာန်သည်။ မဂ်၊ဖိုလ်စိတ္တုပ္ပါဒ်တို့၏ညွှတ် ကြောင်းတရားဖြစ်၏။ထိုသို့ဖြစ်ခြင်းကြောင့်။ဂင်းနိဗ္ဗာန်သည် မဂ် ဖိုလ်စိတ္တုပ္ပါဒ်တို့ကို။ ညွှတ်စေသည်မည်၏။ မဂ်၊ဖိုလ် စိတ္တုပ္ပါဒ်တို့ ကား။ ညွှတ်တတ်သည်မည်၏။ထိုသို့ မဂ်၊ ဖိုလ် စိတ္တုပ္ပါဒ် တို့ကို ညွှတ်စေတတ်သောကြောင့်။ နိဗ္ဗာန်ကို (နာမ)ဟု ခေါ်ဆိုအပ်ပါ သည်။ ထိုသို့ခေါ်ဆို အပ်ကြောင်းကိုလည်း။ အဋ္ဌသာလိနီအဋ္ဌက ထာ၊နာမရူပဒုက်အဘွင့်။နိက္ခေပကဏ္ဍ(၃၇၆)မျက်နှာ၌။ ။နိဗ္ဗာနံ အာရမ္မဏာဓိပတိပစ္စယတာယ အတ္ထိနိအနုဝဇ္ဇဓမ္မေ နာမေတိ။ ။ ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍ လည်းကောင်း။ ထိုမှတပါး။ သုတ်ပါဌေယျအဋ္ဌကထာ၊သင်္ဂီတိသုတ်အဘွင့် (၁၃၉)မျက်နှာ ၌။ ။နာမေန္တိ နိဗ္ဗာနံ အာရမ္မဏာဓိပတိပစ္စယတာယ အတ္ထိနိအ နုဝဇ္ဇဓမ္မေတိ။ ။ဟူ၍ဘွင့်ဆိုအပ်သည်ကိုထောက်၍လည်း၊ကောင်း။ သိပါလေ။ ။မြန်မာပြန်ကား။ ။နိဗ္ဗာနံ၊ မိုးတဆဲ့တပါးတို့၏ငြိမ်း ကြောင်းဖြစ်သော အသင်္ခတဓါတ်နိဗ္ဗာန်သည်။အာရမ္မဏာဓိပတိ ပစ္စယတာယ၊အာရမ္မဏာဓိပတိပစ္စည်းဖြစ်သည်၏အဖြစ်ကြောင့် ၀၊။ အာဂုံအကြီးအကဲဖြစ်သည်၏အဖြစ်ကြောင့်။ အတ္ထိနိ၊မိမိသို့။ အနုဝဇ္ဇဓမ္မေ၊အပြစ်မရှိသော မဂ်၊ဖိုလ် စိတ္တုပ္ပါဒ်စသောတရားတို့ ကို။ နာမေတိ၊ ညွှတ်စေတတ်၏။ ဤတိတသ္ဒာ၊ထိုကြောင့်။ နာမံ၊ နာမမည်၏။ ။ဤသို့ဘွင့်ဆိုအပ်သော အဋ္ဌကထာတို့ကိုထောက် ၍။မိမိသို့အပြစ်မရှိသောမဂ်၊ဖိုလ်စိတ္တုပ္ပါဒ်စသည်တို့ကို။ညွှတ်စေ တတ်သောကြောင့်။(အတ္ထိနိ အနုဝဇ္ဇဓမ္မေ နာမေတိတိ နာမံ) ဟူ သောဝစနတ္ထအားလျှော်စွာ။နာမမည်၏ဟုသိပါလေ။ ။အဓိပ္ပါယ်

မှာ။ အပြစ်မရှိသော တရားတို့ကို၊ မိမိသို့ ညွှတ်စေတတ်သော ကြောင့် (နာမ) ဟု ဆိုပါသည် မြန်မာလူမျိုးတို့ကား။ နာမကို (နာမ်)ဟု ခေါ်ဆိုကြပါသည်။ ။ဤတွင် နိဗ္ဗာန်ကို (နာမ်)ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ဖြေဆိုမှုပြီး၏။

(၆) အနုသယ ပဠာဗျာကရဏ။

(၆) မဂ္ဂေါ တိ ဥပ္ပဇ္ဇမာနော ဧကော ကိလေသော ပဇဟတိ။ ယောပေါ ကိလေသော ပဇဟတိ၊ တေ အတီတာ ဝါ အနာဂတာ ဝါ ပစ္စုပ္ပန္နာ ဝါ တိ နဝ ကိဉ္စာ။ ။ဟူသော ပါဠိ၏ အနုက်သဘောကို အမိန့်ရှိတော်မူပါဘုရားဟုမေးလျှောက်ရာ၌။ ။ရင်းပါဠိ၏မြန်မာ ပြန်အနုက်သိကြောင်းကား။ ဟိသစ္စံ၊ထိစကားသည်မှန်၏။မဂ္ဂေါ၊ မဂ်သည်။ဥပ္ပဇ္ဇမာနော ဖြစ်သည်ရှိသော်။ဧကော၊ထိုဘူ မိလဒ္ဓပုဒ္ဂိုလ်အစရှိသည်ဖြင့် ရဟန်းကုန်သောကိလေသာတို့ကို။ ပဇ ဟတိ စွန့်၏။သောမဂ္ဂေါ၊ထိုမဂ်သည်။ယောကိလေသော၊အကြင်ကိ လေသာတို့ကို။ပဇဟတိ၊စွန့်၏။ တေ၊ ထိုမဂ်စွန့်အပ်သောကိလေ သာတို့ကို။အတီတာတိ ဝါ ချုပ်ပြီးသောအတိတ်ကိလေသာဟူ၍ လည်းကောင်း။ အနာဂတာတိ ဝါ၊နောင်ဖြစ်ပေါ်လတ္တံ့သောအနာ ဂတ်ကိလေသာတို့ဟူ၍လည်းကောင်း။ပစ္စုပ္ပန္နာတိ ဝါ၊ပရိယုဋ္ဌာန ၏အစွမ်းဖြင့် ဖြစ်ပေါ်ဆဲကိလေသာတို့ဟူ၍ လည်းကောင်း။ နဝ ကိဉ္စာ၊ မဆိုအပ်ကုန်။ ။ဤကား မြန်မာပြန်တည်း။ ။အဓိပ္ပါယ် ကား။အကြင်ပုဂ္ဂိုလ်၏ခန္ဓာဖြစ်စဉ်၌။နိဗ္ဗာန်ကိုအာရုံပြု၍သောတာ ပတ္တိစသော မဂ်သည်ဖြစ်ပေါ်၏။ ထိုမဂ်ဖြစ်ဆဲ အခိုက်၌။ ထိုမဂ် သည် ထိုမဂ်ဖြစ်ဆဲဖြစ်သော အခိုက်၌။ အကြင်ကိလေသာတို့ကို ပယ်စွန့်လေ၏။ ထိုမဂ်ပယ်စွန့်အပ်သောကိလေသာတို့ကို။ ကွယ် ချုပ်လေပြီးသော ကိလေသာဟူ၍လည်းကောင်း။နောင်ဖြစ်ပေါ် လတ္တံ့လောကိလေသာဟူ၍လည်းကောင်း။ ပရိယုဋ္ဌာန၏ အစွမ်း ဖြင့်ထင်ကြွသောင်းကြမ်း၍ဖြစ်ဆဲရှိနေသောကိလေသာဟူ၍လည်း ကောင်း။မဆိုထိုက်ဟူလို။ ။ဤကားထိုပါဠိ၏အဓိပ္ပါယ်။

အာဘယ်ကြောင့်အဋ္ဌကထာ၌ရှင်သည်။ မဂ်ပယ်စွန့် အပ်သော ကိုလေသာကို။အတိတ်ဖြစ်သောချုပ်လေပြီးသော ကိလေသာဟူ၍ မဆိုအပ်သည်၏ အဖြစ်ကို ပြဆိုအပ်လေ သနည်းဟူမူ။ ထိုအတိတ်ဖြစ်သော ကိလေသာတို့သည်။ ခန္ဓာအစဉ်၌ ဖြစ်ပေါ်ပြီး၍ ချုပ်ကွယ်လေပြီ။ ထိုကိလေသာသည် ထင်ရှားမရှိသည်ပြင်။ တဝန်ပြန်၍လည်း ဖြစ်မှုမရှိလေပြီ။ကုန်ပြီး မရှိပြီးသာဖြစ်လေတော့၏ ထိုကွယ်ချုပ်၍ မရှိလေပြီးသော ကိလေသာကို။ မဂ်သည်ပယ်စရာမရှိသည်၏အဖြစ်ကိုလည်းကောင်း၊အကယ်၍ မဂ်သည်ပယ်၏ ဆိုလျှင်။ချုပ်ပြီး၊ကွယ်ပြီး၊မရှိပြီးသောကိလေသာတို့ကိုပင်။ ထပ်၍ချုပ်အောင်၊ ကွယ်အောင်၊မရှိအောင် ပြုသည်ဟု ဆိုရာရောက်သည်၏ အဖြစ်သို့ ရောက်မှာစိုး၍။ ။အတိတာတိ၀ါ နဝတ္ထုဗ္ဗာ၊ ဟုဆိုလေသည်။ ထိုသို့ဆိုအပ်သောပါဠိ၏စကားကိုပင်။ မြန်စေလို၍။ ။ဟဋ္ဌိအာဘိတော ကိလေသေ ပဇဟတိ။ တေနဟိ ဒိဏ္ဏံ ခေ ပေတိ။ နိရုဒ္ဓံနိရောဇေတိ။ ဝိဂတံဗျန္တီ ံကရောတိ။အတ္ထံဂတံ အတ္ထံ ဂမေတိ။ အတိတံယံနတ္ထိ။ တံပဇဟတိ။ ။ဟူ၍ ပဋိသန္ဓိဒါမဂ် စကားကိုကိုး၍ပြ၏။ ။မြန်မာပြန်ကား။ ။မင်္ဂေါ၊မဂ်သည်။အတိတော၊ လွန်လေကုန်ပြီးသော။ ကိလေသေ၊ ကိလေသာတို့ကို။ ဟဋ္ဌိ ယဒိပဇဟတိ၊အကယ်၍ပယ်စွန့်အံ့။ တေနဟိ ၊ထိုသို့ပယ်စွန့်အပ်သည်ရှိသေ၏။မင်္ဂေါ၊မဂ်သည်။ဒိဏ်။ကုန်ပြီးသောကိလေသာကို။ ခေပေတိ ထင်၍ ကုန်စေသည်မည်၏။ နိရောဓံ၊ချုပ်ပြီးသော ကိလေသာကို။ နိရောဇေတိ ထပ်၍ချုပ်စေသည်မည်၏။ ဝိဂတံ၊ ကင်းပြီးသော ကိလေသာကို။ ဗျန္တီ ံ၊ကင်းခြင်းကို။ ကရောတိ၊ ပြုသည်မည်၏။အတ္ထံ ၊ကွယ်ခြင်းသို့။ ဂတံ၊ရောက်သောကိလေသာကို။ အတ္ထံ ၊ကွယ်ခြင်းသို့။ ဂမေတိ၊ရောက်စေသည်မည်၏။ အတိတံ လွန်လေပြီးသော။ ယံကိလေသဇာတံ၊ အကြင်ကိလေသာအပေါင်းသည်။ နတ္ထိ၊မရှိ၊တံ၊ထိုမရှိသော ကိလေသာ အပေါင်းကို။ မင်္ဂေါ၊မဂ်သည်။ ပဇဟတိ၊စွန့်သည်မည်၏။ ။ဟူ၍ ပြဆိုအပ်သည်ကိုထောက်၍။မဂ်သည်အတိတ်ကိလေသာကိုသာ ပယ်စွန့်သည်ဟုဆိုခဲ့လျှင်။ ချုပ်ပြီး ၊ကွယ်ပြီး ၊မရှိပြီးသော ကိလေသာကို

ပင် စွန့်သည်ဟူ၍ ပြောဆိုရာရောက်မည်ကိုစိုး၍၊ အဘိတ်ကိလေ သာကိုပယ်အပ်၏ဟူ၍ မဆိုထိုက်သည်၏အဖြစ်ကို။ သိစေတော် မူလေသည်။ ။အကယ်၍အနာဂတ်ကိလေသာကိုသာ၊မဂ်သည် ပယ်သည်ဟု ဆိုခဲ့အုံ့။ ထိုအနာဂတ် ကိလေသာတို့သည်။ ထိုမဂ် ဖြစ်သောပုဂ္ဂိုလ်၏ ခန္ဓာ၌။ ဖြစ်ပေါ်ထင်ရှားမရှိသေး။ ထိုမရှိသေး သောကိလေသာကို။ ဖြစ်ဆဲမဂ်သည် ပယ်စွန့်သည်ဟု မဆိုနိုင်။ ဆိုခဲ့လျှင် ဘာမျှ မရှိသေးသည်ကို ပယ်စွန့် လိုက်သည်ဟု ဆိုရာ ရောက်၏။ ထိုသို့ရောက်သည်၏အဖြစ်ကို ထင်ရှားသိစေလိုသော အဋ္ဌကထာရှင်သည်။ ပဋိသန္ဓိဒါမဂ်၌လာသော ပါဠိကိုကိုးကား၍ပြတော်မူလိုရကား။ ။တဿ အနာဂတော ကိလေသေ ပဇဟတိ။တေနဟိ အဇာတံ တံပဇဟတိ။လ။အနာဂတံ ယံနတ္ထိ။ တံပဇ ဟတိ။ ။ဟူ၍ပြဆိုလေသည်။ ။မြန်မာပြန်ကား။ ။မဂ္ဂေါ၊ မဂ် သည်။အနာဂတော၊ ဖြစ်လတ္တံ့ကုန်သော။ ကိလေသေ၊ ကိလေသာ တို့ကို။ဟာ၌ပဇဟာတိ၊တကယ်၍ပယ်စွန့်ခဲ့အုံ့။ တေနဟိ၊ထိုသို့ပယ် စွန့်အပ်သည်ရှိသော်။ ယံကိုလေသဇာတံ၊အကြင်ကိလေသာ အ ပေါင်းသည်။ အဇာတံ ဖြစ်မှုမရှိသေး။တံ၊ထိုဖြစ်မှု မရှိသေးသော ကိလေသာအပေါင်းကို။ ပဇဟတိ ပယ်စွန့်သည်မည်၏။ ယံအနာ ဂတံ၊ အကြင်အနာဂတ် ကိလေသာသည်။ နတ္ထိ၊ မရှိ။ တံ၊ထိုမရှိ သောကိလေသာကို။ ပဇဟတိ၊ပယ်စွန့်သည်မည်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ အကယ်၍သာ အနာဂတ် ဖြစ်သော ကိလေသာကိုသာလျှင်။ မဂ်ပယ်စွန့်သည်ဟု ဆိုခဲ့လျှင်။ ထိုစကားသည် မသင့်သော စကားဖြစ်၏။ အဘယ်ကြောင့် ဆို သော်။ ထိုအနာဂတ်ကိလေသာသည်။ မဂ်ဖြစ်ခိုက် ၎င်းခန္ဓာ၌မရှိ လေရကား။ မရှိသည် ကိုပင် စွန့်သည်ဟုဆိုရာ ရောက်သော ကြောင့်။ မသင့်သောစကားဖြစ်၍။အနာဂတ်ကိလေသာကိုလည်း ပယ်စွန့်သည်ဟုမဆိုလေ။ ။အကယ်၍ ပစ္စုပ္ပန်ဖြစ်သောကိလေ သာကိုသာ။ ပယ်စွန့်သည်ဟုဆိုခဲ့အုံ့။ ၎င်းမဂ်ဖြစ်သော ခန္ဓာ၌မဂ် ဖြစ်ခိုက်။ ထိုမဂ်စိတ္တုပ္ပါဒ်မှတပါး။ အခြားကိလေသာ စိတ္တုပ္ပါဒ်

သည်၊ ဝင်ရောက်ဖြစ်ပေါ် ခြင်းဌာမထိုက်။ အဘယ်ကြောင့်ဆိုသော် တယောက်သော ပုဂ္ဂိုလ်၌ စိတ်နှစ်ခုဖြစ်မှုမရှိသောကြောင့်တည်း ထိုကြောင့်ဖြစ်ဆဲဖြစ်သော ကိလေသာကိုလည်း။ ထုံမဂ်သည်စွန့် သည်မဟုတ်။ အကယ်၍ဖြစ်ဆဲဖြစ်သော ကိလေသာကို စွန့်သည် ဟုဆိုခဲ့လျှင်။ အလွန်ပင်မသင့်သောစကားဖြစ်၏။ အဘယ်ကြောင့် ဆိုသော်လောဘစသောကိလေသာတို့ဖြစ်ပေါ်ခိုက်။ မဂ်သည်ဖြစ် ပေါ်မှုမရှိနိုင်။ မဂ်ဖြစ်ခိုက်ထိုကိလေသာတို့သည်ဖြစ်ပေါ် ခြင်းဌာ မတတ်နိုင်။ ထိုသို့မတတ်နိုင်သောကြောင့်။ မဂ်သည် အဘယ်မှာ ၎င်းဖြစ်ဆဲဖြစ်သော ကိလေသာတို့ကို စွန့်နိုင်အုံ့နည်း။ စင်စစ်မစွန့် နိုင်သည်ကို စွန့်သည်ဟု ဆိုရာရောက်သောကြောင့်။ မသင့်သော စကားဖြစ်၏ဟုမှတ်။ ။ထိုကြောင့် အဋ္ဌကထာဂုရင်သည်။ ပဠုပ္ပန် ကိလေသာကိုလည်း ပယ်စွန့်သည်ဟု မဆိုလေဟုမှတ်ပါ။ ။မဂ် သည်အကယ်၍အတိတ်အနာဂတ်။ ပစ္စုပ္ပန်ကိလေသာတို့ကို မစွန့် အပ်သော်။ အဘယ် ကိလေသာကို စွန့်လေသနည်းဟူမူ။ ဘူမိ လဒ္ဓပ္ပဒုန္ဒစသည်မည်သော အနုသယာကိလေသာတို့ကိုသာ။ ပယ် စွန့်လေ၏ဟုမှတ်ပါ။

ဘူမိလဒ္ဓပ္ပဒုန္ဒ၌။ ဘူမိဟူသောပုဒ်အရသည်။ ဝိပဿနာ၏အာရုံ ဖြစ်သောဘုံသုံးပါး၌ဖြစ်သော ခန္ဓာငါးပါးတရားဖြစ်ပါသည်။ ထို သို့ဖြစ်ကြောင်းကိုလည်း။ သမ္မောဟဝိနောဒနီအဋ္ဌကထာဂုရင်သည် သမ္မပ္ပဓါန်ဝိဘင်းအဘွင့်နံပါတ်(၂၆၀)မျက်နှာ၌။ ။ပဋ္ဌာန်ဗဟုနယပန ဝိပဿနာယ ဘူမိနာမ။ တေအတီတာဒီဘေဒါဟောန္တိ။ ။ဗြိန်မာ ပြန်ကား။ ။ပန၊ အာဘို့တပါးကို ဆိုဦးအုံ့။ ပဋ္ဌာ၊ငါးပါးကုန်သော ခန္ဓာ၊ခန္ဓာတရားတို့သည်။ ဝိပဿနာပေ ဝိပဿနာဉာဏ်၏။ ဘူမိ နာမ၊အာရုံပြုသောအားဖြင့်ဖြစ်ရာဘုံမည်သည်။ ဟောတိ၊ဖြစ်၏။ တေ၊ ဝိပဿနာ၏အာရုံပြု၍ ဖြစ်ရာဖြစ်သော ခန္ဓာတို့သည်။ အတီ တာဒီဘေဒါ၊ အတိတ်စသော အပြားရှိကုန်သည်။ ဟောန္တိ၊ဖြစ် ကုန်၏။ ။ဤသို့ပြုဆိုအပ်သည်ကိုထောက်၍။ ဝိပဿနာ၏အာရုံ ဖြစ်သော အတိတ် အနာဂတ်၊ ပစ္စုပ္ပန်အပြားရှိသောခန္ဓာငါးပါး

တရားသည်သာလျှင်။ စင်စစ်ဘူမိမည်သည်၏အဖြစ်ကိုထင်ရှားသိ
ပါလေ။ ။ထိုဘူမိမည်သော အတိတ်ခန္ဓာတို့၌ လည်းကောင်း။အ
နာဂတ်ခန္ဓာတို့၌လည်းကောင်း၊ ပစ္စုပ္ပန်ဖြစ်ဆဲဖြစ်သောခန္ဓာတို့၌
လည်းကောင်း။ မဂ်ဖြင့်မပယ်အပ်သောကြောင့်။ ထိုထိုသို့သော
သဗ္ဗာဝါတို့၏ခန္ဓာဖြစ်စဉ်၌။ ပရိယုဋ္ဌာနဖြင့်အစွမ်းအားဖြင့်ဖြစ်ပေါ်
စေရန်အကြောင်းခံ၏ အဖြစ်ဖြင့် ကပ်နီးနေသော အနုသယကိလေ
သာသည်။ဘူမိလဒ္ဓပ္ပန္နမည်၏။ဂင်းအကြောင်းခံ၏အဖြစ်ဖြင့်ကပ်နီး
နေသောကိလေသာကို။ အတိတ်၊ အနာဂတ်၊ပစ္စုပ္ပန်အားဖြင့်မဆို
အပ်ဟုမှတ်ပါ။ ။ထိုကြောင့် သမ္မောဟာဝိနောဒနီ အဋ္ဌကထာရှင်
သည်၊ ဂင်းနံပါတ် (၂၆၀) ၌ပင်။ ။တေ အနုသယိတ ကိလေ
သာပန အာဘိတာဝါ အနာဂတာဝါ ပစ္စုပ္ပန္နာဝါတိနဝဂ္ဂဇ္ဇာ။အကို
တကွန်ရှေသု အနုသယိတာဝိဟိ အပ္ပဟီနာဝ ဟောန္တိ။ အနာဂ
တကွန်ရှေသုပစ္စုပ္ပန္နကွန်ရှေသုအနုသယိတာဝိ အပ္ပဟီနာဝဟောန္တိ။
ဣဒံဘူမိလဒ္ဓပ္ပန်နာမ။ ။မြန်မာပြန်ကား။ ။ပန၊ဘူမိမှတပါး။ ဘူမိ
လဒ္ဓပ္ပန်နကိုဆိုဦးအံ့။တေသု၊ထိုခန္ဓာငါးပါးတရားတို့၌။ အနုသယိ
တကိလေသာ၊မဂ်ဖြင့် မပယ်အပ်သေးသော ကပ်နီးသော ကိလေ
သာတို့ကို။ အတိတာတိဝါ၊ အတိတ်ကိလေသာတို့ ဟူ၍လည်း
ကောင်း၊ အနာဂတာတိဝါ၊ အနာဂတ်ကိလေသာတို့ဟူ၍လည်း
ကောင်း၊ပစ္စုပ္ပန္နာတိဝါ၊ဖြစ်ဆဲဖြစ်သေါကိလေသါတို့ဟူ၍လည်း
ကောင်း။နဝဂ္ဂဇ္ဇာ၊မဆိုအပ်ကုန်။ ဟိကသ္မာ အာဘယ်ကြောင့်မဆို
အပ်ကုန်သနည်းဟူမူ။အတိတကွန်ရှေသု အတိတ်ခန္ဓာတို့၌။အနုသ
ယိတာပိ၊ကပ်နီးကုန်သောကိလေသာတို့ကိုလည်း။မဂ္ဂေန၊မဂ်သည်
အပ္ပဟီနာဝ၊မပယ်အပ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။
အနာဂတကွန်ရှေသု၊အနာဂတ်ခန္ဓာတို့၌။ အနုသယိတာပိ၊ ကပ်နီး
ကုန်သော ကိလေသာတို့ကိုလည်း။ မဂ္ဂေန၊မဂ်သည်။ အပ္ပဟီနာ
ဝ၊ မပယ်အပ်ကုန် သေးသည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။
ပစ္စုပ္ပန္နကွန်ရှေသု၊ဖြစ်ဆဲဖြစ်သောပစ္စုပ္ပန်ခန္ဓာတို့၌။အနုသယိတာ
ပိ၊ကပ်နီးကုန်သောကိလေသာတို့ကိုလည်း။မဂ္ဂေန၊မဂ်သည်။ အပ္ပ
ဟီနာဝ၊မပယ်အပ်ကုန်သည်သာလျှင်။ဟောန္တိ ဖြစ်ကုန်၏။တသ္မာ

ထိုကြောင့်။ တေ၊ထိုကိုလေသာ၌ကို။ အတိတာတိ၀ါ။ အတိတ်ကိလေသာတို့ဟူ၍လည်းကောင်း။ အနာဂတာတို့၀ါ အနာဂတ်ကိလေသာတို့ဟူ၍လည်းကောင်း။ ပစ္စုပ္ပန္နာတိ၀ါ၊ပစ္စုပ္ပန်ကိုလေသာတို့ဟူ၍လည်းကောင်း။ နဝတ္တဗ္ဗာ၊မဆိုအပ်ကုန်။ ဣဒံ၊ ဤအတိတ်၊အနာဂတ်၊ပစ္စုပ္ပန်အားဖြင့်မဆိုအပ်ကုန်သောမဂ်ဖြင့်မပယ်အပ်သော အနုသယိတကိလေသာ အပေါင်းသည်သာလျှင်။ ဘူမိလဒ္ဓုပ္ပန္နံ နာမ၊ဘူမိလဒ္ဓုပ္ပန္နမည်သည်။ ဟောတိ၊ဖြစ်၏။ ။ဤသို့ပြဆိုအပ်သည်ကိုထောက်၍။မဂ်ဖြင့်မပယ်မသတ်အပ်သေးသော အနုသယကိလေသာ သည်သာလျှင်။ ဘူမိလဒ္ဓုပ္ပန္နမည်ကြောင်းကိုသိပါလေ။

ထိုဘူမိလဒ္ဓုပ္ပန္နမည်သော အဝိဇ္ဇာနုသယ ကိလေသာသည်။ အဘာယနည်းဟုမေးခဲ့လျှင်။ထိုထိုသို့သောသတ္တ၀ါဟု ခေါ်ဆိုအပ်သောခန္ဓာဖြစ်စဉ်၌။ပရိယုဋ္ဌာနအားဖြင့်ဖြစ်ပေါ်စေရန်အကြောင်းခံကိလေသာကိုပင်။အနုသယကိလေသာဟုခေါ်ဆိုအပ်သည်။ ထိုသို့ဆိုအပ်သည်၏အဖြစ်ကိုထင်ရှားသိစေလိုသောကြောင့်။ နေတ္တိ ပါဠိတော်၊ပရိကျွာရုပိဘင်းခ်။ ။ပုရိမိကာ အဝိဇ္ဇာ အဝိဇ္ဇာနုသယော။ပစ္ဆိမိကာ အဝိဇ္ဇာအဝိဇ္ဇာပရိယုဋ္ဌာနံ။ပုရိမိကော အဝိဇ္ဇာနုသယော ပစ္ဆိမိကာသ အဝိဇ္ဇာပရိယုဋ္ဌာနသ ဟေတုဘူတော။ ပရိဗြူ။ဟာနာယ ဒိဇ္ဇတိ ရေ ဝိယ။ ။ဟူ၍မိန့်ဆိုသည်ကိုထောက်၍ လည်းကောင်း။ထိုနည်းအတူ၊ပေဠကောပဒေသပါဠိတော်၌လည်း ၎င်းပါဠိအတိုင်းပင်မိန့်ဆိုလေ၏။ ။မြန်မာပြန်ကား။ ။ပုရိမိကာ၊ ရှေးဖြစ်ဟူးသော၊အဝိဇ္ဇာ၊မသိတတ်သောအဝိဇ္ဇာသည်။အဝိဇ္ဇာနုသယော၊အဝိဇ္ဇာနုသယမည်၏။၀၊။အရေဟတ္တမဂ်ဖြင့်မပယ်အပ်သေးသောကြောင့် အကြောင်းခံသော ကိလေသာမည်၏။ပစ္ဆိမိကာ၊နောက်ဖြစ်ပေါ်သော။အဝိဇ္ဇာ ဟုတ်မှန်သောသဘောကိုမသိတတ်သော ပဋိပ္ပုဒ်ဖြင်သောအဝိဇ္ဇာသည်။အဝိဇ္ဇာပရိယုဋ္ဌာနံ၊ စိတ်ဖြင့်ထိုးကျင်ထက်ဖြစ်ပေါ်လာသောပရိယုဋ္ဌာန အဝိဇ္ဇာမည်၏။ ပုရိမိကော၊ ရှေးဖြစ်သော။ အဝိဇ္ဇာနုသယော အရေဟတ္တမဂ်ဖြင့်

မပယ်အပ်သေးသော အကြောင်း ဂ်နိ်ုးခါတ်ဖြစ်သော အာရိဇ္ဇာနု သယသည်။ ပဏ္ဍိတ်ကသ၊ နောက်၌ ဖြစ်သော အာရိဇ္ဇာပရိယုဋ္ဌာ နသ၊စိတ်၌ ထင်ကြွသောင်းကြုံ ဖြစ်ပေါ်လာသော အာရိဇ္ဇာပရိ ယုဋ္ဌာနဏ်။ ပရိဗြ||ဟာနာယ ၊အဆက်ဆက်ဖြစ်ပွါ:စေခြင်း၏။ ဟေ တုဘူတော၊အကြောင်းဖြစ်၍ဖြစ်၏။ ကောဝိယ အဘယ်ဥပမာကဲ့ သို့နည်းဟူမူကား။ ဗိဇဂင်္ဂေါ၊ရောဝိယ၊အညောင့်၏ ဖြစ်ပွါ:ကြောင်: ဖြစ်သောမျိုးစေ့ကဲ့သို့တည်း။ ၊ဤသို့ပြဆိုအပ်သောပါဠိတော်တို့ ကိုထောက်၍။ ရှေ:ဖြစ်သော အာရိဇ္ဇာစသော ဂ်ိလေသာနုသယ သည်။ဖြစ်ဆဲဖြစ်သောခန္ဓာတို့၌ထိုးကျင်ထင်ကြွသောင်းကြမ်:သည် ၏အစွမ်:ဖြင့် ဖြစ်ပေါ်စေရန်။အကြောင်:ခံ သတ္တိမျှသာဖြစ်သည်၏ အဖြစ်ကိုသိပါလေ။

ထိုအကြောင်:ခံ ဖြစ်သော ဂ်ိလေသာ သတ္တိကို။ အကြင်မျှ လောက်:ကာလပတ်လုံ:။အရဟတ္တမဂ်ဖြင့်။အကြွင်:မရှိမပယ်အပ် သေ:။ထိုမျှလောက်ကာလပတ်လုံ:။အဖြစ်ခိုင်ခံ့နေသောသစ်ပင်၏ အကိုင်:အခက်ကို ခုတ်သော်လည်:။ ထိုသစ်ပင်သည် ခုတ်သော ခဏ၌သာ အကိုင်:အခက်မှကင်:၍။ အဖြစ်ဟူသောအကြောင်:ခံ ရှိသောကြောင့် တဖန်စည်ကား:ပြန်လေ၏။ထိုနည်:အတူ သစ်ပင် ၏ အဖြစ်နှင့်ဘူသော အကြောင်:ခံဂ်ိလေသာနုသယကို။ မဂ်ဖြင့် မပယ်မသတ်နိုင်သေ:။ ထိုမျှလောက်ဂ်ိလေသာတို့သည်ထင်ကြွ၍။ ကုသိုလ်၊အကုသိုလ်တို့ကိုပြုလုပ်ပြီ:လျှင်၊ ခန္ဓာဒုက္ခတို့သည်ဆက် ခါဆက်ခါ ဖြစ်ကြကုန်သည်သာတည်:။ ထိုသို့ဖြစ်သည်၏ အဖြစ် ကိုထင်ရှား:ပြတော်မူလိုသောဘုရား:ရှင်သည်၊ဓမ္မပဒပါဠိတော်တ ဏှာဝဂ်၌။ ။ယထာပိမူလေ အနုပဒ္ဒဝေ ဒဠှေ။ဆိန္နောပိရုက္ခော ပုနဒေဝ ရူဟတိ။ဧवံပိတဏှာနုသယေ အနူဟတေ။နိဗ္ဗတ္တတိ ဒုက္ခ မিဒံ ပုနပ္ပုနံ။ ။ဟူ၍ဟောတော်မူလေသည်။ ။မြန်မာပြန်ကား။ ။ မူလေ၊အဖြစ်သည်။အနုပဒ္ဒဝေ ထိုးခြင်: ခုတ်ခြင်:စသောဘေ:ရန် ဥပါဒိမရှိသည်ရှိသော်၊ဒဠှေ၊မြဲမြန်သောအဖြစ်ရှိသော။ ရုက္ခော၊ သစ်ပင်သည်။ဆိန္နောပိ၊အာထက်၌ အကိုင်:အခက်တို့ကိုခုတ်သော်

လည်း။ပုနဒေဝ၊တဖန်လျှင်။ ရှုဟ္ဘတိယထား၊ပေါက်ရေ၁ံစည်ကား ပြန်သကဲ့သို့။ဝေမိုဂ္ဂ၀ံ၀ေ၀၊ဤအတူသာလျှင်။တဏှာနုသယော၊အာ ရုံခြောက်ပါး၊ဘုံဘဝတို့ဖြစ်တွယ်တာတတ်သော ခြောက်ဖွါရှင်ဖြစ် ပေါ်တတ်သော တဏှာ၏ အကြောင်းခံဖြစ်သော မဂ်ဖြင့်မပယ် အပ်သေးသောကိန်းသောကိလေသာကို။အနုဟတေဒေသမုဏ္ဍိန္ဒေ အရဟာတ္တမဂ်ဖြင့် မဖြတ် သည်ရှိသော်။ ဣဒံဒုက္ခံ၊ဤဖြစ်ပေါ် ခြင်း နှင့် စပ်သောကိလေသာဒုက္ခ၊ခန္ဓာဒုက္ခဟူသမျှသည်။ ပုနပ္ပုနံ၊အ ဖန်တလဲလဲ။ဒိဋ္ဌတ္တာ၊ဖြစ်၏။ ။ဤသို့ဟောတော်မူအပ်သောပါဠိ တော်ကိုထောက်၍လည်းကောင်း။ ထိမ္ဘတပါး၊ ရင်းပါဠိတော်ကို ဘွင့်အပ်သော ဝမ္မပဒအဋ္ဌကထာ၌။

တာသာ မှုလေတိ ပဿရဂ္ဂသ စတ္ဘုသုဒိသာသု စတုဒါ ဟေ၌ာစ ဥဒုဂတမေ၀ ဂတော ပဠုဝိဝမှုလေ။ ဆေဒန ဟါလန ပါစန ဝိဏ္ဍနာဒီနံ ပေါနကေနစိ ဥပဒ္ဒ၀ေနအနုပဒ္ဒ၀ေ။ထိရပဏ္ဍိတာ ယ ဒဠ္ဍေ။သောရကျော ဥပရိဆိန္နော၀ိ သာခါ နုသာခါနံ၀သေန ပု နဒေ၀ရှဟတိ။ ၉၀မေ၀ ဆဒ္ဒါရိကာယ အနုသယော အရဟတ္တမဂ္ဂ ဉာဏေနအနုဟတော အသမုဏ္ဍိန္နော တတ္ထ ံ တတ္ထ ံ ဘဝေ၀ေတိ အာ ဒိဘေဒံ ဣဒံဒုက္ခံပုနပ္ပုနံ ဒိဋ္ဌတ္တိပေါ၀ါတိ အဏ္ဍော။ ။ဟူ၍လာရှိ လေသည်။ ။မြန်မာပြန်ကား။ ။တသာ၊ထိုဂါထာ၏။မှုလေ တိ၊ မှုလေ ဟု သည် ကား။ ပဿရဂ္ဂသ၊ အ ကြင် သစ် ပင် ၏။ စတုဒိသာသု၊ အရပ်လေးမျက်နှာတို့၌။ စတုဒါ၊ လေး မျက်နှာသို့သွားသော အမြစ်တို့သည် လည်းကောင်း။ ဟေ၌ာ၊ အောက် အ ရပ် ၌။ ။ဥဒုဂတမေ၀၊ ဖြောင့် ဖြောင့် သာ လျှင်။ ဂတော၊ သွားသောအမြစ်သည် လည်းကောင်း။ ပဠုဝိဝမှုလေ၊ ငါးခုသော အမြစ်ကြီး တို့ကို။ ဆေဒန ဟါလန ပါစန ဝိဏ္ဍနာဒီနံ၊ ဖြတ်ခြင်း ခွဲခြင်း၊မီးရှို့ခြင်း၊ထိုးခြင်းစသည်တို့တွင်။ ပေါနကေနစိ ဥပဒ္ဒ၀ေန၊ အကြင်တစုံတခုသော ဥပဒ္ဒ၀ေါသည်။ အနုပဒ္ဒ၀ေ၊ ဘေးရန်မရှိသည်ရှိသော်။ ထိရပဏ္ဍိတာယ၊ မြဲမြဲနိုင် ခိုင်ခံ့ခြင်းသို့ ရောက်သည်၏အမြစ်ဖြင့်။ဒဠ္ဍေ၊ခိုင်ခံ့သော်၊သောရကျော၊ထိုသစ်

ပင်သည်။ ဥပရိ၊အထက်၌။ ဆိုနှောပိ၊ဖြတ်သော်လည်း။ သာခါနှင့် သာခါနှီ၊ခက်မ,ခက်သေးတို့၏။ဝသေန၊အစွမ်းဖြင့်။ပုနဒေဝ၊တဖန် လျှင်။ ရူဟာတိယထော၊ပေါက်ရောက်စည်ပင်သကဲ့သို့။ ၎င်မေဝ၊ဤ အဝဏ္ဏလျှင်၊ ဆဒ္ဒါရိကာယတဏှာယ၊ ဒ္ဒါရခြောက်ပါး၌ဖြစ်သော တဏှာ၏။ အနုသယော၊အဖန်တလဲလဲကန်းခြင်းတို့ကို။ အရဟတ္တ မဂ္ဂဉာဏော၊ အရဟတ္တမဂ်ဉာဏ်ဖြင့်။ အနုဟာတောအသမုဒ္ဓိန္နော၊ မပြတ်သည်ရှိသော်။ တသ္မိं တသ္မိं ဘဝေ၊ထိုထိုဘဝ၌။ဇာတိအာဒိ ဘေဒံ၊ ဇာတိအစရှိသည်အပြားရှိသော၊ ဒုက္ခံ၊ ဤဝဋ်ဆင်းရဲ သည်။ ပုနပ္ပုနံ၊အဖန်တလဲလဲ။ နိဗ္ဗတ္တိယေ ဝ၊ ဖြစ်သည်သာလျှင် တည်း။ ဣတိအယံ၊ဤသည်ကား။အဋ္ဌော၊အနက်တည်း။ ။ဤသို့ ဟောတော်မူအပ်သောပါဠိတော်၊ထိုပါဠိတော်ကိုဘွင့်အပ်သော အဋ္ဌကထာတို့ကို ထောက်၍ သစ်ပင်၏ အမြစ်နှင့်တူသော ပရိယု ဋ္ဌာနကိလေသာ၏ အကြောင်းဖြစ်သော အနုသယကိလေသာကို အရဟတ္တမဂ်ဖြင့် အကြွင်းမရှိမပယ်အပ်သေးသမျှ။ ကိလေသာ ဒုက္ခ၊ ခန္ဓာဒုက္ခတို့သည်။ မပြတ်မလပ် ဖြစ်သည်၏ အမြစ်ကို ထင်ရှားသိပါလေ။

ထိုဆိုအပ်သော အနုသယ ကိလေသာကို သာလျှင်။ မဂ်ပယ် အပ်သည်၏အမြစ်ကိုလည်း။ထိုမမှပဒပါဠိတော်၌ ဘုရားရှင်ဟော တော်မူအပ်သော ပါဠိတို့တွင် (တဏှာနုသယောအနုဟာတော) ဟူ သောပါဠိတို့၏ ဗျတ္တိရိုက်ကိုထောက်၍လည်းကောင်း၊ ၎င်းအတွင့် အဋ္ဌကထာ၌ (ဆဒ္ဒါရိကာယ အနုသယော အရဟတ္တမဂ္ဂဉာဏေန အနုဟာတောအသမုဒ္ဓိန္နော)ဟူသောပါဠိတို့၏ဗျတ္တိရိုက်ကိုထောက် ၍ လည်းကောင်း၊ သိပါလေ။ ။ဤပါဠိတော်၊အဋ္ဌကထာတို့ကို ထောက်၍သာ။ အနုသယကိလေသာကို မဂ်ပယ်အပ်သည်၏ အ မြစ်ကို သိအပ်သည်မဟုတ်သေး။ပဋိသန္ဓိဒါမဂ်ပါဠိတော်၊ဝိရာဂ ကထာအခဏ်းကို ဟောရာ၌။ ။သကဒါဂါမိမဂ္ဂကွဏော ဒဿ နခ္ခေန သမ္မာဒိ ဒ္ဒီ။ပ။အဝိကွေပခ္ခေန သမ္မာသမာဓိ၊လ။ဩဠာရိကာ ကာမရာဂါနုသယာ ပဋိဃာနုသယာ ဝိရဇ္ဈတိ။ ။ဟူ၍ဟောတော်

မှုအာပ်သည်ကိုထောက်၍လည်းသိပါလေ။ ။မြန်မာပြန်ကား။ ။ သကဒါဂါမိမဂ္ဂကျွေး၊ သကဒါဂါမိမဂ်ခေါ်၏။ သမ္မာဒိဋ္ဌိ၊သမ္မာဒိဋ္ဌိသည်။ဒသသနဋ္ဌေန၊ကောင်းစွာမြင်ခြင်းကြောင့်။လ။သမ္မာသမာဓိ၊သမ္မာသမာဓိသည်။ အဝိက္ခေပဋ္ဌေန၊မပျံ့မလွင့်ခြင်း ဟူသော အနက်ကြောင့်။လ။ ဩဠာရိကာ၊ ရုန်းရင်းသော။ ကာမရာဂါနုသယာ၊ ကာမရာဂါနုသယမှ။ ဝိရဇ္ဈတိ ပယ်စွန့်သည်၏ အစွမ်းဖြင့်ကင်း၏။ပဋိဃာနုသယာ၊ပဋ်ဃာနုသယမှ။ဝိရဇ္ဈတိ၊ပယ်စွန့်သည်၏ အစွမ်းဖြင့်ကင်း၏။ ။ဤသို့ဟောတော်မူအပ်သောပါဠိတော်ကိုထောက်၍။စင်စစ်မဂ်ပဟူသမျှသည်။ ပရိယုဋ္ဌာန၏ အကြောင်းသော ကိလေသာနုသယကိုသာ။ ပယ်စွန့်သတ်ဖြတ်ကြလေသည်ဟု မှတ်ပါ။ ။ထိုအနုသယကိလေသာသည်အဘယ်နည်းဟု မေးပြားအံ့။ ရှေးရှေးဘဝတို့၌ မဂ်ဖြင့် မပယ်မသတ်ခဲ့သောကြောင့်။ နောက်နောက် ဖြစ်ဆဲဖြစ်သောဘဝတို့၌ ဖြစ်ပေါ်သော စိတ်အစဉ်၌။ ကိလေသာ၏အစွမ်းဖြင့်။ ထကြွသောင်းကြမ်းတတ်သော ပရိယုဋ္ဌာန ကိလေသာတို့၏ အကြောင်းပဋ္ဌယသတ္တိဟု ဆိုအပ်သောပုရိမိကကိလေသာသည်၊အနုသယကိလေသာမည်၏ဟုဖြေဆိုရာ၏။ထိုသို့ဖြေဆိုအပ်ကြောင်းကိုလည်း။နေတ္ထိပါဠိတော်၌လာသော။ ။ပုရိမိကာ အာဝိဇ္ဇာ အာဝိဇ္ဇာနုသယော။ ပစ္ဆိမိကာအာဝိဇ္ဇာ အာဝိဇ္ဇာပရိယုဋ္ဌာနံ။ ပုရိမိကော အာဝိဇ္ဇာနုသယော ပစ္ဆိမိကသ အာဝိဇ္ဇာ ပရိယုဋ္ဌာနုသ ဟောတုဘူတော ပရိဗြူ။ဟာနာယ။ ။ဟူသောပါဠိတို့တွင် (ပုရိမိကော အာဝိဇ္ဇာနုသယော) ဟူသော ပါဠိတို့ကိုထောက်၍။ ရှေးရှေးဘဝခန္ဓာတို့၌။မဂ်ဖြင့်မပယ်မသတ်အပ်သည်၏ အဖြစ်ကြောင့်။ နောက်နောက်ဖြစ်ဆဲဘဝတို့၌ ဖြစ်သော စိတ်အစဉ်၌။ ထကြွသောင်းကြမ်းတတ်သော ပရိယုဋ္ဌာန ကိလေသာ၏ အကြောင်းခံဖြစ်သော ပုရိမိက ကိလေသာ၏ ပဋ္ဌယသတ္တိသည်သာလျှင်။ အနုသယကိလေသာမည်ကြောင်းကို ထင်ရှားသိပါလေ။ ။ဤပြဆိုအပ်သော ပါဠိတော်ကိုထောက်၍သာ သိအပ်သည်မဟုတ်သေး။ ပဠာန်းပါဠိတော်၌။ ။ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယ

ပစ္စယေနနှ ပစ္စယော။ ။ဟူ၍ ဟောတော်မူအပ်သော ပါဠိတို့တွင် (ပုရိမဗဟုရိမာ အကုသလာဓမ္မာ) ဟူသော ပါဠိဖြင့်။ ရှေးရှေးဌိ ဖြစ်ခဲ့ဘူးသော အကုသိုလ်ဖြစ်သော ကိလေသာ တရားတို့သည်။ ထင်ရှားမရှိသော်လည်း။ နောင်ပရိယုဋ္ဌာန်၏အစွမ်းအားဖြင့် ဖြစ်ပေါ်ဆဲဖြစ်သော ကိလေသာတို့၏အကြောင်းခံသည်ကို၏ အဖြစ်ဖြင့် ရှိသည်၏အဖြစ်ကို သိစေတော်မူ၏။ (ပဋ္ဌိမာနံ ပဋ္ဌိမာနံအကုသလာနံ ဓမ္မာနံ)ဟူသောပါဠိဖြင့်။ ထိုရှေးရှေးဌိ ဖြစ်ခဲ့ဘူးသော ကိလေသာ၏သတ္တိကြောင့်။ ဖြစ်ဆဲခန္ဓာတို့ဌိ ထိုးကျင်းသည်၏အစွမ်းအားဖြင့်။ဖြစ်ပေါ်လာသောပရိယုဋ္ဌာနကိလေသာတို့ကိုသိစေ၏။ ထိုသို့သိစေခြင်းကြောင့်။ ရှေးဖြစ်သောကိလေသာ၏အကြောင်းခံသည်ကိုသည် အနုသယခါတ်မည်၏။ စိတ်ဌိဖြစ်ဆဲဖြစ်သော ကိလေသာသည်။ပရိယုဋ္ဌာနကိလေသာမည်၏။ အကယ်၍ထိုအကြောင်းခံဖြစ်သော ရှေးကိလေသာတို့သည်။ မဂ်ဖြင့်ပယ်၍ မရှိခဲ့သည်ဖြစ်အုံ။ ဖြစ်ဆဲဖြစ်သောစိတ်မှစ၍ နောင်အဆက်ဆက်ဖြစ်သောစိတ်တို့ဌိ၊ကိလေသာထိုးကျင်မှုမရှိဘဲ။ ကိလေသာမှလွတ်သော စိတ်အစဉ်သာဖြစ်လေတော့၏။ အဘယ်ကြောင့်ဆိုသော်၊ဖြစ်ပေါ်ရုန်ကိုလေသာ၏အကြောင်းခံမရှိသောကြောင့်တည်း။ ထိုကြောင့်အကြောင်းခံ ကိလေသာကိုသာလျှင်။ မဂ်သည်ပယ်အပ်၏။ 'ထိုမဂ်ပယ်အပ်သော အကြောင်းခံ ကိလေသာသည်။ ချုပ်ပြီးသောအတိတ်ကိလေသာလည်းမဟုတ်။ဖြစ်ဆဲဖြစ်သောကိလေသာလည်းမဟုတ်။ဖြစ်ပေါ်လတ္တံသော ကိလေသာလည်းမဟုတ်။ စင်စစ်မှာ မဂ်ဖြင့် မပယ်အပ်သောချုပ်လေပြီးသော ကိလေသာတို့၏နောင်ကိုကျေးဇူးပြုရုန် ပစ္စယသတ္တိမျှသာဖြစ်၏။ ထိုပစ္စယသတ္တိကို။ အတိတ် ကိလေသာဟူ၍လည်းမဆိုအပ်။ အဘယ်ကြောင့်ဆိုသော်။ အတိတ် ကိလေသာသည် ချုပ်ကွယ်ပြီး၍ ထင်ရှားမရှိတော့ပြီ။ နောင်တဖန် ဖြစ်ပေါ်လာမှုမရှိလေတော့ပြီ။ ထိုကြောင့် အတိတ်ကိလေသာလည်းမဆိုအပ်။ထိုသို့ပင်အတိတ်ကိလေသာမဆိုအပ်သော်လည်း။ ချုပ်လေပြီးသော ကိလေသာ၏သတ္တိဟူ၍ကား ဆိုအပ်လေ၏။ ဥပမာ၊အရက်ထည့်ထားသောဒိုးခွ အရက်ကုန်ခန်း

သောအခါ။ အနုံ့သည်ရှိနေ၏။ အရက်မူကားမရှိ။ ထိုသို့ပင် အရက်မရှိသော်လည်း။ ၎င်းအနုံ့သည်အရက်ကိုမှီ၍ဖြစ်သောသတ္တိပင်တည်း။ ထိုနည်းအာဘ၊ အကြောင်းခံသတ္တိသည်၊ ချုပ်ပြီးသောကိလေသာမဟုတ်သော်သည်း။၎င်းကိလေသာ၏သတ္တိပင်ဖြစ်၏။ ထိုအနုသယသတ္တိကြောင့်သာလျှင်၊ ရှေးရှေးဘဝတို့၌ချုပ်ပြီးသောကံတို့သည် မရှိသော်လည်း။ အကျိုးကို ဖြစ်စေတတ်သောသတ္တိမူကား ကေန်ရှိသည် သာတည်း။ ထိုသို့ရှိသောကြောင့်။ ၎င်းကံသည်သာလျှင် အနုသယသတ္တိကိုမှီ၍ အကျိုးကိုဖြစ်စေ၏။ ထိုသို့ဖြစ်စေကြောင်းကိုလည်း။ အာဘိမမ္မတ္ထ သင်္ဂြိဟ်ကျမ်း၊ ဝိထိမဂ္ဂသင်္ဂဟ၌။

အဝိဇ္ဇာနုသယ ပရိကိ္ခဏ္ဍေန တဏှာနုသယမူလကေန သံသိရေန ဇနိယမာနံ။ လ။ ပဋိသန္ဓိသင်္ခါတံ မာနုသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တိ ရေ။ ။ဟူ၍မိန့်ဆိုသည်ကိုထောက်၍။ အနုသယခါတ်ကိုမှီ၍သာလျှင်။ ရှေးအတိတ်ကံဟု ဆိုအပ်သော သံသိရုသည်။ပစ္စုပ္ပန်ဘဝ၌။ ဝိညာဏ်စသော ပဋိသန္ဓေအကျိုးဝိပါက် စသည်တို့ ဖြစ်စေတတ်သည်၏ ဖြစ်ကို ထင်ရှားသိကြလေ။ ။မြန်မာပြန်ကား။ ။အဝိဇ္ဇာနုသယပရိကိ္ခဏ္ဍေန၊အဝိဇ္ဇာနုသယသည် ခြုံရုံအပ်သော။ တဏှာနုသယ မူလကေန၊ တဏှာနုသယ သာလျှင် အကြောင်းရင်းရှိသော။ သံသိရေန၊အတိတ်ဘဝ၌ ဖြစ်ခဲ့ပြီးသော ပစ္စုပ္ပန်ဘဝ၌ပဋိသန္ဓေအကျိုးကို ပြုပြင်တတ်သောသံသိရုဟုဆိုအပ်သောစေတနာကံသည်။ ဇနိယမာနံ၊ဖြစ်စေအပ်သော။ လ။ ပဋိသန္ဓိသင်္ခါတံ၊ အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို စပ်တတ်သောပဋိသန္ဓေဟု ဆိုအပ်သော။ မာနုသံ၊ အာရုံကိုသိတတ်သောဇိတ်သည်။ဥပ္ပဇ္ဇမာနမေဝ၊ဖြစ်ဆဲဖြစ်၍သာလျှင်။ ဘဝန္တိ ရေ'စာဝတပါးဒ္ဌ။ ပတိဋ္ဌာတိ'တည်၏။ ။ဤပြဆိုအပ်သော ပါဠိတို့တွင် (အဝိဇ္ဇာနုသယ)ဟူသောပါဠိဖြင့်၊ ရှေးဖြစ်သောပုရိမဘဝ၌။ မဂ်ဖြင့် မပယ်မသတ်အပ်သောကြောင့် အကြောင်းခံအားဖြင့် ရှိနေသော ပစ္စယ ပဋိဂ္ဂါဟသာဖြစ်သော အဝိဇ္ဇာနုသယကိလေသာကို ပြ၏။ ။(ပရိကိ္ခဏ္ဍေန) ဟူသော ပါဠိဖြင့်။ ထိုအဝိဇ္ဇာ နုသယ

လေသာသည်သာလျှင်။ ဘဝတပါးခ္ခ အကျိုးကို ဖြစ်စေတတ်သောအတိတ်ကံ၏ အခြိုအရံ အသင်းအပင်း၏အဖြစ်ကိုပြ၏။ ။(တဏှာနုသယ)ဟူသောပါဠိ၌ဖြင့်။ ရှေးဖြစ်သော ပုရိမဘဝခ္ခ။မဂ်ဖြင့် မပယ်မသတ်အပ်သောကြောင့်။ အကြောင်းခံအားဖြင့် ရှိနေသောပစ္စယသတ္တိမျှဖြစ်သောတဏှာနုသယကိုပြ၏။ ။(မူလကေန)ဟူသောပါဠိဖြင့်။ ထိုတဏှာနုသယကိုလေသာသည်သာလျှင် ဘဝတပါးခ္ခအကျိုးကိုဖြစ်စေတတ်သော အတိတ်ကံ၏အကျိုးကိုဖြစ်စေရာခ္ခ ပဋ္ဌာနအကြောင်းရင်းဖြစ်သည်ကိုပြ၏။ (သခ်ါရေနဇနိယမာနံ)ဟူသောပါဠိဖြင့်။ ထိုအဝိဇ္ဇာနုသယ၊တဏှာနုသယနှစ်ပါးသည်သာလျှင် အဘေဝသဟဇာတိရှိသော သခ်ါရဟူဆိုအပ်သောကံသည်သာလျှင်။ဘဝတပါးခ္ခ ပဋိသန္ဓေကို ဖြစ်စေတတ်သည်၏အဖြစ်ကိုပြ၏။ ။ထိုကြောင့် အနုသယ ကိုလေသာသတ္တိကို မှီ၍သာလျှင်။ ကံသည်အကျိုးကိုဖြစ်စေတတ်သည်ဟု သိပါလေ။ ။ အကယ်၍အဝိဇ္ဇာနုသယ၊တဏှာနုသယတို့ကို။ မဂ်ဖြင့်အကြွင်းမရှိပယ်စွန့်အပ်သည်ရှိသော်။ရှေးရှေးဖြစ်သောကံတို့သည်။ စင်စစ်ဘဝတပါးခ္ခ အကျိုးပိပါက်ကိုဖြစ်စေမှု မရှိလေပြီ။ထိုကြောင့်အကျိုးကိုဖြစ်စေရာခ္ခ။ အဝိဇ္ဇာအခြိုအရံရှိသော တဏှာနုသယသည်သာလျှင်ပဋ္ဌာနအကြောင်းရင်းဖြစ်၏။ထိုကြောင့်ထိုတဏှာနုသယကိုပင်။ ယခုပစ္စုပ္ပန်ဘဝခ္ခ ဖြစ်ပေါ်ဆဲ ဖြစ်သော ခန္ဓာဒုက္ခ၏ အကြောင်းခံတရားအမှန် ဖြစ်သောကြောင့်။သမုဒယသစ္စာဟု ခေါ်ဆိုအပ်လေသည်။ထိုသို့ခေါ်ဆိုအပ်သည်၏အဖြစ်ကို။ခါတုဝိဘင်းအခ္ခကထာ၌ဤသည်။ ။ရူပါရူပံပဋ္ဌာနာ။တံဟောတိဒုက္ခသစ္စံ။ တံသမုဋ္ဌာပိကာ ပုရိမာတဏှာ သမုဒယသစ္စံ။ ။ဟူ၍ပါ၏နှင့်ဆိုလေသည်။ ဖြေနိမ်းပြန်ကား။ ။ရူပါရူပံ၊ ရူပ၊ နာမ်တရားနှစ်ပါးသည်။ ပဋ္ဌာနာ၊ငါးပါးသော ခန္ဓာတရားတို့မည်၏။ တံ၊ထိုငါးပါးသော ခန္ဓာတို့မည်သော ရူပ၊နာမ်တရားသည်။ဒုက္ခသစ္စံ၊ဒုက္ခသစ္စာမည်၏။တံ၊ထိုဒုက္ခသစ္စာကို။သမုဋ္ဌာပိကာ ဖြစ်စေတတ်သော။ပုရိမာ၊ ရှေးဘဝခ္ခဖြစ်ခဲ့ပြီးသော တဏှာ၊မဂ်ဖြင့် မပယ်မသတ်အပ်သော တဏှာနုသယသည်။သမုဒယသစ္စံ၊ အကြောင်းခံ သမုဒယသစ္စာ

မည်၏။ ။ဤသို့ ပြဆိုအပ်သည်ကိုထောက်၍။ ရှေးတဏှာနှင့် ပယဿည်သာလျှင်။ ပယဝုပစ္စုပ္ပန်ဘဝ၌ဖြစ်သော ခန္ဓာဒုက္ခတို့၏ဖြစ်ကြောင်းအမှန် ဖြစ်ကြောင်းကို ထင်ရှား သိပါလေ။ ထိုသို့သိပါလျှင်လည်း။အနုသယဟူသမျှသည်။စင်စစ်ရှေးဘဝ၌မဂ်ဖြင့်မပယ်မနှုန်မဖျက်ဆီး အပ်သည်၏ အဖြစ်ကြောင့်။ နောက်နောက်သော ဖြစ်ဆဲဖြစ်သောဘဝတို့၌။ ပရိယုဋ္ဌာန၏အဖြစ်ဖြင့် ဖြစ်ပေါ်စေရန် အကြောင်းခံနေသော ပစ္စယသတ္တိဖြစ်သော ကိလေသာတို့သာ လျှင်တည်းဟုမှတ်ပါလေ။ ။ထိုကိလေသာ တည်းဟူသော အကြောင်းခံပစ္စယသတ္တိတည်းဟူသော အနုသယကြောင့် သာလျှင် ဖြစ်ဆဲဖြစ်သောဘဝ၌ထိုးကျင်ထက်သည်၏အဖြစ်ဖြင့်။စိတ်အစဉ် ၌ဖြစ်ပေါ်လာကြလေသည်။အကယ်၍ဂင်းအကြောင်းခံအနုသယ ဂါတ်ဖြစ်သော ပုရိမကိလေသာကို။မဂ်ဖြင့်မပယ်သတ်ခဲ့လျှင်။ စင်စစ်အကြောင်းခံမရှိသောကြောင့်၊ထပ်မံ၍ထိုးကျင်ထက်ဖြစ်ပေါ် ရန်မရှိလေပြီ။ ။ဥပမာ၊ အသီးမသီးသေးသော သီးလတ္တံသော သစ်ပင်၏အမြစ်ကိုဖြတ်လိုက်လျှင် ထိုသစ်ပင်၌ သီးရန်ရှိသောအ သီးဟူသမျှတို့သည်။အကြောင်းခံအမြစ်မရှိသောကြောင့်သီးခြင်း မရှိဘဲ ကွယ်ကြလေကုန်၏။ ထိုအတူ အကယ်၍ အကြောင်းခံဖြစ် သော အနုသယကိလေသာတို့ကို။မဂ်ဖြင့်မပယ်ခဲ့အုံ့။စင်စစ် စိတ် အစဉ်၌ထိုးကျင်သည်၏အစွမ်းဖြင့်ကိလေသာတို့သည်ဖြစ်ပေါ်လ တံ့။ ထိုဖြက်ပေါ်လတံ့သောကိလေသာတို့သည်။ အကယ်၍မဂ်ဖြင့် အကြောင်းခံဖြစ်သောအနုသယကိလေသာတို့ကို၊ ပယ်သတ်နှုန်ခဲ့ သည်ဖြစ်အုံ့။ ထိုအခါ အကြောင်းခံ ကိလေသာနုသယ မရှိသော ကြောင့်။ဖြစ်ပေါ်လတံ့သော ပရိယုဋ္ဌာနကိလေသာတို့သည်။ စင် စစ်ဖြစ်ပေါ် ခြင်းမရှိဘဲ။ ဖြစ်မှုမရှိသေးသော ကိလေသာတို့သည် လည်း။ စင်စစ်ဖြစ်မှုမရှိခြင်းသို့သာရောက်လေကုန်၏။ နောင်တ ပန်ဘယ်အခါကာလ၌ သော်လည်း ရှိလေတော့မည် မဟုတ်ဟု မှတ်ပါလေ။

ထိုကြောင့်မပ်ပယ်သတ်အပ်သောကိလေသာသည်။ပရိယုဋ္ဌာ နမ်၏အဖြစ်ဖြင့်ဖြစ်ပေါ်စေရန်။အကြောင်းခံဖြစ်သော ပုရိမကိလေ

သာတည်းဟူသော ပဋ္ဌာယသတ္တိဟူခေါ်အပ်သောအနုသယခါတ် ပင်တည်းဟုမှတ်ပါလေ။ ။ဥပမာ၊ မီးခြစ်တံခွန်မီးကုတောက်စေ တတ်သော သတ္တိသည် မရှိ၏။ ထိုသတ္တိပင် ရှိသော်လည်း။ အ ကယ်၍ တောက်စေတတ်သောမီးခြစ်ခွံ ခြစ်လိုက်လျှင်။မီးသည် ထ၍တောက်၏။အကယ်၍မီးခြစ်ခွံ ခြစ်ဘဲရေထဲသို့ချပစ်လိုက် လျှင်။ထိုတောက်စေတတ်သော သတ္တိသည်။ မီးကိုဖြစ်စေမှုမရှိဘဲ ပျက်စီးသွားလေ၏။ ထိုဥပမာအတူ။ စိတ်အစဉ်၌ ပရိယုဋ္ဌာနကိ လေသာ၏အဖြစ်ဖြင့်။ ထင်ကြွဖြစ်ပေါ်စေရန်ရှိနေသောအကြောင်းခံ သည်ကို။မဂ်ဖြင့်မပယ်မသတ်အပ်ခဲ့၍။ အယောနိသောမနသိကာ ရစသည်ဖြင့် နှုလုံးသွင်းခဲ့အုံ့။ မီးတောက်သကဲ့သို့ ထင်ကြသောင်း ကြမ်းလျက်ဖြစ်ပေါ်၏။ ။အကယ်၍ ၎င်းအနုသယအကြောင်းခံ ခါတ်ကို၊ဝိပဿနာ မဂ်တို့ဖြင့်ပယ်ဖျက်လိုက်အုံ့။ ထိုအနုသယကိ လေသာသတ္တိသည်။ ကင်းသွားလေ၍ ထင်ကြွတောက်လောင်ခြင်း ကိုဖြစ်စေမှုမရှိလေပြီဟု မှတ်ပါလေ။ ။ထိုအကြောင်းခံကိလေ သာတို့ကို မဂ်ဖြင့်အကြွင်းမရှိပယ်လိုက်လျှင်။ပုရိမကိလေသာဖြစ် သော အကြောင်းခံသတ္တိဟူသမျှလည်း ကုန်လေတော့၏။ ဖြစ်ဆဲ ဖြစ်သောခန္ဓာ၌လည်း။ ထိုးကျင်ထင်ကြွတတ်သော ပဋ္ဌုပ္ပန်ကိလေ သာတို့လည်းမရှိလေပြီ။ နောင်အနာဂတ်၌ဖြစ်ပေါ်ရန် ကိလေ သာတို့လည်း မရှိလေပြီဟု မှတ်ပါလေ။ ။ထိုပုရိမကိလေသာ တည်းဟူသော အနုသယကိလေသာတို့ မရှိလျှင် နောင်အနာ ဂတ်ဘဝ၌။ပဋိသန္ဓေအကျိုးကိုဆက်လက်၍ဖြစ်ပေါ်စေရန်ရှိသော အတိတ်ကံဟူသမျှတို့လည်း။ အကျိုးပေးရန်မရှိလော်ဘဲ ကုန်လေ တော့၏ဟုမှတ်ပါ။ ထိုသို့မှတ်အပ်ကြောင်းကိုလည်း (ဒိဋ္ဌံပုရာ ဏံ)ဟူ၍ ဟောတော်မူအပ်သော ရတနာသုတ်ကိုထောက်၍သိပါ လေ။ ။ထိုကုန်လေသော အတိတ်ကံဆိုသည်မှာလည်း။ချုပ်ပြီး သောကံသည် ထင်ရှားမရှိလေပြီ။ ထိုသို့ပင် ထင်ရှား မရှိသော် လည်း။ ထိုကံ၏ အကြောင်းခံ သတ္တိမှကား ထင်ရှားရှိသည်သာ တည်း။ ထိုအကြောင်းခံသတ္တိ ကင်းသည်ကိုပင်။ ရှေးကံဟူသမျှ ကုန်လေသည်ဟုဆိုရလေသည်။ ထိုကံသာလျှင် ကုန်သည်မဟုတ်

သေး။ ထိုကံကြောင့် ဖြစ်ပေါ်လတ္တံ့သော အကျိုးအဆက်ဆက်တို့ လည်းကုန်လေတော့၏။ ထိုနည်းအတူ၊ အနုသယာကိလေသာတို့ သည်။ပုရိမကိလေသာပင်တည်း။ ထိုပုရိမကိလေသာသည် ချုပ်ပြီး၍ထင်ရှားမရှိသော်လည်း၊ အကြောင်းခံသည့်မူကားရှိနေသည် သာလျှင်တည်း။ ထိုအကြောင်းခံသည့်ကို ပယ်လိုက်လျှင်။ ရှေးကိ လေသာတို့ကုန်လေပြီ။ ထိုကိလေသာတို့ကြောင့် ဖြစ်ပေါ်ရန် ကိ လေသာတို့လည်း။ နောင်အခါမရှိလေတော့ပြီဟုမှတ်လေ။ ။ထို ကြောင့်မဂ်သည် ပုရိမကိလေသာနုသယကိုပင် ပယ်အပ်သည်ဟု မှတ်ပါ။ ။ဤတွင် မဂ် ပယ်သတ်အပ်သော ကိလေသာ တို့ကို ဘေဒပြုချက်ပြီး၏။

ပဌာ ဗျာကရဏကျမ်းပြီး၏။

ပန်းတောင်းမြို့၊ သပြေပင်နှင့်ရေယဉ်စမ်း။ တောရဘုန်းတော ကြီး မေးလျှောက်၍။ ဦးတိက္ခိန္ဒိယ, အရှင်သည် ဖြေဆိုအပ်သော (ပဌာဗျာကရဏကျမ်း)ကို။ သူရဲတန်း၊ကျောင်းတက်သ, ဦးဟံသာ က ကူသိုလ်ပြုပါသည်။

(နှတ်-လူ-သာရုပေါ်စေသောဝိ။)

နိဂုံး။

ဂြိုဟ်ဝတ္ထာ။

(၁) တိဟိ ပါကဒုစေတိဟိ။ သုမဏ္ဍိတံ မနောရုံ။
နာနာရဏ သမာကိဏ္ဏံ။ ဝဏ္ဏိတ္ဓာနံ နိဝါသနံ။ ။

(၂) အဘိမဇ္ဈဝေသိဟိ။ သဒ္ဓနေဟိ သုသေဝိတံ။
သုဝဏ္ဏဂိရိ နာမေန။ပသိဒ္ဓံ တာသ ပါဒိနေ။ ။

(၃) နဂရံ မရုစေတျသာ။သမိပမှိ မနောရမေ။
အမ္ဗာရာမမှိ သဇ္ဇေဟိ။ဇောတကာမေဟိ သာသနံ။ ။

(၄) ဝမ္မာနွေသိဟိ သံ၃ဏ္ဍေ။ပဠုပါသက ကာရိတေ။
ဇေမ္ဗပါလ ဝိဟာရဒ္ဒါ။ဥာဏာဘိနန္ဒနေ ဝါသိနာ။ ။

(၅) တိုက္ခ်ိုန္ဒြိယေဘာကိ နာမေနု။ဝိသုေတနု သုသိလိနာ။
ဗုဒ္ဓါနုဿတိ အာဒိသု။ကမ္မ ဆေဒါယ သာသနံ။ ။
(၆) ေဘာေတ ဗုဒ္ဓ မုနိန္ဒသ။ဗုဒ္ဓါနုဿတိ ဘာဝနံ။
မယာ ကဘံ မရဖ္ဖသ။ေပါဟာရတာ နိပ္ပြဲ့ေခ။ ။
(၇) ဝသ ေဘနု ပမာဒါ။ဣဒံ ေဘာေတတု သာသနံ။
ယေယ သန္ကာဝိပသ္ဓိ။ေတေတ ဗုဒ္ဓိ ဣ သ္ဘတံ။

စ၊ နိဂုံးခ်ုပ္ကိုဆိုဒ့ဲအံ့။ ဤဘာဝတာ ဤဝန္ကိုနု ဝစနက္ကမေနု ဤမ္ပသေသသဒ္ဒါအစဥ်၊စကားအစဥ်ဖြင့်။ (၁ တိဟိ၊သုံးဆူကုန်သော။ ပါဂဒ္ဓစေတိဟိ၊ထင်ရှားကုန်သော ရှေပြောင်ပြောင်ချမ်း၊ သာကြီး၊ ရှေ့ကြီးဟု ဆိုအပ်ကုန်သော စေတီတော်ကို့ဖြင့်။ သုမဏ္ဍိတံ၊ ကောင်းစွာဘန်ဆာဆင်အပ်ထသော။ မနောရေမ်၊ နှလုံးမွေ့လျော်ဖွယ်ရာဖြစ်ထသော။ နာနာရထသမာကိဏ္ဏံ၊အထူးထူးသော ရထားတို့ဖြင့် ပြွမ်းထသော။ ဝဏ္ဏာနံ၊ ကုန်သည်တို့၏။နိဝါသနံ၊နေရာဖြစ်ထသော။

(၂-၃) အာဘိမ္ဘဋ္ဌေဝသိဟိ၊အာဘိဓမ္မာတရားတော်ဖြတ်ကိုရှာဖွိုးလေ့ရှိကုန်သော။သဒ္ဓနေဟိ၊သူတော်ကောင်းတို့သည်။ သုသေဝိတံ၊ကောင်းစွာမှီဝဲအပ်ထသော။ သုဝဏ္ဏာဂိရိနာမေန၊ ရွှေတောင်ဟူသောအမည်ဖြင့်။ပသိဒ္ဓံ၊ထင်ပေါ်ကျော်ကြားသော။ယံ နုဂရံ၊အကြင်မြို့သည်။အတ္ထိ ရှိ၏။တသ္မာ၊ထိုရွှေတောင်မြို့၏။ ပါစိနေ ၊အရှေ့အရပ်၌။ယာဝမရုစေတိ၊အကြင်သဲပုံစေတီတော်သည်။အတ္ထိ၊ရှိမ်းတန်းအဆုံး၌ရှိနေ၏။အသ္မာ၊ထိုစေတီတော်၏။သမီပမှိ၊အနီးဖြစ်ထသော။မနောရေမေ သူတော်ကောင်းတို့၏စိတ်နှလုံးပျော်မွေ့ရာဖြစ်ထသော။အမ္ဘာရာမမှိ၊သရက်ပင်တို့၏ ပေါက်ရောက်ရာ ဖြစ်သောအရာမ်၌။သဇ္ဇေဟိ၊သဒ္ဓါတရားရှိကုန်ထသော။ သာသနံ၊ဘုရားရှင်၏ သာသနာတော်ကို။ ဧေတကာမေဟိ၊ ထွန်းလင်းတောက်ပခြင်းကို အလိုဆန္ဒရှိကုန်ထသော။

(၄) ဓမ္မာနေသိဟိ သူတော်ကောင်းတရားကို အစဥ်ရှာဖွိုးလေ့ရှိကုန်သော။ပဠုပါသက ကာရိတေ ပဠုဥပါသကေဟိကာရိတော။ မောင်ဘိုးဆိုင်။ မောင်စံညွှန့်၊ မောင်အောင်ကျော်။

မောင်ရှေထိုက် မောင်ဘိုးသစ်ဟု ဆိုအပ်သော ငါးယောက်အမှူး ရှိကုန်သော ဥပါသကာတို့သည် ဆောက်လုပ် ပြုအပ်ထသော သံပုဏ္ဏား၊ ကျောင်းအသုံးအဆောင်တို့နှင့် ကောင်းစွာ ပြည့်စုံထသော။ခမ္မပါလ ဝိဟာရဖို၊ဒမ္မပါလအမည်ရှိသောကျောင်းခ်ု။ ဝါသိနာ၊ နေလေ့ရှိထသော။ ဥာဏာဝန်ကြီးနှ၊ ထိုးထွင်းသိဖြင်တတ် သောဥဏ်လည်း ရှိလသော။

(၅-၆) တိက္ခိန္ဒြိယောတိ နာမေန၊တိက္ခိန္ဒြိယဟူသော အမည်ဖြင့်။ ဝိသုတေန၊ ထင်ပေါ်ကျော်ဇောထသော။ သုသိလိနာ ကောင်းသော သီလလည်းရှိထသော။ မယာ၊ငါမရှိဘဲ၊ ငါဟုသမုတ်၊နာမ်ရုပ်အစုသည်။ ဗုဒ္ဓါနုဿတိအာဒိသု၊ ဗုဒ္ဓါနုဿတိအစ ရှိသည်တို့ခ်ု။ကမ်ံ၊ယုံမှားခြင်းကို။ ဆေဒါယစ၊ ပြတ်တောက်စေ ခြင်းဌာလည်းကောင်း။ မုနိန္ဒသ၊ မုနိငါးပါးကို အစိုးရတော်မူ သော ဖြတ်စွာဘုရား၏။ သာသနံ၊ ပဋိပတ္တိ၊ ပရိယတ္တိ သာသနာ တော်ကို။ ဧောတေတု၊ ထွန်းလင်းတောက်ပစေခြင်းဌာ လည်း ကောင်း။ ဗုဒ္ဓါနုဿတိ ဘာဝနံ၊ ဗုဒ္ဓါနုဿတိ ဘာဝနာကျမ်းကို မရေမွှယ၊ ဖြန်မာတိုင်းသား၏။ ဝေါဟာရတော၊ အခေါ်အဝေါ် အားဖြင့်။နိဓိပ္ပုဒ္ဓေ။(၁၂ ၉၀)ပြည့်ဖြစ်သော။

(၇) ဝယော၊နှစ်ခ်ု။မယာ ငါဟုသမုတ်၊ နာမ်ရုပ်အစုသည် ကတံ၊ပြုအပ်ပြီ။ ဧတေန၊ ထိုသို့ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်။ အဟံ၊ငါဟုသမုတ်နာမ်ရုပ်အစုသည်။ပမောဒါမိ၊အပြားအားဖြင့် ဝမ်းမြောက်၏။ ဣဒံ၊ဤဗုဒ္ဓါနုဿတိဘာဝနာကျမ်းသည်။ သာသ နံ၊ပဋိပတ္တိ၊ ပရိယတ္တိ သာသနာတော်ကို။ ဧောတေတု၊ ထွန်း လင်းတောက်ပစေသတည်း။ ယေယေသန္တာ၊ အကြင်အကြင်သူ တော်ကောင်းတို့သည်။ ဣဒံ၊ ဤကျမ်းကို။ ဝိပဿန္တိ၊ အဝေးသ ဖြင့် ရှုကြည့်ကြ ကုန်၏။ တေတေသန္တာ၊ ထိုထိုရှုကြည့်ကြ ကုန် သော သူတော်ကောင်း တို့သည်။ သဗ္ဗတံ၊ မှန်သော သဘောတ်၏ အဖြစ်ဟု ဆိုအပ်သောတရားအပေါင်းကို။ ဗုဇ္ဈန္တု၊ ထိုးထွင်းခ်ု သိကြစေကုန်သတည်း။

သာသနာ့နဂ္ဂဟ ဓမ္မဒါန အလှူရှင်များစာရင်း။

ဦးရေ	အလှူရှင်အမည်	အုပ်ရေ
၁။	ဦးသန်းမောင်-ဒေါ်ကောက် ကျားပုံ ၅၁-လမ်း	၂၀၀
၂။	ဦးရွှေလှ-ဒေါ်ကျင်လှ ဆရာဝန် ၅၁-လမ်း	၇၅
၃။	ဦးအုံးမောင်-ဒေါ်ခင်သိန်း ထုံးဘိုမြို့ ပြည်	၆၀
၄။	ဦးဘဦး-ဒေါ်ရင် ကုန်သည် ၃-လမ်း။	၅၀
၅။	ဦးအုံးဖေ-ဒေါ်ငွေညွန့် သားသမီးတစု	၅၀
၆။	ဒေါ်ယုံ သားသမီးတစု ၅၁-လမ်း	၅၀
၇။	ဒေါ်သန်းနွဲ့ မြင်းခြံမြို့	၅၀
၈။	ဦးထွန်းမြတ်ဦး-ဒေါ်လှ အမြတ်တော်ဝန်ထောက်	၃၀
၉။	ဦးအောင်ချမ်း-ဒေါ်မြစိန် တောအုပ်ကြီး	၂၅
၁၀။	ဦးဘချို သားသမီးတစု သမတဝင်း	၁၅
၁။	ဦးငွေမောင်း၊ဒေါ်ထားကြည် ပွဲစား	၂၅
၂။	ဦးတင်၊ဒေါ်ရင် သားသမီးတစု ထုံးဘိုမြို့ ပြည်	၂၅
၃။	ဦးစံဘော်၊ဒေါ်စံဝင်း မီးရထားမင်းကြီး	၂၅
၄။	ဒေါက်တာ ထွန်းတင်၊ဒေါ်လှကြိုင် အလုံ	၂၅
၅။	ဒေါ်လှိုင်၊ ဒေါ်လှ	၂၅
၆။	ဦးသာထင်၊ဒေါ်ဖွံ့ ကျောင်းဆရာကြီး	၂၅
၇။	ဦးအဝိန်၊ဒေါ်အေးစိန် စစ်တွေ	၂၅
၈။	ဦးညွန့်	၂၀
၉။	ဦးစံထွန်းအောင်၊ဒေါ်စော ကြီးကြပ်ရေးမင်းကြီး ဒေသန္တရ	၂၀
၂၀။	ဦးဘချို၊ဒေါ်အေးခင် ပရိက္ခရာ	၁၅
၁။	ဦးစင်းရှိန် နှမများ နှင့် သမီး	၁၅
၂။	ဒေါ်ခေမာဝတီ	၁၀
၃။	ဒေါ်သီလစာရီ	၁၀
၄။	ဒေါ်အေးကြူ ဇရပ်အမ ၂၇-လမ်း	၁၀
၅။	ဦးအောင်မြင့်၊ဒေါ်သိန်းရှင် အလုံ	၁၀
၆။	ဦးဘအေး ၉-လမ်း	၁၀
၇။	ဦးဘဟန် ၉-လမ်း	၁၀
၈။	ဦးသစ်ထွန်း၊ဒေါ်အုံးတင်	၁၀
၉။	ဦးစောထွန်း စာရေးကြီး	၁၀
၃၀။	ဦးထွန်းရင်	၁၀
၁။	ဦးထွန်းဦးခိုင် ၁၄-လမ်း	၁၀

ဦးရေ	အလှူရှင်အမည်			အုပ်ရေ
၃၂။	ဦးဘထွန်း တောင်ဂုတ် ရခိုင်ပြည်	....	....	.... ၁၀
၃။	ဦးစု သမတအိမ်တော်	....	....	.... ၁၀
၄၊	ဦးထွန်းရင် ကြေးနန်းဌာန	....	....	.... ၁၀
၅။	ဦးစောဟန်၊ဒေါ်ကောက် စိုက်ပျိုးရေးဝန်ထောက် စစ်တွေ			.... ၁၀
၆။	ဦးလှကျော် သားသမီးတစု ထိုးဘိုမြို့ ပြည်		....	.... ၁၀
၇။	ဒေါ်ပု၊ဒေါ်သိန်းခင် သားသမီးတစု ၂၀–လမ်း		....	.... ၁၀
၈။	ဒေါ်ပန်းတင်	....	....	.... ၁၀
၉။	ဒေါ်စိန်ပု သားသမီးတစု ၅၀-လမ်း		....	.... ၁၀
၁၀။	ဒေါ်အိခမေ တောင်ဂုတ် ရခိုင်ပြည်	....	....	.... ၁၀
၁-	ဒေါ်နု ပြိမ်းချမ်းရေးလမ်း	....	....	.... ၅
၂။	ဒေါ်ကြွယ်	....	....	.... ၅
၃။	ဒေါ်ငွေ့ ကြည့်မြင်တိုင်	....	....	.... ၅
၄။	ဒေါ်အေးခ ရွှေတောင်တန်း	....	....	.... ၅
၅။	ဒေါ်အို ဦးဝိစာရလမ်း	....	....	.... ၅
၆။	ဒေါ်သန်း လှိုက်လမ်း	....	....	.... ၅
၇။	ဒေါ်အေးကြည် ဆရာမ	....	....	.... ၅
၈။	ဒေါ်သိန်း၊ ဒေါ်ခင်	....	....	.... ၅
၉။	ဒေါ်လှိုင်၊ ဒေါ်လှ အုပ်ဖို	....	....	.... ၅
၅၀။	ဒေါ်မမ	....	....	.... ၅
၁။	ဒေါ်အုံးခင် စစ်တွေမြို့ ရခိုင်ပြည်	....	....	.... ၅
၂။	ဦးကောင်းစံဦး စဉ်အိုးတန်း	....	....	.... ၅
၃။	ဦးထွန်းဦး၊ဒေါ်ပု သက်နှံးကျွန်း	....	....	.... ၅
၄။	ဦးစိန်ဗျန် သံတွဲ ရခိုင်ပြည်	....	....	.... ၅
၅။	ဦးမောင်စောဦး မြို့ဟောင်းမြို့ ရခိုင်ပြည်		....	.... ၅
၆။	ဦးဘလွင် ကျားကူး	....	....	.... ၆
၇။	ဦးခင်မောင် ဘုရားလမ်း	....	....	.... ၅
၈။	ဦးလှပို ဘုရားလမ်း	....	....	.... ၅
၉။	ဦးထွန်းစိန်၊မနု လှိုက်လမ်း	....	....	.... ၅
၆၀။	ဦးထွန်းအေး၊မသန်းရွှေ သရက်တော		....	.... ၅
၁။	ဦးဘိုးမြ၊ဒေါ်စောခင် စာရေးကြီး ကောက်ပဲသီးနှံရုံး			.... ၅
၂။	ဦးသာထွန်း	....	....	.... ၅
၃။	ဦးရွှေမြအောင်	....	....	.... ၅
၄။	ဦးအောင်သာဘွန်း	....	....	.... ၅
၅။	ဦးထွန်းကျော်	....	....	....

ဦးရေ	အလှူရှင်အမည်			အုပ်ရေ
၆၆၊	ဦးဘလူးအောင်	...	...	...	၅
၇။	ဦးမောင်သင်း	...	...	...	၅
၈၊	ဦးမောင်သန်းရွှေ	...	...	...	၅
၉၊	ဦးဘဇံ၊ ဦးကျော်ဒင်	...	...	...	၅
၇၀။	ဦးဘိုးထွန်း၊ဒေါ်ဦးသာ အောင်ဇေယျကွက်သစ်	...	...	...	၅
၁။	ဦးစံရွှေ၊ဒေါ်ငွေစိန် တပ်မြောဘီလမ်း	...	...	...	၅
၂။	ဦးဘဟန်၊ဒေါ်အုံး အလုံ	...	...	...	၅
၃။	ဦးပန်းဖေ၊အောင်	...	...	...	၅
၄၊	ဦးသာနိုး၊ဒေါ်ဦးမေ အလုံ	...	...	...	၅
၅။	ဦးသာဘော စာရေးကြီး စတီးတိုက်	...	...	...	၅
၆။	ဦးတန်ဆိုင်၊ဒေါ်အုံးသင် သားသမီးတစ် ၅၁-လမ်း			...	၅
၇။	ဦးသာအေး မြစ်ခြေ	...	...	...	၃
၈၊	ဦးသာမြ ဘုရားလမ်း	...	...	...	၃
၉။	ဦးသိန်းဖေ ။	...	...	...	၃
၁၀၊	ဦးကောသလ္ဂ	...	...	...	၃
၁။	ဒေါ်ငွေဥ	...	...	...	၃
၂။	ဒေါ်အောင်	...	...	...	၃
၃၊	ဒေါ်အေး	...	...	...	၃
၄။	ဒေါ်သိန်းညွှန့်	...	...	...	၃
၅၊	ဒေါ်သိန်းရင်	...	...	...	၃
၆။	ဒေါ်စိန်မှုန် ဗဟန်း	...	...	...	၂
၁၇။	ဒေါ်အေးသွယ်	...	...	...	၂
၁။	ဒေါ်စိန်မြင့်	...	...	...	၂
၉။	ဒေါ်ညွှန့်ရီ	...	...	...	၁
၉၀။	ဒေါ်သန်ဒါ စ့ စ်တွေ ရခိုင်ပြည်	...	...	...	၁
၁၊	ဒေါ်မထွေးမြ ။ ။	...	...	...	၁
၂။	ဒေါ်စိန်သွယ် ။ ။	...	...	...	၁
၃။	ဒေါ်သာမြ ။ ။	...	...	...	၁
၄။	ဒေါ်ရွှေရင် ။ ။	...	...	...	၁
၅။	ဒါယိကာမတဦး	...	...	...	၁
၆။	ဦးပု	...	...	...	၁
၇။	ဦးကျော်ဇော	...	...	...	၁
၈၊	ဦးစောထွန်း	...	...	...	၁
၉။	ဦးမောင်	...	...	...	၁

ဦးရေ	အလှူရှင်အမည်			အုပ်ရေ
၁၀၀။ ဦးထွန်းအေး	....	....	....	၁
၁၀၁။ ဦးဘိုးငွေ	....	....	....	၁
၁၀၂။ ဦးစံရ	....	....	....	၁